Monday, December 16, 2019

# ဘဝဇာတ်ခုံ ဖြစ်ပျက်မျိုးkစုံ

မြန်မာသက္ကရာဇ် ၁၃၀၈ ခုနှစ် ၊တံခူးလဆန်း ၅ ရက် ၊ခရစ်သက္ကရာဇ်အားဖြင့် ၁၉၄၇ ခုနှစ် ၊မတ်လ ၂၅ ရက် ၊အင်္ဂါနေ့ နံနက် ၇ နာရီ ၂၀ မိနစ် အချိန်မှာ Home ဆိုသူ မွေးဖွားခဲ့ပါတယ်၊ မွေးချင်းပေါက်ဖော် ၅ ဦးအနက် ဒုတိယမြောက် သားရတနာ ဖြစ်ပါတယ်၊ ဖခင်နာမည်က ဦးမြတ် ၊ မိခင်နာမည်က ဒေါ်မွန် ဖြစ်ပါတယ်၊ မွေးရာဇာတိက ရှမ်းပြည်မြောက်ပိုင်း ယခင် နမ့်ဆန်မြို့နယ်၊ လက်ရှိ သီပေါမြို့နယ် ၊ခွန်ဟောက် Khun Hot တောင်ရွာမှာပါ၊နမ့်ဆန်မြို့နဲ့ မိုင် ၂၀ ခန့်ဝေးပြီး သီပေါမြို့နဲ့ဆိုရင် ၁၈ မိုင်ခန့်ဝေးပါတယ်၊ တောင်ပေါ်ဒေသ ဖြစ်တဲ့အတိုင်း အရင်တုံးကဆို မြို့ကိုသွားခဲ့ရင် ခြေကျင်ခရီးနဲ့ဆို တစ်ရက်လောက်ကြာတတ်ပါတယ်၊ ခုအခါမှာတော့ ကားလမ်းပေါက်ရောက်လို့နေပါပြီ။

ထူးခြားဖွားမြင် ခလေးဖြစ်အင်

မွေးဖွားစဉ်က ထူးခြားပုံကိုပြောပြချင်ပါတယ်၊ အရင်တုံးက ကျေးလက်တောရွာဖက်မှာ ဆေးခန်းဆိုတာမရှိ ၊ဆရာဝန် သူနာပြု ဝမ်းဆွဲဆရာမဆိုတာ နတ္ထိပါပဲ၊ဒီလိုနဲ့ပဲ ခလေးပေါင်းရာထောင် သောင်းချီမက မွေးဖွားလာကြရတာပါ၊ မိမိအပါအဝင်ပဲပေါ့၊ ရပ်ရွာထဲမှာ အတွေ့အကြုံလေး ရှိထားကြတဲ့ သူတစ်ယောက် နှစ်ယောက်ကိုပဲ အဓိက အားကိုးပြီး မွေးနေကြရပါတယ်၊

စာရေးသူ မွေးစဥ်က အဖြစ်အပျက်ကတော့ဖြင့် ရွာကဝမ်းဆွဲ လုပ်ပေးသူ ဒေါ်မယ်ဘိုးအေးရဲ့ ပြောပြချက်အရ ဆိုရင် မယုံနိုင်စရာပါပဲ၊ မိခင်ဖြစ်သူ ဗိုက်နာနေတုံး ဝမ်းဆွဲလုပ်ပေးသူက တခြားတစ်နေရာမှာ ဆေးမြီးတို သွားရှာယူနေတုံး ခလေးက မွေးပြီးနှင့်လို့နေပါ ပြီ၊ မွေးထွက်လာတာနဲ့ တပြိုင်နက် လိမ့်လိမ့်ပြီး သွားလိုက်တာ နံရံထိ ရောက်သွားတော့တာကို မိခင်ဖြစ်သူက ပြောပြတော့မှ ဝမ်းဆွဲလုပ်မဲ့သူ သိရပါတော့တယ်၊ ဒီသတင်းစကားက ရွာအနှံ့ ဟိုလေးတကျော် ဖြစ်သွားခဲ့ရပါတော့တယ်၊ ပြောစကားနားလည်လာတဲ့အခါမှာတော့ လှဲအိပ်နေတဲ့ အချိန်ခါများမှာ လူတွေက မေးမေးလာတတ်ကြပါတယ်၊ မွေးလာစဥ်တုံးက မင်းဘယ်လိုများ လိမ့်လိမ့်ပြီးသွားခဲ့သလဲပေါ့၊ လိမ့်လိမ့် သွားခဲ့ပုံကို လုပ်ပြခဲ့ရတဲ့ အကြိမ်ရေကလဲ မနည်းလှပါဘူး၊

သေမင်းလက်မခံ သူငယ်ကံ

မိမိတစ် နှစ်သားအရွယ်ခန့်လောက်မှာ ခြင်ကိုက်ရာကစပြီး တင်ပါးမှာ အနာစပြီး ဖြစ်လာရပါတော့တယ်၊ တောလက်ကျေးရွာမှာဆိုတော့ ဆေးမြီးတိုနဲ့ ပဲ ကုသခဲ့ကြရပါတယ်၊ မိမိမှတ်မိသလောက် ပြောရမယ်ဆိုရင် တိုင်းရင်းဆေးဆိုလို့ အိမ်တိုင်းမှာ ရှိထားကြတာက ဆရာမောင် ဆေးနီ မှုန့်ရယ်, လူပျံတော် ပတ္တ မြားသွေးဆေးရယ်, လျက်ဆားနဲ့ ပရုပ်ဆီ ရယ် ၊ ဒါတွေပဲ ရှိ ကြ တာများပါတယ်၊

မိမိရဲ့အနာက တ ဖြည်း ဖြည်းနဲ့ အနာရင့် ပြည်တည်လာပါတော့တ
ယ်၊ ပြည်တွေက တ ဖြည်း ဖြည်း လျှိုက်စားရင်း အနာရဲ့ နယ်ပယ်တွေက တ ြ
ဖည်း ဖြည်းနဲ့ ကျယ်လာပါတော့တယ်၊ ပြီးတော့ ပုခက်မှာပဲ အိပ်ခိုင်းနေတာ ြ
ဖစ်လို့ အနာနဲ့ ကျင်ငယ်စွန့်တာနဲ့ ရောမိလိုက်တော့ အနာကပျောက်ဖို့နေနေ
သာသာ တစ်နေ့ထက်တစ်နေ့ ဆိုး ရွားသထက် ဆိုးရွားလာရပါတော့တယ်၊
မိဘ ဖြစ်သူများက အလုပ်တဖက် လုပ်နေရတော့ အဖိုးအဖွားတွေကကြည့်ေ
ပးနေရတာပါ၊ မွေးလာပြီးမကြာမီ လပိုင်းကစပြီး ဒီနာ ခြင်းဒုက္ခကို မရှုမလှ
ခံခဲ့ရပါတော့တယ်၊ လူကြီးများပြောပြလို့ သိခဲ့ရတာပါ၊ မိမိအနေနဲ့ကတော့ င
ယ်လွန်းသေးတော့ လုံးဝမမှတ်မိပါ၊ တင်ပါးမှာ သေရာပါ အမာရွတ်ကပဲ ဟု
တ်မှန် ကြောင်း အတည်ပြုလက်ခံရပါတော့တယ်၊ တယ်လဲ ကြောက်စ
ရာကောင်းလှ ထိတ်လန့်သံဝေ ဖြစ်စရာ ကောင်းလှတဲ့ လူ့ဘဝပါပေပဲ၊

ဒီထက်ဆိုးရွားလှတဲ့ အ ဖြစ်ကို ပြော ပြ ချင်ပါသေးတယ်၊ အနာက ေ
သွးတွေ ပြည်တွေနဲ့ မို့ ဘယ်လောက်များ စက်ဆုပ်ရွံရှာဖွယ်ကောင်းလိမ့်မ
လဲဆိုတာ မှန်းကြည့်လို့ သိ နိုင်ပါတယ်၊ အနားမှာ ကပ်နေချင်တဲ့သူကသာ
ရှားပေမဲ့ ယင်ကောင်တွေရဲ့အဖို့မှာတော့ ကံကောင်းလိုက်တဲ့ ဖြစ်ခြင်းပါပေ
ပဲ၊ အုပ်စုလိုက်ဝိုင်းအုံပြီး နေကြပါတော့တယ်၊လနဲ့ချီပြီး ယင်တလောင်းေ
လာင်းနဲ့ နေခဲ့ရသူ ခလေးလေးကတော့ ဖြင့် အနာ နာတာကတစ်မျိုး ယင်ေ
ကာင်တွေ ကုတ် ခြစ်ခံရလို့ စိတ်ထဲမှာမအီမသာ ဖြစ်ရတာက တစ်ဖုံ အသံ
ကုန် အော်ဟစ်လိုက်ရတာကလဲ နည်းမည်မဟုတ်ပါ၊ ပင်ပန်းနွမ်းနယ်လှလို့ ဂုံ
နီအိပ် ပုခက်ထဲမှာ မေ့မျော အိပ်ပျော် သွားလိုက်နဲ့ နေခဲ့ရတာပါ၊ မိဘများ ကို

ယ်၌ပင် ခလေးအသက်ရှင်ရေး မျှော်လင့်ချက်တွေလဲ ဝေးသထက်ဝေးလို့ လာနေပါပြီ၊ တင်ပါးတစ်ခုလုံး သွေး ပြည် နာ ပေါက် ပိန်ခြောက်ကပ်နေတဲ့ ခလေးငယ်မှာ အဖေါ်ယင်ကောင်တွေကလွဲလို့ ဘယ်သူမှ အနားကပ်ချင်သူ မရှိတော့ပါ၊ အိမ်ကိုလာရောက် လည်ပတ် လူမမာလာမေး ကြတဲ့ သူတကာ တွေက ဘယ်လိုများမေးကြသလဲဆိုရင် နားထောင်ကြည့်စမ်းပါအုံး၊ ' ခလေးလေး မသေသေးဘူးလား' တဲ့၊ သနားစိတ်နဲ့ မေးကြတာပါပဲ၊ မြန် မြန်သေတာကပဲ ဝဋ်ကျွတ်ပေလိမ့်မယ်ပေါ့၊ ခလေးရဲ့ ဒုက္ခကိုကြည့်ပြီး ကရုဏာသက်မိတာနေမှာပါ၊ ဖခင်ကိုယ်တိုင် ပြောပြလို့ သိရ ပြန်တာက ပုခက်ထဲမှာ အငိုမတိတ်နိုင်တဲ့ ခလေးကို အဖေ ကိုယ်တိုင် ပုခက် ကြိုးကို ဒေါသနဲ့ တအားဆောင့်ဆွဲလိုက်လို့ ပုခက်နဲ့ခလေးက နှစ် ပြန် သုံး ပြန် လူး လှိမ့် ရစ်ပတ်ပြီးသွားနေတာတောင်မှ ဒီခလေးက မသေနိုင်သေးဘူးတဲ့၊ အောက်ကြမ်းပြင်ကိုလဲ ကျမလာဘူး၊ တော်တော် အသက် ပြင်းတဲ့ ခလေးပါပဲတဲ့၊ နာတာရှည် ရောဂါသည်လေးမှာ အများတကာရဲ့ မုန်းဖတ် ရွံစရာ အသုဘကောင် ကြီး ဖြစ်နေရပါတော့တယ်၊ အော်-- ဒါ ကြောင့်မို့လို့လဲပဲ သေမင်းကတောင် လက်မခံချင်ရတဲ့ အ ဖြစ်မျိုး ဖြစ်နေပေမှာပဲလို့ တစ်ခါတလေ တွေးမိခဲ့ပါသေးတယ်၊ဘာပဲ ပြော ပြော အဲဒီအချိန်တုံးက သေမင်းလက်မခံခဲ့တာကို ပဲ ကျေးဇူးတင်ရတော့မဲ့ပုံပါပဲ၊တစ်ခါတစ်ခါ ငယ်တုံးက ဖြစ်အင်ကိုသတိရတိုင်း လူ့ဘဝကို နောက်ထပ်များ ဖြစ်ချင်သေးလားလို့တောင် ကိုယ့်ကိုယ်ကို တိတ်တဆိတ် ကြိတ်ပြီး မေးခွန်းမေးမိခဲ့ပါတယ်။

# လွန်စွာချုချာ ငယ်စဥ်ဘဝမှာ

မှတ်မှတ်သားသား အသက် ၇ နှစ် ဝန်းကျင်လောက်မှာ သေကံမရောက်လို့ သက်မပျောက်ဘဲ လွတ်မြောက်လာခဲ့ရ ပြန်ပါတယ်၊ မိမိမှာလနဲ့ချီပြီး ဝမ်းကိုက်နာ ဖြစ်ခဲ့ပါတယ်၊ အထူးသ ဖြင့် ဝမ်းသွားခါနီး နာရီဝက်ခန့်မျှ ဝမ်းထဲမှာ ရစ်ရစ်ပြီး လွန်စွာမှ နာကျင်ကိုက်ခဲမှုကို ခံစားခဲ့ရပါတယ်၊ သွားစွန့်တဲ့အခါ ကျ ပြန်တော့လဲ တော်တော်နဲ့ မထွက်နိုင် မပြီးနိုင် သလိုထွက်လာ ပြန်တော့လဲ တစ်လက်မ ခန့်လောက်သာရှိပါတယ်၊ အဲဒီစွန့်ထုတ်လိုက်တဲ့ အရာကလဲ သွေးခဲ ပြစ် ပြစ်နဲ့ ချွဲ မြှုပ် ဖြူ ဖြူလေးတွေပါပဲ၊ ဝမ်းကနေ့ရော ညပါ အကြိမ်ပေါင်း ၄ မြောက်များစွာ သွားနေသလို ဆောင့်ကြောင့်ထိုင်ပြီး စွန့်နေရတဲ့ စံနစ်မို့ အတန်ကြာ ထိုင်ရတာ ဖြစ်လို့ လွန်စွာမှ ပင်ပန်းလှပါတယ်၊ လိပ်ခေါင်းမထွက် ရုံ တမယ်ပါပဲ၊ လနဲ့ချီပြီး ဒီဝေဒနာကို ခံစားခဲ့ရပါတယ်၊ အဖျားကလဲ တက်လိုက် ကျလိုက် အစားအသောက်လဲ စားလို့မဝင် အားအင်တွေ ချည့်နဲ့ သေရက်စောင့်နေရတဲ့ လူမမာလို ဖြစ်ခဲ့ရပါတော့တယ်၊ မြို့မှာသာဆိုရင် ဒါလောက်ထိ ဆင်းရဲဒုက္ခ ခံရဖို့ မရှိ နိုင်ပါဘူး၊ ကံခေရှာတဲ့ တောသား လူမမယ်လေးပါပေပဲ။

မြင်ပုံဆန်းလှ နာနာဘာဝ

ဒုတိယအကြိမ်မြောက် သေမင်းက လက်မခံချင် ပြန်တော့ တ ဖြည်း ဖြည်း နဲ့ ခေါင်းထောင် နေကောင်း လာရ ပြန်ပါတယ်၊ မှတ်

မှတ် ရရ ပြောရရင် တစ်နေ့သောအခါမှာ အိမ်လုံး ပြည့်မျှ လူနာလာကြ ည့် သူတွေ ထိုင်နေကြတုံး အိမ်ရဲ့ မျက် နှာ ကျက် မှာ တစ်လံလောက် ရှိတဲ့ မျောက်လို အကောင် မည်းမည်း ကြီး တစ်ကောင် မိမိရဲ့ အပေါ်တည့်တ ည့် ကနေပြီးတော့ အိမ် ပြင်ဘက် ကို ထွက်သွားတာကို မြင်ခဲ့ လိုက်ရပါတ ယ်၊ ရက်ပိုင်း များစွာ နှု တ်ဆိတ်နေရာကနေ အဲဒါပါလဲ ဆိုပြီး အာမေဋိတ် သံနဲ့ ပြောဆို မေးမြန်း လာတဲ့အခါမှာတော့ တအိမ်လုံးက လူများ တအံ့တ အား ဝမ်းသာလာကြသလို ကြောက်လန့်စိတ် ရှိလာကြသူတွေလဲ ရှိခဲ့ကြပါ တယ်၊ အမှန်မှာကတော့ တစ္ဆေသရဲဆိုတာ ဒါပဲ ဖြစ်ပေမှာပါ၊ အသေ ေ ကာင်ကို ကိုက်စားဖို့ လာစောင့်နေတာလား ၊ ဒါမှမဟုတ် ယမမင်းက လွှတ် လိုက်တဲ့အကောင်ပဲ ဖြစ်နေလေရော့သလား ဆိုတာကတော့ ဘုရားကလွဲလို့ သိနိုင်သူမရှိပါ၊အဲဒီနေ့ကစပြီး တ ဖြည်း ဖြည်းနဲ့ နေကောင်းပြီး လာပါတော့ တယ်။

အဲဒီက အ ဖြစ်အပျက် သခ်ၤဏ်းစာအရ ရရှိလိုက်တဲ့ အသိအ မြ င် တစ်ခုကဘာလဲဆိုတော့ နေမကောင်း ထိုင်မသာ မကျန်းမမာဖြစ်နေတဲ့ လူ နာတွေအနီးအနား မှာ ပရိတ်တရား ရွတ်ပေး ဖွင့်ပေးထားသင့်ပါတယ်၊ လူမမာ မကြားရသည့်တိုင်အောင် အနှောင့်အယှက် ပယောဂ တွေ ကင်းရှ င်းအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်ဆိုတာ ယုံမှားမရှိပါ၊ တစ်ချို့က ဘာ ပြောတတ်သလဲဆိုတော့ လူနာမှာ မေ့မျောနေတာ ဖြစ်လို့ မကြားနိုင်တော့ပါ၊ ကုသိုလ်မရနိုင်တော့ဘူး၊ ပရိတ်ရွတ်ပေး ဖွင့်ပေးလဲ အလကားပါပဲတဲ့၊ တက ယ်တော့ အလကား ဖြစ်တာ မဟုတ်ပါ၊ နာရသူတိုင်း ကုသိုလ်ရနိုင်သလို

လူနာအတွက် အနှောင့်ပယောဂ ကင်းပနိုင် ကြောင်းပါဆိုတာ သိစေချင်ပါတယ်။

ဒီနေရာမှာ စကားစပ်မိလို့ ပြောလိုက်ရပါအုံးမယ်၊တစ်နေ့သော ညနေခင်း ၅ နာရီ ခန့်လောက်မှာ ကိစ္စတစ်ခု ရှိလို့ မိခင် ကြီးနဲ့အတူ ရွာလယ်လမ်းမ ကြီးမှာ နှစ်ယောက်သား လမ်းလျှောက်ပြီး သွားခဲ့ ကြပါတယ်၊ မိမိတို့ သားးအမိ နှစ်ယောက်ရဲ့ မျက် နှာချင်းဆိုင်မှာ ဒေါ်အေးမိန်းဆိုတဲ့ ကိုယ်ဝန်သည် မိန်းမကြီးက ခပ်တည်တည်နဲ့ပဲ လမ်းလျှောက်လာနေခဲ့တာကို တွေ့လိုက်ရပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက်တော့ နှု တ် မဆက်မိလိုက်ကြပါ၊ အဲဒီနေ့ ည ၇-နာရီ လောက်မှာ ရွာဆော်လူကြီး ဖြစ်သူက မိမိတို့ရဲ့ အိမ်နဲ့ကပ်ရက် ဘုန်းကြီး ကျောင်း အုတ်နံရံ ကနေပြီး ရွာသူ/ သားတွေကို အသံကုန် အကြောင်းကြား အော်ပြောလာပါတော့တယ်၊ ဒေါ်အေးမိန်း တစ်ယောက် ဆုံးသွားရှာပြီ၊ တစ်အိမ် တစ်ယောက် လာကြပေးပါလို့ တိုက်တွန်းဆော်အော်လိုက်ပါတယ်၊ အဲဒီ အော်သံကို ကြားရတော့ မိမိတို့ သားအမိ နှစ်ယောက်မှာ တစ်ယောက် မျက် နှာ တစ်ယောက်ကြည့်ပြီး အံ့ အားသင့်ကြကီး ဖြစ်ရ တစ်ကိုယ်လုံး ကြက်သီး ထလိုက်ရပါတော့တယ်၊ မိမိတို့နားကို မယုံနိုင်လောက်အောင် ဖြစ်ခဲ့ကြရပါတယ်၊စဥ်းစားကြည့်လေ၊ မကြာမီကပဲ လမ်းမှာ တွေ့ လိုက်ရတယ်၊ အခု သူ ဆုံးသွားပြီလို့ သိလိုက်ရ ပြန် တယ်၊ မယုံချင်နိုင် စရာပဲပေါ့၊စင်စစ် လမ်းမှာ သူမ ကို တွေ့ ခဲ့ရစဥ်တုံးက အဲဒီအချိန်မှာ သူမ မေ့မျော အသက်ငင်နေတဲ့ အချိန်ပဲ ဖြစ်ရမှာ သေချာပါတယ်၊ ဒီလို မျိုးလဲ ရှိနိုင်တတ်သေးသကိုး၊ လောကကြီးထဲ မယ် လူတို့ လက်လှမ်း

မမှီ    မသိနိုင်  မ မြင်နိုင်သေးတဲ့  ဝိညာဥ်လောက  နာနာဘာဝ အကြောင်း ေ
တွကတော့ ဖြင့် အများကြီး  ရှိနေပေ အုံးမှာပါပဲလေ။

`

နေရာမှားပြီးဖွားမြင်  စိတ်ထဲထင်

မိမိမှာ  နည်းနည်းလေး စဥ်းစားတတ်လာတဲ့ ၃-၄နှစ်အရွယ်ခန့် ရော
က်ရှိလာတဲ့အခါမှာကျတော့ စိတ်ထဲမှာ သိထား ခံစားရတာကဆန်းကြယ်လှ
ပါတယ်၊ ခံစားချက်ရှိပုံကဒီလိုပါ၊ ဒီနေရာ ဒီကျေးရွာက ကိုယ်မွေးရမဲ့နေရာ ြ
ကာကြာနေနေရမဲ့နေရာ မဟုတ်ဘူးဆိုတာကို စိတ်ထဲမှာ သိထား ခံစားနေခဲ့ရ
ပါတယ်၊ တစ်ခါတစ်လေများ စကားစပ်မိလို့ မိမိရဲ့ ခံစားရချက်ကို  ပြောပြေ
နတတ်ပါတယ်၊မိမိရဲ့ေ ပြာစကားကို ကြားရသူတွေအဖို့မှာ  မိမိမျက်နှာကို ေြ
ကာင်တောင်ကြည့် အံ့အားသင့် နှုတ်ဆိတ်ပြီး နေတတ်ကြတာကိုလဲ  မြင်ေ
တွ့နေရမြဲပါ၊ စကားပြော အလွန်နည်းသလို  မုသာ စကား လုံးဝမပြောတတ်

သူ တစ်ယောက်အဖြစ် အများကသိထားတာဖြစ်လို့ စာေဒက တက်သူ မရှိခဲ့ ဖူးပါ၊ တကယ် စိတ်ထဲကရှိတဲ့အတိုင်း ပြောလိုက်ခြင်းပေပဲလို့ ယုံကြည်လ က္ခံထားကြတာဖြစ်လို့ပါပဲ။

ပညာရင်နို့ သောက်စို့ချိန်

အသက် ၇- နှစ်အရွယ်ခန့်လောက်မှာ ကျေးရွာရှိ အစိုးရမူလတန်းေ ကျာင်းမှာ ကျောင်းစပြီးနေခဲ့ပါတယ်၊ ငယ်ငယ်တုံးက ကျက်မှတ်ဉာဏ်အား ကောင်းခဲ့သလို အလီဆိုလဲ ၂ အလီကနေ ၂၄ အလီအထိ နှောကြေအောင် အလွတ်ကျက်ထားတာဖြစ်လို့ ကြိုက်တဲ့နေရာမေးမေး ဒိုးကနဲ ဒေါက်ကနဲ ေြ ဖနိုင်ခဲ့ပါတယ်၊မြန်မာစာ၊သမိုင်း၊ပထဝီ၊ရာဇဝင် ဘာသာရပ်တိုင်းမှာဆိုရင်လဲ အစအဆုံး အာဂုံအလွတ်ကျက်မှတ်ထားခဲ့ပါတယ်၊ဒါနဲ့ ၆ လပတ် စာမေးပွဲ ဖြေဆိုပြီးတဲ့အခါမှာတော့ ဆရာကြီးကနေ ဒုတိယတန်းမှတတိယတန်း တ င်ပေးလိုက်ပါတော့တယ်၊ တစ်နှစ် အတွင်းမှာ ၂တန်း အောင်သွားတဲ့ သေ ဘာပါပဲ၊ အဲဒီနှစ်ပိုင်းလောက်မှာ မြို့နယ်ပညာအုပ်ကိုယ်တိုင် ရောက်ရှိလာချိ န်နဲ့ ကြုံကြိုက်လို့ ပညာအုပ်ကိုယ်တိုင်သချ်ာဘာသာရပ်ကို မေးလို့ မိမိမှာ လက်ပိုက်ပြီး စိတ်တွက်နဲ့ ဖြေဆိုခဲ့ရပုံကိုတောင် မြင်ယောင်မိပါသေးတယ်၊ ဆရာကြီးဖြစ်သူက လက်တွေ့ကြွားပြတဲ့သဘောပါပေပဲ။

လောင်ကစားဒဏ်ချက် မိသားစုဘဝပျက်

Monday, December 16, 2019

မိမိရဲ့ အသက် ၁၀ နှစ်ခန့်လောက်က စိတ်ဖိစီးမှုဒဏ် အကြီးအကျ ယ် ခံစားခဲ့ရပါတယ်၊ လောင်ကစား နတ်ဆိုးကြီးကြောင့်ပါပဲ၊ မိမိတို့ အိမ်မှာ ညတိုင်း ဖဲဝိုင်း ရှိနေလို့ပါပဲ၊ ဖခင် ဖြစ်သူကို ဖဲ နတ် ကြီးက ပူးကပ်ထားနေ လို့ပါပဲ၊ မိမိအိပ်နေတဲ့နေရာကနေ ဖဲသမားတွေကိုကြည့်ရတာ သံဝေဂ ရဖွ ယ်ရာ အမင်္ဂလာ မြင်ကွင်းတွေကတော့ အများကြီးပါပဲ၊ တစ်ခါတစ်လေ များဆို ဖဲနိုင်တဲ့ သူတွေက ပိုက်ဆံပိုက်ပြီး ပြန်သွားကြပေမဲ့ အဖေနဲ့ သူ့ ညီ ကို ရင်းချာ အများစုပါဝင်တဲ့ အုပ်စုတွေကပဲ မနက် မိုးလင်းတဲ့အထိ က စားနေကြတုံးပါပဲ၊ညစဉ်ဆိုသလို ဖဲ ဝိုင်းတင်မက ထုံးစံအတိုင်း အရက်က လဲ ခြံရံ ပါလိုက်ရပါသေးတယ်၊ လောင်းကစား လုပ်ရင်းလုပ်ရင်းနဲ့ နိုင်လိုက် ရှုံးလိုက်၊ နိုင်တဲ့ သူဆီ ကို အ ကြွေး ယူပြီး ဆက် ကစားလိုက် ၊ အ ကြွေးတွေ ထောင်ချီပြီး ရှိလာတဲ့အခါမှာတော့ ရိုးရိုးနဲ့ အလွတ် ပေးမချီ တတ်ကြ တော့ပါ၊ ပစ္စည်း တစ်ခုခု ပေါင် မှပဲ ချေးယူလို့ ရတဲ့ စံနစ် ဖြစ်လာရပါတော့ တယ်၊ အကြွေး များရင် များလာသလို အဲဒီ ဖဲ ဝိုင်းမှာပဲ စာချုပ်စာတမ်း ချုပ်ဆိုကြပြီး သက်သေခံ ပုဂ္ဂိုလ် တွေရဲ့ လက်မှတ် နဲ့ အတူ အပေး အယူ လုပ်ကြပါတော့တယ်၊ လောင်ကစား နတ် ကြီး ကလဲ ဆိုးရွား လှသလို အရ က် တန်ခိုးကလဲ တွဲဖက် လိုက် ပြန်တော့ အဘယ်မှာ ဘဝ မပျက်ဘဲ ရှိနိုင်ေ တာ့မှာလဲ၊ ပျက် ရေးချပျက် ပါပဲ၊ အရက်နဲ့ ဖဲ တွဲမိလိုက်ကာမှတော့ ဘီလူး တစ်ပိုင်း အရူးတစ်ပိုင်း ဖြစ်ကြရတာချည်းပါပဲ၊ အရက်နဲ့ဖဲကြောင့် မိ သားစုတွေမှာ မျက် နှာငယ်ရ၊ အရှက်ကွဲရ၊ ကြေကွဲ ပူဆွေး ခဲ့ကြရပါတယ်၊

ဒီထဲမှာ မိမိတို့ရဲ့ မိသားစုဘဝလဲ ပါဝင် ကြုံတွေ့ခံစားခဲ့ကြရပါတော့ တယ်၊ ဖခင် ဖြစ်သူက မိမိတို့ ရဲ့ လွှာက် ခြံ အကြီးကြီး ကို ဖဲ ရှုံး လို့ ပေါင် ပစ်လိုက်ပါလေပြီ၊ မိမိတို့မှာ ထမင်းစားရဖို့အတွက် ပိုက်ဆံ ရရာ ရလမ်း ၂ နှစ်ကြာမျှ ပိတ် သွားရပါလေပြီ၊ မျက် နှာငယ်ငယ် နဲ့ အောကြို့ ခံပြီး အ မျိုးတွေဆီမှာပဲ ဝမ်းရေးအတွက်လုပ်ကိုင်ကြရပါတော့တယ်၊ အဲဒီ အချိန် မှာ ဒေါ်မယ် ဘိုးအေး, ဒေါ်မယ်ဟိန်း, ဒေါ်မယ်အေးအင် လို့ ဆိုတဲ့ ဒီ ပုဂ္ဂို လ် ၃ ဦး တို့ ရဲ့ မေတ္တာ ကရုဏာတရားကြောင့် သူတို့ ခြံမှာ မိမိတို့ ရဲ့ ခြံသ ဖွယ် အခွင့်အရေးပေးပြီး လုပ်ကိုင်စေပါတယ်၊ ဒုက္ခ ရောက်နေရတဲ့ ဒီလိုအ ချိန်မျိုးမှာ ကူညီဖေါ် ရရှိခဲ့လို့ အသက် ရှူ ချောင်ခဲ့ကြရတာပါပဲ၊ မိမိတို့ရဲ့ အ သက်သခင် ကယ်တင် ရှင် ကျေးဇူး ရှင်အစစ် ကြီးတွေပါပဲ၊

ဖခင် ဖြစ်သူမှာ မိမိတို့နေထိုင်နေတဲ့ အိမ် ကြီးကိုပါ ပေါင် ထားလို က်ပြီ ဖြစ်ကြောင်း နောက်မှ သိလိုက်ရပါတော့တယ်၊ အိမ်ယာ ခြံ မြေ တို့ကိုလဲ အကုန်လုံး ပေါင်ထားပြီး ဖြစ်သလို ရပ်ရွာမှာ ရှိတဲ့သူ ချေးလို့ရ နိုင် သမျှမုဆိုးမပါ မကျန် ချေးရမ်း ထားလို့ ကြွေးတွေက ဝိုင်းရံလို့ လာနေပါပြီ၊ နောက် ဆုံးမှာတော့ အကြံကုန် ဂဠုန် ဆားချက် ရတဲ့ဘဝ ရောက် ပြီး ရွာ ကနေ ထွက်ပြေး ရှောင် ထွက်သွားရပါတော့တယ်၊ ၂ နှစ်ခန့် လောက်ကြာခဲ့ ပါတယ်၊ ရွာကနေ ထွက်ခွါ သွား လို့ မကြာမီမှာပဲ ရွာက အဘိုးကြီးတစ်ယော က်က မင်းတို့နေတဲ့အိမ်ကို မင်းတို့အဖေက ငါ့ ကို ပေါင်ထား တာ၊ ဒါကြောင့် အိမ်ကနေ ထွက်ပေးပါလို့ ပြောလာပါတယ်၊ အိမ်ကနေ ထွက်မပေးချင်ရင် ပေါင်ထားတဲ့ငွေအတိုင်း ပြန်ပြီး ရွေးယူပါလို့ ရာဇဒဏ်ပေး ပြောလာ ပြန်

ပါတယ်၊ အဲဒီ တုံးက မိမိ အသက်က ၁၀ ခန့်မျှ လောက်ပဲ ရှိပါသေးတယ်၊ စိတ်ထဲမှာ နာ ကျည်းလွန်အားကြီးလို့ စိတ်ထဲမှာ ရှိတဲ့အတိုင်း ခံစားခဲ့ရတဲ့ အတိုင်းပါပဲ ပြောမိလိုက်ရပါတော့တယ်၊ ပေးစရာငွေ မရှိဘူး၊ ဒို့ ကိုနှင်ထုတ်ပြီး အိမ်ကိုတက်လာနေတဲ့ သူကို ဓားနဲ့ ခုတ်ပစ်လိုက်မယ်လို့ ကြိမ်းဝါးခဲ့ဖူးပါတယ်၊ တကယ်လဲ လုပ်မယ်လို့ ဆုံး ဖြတ် ထားပါတယ်၊ နောက်ပိုင်းမှာ တော့ မိမိတို့ရဲ့ မိသားစုဘဝကို သနားစိတ် ဝင်သွား ပုံ ရပါတယ်၊ ဘာမှ ဆက်မ ပြောတော့ပါ၊

ဒါအ ပြင် တစ်နေ့သောအခါမှာ သက်ဆိုင် ရာ ကြွေး ရှင် ပွဲစားတစ်ယောက်ကဆိုရင် မိခင် ဖြစ်သူကို ကြိုတင်အသိမပေးဘဲနဲ့ ကျီကြ ကြီးထဲမှာ သိပ်ထားခဲ့တဲ့ လှက်စို တွေကို လာရောက်ပြီး ထုပ်ပိုးလို့နေပါပြီ၊ မင်းတို့ အဖေက အတိုးနဲ့ ငွေချေးထားတာရှိတယ်၊ ဒို့ကို ကြွေး မဆပ်နိုင် လို့ ဒီလှက် စိုတွေကို လာယူရတယ်တဲ့၊ အမေ ဖြစ်သူက အတိုးငွေ ချေးစား တဲ့ ပွဲ စား နဲ့ တစ်နာရီ ခန့်လောက်ကြာအောင် အ ခြေအတင် ငြင်းခုံ ပြော ဆို နေတဲ့ပုံကို မြင်ယောင်နေမိပါသေးတယ်၊ ဒီလှက်စိုတွေက ငါ့ယောက်ျား ကြွေး နဲ့ ဘာမှ မဆိုင်ဘူး၊ သူ့ နဲ့ပဲ တောင်းယူပါ၊ မိမိတို့ လုပ်အား ချွေးနဲ့စာ နဲ့ စုဆောင်းထားခဲ့တဲ့ ဒီလှက်တွေ ပြန် ဖြေထုတ်ပြီး နဂိုမူလ အတိုင်းပြန် ထားပေးပါ၊နို့ မဟုတ် ရင် သက်ဆိုင်ရာ ကို တိုင်ကြား အရေးယူမယ်လို့ ပြောတော့မှပဲ ပြေလည်မှုရ ကိစ္စပြီးသွားရပါတော့တယ်၊ အိမ်ထောင်ဦးစီး မရှိတဲ့ အိမ် ရှင်မများ အဖို့ကြုံတွေ့ရတတ်တဲ့ မထေမဲ့ မြင် ပြုတတ်ခံရ ခြင်းရဲ့ ပြယုဂ်တစ်ခု ပေပဲလို့ သတိ ပြုမိလိုက်ပါတယ်၊

ဖဲ နဲ့ အရက် နှိပ်စက်မှုဒဏ်ချက်ကို ကိုယ်တိုင် ခံခဲ့ရတာ ဖြစ်လို့ ဖဲ နဲ့ အရက် ဒီ နှစ်ချက်ကို ဘဝတစ်သက်လုံး ရွံ မုန်းစက်ဆုပ် ပြီး နေရပါတော့တယ်၊

မိသားစုတိုင်းမှာ အရက်သမား လောင်းကစားသမား မရှိ သီရိ ဂေဟာ မင်္ဂလာအတိ ဖြစ် ရှိနိုင်ကြပါစေလို့ ဆုမွန် ခြွေ တောင်းလိုက်ပါရစေ၊ မိမိတို့လို များ များတကာတွေ မ ဖြစ်ကြပါစေနဲ့ ၊ မိသားစုများ မျက် နှာမငယ်ရ စိတ်ဒုက္ခ မ ဖြစ်ရလေအောင် မောင်မယ်တို့တတွေရော မိဘ ဖြစ်သူတွေပါမကျန် ဘဝပျက်ဆေးအမှန် ငရဲတမန် လို့ဆိုတဲ့ ဖဲ နဲ့ အရက် ဒီ နှစ်ချက်ကို လုံးဝ ရှောင်ကြဥ်နိုင်ကြပါစေ၊

မိမိရဲ့ ဖခင် ဖြစ်သူမှာ သူဌေးသားတစ်ယောက် ဖြစ်ခဲ့ပေမဲ့ ဖဲ နဲ့ အရက်ကြောင့် ဘဝ ပျက်ခဲ့ရတာပါ၊ တကယ်တော့ ရပ်ရွာထဲ မှာ သာမန် ပုဂ္ဂိုလ်တစ်ယောက် တော့မဟုတ်ပါ၊ ငယ်ရွယ်ကတည်းက မိဘ များ ပစ္စည်းချမ်းသာခဲ့သလို မန္တလေးမြို့ မှာ ပညာသင်ကြားခွင့်ရ ရှိခဲ့တယ်၊ အတွေး အခေါ်အ မြော်အ မြင် ရှိသူတစ်ယောက်မို့ ရပ်ရွာ သူကြီးတစ်ယောက်လဲ ဖြစ်ပါတယ်၊ အစိုးရ မူလတန်းကျောင်းမှာ အထွေထွေ အတွင်းရေး မှူး တစ်ယောက်လဲ ဖြစ်ပါတယ်၊ ရပ်ရေးရွာရေး သာရေးနာရေး ကိစ္စတွေမှာ အများက အားကိုးခဲ့ကြရတဲ့ ဦးစီးခေါင်းဆောင် တစ်ယောက်လဲ ဖြစ်ပါတယ်၊ အထူးသ ဖြင့် သာမှု နာမှု အလှူကြီး အတန်းကြီး ရှိတဲ့အခါမှာ စင် မြင့်ပေါ်မှာ တက်ထိုင်ရပြီး ရှမ်း စာပေ တရားဓမ္မများကို ၇ ရက် တိတိ အသံနေ အသံထားနဲ့ ဖတ် ပြ

ပပေးရတဲ့ နာမည် ကြီး  တရားဟော တရားဖတ်ဆရာ တစ်ယောက်အ ဖြစ် ဂု
ဏ်ယူခံရတဲ့ သူတစ်ယောက်ပါ၊

ပေါင်ထားတဲ့ ခြံမြေ   ပြန်ပြီးရွေး

ဖခင် ဖြစ်သူ ရွာကနေ ထွက်သွားခဲ့တာ ၂ နှစ်ခန့်လောက် ရှိသွား
ပါပြီ၊   တစ်ခါ  ခွန်ဟောက် မြောက်ရွာဖက်မှာ  ၃၆ ကောင်ထီး လောင်ကစား
ပွဲကြီး စလို့လာ ပြန် ပါပြီ၊  ဗဟုသုတ အနေနဲ့   ပြော ပြရရင်   ၃၆ ကောင်
ထီးဆိုတာ   ညနေကတည်းက  အလံတိုင်ထိပ်မှာ မျောက် ဝက် စသည်  တိရ
စ္ဆာန် ၃၆ ကောင်ထဲက  တစ်ကောင်ကောင်ကို  လျှို့ဝှက်စွာ  ချိတ်ဆွဲထားပြီး
ဘာအကောင်မှန်း ဖြစ်တယ်ဆိုတာကို  စိတ်ကူးယဥ်နဲ့ မှန်းပြီး တတ် နိုင် သ
မျှငွေ နဲ့  အသီးအသီး ထိုးကြရပါတယ်၊  ပေါက်တဲ့ သူကို ၁၀ ဆ ရောပေးကြ
ပါတယ်၊ တကယ်တော့  ထိုးသူ  ပြည်သူတွေအတွက်  တကယ့်မွဲ ဆေးအစစ်
တွေ ပါပဲ ၊ သူဌေး ဖြစ်မှာက   စော်ဘွားကြီးပါ၊ ဒါ ကြောင့် နှစ်တိုင်းဆိုသလို
စော်ဘွားကြီးများ ခေတ်မှာ  ပြုလုပ်နေကျ ပွဲပါပဲ၊လောင်းကစားပွဲမှ ရရှိ တဲ့
အခွန်အခကို မျှော်ကိုး ပြီး ပြု လုပ်ခဲ့တဲ့ ပွဲပါပဲ၊ ရသမျှ အခွန် တွေကို စော်
ဘွား ကြီးကို ဆက်ကပ်ကြရပါတယ်၊ ဆိုကြပါ စို့၊ ဖဲ ကစားဝိုင်းမှာ ဝင် ကစား
ကြတဲ့ သူ တိုင်း အ  နိုင်ရနေတဲ့ အကြိမ်တိုင်းမှာ  ၁၀ ကို ၁ ကျပ် နှုန်းနဲ့  အခွန်
အဖြစ် ဒိုင်ကိုင် ဖဲဝေပေးရတဲ့ ကြီးကြပ်သူက   အခွန်ကို ကောက်ခံ စုဆော
င်းပေးရပါတယ်၊ မျက်စိလဲ လျင်ရသလို  ဂဏန်းအတွက်အချက်လဲ  မြန်ပါမှ
ဒိုင်လုပ်လို့ ရနိုင်တာပါ၊ ၂ နှစ်လောက် ဘယ်ရောက်သွားမှန်းမသိ  ပျောက်
သွားရှာလေတဲ့   ဖခင် ကြီးခမျာ  အဲဒီပွဲမှာ တစ်ခေါက် ပြန်ရောက်လို့ လာ ပြန်

ပါပြီ၊ ဒီတစ်ခေါက်မှာတော့ သတိနဲ့ အသိဉာဏ် ဝင်သွားပုံရနေပါပြီ၊ ခါတိုင်းလို ဒိုင်လုပ်လို့ ရ ရှိလာတဲ့ ငွေ အ မြောက်အများ ကို ဖဲ ပြန်မကစားတော့ပါ၊ ပွဲကြီးလဲပြီးရော ငွေထုပ် နဲ့ ရွာကို ပြန်ရောက်လာပါတယ်၊ ပေးဆပ်စရာ ရှိတဲ့ သူ့ရဲ ကြွေး မြီတွေကို ပြန်လည် ပေးဆပ်နိုင်ခဲ့ တော့တယ်၊ အဲဒီ နှစ်မှာ မိမိတို့ တတွေ အထူးသဖြင့် မိခင် ကြီးခမျာ ၂ နှစ်ကြာမျှ ကျားကုတ်ကျားခဲ မူးစုပဲစု စုဆောင်းခဲ့ရတဲ့ ငွေတွေနဲ့ လှာက် ခြံကြီးကို ပြန် လည်ပြီးရွေးယူနိုင်ခဲ့ပါတော့တယ်။ ဖဲ,အရက် ကျေးကျွန် ခင်ပွန်းသည်ရဲ့ ဇနီးမယားခံစားခဲ့ရတဲ့ဒုက္ခက ငရဲတောင်မှ လက်ဖျားခါ အရှုံးပေးနေရမဲ့ပုံပါပဲ၊ အောင်ဒူရေ ဒူရေ ဝေးဝေး ကသာ ရှောင်ကြ ရှားကြ ရှောင်ရှားကြပေတော့လို့ပဲ တပ်လှန့် လိုက်ရပါသတည်း။

## ပညာညွန့်ကျိုးခဲ့ရ ခလေးဘဝ

အဲဒီအချိန်တုံး ၄ တန်းစာမေးပွဲဆိုတာ အစိုးရစစ်ဖြစ်လို့ နမ့်ဆန်မြို့မှာ သွားရောက်ပြီး ဖြေဆိုခဲ့ရပါတယ် ၊ မိမိဘဝမှာ ပထမဦးဆုံး အကြိမ်မြို့ကို ရောက်ဖူး ခြင်းပဲ ဖြစ်ပါတယ်၊ တကယ်တော့လဲ နမ့်ဆန်မြို့ ဆိုတာ ဘာမှထူးထူး ခြား ခြား ရှိလှတာ မဟုတ်ပါ၊ လမ်းမကြီး တစ်လမ်း နဲ့ သွယ်တန်း ရှည်မျောတဲ့ တောင်တန်း မြို့ ပါပဲ၊ လမ်းရဲ့ နှ စ်ဖက် တစ်ချက်မှာ အိမ်တွေတန်းစီပြီး ဆောက်လုပ်ကြပါတယ်၊ လေ့လာကြည့်ရှု စရာဆိုလို့ မယ်မယ်ရရ မရှိလှပါ။

အဲဒီ နှစ် မှာ စာမေးပွဲကို ကောင်းစွာ ဖြေဆိုအောင်မြင်ခဲ့ပေမဲ့ ကံမကောင်းချ

င်တော့ ပညာဆက်လက်သင်ကြားခွင့် မရခဲ့လိုက်ရှာပါ၊ ကျောင်းအုပ်ဆရာ ကြီးကဆိုရင် နမ့်ဆန်မြို့ဇာတိပါ၊ မိမိရဲ့ ဉာဏ်ရည်ဉာဏ် သွေးကို သိနှင့်ထား ပြီးဖြစ်တဲ့ဆရာကြီးက သူ့အိမ်မှာ သွားရောက်နေထိုင်ပြီး အလယ်တန်းပညာ ကိုဆက်လက်ပြီး ဆည်းပူးစေလိုကြောင်း မိဘများကို လာရောက်ပြီး ပြော ရှာပါသေးတယ်၊ ဖခင်ဖြစ်သူက သဘောတူခွင့်ပြုခဲ့ပေမဲ့ မိခင်ဖြစ်သူက သဘောမတူ ခွင့်မပြုခဲ့ပါ၊မိခင်ဖြစ်သူရဲ့ အကြောင်းပြချက်က ဘာလဲဆိုေ တာ့ သားဖြစ်သူက အမေ့ကို ခွဲပြီး သွားနိုင်ပေမဲ့ အမေကတော့ သားကို မ ခွဲနိုင်ဘူးတဲ့၊ စိတ်ထဲက မသက်သာ ညှိုးငယ်နေတဲ့ အမေ့ရဲ့မျက်နှာကို မြင် လိုက်ရတာနဲ့ပဲ မိမိရဲ့အိပ်မက်ကမ္ဘာကြီး လုံးဝပျောက်ကွယ် ခေါက်သိမ်းလို က်ရပါတော့တယ်၊ ကြံစည်တိုင်းလဲ ပျက်ရတတ်တာ အနတ္တ သဘောတရား ပါပေပဲ။

ဖခင်ငယ်စဥ်ဘဝ သခ်ဏ်းစာရ

ဖခင်ဖြစ်သူရဲ့ မိဘများကဆိုရင် အင်မတန်မှ ချမ်းသာလှတဲ့ တောသူဌေးတွေပါ၊ မန္တလေးက လက်သမားတွေကို ခေါ်ယူပြီး ရွာအလယ်ေ ခါင်မှာ ခမ်းနားလှတဲ့ နှစ်ထပ်အိမ်ကြီး တစ်ဆောင် ဆောက်လုပ်ပြီး နေထိုင်ခဲ့ ကြပါတယ်၊ လေးဖက်လေးတန်းမှာ မှန်ပြူတင်းပေါက်တွေနဲ့ပါပဲ၊

ဟိုခေတ်အခါတုံးကဆိုရင် စော်ဘွားကြီးတို့ ခေတ်ပေါ့၊ ေ စာ်ဘွားကြီးနဲ့ သားဖြစ်သူများ လမ်းကြုံခရီးလှည့်လည်တဲ့အခါမှာ ဒီအိမ်မှာ ပဲ တည်းခို ခဲ့ကြပါတယ်၊ မကြာခဏ ရောက်ရှိ တည်းခိုလာကြတော့ အိမ်ရှင်

အဘိုးတို့နဲ့ ကောင်းကောင်းကြီးရင်းနှီးမှုရရှိသွားခဲ့ကြပါတယ်၊ တစ်နေ့သော အခါမှာ စော်ဘွားကြီးနဲ့ အခြံအရံများ အဘိုးအိမ်မှာ လာရောက်တည်းခိုခဲ့ကြပါတယ်၊ အဲဒီအချိန်မှာ မိမိရဲ့ဖခင်က အသက်၁၀နှစ် ဝန်းကျင်လောက်မှာ ရှိမှာပါ၊ မိဘဖြစ်သူတွေနဲ့ ပြောဆိုတိုင်ပင်ထားပြီးဖြစ်တဲ့အတိုင်း စော်ဘွားကြီးတို့ရဲ့ အပြန်ခရီးမှာ ခလေးရဲ့အနာဂတ်ပညာရေးအတွက် ခေါ်ဆောင်သွားပါတော့ တယ်၊စော်ဘွားတွေရဲ့ သားသမီးများ စာပေတက်ရောက်သင်ကြားကြတဲ့ တောင် ကြီးမြို့က ကျောင်းမှာ ထား ရှိပေးဖို့ပါပဲ ၊ စော်ဘွားတို့နဲ့အတူ လိုက်ပါသွားတဲ့ သားလေးကို မိခင်ဖြစ်သူက ရွာထိပ်လမ်းမပေါ်ကနေ မျက်ခြေမပျက် ငေးမော်ကြည့်ရှု ပြီးနေခဲ့ပါတယ်၊ ဒါနဲ့ မျက်စိကွယ်ရာ လမ်းချိုးတစ်ခု ရောက်ရှိတော့မယ့် ဆဲဆဲ အချိန်မှာတော့ မိခင်ဖြစ်သူက ငိုကြီးချက်မကြီးနဲ့ သားဖြစ်သူနောက်ကို အတင်းလိုက်ပါလေရောတဲ့၊ ငါ့သားကို ပြန်ပေးပါ၊ ခေါ်မသွားကြပါလေနဲ့လို့ အော်ဟစ်ငိုယိုပြီး မရအရ ပြန်ခေါ်ပါတော့တယ်၊ဒါကြောင့် ငါ့မှာပညာမတတ်ဘဲ လူညွန့် တုံး ဖြစ်ခဲ့ရတယ်လို့ အားမလိုအားမရ စိတ်နဲ့ သူငယ်စဥ်တုံးက အဖြစ်အပျက်ကို ပြန်ပြောင်း ပြောပြခဲ့ပါတယ်၊ အခု ဆရာကြီးက နမ့်ဆန်မြို့က သူ့အိမ်မှာထားပြီး ကျောင်းဆက်နေခိုင်းတယ်ဆိုတော့ ကောင်းတယ် ကောင်းတယ်၊သွား-သွား ငါ အားပေးတယ်လို့ ပြောပါတယ်၊ ငါ့လိုအဖြစ်မျိုး မဖြစ်စေချင်ဘူးတဲ့၊ သို့သော် မိမိအဖို့ရာမှာတော့ ဘယ်အရာပဲမဆို မိခင်ဖြစ်သူ စိတ်ဓာတ် မကြည်မသာ ဖြစ်မဲ့ကိစ္စ မှန်သမျှ ဘာတစ်ခုမှမလုပ်တမ်း သန္နိဋ္ဌာန် ချထားခဲ့တဲ့သူပါ။

ကျောင်းစာမသင်ရ ကျောင်းပ ပညာရ

မှန်းဆပြီး စဉ်းစားသာကြည့်လိုက်စမ်းပါတော့၊ အသက် ၁၂-၁၃ နှစ်အရွယ်ဝန်းကျင်လောက်မှာ စာသင်ရမဲ့ အရွယ်ပဲ မဟုတ်ပါလား၊ ကံမကောင်းအကြောင်းမလှချင်တော့ ဟိုမရောက် ဒီမရောက်နဲ့ တန်ဖိုးရှိလှတဲ့အချိန်ကို များစွာမှ နှမြောလွန်းလှတာ အမှန်ပါပဲ၊ အနတ္တသဘောမို့ လက်မှိုင်ချခဲ့ရပါတော့တယ်၊ မိမိမှာ စာဖတ်ဝါသနာပါ ဗီဇလေးကရှိနေလေတော့ ဘုန်းကြီးကျောင်းက ဇိနတ္ထပကာသနီကျမ်းစာအုပ်ကိုငှားယူပြီးအကြိမ်ကြိမ် ဖတ်ခွင့်ရရှိခဲ့ပါတယ်၊ ဒါ့အပြင် သီပေါမြို့ မြို့လယ်ရပ်နေ အကိုဖြစ်သူရဲ့ အသိမိတ်ဆွေ ကိုမောင်ကြီး ဆိုသူက သူဖတ်ပြီးသား စာအုပ်များကို အကို့ဆီကို ပို့ပို့ပေးနေတာကို တွေ့ရပါတယ်၊ ကံကောင်းတယ်လို့ပဲ ဆိုရပါလိမ့်မယ်၊ ပိုက်ဆံတစ်ပြားမှ မကုန်ရဘဲနဲ့ အဲဒီစာအုပ်တွေကနေတစ်ဆင့် မြန်မာစာကိုရော တခြား ဗဟုသုတတွေကိုပါ လေ့လာခွင့်ရရှိခဲ့ပါတယ်၊ စိတ်ထဲမှာ အတော့်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို မူလစာအုပ်ပိုင်ရှင် ကိုမောင်ကြီးရဲ့ ကျေးဇူးတရားကိုလဲ တစ်သက် မေ့နိုင်ဖွယ်မရှိပါ၊ စာသင်ကျောင်းမှာနေစဉ်တုံးက ဆရာကြီးရဲ့ သင်ပြမှု ကောင်းလှပုံ မေတ္တာစေတနာတွေကိုလဲ အစဉ်ထာဝရ သတိရပြီးနေပေမှာပဲ၊ စာသင်ခန်းထဲမှာ မြန်မာစကားကိုပဲ ပြောကြရပါတယ်၊မိခင်ဘာသာ တိုင်းရင်းသားစကားပြောခွင့်မပြုပါ၊ တစ်ခွန်း ပြောမိရင် ပိုက်ဆံ ၅ ပြားဒဏ်အရိုက်ခံထိပါတယ်၊ ကောင်းလိုက်တဲ့ ဖြစ်ခြင်းပါပဲ၊ ဒါကြောင့်မို့လို့ ကျောင်းသားတိုင်းမှာ မြန်မာစကားကို မိခင်ဘာသာပမာ ကောင်းမွန်စွာ ပြောဆိုတတ်ကြပါတယ်၊ဆရာ ⌊

ကီးရဲ့ ကျေးဇူးကြောင့် မူလတန်းအဆင့်ဆိုပေမဲ့လို့ လျှောက်လွှာရေးပုံရေးန ည်း၊ စာရင်းဇယား ပြုလုပ်ပုံလုပ်နည်း စတာတွေကိုပါ လေ့ကျင့်သင်ကြားခွင် ရရှိခဲ့ကြပါတယ်၊ ဆရာကောင်းရထားတာ မိမိတို့တတွေ ကံကောင်းလိုက် တဲ့ဖြစ်ခြင်းပါပဲ၊

ဒီလိုနဲ့ပဲ အတန်းစာမသင်လိုက်ရတော့ပေမဲ့ စာအုပ်စာပေကနေတ စ်ဆင့် ဗဟုသုတ အထွေထွေကို လေ့လာဆည်းပူးခွင့်ရှိခဲ့ပါတယ်၊ ဘုရား မ,လို့ တော်ပါသေးရဲ့၊နေ့စဥ်နဲ့အမျှ စာကိုအဖေါ် ပြုပြီးနေရတာနဲ့ပဲ ကျောင်း ဆက်မနေရလို့ ဝမ်းနည်း အားငယ်တဲ့စိတ်လဲ တ ဖြည်းဖြည်းနဲ့ လျော့နည်း ကျဆင်းလို့ လာရပါတော့တယ်၊ စာပေကနေတစ်ဆင့် အသိအမြင်တွေလဲ နေ့တိုင်းတိုးလို့ ဝမ်းသာကြည်နူးမိခဲ့ရပါတယ်၊ နေ့စဥ်လိုလို စာနဲ့အဖေါ် ပြုေ နရတာ ကောင်းမှကောင်းပါပဲ။

## ဒုတိယဆရာ ပန်းဒကာကြီး

ငယ်ငယ်ကတည်းက မိခင်နဲ့အတူ ဘုရားရှိခိုးမြဲမို့ ကျောင်းမနေခ င်ကတည်းက ဘုရာရှိခိုးစာတွေ အလွတ်ရတန်သလောက်ရလို့နေပါပြီ၊မိခင်ြ ကီး သင်ပြပေးတဲ့နည်းအတိုင်း နေ့တိုင်းဆိုသလို အနိစ္စကို ပုတီး ၃ ပတ်၊ ဒု က္ခကို ပုတီး ၅ပတ်၊ အနတ္တကို ပုတီး ၇ ပတ် မှန်မှန်စိပ်နေပါပြီ၊ စာဖတ်ရင်း နဲ့ပျော်နေရသလို အခုဆို ပုတီးစိပ်ရင်းနဲ့ ပျော်လိုက်ရပြန်ပါပြီ၊ လက်ကော က်ဝတ်မှာ ပုတီးတစ်ကုံးပတ်ထားသလို လည်ပင်းမှာကလဲ ပုတီးတစ်ကုံး ဆွဲ ထားတတ်ပြန်ပါတယ်၊ မသိမသာနဲ့ ပုတီးသမားတစ်ယောက်ဖြစ်ပြီး ကိုယ့်

ဘဝနဲ့ကိုယ် ပီတိဖြစ်ခဲ့မိတာအမှန်ပါ၊ ကျန်တဲ့ဘုရားရှိခိုးအမျိုးမျိုး ကောင်းနိုးရာရာများကိုလဲ အဘိုး ပန်းဒကာ ကြီး ဦးပေါ်ယုံက သင်ပေးခဲ့ပါတယ်၊ ရှမ်းပြည်ဘက်မှာ ပန်းဒကာဆိုတာ အများကရွေးကောက်တင်မြှောက်ထားခံရတဲ့ တရားစာပေ ကျွမ်းကျင်တတ်မြောက်ထားတဲ့ အရည်အချင်းရှိသူ တစ်ယောက်ပါပဲ၊ များသောအားဖြင့်ကတော့ လူပြန်တော် ဒကာကြီးတွေပါပဲ၊ ဒါ့အပြင် အဘိုးဖြစ်သူက မိမိကို ရှမ်းစာကိုပါ သင်ပေးခဲ့ပါသေးတယ်၊ အမှန်အတိုင်းပြောရရင် ရှမ်းစာကို ၇-ည ခန့်မျှလောက်နဲ့ ရေးတတ်ဖတ်တတ်လာပါတော့တယ်၊ ရှမ်းစာကို သင်ကြားတတ်မြောက်ခဲ့ရတဲ့ ကျေးဇူးကြောင့် ရှမ်းစာဖတ်ရှု လေ့လာရာကနေ တရားဓမ္မတွေကိုပါ သိရှိခွင့် ရရှိခဲ့ပြန်ပါတယ်၊ အဘိုးရဲ့ ကျေးဇူတရားက ဒီတင်မကသေးပါဘူး၊ မိမိကို ဗေဒင်ပညာရပ်ကိုပါ သူတတ်သိထားသမျှ ကျနကောင်းမွန်စွာ သင်ကြားပို့ချပေးခဲ့ပါသေးတယ်၊ ခလေးဘဝအရွယ် ပညာကို ဆာလောင်ငတ်မွတ်နေတဲ့ အချိန်ခါကာလမှာ ကံကောင်းထောက်မလို့ ဒီလို ရှေးဟောင်းဆရာကြီးဆီက ပညာကို ရရှိလိုက်ရရှာပါတယ်၊ ဘဝမှာ ဒုတိယဆရာအဖြစ် ကျေးဇူးတင်မဆုံး ဖြစ်ရပါတော့တယ်။

## ဥပုသ်သီလ ဆောက်တည်ရ

ရပ်ရွာရဲ့ ဓလေ့ထုံးစံအရ ဝါတွင်းကာလ ဥပုသ်နေ့များမှာဆိုရင် အလုပ်အကိုင်တွေ ရပ်နားကြပြီး လူကြီး လူငယ်ပါမကျန် ခလေးငယ်က အစ ရွာလုံးကျွတ် ဘုန်းကြီးကျောင်းကို မနက် စောစော ၅-နာရီ လောက်က

တည်းက သွားရောက်ခဲ့ ကြပါတယ်၊   အရုဏ်ပေါ်ချိန်  နံနက် ၆နာရီခန့်လောက်မှာ  မိမိတို့ အသီးအသီး ပြင်ဆင်ယူဆောင်လာကြတဲ့  ဆွမ်းအုပ်များကို  အသီးသီး  ဆက်ကပ်လှူဒါန်း ရွတ်ဖတ်ပူဇော်မှု ပြုကြပြီး မိမိတို့ တတ်သိရထားသမျှ ဘုရားစာများကို ကိုယ်စီရွတ်ဆို ပူဇော်ကြရပါတယ်၊ ပြီးတော့မှ တခါ  သံဃာတော်များထံကနေ သီလခံယူ ဆောက်တည်ပြီးတာနဲ့  စုပေါင်းပြီးတစ်ခါ  ဘုရားဆွမ်းတော် ကြီးကပ်လှူ ပူဇော်ကြရ ပြန်ပါတယ်၊ဒီအခါမှာတော့    ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင် က  တိုင်ပေးတာကို အားလုံးကလိုက်ဆိုပေးကြရပါတယ်၊ ပရိတ် တရားနာ ရေစက်ချ အမျှဝေ ပြုလုပ်ကြပြီး ၈ နာရီခန့်လောက်မှာ အိမ်ပြန်ကြရပါတယ်၊

သို့သော် အသက် ၆၀ အထက်ရှိသူများကတော့ ၈ ပါးသီလ ခံယူဆောက်တည်ကြပြီး  အမျိုးသား အမျိုးသမီး ဥပုသ်သည်ဇရပ်တွေ မှာပဲ တစ်ညတာ အိပ်ကြရပါတယ်၊ နောက်တစ်နေ့ မှာမှ  ဘုရားနဲ့ သံဃာတော်များကိုဆွမ်းကပ် တရားနာ ရေစက်ချပြီးမှ  အိမ်ပြန်ကြရပါတယ်၊

မိမိအဖို့ အမျိုးသား ဥပုသ်သည်တွေထဲမှာ အသက်အငယ်ဆုံးအဖြစ် စာရင်းဝင်ခဲ့ရပါတယ်၊ ဥပုသ်ဆောက်တည်ကြတဲ့ ဥပုသ်သည်များကိုသက်ဆိုင်ရာ မိသားစုများကနေ နေ့လည်စာ လာရောက်ကပ်လှူ ကြပါတယ်၊ ကိုယ့် ထမင်းဟင်းနဲ့ကိုယ်  အသီးသီးငြိမ်သက်စွာ သုံးဆောင်ကြရပါတယ်၊ ဥပုသ်စောင့်သူများ အာလုံးက တစ်နေ့လုံးပုတီးစိပ်ကြရပါတယ်၊ သတ်မှတ်ထားတဲ့အချိန်မှာ  ဘုန်းကြီးတို့ ဟောတဲ့  ပါဠိ အနက်ပေး  ယပ်ထောင် ကျက်တရားများကို နာယူကြရပါတယ်၊ တရား တစ်ပုဒ်တစ်ပုဒ် ဆုံးတိုင်း စုပေါင်း

ညီညာ ကျယ်လောင်စွာနဲ့ သာဓုခေါ်ဆိုပေးကြရပါတယ်၊ မြန်မာဘာသာနဲ့မို့ အဓိပ္ပါယ် မသိသူတွေကပဲ များလှပါတယ်၊ ဘာပဲပြောပြော အားရပါးရ သာဓု ခေါ်ဆိုလိုက်ရတဲ့ ကုသိုလ်အကျိုးတရားကိုတော့ဖြင့် ရကြမှာ အမှန်ပါပဲ၊ အဲဒီအချိန်တုံးက ဝိပဿနာဆိုတာ အသံတောင် မကြားခဲ့ရဖူးပါ၊ ကံခေလိုက်တဲ့ ဖြစ်ခြင်းပါပေပဲ။

ညနေ ၅နာရီခန့်လောက်မှာ ဥပုသ်သည်များအားလုံး ကြီးစဥ်ငယ်လိုက် တစ်ယောက်ချင်း တန်းစီပြီး ပန်း,ရေချမ်း,ဆီမီးဖယောင်းတိုင် ထည့်ထားတဲ့ ပန်းကလပ်ကို ရင်ဝယ်ပိုက်ကာ ရွာဦးစေတီရှိရာဆီကို သွားရောက်ပြီး ဂါရဝပြု ပူဇော်မှုပြုကြရပါတယ်၊ အသက်အရွယ် ၆၀-၇၀-၈၀-၉၀ ခန့် ရှိပြီးဖြစ်ကြတဲ့ အယောက် ၅၀ ကျော်ရှိ အဘိုးတွေရဲ့နောက်ဆုံးမှာတော့ မိမိပါပဲ၊ မိမိရဲ့နောက်မှာ တန်းစီပြီးလိုက်ပါလာကြတဲ့ ဥပုသ်သည် အဖွားတွေကတော့ဖြင့် အယောက် ၇၀ ထက်မနည်း ရှိကြပါတယ်၊ အဲဒီ ပုံရိပ်မြင်ကွင်းကို မြင်ယောင်နေမိတတ်ပါတယ်။

## ရှေးဦးအခေါက် သီပေါမြို့ရောက်

မိမိတို့နေထိုင်တဲ့ ကျေးရွာဟာ သီပေါ မြို့နဲ့ ၁၈ မိုင် ခန့်မျှသာ ဝေးတာ ဖြစ်ပေမဲ့ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းလွန်းလှလို့ မြို့ကို တစ်ခါတစ်ခေါက် သွားရောက်လည်ပတ်ဖို့ အခွင့်အရေး မကြုံ ခဲ့ရပါ၊ မိမိတို့ ကျေး

ရွာ ဟာ  အဲဒီတုံးက နမ့်ဆန်မြို့နယ် ထဲက အကျုံး ဝင်နေပါတယ်၊ နောက် ပိုင်းကျမှ သီပေါမြို့နယ်ထဲမှာ ထည့်သွင်းလိုက်တာ ဖြစ်ပါတယ်၊ မိမိအသက် ၁၄ နှစ်အရွယ်ခန့်လောက်မှာ မှ သီပေါမြို့ကို ပထမဆုံးအကြိမ် ရောက်ရှိခဲ့ရခြင်းပါ။

ဘုရားအလောင်းထံ  ရှင် ပြုရန်ကြံ

အဲဒီအချိန်မှာ ရှမ်း ပြည်ေ မြောက်ပိုင်းတခွင်မှာ နာမည်ကျော်ကြားကား ထင်ရှားပေါ်လွင်လှတဲ့ ဘုန်းကြီးတစ်ပါး ရှိပါတယ်၊ သူ့ကိုယ်သူကို ဘုရားအလောင်းလို့ ကြေ ငြာ ထားပါတယ်၊ ဘဝမှာ ပထမဆုံးအကြိမ် ထူးထူး ခြား ခြား ကြားသိခဲ့ရတဲ့ သတင်းစကား ကြောင့် ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်လို့နေရပါတော့တယ်၊ အ ခြေအနေကသာပေးမယ်ဆိုရင် အဲဒီ ဘုန်းကြီးထံမှာ ရှင်သာမဏေ ပြုချင်လိုက်တာလို့ စိတ်ထဲမှာ တဖွားဖွား ဖြစ်ပေါ်လို့နေပါတယ်၊ မိမိနဲ့အတူ စိတ်ကူးချင်း တူ ညီတဲ့ လူတစ်ယောက်လဲ ရှိနေပါတယ်၊ သတင်းစကား ကြောင့်နဲ့ပဲ ကြည်ညိုလိုက်ရ ခြင်းပါ၊

ရပ်ရွာကလူတွေ အယောက်၅၀ခန့်က အဲဒီဘုန်းကြီး သီတင်းသုံးရာ ဝ နယ်ထဲက ပင်လုံမြို့ ကို သွားရောက်ခဲ့ကြပါတယ်၊ ရွာကနေပြီးတော့  ပိန်ဆိုင် ဆိုတဲ့ရွာမှာ တစ်ညအိပ်၊ နောက်နေ့ မနက်ကျမှ သီပေါမြို့ ကို ခရီးဆက်ကြရပါတယ်၊ မိုင်၂၀ လောက်မှ မရှိတဲ့ခရီးကို တစ်ရက် ကျော်ကျော်ခန့် ေ ခြကျင်ခရီးလျှောက်ကြရပါတယ်၊ သီပေါမြို့  မြို့လယ်ရပ် မှာ တည်းခိုကြပြီး ဘတ်စ်ကား ကြီး ၂ စီးနဲ့ ခရီးဆက်ကြပါတယ်၊ ဘုန်းကြီးကို လှူဒါန်းဖို့ ငွေထည်ပစ္စ

ည်းတွေကိုလဲ ဂုံနီအိတ်နဲ့အ ပြည့် ယူသွားကြပါတယ်၊ အဲဒီ ဘုရားလောင်း အမည်ခံ စဝ်ဖရားထမ် ဆိုတဲ့ ဘုန်းကြီးက ဘုရားသွန်းလောင်းမယ်လို့ သတင်းစကားကြားသိခဲ့ကြရလို့ပါပဲ၊ အဲဒီဘုရားသွန်းလောင်းတဲ့အထဲက လှူဒါန်းချင်လို့ ငွေထည်အ မြောက်အများ ကို ကိုယ်စီ ယူသွားကြရတာပဲ ဖြစ်ပါတယ်၊ မိဘ ဘိုးဖွား အဆက်ဆက်က အ မြတ်တနိုး သိမ်းစည်းထားခဲ့ကြတဲ့ အနု ပညာ မြောက် ငွေထည်ပစ္စည်းတွေပါပဲ၊

သီပေါမြို့ ကနေ လား ရှိုး ၊သိန္နီမြို့ ရောက်၊ အဲဒီမှာ ညအိပ်၊ နောက်တစ်နေ့ ကွမ်းလုံ၊ ဟိုပန်ရောက် တစ်ညအိပ်၊ နောက်တစ်နေ့ကျမှ တောင်ထိပ် မှာ တည်ရှိနေတဲ့ ပင်လုံဆိုတဲ့မြို့ ကို ရောက်ရှိ ခဲ့ကြပါတယ်၊ ခရီးလမ်းတ လျောက်မှာ တကယ့်ကို သဲထိတ်ရင်ဖို ကောင်းလှပါတယ်၊အင်မတန်မှ မတ်စောက်လှတဲ့တောင်ကြော တလျောက်မှာ မြင့်မားနက် ရှိုင်း လှတဲ့ ချောက်ကမ်းပါး ရဲ့ နှုတ်ခမ်းပေါ်မှာ တရွေ့ရွေ့နဲ့ မောင်းနှင်ပြီးသွားနေရပါတယ်၊ ကားဆရာ တစ်ချက်သတိလွတ်တာ တပြိုင်နက် ဘုရား တ,ချိန်တောင် မရရှိနိုင်ပဲ ပွဲချင်းသေကြရမဲ့ပုံပါပဲ၊ အဲဒီလိုရှုခင်း မြင်ကွင်းကို မ ကြည့်ရဲကြပဲ မျက်စိမှိတ်ပြီး နေကြတာကို ပဲ တွေ့ မြင်ခဲ့ရပါတယ်၊ အဲဒီ ပင်လုံမြို့ ကို ရောက်ရှိသွားတဲ့အခါမှာတော့ မြို့စားကြီးလို့ ခေါ်ဆိုကြတဲ့ လူကြီးရဲ့ ကူညီ စောင့်ရှောက်ပေးမှုကြောင့် စားသောက် နေထိုင်ရေးမှာ အဆင်ပြေ ခဲ့ပါတယ်၊ အဲဒီမြို့မှာ တစ်ထပ်တိုအိမ်သစ်ပေါင်း ရာပေါင်းများစွာ ကို တရုတ် အစိုးရဖက်က အခမဲ့ လာရောက်ပြီး ဆောက်လုပ်ပေးသွားကြောင်း သိခဲ့ရပါတယ်၊ အဲဒီ အချိန်တုံးက ဒီ ပင်လုံ ဆိုတဲ့နေရာဟာ မြို့ရယ်လို့

တော့ မခေါ်သေးပါဘူး၊ အင်မတန် သာယာလှပတဲ့ တောင်ပေါ်မြို့ လေး တစ်မြို့လို့ပဲ ခေါ်ဆိုချင်ပါတယ်၊ ဒါပေမဲ့ ရဲသား စစ်သား ဆိုလို့ လုံးဝ မတွေ့ရပါ၊

နောက်တစ်နေ့ကျတော့ စဝ်ဖရားထမ် ဆိုတဲ့ဘုန်းကြီးကို သွားရောက်ကန်တော့ကြပြီး ပါလာတဲ့ ငွေထည် ပစ္စည်းများကို ကိုယ်စီ လှူ ဒါန်းကြပါတော့တယ်၊

ဘုန်းကြီးမှာ အသက်အရွယ် အား ဖြင့် ၄၀ ဝန်းကျင်လောက် ရှိပုံရပါတယ်၊ မင်းသားတမျှ ရုပ်ရည် ရူပကာယ ချောမောလှတဲ့ အသား ဖြူ ဖြူ ရှမ်းဘုန်းကြီးတစ်ပါး ဖြစ်နေတာကို တွေ့ မြင်လိုက်ရပါတယ်၊ကြည်ညိုဖွယ် ကောင်းတဲ့ ဥပဓိရုပ် ပိုင်ရှင် ပါပဲ၊ ဘုန်းကြီး က အခန်းကနေ ထွက်လာပြီး ဒကာ ဒကာမများကို သီလပေး၊ လှူဒါန်းဖွယ်ရာများကို အလှူ ခံပြီး စကား တစ်ခွန်းမျှလောက်သာ ပြောဆိုပြီး အခန်းထဲကို ပြန် ဝင်သွားပါတော့တယ်၊ သူ ပြောလိုက်တဲ့စကားတစ်ခွန်းက ဒီနေ့ထိ အမှတ်ရ ကြားယောင်နေမိတုံးပါပဲ၊ " နောင်ပွင့်မဲ့ အရိမေတ္တေယျဘုရားဆိုတာ ငါ ပါပဲ" တဲ့ ပြောရဲလိုက်တဲ့ ဖြစ် ခြင်းပါပဲ၊ ဒီစကား တစ်လုံး နဲ့ပဲ သဒ္ဓါတရားလွန်ကဲ ပညာဉာဏ် အားနည်းကြတဲ့ တိုင်းရင်းသား ညီကို မောင် နှ မ များကို သဒ္ဓါပိုစေခဲ့တာ ပါပဲ၊ လုပ် ရက်လိုက်လေ ခြင်းပါပဲကလားလို့ စိတ်ထဲမှာ ခံစားခဲ့ရပါတယ်၊

အဲဒီ ကျောင်းရဲ့ ပတ်ဝန်းကျင် အနီးအနား တဝိုက်မှာ ဝက်သား ခြောက်တွေ နေ လှန်းထားတာကိုကြည့်ရတာ စိတ်ထဲမှာ သိပ်ပြီး ဘဝင်မကျချင်တော့တာ အမှန်ပါပဲ၊ ကျောင်း ရှိ သံဃာတွေက ဘိန်းရေ လှက်ရေ

မည်းမည်း သောက်သုံးနေကြတာလဲ တွေ့ရ ပြန်တော့ ရှင် ပြုလိုတဲ့ မိမိရဲ့ မူလ စိတ်ကူးယဉ် အိပ်မက် ကြီးက သဲထဲရေသွန်သလို လုံးဝ ကွယ်ပျောက် သွားရပါလေပြီ၊ ဘုရား မ,ပေလို့သာ ကိုယ်တွေ့ မြင်လိုက်ရပြီး စိတ်ကူးယ ဥ်ပြီး အချိန် မ ဖြုန်း လိုက်ရတော့ပါ၊ လောကကြီးမှာ ဒီလိုဟာမျိုးတွေလဲ ရှိ တတ်သေးတာပါကလားလို့ သင်္ခန်းစာ ရယူလိုက်ပါတယ်။

နောက်ပိုင်းမှာ ထပ်ပြီး မြင်တွေ့ကြားသိရတာက သိန္နီမြို့မှာ ရှိတဲ့ဘု ရားကြီးတစ်ဆူရဲ့တင်ပလ္လင်ခွေထားတဲ့ပေါင်တော်ပေါ် မှာ တက်ထိုင်ပြီး ဓာ တ်ပုံ ရိုက်ထားတာ တွေ့ရပြန်ပါတယ်၊ အနာဂတ်မှာ သူ က ဘုရား ဖြစ်မဲ့သူ ပါလို့ သိစေချင်တဲ့သဘောနဲ့ ပုံဖေါ်ထားတာပဲ ဖြစ်ပါတယ်၊ အဲဒီကနောက်ပို င်းမှာတော့ လူဝတ်လဲ သွား ကြောင်း ကြားသိရပြန်ပါတယ်၊ ဒါ့အ ပြင် အ ရပ်ရပ်ကတချို့သော မိဘများက သူတို့ရဲ့ သမီးချော များကို ဘုရားလော င်းအမည်ခံ ဘုန်းကြီးလူထွက်ကို လာရောက်ပြီးတော့ ဆက်ကပ် ပေးကြ တယ်လို့ကြားသိရ ပြန်ပါတယ်၊ ပညာမဲ့သူ ထူ ပြောနေသမျှ လိမ်ညာမှု သံသရာ ဆုံးနိုင်ဖွယ်ရာ မရှိပါ၊ လောကကြီး မှာ မောဟသားတွေ များလေ လောဘသားတွေ စားပေတော့ပဲ၊မောဟ သားတွေမှာ သနားစရာ ေ ကာင်းသလောက် လောဘသားတွေမှာ ရှက်စရာ ကောင်းလှပါတယ်။

နှစ်စဉ်နဲ့အမျှ ဒေသန္တရခရီး ထွက်လိုက်ရ

မိမိဘဝမှာ မျက်စိသူငယ် နားသူငယ်လေးနဲ့ နှစ်လများစွာ ကျေးလက်တောရွာမှာပဲ နေထိုင်ခဲ့ရရှာပါတယ်၊ ပထမဆုံး အကြိမ်ခရီးဝေး ထွက် ခဲ့ရပြီးတဲ့နောက်မှာ တော့ နှစ် စဥ်ဆိုသလို ခရီးထွက်ဖို့ အခွင့်အရေး ရရှိခဲ့ပါတော့တယ်၊ နောက်တစ်နှစ် မှာ ပန်းဒကာကြီး ဦးဆောင်တဲ့အဖွဲ့နဲ့အတူ သီပေါမြို့ ဘော် ကြို ဘုရားပွဲ ကို လိုက်ပါသွားခဲ့ရပါတယ်၊ အဲဒီဘုရားပွဲကို နှစ်စဥ် နှစ်တိုင်း တပေါင်းလ ပြည့်နေ့မှာ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလေ့ ရှိကြပါတယ်၊ ရှမ်း ပြည် မြောက်ပိုင်းတခွင် အနယ်နယ် အရပ်ရပ်က ပရိတ်သတ်ပေါင်း သောင်းဂဏန်းနဲ့ချီပြီး လာရောက် ဆင် နွှဲကြပါတယ်၊ သမိုင်း ရာဇဝင်အရ သိကြတဲ့အတိုင်း ပုဂံနေ ပြည်တော်က အနော်ရထာမင်းကြီးရဲ့ အထင်လွဲမှုကို ခံခဲ့ရတဲ့ မိဖုရား စောမွန်လှက ခမည်းတော်စော်ဘွားကြီး ရှိရာ သီပေါမြို့ ကို ဝမ်းနည်း ခြင်းကြီးစွာနဲ့ အပြီးအပိုင် ပြန်သွားခဲ့ ရ ရှာပါတယ်၊ ခမည်းတော် ကြီး က သတင်းစကားကြားသိရလို့ လမ်းခုလပ်မှာ သွားရောက် ကြိုဆို ခဲ့ပါတယ်၊ သီပေါမြို့ ကို မရောက်ခင် မိုင်အနည်းငယ်လောက်မှာ သမီးတော်နဲ့ ဆုံတွေ့လိုက်ရပါတယ်၊ စိတ်ဓာတ်အား ဖြင့်လဲထိခိုက် ဆင်း ခံပြင်းနာ ကျည်း ခဲ့ရသလို ခရီးလမ်းတလျှောက်မှာလဲ လွန်စွာမှ ပင်ပန်း နွမ်းနယ်လှတဲ့ သမီးတော် စောမွန်လှခမျာ ခမည်းတော် ကြီးကို ဖူးတွေ့လိုက်ရတာ တပြိုင်နက် ဝမ်းနည်းဝမ်းသာစိတ်နဲ့အတူ ခမည်းတော်ကို အားရပါးရ ဦးချ ကန်တော့ ခဲ့ပြီး ခမည်းတော် ကြီးရဲ့ ရင်ခွင်ပေါ်မှာ ဦးခေါင်းလွှဲချ အပန်း ဖြေ နားနေလိုက်ပါတော့တယ်၊ ကံခေရှာတဲ့ သမီး စောမွန်လှခမျာ အဲဒီ ခမည်းတော်ရဲ့ ရင်ခွင်မှာပဲ ကံကုန် ကွယ်လွန်

သွားရရှာပါတော့တယ်၊ အမှတ် တရ အနေနဲ့ သူမ ,ကွယ်လွန်တဲ့ နေရာမှာ စေတီတစ်ဆူ တည်ဆောက်ပြီး သူမနဲ့ အတူထား ရှိ ပြီး မပြတ်ကိုးကွယ်မှု ပြုနေတဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်များ ဌာပနာ ထည့်သွင်းထားတဲ့ နားကပ်တော်ကို စေတီတော် ကြီး အတွင်းမှာ ဌာပနာ ပြုခဲ့ပါတယ်၊ အဲဒီစေတီတော်ကြီး ကို ဘော်ကြိုစေတီတော်ဘုရား ကြီးလို့ ခေါ်တွင် ခဲ့ပါတယ်၊' ဘော် 'ဆိုတာ ' ပေါ့ ' ဆိုတဲ့ရှမ်းစကားက ဆင်းသက်လာတာပါ၊ "ပေါ့" ဆိုတာ အဖေ ဖခမည်းတော် ကိုဆိုလိုပါတယ်၊ " ကြို" ဆိုတာ ကြိုဆို ခြင်းကိုဆိုလိုပါတယ်၊ ဒါ့ ကြောင့် ဘော် ကြိုဘုရားဆိုတာ ဖခမည်းတော် စော်ဘွား ကြီး သမီးတော်ကို လာရောက်ကြိုဆို ခြင်း ပြုခဲ့တဲ့နေရာမှာ အမှတ်တရ တည်ထားကိုးကွယ် ထားတဲ့ အထင်ကရ သမိုင်းဝင် စေတီတော် ကြီးတစ်ဆူပါပေပဲ၊

နောက်တနှစ် ကျ ပြန်တော့ ဦးဝေ လေး တစ်ယောက် က ဦးဆောင် ပြီး ပန်အုပ်လုပ် ကျေးရွာက သူရဲ့ မိတ်ဆွေများနဲ့အတူ ကားနဲ့ ဘော် ကြိုဘုရား ပွဲတော်ကို လိုက်ပါသွားခဲ့ရ ပြန်ပါတယ်၊ ဒီတစ်ခါမှာတော့ ခြေကျင်ခရီးလမ်း မဟုတ်တော့ပါဘူး၊ ပန်အုပ်လုပ်ရွာ ကနေ ပြီးတော့ ကျောက်မဲ ပြမိ့ကို ကားနဲ့ သွား ခဲ့ကြပါတယ်၊ မိုင်ငေါ့ မြို့ မှာ တစ်ည အိပ်ပြီး နောက်တစ်နေ့ကျမှ ကျောက်မဲမြို့ကို ခရီးဆက်ခဲ့ကြပါတယ်၊ ကျောက်မဲမြို့မှာ တစ်ညခန့် တည်းခိုကြပြီး ညနေလောက်မှာ ကားနဲ့ သီပေါ မြို့နယ်က ဘော် ပြကို ဘုရားပွဲ ကို သွား ရောက်ခဲ့ကြပါတယ်၊ ဒီခရီး စဥ်မှာ ဒေသန္တရ ဗဟုသုတတွေကတော့ အများ ကြီးရ ရှိ ခဲ့ပါတယ်၊ ဒါပေမဲ့လို့ ဘော် ကြိုဘုရားပွဲရဲ့ ဇာ တ် ရုံ ရှေ့မှာ တစ်ညလုံး ထိုင်ပြီးနေ ကြရတာကတော့ ဖြင့် မိမိ

အဖို့ ငရဲ ပြည်မှာ ထိုင်နေရသလိုပါပဲ၊မိမိရဲ့ စရိုက်ဝါသနာ သဘာဝနဲ့ လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေလို့ပါပဲ၊ အများနဲ့ ဆိုတော့ ရွေးစရာလမ်းမဲ့ ငြင်းကွက်မရှိတော့လို့ပါပဲ ၊မိုးလင်းတဲ့အထိ ခန္တီ ပါရမီ သာ ဖြည့်ကျင့်ကာ နေရပါတော့တယ်၊ အပြန် ခရီးမှာတော့ ဘော် ကြို ကနေပြီးတော့ သီပေါ မြို့ ကို ကားနဲ့သွားရောက်ကြပြီး အဲဒီကနေတစ်ဆင့် တောင်ပေါ်ဒေသ မိမိတို့ ရပ်ရွာကို ခြေကျင်ခရီးနဲ့ပဲ ပြန်ခဲ့ကြရပါတယ်။

နောက်တနှစ်ကျ ပြန်တော့ ကျောင်းထိုင်ဘုန်း ကြီးနဲ့အတူ လိုက်ပါပြီး ရှမ်း ပြည်တောင်ပိုင်း မိုင်းကိုင်မြို့ကို သွား ရောက်ခဲ့ကြပါတယ်၊ အဲဒီမြို့မှာ နေထိုင်ကြတဲ့ ကျောင်းတော် ဆရာတော်ရဲ့ ရဟန်းဒကာတို့အိမ်မှာ တစ်လကျော် ကြာမျှ တည်းခိုခဲ့ ကြရပါတယ်၊ အဲဒီ မြို့ကို ရောက် ရှိတော့မှ စက်ဘီးစီး ကျွမ်းကျင် တတ် မြောက်ခဲ့ပါတယ်၊ ပြီးခဲ့တဲ့ ၃-၄ နှစ် ခန့်က လူငယ်ရဲ့သဘာဝ စိတ်ကူးယဉ်မိပြီး ဖြစ် နိုင်မယ်ဆိုရင် စက်ဘီးတစ်စီး လောက် လိုချင်ကြောင်း မခင် ဖြစ်သူကို တင် ပြခဲ့ဖူးပါတယ်၊ ဘဝတစ်သက်တာမှာ ဒီ တစ်ခါသာ တင် ပြ တောင်းဖူးခဲ့ ခြင်းပါ၊ ပထမအကြိမ်နဲ့ နောက်ဆုံး အကြိမ်ပဲ ဖြစ်ပါပေတော့တယ်၊ သို့သော် အ ကြောင်း အမျိုးမျိုး ကြောင့် ဆန္ဒ ကတော့ မ ပြည့်ဝခဲ့ပါဘူး။

## ပင်ကိုယ်သဘာဝ ငယ်စဉ်ကတည်းက

မိမိနေထိုင်ခဲ့တဲ့ ကျေးရွာမှာဆိုရင် အိမ်ထောင်စုပေါင်း ၂၀၀ နီးပါးခန့် ရှိပါတယ်၊ မိမိသွားရောက်ခဲ့ဖူးတဲ့အိမ်က ၁၀ အိမ်ထက် မကျော်

လာက်ပါ၊ ရင်းရင်းနှီးနှီး သူငယ်ချင်းဆိုလို့ ၄-၅ ယောက်လောက်ပဲရှိခဲ့ပါတယ်၊ အချိန်ခါအလျောက် ရပ်ရွာ ပျော်ပွဲ ရှင်ပွဲ ရှိတဲ့အခါမျိုးမှာ အိမ်မှာနေရခြင်းကိုပဲ ပိုပြီး နှစ်ခြိုက်တတ်ပါတယ်၊ အမျိုးသမီးတွေနဲ့ မျက်နှာချင်းဆိုင်မကြည့်ရဲပါ၊ ရှက်ကြောက်သလို ခံစားရပါတယ်၊ ဘာကြောင့်ရယ်လို့တော့ မပြောတတ်ပါ၊

သူများနဲ့မတူ ထူးနေတာက မိမိမှာ ဆေးလိပ်မသောက်,အရက်မသောက်, ကွမ်းမစား, မုသားမပြော ,ဆဲဆိုခြင်း လုံးဝမပြုတတ်တာတွေပါပဲ၊ တစ်ခါတစ်လေ ခလေးတွေရဲ့ သဘာဝ အနိုင်အကျင့်ခံရတဲ့ အခါမျိုးမှာဆိုရင် ဆဲဆိုမှုပြုဖို့ နှုတ်ကနေ ဘယ်လိုမှ ထွက်မလာပါ၊ကြိတ်ပြီးငိုရင်း သည်းခံပြီးတော့သာနေလိုက်ရပါတော့တယ်၊ တစ်ခါတစ်လေ လူငယ်တို့ရဲ့ သဘာဝ ဆယ်ကျော်သက်ရွယ်လူမမယ် များမှာ စုပေါင်းပြီး စားသောက်ကြပါတယ်၊လက်တည့် စမ်းတဲ့ သဘောနဲ့ အရက်ကိုပါ သောက်ကြတတ်ပါတယ်၊ တစ်ခါမှာတော့ တစ်ယောက်နည်းနည်းစီ မြီးစမ်းကြည့်ဖို့ သဘောတူကြပါတယ်၊ မိမိအလှည့် ကျလာတဲ့အခါမှာ သောက်ဖို့ လုံးဝ ငြင်းပယ်လိုက်လို့ သူငယ်ချင်းတစ်ယောက်က လက်ဘက်ရေကြမ်း ပုဂံလေးထဲမှာရှိနေတဲ့ အရက်ကို မိမိရဲ့ မျက်နှာ နဲ့ရင်ပတ်ထဲကို ပက်ထည့်လိုက်ပါလေရော၊ သို့သော် လုံးဝ စိတ်မဆိုးခဲ့ပါဘူး၊ သူငယ်ချင်းများရဲ့ သဘာဝ အေးအတူ ပူအမျှဖြစ်စေချင်လို့ လုပ်လိုက်တာပါပဲ ဆိုတာ ကောင်းကောင်းကြီး သဘောပေါက်မိပါတယ်၊ မိမိရဲ့ပင်ကိုယ်သဘာဝကလဲ အရက်သောက်ဖို့ဆိုတာကလဲ ဘယ်လိုမှ စဉ်းစားစိတ်ကူးလို့ ခံစားလို့ မရနိုင် တဲ့ သဘောကရှိနေ ပြန် ပါတယ်၊

ဘာကြောင့် ဒီလိုခံစားချက်မျိုး ရှိရတယ် ဆိုတာကလဲ မိမိကိုယ်ကိုလဲ မသိနိုင် သဘောမပေါက်နိုင်တာ အမှန်ပါ၊ နောက်ဆုံးမှာတော့ သူငယ်ချင်းများက သဘောပေါက်ကြပြီး  စားသောက်ပွဲ ရှိတိုင်း မိမိအတွက် ဖျော်ရည်တစ်ခွက် စီစဉ်ပေးကြပါတယ်၊ အဲဒီလို အလိုက်သိပေးကြတာကို  ပြန်ပြီး ကျေးဇူးတင်နေရပါတယ်၊   မိမိရဲ့ပင်ကိုယ် ဗီဇ တစ်ခုကဆိုရင်    နှုတ်ကသာ အလွန်နည်းပေမဲ့  ပုဂ္ဂိုလ်များရဲ့ အရွယ်အလိုက် မိဘတွေလိုတစ်မျိုး   ညီကို မောင်နှမတွေလိုတစ်ဖုံ  ချစ်ခင်စိတ်ကတော့ အမြဲတမ်း  ထားရှိနေတတ်ပါတယ်။

## သားငါးလွတ်ကင်း   စားသောက်ခြင်း

မိမိတို့အိမ်မှာ  သားငါးဆိုတာ မပြတ်သလောက် စားသောက်ပြီးနေခဲ့တဲ့ အိမ်ပါ၊  အဖေ ဖြစ်သူရဲ့ စားသောက်ဖော် စားသောက်ဖက် ကစားဖော် ကစားဖက် တွေကလဲ မပြတ် ရောက်လာတတ်ကြပါတယ်၊   အဲဒီမြင်ကွင်းကို မြင်ရဖန် များလာတဲ့အခါကျတော့ သားငါးစားလိုစိတ် ကုန်ခမ်းပြီး လာပါတော့တယ်၊ ဒါနဲ့ပဲ  အသက်၁၇ နှစ်အရွယ်ကစပြီး  သက်သတ်လွတ်သမားဘဝနဲ့ စားသောက်နေထိုင်ပြီးလာပါတော့တယ်၊ အများနဲ့ မတူ တစ်မူထူးနေသလိုလို ရှိနေပြန်တော့ကာ  စိတ်ပဲမမှန်လို့လားလို့တောင် တစ်ချို့က ထင်ကောင်းထင်နေကြမှာပါ၊  တကယ်တော့ ကိုယ့်ပီတိ ကိုယ့်အသိ ကိုယ့် ခံစားချက်နဲ့ကိုယ်ပါ။

Monday, December 16, 2019

ဆံပင်သံယောဇဉ် မာရ်နတ်ပင်

ဘုန်းကြီးကျောင်းနဲ့ မိမိတို့နေတဲ့အိမ်က ကပ်လို့နေပါတယ်၊ မကြာခဏဆိုသလို ကျောင်းကိုရောက်တတ်ပါတယ်၊ ကျောင်းထိုင်ဘုန်းကြီးကလဲ ဦးလေးတော်ခဲ့ပါတယ်၊ မင့်မှာ သူများနဲ့မတူဘဲ ဖြစ်နေတယ်၊ ဒါကြောင့် လူ့ဘဝမှာ နေရတာထက် ကိုရင်ဘဝကို ရယူတာကမှ ပိုကောင်းမယ်ဆိုတဲ့အကြောင်း ဦးလေးဘုန်းကြီးကတော့ဖြင့် မကြာခဏ စည်းရုံးတိုက်တွန်းလို့နေပါတယ်၊

အသက် ၁၄-၁၅နှစ် အရွယ်လောက်မှာပေါ့၊သို့သော်လဲပဲ အချိန်ကမတန်သေးတော့ ဗိုကေ လေးနဲ့ နေမြဲနေလျက်ပါပဲ၊ ကိုရင် မဝတ်နိုင်သေးခြင်းရဲ့ အဓိကမာရ်မင်း အကြောင်းရင်းက တခြားကြောင့်ဟုတ်ရရိုးလား၊ စင်စစ်မှာတော့ အနံ့အားဖြင့်လဲ မကောင်း အရောင်အားဖြင့်လဲမလှ ရွံဖွယ်ကောင်းလှတဲ့သာဆံပင်အပေါ် တွယ်တာမှု သံယောဇဉ်ကြီးကြောင့်ပါပဲ၊

ကိုရင်ဝတ်ဖို့အရေး အဖက်ဖက်က တွေးတောဆင်ခြင် စဉ်းစားလိုက်တဲ့အခါ တစ်ခုကလွဲလို့ တခြားကိစ္စတွေအားလုံးမှာ ဖြောင့်ဖြူးလို့နေပါတယ်၊ ဒါပေမဲ့လို့ ခေါင်းတုံးရတော့မယ့် ကိစ္စနဲ့ ပတ်သက်ပြီး မျှော်မှန်းတွေးဆ စဉ်းစားကြည့်လိုက်တဲ့အခါမှာတော့ မိမိရဲ့ စိတ်ကူး အိပ်မက်ကမ္ဘာကြီးဟာ ချက်ချင်းဆိုသလိုလုံးဝလွင့်ပြယ် ကွယ်ပျောက်သွားရပါတော့တယ်၊ ဒီလိုနဲ့ပဲ တကြိမ်တစ်ခါမက ဖြစ်ခဲ့ရတဲ့ကြိမ်ရေပေါင်းလဲ မနည်းခဲ့ပါဘူး၊ ၄-၅-၆ နှစ်ကြာမျှ အချိန်တွေ ကုန်ဆုံးခဲ့ပေမဲ့ ဆံပင်သံယောဇဉ်ကို မပယ်နိုင်သေး ကိလေသာကိုပဲ အရှုံးပေးနေရပါတော့တယ်၊ သူ့စိတ်ကိုသိရှိလို ကို

ယ့်စိတ်ကိုနှိုင်း ဆိုသလို အနောက်နိုင်ငံပေါက်  ဗုဒ္ဓဘာသာဝင် လူငယ်လူရွ
ယ်လေးတွေ  ခေါင်းတုံး ပြီး ဒုလ္လဘကိုရင် မဝတ်ချင်ကြဘူး ဆိုတာကို  ကိုယ်
ချင်းစာနာ သဘောပေါက် နားလည်မိရပါတော့တယ်။

နောက်ဆုံးမျက်ရည်ကျ     ဤသည်ဘဝ

မိမိငယ်စဉ်တုံးက  နေ့စဉ်နဲ့အမျှ အနိစ္စ အနိစ္စလို့သာ ပုတီးစိပ်နေရ
တာ  ဘာမှလဲ မယ်မယ်ရရ သဘောပေါက်သိမြင် လှတယ်ရယ်လို့  မရှိတာ
အမှန်ပါ၊ပုတီးပတ်ရေကသာ  များခဲ့ရတာပါ၊ ယုံကြည်မှု သဒ္ဓါအား ကုသို
လ်လေးကတော့ဖြင့် ရရှိနေမှာ သေချာပါတယ်၊ ဒီလိုနဲ့ပဲ  တစ်နှစ်ထက်တစ်နှ
စ် ဘဝမှာ   အချိန်တွေကုန်လွန် ဖြတ်သန်းပြီးသွားခဲ့ရပါတော့တယ်၊တစ်ေ
န့ကျတော့ စိတ်ကူးထဲမှာတောင် တစ်ခါဘူးမှ ယောင်ပြီးတောင်မှ   စိတ်မကူး
မိတဲ့ ဖြစ်ရပ်တစ်ခု ပက်ပင်းကြုံတွေ့လိုက်ရပါတော့တယ်၊ အနန္တဂုဏ်တော်
သခင်  ကျေးဇူးရှင်မိခင်ကြီးခမျာ အသက် ၄၁ နှစ်အရွယ်ခန့်လောက်မှာ  မ
ထင်မှတ် ဘဲနဲ့ ကွယ်လွန်အနိစ္စရောက်ရရှာပါတော့တယ်၊ ခလေးဖွားမြင်ပြီး ၂
လခန့်လောက်အကြာမှာပါ၊

ခေတ်နောက်ကျတဲ့နိုင်ငံ မို့     ဆေးရုံ ဆေးပေးခန်းမရှိ သူနာပြု
ဆရာဝန်ဆိုလို့နတ္ထိ  ကျေးလက်ဒေသမှာ  နေထိုင်ကြရတာ ကံခေရှာတယ်
လို့ပဲ ပြောရပါလိမ့်မယ်၊ အခုဆို အသက်သမျှ ချစ်ခင်ရတဲ့မိခင်ကြီး မရှိေ
တာ့ပြီ၊ ဟိုတစ်ခါတုန်းက မိခင်ကြီး ပြောခဲ့ဖူးတဲ့စကားကိုလဲ နားထဲမှာ မကြာ
ခဏ ကြားယောင်နေမိပြန်ပါတယ်၊ သားကသာ မြို့မှာပညာဆက်သင်ဖို့ အေ

မှုကိုခွဲပြီးသွားနိုင်ပေမဲ့ အမေကတော့ဖြင့် သားကိုခွဲပြီးမနေနိုင်ဘူး ဆိုတဲ့ စကားတစ်ခွန်းပါပဲ၊ အဲဒီစကားတစ်ခွန်းကြောင့်နဲ့ပဲ မိခင်ရဲ့ မျက်စိအောက်မှာ သူ့ရဲ့ဆန္ဒအတိုင်း နောက်ဆုံးအချိန်ထိ နေပေးလိုက်ရခြင်းပါပဲလေ။

မိခင်ကြီး ကွယ်လွန်အနိစ္စရောက်သွားတဲ့နေ့ကစပြီး ရက်လည်အလှူလုပ်တဲ့နေ့အထိ ၇ ရက်တိုင်တိုင် မကြာခဏ ငိုလိုက်ရတဲ့အဖြစ်က အတော့်ကို ပင်ပန်းဆင်းရဲလွန်း လှပါတယ်၊ မိမိရဲ့ ငိုပုံက သူများနဲ့ လုံးဝ မတူလို့ပါပဲ၊ မျက်ရည်ကသာ တသွင်သွင်စီးထွက်ကျပြီး အသံမထွက်တဲ့ ငိုခြင်းမျိုးပါပဲ၊ ငိုတဲ့အခါမှာ ဝမ်းဗိုက်ကနေ လေလုံးကြီးက အပေါ်ပိုင်း ရင်ပတ် နှလုံးသားကို တွန်းအားအပြည့်နဲ့ ပင့်တက်လာနေတာကို လက်နှစ်ဖက်အားနဲ့ အတင်းထိန်းချုပ် ဖိထားပေးနေရပါတယ်၊ လက်နဲ့ နိုင်အောင် ဖိမပေးနိုင်လို့ကတော့ နှလုံးခုန်တာရပ်ပြီး သေပွဲဝင်ရပေတော့မယ်ဆိုတာ အတတ်သိနေပါတယ်၊ တကယ့် ကိုယ်တွေ့ အဖြစ်အပျက်အမှန်ပါ၊ ဒါဟာ နောက်ဆုံးငိုရခြင်းပဲ ဖြစ်ပါပေလိမ့်မယ်။

ပြီးတော့ ငယ်စဥ်ဘဝက ဖြစ်အင်ကို ပြောပြချင်ပါသေးတယ်၊ မကြာခဏဆိုသလို ညဖက်မှာ လူကြီးတွေ ပြောဆိုနေကျ တစ္ဆေသရဲ အကြောင်းကို လှဲအိပ်ပြီးနားထောင်နေရတာ များလာတော့ မိမိမှာ တစ္ဆေကို အလွန်အမင်းကြောက်တတ်သူတစ်ယောက် ဖြစ်လာရပါတော့တယ်၊ ဒါကြောင့် လူကြီးများတို့အနေနဲ့ သတိပြုပေးဖို့ အချက် တစ်ခုပါပေပဲ၊ ကြောက်တတ်တယ်ဆိုတာ စိတ်ရောဂါတစ်ခုပါပဲလေ၊ ခလေးတွေ စိတ်ရောဂါ မဖြစ်ရလေအောင်

အောင် လူကြီးတို့တတွေ စကားေ ပြော ဆင် ခြင် အထူးရှောင်ကြဥ်ပေးနိုင်ကြ ပါစေလို့ ဒီကနေပြီးတော့ တိုက်တွန်းမှုပြုလိုက်ရပါတယ်၊

တစ္ဆေကြောက်တတ်သူတစ်ယောက် ဖြစ်နေခဲ့ရပေမဲ့ မိခင်ဖြစ်သူ ဆုံးသွားတဲ့အခါမှာတော့ တစ္ဆေကို ကြောက်တဲ့စိတ် လုံးဝ မရှိတော့ပါ၊ ညတိုင်းလိုလို မှောင်မိုက်တဲ့နေရာမှာ သွားထိုင်နေတတ်ပြီး အမေ ဖြစ်သူ တစ္ဆေပဲ ဖြစ်နေပစေ၊တွေ့နေချင်လိုက်တာမှ လွန်ရောပဲ၊ အမေ့တစ္ဆေကို တ အားဖက်ပစ်လိုက်ဖို့အထိ စိတ်ကူးယဥ်မိခဲ့ပါတယ်၊မိမိမှာ အရူးတစ်ပိုင်း ဖြ စ်နေမှန်း ကိုယ့်ကိုယ်မှတပါး သိသူရှိမှာမဟုတ်ပါ၊ အဲဒီတုန်းက အဖြစ်အ ပျက်ကို သတိရမိလို့ ဒီနေရာမှာ ကဗျာတစ်ပုဒ် စပ်ဆိုလိုက်ချင်ပါသေးေ တာ့တယ်။

မွေးမေမေ သေခဲ့စဥ်က ငိုခဲ့ရဂါလံရေ
ချစ်တစ်လုံး မဆုံးသမျှ ငိုရဦးမသွေ
ချစ်မရှိမှ ငိုခြင်းကိစ္စ တုံးမည်ပ
ချစ်မဝက ငိုရအုံးတော့ ဟေ..
ငိုခြင်းတရားခံ သင့်ချစ်ဟန် မြန်မြန်ခွါတော့လေ-----

မိမိဘဝမှာ မိခင်ကြီး ကွယ်လွန်သွားလို့ ငိုလိုက်ရခြင်းဟာ နောက်ဆုံး အကြိမ်ပဲ ဖြစ်ပါပေတော့တယ်၊ ပူဆွေးသောက ငိုကြွေးခြင်းဆိုတာကလဲ တ ကယ့်အကုသိုလ် ဒေါသဆိုးကြီးပါပဲကလား၊ ဒီဒေါသစိတ်နဲ့သာ သေသွားလို က်ရမယ်ဆိုရင် ဘယ်ရောက်သွားမယ်ဆိုတာ မတွေး ဝံ့ စရာပါပဲလား၊ ငိုနေ

လို့ကကော ဘာအကျိုးထူး ရရှိလာမှာတဲ့လဲ၊ စိတ်ထောင်းတော့ကိုယ်ကြေ တ န်ဖိုးရှိလှတဲ့အချိန်တွေ ကို ဖြုန်းပစ်လိုက်သလို ရှိသွားနေရော့မယ်၊

မိမိတင်မက ဖခင်ဖြစ်သူခမျာမှာလဲ နေ့စဥ်ဆိုသလို တိတ်တိတ်ပု န်း ကြိတ်ပြီးငိုနေတာကိုလဲ တွေ့မြင်နေရပြန်ပါတယ်၊ အရင်တုန်းက မင်္ဂလာ ရှိလှတဲ့အိမ်ကြီးလို့ ထင်မြင်နေမိခဲ့တာ၊ အခုတော့ ကြည့်စမ်း၊ ငရဲခန်းနဲ့တူ လိုက်တာမှ ငြင်းမရနိုင်အောင်ပါပဲ၊

အိမ်ရာတည်ထောင် လူ့ဘောင်ဘဝ မိသားစုဝင်တွေရဲ့ ဘဝကတော့ ဖြ င့် တယ်လဲ ဆင်းရဲဒုက္ခ ကြီးမားလှပါ ပဲကလားလို့ အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင်မိပါတော့တယ်၊ မိသားစုထဲက တစ်ဦးတစ်ယောက် သေ ပျောက်သွားရတဲ့အခါမှာ နှလုံးသားမှာ တရားမကိန်းလို့ကတော့ဖြင့် ကျန်ရစ်ခဲ့ သူ မိသားစုများက အရှင် လတ်လတ်နဲ့ ငရဲမီး အကင်ခံ ငရဲမီးလျှံ လောင် ကျွမ်းလိုက်ရသလို တယ်လဲဆင်းရဲ ဆိုးရွားလှပါပဲကလားဆိုတာ ကိုယ်တွေ့ပါပဲဗျို၊ ကိုယ်တွေ့မို့လို့ အရမ်းကြီးကြောက်စိတ်ဝင် ဓမ္မသံဝေဂ ဖြစ်ခဲ့ရ တာ အမှန်ပါ၊ မိခင်ကြီး သင်ပြပေးလိုက်တဲ့ ကျေးဇူးကြီးလှ မြတ်ဓမ္မပါပေပဲ၊ ကျေးဇူးကမ္ဘာပါ မြတ်မာတာရေ၊ ကောင်းရာသုဂတိ ဘုံဘဝ ရောက်ပါစေ၊ နေ့စဥ်နဲ့အမျှ ဆုမွန်ခြွေလျက်ပါနော် ချစ်မေမေ။

နှစ်ရှည်လချီ သန္ဓေတည် ရောင်နီသန်းလာ ဒီတစ်ခါ

မိမိရဲ့သန္တာန်မှာ ဓမ္မမျိုးစေ့ သန္ဓေတည်လာခဲ့တာ နှစ်နဲ့ချီ ကြာညောင်း ခဲ့ပေပြီ၊ အချိန်မတန်သေးတော့ အားမာန်လျော့ပြီးအချိန်ယူ ထွေးပိုက်

ထားခဲ့ရတယ်၊ ချစ်ရတဲ့ မိခင်ကြီး မရှိတော့တဲ့နောက် ဘဝမှာဟာတာတာ ၂ ကီး ဖြစ်လို့နေပါတော့တယ်၊ တစ်နေ့ထက်တစ်နေ့ လူ့ဘဝကို အရမ်းကြီး ၂ ငီးငွေ့ပြီး တော့လဲ လာနေပါတော့တယ်၊မိမိတို့နေထိုင်ခဲ့တဲ့ ကျေးရွာရဲ့ မြောက်ဘက်မှာ ပတ္တမြားတောင် စေတီတော်ကြီးကို ဖူးတွေ့နိုင်ပါတယ်၊ အဲဒီပတ္တမြားတောင် စေတီတော်ကြီးနဲ့ မျက်နှာချင်းဆိုင်က တောင်သုံးလုံးတောင် စေတီတော် ၂ ဆူ တည်ရှိနေပါတယ်၊ ညာဘက်ရှိစေတီတော်ကြီးကဆိုရင် မိမိတို့ရဲ့ အဘိုးကြီးရဲ့ အဖေ တာကောင်းမူး ဆိုတဲ့သူက တည်ဆောက်လှူဒါန်းထားတဲ့ စေတီတော်ကြီးပဲ ဖြစ်ပါတယ်၊ အဲဒီ တောင်သုံးလုံးတောင်ရဲ့ တောင်ခြေမှာ ရွာကြီးတည်ရှိပြီးတော့နေပါတယ်၊ စိတ်ထဲမှာ အာရုံရ ခံစားခဲ့ရတာက ရှင်သာမဏေဝတ်ပြီး တဲ့အခါကျရင် အဲဒီ တောင်သုံးလုံး ရှိ စေတီတော်ကြီးမှာ သွားနေပြီး ပုတီးစိပ်နေမယ်ပေါ့၊ ဒီလိုပုတီးစိပ်နေတာကိုပင် တရားအားထုတ်နေတာမည်တယ်လို့ သဘောပေါက် သိမှတ်ထားနေတာ ဖြစ်လို့ပါပဲ ၊ သဒ္ဓါကောင်းလှတဲ့ အချိန်မှာ ပညာအား ဖြည့်စွက်ပေးမဲ့သူ မရရှိလိုက်တာ များစွာမှ နစ်နာလှပါတယ်၊

အဲဒီလိုပြင်းပြတဲ့ ရည်ရွယ်ချက် အာသာဆန္ဒနဲ့ပဲ ကိုရင်ဝတ်ဖို့ စပြီး စိတ်ကူးလာပါတော့တယ်၊ခေါင်းတုံးဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ အရင်တုန်းကလို စိတ်ထဲမှာအနှောင့်အယှက်ဆိုလို့ အလျဉ်း မရှိတော့ပါ ၊ တွယ်တာမှုမရှိ လွတ်လွတ်ကျွတ်ကျွတ် ရှိလို့နေပါပြီ၊ ဟန်ကျလိုက်တဲ့ ဖြစ်ခြင်းပါပဲ၊ ဒီတစ်ခါမှာတော့ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကူးယဉ်ပြီး ကြည်နူးနေရပါတော့တယ်၊ သို့သော် မိမိရဲ့ စိတ်ကူးချက် အကြံကို ဘယ်သူ့ကိုမှ မပြောပြသေးဘဲ

စိတ်ထဲမှာပဲ အားခဲမျိုသိပ်ပြီး ထားခဲ့ပါတယ်၊မျှော်မှန်းထားချက်  မာရ် အနှောင့်အယှက် ရှိလာမှာကို လွန်စွာစိုးရိမ်နေရလို့ပါပဲ။

ကြိုတင်ပြင်ဆင် သာသနာ့ဘောင်ဝင်

မိမိရဲ့ ရည်ရွယ်မှန်းချက်အတိုင်း ဖြစ်ကိုဖြစ်ရမယ်၊   အောင်ကို အောင်မြင်ရမယ်လို့ တထစ်ချ တွက်ထားပြီးဖြစ်နေပါပြီ၊ ကိုရင် ဘဝ ရောက်လာတဲ့အခါ  ဒကာ ဒကာမတွေကို သီလပေးဖို့ ပရိတ်ရွတ်ပေးဖို့ ကိစ္စများအတွက်  ကြိုတင်ပြင်ဆင်မှုများ စပြီး လေ့ကျင့် ကျက်မှတ်နေခဲ့ပါတော့တယ်၊ ဆရာတော် ဦးညေယျရဲ့ ယပ်ထောင်တရားစာအုပ်ထဲက အပုဒ်ပေါင်းများစွာကိုလဲ အလွတ်ကျက်မှတ်ထားလို့နေပါပြီ၊

မိခင်ကြီး ဆုံပါးသွားတာ တစ်နှစ် နီးပါးခန့်မျှ ရှိလို့နေပါပြီ၊ နောက်တစ်လဆိုရင် ဝါဆိုကာလ ရောက်ရှိလာတော့မယ်၊ အဲဒါနဲ့ မိမိရဲ့ ရည်ရွယ်ချက်ကို အဖေရဲ့ညီမ ဒေါ်အေးဟိန်း ကို ဦးစွာပထမ ရင်ဖွင့် ပြောပြခဲ့ပါတော့တယ်၊ မိခင်ကြီး ဆုံးပြီးကတည်းက ခလေးငယ်ကို ပြုစုပေးဖို့ အိမ်မှာ လာရောက်နေထိုင်ပေးတဲ့ မေတ္တာရှင် အဒေါ်လေးပါ၊ နဂိုကတည်းက ကြိုတင်သိပြီးမင် စဥ်းစားထားတဲ့အတိုင်းပါပဲ ဒီသတင်းစကားဟာ ဖခင်ဖြစ်သူဆီကို မဆိုင်းမတွ ရောက်ရှိသွားပါတော့တယ်၊ ဖခင်ဖြစ်သူအကြောင်း ကောင်းကောင်းသိထားသလို  အရမ်းလဲ ကြောက်နေရတာဖြစ်လို့ တိုက်ရိုက်မပြောရဲဘဲ အဒေါ်ကနေတစ်ဆင့် ဆက်သွယ်ပြောဆိုနေရခြင်းပဲဖြစ်ပါတယ်၊  အဒေါ်ကနေတစ်ဆင့် ကြားသိလိုက်တဲ့ သတင်းစကား အဖြေစကားကတော့ဖြင့်

ထင်ထားတဲ့အတိုင်း သိပ်ပြီးမကောင်းလှပေဘူး၊ -- ကိုရင်ဝတ်လို့ မရဘူး၊ ပြေ
ဟာစကား နားမထောင်လို့ကတော့ ဒုတ်နဲ့ အရိုက်ခံရဖို့ပဲရှိပါလိမ့်မယ်တဲ့၊

အသေခံဆန္ဒပြ သန္နိဋ္ဌာန်ချ

ဒီနှစ် ဝါဆိုဖို့ တစ်လခန့်သာ လိုပါတော့တယ်၊ မိမိဘဝအတွက် သေရေး နဲ့ ရှင်ရေး တစ်ခုခုကို ရွေးယူရတော့မယ်၊ အကုန်လုံးမှ ၁ အဆင့်သင့် ဖြစ်လို့နေပြီမို့ ဝါဆိုအမီ ရှင်သာမဏေ ဝတ်ကိုဝတ်ရမယ်၊ မှန်းထားတဲ့အတိုင်း အခြေအနေ မပေးခဲ့ရင်တော့ သေပေးလိုက်တာကပဲ အကောင်းဆုံးပဲလို့ တွက်ထာပြီး ဖြစ်နေပါပြီ၊

ဖခင်ဖြစ်သူရဲ့ သဘောထား အဖြေစကားလဲ သိရပြီမို့ မိမိရဲ့ ရည်ရွယ်ချက် ပန်းတိုင်ရောက်အောင် တစ်ခုခုလုပ်ဖို့ပဲ ရှိပါတော့တယ်၊ ဒါနဲ့ပဲ အဒေါ်ဖြစ်သူကနေတစ်ဆင့် ဖခင်ကြီးသိရအောင်အရေးကြီးလှတဲ့ သတင်းစကားကို ပါးလိုက်ရပါတော့တယ်၊ ဒါက ဘာလဲဆိုတော့ သင်္ကန်းဝတ်ခွင့် မရနိုင်ခဲ့ဘူးဆိုရင် အစာအငတ်ခံ ဆန္ဒပြ ပြီး အသေခံလိုက်မယ်၊ သို့တည်းမဟုတ် ပလောင်စစ်တပ်က ဗိုလ်ကြီး စိုင်းမိုး ဆိုသူရဲ့ သေနတ်တိုလေးကို ရယူပြီး ပါးစပ်ထဲထည့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိမ့်မယ်လို့ သိစေလိုက်ရပါတယ်၊ တကယ့်ကို ရာနှုန်းပြည့် ဆုံးဖြတ်ထားပြီးသားပါ၊

ပြောတဲ့အတိုင်း အမှန်မသေ့ လုပ်လိုက်မဲ့သူပါ ဆိုတာကိုလဲ ဖခင်ကစ အားလုံးက ယုံကြည် သိထားပြီးသားပါပဲ၊ အဲဒီအချိန်တုန်းက ပလောင်စစ်တပ်ဆိုတာ ရှိနေပါတယ်၊ တစ်ခါတစ်လေ ရွာထဲမှာ ဝင်ရောက်ပြီး တ

ည်းခိုတတ်ကြပါတယ်၊ ဒီ စိုင်းမိုး လို့ဆိုတဲ့ဗိုလ်ကြီးက ရွာမှာရောက်လာရင် အမေရဲ့မောင် အိမ်မှာ တည်းနေကျပါ၊ သူ့ရဲ့ သေနတ်တိုလေးကို ခေါင်းအုံးေအာက်မှာ ထားတတ်ပါတယ်၊ သေနတ်ပစ်ပုံပစ်နည်းကိုလဲ လက်တွေ့ ရှင်းပြဖူးတာရှိပါတယ်၊ ဒါကြောင့် မိမိ စိတ်ကူးထဲမှာ ထည့်လိုက်ရတာပဲ ဖြစ်ပါတယ်၊

## သာသနာ့ဘောင်ဝင်ရန် မြတ်ခွင့်ပန်

ဝါဆိုဖို့ ၂ ပတ်မျှသာ လိုပါတော့တယ်၊ နောက်တစ်နေ့နံနက်ခင်းမှာ အဖေ့ဆီကနေ ကိုရင်ဝတ်ခွင့်ပြုရန် ခွင့်ပန်ရပါတော့မယ်၊ အကောင်းဆုံးအချိန်ကို ရွေးလိုက်ရပါတယ်၊ ဖခင်ဖြစ်သူ အိပ်ရာကနေထ မျက်နှာသစ်ပြီးတဲ့အချိန်လေးမှာပေါ့၊ အဲဒါနဲ့ ရပ်ရွာမှာ ရှိကြတဲ့ အဘိုး အဖွား လူကြီးသူမများကို မနက်ဖန် မနက် စောစော အိမ်မှာလာရောက်ပေးကြဖို့ ကြိုတင်ပြီး အသိပေး ဖိတ်ခေါ်ထားခဲ့ရပါတယ်၊ သင်္ကန်းဝတ်ခွင့် တောင်းခံတဲ့အခါမှာ အရိုက်ခံမထိဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ၊ အရိုက်ခံထိလို့ကတော့ အဲဒီနေ့မှာဖြင့် မိမိရဲ့ဘဝ အဆိုးသတ်တဲ့နေ့ပဲ ဖြစ်ပါပေတော့မယ်၊

စီစဉ်ထားတဲ့အတိုင်း နောက်တစ်နေ့ဆိုတာ ရောက်ရှိလို့ လာပါပြီ၊ ဖခင်ဖြစ်သူက အိပ်ရာကနေ တောင် မထရသေးပါဘူး၊မနက် ၆နာရီခန့်ကတည်းက အိမ်မှာ လူကြီးသူမတွေ ရောက်ရှိနှင့်လို့နေပါပြီ၊ ဖခင် ဖြစ်သူမှာ အဖြစ်မှန်ကိုလဲ သိရှိသွားပုံရပါတယ်၊ တစ်အောင့်လောက်အကြာမှာေတာ့ ရိုးရာ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ခြံထဲက ပန်းပွင့် သုံးပွင့် ဆွတ်

ခူးယူခဲ့ပြီး ပန်းကလပ်ပေါ်တင်လိုက်ပါတယ်၊ ဖခင်ထိုင်နေတဲ့နေရာဆီကို ြေ ကာက်ရွံ့စိတ်နဲ့ သွားရောက်ပြီး သုံးကြိမ် ဦးချကန်တော့ လိုက်ပါတယ်၊ပြီးေ တာ့မှ ပန်းထည့်တင်ထားတဲ့ ပန်းကလပ် ကို လက်နှစ်ဖက်နဲ့ မ, ချီပြီး သား ကို ရှင်သာမဏေ ပြုခွင့်ပေးပါ လို့ နှုတ်မြွက် ခွင့်တောင်းခဲ့ပါတော့တယ်၊ အများရဲ့ရှေ့မှာ ဖြစ်နေတော့ကာ လူကြီးဆံဆံ ပြောလိုက်တဲ့ ပုံဟန်က မဆိုး လှပါဘူး၊ အေးပါကွာ၊ ကောင်းပြီ၊ကောင်းပြီ လို့ ခွင့်ပြုချက် ပေးလိုက်ပါတ ယ်၊ အဲဒီကနောက် ဘာထပ်ပြီး ပြောလိုက်ပါသလဲဆိုတော့ နင့်ကို ခွင့်မပြုရ င် ကိုယ့်ကိုယ်ကို သေ ကြောင်းကြံ သတ်ပစ်မယ် မဟုတ်လားလို့ -တဲ့၊ ခွင့်ြ ပချက်လဲရရော ဝမ်းမြောက်စွာနဲ့ပဲ ချက်ချင်းဆိုသလို ကြိုတင်လိပ်ထားြ ပီးဖြစ်တဲ့ အိပ်ရာလိပ်ကို ထမ်းပြီး ဘုန်းကြီးကျောင်းကိုအသွား အဖေ့ဆီက နောက်ထပ်စကားတစ်ခွန်း ကြားရပြန်ပါတယ်၊ သင်္ကန်းဝတ်ရင်လဲ အနည်း ဆုံး ၁၀ နှစ်လောက်ပြည့်အောင်ဝတ်ပါတဲ့၊မိမိက ဘာပြန်လိုက်သလဲဆိုတော့ ၁၀ နှစ်မကဘူး၊တစ်သက်လုံးဝတ်မှာလို့ ပြောပြီး ဘုန်းကြီးကျောင်းကို တန်းြ ပီးသွားလိုက်ပါတော့တယ်၊ အသက်နဲ့လဲ ခဲယဥ်းလွန်လှ အောင်ပွဲရလိုက်ပါြ ပီ၊ ခွင့်မပြုရင် ကိုယ့်ကိုယ်ကို သတ်သေမယ် - ဆိုတဲ့မန္တာန်ရဲ့ အစွမ်းပါပေပဲ။

## ကာမမာရ် မှ လွတ်ကင်း ကျေးဇူးရှင်တွေ

အဲဒီအချိန် မှာ မိမိအသက်က ၁၉ နှစ်အရွယ်ထဲ ဝင်ရောက်လို့ နေ ပါပြီ၊ဒီအသက်ဒီအရွယ်ထိ ကာမမာရ်မင်းရဲ့ စားကျက် ထောင်ချောက်စ က်ကွင်းထဲ မရောက်ဘဲ လွတ်မြောက်လာနိုင်ခဲ့တာဟာ ဘိုးတော်သိကြားမ

င်းနဲ့တကွ သာသနာစောင့်နတ်မင်းများ သိဒ္ဓိရှင် အပေါင်းတို့ရဲ့ ဝိုင်းဝန်းပြီး ထိန်းကျောင်း စောင့်ရှောက်ပေးမှုကြောင့်လဲ ပါပေမှာပဲ လို့ စိတ်ထဲမှာ ခံစား မိခဲ့ရပါတယ်၊ဒါကြောင့်မို့လို့ သူတို့ကို ကျေးဇူးတင်တဲ့အနေ နေ့စဥ်နဲ့အမျှ မေတ္တာပို့ အမျှပေးဝေနေလိုက်ရတာ ဘဝတစ်သက်တာထိ ဖြစ် ရှိသွားနေပေ လိမ့်မှာအမှန်ပါ ။

ရှင်ပြုပွဲမှာ ငိုပွဲမဟာ

ရှင်ပြုတဲ့အခါ လိုအပ်တဲ့ပရိက္ခရာများ ဝယ်ယူရန် သူငယ်ချင်းတ စ်ယောက်နဲ့အတူ ကျောက်မဲမြို့ကို အားချင်းသွားရောက်ပြီး ဝယ်ယူခဲ့ပါတ ယ်၊ ၁၉၆၃ခုနှစ် ဝါဆိုလပြည့်နေ့မှာ ကျောင်းထိုင်ဆရာတော် ဦးမုနိန္ဒ ကို ဥပ စ္ဈာယ်ပြုပြီး ရှင်သာမဏေ ဘဝ ရောက်ရှိခဲ့ရပါတယ်၊ ရှင်ဇေယျ လို့ ဘွဲ့နာ မည်ပေးခဲ့ပါတယ်၊

ရှင့်ဒကာ / မ များအ ဖြစ် စုပေါင်းခံယူခဲ့ကြသူတို့မှာ ၁- ဦးဘိုးနွ ယ်+ ဒေါ်အေးအုပ်၊ ၂- ဦးစန္ဒော+ ဒေါ်အေးဟိန်း၊၃- ဦးအိုက်လှူ+ ဒေါ်အေးအိ မ်၊၄- ဦးမောင်စိန်+ ဒေါ်အေးဟွယ်၊ ၅- ဦးဘိုးစိန်+ ဒေါ်ခင်မေ၊၆- ဒေါ်အေးလ ၊ ၇- ဒေါ်အေးနွမ်၊ ၈-ဒေါ်လှကြည်၊ ၉- ဦးသြဝါဒ+ ဒေါ်အေးရိန် ၊ ၁၀- ဦးမောင် စိန်+ ဒေါ်အေးလှူ၊ ၁၁- ဦးအိုက်မွန်+ ဒေါ်အေး မြတ်၊ ၁၂- ဦး အိုက်ဆာ+ ဒေ ါ်အေးဆာတို့ပဲ ဖြစ် ကြပါတယ်၊

ရှင်ပြုအောင်ပွဲမင်္ဂလာ အခမ်းအနားမှာ ရွာလုံးကျွတ် လာရောက် ခဲ့ကြပါတယ်၊ တစ်နှစ်နီးပါးခန့်က ဘဝတပါးသို့ ပြောင်းသွားရှာ လေတဲ့ မိခ

င်ကြီးကို လွမ်းဆွတ်သတိရကြပြီး  တစ်ဇရပ်လုံးနဲ့အပြည့်  ပရိသတ်များက ငိုကြပါလေရောပဲ၊ ခုလိုအချိန်ခါမှာ သူ့သားလေး ရှင်ပြုတာကို သူ့ခမျာ မြင်သွားလိုက်ရရင်  ဘယ်လောက်များ  ကောင်းလိုက်မဲ့ဖြစ်ခြင်းပဲ၊ မြင်စေချင်လိုက်တာ လို့    တစ်ယောက်တစ်ပေါက်  ပြောဆို ငိုယိုမြည်တွန်းပြီး နေကြပါတော့တယ်၊ ဒီလိုနဲ့ ရှင်ပြုမင်္ဂလာပွဲက  မဟာငိုပွဲကြီး အဖြစ် စိတ်ထဲမှာ ရင်နင့်ဖွယ် ရာ မြင်ကွင်းအဖြစ်   မြင်တွေ့လိုက်ကြရပါတော့တယ်၊  မိခင် ဖြစ်သူကို အကုန်လုံးက ချစ်ကြပါတယ်၊ ဘာသာရေး,သာရေးနာရေးဝေယျာဝစ္စ ကုသိုလ်ရေးကိစ္စတွေမှာ အားကိုးရတဲ့သူတစ်ယောက်မို့လို့ပါပဲ၊မိခင်ဖြစ်သူမှာဇာထိုး စက်ချုပ်လက်မှုပညာမှာတင်မက ရှမ်းစာပေကိုလဲ  ထူးချွန်တတ်မြောက်ခဲ့သူ တစ်ယောက်ပါ၊ အမှန်တကယ်ပြောရရင်     ဟိုခေတ်ဟိုအခါတုံးကကျေးလက်တောရွာဘက်မှာ နေထိုင်ကြရတဲ့ အမျိုးသမီးတွေစာမတတ် ကြတာကပဲများလှပါတယ်၊ ဒီထဲမှာရှားရှားပါးပါး ရှမ်းစာတတ် ကြတာ  လက်ချိုးရေတွက်လို့ ရနိုင် ပါတယ်၊ အဖေရဲ့ညီမ သုံးယောက်, အဖေရဲ့အဒေါ်နှစ်ယောက် , အဖေရဲ့မိခင် ကြီး   ပြီးတော့ မိမိရဲ့မိခင်ဖြစ်သူ အပါအဝင် ဒီ ၇ ယောက်မျှလောက်သာ ရှမ်းစာကို တတ်မြောက် ကြပါတယ်၊မြန်မာစာသင်ကျောင်းရယ်လို့ လုံးဝမရှိသေးတဲ့အချိန်ခါကာလသမယမို့လို့ပါပဲ၊ အဲဒီလို အများတကာတွေ လေးစားအားကိုးရတဲ့သူတစ်ယောက်    ဆုံးရှုံးသွားရတာကို တရွာလုံးက နှမျော တမ်းတ လွမ်းဆွတ်သတိရကြ လို့   ငို ကြရတာပဲ ဖြစ်ပါတယ်။

ပြည်တွင်းစစ်ဒုက္ခ ကိုယ်တိုင်တွေ့ကြုံရ

မိမိတို့နေထိုင်ရတဲ့ ဒေသမှာ တပ်မတော်နဲ့ ရှမ်း SSA တို့ မကြာခဏ ဆိုသလို တိုက်ပွဲတွေ ဖြစ်ခဲ့ ကြပါတယ်၊ လူထု တို့ခမျာမှ လူထု ဆိုတဲ့အတို င်းပါပဲ နှစ်ဖက်သော လက်နက်ကိုင်အ ဖွဲ့ တွေရဲ့ အထုအကြိတ်ကို ခံခဲ့ကြရ ပါတယ်၊ ဟိုတုံးက အခေါ် သူပုန်တွေကလဲ ဆက်ကြေးတောင်း၊ စစ်သားေ ကာက်၊ တပ်မတော်တို့ ရွာရောက်လာတဲ့အခါ မှာ မရှောင်ေ ပြေးအားလို့ တပ် မတော်တွေရဲ့ အမေးအ မြန်းကိုခံ ခဲ့ရသူကို တပ်မတော်ကို သတင်းပေးသူ တပ်မတော်ရဲ့သူလျှို တွေလို့ဆိုပြီး ခေါင်း ဖြတ် သတ်ပစ်လိုက် တာလဲမနည်း ပါဘူး၊ တကြိမ်သောအခါမှာတော့ ရွာမှာရှိတဲ့ အသက် ၆၀-၇၀ ကျော် ခန့် ရှိပြ ပီးဖြစ်တဲ့ အဘိုးကြီးပေါင်း ၄-၅ ဆယ်ခန့်ကို ဇရပ် ထဲမှာ ထိုင်ခိုင်းပြီး မင်း တို့က တပ်မတော်တွေကိုပဲ အရေးပေးတယ် ၊ ဒို့များကိုတော့ ဂရုသိပ်မစိုက် ချင်ကြဘူးလို့ကြိမ်းမောင်းပြီး အဘိုးကြီးတွေကို ကြိမ် ဒုတ်နဲ့ ရိုက်နေတာ ကို ကိုယ်တိုင်တွေ့ မြင်ခဲ့ရပါတယ်၊ အသဲ ယားလိုက်ရတဲ့ ဖြစ် ခြင်းပါပဲ၊ နော က်ကျတော့ ကျောက်မဲမြို့မှာ အစည်းအဝေး သွားပြီး ပြန်ရောက်လာတဲ့ တို က်သူကြီး ရှေးအခေါ် နယ်ပိုင်ကြီးကို သူ့ရဲ အိမ်ရှေ့ မှာတင် ဓါးနဲ့ ခေါင်း ဖြ တ် သတ်ပစ်လိုက်တယ်၊ နောက်နေ့ကျတော့ ရွာသူကြီး ဖြစ်တဲ့ မိမိရဲ့ ဖခင် ထံ စာနီတစ်စောင် ရောက်လာတယ်၊ မင်း လဲသတိထားပါ၊ အသက်တို လိမ့် မယ် တဲ့၊ ဖခင် ဖြစ်သူက သေဘေးကနေ လွတ်ေ မြာက်အောင် မနက်မိုးမလ င်းတလင်း အချိန်လောက်မှာ အိမ်ကနေ ထွက် ပြေးခဲ့ပြီး မန္တလေးမြို့မှာ ဘု န်းကြီးသွားဝတ်လိုက်ရပါတော့တယ်၊ သိပ်မကြာခင် ရက်ပိုင်းလောက်မှာပဲ

Monday, December 16, 2019

ညသန်းခေါင်ချိန်လောက်မှာ  စစ်သားတွေ အိမ်ကို လာဝိုင်းပြီး တံခါးကို ဖွင့်
ခိုင်းပါတော့တယ်၊  မိမိတို့က   ကြောက်ဒူးတုန်ပြီး အိမ်ထဲမှာပဲ နေခဲ့ရပါတော့
တယ်၊ တံခါးကိုတော့ မဖွင့်ပေးရဲကြပါ၊ အဲဒါနဲ့ သူတို့က ဖ နောက်နဲ့    အချီ
ချီကန်  ဒုတ်သံ တစ်ခုခုနဲ့ အ ကြိမ် ကြိမ်ထုလို့ နောက်ဆုံးမှာတော့  တံခါး
ကြီးကပွင့်သွားပါတော့တယ်၊   မင်းတို့ အဖေက  ဘယ်မှာလဲ၊ ခေါ်ခဲ့ပါလို့ ပြော
ဆိုလာပါတယ်၊ အဖေ က  မန္တလေးမြို့ မှာ သင်္ကန်းသွားဝတ်နေတယ်လို့ပဲ
အမှန်အတိုင်း ပြော ပြလိုက်ရပါတယ်၊ ဒါ ဖြင့် ရင်    သားကြီး ဖြစ်သူကို ခေါ်
သွားရမယ်တဲ့၊ အမေ ဖြစ်သူက  မျက်ရည်စိုစွဲနဲ့ သူတို့ကို ဦးချ တောင်းပန်ပြ
ီး  သား ဖြစ်သူ ကို ခေါ်မသွားဖို့နဲ  အိမ်မှာ ရှိတာ  လိုချင်တာကို ယူသွားပါ
လို့ ခခယယ တောင်းတောင်းပန်ပန် နဲ့ ဘုရား ရှိခိုးသလို   ရှိခိုးတောင်းပန်
တော့မှ  ထွက်သွားကြပါတော့တယ်၊

မိသားစုတိုင်းမှာ  လစဉ်နဲ့အမျှ  ဆက်ကြေးပေးဆောင် ကြရပါတယ်၊
စစ်သားကောက်လို့ မလိုက်နိုင်ဘူးဆိုင်  တစ်ယောက်ကို ကျပ်တစ်သောင်း
ပေးရပါတယ်၊ တစ်ခါတစ်လေမှာ  ရပ်ရွာကပဲ  စုပေါင်းပြီး ကိုယ်စားပေးခဲ့ရပါ
တယ်၊  တစ်ချို့ များ မှာ ငွေ မရှိလို့  အိမ်မိုးသွတ် ပြားကို ခွါပြီးရောင်းချရပါ
တယ်၊  သတ်မှတ်ထားတဲ့ ရက်မှာ ပေးနိုင်အောင်  မရှိမဲ့ ရှိမဲ့ စုဆောင်းထားတဲ့
ရွှေတွေကို ရောင်းချရတဲ့သူတွေလဲ ရှိပါတယ်၊ မလွဲသာလို့ စစ်သားအကော
က်ခံ ပါသွားရရှာတဲ့သူတွေကို  ဝန်ခံချက်ကတိ ပြုလုပ်ကြရပါတယ်၊ တပ်
က ပြေးခဲ့ရင်  မိသားစု အကုန်လုံး အသတ်ခံထိမယ်ပေါ့၊ ပြင်း လိုက်တဲ့ ရာဇ
ဒဏ် ကြီးပါပဲ၊ မိဘများ အန္တရာယ်ကင်းအောင် စစ်သားအကောက်ခံကြရတဲ့

သူများမှာ အောင့်အီး သည်းခံ ပေတေပြီး နေရ ခြင်းမှတပါး တ ခြားရွေး စရာ နည်းလမ်းမရှိတော့ပါ၊ဒါကလိုရင်း မှု ပြော ပြလိုက်ရ ခြင်းပါ၊ တချိန် တုံးကဆိုရင် ရှမ် းSSA ခေါင်းဆောင် ပုဂ္ဂိုလ် တစ်ဦး ဖြစ်တဲ့ စိုင်းလှအောင် ဆိုတာရှိပါတယ်၊ ဆံပင် အ ရှည် ကြီးနဲ့ပါပဲ၊ လွတ်လပ်ရေး မရသမျှ ဆံပင်မ ဖြတ်တမ်း သန္နိဋ္ဌာန် ချထားခဲ့ တဲ့ သူပါ၊ဒါပေမဲ့ နောက်ဆုံးမှာတော့ အချင်းချ င်း ဖြုတ် ထုတ် သတ်ထဲမှာ ပါသွားရရှာပါတယ်၊ သူမသေခင် ရွာကို ရောက် လာစဥ်တုံးက ကိုယ်တွေ့ မျက် မြင်ကို ပြော လိုက်ရအုံးမယ်၊ ရွာထဲ မရော က်ခင် ဟို- အဝေးကြီး ကနေပြီးတော့ လူအုပ် ကြီး နဲ့ သွားရောက် ကြိုဆိုေ ပးကြပါတယ်၊ သူက မြင်းပေါ်မှာ စီး လိုက်လာပြီး ရှင်လောင်း လှည့်သလို ရွှေ ထီး နှစ်လက်နဲ့ မိုးပြီးကြို ဆိုလာကြရပါတယ်၊ ရွာလယ် ဘုန်းကြီးကျော င်း ဝင်းအထိ မြင်းစီးဝင်လာတာကို မြင်လိုက်ရသူမိမိအဖို့မှာတော့ အံ့သြ ခြ င်းကြီးစွာ ဖြစ်ခဲ့ရသလို ကြက်သီးတောင် ထမိခဲ့ပါတယ်၊ အဲဒီလောက် ရာ ထူးကြီး ရှိခဲ့သူတစ် ယောက် ဒီလောက်ထိတော့ မ ဖြစ်သင့်ဘူးလို့ ခလေးေ တွးနဲ့ တွေးမိခဲ့ပါတယ်၊ ပြီးတော့ ဘုန်းကြီးကျောင်း အပေါ်ထပ် မှာ ထိပ်ဆုံး ကနေထိုင်ပြီး ရပ်ရွာ ရှိ သက် ကြီး ရွယ်အိုတွေရဲ့ အရိုအသေပေးမှုကို ခံ ယူ ပြ ပန်တယ်၊ ရယ်ဖွယ်ရာကောင်းလှတဲ့ အဖြစ်သနစ် တစ်ခုပါပေပဲ၊

ကျေးလက်ဒေသမှာ နေထိုင် ကြတဲ့ သူတွေမှာ အလွန်ပဲရိုးသားကြပါ တယ်၊စော်ဘွား ခေတ် တုံးကဆို ရင်လဲ သက်ဆိုင်ရာ လူကြီး များကို သိပ်ပြီး လေးစားရိုသေကြရပါတယ်၊ မိမိငယ် စဥ် ကျောင်းသားလေးဘဝက နမ့်ဆ န်မြို့က စော်ဘွားရဲ့သားတော် ရွာ ကို ရောက်ရှိလာခဲ့ပါတယ်၊ ရပ်ရွာ လူထု

များကရော မိမိတို့ ခလေးငယ်တွေကပါ လက်အုပ်ချီ ဒူးတုပ်ထိုင် ခေါင်း ငုံ့ပြီးနေကြရပါတယ်၊ ကုလားထိုင်မှာ ထိုင်နေတဲ့" စော်ကဲမိုင်း " လို့ခေါ်တဲ့ စော်ဘွားရဲ့သားတော်ကို မော်မကြည့်ရ လို့ အမိန့် ထုတ်ထားပါတယ်၊ အချိန်တန်တဲ့အခါ ကျမှ အပါးတော်မြဲ ပုဂ္ဂိုလ်က အခု ဖူးလို့ရပြီ ၊ ဖူးစေသတည်း လို့ ခွင့် ပြု ပြောဆိုတော့မှပဲ အားလုံးက ခေါင်းမော့ ပြီး ကြည့်ခွင့်ရ ရှိကြပါတော့တယ်၊ ဇာတ် အငြိမ့်ထဲ က ရှင်ဘုရင် ကြီးကို ခစားနေကြရတဲ့ မှူး ကြီး မတ်ရာ သေနာပတိ တွေနဲ့ တထေရာတည်းပါပဲ၊ သူ့ခေတ် သူ့အခါနဲ့သူပါပဲလေ၊ အသက်တစ်ရာကသာ မနေရရင် ရှိမယ် ဖြစ်ပျက်မျိုးစုံ ပြဿနာ ပေါင်း အဖုံဖုံကိုတော့ ကြုံတွေ့ရတတ်မြဲဟာ လောကဓမ္မတာ ကြီး တစ်ခုပဲ မဟုတ်ပါလား၊

မိမိတို့ရဲ့ ရပ်ရွာ လူထုကို သူပုန်တွေက ထုကြပုံကို ပြော ပြပြီးတဲ့နောက်မှာ တပ်မတော်ဖက်ကနေ ရပ်ရွာလူထုကို ထု လိုက်ပုံအကြောင်း အနည်းငယ်မျှ ပြော ပြလိုပါသေးတယ်၊ ဒါမှ သရေပွဲ Fair ဖြစ်တော့မှာပေါ့၊ တပ်မတော်တွေ ရွာကို ရောက်လာတဲ့အခါမှာ ယောကျ်ားတွေ အားလုံး တောတောင် ရှိုမြောင် ရှိရာ မှာ သွားရောက်ပြီး ပုန်းအောင်းနေကြရပါတယ်၊ တပ်မတော်ကို ကြောက်တာ ပြောဆို ခြင်းထက် သူပုန်တွေ သတ်မှာကို ကြောက်လို့ ပုန်းအောင်းနေရ ခြင်းကပိုပါတယ်၊ တပ်မတော်နဲ့ တွေ့သူကို သတင်းပေးသူအ ဖြစ် စွပ်စွဲပြီး သတ်ပစ်နေတတ်လို့ပါပဲ၊

ယောကျ်ားတွေ မရှိတဲ့အခါကျတော့ တပ်မတော်သားတွေက မိန်းမတွေကိုခေါ်ပြီး ပေါ်တာဆွဲ စစ်ပစ္စည်းတွေ ထမ်းခိုင်းပါတော့တယ်၊ တ

ချို့ကများ ဆိုရင်  ခလေးငယ်ကို ကျောပိုးရင်းနဲ့ စစ်ပစ္စည်းထမ်းရတာလဲရှိပါတယ်၊   စစ်သားတစ်ယောက် ပစ္စည်းထမ်းသူတစ်ယောက်ကြားညှပ်ပြီး လူဒိုင်ကာအ ဖြစ် တစ်ရွာနဲ့တစ်ရွာ ခရီးရှည် ကြီးကို  သွားခဲ့ကြရပါတယ်၊  ချို ခိုတိုက်ပွဲ  အန္တရာယ် ကာကွယ်ဖို့အတွက် ပြုလုပ်ရ ခြင်းပဲ ဖြစ်ပါတယ်ဆိုတာ သဘောပေါက်မိပါတယ်၊မြို့ကြီး ပြကြီးမှာ  နေထိုင်ကြရတဲ့သူတွေအဖို့  မသိမမြင်နိုင်ကြတဲ့  ပြည်တွင်းစစ်ရဲ့ ဒဏ်ချက်တွေပါပဲ၊

ဒီနေရာမှာ မိမိရဲ့ကိုယ်တွေ့ ကို ဖေါက်သည်ချ ပြော ပြချင်ပါသေးတယ်၊ ရွာ ကို တပ်မတော် တွေ  ရောက်လာခဲ့လို့  ထုံးစံအတိုင်း ယောကျ်ားတွေ တစ်ယောက်မှ မရှိတော့ပါ၊ မိမိမှာ ကျောင်းထိုင်ဆရာတော်ရဲ့ အကူအညီနဲ့ ဘုရားဆင်းတုတော် ကြီးရဲ့  ပလ္လင်အောက်  သေတ္တာ ပုံးကြီး ထဲမှာ တစ်နေ့လုံး ပုန်းအောင်းပြီးတော့နေခဲ့ရပါတယ်၊ သေကံမရောက်သေးလို့   ဘုရားမ,ပေလို့ပဲ  အဲဒီသေတ္တာထဲမှာ အသက် ရှူရပ်ပြီး  မသေခဲ့ရတာပါပဲ၊

တစ်ခါကများဆိုရင်   တပ်မတော်သားတွေက ရွာသားကြီး   ဦး ဆုဒဝါ ခေါ် ဦးပေါ်ဟန် ဆိုတဲ့    သူတော်ကောင်းကြီးတစ်ယောက်ကို သံသယစိတ်နဲ့ ပစ်သတ်လိုက်ရပုံ ရပါတယ်၊ ဇနီး ဖြစ်သူနဲ့ သားငယ်  သမီးငယ်များက ရင်ထုမနာ တနေ့ လုံး အော်ဟစ်ငို ကြွေး  လိုက်ကြတာ  တရွာ လုံးက ကြားနေရတော့  ရွာက အမျိုးသမီးတွေ တော်တော်များများကလဲ လိုက်ပြီး   ငိုလိုက်ကြတယ်၊  အဲဒီ အချိန်မှာ   မိမိက ကိုရင်ဝတ်တဲ့ နှစ်ပဲ  ဆိုပါတော့၊   နောက်တစ်နေ့ကျတော့ ရေဒီယိုအသံလွှင့်ဌာန   ရှမ်းဘာသာ အစီအစဉ်က နေ ပြီးတော့  အသံလွှင့်နေတာက  ရှမ်းသောင်းကျန်းသူ သူပုန်စစ်ဗိုလ် တစ်ယောက်

ကို ခွန်ဟောက်တောင်ရွာမှာ အသေမိလိုက်တယ်လို့ ကြေငြာခဲ့ပါတယ်၊ ကြား ရတာ အတော့်ကို အသဲယားစရာ ကောင်းလှပါတော့တယ်၊ စင်စစ်မှာတော့ ဥပဒေတွေဆိုတာ စာအုပ်ထဲမှာသာ ရှိနေကြတာပါ၊ မဖွံ့ဖြိုးသေးတဲ့ ကျေးလ က်ဒေသတွေမှာ နေထိုင်ကြရတဲ့ရိုးသားလှတဲ့ သူတွေအဖို့ သိပ်ပြီးသနားဖို့ ေ ကာင်းလှပါတယ်၊ တရားဥပဒေ စိုးမိုးရေး ဆိုတာ မရှိ ရေးချမရှိ ဖြစ်နေရ ပါတော့တယ်၊

တစ်ခါက ရွာနားမှာ တိုက်ပွဲ ဖြစ် ကြတယ်၊ သေသူတော့ မရှိခဲ့ြ ကပါဘူး၊ နောက်တစ်ရက်ကျတော့ တပ်မတော်တို့ကနေပြီးတော့ ယော က်ျားမှန်သမျှ ဘုန်းကြီးကျောင်းဇရပ်မှာ လာကြဖို့ တစ်ချက်လွှတ် အမိန့် ထုတ် ပြန်ပါတော့တယ်၊ ပြီးတော့ ရောက်မလာတဲ့ သူကို အိမ်မီး ရှို့ပစ် လိုက်မယ်လို့ ချိန်းချောက်ခဲ့ပါတယ်၊ ရပ်ရွာမှာ ရှိနေကြတဲ့ ယောကျ်ားများက ကြောက် ကြောက်နဲ့ ဘုန်းကြီး ကျောင်းကို သွားရောက်ခဲ့ကြပါတယ်၊ ဇရပ်မှ ၁ တစ်နေ့လုံး အပိတ်ခံပြီး ညနေပိုင်းလောက်ကျမှ လူသူမ မြင်ရတဲ့ စေ တီနောက်နားမှာ တစ်ယောက်ချင်း ခေါ်သွားပြီး ထိုင်ခိုင်းလိုက်ပါတယ်၊ ရွာ မှာ သူပုန်တွေလာတာ တွေ့ခဲ့ရသလားလို့ မေးပါတယ်၊ ဟုတ်ကဲ့၊တွေ့ပါတ ယ်လို့ ဖြေတဲ့သူကို တွေ့ရင် ဘာ့ကြောင့် လာမတိုင်သလဲလို့ ဆိုပြီး ဒုတ် ကြီး နဲ့ ကျော ကုန်းကို ၂-၃ရိုက် ခြေထောက်နဲ့ကန်ပြီး သွားခိုင်းလိုက်တယ်၊ ပြီး မှ နောက်တစ်ယောက်ခေါ် ပြန်တယ်၊ နဂိုအတိုင်းပဲ စစ်မေးခဲ့ပါတယ်၊ သူပု န်တွေ့သလားပေါ့၊ များသောအား ဖြင့်က " မဟု မဟုန် ခ" လို့ ရှမ်း

ဘာသာစကားနဲ့ ဖြေကြပါတယ်၊ "မသိ မ မြင်ရပါ ခင်များ "လို အစိပ္ပါယ်ရပါ တယ်၊

ဘယ်လိုပဲ ေ ဖြ ဖြေ အ ရိုက်ကတော့ ခံကြရတာချည်းပါပဲ ၊ ဘာမှ မ ေ ဖြလဲ အမှတ်ချင်းတူ အရိုက်ခံ ထိတာချည်းပါပဲ၊ မိမိ ရဲ့ ဖခင် ကြီးက ရွာ သူကြီး ဆိုတော့ သူများထက် ပိုပြီးတော့ အထုအရိုက် ခံခဲ့ရပါတယ်၊ ညသန်းခေါင် လောက်မှ ချောင်းတဆိုးဆိုးနဲ့ အိမ်ကို ရောက်လာ နိုင်ပါတော့တယ်၊ တစ်ေ နှလုံး အစာငတ်ခဲ့ကြပါတယ်၊ အိမ်တံခါးကိုလဲ ဖွင့်လိုက်ပါရော၊ ဖခင် ဖြစ်သူ ခမျာ လေးဖက်ထောက်ပြီး သူထိုင်နေကျနေရာရောက်အောင် တ ဖြည်း ဖြ ည်းနဲ့ တွားသွားပြီး ရှေ့ပေးနေရရှာပါတယ်၊ အဖေ့ ဘာ ဖြစ်ခဲ့တာလဲလို့ မေး ကြည့်တော့ ငါ့ကို ခွေးကောင်တွေ ကိုက်လို့တဲ့၊ အဖေရဲ့ ကျောကုန်းကို ဝိုင်း ကြည့်လိုက်တဲ့အခါမှာတော့ တစ် ပြင်လုံးညို မည်းပြီး သွေးတွေနဲ့ အလိမ်း လိမ်း ဖြစ်နေတာကို ဝမ်းနည်း ခြင်းကြီးစွာနဲ့ပဲ ကြည့်ပြီး မျိုသိပ်ခဲ့ရပါတော့ တယ်၊ မိခင် ဖြစ်သူ က အပူတ ပြင်းနဲ့ ခြံထဲမှာ ရှိတဲ့ ဒဏ်ကြေ ဆေးရွက် ကို သွားရောက်ခူးယူ ထုထောင်းပြီး သိပ်ပေးခဲ့ရပါတယ်၊ ဖခင်ရဲ့ အ ဖြစ်ကို ကြည့်ပြီး မိမိရဲ့ စိတ်ထဲမှာ ခံ ပြင်းလွန်းလှလို့ သား ရှမ်းသူပုန်ထဲ ဝင်လိုက် မယ်လို့ ပြောမိလိုက်ပါတယ်၊ အဖေက မဝင်ရဘူးလို့ တစ်ခွန်းပဲပြန် ပြောလို က်ပါတယ်၊ သူပုန်ထဲမှာ လူငယ်တွေ ဝင်ရောက်ကြတာ ဒီလိုဟာမျိုးတွေ ေ ကာင့် လဲ ရှိနိုင်ပေမှာပဲလို့ အောက်မေ့ရပါတယ်၊

တစ်ခါမှာတော့ ရွာဖက်ကို စစ်ဆင်ရေး လာကြတယ်၊ တစ်ပတ်ေ လာက် ကြာသွားပုံ ရပါတယ်၊ ရွာကနေ ပြန်ထွက်သွား ခါနီး တန်းစီပြီးတော့

နေကြတဲ့ အချိန်မှာ   ဗိုလ်မှူးကြီး ဖြစ်သူက  ဒို့ ဒီမှာ ရှိနေတဲ့ ကာလအတောအ
တွင်း   ပြည်သူတွေကို မတရား ပြုလုပ်ထားတာ ရှိရင် တိုင်နိုင်ပါတယ်လို့ ပြေ
ာလာပါတယ်၊ အဲဒီမှာ  အဘိုးကြီးတစ်ယောက်က ထပြီး ပြောဖို့  ဟန်တ ပြ
င်ပြင်လုပ်နေပါတယ်၊ ဘေးကလူတွေက  ဘာမှပြောမနေပါနဲ့တော့  ဒီကော
င်တွေ  ရွာကနေ  မြန်မြန် ထွက်သွားတာကပဲ ကောင်းပါတယ်လို့ ဝိုင်းပြီးတားပြ
မစ် ဖြောင်းဖြ ပေးကြပါတယ်၊ ဒါပေမဲ့ အဲဒီကာယကံရှင် ခံခဲ့ရတဲ့ အဘိုးကြီး
က မနေသာနိုင်ဘဲ  ထမတ်တတ်ရပ်ပြီး        သူစုဆောင်းထားတဲ့  ရွှေနဲ့ ငွေ ဒ
င်္ဂါးတွေ ကို  စစ်သားတစ်ယောက်က ယူပါတယ်လို့လဲ  ပြောလာပါလေရော၊
ဘယ်သူလဲ  ဆိုတာ မှတ်မိရဲ့လားလို့မေး တော့  မှတ်မိကြောင်းပြောပါတယ်၊
ဒါ ဖြင့်ရင် ဘယ်သူလဲ ပြစမ်းလို့ ပြောလာတဲ့အခါကျတော့      ဒီ လူပါပဲ ဆိုပြ
ီးတော့  ရာထူးရှိတဲ့ သူတစ်ယောက်ကို ထောက် ပြခဲ့ပါတယ်၊ ဒါ ဖြင့်  မင်းရဲ့
အိမ် လိုက်ပြပါဆိုပြီး  ခေါ်သွားပါတော့တယ်၊ သူ့အိမ်ရောက်တော့  သူ့ကို ဝို
င်းရိုက်ကြပြီး အိမ်အောက်ထပ်မှာ  ဖျာနဲ့အုပ်ပြီး တက်နင်းကြလို့ သေသွားရှာ
ပါတယ်၊   အဲဒီလို မခံ ချင်နိုင် စရာ ကောင်းတဲ့  ဥပဒေမဲ့ ညှဥ်းဆဲ နှိပ်စက် မှု
မျိုးကို  ရပ်သူရွာသားတွေက သီပေါမြို့ မှာ ရှိတဲ့  ပါတီ,   ကောင်စီ ဥက္ကဋ္ဌ ေ
တွဆီကို သွားရောက်ပြီး တိုင်ကြားခဲ့ကြပါတယ်၊ဒါပေမဲ့လို့  ဘာမှတော့အရာ
မထင်ခဲ့ပါဘူး၊ နောက်ကို မဖြစ်စေရတော့ပါဘူးလို့ပဲ  နှစ်သိမ့်စကား သာ ရရှိ
ခဲ့ကြပါတယ်၊    ပြည်တွင်းစစ်ရဲ့  အနိဋ္ဌာ ရုံတွေ ကို   တောလက်ကျေးရွာနေ ပြ
ည်သူတွေ မြေဇာပင်  ဖြစ်ခံခဲ့ရတဲ့ အကြောင်း တစ်စေ့တစ်စောင်း တင်ပြ
လိုက်ရခြင်းပဲ ဖြစ်ပါတယ်၊ မြန်မာ ပြည်သူ/သားနဲ့     ကမ္ဘာသူ/သား အပေါင်း

တို့ စစ်ဘေးဒဏ်မှ ကင်းဝေးနိုင်ကြပါစေ၊ တိုင်း ပြည်အုပ်ချုပ် မင်းလုပ်နေ ကြသူများ မှာလဲ တိုင်းသူ ပြည်သားတွေအပေါ်မှာ မိဘသဖွယ် မေတ္တာ တရား ကရုဏာတရား ထားပေးနိုင်ကြပါစေလို့ အထူး ဆုမွန်တောင်းလိုက် ပါရစေ၊ မိမိငယ်စဥ်ဘဝက ကိုယ်တွေ့ တွေ့ မြင် ခံစားခဲ့ရပုံကို စကားစပ်မိ လို့ အဖြစ်မှန်ကို ရေး ပြလိုက်ရ ခြင်းမျှသာပါ၊ တခြား ဘာရည်ရွယ် ချက်မှ မရှိဘူးဆိုတာ သစ္စာစကားပါပဲ၊ မြို့ကြီး ပြကြီးမှာ နေထိုင်ကြရတဲ့ သူတွေ အဖို့ မသိ နိုင် မ မြင်နိုင် မခံစားရနိုင်တဲ့ ဖြစ်ရပ် ပြဇာတ် တစ်ခုပါပေပဲ။

## ကိုရင်များစွာ ဤ နှစ်မှာ

ဒီနှစ် ဝါဆိုကာလ အခါသမယမှာ မှတ်မှတ်ရရ ရှင်သာဏေပေါင်း ၁၇ ပါးခန့် ရှိပါတယ်၊ ဒီထဲ မှာမိမိက တတိယ အသက် အကြီးဆုံး ကိုရင် ကြီး ပဲ ဖြစ်ပါတယ်၊မိမိရဲ့အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက်လဲ မိမိနဲ့အတူပါဝ င်ပြီးကိုယ်ရင်ဝတ်ခဲ့ပါတယ်၊ သာသနာ့ဘောင်မှာ ဝင်ရောက်ကြရတာ အားလုံးက သိပ်ပြီး ပျော်ကြရပါတယ်၊ နေ့စဥ်နဲ့အမျှ ဘုရားစာတွေလဲကျက် မှတ်ရပါတယ်၊ပုတီးစိပ်ချိန်မှာ ပုတီးစိပ်ကြရပါတယ်၊ ဘုရားရှိခိုးချိန် ပရိတ် ရွတ်ချိန် မှာ စုပေါင်းပြီး ပြုလုပ်ကြပါတယ်၊ ဝါတွင်း သုံးလမှာတော့ ရပ်ရွာ ထဲမှာ တန်းဆွမ်းခံကြရပါတယ်၊ကုသိုလ်တွေနေ့တိုင်းရ လို့ ပဲပေါ့၊ ဒါပေမဲ့လို့ တရားကို ရှုမှတ်ကြတာကတော့မရှိကြပါဘူး၊ ဘယ်သူမှ သိကျွမ်းနားလည် တဲ့သူ ညွှန်ကြား ပြသပေးမဲ့သူ မရှိလို့ပါပဲ၊

မိမိရဲ့ မူရင်းရည်ရွယ်ချက်အတိုင်း တောင်သုံးလုံးတောင်ရှိ အဘေးဖြစ်သူ တည် ဆောက် လှူ ဒါန်းထားတဲ့စေတီ တော် ကြီးမှာ သွားရောက်ပြီး ပုတီးစိပ်နေမယ်ဆိုတဲ့ ရည်ရွယ်ချက်စိတ်ကူးကလဲ မအောင် မြင်ခဲ့ပါဘူး၊ ကံစည်တိုင်းလဲ ဖြစ်မလာ အနတ္တပါပဲလား၊ ဒီလိုနဲ့ပဲ တစ်ရက်တစ်ရက် နေလာရင်း လပေါင်းများစွာကျော်လွန်လာရတာ တနှစ်နဲ့သုံးလ ထိ ရောက်ရှိလို့လာနေပါပြီ၊ ကိုရင်ဘဝနဲ့နှစ်ဝါခန့် ရရှိသွားပါပြီ၊ ဒုတိယဝါလဲ ကျွတ်ကေရာ ကိုရင်များအားလုံး တစ်ပါးပြီးတစ်ပါး လူဝတ်လဲသွားကြတာ ကုန်သလောက် ဖြစ်သွားရပါတော့တယ်၊ တစ်ချို့က မန္တလေးမြို့ မှာ အတန်းကျောင်း သွားတက်ကြတယ်၊ သူ့အဆက်အသွယ်နဲ့သူပေါ့လေ၊ တစ်ချို့မှာကျတော့ သီပေါ နဲ့ ကျောက်မဲမြို့မှာ သွားရောက်ပြီး အတန်းပညာ သွားရောက်ဆည်းပူးသင်ယူကြပါတယ်၊ တစ်ချို့မှာကျတော့ မိဘများကို ဝိုင်းကူပြီး အလုပ်လုပ်ကြပါတယ်၊ ဒါ မျိုးက တောရဲ့ သဘာဝ ဖြစ်လေ့ ဖြစ်ထရှိတတ်တဲ့ ကိစ္စတစ်ခုပါပေပဲ၊ တစ်ယောက်ယောက်က ကိုရင်ဝတ်ပြီဟေ့ ဆိုရင် သူလဲဝတ်ချင် ကိုယ်လဲဝတ်ချင် အတုလိုက်ပြီးတော့ ဝတ်တတ်ကြပါတယ်၊ ထိုနည်းတူစွာပါပဲ တစ်ပါးပါးက လူထွက် လူဝတ်လဲသွားရင် ကျန်တဲ့သူတွေကလဲ လိုက်ပြီး လူဝတ်လဲ သွားကြတတ်ပါတယ်၊ ဒါက ကျေးလက်တောရွာမှာ နေထိုင်ကြရသူတွေရဲ့ သဘာဝမို့ အဆန်းကြီးတော့လဲ မဟုတ်တော့ပါဘူး၊ ရှိးရာဓလေ့ ထုံးစံအရာသာ ကိုရင် ရဟန်း ဝတ်ကြတာကပဲ များပါတယ်၊ မိမိတို့တတွေ ကံဆိုးတာက ကျောင်းထိုင်ပဂ္ဂိုလ် ဖြစ်သူကမိမိတို့ ကိုရင်တတွေကို ဘာပညာမှ မပေးနိုင်တာပဲ ဖြစ်ပါတယ်၊ ဘာဖြစ်လိုလဲဆိုတော့ အရင်ဆ

ရာတော် ကြီး ပျံလွန်တော်မူသွားတဲ့အခါမှာ အခုကျောင်းထိုင်တဲ့ပုဂ္ဂိုလ်ကနှစ်ဝါမျှသာ ရပါသေးတယ်၊ ဘုန်းကြီးစာရော အတန်းစာပါ သင်ယူတတ်မြောက်ထား ခြင်း မရှိခဲ့ပါ၊ မန္တလေး မြို့ မှာ ပန်းချီ ပန်းပု ပညာ သွားသင်နေတုန်း ဆရာတော် ကြီး ပျံလွန်တော်မူ လို့ ရပ်ရွာ ကို ပြန်လာပြီး ကျောင်းထိုင်ဘုန်း ကြီးလုပ်နေရလို့ပါပဲ။

## ကျောင်းထိုင်ဆရာ ပြုသင့်ရာ

ကျေးလက်တောရွာကျောင်း မှာ ကိုရင်ပေါင်း ၁၇ ပါး ထိ ရှိဖို့ဆိုတာ အင်မတန်မှ ခဲယဥ်းလှတဲ့ကိစ္စပါ၊မိမိကိုယ်တိုင် တရားဓမ္မ မသင် ကြားပေးနိုင်ဘူး ဆိုလို့ရှိရင် သင့်တော်တဲ့ မြို့ကျောင်း တစ်နေရာရာမှာ ပညာ သင်ကြားနိုင် ဖို့ သွားရောက်အပ် နှံ ပေးသင့်ပါတယ်၊ အခု ကြည့်စမ်း၊ ၂ ဝါခန့်မျှ ကိုရင်ဝတ်ပြီး လူထွက်ကုန် ကြတာ သိပ်ပြီး နှမြောစရာ ကောင်းလွန်းလှပါတယ်၊ သာသနာ့ ဥယျာဥ်မှူး အ မြင်မ ကျယ်မှု ကြောင့် သာသနာ့ ဥယျာဥ်ပန်းပင်တွေ ပွင့်လန်းမှုမရ ညှိုးနွမ်း ခြောက်သွေ့ လို့ နေ ကြရပါတော့တယ်၊ သာသနာ တော်အတွက် ကြီးစွာသော ဆုံး ရှုံးမှုကြီး တစ်ခုပါပေပဲ၊ ၂ ဝါခန့်မျှ အတူနေကြရတဲ့ ညီတော်နောင်တော်တွေ ဝါလလဲကျွတ်ကရော ကို

ယ့်လမ်း ကိုယ်ရွေး ဘိုကေတွေ  ဖြစ်ကုန်ကြပါပြီ၊ ရေကြည်ရာ  မြက် နု ဆို သလို  ဘဝအကျိုးပေး အတိုင်း ကိုယ့်လမ်း ကိုယ့်စခန်း လျှောက်လှမ်း လို့ သွားကြကုန်ပါ ပြီ၊ ခဏ တာမျှ ကြုံတွေ့  အတူနေခွင့် ရရှိခဲ့ကြပြီး နောက်ဆုံး မှာတော့ ခွဲခွါ သွားကြရပါတော့တယ်၊  ခုဆိုရင် မိမိတစ်ပါးတည်းသာ ကျန်ရှိ ပါတော့တယ်၊ ဘုရားရှိခိုးဖော်တောင် မရှိတော့ပြီ၊ နေရထိုင်ရတာ ဟာတာ တာကြီးတော့ ဖြစ်နေ ပြီ၊ မိမိရဲ့ ဘဝ ရှေ့ရေး အတွက် စဥ်းစားချက်တွေ  ဝင် လာလို့နေပါပြီ၊ ဒီတိုင်းဆက်ပြီး နေသွားလို့ကတော့  ဘယ်လိုနည်းနဲ့မှ မဖြစ်နို င်တော့ဘူးလို့ ခံစားမိရပါတော့တယ်၊  မိမိ ဖြစ်ချင်တဲ့အတိုင်း ကလဲ  လုံးဝ အခ ခြေအနေမပေး   ဘဝတက်လမ်းရှိဖို့ ဆိုတာကလဲ  ဝေးလာဝေး   လုံးဝလ မ်းစမ မြင် တော့တာကို  တွေ့မြင်နေရပါတော့တယ်။

ဘဝအချိုးတစ်ကွေ့  ထွက်လမ်းတွေ့

တစ်နေ့ထက်တစ်နေ့ အတွေးတွေနဲ့ပြည့်   စီမံကိန်းတွေ ချလို့နေပါေ တာ့တယ်၊ တိုင်ပင်ဖော်ဆိုလို့ တစ်ဦးတစ်ယောက်မှမရှိ ဗလာနတ္ထိပါပဲ၊ မိမိအ ကံ ကျောင်းထိုင် ဆရာတော် မသိအောင်   ကြိတ်ပြီးကြံရပါတော့တယ်၊ နော က်ဆုံးမှာတော့   မန္တလေးမြို့ မှာ  သွားနေဖို့  ဆုံး ဖြတ်ချက်ချလိုက်ပါတယ်၊ သွားခွင့်မရခဲ့ဘူးဆိုရင်တော့ လူထွက်မယ်လို့   လေသံပစ်လိုက်ပါတယ်၊ အမှ န်တကယ်မှာတော့ သက်န်းဝတ်ကတည်းက  လူထွက်ချင်တဲ့စိတ် တစ်ခါဘူး မျှ မ ဖြစ်ပေါ်ဖူးပါ၊အိပ်မက်ထဲတောင်မှ  မမြင်မက်ဖူးပါ၊ ဒီလိုလေသံ ပစ်လို က်ပါမှမိမိရဲ့  ရည်မှန်းချက် အောင် မြင်နိုင်မယ်ဆို တာ  သိထားလို့ပါပဲ၊ ပြော

တဲ့အတိုင်း လုပ်တတ်တဲ့ သူ ဖြစ်တယ်ဆိုတာကိုလဲ အများကသိကြနေတ ယ်လေ၊ အဲဒါနဲ့ ဆရာတော်ကို မလျှောက်ခင် ဦးစွာပထမအနေနဲ့ ဖခင် ကြီးရဲ့ ဦးလေးအရင်း ဖြစ်သူကို သွားရောက်ပြီးတွေ့ခဲ့ပါတယ်၊ မိမိရဲ့ဆန္ဒ စိတ်ကူးရှိသည်များကို အသေအချာ ရှင်းလင်း ဖွင့်ဟပြော ပြပေးခဲ့ပါတယ်၊ တကယ်တော့ ကျောင်းထိုင် ဘုန်းကြီးက မိမိရဲ့ ဦးလေးအရင်းပါ၊ ဖခင် ကြီးရဲ့ညီ တစ်ဝမ်းကွဲပဲပေါ့၊

အဘိုး ဖြစ်သူကို အကျိုးအကြောင်း အသိပေး ရှင်းလင်း ပြော ပြပြီးတာနဲ့ တပြိုင်နက် မန္တလေးမြို့မှာ သွားနေလို ကြောင်း ကျောင်းထိုင်ဘုန်းကြီး ကိုတန်းပြီး လျှောက်ထား ခွင့်တောင်းလိုက်ရပါတော့တယ်၊ ခွင့်ပြု မပြု စဉ်းစားလိုက်ပါအုံးမယ်လို့ အမိန့်ရှိပြီး အဘိုးတို့အိမ်ကို ချက်ချင်း ကြွသွားပါတော့တယ်၊ မိမိ ဆင်ထားတဲ့ အကွက်ထဲတော့ ဝင်သွားပြီ ၊ဟန်ကျပြီလို့ တွေးပြီး ဝမ်း မြောက်ရပါတော့တယ်၊

နောက် တစ်နေ့မနက်ကျတော့ အေးပါကွာ ၊ ငါခွင့် ပြုပါတယ်၊ မန္တလေး သွားနေချင်တယ်ဆိုရင် ကိုယ်တိုင်လိုက်ပြီးတော့ အပ် နှံ ပေးပါ့မယ်တဲ့၊ ထီပြကီးပေါက်သလိုပဲ ခံစားခဲ့ရပြီး ကျေးဇူးတင် ဝမ်း မြောက် ခြင်းကြီးစွာနဲ့ အားရပါးရ ကန်တော့လိုက်ရပါတော့တယ်၊ ၁၉၆၆ခုနှစ် နှစ်ဦးပိုင်းမှာ ကျောင် းထိုင်ဘုန် ကြီးနဲ့အတူ ဖခင် ကြီးပါ လိုက်ပါပြီး မိမိကို မန္တလေးမြို့ ဘုရားကြီးတိုက် တိုက်သစ်ကျောင်းဆရာကြီးထံ သွားရောက်အပ် နှံမှု ပြုပေးခဲ့ကြပါတယ်၊ ကျောင်းထိုင်ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့တော်က ဦးပဒုမ ဖြစ်ပါတယ်၊ ဖခင် ဖြစ်သူ ငယ်ရွယ်စဉ်တုန်းက အဲဒီကျောင်းမှာပဲ နေထိုင်ခဲ့

ဖူးပါတယ်၊ ဒီ ဆရာတော် ကြီးရဲ့ ကြည့်ရှု စောင့်ရှောက်မှုအောက်မှာပဲ နေခဲ့ရတာပါ၊ကျေးဇူးတော် ကြီးလှတဲ့ ဆရာတော် ကြီးပါပေပဲ၊ ဘဝရေစက် ပဋ္ဌာန်းစက် ကြီးခဲ့လို့ပဲ ဖြစ်မှာပါ၊ မိမိကို ဆရာတော်ထံ အပ်နှံပြီးတဲ့နောက် မိမိသုံးစွဲရန် ပိုက်ဆံ၅၀ ကျပ်ပေးခဲ့ ပြီး ဆရာတော်ဘုရားကြီးဆီမှာ ၇၅ ကျပ် အပ်နှံပေးခဲ့ပါတယ်၊ ပိုက်ဆံ ၁၂၅ကျပ်နဲ့ စာသင်သားဘဝကို စခဲ့ပါတော့တယ်။ ဒီမျှလောက်သော ငွေပမာဏက နည်းတယ်လို့ ထင်ရပေမဲ့ သူ့ခေတ်အခါနဲ့သူတော့ မနည်းဘူးလို့ ဆိုနိုင်ပါတယ်၊ဘာ ဖြစ်လို့လဲဆိုတော့ အဲဒီခေတ်အခါတုံးက ရွှေတစ်ကျပ်သားမှာ ၂၀၀ ကျပ်ဈေး ရှိနေလို့ပါပဲ၊ မှတ်မိပါသေးတယ် ၊ မုန့်ဟင်းခါး တစ်ပွဲမှာ ၂၅ ပြားလောက်ပဲ ရှိပါတယ်၊ အကြော်ပါမှ ပြား၃၀ ထဲရယ်ပါ။

ဘိုးဖွားကျေးဇူးဆပ် အရပ်ရပ်ဘုရားဖူး

မန္တလေးကို ရောက်ရှိနေထိုင်ရတာ ဘယ်လောက်မှတောင် မကြာသေးပါဘူး၊ ရပ်ရွာက ဘိုးဖွားများနဲ့ ဆွေမျိုးများ အယောက် ၂၀ ခန့်က မန္တလေးမြို့ကို ဘုရားဖူး လာကြပါတယ်၊ ရှမ်း ပြည်က လူတွေဟာ နတ္တော်လ နဲ့ ပြာသိုလ်လတွေမှာ အလုပ်တွေ အားလပ်ကြတာ ဖြစ်လို့ မြေပြန့်ကို ဘုရားဖူး လာတတ်ကြပါတယ်၊ အဲဒီ အဘိုးအဖွား ဆွေမျိုးများကို မန္တလေးနဲ့ အနီးပတ်ဝန်းကျင် မြို့တွေမှာ အနှံ့ ဘုရားဖူး လိုက်ပို့ပေးခဲ့ပါတယ်၊ ဒါ့အပြင် ကလေးမြို့ ရှိ ခမောက်တောင်ညိုဘုရားစေတီ ကိုပါ လိုက်ပါပို့ဆောင်ပေးခဲ့ရပါတယ်၊ အမှန်တကယ် ပြောရရင် မရောက်ခဲ့ဖူးတဲ့နေရာ မို့ အရဲစွန့်၍

ပီး ဦးဆောင်သွားပေးလိုက်ရ ခြင်းပဲ ဖြစ်ပါတယ်၊ မိမိရဲ့ ဖြူစင်ရိုးသားတဲ့စိတ်ကို ယုံကြည်အားထားမှု ပြုပြီး ဒီလူပေါင်း မြောက်များစွာကို ခေါ်သွားပေးရ ခြင်းပါပဲ၊ အဲဒီ ခမောက်တောင်ညိုကို မဖြစ်မနေ လိုက်ပို့ပေးရ ခြင်းက ဒီလိုပါ၊ နှစ်စဉ်နှစ်တိုင်း ဆိုသလို တပေါင်း တံခူးလ ကျရောက်တိုင်း အဲဒီ ခမောက်တောင်ညိုက ဘုရားလူကြီး အလှူခံကိုယ်စားလှယ် တွေက ရပ်ရွာမှာ လာရောက်ပြီး အလှူခံ နေကြတာ နှစ်ပေါင်း မြောက်များစွာရှိလို့နေပါပြီ၊ ခမောက်တောင်ကဆိုရင် လူတိုင်းလိုလို သိနေကြပါတယ်၊ ဝတ် ဖြူစင်ကြယ်နဲ့ လာတတ်ကြပြီး အလှူခံပြီးတဲ့အခါ ဆုတွေပေး ကြေးစည်တီးသလို အလှူခံ ဖြတ်ပိုင်းပါ ရေးပေးလေ့ ရှိပါတယ်၊ ရပ်ရွာက လူတွေလဲ ယုံကြည်စိတ်ချစွာ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ ပေးလှူခဲ့ ကြပါတယ်၊ မိမိကိုယ်တိုင် နှစ်ပေါင်းများစွာ တွေ့ မြင်နေရတဲ့ မြင်ကွင်းပဲ ဖြစ်ပါတယ်၊ ဒီတို့ဆီကို တစ်ခါတစ်ခေါက်လောက် လာရောက်ဖြစ်အောင် လာကြဖို့ နှစ်စဉ်လိုလို ဖိတ်ခေါ်နေတာ ဖြစ်လို့ ရပ်ရွာက လူတွေကသွားရောက်ချင်တဲ့ ဆန္ဒ ပြင်းပျ နေရ ခြင်းပဲ ဖြစ်ပါတယ်၊ ရွာကို အလှူခံ လာရောက်ကြတဲ့ အဲဒီ ဘုရားလူကြီးတွေက ရှမ်းလိုပဲ ပြောဆိုကြပါတယ်၊ ကျေးဇူး ရှင်ဘိုးဖွားများရဲ့ ဆန္ဒ ပြည့်ဝ ရလေအောင် ဖြည့်ဆည်းပေးဖို့ မိမိမှာ တာဝန် ရှိလာပါတယ်၊ ကျေးဇူး ပြန်လည် ချေဆပ်ဖို့ အချိန်ပဲလို့ အောက်မေ့မိပါတယ်၊ မိမိကို ရှမ်းစာပေနဲ့ ဘုရားရှိခိုး အမျိုးမျိုး ဗေဒင်ပညာရပ်တွေကိုပါ လက်ထပ်သင် ပြ ပေးခဲ့တဲ့ ပန်းဒကာ အဘိုးကြီးက ဦးဆောင်ပြီး လာရောက်ကြတဲ့ ဆွေမျိုး တွေပါပဲ၊ မိမိ ခလေးငယ်ဘဝတုံးကဆိုရင်လဲ အဲဒီ အဘိုးအဖွားတွေရဲ့ ကျောကုန်းပေါ်ကပဲ ကြီး ပြင်းခဲ့ရ

တာပါ၊ ဘာပဲ ပြော ပြော ကျေးဇူးဆပ်ခွင့် ရရှိခဲ့တာကိုပဲကြိတ်ပြီး ဝမ်းသာခဲ့ရပါတော့တယ်။

ဗလီမှာတစ်ည အိပ်ခဲ့ရ ကျေးဇူးအနန္တ

သိကျွမ်းသူ အဆက်အစပ် မရှိဘဲနဲ့ မန္တလေးကနေ ကလေးမြို့ကို မီးရထားနဲ့ ခရီး နှင်ခဲ့ကြပါတယ်၊ ညသန်းခေါင် ဝန်းကျင်လောက်မှာ ရောက်လိုတဲ့ ဘူတာ ဟုတ်မဟုတ် အထူးဂရုစိုက်ပြီးကြည့်နေရပါတယ်၊ အားလုံးကတော့ ရထားပေါ်မှာ အိပ်ပျော် နေကြလို့ပါပဲ၊ တာဝန်အရှိဆုံးကတော့ မိမိပါပဲလေ၊ ဘူတာရုံတိုင်းရဲ့ မီးလုံး တွေကလဲ ဝါတာတာ မှိန် မှိန်လေး ဆိုတော့ ဘူတာ လွန်မသွားအောင် ကိုပဲ အားခဲပြီးကြည့်နေရပါတယ်၊ ကိုယ်တစ်ဦးအတွက်ဆို ဘာမှအကြောင်းမဟုတ်ပါ၊ခုဟာက လူအုပ် ကြီးနဲ့မို့လို့ စိတ်ပူရတာအမှန်ပါ၊တောသားတစ်ယောက် မြို့ရောက်လာတာကလဲ သိပ်မ ကြာသေးအ ခြေအနေအရ ခရီးဝေးကို ဦးဆောင်ပြီး သွားရတာ စွန့်စားခန်း ထွက်လိုက်ရသလိုပါပဲ၊ မီးရထားကြီးကတော့ ဖြင့် တဂျုန်းဂျုန်းနဲ့ ခရီး ဆက်ရင်း နာရီပြန် တစ်ချက်တီးလောက်သောအချိန်မှာတော့ ကလေးမြို့ ဘူတာရုံကြီးကိုဆိုက်ဆိုက်မြိုက်မြိုက် ရောက် ရှိလို့သွားပါပြီ၊ အဲဒီဘူတာကြီးမှာ ခပ် မှိန်မှိန်လျှပ်စစ်မီးသီး တစ်လုံးကလွဲလို့ မည်သူ တစ်ဦးတစ်ယောက်ကိုမျှမတွေ့ခဲ့ရပါ၊ ပြာသိုလ်လမို့လို့ အတော်အတန်လဲ အေးလှပါတယ်၊ ဒါပေမဲ့လို့ တောင်ပေါ် ဒေသ ရှမ်း ပြည်က လာကြသူတွေ ဖြစ်လို့မို့ ဒီလောက်အအေးကိုတော့ခံနိုင်ရည် ရှိကြပါတယ်၊ မိုးလင်းဖို့ ဆိုတာကလဲ ၄-၅ နာရီလောက် စောင့်နေရ

မဲ့သဘောရှိနေပါတယ်၊လူကြီးတွေရဲ့ ကျန်းမာရေးရော လုံ ခြုံရေးပါ စိတ်ပူမိလို့ ဘူတာရဲ့ အနီးအနားတဝိုက်ကို လမ်းလျှောက်ပြီး စနည်းနာ လေ့လာ မှုပြုခဲ့ပါတယ်၊ ကံကောင်းထောက်မလို့ ဗလီကြီး တစ်ခုမှာ ဗလီဆရာ တစ်ဦးကို တွေ့လိုက်ရပါတယ်၊

ဒို့အဖွဲ့က မန္တလေးကနေ လာကြကြောင်း ပြော ပြလိုက်တဲ့အခါမှာ သူကလဲ မန္တလေးကပါပဲလို့ ပြန် ပြောပါတယ်၊ ဒါနဲ့ အဲဒီဗလီမှာ ဝင်ရောက်အိပ် ခွင့်ရနိုင်ပါ့မလားလို့ မေးကြည့်တော့ ရပါတယ်တဲ့ အရှင်ဘုရားရဲ့ လူတွေကို ခေါ်ခဲ့ပါလို့ကြည်ကြည် သာသာ ဖိတ်ခေါ်ခဲ့ပါတယ်၊ ခုလို အရေးကြုံတဲ့ အချိန်ခါ မျိုးမှာ ကူညီဖေါ်ရရှိခဲ့တာကို ကျေးဇူးတင်လို့မဆုံး တစ်သက်လုံး မေ့နိုင်ဖွယ်ရာ မရှိပါ၊ ကျေးဇူးကမ္ဘာ အနန္တ ပြောမပြနိုင်လောက်အောင်ပါပဲ၊အဲဒီ ဗလီဆရာကြီးကို သူတို့ရဲ့ ဘုရားသခင် ကောင်းချီးပေးပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်။

ခမောက်တောင်ညိုမှ နွေးထွေးစွာကြိုဆို

မနက်မိုးလင်းလာတဲ့ အခါမှာ ဗလီနားက ဆိုက်ကားဆရာ တစ်ယောက်ကို အနီးအနားမှာ ရှိတဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းကို ပို့ပေးစေခဲ့ပါတယ်၊ ကျောင်းထိုင်ဆရာတော် ကြီးရဲ့ မေတ္တာဓာတ် စောင်မမှုကိုရရှိခဲ့ပါတယ်၊ သွားလိုရာ ဖြစ်တဲ့ ခမောက်တောင်ညို ဆီကို လိုက်ပါပို့ဆောင်ပေးဖို့ ကိုရင်တစ်ပါးကို ထည့်ပေးလိုက်ပါတယ်၊ ကျေးဇူးတော်အနန္တ

ပါပေပဲ၊  မြို့ကနေပြီးတော့  မြင်းလှည်းနဲ့ သွားကြရပါတယ်၊ မနက် ၁၀ ခန့်လောက်မှာ  အဲဒီ ခမောက်တောင်ညိုကို ရောက်ရှိခဲ့ကြပါတယ်၊ တောင်ပေါ်မှာ ရှိနေကြတဲ့ ဘုရားလူကြီးတွေကလဲ ဖေါ်ဖေါ်ရွေရွေ ကြိုဆိုဧည့်ခံကြပါတယ်၊ ဒို့အဖွဲ့ကို  နေ့လည်စာပါ ကျွေးလိုက်ပါသေးတယ်၊ နှလုံးသားမှာ တရားဓာတ် မေတ္တာဓာတ် ကိန်းနေသူတို့ရဲ့ သဘာဝက ပတ်ဝန်းကျင်ကိုပါ ဓာတ်ခိုက်အေး မြ ချမ်းသာ စေလှတာ အမှန်ပါပဲ၊ အ ပြန်ခရီးမှာ  ဆရာတော်ဘုရား၂ ကီးကို ဝင်ရောက် ကန်တော့ကြပြီး ညရထားနဲ့ ကလေးမြို့ကနေ  မန္တလေးကို ပြန်ခဲ့ကြရပါတယ်၊ မေတ္တာရှင် များရဲ့ ကူညီစောင်မမှု ကို  ရရှိခဲ့လို့ ဘိုးဖွားများရဲ့ ဆန္ဒတွေလဲ ထမြောက် အောင် မြင် သွားကြပါပြီ။

## ပထမအကြိမ်    အင်းလေး အင်းတိမ်

မန္တလေးကို ပြန်ရောက် လာပြီးတဲ့နောက်မှာ ဘိုးဖွားတို့တတွေက အင်းလေး ဖေါင်တော်ဦးဘုရားကိုလဲ  သွားရောက်ဖူးမြော်ချင်ပါသေးတယ် ဆိုလို့  လိုက်ပါ ပို့ဆောင်ပေးခဲ့ရပါတယ်၊ အဲဒီနေရာဌာနတွေမှာလဲ တစ်ခါမှ မရောက်ဖူးတဲ့ နေရာတွေပါပဲ၊ မန္တလေးကနေ ညောင်ရွှေကို ဘတ်စ်ကားနဲ့ သွားရောက်ခဲ့ကြပါတယ်၊

အဲဒီနေ့မှာပဲ  လှေနဲ့ ဖေါင်တော်ဦး ဘုရား အရောက် ခရီးဆက်ခဲ့ရပါတယ်၊ ဖေါင်တော်ဦး ဘုရားရဲ့ ကျောင်းဆောင် ပတ်ပတ်လည်မှာပဲ တစ်ည အနားယူ အိပ်စက်ကြရပါတယ်၊ အဲဒီအချိန်တုံးကဆိုရင်  ဘုရားဖူးတွေ  သိပ်ပြီးမပေါ

များလှလို့ ဘုရား ကျောင်းဆောင်မှာပဲ အေးအေးဆေးဆေး တည်းခိုလို့ အဆင်ေ ပြကြရတာပါ၊ ခုခေတ်နဲ့စာရင် တကယ့်ကို တ ခြားစီပါပဲ၊ နောက်တစ်နေ့ ကျ ပြန်တော့ အင်းတိမ်မှာ ရဟန္တာ လို့ကြော်ကြားနေတဲ့ ရွှေဥဒေါင်းေတာင် ဆရာတော်ဘုရားကြီး ကို သွားရောက်ပြီး ဖူးေ မြာ် ကန်တော့ ခဲ့ကြရပါတယ်။

မြို့တော်တောင် ကြီး ဘုရာဖူးခရီး

အင်းလေး အင်းတိမ် ရွှေညောင် ညောင်ရွှေ ဒေသမှာ သွားရောက်လေ့လာ ဘုရားဖူးပြီးတဲ့နောက်မှာတော့ တောကြီးမြို့ကို တက်ရောခဲ့ ကြပါတယ်၊ တောကြီးမြို့ပေါ်ရှိ ဘုရားများ ဖူးေ မြာ်ကြပြီးတဲ့အခါမှာ တောင်ေကျာင်းကြီးဆရာတော်ဘုရားကို ဝင်ရောက်ပြီး ရှိခိုးကန်တော့ခဲ့ကြပါတယ်၊ မုခ်တဝ လှိုင်ဂူကို သွားလိုကြကြောင်း ဆရာတော် ကြီးကို လျှောက်ထားတဲ့အခါမှာ ဆရာတော် ကြီး က ကိုရင် ကြီး တစ်ပါး ကို တာဝန်ပေး ပြီး လိုက်ပါပို့ခိုင်းလိုက်ပါတယ်၊ အဲဒီတုံးက အခ ခြေအနေ ဟာ သွားလာရေး ခက်ခဲနေေသးတဲ့နေရာပါပဲ၊ ဘုရား တရား သံဃာ ရတနာ မြတ် သုံးပါးတို့ရဲ့ ဂုဏ်ေတာ်ကျေးဇူးတော်ကြောင့်ရော စိတ်ထား ဖြူစင် ရိုးသား ဖြောင့်စိတ် ရှိ ကြတဲ့ တောသူ တောင်သားတွေရဲ့ သဘာဝ စိတ်အလှတွေကြောင့် ဘေးမသီ ရန်မခ တစ်လခန့်ကြာ ဘုရားဖူး ခရီးစဉ် အောင် မြင် ပြီးဆုံးလို့ သွားခဲ့ပါပြီ၊ မေရာက်ဖူးတဲ့နေရာတွေဆီကို မြန်မာစကား မပြောတတ်ရှာကြတဲ့လူအုပ်ကြီး ကို ဦးဆောင်ပြီး သွားနေရ ခြင်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကနေ လွတ် ေ မြာ

က်လို့ သွားခဲ့ပါပြီ၊ ကျေးဇူးရှင် ဘိုးဖွားများကို ဘုရားဖူးအနှံ့ လိုက်ပို့ပေး လိုက်ရ ခြင်း ဖြင့် ကျေးဇူးဆပ်ခွင့် ရရှိခဲ့တာကိုပဲ ကျေနပ်အားရခဲ့ မိပါတယ်။

ဗုဒ္ဓစာပေအစ အဘိဓမ္မာက

ဘုရားဖူးခရီးစဥ်တွေပြီးဆုံး သွားလို့ ကျောင်းကို ပြန်လည်ရောက်ရှိလာ ပြီး နောက်တစ်နေ့မှာပဲ ဗုဒ္ဓစာပေကိုစပြီးသင်ယူရပါတော့တယ်၊ ဘဝမှာ ပထမဦးဆုံး စာချပေးတဲ့ ဆရာတော်က ဦးဣဿရိယ ဖြစ်ပါတယ်၊ စစချင်း သင် ယူရတာ ဖြစ်လို့ လွန်စွာမှ ပင်ပန်းခက်ခဲလှပါတယ်၊ ပင်ပန်းခဲ့ရပုံက ဒီလိုပါ၊ စာချ ဆိုတဲ့အတိုင်းပါပဲ၊ ဆရာသမားက နှုတ်ကနေ ပါဠိတစ်ချက် အနက်အဓိပ္ပါယ် တစ်ခု ချပေးမှုကို အလွတ်ရအောင် နောက်ကနေ ပြီးတော့ လိုက်ဆိုပေးနေရပါတယ်၊ ပထမဆုံး သင်ရတာက အဘိဓမ္မတ္ထသင်္ဂြိုဟ် ကျမ်းပါပဲ၊ အဲဒီကျမ်းရဲ့ အစဆုံး နိဒါန်းမှာကလဲ အနက်အဓိပ္ပါယ်က ရှည်ပါဘိနဲ့ တစ်သက်မှာတစ်ခါ စပြီးသင်ရတာ ဖြစ်လို့ ခဲတံလေးနဲ့ ဘေးကနေပြီးတော့ သေးမှတ်ရမှန်းလဲ လုံးဝမသိခဲ့ရပါ၊ နိဿယ စာအုပ်ရှိမှန်းလဲ မသိခဲ့ရပါ၊တကယ့် အ ရိုင်းတုံး တောသားအစစ်ပါပဲလေ၊ နှုတ်ကနေ ချပေးသမျှကိုအကုန်လုံး မှတ်သားပြီး ပြန်ပြီးဆို ပြရတယ်ဆိုတော့ မိမိ

အဖို့ မနည်းကြီး ကြိုးစားပြီး မှတ်သားယူနေရပါတယ်၊ ဘာပဲ ပြော ပြော တစ်လခွဲလောက် သော အချိန်အခါ ကာလ အတွင်းမှာ သ ဂြိုလ် ၃ ပိုင်းကို ပါဠိရော အနက်ပါ အာဂုံဆောင် ရရှိလို့နေပါပြီ၊ ကျေးဇူးတော်ရှင် ဆရာ သမား ဦးဣဿရိယ ဆရာဘုရားကို တစ်သက်လုံး မေ့နိုင်ဖွယ်မရှိပါ။

မန္တလေး နေချိန်ကာလ မိမိဘဝ

မန္တလေးမှာ နေထိုင်လိုက်ရတဲ့ ကာလက သိပ်ပြီး မကြာလှပါ ဘူး၊ မိမိနေထိုင်ခဲ့တဲ့ နှစ်ထပ် တိုက်ကျောင်း ကြီးဟာ အနန္တာဘုရားနားမှာတ ည် ရှိနေပါတယ်၊ အပေါ့အပါး သွားချင်ပါတယ်ဆိုရင် ဘုရားကြီးတိုက်ရဲ့ ဟို ဘက် အစွန်းဆုံး စုပေါင်း အိမ်သာ ရှိရာကို သွားရောက်ရပါတယ်၊ ရေချိုးလို တဲ့အခါမှာတော့ လမ်းမကြီးတစ်ခုကို ဖြတ်ကူးပြီး အသောကာရာမကျောင်း တိုက်မှာ အများသုံးရေတွင်းတစ်ခု ရှိရာကို သွားရောက်ပြီး ရေချိုးရပါတ ယ်၊ မနက်တိုင်း ၄ နာရီခန့် ကိုယ်လက်သန့်ရှင်းရေး လုပ်ပြီးတဲ့အခါမှာတော့ သပိတ်ပိုက်ပြီး ဆွမ်းခံသွားရပါတော့တယ်၊ အမှန်တကယ် ပြောရရင် ဆွမ်း ခံသွားရတယ်လို့တောင် မဆိုချင်ပါဘူး၊ ဆွမ်းခံ ပြေးရတယ်လို့ပဲ ပြောချင် ပါတော့တယ်၊ မရင်းနှီးသေးတဲ့ နေရာဒေသကလဲ ဖြစ် ပြန် အဖော်ဆိုလို့ တ စ်ပါးမှမရှိ တကယ့် အဖော်မဲ့ တစ်ကောင် ကြွက်ပါပဲ၊ ဘယ်လမ်းကို ဝင်ထွ က် ဘယ်ရပ်ကွက် ရောက်နေမှန်း လဲမသိရပါ၊ ရှေ့က ဦးဇင်း တစ်ပါးပါး ရဲ့နောက်မှာ နောက်ယောင်ခံပြီး လိုက်နေရပါတယ်၊တစ်ပါးပါးရဲ့ နောက်ကို နောက်ယောင်ခံလိုက်ရင်း မျက်ခြေ ပြတ် ကျန်ရစ်ခဲ့ပြီး ဘယ်ကို ဆက်သွား

ရမှန်းမသိ ဖြစ်ရတဲ့အကြိမ်ပေါင်းလဲ မနည်းလှပါဘူး၊ မိုးမလင်းခင်ကတည်းက ဆွမ်းခံ ပြေးနေရတဲ့ ဘ၀က ဖြင့် အတော့် ကို ပင်ပန်းလှပါတယ်၊ နေ့စဉ်ဆိုသလို မန္တလေး မဟာ မြတ်မုနိ ဘုရားရဲ့အနီးရှိ ဘုရားကြီးတိုက်ကနေပြီး ဆွမ်းခံကြွရတာ ဟို မျက်ပါးရပ် ၊ ရွှေ တုံးတံတား ၊ ဈေးချိုအထိ သွားခဲ့ရပြီး အ ပြန် ခရီးမှာတော့ ဈေးချိုကနေ မဟာ မြတ်မုနိဘုရားအနီး ၄၅ တာအထိ ဘတ်စ်ကားစီးပြီး ပြန်လာခဲ့ရပါတယ်၊ ဆွမ်းခံလို့ ရရှိလာတဲ့ ဆွမ်းဟင်းများကို မဟာ မြတ်မုနိဘုရားအား ဦးစွာပထမ ၀င်ရောက်ကပ်လှူ ခဲ့ပါတယ်၊ ကျောင်းကို ပြန်ရောက်ပြီး နံနက် ၈ နာရီခန့်လောက်မှာ စာတက်ရပါတော့တယ် ၊ နေ့ ၁၁နာရီ ခန့်လောက်မှာ နေ့ဆွမ်း ဘုန်းပေးကြရပါတယ်၊ မိမိမှာ ဘုံလောင်းတိုးပြီး ရရှိလာတဲ့ သားငါးကြက်ဥစသည်များကို ဆရာသမားနဲ့ အတူနေ ဘုန်းကြီးများ အား ကပ်လှူခဲ့ပါတယ်၊ မိမိအဖို့မှာတော့ သက်သတ်လွတ်စားတာ ဖြစ်လို့မို့ ဘုရားကြီးစောင်းတန်း ကွမ်းယာဆိုင် မှာ ၀ယ်ယူလာခဲ့တဲ့ ၀က်မလွတ်ငှက်ပျောသီးနဲ့ပဲ ဟင်းအ ဖြစ် နေ့ဆွမ်းကိစ္စကို ပြီးစေရတာကပဲ များလှပါတယ်၊ တစ်ခါတစ်လေ ကျ ပြန်တော့ ဘယာကြော်လေးနဲ့ ဆွမ်းစားခဲ့ရပါတယ်၊ တစ်ချို့နေ့ များဆိုရင် ဘုန်းကြီးများတို့ဆီက စွန့်လိုက်တဲ့ ဘယာကြော်လေးတွေ ရရှိခဲ့ပါတယ်၊ ဘုန်းကြီးများက အသက် ၅၀,၆၀ ကျော်တွေပါ၊ ဟသ်ာတ, လေးမျက် နှာ, ဒမ္မိ ဘက်ကပါ၊ မိမိတစ်ပါးကသာ အသက် ၂၀ ကိုယ်ရင် ကြီးပါ၊ ဆွမ်းခံ သွားရင်း ကောက်ညင်းပေါင်းပဲပြုတ် ခေါင်းပေါ် ရွက်ပြီး လိုက်လံ ရောင်းချတဲ့ ဈေးသည် နဲ့ ကြုံကြိုက်တဲ့အခါမှာတော့ ပဲ ပြုတ် တစ်ဆယ်သားဖိုး ၀ယ်နေကျပါ၊ ပြား၂၀ လောက်သာ

ပေးရတာပါ၊ မန္တလေးမှာ နေရတဲ့ ဘဝ စားရေးအတွက် သိပ်ပြီးအဆင်မပြေလှပါ၊ ဉာဏ်မှာဆန်း ကံမှာမန်း လို့ အဆို ရှိပါတယ်၊ ဉာဏ် ကောင်း မကောင်းကို ဆန်းကျမ်းကိုသင်ယူတဲ့အခါမှာ သိနိုင်ပါတယ်၊ အတိတ်ကံ ကောင်း မကောင်း ကိုတော့ မန္တလေးကိုနေကြည့်မှ သိနိုင်မယ်ပေါ့၊ မန္တလေးမှာနေပြီး မပင်မပန်းရဘဲ ဆွမ်းကွမ်း ပြည့် ပြည့်စုံစုံ ရရှိတဲ့ ဘုန်းကြီးများဆိုရင် အတိတ်ကံ ကောင်းတဲ့သူတွေလို့ ဆိုရပါလိမ့်မယ်၊ မိမိအဖို့မှာတော့ အတိတ်ကံ မကောင်းခဲ့ တဲ့ သူ တစ်ယောက်ပဲလို့ သတ်မှတ်ရပါလိမ့်မယ်၊ မန္တလေးမြို့ဆိုတာ တကယ့် ဘုန်းကြီးမြို့ပါပဲ၊ သံဃာသောင်းချီ ရှိတဲ့မြို့ကြီးပါပဲ၊ မနက်ဆွမ်းခံထွက်ချိန်မှာဆိုရင် လမ်းတိုင်းမှာလိုလို ဘုန်းကြီးတွေကို တွေ့ မြင်နိုင်ပါတယ်၊ မန္တလေးက ဒကာ ဒကာမ များရဲ့ သဒ္ဓါ တရားကို အထူးပဲ ဂုဏ်ယူလေးစားမိတာအမှန်ပါ၊ မှတ်မှတ်ရရ ပြောရရင် ရွှေတုံးတံတားနားက နေ့စဉ်နဲ့အမျှ ဘုံလောင်း လောင်းလှူ ကြတာ အားကျစရာကြီးပါပဲ၊ လက်တစ်ပိုက်စာမကကြီးမားလှတဲ့ ထမင်းအိုးနဲ့ ကြက် ဝက် ငါး ဟင်းအိုးကြီးတွေနဲ့ လောင်းလှူနေကြတာပါ၊ ဘုံလောင်းတိုး တန်းစီနေကြတဲ့သံဃာတွေလဲ အပါးအစိတ် သုံးဆယ်လောက် ရှိနေတတ်ပါတယ်၊ ချီး ကျူးဖွယ် ကောင်းလှတဲ့ မန္တလေးသူ/သား တွေရဲ့ သာသနာ့စိတ်ဓါတ် ကို တစ်သက်လုံးမေ့နိုင်ဖွယ်မရှိပါ။

အစားဆင်းရဲခံနိုင်လဲ အပူဒဏ်ကဲတာ မခံနိုင်

အစားအသောက်နဲ့ ပတ်သက်ပြီး နေ့စဥ်နဲ့အမျှ ဆွမ်းခံရတာ ပ င်ပန်းမှု ရှိခဲ့ပေမဲ့ ကျင့်သားရ ခံနိုင်ရည် ရရှိလို့နေပါပြီ၊ တ ဖြည်း ဖြည်းနဲ့ အ ချိန်က တပေါင်းလထဲ ရောက်ရှိလို့ပါပြီ၊ အပူချိန်က ၁၁၀ ဒီဂရီး ဖာရင်ဟိုက် ဝန်းကျင် လောက် ရှိနေပါတော့တယ်၊ မိမိတို့ ဇာတိ မြေ တောင် ပေါ်ဒေသမှာ ဆိုရင် နွေရာသီအချိန်မှာတောင် အပူဒီဂရီးက ၇၀ ဝန်းကျင်လောက်ပဲ ရှိနေ တာပါ၊ တစ်ရက်ထက်တစ်ရက်အပူချိန်ကတ ဖြည်း ဖြည်းနဲ့ မှန်မှန်တက်နေ သလို အပူဓါတ်လေးများ သက်သာလေမလားဆိုပြီး မဟာ မြတ်မုနိဘုရား မှာ အပူသွားခိုလိုက် အာနန္ဒာဘုရားမှာသွားခိုနေလိုက် နဲ့ ရှိနေပေမဲ့ ထူးမ ြ ခားနားပဲ ခံစားခဲ့ရပါတယ်၊ နေ့စဥ်နဲ့အမျှ နေမထိထိုင်မသာ ဖြစ်ခဲ့ရရှာပါေ တာ့တယ်၊ တချို့သော ဘုန်းကြီးတွေက အ ကြံ ပြုရှာပါတယ်၊ ဒီမန္တလေးမှာ နေရတာ သိပ်ပြီးပူလှပါတယ်လို့ခံစားရရင် မေမြို့ကို ပြောင်းနေလိုက်ပါတဲ့၊ အဲဒီက ရာသီဥတုက မဆိုးလှဘူးလို့ ဆိုပါတယ်၊ မိမိအနေနဲ့က နောက်ကို ပြန် ဆုတ်လိုစိတ် လုံးဝမရှိပါ၊ ရှေ့သို့သာ တိုးချင်နေတာ မိမိရဲ့ ပင်ဂို စိတ်သဘာ ဝ အမှန်ပါပဲ၊ အဲဒီလို နွေ ဦးကာလ ပူ ပြင်းလှတဲ့ မန္တလေးမြို့မှာ နေထိုင်ရတာ သိပ်ပြီးမပျော်ချင်တော့ပါ၊ ဘယ်ကို သွားရမှန်း နေရမှန်းမသိ ဖြစ်ရှိနေတဲ့အ ချိန်မှာ ကံကောင်းထောက်မလို့ သတင်းကောင်းတစ်ခု ရရှိလိုက်ရပါတယ်၊ ကျိုက်ထီးရိုးဘုရားဖူးကနေ မန္တလေးကို မကြာမီကပဲ ပြန်လည်ရောက်ရှိလာ တဲ့ ဘုန် ကြီး ဦးနာရဒ ဆီက သတင်းစကားကောင်းပါပဲ၊ ကျိုက်ထီးရိုး ဘုရားဖူးကအ ပြန်မှာ ရန်ကုန်မြို့ ၊လမ်းမတော် မြို့နယ်၊ သရက်တောတိုက်၊ ကျွန်းကလေးကျောင်းမှာ ဝင်ရောက်ပြီးတည်းခိုခဲ့ ကြောင်း အဲဒီကျောင်း

မှာ  ဦးနန္ဒိယ ဆိုတဲ့ ပလောင်ဘုန်းကြီးတစ်ပါး ရှိနေကြောင်း ပြော ပြခဲ့ပါတယ်၊ အဲဒီ သတင်းစကားကို ကြားသိလိုက်ရတဲ့ မိမိအဖို့မှာ ထိကြီးပေါက်သလိုပါပဲ    အတိုင်းမသိ ဝမ်းသာခဲ့ရပါတော့တယ်၊ ဇဝေဇဝါနဲ့ ဘယ်သွား ရမှန်းမသိ   ရှိနေတဲ့ အချိန်မှာ    ရောင် ခြည်သန်း လမ်းစပေါ် နေလာပါတော့တယ်၊ မရောက်ဖူးတဲ့နေရာမှာ မသိ မ မြင်ဖူးရသေးတဲ့ ပုဂ္ဂိုလ်ကို မှန်းပြီးတော့ အားကိုးမိလိုက်ရတာ အမှန်ပါပဲ။

မှတ်မှတ်ရရ ပြောရရင်  မိမိရဲ့ နေ့စဉ်မှတ်တမ်း   ဒိုင်ယာရီ အရ ၁၃၂၈ခုနှစ် တပို့လဆုတ် ၆ ရက်နေ့မှာ  မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ တိုက်သစ်ကျောင်း   ဦးဣန္ဒသရိယ ထံမှာ သဂြိုဟ်ကျမ်း စပြီးသင်ယူခဲ့ပါတယ်၊တံခူးလဆန်း ၄ရက်နေ့မှာ ပကိဏ်းပိုင်းအထိ   သင်ယူပြီး မြောက်ခဲ့ပါတယ်၊  တံခူးလဆန်း ၆ ရက်နေ့ မှာ ည  ၉ နာရီရထားနဲ့ ရန်ကုန်ကို ဆင်းခဲ့ပါတယ်၊ ရထားခ ၁၉ ကျပ်သာ  ပေးရတာကိုလဲ မှတ်မိနေပါသေးတယ်။

ရန်ကုန်ခရီးလမ်း   စွန့်စားခန်း

မိမိ  ရန်ကုန်ဆင်းတဲ့နေ့မှာ   မန္တလေး မှာ   တိုင်းနဲ့ ပြည်နယ် ဘောလုံးပြိုင်ပွဲ ကြီး ရှိနေတဲ့အတွက်   မိမိကို ဘူတာကြီးသို့ ဘယ်သူမှ လိုက်မပို့ပေးနိုင်ကြပါ၊ အဲဒီအချိန်တုံးက ဘုန် ကြီးများ ဘောလုံး ပွဲ  သွားရောက်ကြည့်ရှုနိုင်တဲ့အချိန်ပါ၊ ဒါကြောင့်  ဘယ်ဘုန်းကြီးကမှ  ဘူတာကို လိုက်မပို့နိုင်ကြတာပါ၊  ပို့ဆောင်ရေးစံနစ် ညံ့ဖျဉ်း မှုကြောင့်  ဘူတာကြီးကို  ၃ နာရီကြိုတင် ရောက်ရှိရပါတယ်၊ မိမိမှာ အိပ်ယာလိပ်ရော သားရေသေတ္တာ တစ်လုံးနဲ့ သပိတ်တစ်လုံးပါ ရှိနေပါတယ်၊  ဘူတာရောက်ရှိ သွားတဲ့အခါမှာ  မီးရထားလ

က်မှတ် ဝယ်ယူဖို့အတွက် ရာနဲ့ချီပြီး လူတွေ တန်းစီနေကြရပါတယ်၊ လက်မှ
တ်ရောင်းတဲ့သူက တစ်ယောက်ထဲ ရယ်ပါ၊ ဒါ ကြောင့် အကြာကြီး တန်းစီ
ကရတာပါ၊ ပစ္စည်းထုပ်တွေ ဘေးနားမှာချထားပြီး ၂ နာရီခန့်မျှ တ ရွှေ့ရွှေ့နဲ့
ရှေ့ကို ပစ္စည်းတွေကို ရွှေ့ရွှေ့ပေးနေခဲ့ရတဲ့ ဒုက္ခ ကို မြင်ယောင်နေမိပါသေး
တယ်၊ နောက် ပိုင်းကျမှ ပစ္စည်းထုပ်တွေနဲ့အတူ တိုင်တစ်တိုင်ကိုမှီပြီး ထို
င်နေတဲ့ အသက် ၇၀ ခန့်ရှိ တောက လာပုံရတဲ့ အဖွားကြီးတစ်ယောက်ကို
အကူအညီးတောင်းပြီး မိမိရဲ့ ပစ္စည်းများ ကိုပါ ကြည့်ရှု ပေးဖို့ မေတ္တာရပ်ခံခဲ့
ပါတယ်၊ ကျေးဇူးတင်ဖို့ ကောင်းတဲ့ အဖွားကြီးပါပဲ၊ အဲဒီတော့မှ မိမိမှာ ပစ္စ
ည်းများအတွက်ကြောင့်ကြ ဗျာပါဒ စိတ် ပင်ပန်းမှု ငြိမ်းအေးရပါတော့တ
ယ်၊ အဲဒီအချိန်တုံးက ဘူတာကြီးမှ ပစ္စည်းအလစ်သုတ်သမားတွေ ေ
သာင်းကျန်း နေတဲ့ အချိန်ပါပဲ၊ အဖွား ဖြစ်သူခမျာ မှာ တစ် ပြားမှကို အရ
င်းမစိုက်ရဘဲနဲ့ ကုသိုလ်ရလိုက် ခြင်းပါပဲ၊လောကကြီးမှာ စိတ်စေတနာက
သာ ထားတတ်ရင် အချောင်ကုသိုလ် ကတော့ ရရှိနေတတ်မြဲပါပဲ၊ ကိုယ်အား
ဖြင့် စောင်မပေးလိုက်တဲ့သူအဖို့ ဘယ်လောက်မှ တာဝန်မကြီးလှသလို ထင်
ရပေမဲ့ စောင်မခံရတဲ့ သူအဖို့မှာတော့ တစ်သက်လုံး မေ့မရနိုင် လောက်ေ
အာင်ပဲ ကျေးဇူးကမ္ဘာ ကြီးမားလှပါတယ်၊

ည ၉နာရီ ထိုးလို့ ဘူတာက ခေါင်းလောင်းသံ ကြားနေရပါပြီ၊ ရ
ထားကြီးက တဂျိန်း ဂျိန်း တဒုတ်ဒုတ်နဲ့ ဖြည်းဖြည်းချင်း ဘူတာထဲကို
ခုတ်မောင်းဝင်ရောက်လို့ လာနေပါပြီ၊ ရထားပေါ် လက်ဦးရအောင် တစ်ေ
ယာက်ပြီးတစ်ယောက် ခုန်တက်ကြပြီး နေရာ ဦးကြတဲ့ ဆယ်ကျော်သက်ရွ

ယ် အသား ညိုညို နှာခေါင်းချွန်ချွန် လူငယ်အုပ်စု တွေက ရထားတွဲမှာ ပြ ကီးစိုးနေကြပါတယ်၊ ထိုင်ခုံမှာ သူတို့ ဦးထားတဲ့နေရာ ဖြစ်တယ်၊ သူတို့ကို ထိုက်သင့်သလောက် ပိုက်ဆံပေးမှ ထိုင်ခွင့်ရမဲ့သဘောပါပဲ၊ နေရာ ဦးပြီး ေ ရာင်းစားနေတဲ့သဘောပါပဲ၊ ထိုင်ခုံနံပါတ်မပါတဲ့ မီးရထားလက်မှတ်တွေရဲ့ ဒုက္ခသံသရာ အဲဒီအချိန်အခါက အင ခြေအနေပါပဲ၊

မီးရထားကြီးက တ ဖြည်း ဖြည်းနဲ့ ရပ်ဖို့ အရှိန် သတ်ခါနီး မိမိရဲ့ ပစ္စ ည်းများကို တစ်ခု ပြီး တစ်ခု ရထားပေါ် ပစ်တင်ရင်း ရထားပေါ်ကို လုပြီး တက်ရပါတော့တယ်၊ ရထားပေါ်လဲ ရောက်ကရော ထိုင်ခုံတိုင်းပေါ်မှာ နေ ရာ ဦးထားပြီး ဖြစ်တဲ့သဘော နဲ့ ကျောက်ခဲတုံးတွေ တင်ထားတာတွေ ကို တွေ့ခဲ့ရပါတော့တယ်၊ မလွဲမရှောင်သာ တဲ့ သဘောနဲ့ ကျောက်တုံးယူပြီး ပြ ပျူတင်းပေါက်ကနေ လွှင့်ပစ်လိုက်ပြီး ထိုင်ခုံနေရာ ရယူလိုက်ရပါတော့တ ယ်၊ ချက်ချင်းဆိုသလို ကုလား လူငယ် အုပ်စုတစ်စုက အတင်းရောက်လာပြ ပီး နေရာမှ အတင်းဖယ်ခိုင်းပါတယ်၊ ဒါပေမဲ့ ဖယ်မပေးပါဘူး၊ မန္တလေးက ဘုန်းကြီးများဆိုတာ ဩဇာအာဏာ ရှိပါတယ်၊ဘယ်သူမှ ရန်မ ပြုနိုင်မှန်း ေ သသေချာချာ သိထားတာ ဖြစ်လို့ ခပ်တည်တည်ပဲ ထိုင်နေရလိုက်ပါတော့တ ယ်၊

တညလုံး ရထားနဲ့ပါသွားပြီး နောက်တစ်ရက် ညနေမှာတော့ ရန်ကုန်ဘူတာကြီးကို ရောက်ရှိသွားခဲ့ပါတယ်၊အဲဒီအချိန်တုံးက ဆိုက်ကားေ ခတ်ကြီးပါ၊ ပြောသံကြားဖူးတာက တစ်ချို့သော ဆိုက်ကားဆရာတွေက မသိနားမလည်တဲ့ တောသူ တောင်သားတွေကို လှည့်ပတ် ခေါ် ယူသွားပြီး ပို

က်ဆံ ပိုတောင်းလာတတ်တယ်လို့ကြားဖူးနားဝ ရှိနေပါတယ်၊ ဒါနဲ့ပဲ အသက် ၅၀ ခန့်ရှိ ခပ်ပိန်ပိန် ဆိုက်ကားဆရာကို ငှါးပြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ကို ပို့ခိုင်းခဲ့ပါတယ်၊ တောသား တစ်ယောက်ရဲ့ အတွေးပီပီ အကယ်၍ ပြဿနာ ရှိလာခဲ့သော် ရင်ဆိုင်နိုင်ဖို့ စိတ်ကူးနဲ့ အသက်ကြီးကြီး ခပ်ပိန်ပိန်လူကို တမင်တကာ ရွေးပြီး ငှါး လိုက်ရ ခြင်းပဲ ဖြစ်ပါတယ်၊ ဆိုက်ကားခ ၃ ကျပ်လောက် ပေးခဲ့ရပါတယ်၊ စိတ်ကောင်းရှိတဲ့ ဆိုက်ကားဆရာပါပေပဲ၊မိမိကို သရက်တော ကျောင်းတိုက်နဲ့ကပ်ရက် ရွှေတောင်တန်းလမ်းတိုမှာ ချပေးခဲ့ပါတယ်၊ကျောင်းတိုက်ထဲ ဝင်ဝင်ချင်း တစ်ကျောင်းကျော်လောက်မှာ ကျွန်းကလေးကျောင်းကို ချောမောစွာပဲ ရောက်ရှိသွားခဲ့ရပါတော့တယ်၊ ကျောင်းကို ရောက်ရှိသွားတဲ့အခါမှာ ဦးနန္ဒိယ ဆိုတဲ့ ပလောင်ဘုန်း ကြီးက အပြင်ကိုကြွသွားနေတဲ့ အချိန် ဖြစ်နေ ပြန်တယ်၊ သို့သော် အားလုံးက လှိုက် လှဲ စွာ ကြိုဆိုနေကြ လို့ စိတ်ချမ်းသာရပါတယ်။

## ပဥ္စင်းတက်ရန် အကြောင်းဖန်

မိမိ ရန်ကုန်ကိုရောက်ရှိသွားတဲ့ အချိန်မှာ သင်္ကြန်ကာလ ဒုလ္လဘရဟန်း ပြုလုပ်ကြတဲ့ အချိန်ခါသမယနဲ့ကြုံကြိုက်လို့ နေပါတော့တယ်၊ မှတ်မှတ်ရရ ၄ ပြာရရင် လမ်းသစ်ရိပ်သာလမ်းက ဦး နိုင်လွန် ဆိုသူနဲ့ ဗဟိုစည်၃ လမ်းက ကိုအောင်စိုး ဆိုသူတို့က အဲဒီ ကျွန်းကလေးကျောင်းမှာ ဒုလ္လဘ ရဟန်းခံကြဖို့ အစီအစဉ်တွေ ပြုလုပ်နေကြပါတယ်၊ မိမိအသက်ကလဲ ၂၁ နှစ် ရှိ

နပြီမို့ သူတို့နဲ့အတူ ပေါင်းပြီးပဋ္ဌင်း တက်ဖို့ အကြောင်းဖန်လာပါတော့တယ်၊ ဦးနိုင်လွန် ဆိုသူက ဒီ ကိုရင် ကြီးအတွက် ရဟန်းဒကာ ရှာပေးပါ့မယ်လို့ ေကျာင်ထိုင်ဆရာတော် ကြီးကို လျှောက်ထားပါလေရော၊ တစ်ပတ်လောက် အတောအတွင်းမှာပဲ ရဟန်းဒကာ ရရှိပြီ ဖြစ်ကြောင်း ဆရာတော် ကြီးကို လာရောက်ပြီး လျှောက်ထား အသိပေးခဲ့ပါတယ်၊ အဲဒီကနောက်မှာတော့ မိမိ ရဲ့ ရဟန်းတက်ပွဲမှာ မိဘ ဖြစ်သူများနဲ့ ရွာကဘုန်းကြီးများ ပါစေချင်ရင် ဖိ တ်ကြားလိုက်ပါလို့ ရဟန်းဒကာ လုပ်မဲ့သူက ေ ပြာဆိုလာပါတယ်၊ ဒါပေမဲ့ မိမိရဲ့ ရည်ရွယ်ချက်ရင်းက စာသင်ဖို့ကသာ အဓိကပါ၊ ရဟန်းခံတာ မခံတာ က အကြောင်းမဟုတ်ပါဘူး၊ကြုံ ကြိုက်လို့ ရဟန်းခံလိုက်ပါဆိုလဲ ခံတာပေါ့ လို့ပဲ စိတ်ထဲမှာ ထားရှိနေခဲ့တာပါ၊ တစ်ပတ်လောက်သော အချိန်ကာလမှာ ရွာကနေ ရန်ကုန်ကို ရောက် ရှိနိုင်ဖို့ဆိုတာ လုံးဝ မ ဖြစ်နိုင်တဲ့ အခြေအနေပါ ပဲ၊ ဒါကိုလဲ သိနေလို့ ဘယ်သူ့ကိုမှ ဖိတ်စရာမလိုပါလို့ပဲ ပြောပြလိုက်ရတာ ပါပဲ။

## အဆင့်မမှီလို့ အပယ်ခံရ ပဋ္ဌင်းလောင်းဘဝ

ရဟန်းခံဖို့ ၃ ရက်ခန့်သာ လိုပါတော့တယ်၊ ရဟန်းဒကာ ရှာပေးရှာတဲ့ ဒုလ္လဘရဟန်းလောင်း ဦးနိုင်လွန် ဆိုသူက ကျောင်းကိုရောက် ရှိလာပြီး အား နာစွာနဲ့ပဲ ဆရာတော် ကြီးကို လာလျှောက်တာမှာ အားလုံးက အံ့အားသင့်ရ

ပါတော့တယ်၊ ရဟန်း ဒကာလုပ်မယ်ဆိုတဲ့သူက စိတ် ပြောင်းသွားပါတယ် တဲ့၊ ရဟန်းဒကာ မလုပ် ဖြစ်တော့ဘူးလို့ လာပြီး အကြောင်း ပြန်ပါတယ်၊ ဆရာတော် ကြီးက ရဟန်းဒကာ မလုပ် ဖြစ် ခြင်းအကြောင်းကို မေး မြန်းခဲ့ရာမှာ ဘာ ပြောလာသလဲဆိုတော့ ရဟန်းဒကာလုပ်မဲ့ သူက သူ့မှာ ရဟန်းခံထားတာ၃-၄ ပါးလောက် ရှိခဲ့ပါတယ်တဲ့၊ နောက်ထပ် ဒီ တစ်ပါးပါ ခံလိုက်ရင်တော်ကြာ ဘယ်သွားချင်တယ် စသဖြင့် ခဏခဏ ပိုက်ဆံတောင်းနေပေလိမ့်မယ်တဲ့၊ ဒါ ကြောင့် ရဟန်းဒကာမလုပ်တော့ဘူး လို့ ဆိုပါတယ်၊ တစ်ဆင့် □ကားသိရတဲ့စကားပါပဲ၊ တကယ် ဟုတ် မဟုတ် ဆိုတာကတော့ ဘုရားမှပဲ သိနိုင်တော့မှာပေါ့၊အမှန်တကယ်မှာ အဲဒီ ရဟန်းဒကာ လုပ်ပေးမယ်ဆို တဲ့ မိသားစုတွေကို တစ်ခါမှ မျက် နှာ မ မြင်ဖူးသေးပါ၊ နာမည်ကသာ ကြားသိနေရတာပါ၊ စီးပွါးရေး လုပ်ငန်း ရှင်တစ်ဦးမို့ ရန်ကုန်နေသူများ မသိသူဆိုလို့ မရှိပါ၊ မိမိရဲ့ မွေးရာပါ သဘာဝက မိဘအရင်းဆီကိုတောင်မှ တစ်ခါဘူးမျှ ပိုက်ဆံမတောင်းခဲ့ဖူးပါ၊ ဒါဟာ မိမိရဲ့ မွေးရာပါ ငယ်သွေး ငယ်မာန်ပါပဲ။

နောက်ပိုင်းကျမှပဲ မြို့ ကြီး ပြကြီးမှာ နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ သဘောသဘာဝကို သိရှိခွင့် ရရှိလာပါတော့တယ်၊ များသောအားဖြင့် ရဟန်းဒကာ ခံယူလိုကြတဲ့ ပုဂ္ဂိုလ်များက ကျောင်းထိုင် ဆရာတော်များကို လာရောက်ပြီး လျှောက် ထားကြတာကို မကြာခဏ တွေ့နေရတတ်ပါတယ်၊ ရဟန်းလောင်းရဲ့ အရည်အချင်း သတ်မှတ်ချက် ပါလာတတ်တာကို ကြားနေခဲ့ရပါတယ်၊ ဘာတွေလဲဆိုတော့ တစ်အချက်က ရဟန်းလောင်းမှာ အနည်းတကာ့အနည်းဆုံး ပထမလတ်တန်း အောင် မြင် ထားပြီး ဖြ

စ်ရမယ်၊ နှစ်အချက်က ရုပ်ရည်သနားကမား ရှိရမယ်တဲ့၊ ရဟန်းဒကာများ အနေနဲ့ သူ့ဟာနဲ့သူတော့ ဟုတ်နေတာပါပဲ၊ လုံး၀ အ ပြစ်မဆိုသာပါ၊ ဘာ ဖြ စ်လို့လဲဆိုတော့ ရဟန်းခံဖိတ်စာမှာ ရဟန်းလောင်းရဲ့ ပညာရေး အဆင့်အ တန်း အရည်အချင်း ဂုဏ်ထူးတွေကို ထည့်တတ်ကြတယ်ဆိုတာအားလုံး ရဲ့အသိပဲ မဟုတ်ပါလား၊ ရဟန်းခံပွဲ အလှူတော်မင်္ဂလာနေ့မှာဆိုရင်လဲ ရွှေပွဲ လာ ဧည့်ပရိသတ်တွေကို သူတို့ ရဲ့ ရဟန်းတော်လေးနဲ့ မိတ်ဆက်ပေးရမဲ့ တာ၀န်ကလဲ ရှိနေသေးတယ်လေ၊ ဒါကြောင့်မို့လို့ ပညာအရည်အချင်း နဲ့ ရု ပ်ရည်ရှိ ဖို့ သတ်မှတ်ရတယ်ဆို မဆန်းလှပါဘူး၊ ဒါကတော့ မြို့နေသူတို့ရဲ့ သဘာ၀ အစဉ်အလာ တစ်ခုပါပေပဲ၊ များသောအား ဖြင့် စာသင်တိုက် ကြီးေ တွမှာ ရှင်သာမဏေတွေ အများကြီး ရှိနေတတ်ပါတယ်၊ အသက် ဆယ် နှစ် ၀န်းကျင်လောက်ကတည်းက ကိုရင်၀တ်ကြတာက များပါတယ်၊ ရဟန်းခံ ရ မယ့် အချိန် အသက် ၂၀ ခန့်လောက်မှာ ငယ် လတ် ကြီး စာမေးပွဲတင်မက ဓမ္မာစရိယ စာချတန်းအထိ အောင် မြင်ပြီးသူတွေလဲ ရှိတတ်ပါတယ်၊ ဒါေြ ကာင့် မို့လို့ ရဟန်းဒကာ တို့ရဲ့ ဆန္ဒအတိုင်း သူတို့ရဲ့ ဂုဏ် ဒြဒ်နဲ့ ကိုက်ညီ ေ လျှာက်ပတ်တဲ့ ရဟန်းလောင်း တစ်ပါးပါး ကို ဆရာတော်များက ရွေးပေးေ လ့ ရှိတတ်ပါတယ်၊ မိမိကို ရဟန်းခံပေးမယ့် ဒကာကဆိုရင် မြန်မာနိုင်ငံရဲ့ အောက်ပြည် အောက်ရွာမှတော့ သူတို့ရဲ့ စီးပွားရေးနာမည်ကို ပြောလိုက် တာနဲ့ မသိတဲ့သူရယ်လို့ မရှိပါ။

မိမိရဲ့ အဖြစ်ကို တွေးကြည့်လိုက် ပြန်တော့ ကောင်းကောင်းြ ကီး သဘောပေါက် နားလည်မိလိုက်ရပါတော့တယ်၊ မွေးရပ်ဌာနေ ကဆိုရင်

လဲ  ရှမ်းပြည်နယ်ထဲက  တောင်ပေါ်ဒေသ တစ်နေရာမှာပါ၊ လောကီ အတန်းကျောင်း ပညာရေးကဆိုရင်လဲ မူလတန်းအဆင့်ထဲရယ်ပါ၊  ဘုန်းကြီးကျောင်းပညာရေး အဆင့်အတန်းကို ကြည့်လိုက် ပြန်တော့ ဘာကိုဘာမှ မရှိဗလာနတ္ထိပါပဲ၊အသက် ၂၀ ရောက်တော့မှ  နမောတဿ ရဲ့ အဓိပ္ပါယ်ကို  ခုမှပဲ သိခွင့်ရခဲ့ရှာတဲ့ တောသားတစ်ယောက်ပါ၊  ပညာအရည်အချင်းကသာ  မရှိတာမဟုတ်ပါ၊ ရုပ် ရည်ကလဲ လုံးဝ မရှိပါ၊   လူ့ဘုံ ပရိတ်သတ် အလယ်မှာဒီကိုယ်တော်လေးက  ဒို့များ ရဟန်းခံပေးတဲ့ သူပါ -လို့   ရဟန်းဒကာများ ဂုဏ်ယူနိုင်လောက် တဲ့  ရုပ်ရည် ဥပကာယ ကလဲ ရှိမနေရှာလေဘူး၊ အဲဒီလိုအဖက်ဖက်က အဆင့်မမှီပဲ  အပယ်ခံခဲ့ရတာ အဆန်းတော့မဟုတ်တော့ပါ၊ ကြောင်းကျိုးညီညွတ် မျှတလှကြောင်း  ဝန်ခံရပေမှာပဲ၊ ကံအကျိုးပေး အတိုင်း  ဖြစ်ရပေမှာပဲလေ။

## ရဟန်းတစ်ခါ  ပေါ်ပေါက်လာ

ရဟန်းခံဖို့ သတ်မှတ်ထားတဲ့ရက်က  လွန်စွာကပ်လို့နေပါပြီ၊ရဟန်းဒကာ လုပ်ပေးမယ်လို့ ပြောထားတဲ့သူ  စိတ်ပြောင်းသွားကြောင်း အသက်၈၀ ခန့်ရှိ  ကျောင်းကပ္ပိယကြီး အဘိုးဦးစံ မြ ဆိုသူက သိရှိသွားပုံရပါတယ်၊ မိမိကို အလွန်သနားသွားပုံလဲရပါတယ်၊ အဲဒါနဲ့ ဆရာတော် ကြီးကို သူကသွားလျှောက်ပါတော့တယ်၊သူက ဘာ ပြောသလဲဆိုတော့   ကိုယ်တော်လေးကို သူသနားပါတယ်တဲ့၊ ဆရာတော် ကြီးက လက်ခံမယ်ဆိုရင်  သူကပဲ ရဟန်းခံပေးပါ့မယ်၊ ရဟန်းဒကာ အနေနဲ့ကတော့ သူ့မှာမတတ်နိုင်ဘူး၊ ရဟန်း

တစ်ခါလောက်ပဲ  တတ်နိုင်မယ်တဲ့၊ " ရဟန်းတစ်ခါ" ဆို သည်မှာ ရဟန်း ဖြစ်ရုံ   ဒီတစ်ခါမျှလောက်သာ ပရိက္ခရာများကို လှူ ဒါန်းပေးနိုင်မှာ ဖြစ်ပြီး တောက်လျှောက် အမြဲထာဝရ တာဝန်ယူထောက်ပံ့ဖို့ဆိုတာ သူ့အခြေအနေ အရ လုံးဝ မ ဖြစ်နိုင်ဘူးလို့ ဆိုလို ခြင်း ဖြစ်ပါတယ်၊  သူ့ခမျာ မှာ ဘုန်းကြီးကျောင်းမှာ ကပ်ပြီးနေရသူ ဖြစ်သလို  ဥပုသ်နေ့မှာ ဥပုသ်လာစောင့်ကြတဲ့ တချို့ သောပုဂ္ဂိုလ်တွေက  တစ်ကျပ် ငါးမူး ပေးလှူတာကိုစုဆောင်းထားတဲ့ ငွေတွေ ကျပ် ၁၆ဝ လောက်ရှိကြောင်း ပြော ပြလာပါတယ်၊  အာဏာကုန်  အဲဒီလောက်ပဲ ရှိပါတယ်တဲ့၊   ဆရာတော် ကြီးက မိမိကို ခေါ် ပြောပါတယ်၊  ဒီဒကာကို ကိုယ်တော် လက်ခံလိုက်ပါ၊ နောင် သင်္ကန်း လိုအပ်လာရင်  သူမလှူနိုင်လဲ ကိစ္စ မရှိပါဘူး၊ငါကပေးမှာပေါ့လို့ အားပေးရှာပါတယ်၊ ကျေးဇူးတော် ကြီးလှပါပေတယ်၊ ဒကာရဲ့ မေတ္တာ စေတနာတရားကို သာဓုခေါ်မိပါတယ်၊  တစ်သက်မေ့နိုင်ဖွယ် မရှိပါ။

ရဟန်းခံတဲ့နေ့မှာ   မှတ်မှတ်ရရ ပြောရရင်    သင်္ကန်းသုံးထည်,သပိတ်တစ်လုံး, သံသေတ္တာလေးတစ်လုံး , ခြင်ထောင်, စောင်,ခေါင်းအုံး, မုံရွာက ယက်လုပ်တဲ့ ၃ ကျပ်တန် အခင်းကြမ်းတစ်ထည်နဲ့ ဝတ္ထုငွေ ၅ ကျပ် လှူဒါန်းတာကို လက်ခံရရှိခဲ့ပါတယ်၊  ရဟန်းဒကာကြီး ကုသိုလ်ရပါစေဆိုပြီး အဲဒီ သုံးကျပ်တန်အခင်းကို တန်ဘိုးထား ခင်းအိပ်ခဲ့ပါတယ်၊ ဖြူစင်တဲ့ မေတ္တာ စေတနာ သဒ္ဓါတရားနဲ့ လှူဒါန်းလာသမျှ တွေဟာ တန်ဖိုးမ ဖြတ်နိုင်ပါ၊ လေးစားဂုဏ်ယူ ချီးကျူး ဂုဏ် ပြုပေးရမယ်မဟုတ်ပါလား။

## ရဟန် းဘ၀ ရောက်ရှိလာ သရက်တောမှာ

မြန်မာသက္ကရာဇ် ၁၃၂၈ ခုနှစ် တံခူးလဆုတ် ၇ ရက်၊ ခရစ်သက္ကရာဇ် ၁၉၆၇ ခုနှစ် မေလ ၁ ရက်၊ တနင်းလာနေ့ ၊နံနက် ၇ နာရီ ၅၅ မိနစ် အချိန် မှာ တခြား ဒုလ္လဘ နှစ်ပါးနဲ့အတူပေါင်းပြီး မြင့် မြတ်သော ရဟန်းအ ဖြစ်သို့ ရောက်ရှိခဲ့ရပါတယ်၊ ဥပဇ္ဈာယ်ဆရာတော်မှာ ဇေယျာသိင်္ဂီကျောင်းဆရာတော်ဘုရားကြီး ဦးကဝိန္ဒ ဖြစ်ပါတယ်၊ နောက်ပိုင်းမှာတော့ အဲဒီ ဒုလ္လဘဒကာနှစ်ဦးရဲ့မိသားစုတွေက မိမိရဲ့ ဆွမ်းခံအိမ် ဒကာတွေ ဖြစ်သွားရပါတော့တယ်။

## ဆွမ်းရေးကိစ္စ ဖိတ် ကြရ စာသင်သားများဒုက္ခ

မန္တလေးမှာဆွမ်းခံရတာနဲ့ ရန်ကုန်မှာ ဆွမ်းခံရတာ မိုးနဲ့ မြေလိုပဲ လွန်စွာမှ ကွာ ခြားလှပါတယ်၊ ရန်ကုန်မှာ မနက်၉ နာရီလောက်မှ ဆွမ်းခံ ထွက်□ကရတာပါ၊ဖိတ်ကြားထားတဲ့ အိမ်မှာ သွားရောက်ပြီး ဆွမ်းအလှူခံ လိုက် ရုံပါပဲ၊ ဆယ်အိမ်ဝန်းကျင်လောက်ဆိုရင် သပိတ်အ ပြည့် ရရှိလို့နေပါပြီ၊ ဆွမ်းခံအိမ်ဆိုတာ ဒကာ / မများက သံဃာများကို ဖိတ်ကြား ခြင်းထက် ရဟန်းများက အိမ်တွေမှာ သွားရောက်ပြီး ဆွမ်းခံအိမ်အ ဖြစ် ကြွလိုပါကြောင်း ဖိတ်ကြားကြရတာကပဲ များလှပါတယ်၊ ဒါကတော့ ရန်ကုန်မြို့မှာ နေထိုင်□ကရတဲ့ စာသင်သားများရဲ့ ဘ၀ အခြေအနေတစ်ခုပါပဲ၊ မိမိအဖို့မှာတော့ အဲဒီ

လို ဆွမ်းခံအိမ် သွားဖိတ်ဖို့ လုံးဝ  အရည်အချင်း မရှိ    မ ဖြစ်နိုင်တဲ့ ကိစ္စကြီး တစ်ခုပါပဲ၊ ကျောင်းမှာ အတူနေ   ဦးစိန္တာမယ ရဲ့ကျေးဇူး  ရဲစွမ်းသတ္တိ ပြော တတ်ဆိုတတ်မှု နဲ့ပဲ ဆွမ်းခံအိမ်ကို ရရှိခဲ့ရပါတယ်၊ ဘဝတစ်သက်တာမှာ  မေ့ မရတဲ့ ဆွမ်း ခံအိမ် ဖိတ်ပေးခဲ့တဲ့  အနန္တ ကျေးဇူး ရှင် ကြီးတစ်ပါးပါပေပဲ၊ ဆွမ်းခံ အိမ်တစ်အိမ် ရဖို့အရေး ဘယ်လောက်ထိ     ရှေ့ မျက် နှာကို  နောက် ထား အရဲစွန့်ပြီး  ဖိတ် ကြားခဲ့ရတယ်ဆိုတာ မျက် မြင် ကိုယ်တွေ့ပါပဲလေ၊ ဖိတ်ကြားတဲ့အိမ်တိုင်းက လက်ခံခဲ့တာ မဟုတ်ပါ၊   လက်မခံ နိုင် ကြောင်း သူ့   အ  ကြောင်းပြနဲ့သူ က ရှိနေ ပြန်ပါတယ်၊ မိမိအဖို့မှာတော့  ခပ်ကုတ်ကု တ်နဲ့ပဲ ခေါင်းငုံ့ပြီး ဦးစိန္တာမယရဲ့ နောက်ကို   မှီပြီး ထိုင်ရင်း ရင်ထဲမှာတော့ တဒိတ်ဒိတ်နဲ့ပါပဲ၊  ရှက်စိတ်  ကြောက်စိတ် အားနာစိတ် တွေ နဲ့  လွှမ်းမိုးပြီး နေ နခဲ့ရပါတယ်၊ မိမိအစွမ်းအစ နဲ့ဆို လုံးဝ မဖြစ်နိုင်တဲ့ အခြေအနေပါ၊ ဆွမ်းခံ အိမ်  ဖိတ်စရာမလိုတဲ့ နေရာတွေဆီကို ပြောင်းရွှေ့ နေထိုင် ရုံ မှ တပါး   တခြ ခားရွေးစရာ နည်းလမ်းမ ရှိတော့ပါ၊ ဒါကြောင့် မို့လို့ ဦးစိန္တာမယ ကို ကျေးဇူး တင် ဂုဏ်ယူလို့မဆုံး ရှိခဲ့ရပါတော့တယ်၊ မိမိအတွက် အရဲစွန့် မျက် နှာ အပူ ခံပြီး ပြောပေးရှာတဲ့ မေတ္တာရှင်တစ်ဦးပါပေပဲ၊  လောကကြီးမှာ ဒီလိုပုဂ္ဂိုလ် မျိုး ဘယ် နှစ်ဦးလောက် ရှိ နိုင်မှာတဲ့လဲ၊ မိမိကိုယ်၌ကဆိုရင်  ဘယ်လိုမှ ပြေ ပြ ဟရဲမှာမဟုတ်ပါ၊ အသေခံ လိုက်ဖို့သာ ရှိရပါလိမ့်မယ်၊ ဒီဘဝမှာ မရဲ ရေးချ မရဲပါ၊ ကိုယ့်စိတ်နဲ့  နှိုင်းယှဥ်ကြည့်ပြီး  မိတ်ဆွေ ဖြစ်သူရဲ့ မေတ္တာ စေတနာ ကို  တန်ဖိုးထားရတော့တာအမှန်ပါပဲ၊ ရန်ကုန်မြို့  လမ်းမတော်မြို့နယ်မှာ နှ စ်ပေါင်း ၂၀ ကျော်ကြာမျှ  ဆွမ်းလောင်းလှူပေးကြတဲ့ ဒကာ/ မ များရဲ့ ကျေး

ဇူးတရားကလဲပဲ ပြော ပြလို့ မကုန်နိုင်လောက် အောင် များ‌ေ မြာင် ကြီးမား လှပေတာအမှန်ပါပဲ။

## ဆင်းရဲလိုက်တာ    ပထမအရွယ်မှာ

မိမိရဲ့အတိတ်ဘဝ   ကုသိုလ် ပြုစဥ်က  ပုဗ္ဗစေတနာ မကောင်းခဲ့ရှာလို့နဲ့တူပါတယ်၊ ဒါကြောင့်မို့လို့ ဒီဘဝ မိမိရဲ့ပထမအရွယ်မှာ အစစအရာရာ သိပ်ပြီးအဆင် ပြေလှတယ်လို့ မရှိခဲ့ပါ၊ ကံတရားဆိုတာ သိပ်ပြီးဆန်းကြယ်လှပါတယ်၊ ပြုခဲ့တဲ့ကံတရားအတိုင်း ကောင်းကျိုး ဆိုး ပြစ်ကို မလွဲမသွေ ရရှိခံစားစံစားကြရမြဲပါ၊ မိမိရဲ့လူ့ဘဝ  ငယ်စဥ်တုံးကစပြီး သက်သတ်လွတ်စားလာခဲ့သူမို့  မနက်ဆွမ်းကိစ္စကို ပဲ ပြုတ်နဲ့ပဲ  တင်းတိမ်မျှတ ပြီးစီးခဲ့ရပါတယ်၊အမှန်အတိုင်း  ပြောပြရရင် ဆွမ်းတစ်လုပ် စားတိုင်း ဆွမ်းဟင်းအ ဖြစ်နဲ့ ပဲ ပြုတ်  ၂ စေ့ ၃ စေ့ မျှလောက်နဲ့ပဲ မျှတပြီးဘုဥ်းပေးနေရတာပါ၊ ပိုက်ဆံက သိပ်မရှိ ဖြစ်နေတော့ ချွေတာပြီး  သုံး နေရတာပါ၊ မနက်တိုင်းဆိုသလို   ပဲ ပြုတ်နဲ့ပဲ ဆွမ်းကိစ္စပြီးနေရတာ ဖြစ်လို့ မိမိကို အဖေါ်တွေက " ပဲ ပြုတ်" လို့ပဲ နောက် ပြောင်ပြီး နာမည်  ခေါ် ကြတဲ့အထိပါပဲ၊  လာဘ် လာဘ ရပေါက်ရလမ်းကလုံးဝမရှိပါ၊ ရပ်ရွာ ဖက်က ဆရာသမား မိဘဆွေမျိုးများကလဲ မိမိကို အထင် ကြီးပြီး နေကြပါတယ်၊   ရန်ကုန် မြို့တော် ကြီးမှာ  ရဟန်းခံပြီး နေတာ ဖြစ်လို့ အစစအရာရာ ဟန်ကြလို့  ရှိ နေပေမှာပဲလို့ ပေါ့လေ၊  ပဲ ပြုတ်

၂-၃စေ့ နဲ့ ထမင်း တစ်လုတ် စားနေရတယ်ဆိုတာ သူတို့ခမျာ မသိရှာကြပေပဲ ကိုး၊ သိသာ သိကြရရင် သနားပြီး ငို ရှာကြပေမှာ အမှန်ပဲ၊ မိမိနေထိုင်တဲ့ ကျောင်းမှာ ပထမဆုံးစတင်ပြီး စာသင်တိုက် ဖွင့်လှစ် ခြင်းလဲ ဖြစ်ပါတယ်၊ ကျောင်းမှာ လာဘ်လာဘ သိပ်မရှိလှပါ၊ကြာကြာ မှ တစ်ခါ ဆွမ်းစား ကွမ်းစား ဖိတ်ကြားတာ ရှိတတ်ပါတယ်၊ မိမိအနေနဲ့ မလိုက်လိုပါ၊ဒါ ကြောင့် ဆရာတော်ကိုကြို တင် လျှောက်ထားခဲ့ပါတယ်၊ အကြောင်းကတော့ဒီလိုပါ၊ ဆွမ်းစားအိမ်ရောက်သွားတဲ့အခါမှာ သက်သတ်လွတ် တစ်ပါး ပါတယ်ဟေ့ လို့ ပြော လိုက်တယ်ဆိုရင်ပဲ အိမ်ကလူတွေ အကုန်လုံး ပျာယာခတ်သွားကြတာကို တကြိမ်တစ်ခါ မှာ ကိုယ်တိုင်ကြုံတွေ့ ခဲ့ရတာ ဖြစ်လို့ပါပဲ၊ မိမိ အတွက်နဲ့ တပါးသောသူတွေ ဒုက္ခ မများစေချင်တာက မိမိရဲ့ မူရင်းဗီဇ စိတ်ရင်းစေတနာ အမှန်ပါပဲ၊ သံဃာအရေအတွက်မ ပြည့်လို့ အလွန်လိုအပ်တဲ့အခါမျိုးမှာသာ ဆွမ်းစား လိုက် ဖြစ်ခဲ့တာပါ၊ ဟိုခေတ်အခါ အ ခြေအနေနဲ့ ပြောရရင် ကထိန်ခေတ်အခါ လိုမျိုး တစ် နှစ်မှာတစ်ခါ ကျင်းပရတဲ့ အလှူကြီး မှာ ဆိုရင်လဲပဲ သိမ်တော် ကြီးထဲမှာ သံဃာများကို မဲဖေါက်ပြီး လှူတဲ့ အခါမှာ ထီးတစ်လက်, ပြက္ခဒိန်တစ်ခု, သင်းပိုင် တစ်ထည် မျက် နှာသုတ်ပုဝါ တစ်ထည် စသည် ဖြင့် ရကြတာကပဲ များလှပါတယ်။

ဝါဆိုကာလ အခါသမယမှာ ဆိုရင်လဲ သံဃာစေ့ ဝါဆိုသင်္ကန်း မရရှိကြပါ၊ ကျောင်းမှာ ရရှိထားတဲ့ လာဘ်လာဘ ဆပ် ပြာ ထီး ဘိနပ် စတာတွေကို မဲ နှိုက် ယူကြရပါတယ်၊ သင်းပိုင် တစ်ထည်မဲပေါက် ရရှိတဲ့ သူဆိုရင်တော့ ကံကောင်းတဲ့သူပဲလို့ ဆိုရတော့မလိုပါပဲ၊ မိမိရဲ့ အတိတ်ကံ အား ပု

ဗွစေတနာ ကြောင့်ဘဲလား မ ေ ပြာတတ်ပါဘူး၊ အောင်ပါလေ မဲ နှိုက်တဲ့နေ ရာမှာ သိပ်ပြီး အကျိုး မပေးတာကတော့အမှန်ပါပဲ။

ဆင်းရဲကျိုးနပ်အောင် ပြုကျင့်ဆောင်

အခြေအနေ အရပ်ရပ်မှာ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာကို သတိ ပြုမိခဲ့တဲ့အတိုင်း ဘ၀ မြှင့်တင်ရေးအတွက် သံမဏိ အဓိဋ္ဌာန်တစ်ခု ပြုခဲ့လိုက်ရပါတော့တယ်၊ မိမိရဲ့ အဓိဋ္ဌာန်ချက်က ဘာလဲဆိုတော့ အစိုးရ ဓမ္မာစရိယ စာချတန်းကိုမှ မအောင် ရင် မွေးရပ်ဌာနေကို မ ပြန်ဘူး လို့ ဆိုတာပါပဲ၊ မိမိရဲ့ ရဟန်းသစ်ဘ၀မှာ အသက် ၁၀ နှစ်ဝန်းကျင်ခန့် ရှိကြတဲ့ ကိုရင်တွေနဲ့အတူ ကစ္စည်းသဒ္ဒါကျမ်းကို တက်ရောက် သင်ယူခဲ့ရပါတယ်၊ ကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းအရ ကိုယ့်အလှည့်ကျလို့ သဒ္ဒါ ရုပ်တွက် လုပ်ရတဲ့အခါမှာ မှန်ကန်စွာ ရုပ်ပြီးအောင်မတွက်နိုင်ဘူးဆိုရင် မတ်တတ်ရပ်ပြီး လက်ပိုက်ထားရပါတယ်၊ ဒဏ်ပေးတဲ့သဘောပါပဲ၊ နောက်တကျော့ ကိုယ့်အလှည့် ပြန်လည်ရောက် ရှိ လာတဲ့အခါမှာမှ ထိုင်ပြီး သဒ္ဒါ ရုပ်တွက် လုပ်ရ ပြန်ပါတယ်၊ ဘ၀မှာ ပထမဆုံးအကြိမ် သင်ကြားရတာ ဖြစ်လို့ သဂြိုဟ်ကျမ်း သင်ရတာထက်တောင် ပိုပြီးခက်ခဲလှတယ်လို့ ခံစားခဲ့ရပါတယ်၊ မှတ်မှတ် ရရ တစ်ခါလောက်တော့ မတ်တတ်ရပ် ဒဏ်ပေးခံထိဖူးပါတယ်၊ ပညာရေးအတွက် စိတ် ဓါတ် မကျတဲ့အ ပြင် အားဆေးတစ်ခွက် သောက်လိုက်သလို စာကိုပိုပြီးကြိုးစားလိုစိတ် မြင့်တက်ခဲ့ရ ပြန်ပါတယ်၊ ကျောင်းမှာ ၈ ရက်ဥပုသ်နေ့တိုင်း အစမ်းစာမေးပွဲ ေ ဖြဆိုကြရပါတယ်၊ စာမေးပွဲ ေ ဖြဆိုတဲ့အခါမှာ

သတ်မှတ်ထားတဲ့အောင်ချက်မမှီဘဲ  တစ်မှတ်လောက် လိုနေမယ်ဆိုရင် မီးဖိုချောင်သုံး  ထင်းတုံး ၅ တုံးခန့်ကို  ခွဲစိပ် ကြရပါတယ်၊ ၅ မှတ်ကျသမားဆိုရင်တော့ ၂၅ တုံး ဒဏ်ဆောင်ပြီး ခွဲစိပ်ပေးကြရပါတယ်၊ အရှက် ရှိလာအောင်  လုပ်ဆောင်ပေးတဲ့သဘောပါပဲ၊  မိမိမှာ ပထမဆုံး အကြိမ်နဲ့ နောက်ဆုံးအကြိမ် အဖြစ် စာအောင်မှတ် မမှီလို့ ဒဏ်ထိဖူးပါတယ်၊ လူ မြင်ကွင်းမှာ ထင်းခွဲ ရတာကို ရှက်လွန်းလို့ လူသူမ မြင် ရတဲ့  လှေခါးအောက်မှာ ဝင်ပြီး ထင်းခွဲခဲ့ရပါတယ်၊ လှေခါးရဲ့ တစ်ဖက်မှာက ကျောင်းနံရံ ကျန်တစ်ဖက်မှာ က သွပ် ပြား နဲ့ ကာရံထားလို့  အထဲမှာ နေတဲ့လူကို ဘယ်သူမှ မ မြင်နိုင်လို့ပါပဲ၊ လှေခါးအောက်မှာ ထင်းခွဲနေတုံး  တစ်ချို့ သောကိုယ်တော်တွေက ရွတ်နောက်နောက်နဲ့  လှေခါး အတက်အဆင်းမှာ  ခြေသံ ပြင်း ပြင်းနဲ့  တမင်တကာ လုပ်တဲ့သူတွေလဲ ရှိနေ ပြန်ပါတယ်၊ ည ဘက်  စုပေါင်းဘုရား ရှိခိုးပြီးတဲ့အချိန်ခါမှာတော့  သံဃာများကို တိုင်ကြားရပါတယ်၊ " ပေးထားတဲ့ဒဏ်ကို  မိမိ ဆောင်ရွက်ပြီး  ကြောင်းပါဘုရား" လို့ အစိပ္ပါယ် ရှိတဲ့   ပါဠိ ကို  ၃ ကြိမ် ရွတ်ဆိုပြီး တိုင်ကြားခဲ့ရပါတယ်၊ အဲဒီနောက်မှာ သံဃာထုက သာဓု၃ကြိမ် ခေါ်ဆိုကြရပါတယ်။

ဘဝမှာ အားနည်းချက် ရှိနေတာမှန်သမျှ ဟာ  ဘဝတက်လမ်း ရှိဖို့အတွက် တွန်းအား သဖွယ်  အားဆေးတွေ အ ဖြစ်  ရယူ သောက်သုံး မိခဲ့ရပါတော့တယ်၊ တန်ဘိုး ဖြတ်လို့ မရနိုင်တဲ့  ဘဝ မြှင့်တင်ရေး မဟာအားတိုးဆေးကြီးတွေပါပဲ။

Monday, December 16, 2019

မွန်းလွဲမှ လှန်းတဲ့စပါး    နာနာမွေ့ပေးရ

ကျောင်း ရှိသံဃာများ မနက် ၄ နာရီလောက်မှာ အိပ်ရာကထကြပါ တယ်၊ ည ၁၂ နာရီဝန်းကျင်လောက်မှာမှ အိပ်ရာဝင်အနားယူကြပါတော့တ ယ်၊ ဒါ ကြောင့်မို့လို့ နေ့ဆွမ်းဘုဥ်းပေးပြီးကြတဲ့အခါမှာတော့ မွန်းလွဲ ၁ နာရီ အထိ အနားယူကျိန်းစက် ကြရပါတယ်၊ မိမိအဖို့မှာတော့ အသက်၂၁ နှစ်ကျ မှပဲ ဗုဒ္ဓစာပေကို စပြီးသင်ကြားရတာ ဖြစ်လို့ အများတကာတွေ အနားယူ အိ ပ်မောကျနေသလို လိုက်ပြီးအိပ်မောကျနေလို့ကတော့ မ ဖြစ်ချေဘူးလို့ အသိဝင်မိခဲ့ပါတယ်၊ ဒါ ကြောင့် ကိုယ့်စည်းမျဥ်းနဲ့ကိုယ် ထားလိုက်ရပါတော့ တယ်၊ အဲဒါက ဘာလဲဆိုတော့ " နေမကောင်းသည်မှအပ နေ့ခင်းနေ့လည် လုံးဝအနားယူကျိန်းစက် ခြင်းမ ပြုပါ" ဆိုတဲ့စာတမ်း ကိုရေးပြီး ခေါင်းရင်း မှာ ကပ်ထားခဲ့ပါတယ်၊ စာသင်သားတွေရဲ့ ဘဝဆိုတာ သင် ဖြူးဖျာ တစ်ချ ပ်စီ တန်းစီပြီး ကျိန်းစက် ခဲ့ရပါတယ်၊ အဲဒီသင် ဖြူးဖျာ တစ်ချပ်ပေါ်မှာပဲ စာ ကျက် စာအံ စာ ပြန် စာရေး လုပ်ကြရပါတယ်၊ စာမေးပွဲ အဆင့်ဆင့် အောင်ြ မင်ဖို့ ဆိုရင် စာ ကျက်ဉာဏ်ရော သဘောဉာဏ်ပါ ရှိကြရပါတယ်၊ ဆိုင်ရာ ဘာသာရပ် တိုင်းရဲ့ ပါဠိတွေကို အာဂုမ် အလွတ် ကျက်မှတ်ရသလို သဘေ ဘာဉာဏ်လဲ သိရှိထားပါမှ စာမေးပွဲ ကို အောင် မြင်နိုင်မှာပါ၊ တစ်ပတ်စာ ကျက်ထားခဲ့တာမှန်သမျှ ကို သက်ဆိုင်ရာ ဘုန်းကြီးများဆီမှာ သွားရောက်ြ ပီး ရွတ် ပြကြရပါသေးတယ်၊

လ ပြည့် လကွယ်တိုင်း ေ ဖြဆိုထားတဲ့ ကျောင်းအစမ်းစာမေးပွဲ ေ အာင်ရှုံး စာရင်းကို အများရဲ့ မြင်ကွင်း တိုင်, နံရံ တစ်နေရာရာမှာ ကပ်

ထားပေးခဲ့ပါတယ်၊ မိမိ အဖို့မှာ ပထမဦးဆုံး အစမ်းစာမေးပွဲမှာ သာ ကျခဲ့ဖူးခြင်းပါ၊ ကိုယ်အား ဉာဏ်အား ရှိသမျှ အတတ်နိုင်ဆုံး နေ့နေ့ညည ကြိုးစားခဲ့ရတဲ့ ကျေးဇူး ကြောင့် တိုးတက် အောင် မြင်မှု ရှိလာရပါတော့တယ် ၊ ဆွမ်းခံ ထွက်တဲ့ အခါမှာလဲ ရပြီးတဲ့စာတွေကို မ ပြတ် ရွတ်ဆိုပေးနေရပါတယ်၊ အပေါ့ အလေး သွားတဲ့အခါမှာလဲပဲ ပါးစပ် တလှုပ်လှုပ် တတွတ်တွတ်နဲ့ ရပြီးစာတွေကို ရွတ်ဆိုပေးနေရပါတယ်၊ တစ်ခါတစ်လေမှာ နေမကောင်းထိုင်မသာ အဖျားရှိလာတဲ့အခါမှာ အိပ်မက်ထဲမှာ ယောင်ပြီးတော့တောင် ပါဠိစာတွေကိုပဲ ရွတ်နေမိကြောင်း ဘေးကသူတွေ ပြန်ပြော ပြလို့ သိခွင့်ရခဲ့ပါတော့တယ်။

၃-၄ လလောက် ရရှိလာတဲ့ အခါမှာတော့ မိမိရဲ့ကြိုးစားအားထုတ်မှုလုံ့လဝီရိယ နဲ့ အစမ်းစာမေးပွဲအောင်မှတ် တိုးတက်မှု ရှိလာတဲ့အပေါ် သတိ ပြုမိတဲ့ စာချဆရာဘုန်းကြီးက အစိုးရပထငယ်တန်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုဖို့ တိုက်တွန်းခဲ့ပါတယ်၊ ဒါနဲ့ပဲ ဆိုင်ရာ Form ပုံစံကို ဖြည့်စွက်ပြီး ရီဂျစ္စတာ လုပ်လိုက်ရပါတော့တယ်၊ စာမေးပွဲ ဖြေဆိုဖို့အတွက် မှတ်ပုံတင် ဓါတ်ပုံ ရိုက်ခဲ့ရပါတယ် ၊ မိမိရဲ့ဘဝ မှာ ဒီတစ်ခါဟာ ပထမဦးဆုံး အကြိမ် ဓါတ်ပုံရိုက်ခဲ့ ခြင်းပဲ ဖြစ်ပါပေတော့တယ်၊ ငယ်ငယ်တုံးက ဓါတ်ပုံဆရာ ရွာမှာ ရောက်လာတဲ့အခါမှာ လူတွေက မိသားစုတွေနဲ့ အမှတ်တရ ဓါတ်ပုံရိုက် တတ်ခဲ့ကြပါတယ်၊ မိမိမှာတော့ ဓါတ် ပုံ ရိုက်ခံရမှာကို ရှက်လို့ အဝေးတစ်နေရာကို ရှောင်ပြေးနေခဲ့ရပါတယ်၊ အမျိုးသမီးတွေနဲ့ မျက် နှာချင်း ဆိုင် ပြီး စကား ပြောရတာကိုလဲ မဝံ့မရဲ ခံစားခဲ့ရတတ်ပါတယ်၊ ဘာ

ကာင့်ရယ်လို့တော့ မ ပြောတတ်ပါ၊ ဘုန် းကြီးဖြစ်ဖို့ ဇာတာပါလာလို့ပဲ ဖြစ်ေကာင်း ဖြစ်ပေမှာပဲ။

ဘဝတစ်သက်တာမှာ အပျော်ဆုံးနေ့ပါ

ဆရာသမား တိုက်တွန်းချက်အရ စာမေးပွဲ ဖြေ ဆိုဖို့ မှတ်ပုံတင်လဲ ပြုလုပ်ပြီးပါ ပြီ၊ အတတ်နိုင်ဆုံးလဲ မပြတ်ကြိုးစားခဲ့ပါတယ်၊ ကျောင်း ပြင်ကို မထွက်ခဲ့သလောက်ပါပဲ၊ လိုအပ်တဲ့ ဆပ် ပြာ ,သွားတိုက်ဆေး ,စာအုပ်များ ရှိရင်လဲပဲ လူကြုံ တွေကိုပဲ အကူအညီတောင်းပြီး ဝယ်ခိုင်းစေခဲ့ရပါတယ်၊ အခါကြီး ရက် ကြီးကလွဲလို့ ရွှေတိဂုံ ဘုရားကိုတောင် သွားရောက်ပြီး ေတာ့တောင် မဖူးေ မြှော်နိုင်ခဲ့ပါ၊ မိမိတို့နေထိုင်ခဲ့ရတဲ့ ကျောင်းဟာ သစ်သားေကျာင်း ဖြစ်ပါတယ်၊မိမိ အိပ်ရာရဲ့ ေ ခြရင်း လှေခါးထိပ်နားမှာ တိုင်တစ်တိုင် ရှိနေပါတယ်၊ နေ့တိုင်းဆိုသလို အဲဒီတိုင်ကိုမှီပြီး နာရီ များစွာကြာ ထိုင်ပြီး စာကျက်ခဲ့ရပါတယ်၊ မိမိရဲ့ အကျင့်ဆိုးတစ်ခုက သတ်မှတ်ထားတဲ့စာ မရမချင်း မထတတ်ဘူး ဆိုတာပါပဲ၊ မိမိထသွားပြီးတဲ့ အခါ အဲဒီနေရာကို နင်းမိတဲ့ သူတိုင်း ပုံမှန်မဟုတ်တဲ့အပူကို တွေ့ထိခံစားကြရတာ ဖြစ်လို့ လန့်ဖြန့်ပြီး ခုန်မိကြတာကို မကြာခဏ တွေ့ခဲ့ရနေကျပါပဲ၊ မိမိရဲ့ ခန္ဓာကိုယ် အပူငွေ့ကြောင့်ပါပဲလေ၊

ဒီလိုနဲ့ပဲ စာကိုကြိုးစားရင်း အစိုးရ ပထ ပြန် စာမေးပွဲကြီး ေ ဖြဆိုဖို့ အချိန် ရောက်ရှိလို့ လာပါတော့တယ်၊ စားမေးပွဲ ဖြေဆိုဖို့ တစ်ရက်သာ လိုပါတော့တယ်၊ မိမိမှာ ရွာမှာ စထွက်လာစဥ်ကတည်းက ဝတ် ရုံလာခဲ့တဲ့ သင်္ကန်း ၃ စုံကလဲ အတော့်ကို ဟောင်းနွမ်းလို့ ရှိလာပါပြီ၊ မနက်ဖန်ခါ စာေ

မးပွဲ သွား ေ ဖြတ့်အခါမှာ ဝတ်ဖို့ ရဟန်းခံစဥ် တုံးက ရဟန်းဒကာကြီး လှူဒါ
န်းထားတဲ့ သင်္ကန်းက ဒီ ပြင် ရှိထားတဲ့ သင်္ကန်းနဲ့ စာရင် သစ်လွင် မှု အနည်း
ငယ်ရှိနေပါသေးတယ်၊ လဲလှယ်ပြီး ဝတ်လာခဲ့တာ တနှစ်နီးပါးမျှသာ ရှိနေေ
သးလို့ပါပဲ၊ ဒါနဲ့ အဲဒီသင်္ကန်းကို ညကတည်းကလျှော်ဖွတ်ပြီး အိပ်ရာ ေ ခြရ
င်းမှာ ရှိတဲ့ကြိုးတန်းပေါ်မှာ လှမ်းထားခဲ့ရပါတယ်၊ နောက် တစ်နေ့ မနက် ၈
နာရီလောက်မှာ စာမေးပွဲသွားရောက် ဖြေဆိုရမယ့် အထက်တန်းကျောင်း
စာ ဖြေ ဌာန တစ်နေရာကို သွားရဖို့ ရှိနေပါပြီ၊ ကံမကောင်းချင်တော့ ညက
တည်းက ကြိုးတန်းပေါ် လှမ်းထားတဲ့ သင်္ကန်းက မခြောက်သေးပဲ ရှိနေပါတ
ယ်၊ အ မြန်ဆုံး ေ ခြာက်အော င် လက်တစ်ဖက်က သင်္ကန်းစကို ကိုင်ပြီး လှုပ်
ရမ်းပေးနေရသလို ကျန်လက်တစ်ဖက်ကလဲ စာအုပ်ကိုကိုင်ပြီးစာကြည့်
ကျက်မှတ် ပေးနေရပါသေးတယ်၊ ဒါပေမဲ့လို့ သင်္ကန်းက အချိန်မှီ မ ခြောက်
ခဲ့လို့ မ ခြောက် တ ခြောက်နဲ့ဝတ်ပြီး သွားလိုက်ရပါတော့တယ်၊ စာ ဖြေဌာန
ရောက်ရှိ သွားတဲ့အခါမှာတော့ ဝတ် သွားတဲ့ သင်္ကန်း ခြောက်လို့နေပါပြီ၊ ေ
တာ်ပါသေးရဲ့ လို့ ဆိုရပေတော့မှာပဲ၊ မိမိရဲ့ အ ဖြစ် မှန်ကို တွေ့ မြင် သိရှိနေ
တဲ့ အနီးနေ မိတ်ဆွေဦးအဂ္ဂ ဓမ္မ က သူ့ရဲ ဖော့ သင်္ကန်း ကိုဝတ်သွားဖို့ အဆို
ပြု ကမ်းလှမ်းခဲ့ ရှာပါတယ်၊ ကျေးဇူးတင်စွာနဲ့ပဲ လက်မခံ ငြင်းပယ်ခဲ့လိုက်ရ
ပါတယ်၊ ကမ်လှမ်းချက်ကို လက်မခံခဲ့ပေမဲ့ ရှားရှားပါးပါး ကမ်းလှမ်းလာ
ခဲ့တဲ့ မိတ်ဆွေရဲ့ မေတ္တာ စေတနာ ကရုဏာ တရားကိုတော့ ဖြင့် တစ်သက်
လုံး စွဲမှတ်သွားပေတော့မှာကတော့ အမှန်ပါပဲ၊ ဝါမဆိုခင် စာမေးပွဲအောင်စာ
ရင်း ထွက်လာပါတော့မယ်၊ စာမေးပွဲ အောင်စာရင်းကို လမ်းမတော်မြို့နယ်

ရှိ ရန်ကုန်သတင်းစာ ကနေပြီးတော့ ကြေညာ ပေးပါတယ်၊ သတင်းစာ မထွက်ခင် တစ်ရက်အလို မှာ စိတ်လှုပ်ရှားမှု အပြည့်နဲ့ ရန်ကုန်သတင်းစာတိုက်တည်ရှိရာ ၁၃ လမ်းထိပ်မှာ ကိုယ်တိုင်သွားရောက်ပြီး ကြည့်ရှု ခဲ့ပါတယ်၊ အောင်စာရင်း စာအုပ်ကို ရင်ထဲကလဲ တဒိတ်ဒိတ် တုန်ချိ နေတဲ့ လက်ချောင်းလေးတွေနဲ့ အတူ လှန်လှော် ကြည့်ရှုလိုက်တဲ့ အခါမှာ တော့ ဦးဇေယျ ဆိုတဲ့ နာမည်ကို တန်းပြီးတွေ့လိုက်ပါတယ်၊ နာမယ်တူများ ဖြစ်နေရှေ့သလားလို့ သံသယစိတ်နဲ့ နောက်တစ်ကွက်ကျော်ပြီး ကြည့်လိုက်တဲ့အခါမှာတော့ မိမိရဲ့ခမည်းတော်နာမယ်ကို ရော စာ ဖြေ ခုံနံပါတ် ပါ တွေ့လိုက်ရတဲ့အခါမှာတော့ ပြောမ ပြနိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတော့တယ်၊ အမှန်အတိုင်း ပြောရရင် မိမိမှာ ဝမ်းသာပီတိ အရမ်း ဖြစ်ခဲ့ရပြီး ထခုန်လုမတတ် ခံစားမိခဲ့ရပါတော့တယ်၊ မိမိရဲ့ သာသနာ့ဘောင်မှာ ပထမဦးဆုံးသော အောင်ပန်း မြတ်ခြေလှမ်းပင် ဖြစ်လို့မို့ " ဘဝတစ်သက်တာမှာ အပျော်ဆုံးနေ့" တစ်နေ့ပင် ဖြစ်ရပါပေတော့တယ်။

မိမိရဲ့ နာမယ် အောင်စာရင်းကို တွေ့ မြင်ရပြီးတာနဲ့ တစ်ပြိုင်နဲ့ တစ် ခြားသော ပုဂ္ဂိုလ်တွေရဲ့ နာမည်ကို မကြည့် မိ ဖြစ်တော့ပါ၊ ဝမ်းသာလွန် အားကြီးလို့ တပါးသူတွေရဲ့ နာမည်ကို ကြည့်ပေးဖို့တောင် မေ့ခဲ့ရတဲ့အထိ ဖြစ်ခဲ့ရ ခြင်းပါပဲ၊ဒါနဲ့ပဲ ကျေးဇူးရှင် ဆရာသမားကို အသိပေးချင်ဇောနဲ့ ကျောင်းကို တန်းတန်းမတ်မတ် သုတ် ခြေတင်ပြန်ခဲ့ပါတော့တယ်၊ ကျောင်းကို ပြန်ရောက်လို့ ဆရာသမားကို ဦးချပြီးတဲ့အခါမှာတော့ မိမိ စာမေးပွဲ အောင်ခဲ့တာကို လျှောက်ထားပြီးတဲ့အခါမှာတော့ ဒီ ပြင်လူ တွေ ဘယ်သူပါသေးလဲ

လို့ မေးတဲ့အခါမှာတော့ မကြည့်မိ ကြောင်း အမှန်အတိုင်း ဖြေ လျှောက်လိုက်ရပါတယ်၊ တစ်ကိုယ်ကောင်းဆန် ဆန် တာဝန်မကြေတဲ့ တပည့်တစ်ယောက်အနေ ဝမ်းနည်း အားနာစွာနဲ့ ဖြေလိုက်ရခြင်းပါပဲ၊ အဲဒီ ခေတ်အခါတုံးက ဘုန်းကြီး ပညာရေးလောကမှာ မူလတန်းဆိုတာ မရှိခဲ့သေးပါ၊ပထမငယ်တန်းကနေ စပြီး ဖြေဆိုကြရပါတယ်၊ အဲဒီနှစ်က မိမိတို့ကျောင်းမှာ ပထမငယ်တန်းကို ၇ ပါးခန့်ဝင်ရောက်ဖြေဆိုခဲ့ကြပါတယ်၊ ဒီအထဲမှာ မိမိ တစ်ပါးတည်းသာ ဖြေဆို အောင် မြင်ခဲ့ပါတယ်၊ မိမိငယ်စဥ်တုံးက နှစ်ပေါင်းများစွာ ပညာငတ်ခဲ့ရရှာတာကို မပြတ်သတိရ အောက်မေ့မိခဲ့သလို အတိုးချပြီးကြိုးစားအားထုတ်သွားဖို့လဲ သန္နိဋ္ဌာန် ချထားခဲ့ပါတယ်၊ ပထလတ်တန်း စာဝါများကို သင်အံလေ့ကျက် ရင်း ဝါကျွတ်လို့ လာပါတော့တယ်၊ မိမိမှာ စာမေးပွဲအောင် မြင်ထားလို့ ကုက္ကိုင်းရှိ မဟာစည် ရိပ်သာ ဖလ်ယာဥ်ဓမ္မာရုံ ခန်းမဆောင် ကြီးမှာ စူဠဘွဲ့နှင်း သဘင် ဆင်ယင်ကျဥ်းပမည့် အ ကြောင်းနဲ့ အောင်လက်မှတ် လာရောက်ပြီး လက်ခံရယူရန် ဖိတ်စာရရှိခဲ့ပါတယ်၊

ဓမ္မရတနာ မြတ်သတင်းမင်္ဂလာ

ရန်ကုန်မြို့ကို ရောက်ရှိလာတာ မဟာစည်သာသနာ့ရိပ်သာဆိုတာကို လုံးဝတောင် မကြားခဲ့ရဖူးပါ၊နေ့ရောညပါ စာအုပ်နဲ့ မျက် နှာ မခွါသလောက်ပါ၊ အ ပြင် စကား ပြော ချိန် မရှိခဲ့ပါ၊ အသိဒကာဆိုလို့လဲ တစ်ယောက်မှ မရှိပါ၊ သင်ကြားနေတဲ့ စာကလွဲလို့ ဘာကိုမှ စိတ်မဝင်စားမိတာ အမှန်ပါ၊ ဒါကြောင့် ပြင်ပဗဟုသုတ ဘာမှမရှိခဲ့ တဲ့ တောသားကြီး လူရိုး လူ ဖြောင့်၂

ကီး တစ်ဦးပါပေပဲ၊ အောင်လက်မှတ် ဆက်ကပ်ပွဲ စူဠ ဘွဲ့နှင်းသဘင်က မွ
န်းလွဲ ၁ နာရီလောက်မှာ စတင်မှာ ဖြစ်ပါတယ်၊ သွားရမယ့် နေရာဌာန မဟာ
စည်သာသနာ့ရိပ်သာ ဖလ်ယာဥ်ဓမ္မာရုံဆိုတာ ဘယ်နား ရှိမှန်းလဲမသိရပါ၊
အဲဒါနဲ့ မနက် ၁၀ နာရီလောက်မှာ နေ့ဆွမ်း ကို ဖြစ်သလို မျှတခဲ့ပြီး သုံးဘီး
ကားငှါး ပြီး စောစောပဲသွားခဲ့လိုက်ပါတယ်၊ ရိပ်သာကျောင်းကို ရောက်ရှိ
သွားခဲ့တဲ့အခါမှာတော့ ယောဂီတွေ ရာနဲ့ချီပြီး တိတ်ဆိတ်စွာ တရားထိုင် ရှု
မှတ်နေကြတာကို ဘဝမှာ ပထမဆုံးအကြိမ်အ ဖြစ် တွေ့ မြင်လိုက်ရ ခြင်း
ပဲ ဖြစ်ပါပေတော့တယ်၊ ကံကောင်းလိုက်တဲ့ ဖြစ် ခြင်းပါပဲ၊ မိမိ သက်န်းဝတ်
ခဲ့ရ ခြင်းရဲ့ ရည်ရွယ်ရင်းက ဒီလို တရားဘာဝနာ အားထုတ်ချင်လို့ပါပဲ၊ မိမိ
ရဲ့ စိတ်ကူးအိပ်မက်ကမ္ဘာကြီး ဟာ ခုမှပဲ အလင်းရောင်ရ လမ်းစတွေ့ မြင်လို
က်ရပါတော့တယ်၊ စူဠဘွဲ့ နှင်းသဘင် အခန်းအနား ကျင်းပဖို့က အချိန်အ
များကြီး လိုနေပါသေးတယ်၊ အဲဒါနဲ့ ရုံးခန်းထဲကို ဝင်ရောက်ခဲ့ပြီး တရားဝင်
လိုပါက သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို မေးမြန်းစုံစမ်းခွင့် ရရှိခဲ့
ပါတယ်၊ ရုံးခန်းထဲမှာ တာဝန်ရှိ လုပ်ကိုင်နေကြတဲ့ အသက် ၅၀-၆၀-ခန့်ရှိ ဝါ
ရင့်ယောဂီ အမျိုးသမီးများက သိချင်တာများကို စိတ်ရှည်လက်ရှည် ရှင်း ပြ
ပပေးခဲ့ကြပါတယ်၊ နွေရာသီကျောင်းပိတ်ချိန်မှာ ဒီ ရိပ်သာမှာ လာရောက်ပြ
ပီး တရားအားထုတ်ဖို့ ချက်ချင်းပဲ စိတ်ကို ပိုင်း ဖြတ်လိုက်ပါတော့တယ်၊
အဲဒီနေ့မှာ အောင်လက်မှတ် လက်ခံရရှိခဲ့ပေမဲ့ စိတ်ထဲမှာတော့ ဘယ်လိုမှ မ
ခံစားခဲ့ရတာအမှန်ပါ၊ နောင် နှစ် စာမေးပွဲ ဖြေဆိုပြီးတဲ့အခါ မှာ ဒီရိပ်သာ
မှာ တရားအားထုတ်ခွင့် ရ ရှိတော့မဲ့အရေးကို တွေးပြီး စိတ်ထဲမှာကြည် နူး

ပီတိ ဖြစ်ခဲ့ရပါတယ်၊ အောင်ဘာလေ ထီးဆုလက်မှတ် ရရှိထားခဲ့သလိုပဲ အရမ်းကို ဝမ်းသာခဲ့ရပါတယ်၊ ဘုရား သိကြားမ,လို့ ပဲ ဒီ ရိပ်သာကျောင်းမှာ အောင်လက်မှတ်လာယူရင်းနဲ့ အိပ်မက်ကမ္ဘာ ရွှေတံခါးကြီးလဲ ပွင့်လို့ လာနေပါတော့တယ်၊ ဝမ်းသာလိုက်ရတဲ့ ဖြစ်ခြင်းပါပဲ။ တစ်ချက်ခုတ် နှစ်ဖက်ပြတ်ဆိုသလို မထင်မှတ်ဘဲ အမြတ်မင်္ဂလာ တွေ့ မြင်ကြားသိခဲ့လိုက်ရ ခြင်းပါပေပဲ။

မြတ်ရွှေတိဂုံမှာ ဖြည့်ပါပညာပါရမီ

အောင်လက်မှတ် ဆက်ကပ်ပွဲမှာ ပထမငယ်တန်းအတွက် အစိုးရက ဆုငွေအ ဖြစ်ကျပ် ၅၀ လှူဒါန်းပါတယ်၊ မိမိရဲ့ ချွေးနဲ့စာ ဖြင့် နေ့ရော ညပါကြိုးစားအားထုတ်လို့ရရှိလာတဲ့ ဒီဆုငွေကို မိမိကိုယ်ရေးကိုယ်တာအတွက် လုံးဝမသုံးရက်ပါ၊ သိပ်ကို တန်ဖိုးထားမိခဲ့ပါတယ်၊ ဒါကြောင့် စာချဆရာတော် ကို ၁၀ ကျပ်, ရွှေတိဂုံစေတီတော်မှာ ၁၀ ကျပ်ဖိုး ရွှေသင်္ကန်းကပ်, ရွှေတိဂုံဘုရား တစ်ညတာ လျှပ်စစ်မီးပူဇော်ဖို့ အတွက် ကျပ် ၃၀ အသီးသီးလှူဒါန်းမှု ပြုပြီး ဆရာသမားနဲ့မိဘများရဲ့ ကျေးဇူးဂုဏ်ကို အာရုံ ပြုပြီး အမျှအတန်း ပေးဝေခဲ့ပါတယ်၊ ပထမလတ် စာမေးပွဲ အောင် မြင်တဲ့အခါမှာ အစိုးရဆီက အလှူငွေ ၇၅ကျပ် ရရှိခဲ့ပါတယ်၊ ပထမကြီးတန်း စာမေးပွဲ အောင် မြင်တဲ့အခါမှာတော့ ကျပ်၁၀၀ ရရှိခဲ့ပါတယ်၊ စာမေးပွဲအောင်လို့ရ ရှိလာသမျှ ဝတ္ထုငွေတွေကို စာချ ဆရာတော်များကို အချိုးကျ မျှဝေ လှူဒါန်းပေးခဲ့သလို ရွှေတိဂုံ စေတီတော် ကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော် ခြင်းနဲ့အတူ တစ်

ညတာ လျှပ်စစ်မီး ပူဇော် ခြင်းကို ပုံမှန် ပြုလုပ်ခဲ့ပါတယ်၊ သတိရတိုင်း စိတ်ထဲမှာ ကြည် နူးလို့မဆုံး ပီတိဖုံး ခဲ့ရပါတော့တယ်၊ အစိုးရ ဓမ္မာစရိယ စာချတန်း အောင် မြင်လာတဲ့အခါမှာလဲ ထိုနည်းတူ လှူဒါန်းမှု ကောင်းမှုအစုစုကို ပြုလုပ်ခဲ့ရပါတယ်၊ကောင်းမှုကုသိုလ် ပြုလုပ်တိုင်း မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက် ပြု နိုင်ရန်အ ကြောင်း ပညာပါရမီကောင်း ဖြစ်ပါစေလို့သာ အဓိဋ္ဌာန် ပြုဆုတောင်းခဲ့ပါတယ်။

ဝိပဿနာအစ မဟာစည်ရိပ်သာက

၁၉၆၈ခုနှစ် နွေရာသီကျောင်းပိတ်ချိန် ကာလရှည်ကြာ စိတ်ထဲမှာ ရည်မှန်းအားခဲထားတဲ့အတိုင်း စာမေးပွဲကြီး ဖြေဆိုပြီး နောက်တစ်နေ့မှာပဲ ဟာမစ်တစ်လမ်းမှာ ရှိတဲ့ မဟာစည်သာသနာ့ရိပ်သာကျောင်းမှာ သွားရောက်ပြီး တရားဘာဝနာ ပွါးများအားထုတ်ခဲ့ပါတယ်၊ အဲဒီအချိန်ခါကာလမှာ ဥပုသ်နေ့တိုင်း မဟာစည်ဆရာတော်ဘုရားကြီးက တရားဓမ္မ ဟော ပြော ပြသပေးတော်မူပါတယ်၊ ဆရာတော် ဦးသံဝရ နဲ့ ဆရာတော် ဦးဇနကတို့က အမျိုးသမီးယောဂီများကို တရားစစ်ပေးကြပါတယ်၊ မိမိတို့ သံဃာတော်များကိုတော့ ဆရာတော်ဦးပဏ္ဍိတက တရားစစ် ပေးပါတယ်၊ အရိယာဝါသ ဆိုတဲ့ အဆောင်မှာ အခန်းရရှိ ခဲ့ပါတယ်၊ အဲဒီ အဆောင်မှာ တောထွက် ကိုယ်တော် ကြီးတွေကိုပဲ နေရာချပေးတာကို တွေ့ခဲ့ရပါတယ်၊ လောကကြီးမှာ ရုပ်ရည် ,ပညာ နဲ့ အကပ် အဆက်အသွယ် ဆိုတာတွေကလဲ နေရာတကာမှာ ရှိနေတတ်တာပါကလားလို့ သဘောပေါက်မိခဲ့ရပါတယ်၊

အမှန်တကယ် ပြောရရင် ပေးထားတဲ့အခန်းမှာ တစ်ညမျှတောင် မအိပ်ခဲ့ရပါ၊ ရိပ်သာကို လာတာ အိပ်ဖို့လာတာမှ မဟုတ်ပဲဟာ၊ သိမ်ပေါ်မှာပဲ ည ၁၂ နာရီ နီးပါးအထိ တရားထိုင် စင်္ကြံ လျှောက်ပြီး အဲဒီသိမ်ပေါ်က ရုပ်ပွားတော် ရှေ့ မှာ ချထားခဲ့တဲ့ တစ်တောင်ခန့် ရှိ ခပ်ခုံးခုံး သစ်သားခေါင်းအုံးကို အသုံး ပြုပြီး အမှတ်လေးနဲ့ တရားရှု မှတ်ပြီး အိပ်ခဲ့ရပါတယ်၊ မနက်၃ နာရီ အုန်းမောင်း ခေါက် အချက်ပေးတဲ့အခါကျမှ အိပ်ရာကထပြီး ပေးထားတဲ့အခန်းဆီကို သွားရောက်ပြီး မျက် နှာသစ် သွားတိုက်ဖို့ ပစ္စည်းတွေ ဝင်ယူခဲ့ရပါတယ်၊ အခန်းထဲမှာ နေရ အိပ်ရတယ်ရယ်လို့ လုံးဝ မရှိပါ၊

မနက်၃ နာရီကနေ ည ၁၂ နာရီ နီးပါးအထိ ၂၀ ခန့်မျှ တရားဘာဝနာကို ပွားများအားထုတ်ခဲ့ရပါတယ်၊ကြီးမား ပြင်းထန်လှတဲ့ ဒုက္ခဝေဒနာကို ၂၃ ရက်ကြာမျှ ဇွဲကောင်းကောင်းနဲ့ သည်းခံရှု မှတ်ပေးရင်း နောက်ဆုံးမှာတော့ ကျော်လွှားလွန်မြောက် သွားခဲ့ရပါတယ်၊ ၄ နာရီခွဲကြာမျှ မပြတ်တမ်း ရှု မှတ် ပေးခဲ့ရပါတယ်၊ ခန္ဓာကိုယ် ပိန်ပါးပါး ရှိတာက တစ် ကြောင်း၊ ထိုင်စရာအခင်းဆိုလို့လဲ သင်းပိုင်တစ်ထည်သာရှိခဲ့တာကတစ် ကြောင်း၊ တစ်ဆက်တည်း ၄ နာရီခွဲ ကြာ ထိုင်အပြီးမှာတော့ တင်ပါး ၂ ဖက် စလုံးမှာ အသားကွဲပြီး သွေးထွက်ခဲ့ရတဲ့အထိ ဖြစ်ခဲ့ရပါတယ်၊ လောကကြီးမှာ ကောင်းတဲ့အရာတစ်ခုခု ရရှိဖို့ဆိုတာ လွယ်လွယ်နဲ့ မရနိုင်ဘူးဆိုတာ သဘောပေါက်မိခဲ့ပါတယ်၊ တရားသမား ယောဂီများမှာ စစ်မြေပြင်မှာ စစ်ခင်းတိုက်ခိုက်နေကြရတဲ့ စစ်သားတွေနဲ့ လွန်စွာမှ တူညီလှပါပေတယ်၊ ဇွဲ လုံ့လနဲ့ သည်းညည်းခံမှု ရှိကြရသလို စိတ်ပိုင်းဆိုင်ရာ နည်းဗျူဟာနဲ့ရော တိုက်ကွက်

ဆင်ကွက် နည်းပေါင်းစုံကိုပါ လှည့်သုံးကြရပါတယ်၊ ကိလေသာစစ်ပွဲ ကို ဆင် နွှဲကြရတဲ့ ယောဂီများမှာ ရှုံးတစ်ခါ နိုင်တစ်လှည့် သူတစ် ပြန် ကိုယ် တစ်ပြန် အပြိုင် ကြဲနေကြရတာချည်းပါပဲ၊ အစပိုင်းမှာ ကိလေသာရန်သူ တွေကို ရှုံး ပွဲနဲ့ စကြရတာချည်းပါ၊ တ ဖြည်း ဖြည်း နဲ့ သရေပွဲ ဖြစ်လိုက်၊ အမှ တ်နဲ့ရှုံး လိုက် နိုင်လိုက် ၊ ဒီလိုနဲ့ပဲ မပြတ်သတိရှု မှတ်ပေးရင်းနဲ့ နိုင်ပွဲတွေ ဆက်တိုက်ဆိုသလို ရရှိ လာတတ်ကြပါတယ်၊ ပစ္စုပ္ပန်မှာ ဖြစ်ပေါ်လာတဲ့ ရု ပ်နာမ်တရားတွေကို ဇွဲကောင်းကောင်း သတိရှိရှိ မပြတ်ရှုမှတ်ပြီး သိသိ ပေးနေရမှာ ဖြစ်ပါတယ်။

ဥပုသ်နေ့တိုင်းနဲ့ ကျောင်းပိတ်ချိန်မှာ မြတ်ဘာဝနာ

မိမိနေထိုင်တဲ့ ကျောင်းတိုက်မှာ မှန် ကြီးနဲ့ ကာထားတဲ့ ဘုရားခန်း ရှိနေပါတယ်၊ ဘုရားနဲ့ ပန်းအိုးတွေက မှန်ရဲ့အတွင်းဘက်မှာ ထား ရှိကြပါ တယ်၊ ဒါကြောင့် စာဝါ မရှိတဲ့ ဥပုသ်နေ့တိုင်း မှာ အဲဒီ မှန်တံခါး အတွင်း ဝ င်ရောက်ပြီး တရားဘာဝနာ ပွါးများအားထုတ်ခဲ့ရပါတယ်၊ ဘာသံမှ မ ကြား ရလို့ သိပ်ကိုအဆင်ပြေလှ စိတ်ချမ်းသာမှု ရရှိခဲ့ပါတယ်၊ ပရိယတ်ရော ပဋိ ပတ်ပါ အားထုတ်ခွင့် ရရှိလိုက်ရတာ ဖြစ်လို့မို့ နေ့စဥ်နဲ့အမျှ နှစ်သိမ့်အားရ ကျေနပ်မိခဲ့ရတာ အမှန်ပါပဲ၊

တစ်ခါတစ်လေကျတော့ နေတဲ့ကျောင်းနဲ့ကပ်ရဲ့ ဖျာပုံတိုက်သစ်ေ ကျာင်းမှာ ယောဂီပေါင်းများစွာနဲ့အတူ သွားရောက်ပြီး တရားထိုင်တာလဲ ပြု လုပ်ခဲ့ပါတယ်။

စာမေးပွဲကြီး ဖြေဆိုပြီးနောက်တစ်နေ့မှာ ရိပ်သာကျောင်းတွေမှာ သွားရောက်ပြီး တရားအားထုတ်တာ ပုံမှန်ပကတိလို ဖြစ်နေပါပြီ၊ ဒုတိယအကြိမ်မြောက် အ ဖြစ် ရန်ကုန်မြို့ရှိ မဟာစည် သာသနာ့ရိပ်သာမှာ သွားရောက်ပြီး တရားအားထုတ်ခဲ့ရ ပြန်ပါတယ်၊ ဒီတစ် ကြိမ်မှာတော့ တရားစစ်ဆရာတော်က ဦးသုဇာတ ဖြစ်ပါတယ်၊ တတိယအကြိမ် မြောက်အနေနဲ့ မော်လမြိုင်မြို့ ရှိ တောင်ဝိုင်းမဟာစည်သာသနာ့ရိပ်သာမှာ သွားရောက်ပြီး တရားအားထုတ်ခဲ့ပါတယ်၊ တရားစစ် ကမ္မဋ္ဌာန်းဆရာတော်က ဦးသုဇာတပဲ ဖြစ်ပါတယ်၊ ၄ နှစ် မြောက်မှာတော့ မော်ဘီမြို့နယ် မှာ ရှိတဲ့ သဲအင်းဂူရိပ်သာမှာ သွားရောက်ပြီး တရားအားထုတ်ခဲ့ရပါတယ်၊ ၅ နှစ် မြောက်မှာတော့ မော်လမြိုင်မြို့ ကြို့ကုန်းမှာရှိတဲ့ စွန်းလွန်းဂူ ရိပ်သာမှာ သွားရောက်ပြီး တရားအားထုတ် ခဲ့ရပါတယ်၊ ၆ နှစ် မြောက်မှာ ပျဉ်းမနားမြို့နယ်ရှိ ဖြုတ်ခဲ့တောရ ကျောင်းမှာ သွားရောက်ပြီး ဘာဝနာတရားပွဲများ အားထုတ်ခဲ့ရပါတယ်၊ အဲဒီမှာ တောရ ဆောက်တည်နေတဲ့ ဆရာတော်က မိမိ မန္တလေးနေစဉ်တုံးက မိမိကို သင်္ဂြိုဟ် ၃ ပိုင်း ပို့ချပေးနေတဲ့ ဆရာတော် ဦးဣန္ဒသရိယ ပဲ ဖြစ်ပါတယ်၊ ဒုတိယ အကြိမ်မြောက်အနေ ဖြင့် ဆရာ တပည့် ပြန်လည်ဆုံတွေ့ကြရ ခြင်းပါပဲ၊ ၇ နှစ် မြောက်မှာ တော့ ရန်ကုန်မြို့ ရွှေ ဂုံတိုင်လမ်းရှိ မင်းကွန်းရိပ်သာမှာ တစ်လခန့် တရားအားထုတ် ခွင့် ရရှိခဲ့ပါတယ်၊ အဲဒီကနောက်မှာ ရန်ကုန်မြို့ နတ်မောက်လမ်း ကန်တော် ကြီးစောင်းမှာ ရှိတဲ့ မိုးကုတ်ရိပ်သာ မှာ စုစုပေါင်း ၃လခွဲကြာ မျှ တရားအားထုတ်ခွင့် ရရှိခဲ့ပါတယ်၊ အဲဒီရိပ်သာမှာ တစ်လတကြိမ် ၁၀ ရက်စခန်း ၃ကြိမ် ဝင်ရောက်ခွင့် ရ

ရှိခဲ့ပါတယ်၊ တရားစခန်းအ ပြီးမှာ  တစ်ပါးတည်းဆက်လက်ပြီး တရားထိုင်ခွင့် ပြုပေးပါရန်  သက်ဆိုင်ရာ ဂေါပက အဖွဲ့ကို မေတ္တာရပ်ခံ ခဲ့ရပါတယ်၊ ဂေါပက အဖွဲ့ လူကြီးမင်းများက ကြည်ကြည်သာသာ ခွင့် ပြု ပေးခဲ့လို့  အထူးကျေးဇူးတင် ခဲ့ရပါတယ်၊ မိမိရဲ့ နေ့ ဆွမ် းကိစ္စကိုတော့    ရွှေတိဂုံ ဘုရားအရှေ့ဖက်  ဗဟန်းဈေးတန်း  ရေခဲဆိုင်ကားမှတ်တိုင် နားက ထမင်းဆိုင် တစ်ဆိုင်မှာ  သွားရောက်ပြီး ဝယ်စားခဲ့ရပါတယ်၊ နောက် ပိုင်းမှာ တော့  ဒေါ်တင်တင်အေးဆိုတဲ့  ယောဂီတစ်ယောက်ရဲ့ စီစဉ်ပေးမှုကြောင့်  ထမင်းဆိုင်မှာ သွားရောက်ပြီး မစားရတော့ဘဲ  ဂေါပက အဖွဲ့ လူကြီးများ အတွက် ချက်ပေးတဲ့ အထဲက  ဖက်ပြီး နေ့ဆွမ်းကို ကပ်လှူပေးခဲ့ကြပါတယ်၊  ဒီ နှစ် မှာ အချိန်အကြာဆုံး တရားအားထုတ်ခွင့်ရရှိခဲ့တဲ့နှစ်  တစ် နှစ်ပါပေပဲ၊  ဝါထပ် နှစ်  ဖြစ်တာကတစ်ကြောင်း၊   မိမိတို့ရဲ့  စာချတန်း စာဝါကို   ဝါဆိုပြီးမှ  ပို့ချပေးတာ ဖြစ်လို့ က တစ်ကြောင်း  ၊အဲဒီ အကြောင်း နှစ်ကြောင်း ကြောင့်  တစ်ဆက်တည်း  ရက်ရှည်လများ  တရားအားထုတ်ခွင့်  ရရှိခဲ့လိုက် ခြင်းပဲ ဖြစ်ပါတယ်၊ အဲဒီမှာ မကြာခဏ ဆိုသလို  မတော်လိုက်ရတဲ့  ရဟန်းဒကာ ဒကာမတို့ရဲ့ မျက် နှာ ကို တွေ့လိုက်ရ ခြင်းပဲ ဖြစ်ပါပေတော့တယ်၊ သူတို့ ကပ်လှူတဲ့ ဆွမ်းကိုလဲ ဘုဉ်းပေးခဲ့ရပါတယ်၊ အရုဏ်ဆွမ်း အလှူရှင်တွေက ဘယ်သူ ဖြစ်တယ်ဆိုတာကို ကြေငြာပေးနေတာ ဖြစ်လို့  သိခွင့်ရရှိခဲ့တာပါ၊  မေတ္တာ ပို့သအမျှပေးဝေ ခဲ့သလို    စာပေသင်ကြားရေးမှာ စိတ်အား ပြင်းပြ လုံ့လ ရှိအောင် တွန်းအားကောင် းပေးနေတဲ့ သူတွေမို့ စိတ်ထဲမှာကြိတ်ပြီးတော့ တော

င် ကျေးဇူးတင်မိခဲ့တာအမှန်ပါပဲ၊ဘဝမှာ ကျေးဇူးရှင် ကြီးတွေ လို့ပဲ  အော
က်မေ့မှတ်ထင်ခဲ့ရပါတယ်၊  သစ္စာစကားပါပဲ။

၂၅ နှစ်မှာ   အထူးသတိပြုစရာ

အသက်၂၅  နှစ် လောက်မှာ  လုံးဝမမျှော်ဘဲ  စိတ်ဆင်း ရဲ ခြင်း အ ပြ
ကီးအကျယ် ခံစားခဲ့ရမိပါတယ်၊  နတ္တော်  ပြာသိုလ် လလောက်မှာ  ဖြစ်ပါလိ
မ့်မယ်၊ ကျောင်းထိုင်ဆရာတော် ကြီးက  နှစ်စဥ်  ပြုလုပ်နေကျအတိုင်း  ေ
တာရွာ တစ်နေရာမှာ ပရိဝါသ် ဆောက်တည်ဖို့ ကြွရောက်နေပါတယ်၊  မိမိ
တို့နေထိုင်တဲ့ ကျောင်းမှာ  နှစ်ဆောင်တွဲကျောင်း ဖြစ်ပါတယ်၊ လှေခါး နှစ်စ
င်း ရှိပါတယ်၊ ဆရာတော် ကြီးတို့နေ ထိုင်တဲ့ အဆောင်မှာ ဝါကြီးပုဂ္ဂိုလ်တွေ
နေထိုင်ကြပါတယ်၊  ကျန်တစ်ဆောင်မှာတော့ မိမိ တို့ စာသင်သားများ
အပါး၂၀ ခန့်က တန်းစီပြီး အိပ်ကြ နေထိုင်ကြရတာပါ၊  ဆရာတော် ကြီး   ပ
ရိဝါသ် ဆောက်တည်ဖို့ ကြွမသွားခင်မှာ  စာသင်သားများ  သီတင်းသုံးနေထို
င်ကြတဲ့ အဆောင်မှာ သံဃာများရဲ့ အပြင်သွားရောက်သူတို့ရဲ့ ထွက်ချိန်  နဲ့  ပြ
ပန်ရောက်ချိန် စသည်များကို ရေးမှတ်ထားဖို့  အချိန် စာရင်း ဇယား ပါ ရှိတဲ့
စာရွက်ကို ပေးအပ်သွားခဲ့ပါတယ်၊  ယုံကြည်မှု  ပြုခံရတာကို ကျေးဇူးတော်
တင်ခဲ့ရပါတယ်၊ ဒါပေမဲ့လို့  မည်သူ တစ်ဦးတစ်ယောက်ကိုမှ  ထိခိုက်နစ်နာမှု
ရှိအောင်  ဘာမှတ်ချက်ကိုမှ  ရေးမှတ်ထား ခြင်း  အလျဥ်းမရှိပါ၊ ကိုယ့်အတို
င်းအတာ ပမာဏ ကိုလဲ သိ ရှိခဲ့သလို  လူငယ် စာသင်သားတွေရဲ့ သဘာဝကို
လဲ စဥ်းစားသိ မြင် နားလည်သဘောပေါက်ပေးခဲ့လို့ပါပဲ၊

တစ်နေ့သောညမှာတော့ ဖြုတ်ခဲ့တောရကျောင်းက မိမိရဲ့ဆရာသမား ဆရာတော် ဦးဣဿရိယ က ဟသ်ာတမြို့ကို အသွား ပျဥ်းမနားကနေ ရန်ကုန်ကိုညရထားနဲ့ ရောက်ရှိလာခဲ့ပါတယ်၊ ကျောင်းကို ည ၉နာရီခွဲ ခန့်လောက်မှာ ရောက်ရှိလာပါတယ်၊ မိမိရဲ့ဆရာ အာဂန္တုကဆရာတော် ရောက်ရှိလာတာကို တဖက် အဆောင်မှာ သီတင်းသုံးနေ ထိုင်ကြတဲ့ လူကြီးများကို ကြိုတင်အသိပေး အကြောင်းကြားဖို့ အချိန်မရရှိနိုင်တော့ပါ၊ အားလုံးက တံခါးပိတ်ကျိန်းစက် အနားယူနေကြပြီ ဖြစ်လို့ပါပဲ၊ နောက်တစ်နေ့ မနက် အရုဏ်ဆွမ်းကပ်တော့မယ့် ဆဲဆဲ မျက် နှာ လာသစ်နေတဲ့ ဝါကြီးဘုန်းကြီးတစ်ပါးကို မနေ့ညက အာဂန္တုကတစ်ပါးကြွလာတာ ရှိ ကြောင်း ဝါတော်က ၄၅ ဝါ ရှိပြီ ဖြစ်ကြောင်း မတ်တတ်ရပ်ရင်း လက်အုပ်ချီပြီး လျှောက်ထား အသိပေးခဲ့ပါတယ်၊ သူ မျက် နှာသစ်ပြီးတာနဲ့ တန်းပြီးဆွမ်းဝင်စားတော့မှာ ဖြစ်လို့ အာဂန္တု ဆရာတော်ကို ဘယ်နေရာမှာ နေရာပေး ထိုင်စေသင့် ကြောင်းကြိုတင်သိထားရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းစားခါနီးလေးမှာ ကပ်ပြီး လျှောက်လိုက်ရ ခြင်းပဲ ဖြစ်ပါတော့တယ်၊

အဲဒီနေ့ ည ဘုရားရှိခိုးပြီးတဲ့ အချိန်မှာတော့ လုံးဝ မ မျှော်လင့်ထားဘဲနဲ့ ပြဿနာကြီး တစ်ခု ဖြစ်ပေါ်လာပါတော့တယ်၊ အငြိမ်းစား ဝါ အကြီးဆုံး ကိုယ်တော်က စပြီး စစ်ခင်းလာပါတော့တယ်၊ အမှန် တကယ် ပြောရရင် အဲ ဒီ ဘုန်းကြီးနဲ့ မိမိမှာ တစ်မိနစ်တောင် မျှ ကြာအောင် စကားမပြောခဲ့ရဖူးပါ၊ တစ်ဆောင်စီလဲ နေထိုင်ကြတယ်၊ သူကျောင်းကို ရောက် ရှိလာတာလဲ မကြာသေးပါ ၊ လပိုင်းလောက်သာ ရှိအုံးမှာပါ၊ မိုး ကုတ်မြို့ကနေ

ကျောင်း တစ်ကျောင်းကနေ ပြောင်းရွှေ့ လာကြောင်း သိခဲ့ရပါတယ်၊ မိမိမှာ လဲ စာအုပ်နဲ့ မျက် နှာ မ ပြတ် ကပ်နေသူမို့ ဘယ်သူနဲ့မှ ထိုင်ပြီး စကား ပြော ချိန် မပေးနိုင်ခဲ့တာအမှန်ပါ၊

ည ဘုရားဝတ်တက်လဲပြီးကရော အဲဒီ ဝါကြီးဘုန်းကြီး က ဘာပြော ဟလာသလဲ ဆိုတော့ စစချင်း ဒေါနဲ့မောနဲ့ ပြောလိုက်ပုံက "မင်းတော့ ပလောင်တွေက အရမ်း ရိုင်းတယ်၊ အာဂန္တုက ရောက် ရှိလာတာကို မျက်နှာ သစ်နေတဲ့ ရေကန် မှာ လာပြောရကောင်းမလား၊ မင်းက မင်းသဘောအတိုင် း လုပ်ချင်တိုင်း လုပ်နေတယ်၊ ဆရာတော် ကြီး ပြန် ကြွလာရင် ဒီ ကျောင်း မှာ မနေနဲ့တော့ စသ ဖြင့် ဆူပူကြိမ်းမောင်းမှု ပြုလာပါတော့တယ်၊ ဒါ့အ ပြ င် ခု ချက်ချင်း စာတစ်စောင်ရေးရမယ်လို့ လဲ ရာဇဒဏ် ပေးလာပါတော့တ ယ်၊ အဲ ဒီ စာထဲမှာ ဘာရေးခိုင်းသလဲဆိုတော့ ဒီ ကျောင်းမှာ ငါလုပ်ချင် သလို လုပ်နေပါတယ်၊ ဒါကြောင့် မိမိ ကို ကျောင်းကနေ နှင်ထုတ် ပစ်ဖို့ အ ပြစ်ပေးပါရန် ကိုယ်တိုင်ဝန်ခံပါသည်" ဆို တဲ့ စာတန်းကို အတင်းအဓမ္မ အာဏာသုံးပြီး အတင်းအကြပ် ရေးခိုင်းလိုက်ပါတယ်၊ မလွဲ သာလွန်းလို့ ဆရာတော် ပြန် ကြွမလာခင် ယာယီ ပြဿနာ ပြေလည်သွားအောင် ဆိုပြီး လက်တုန်တုန်ချိချိ နဲ့ပဲ ရေးပေးလိုက်ရပါတော့တယ်၊ အဲဒီ မိမိရေးတဲ့စာ အောက် ဆုံးမှာတော့ " ဟုတ်မှန် ကြောင်း ထောက်ခံပါသည်" ဆိုတဲ့ အသက် ကြီးခါမှ သင်္ကန်းဝတ်လာတဲ့ ကိုယ်တော် တစ်ပါးက လက်မှတ် ထိုးထားလိုက် ပါသေးတယ်၊ တကယ်တော့ ဒီ ကိုယ်တော် ကြီး ရဲ့လက်ချက် ယုတ်မာတဲ့ အငြ ကံအစည် ပရိယာယ်တွေချည်းပါပဲ၊ သူနဲ့ ကိုယ်နဲ့က ကပ်ပြီးအိပ်နေရတဲ့သူ

ပါပဲ၊ လောကီအတန်းစာမှာ ပထမတန်းတောင် အောင်ခဲ့ပုံမပေါ်ပါဘူး၊ လူ့ရုပ် ကတော့ ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်းနဲ့ပါပဲ၊ မျက်မှန်ပါ တပ်လိုက်တော့ မသိသူအဖို့ စာချဆရာတော် လို့တောင် ထင်ရတတ်ပါတယ်၊ သူ့ရဲ့စနက် ကြောင့် မဖြစ်သင့်တာ ဖြစ်ခဲ့ရ ခြင်းပါပဲ၊ စိတ်ဓါတ် နိမ့်ကျ ဣဿာကြီးမား အသိဉာဏ်ပညာ ချို့တည့် တဲ့ ဒီလို ပုဂ္ဂိုလ် မျိုးတစ်ယောက် ရှိနေ ခြင်းဟာ ကျောင်းတော်အတွက် သိပ်ပြီးနစ်နာ လှပါတယ်၊ ဟို ဝါကြီး ကိုယ်တော်နဲ့ မိမိမှာ ဘာပြဿနာမှ ရှိရန် အကြောင်းမရှိပါ၊ နောက် ၂ ပ တ်လောက်ကြာတော့ ဆရာတော် ကြီး ဝတ်ဆောက်တည်ရာကနေ ပြန် လ ည်ရောက်ရှိလို့ နေပါပြီ၊

ဒုတိယ စစ်ပွဲ ဆင်လိုက်ကြ ပြန်ပြီ

ဆရာတော် ကြီး ပြန် လည် ရောက်ရှိလာ ခဲ့တဲ့ နေ့ ည ဘုရား ရှိးခိုး အပြီးမှာပဲ သံဃာတော်များ ရဲ့ ရှေ့မှောက်မှာပဲ ဟိုဝါကြီး ကိုယ်တော်ကပဲ စပြီး အသံ ကျယ်ကျယ် ဒေါသသံ အာဏာသံ အ ပြည့်နဲ့ ဘာစ ပြော လိုက် သလဲဆိုတော့ " အရင်အပတ်တုံးက မင်းရေးထာတဲ့စာ ကို ယူလာခဲ့" တဲ့ ၊ မိမိက မရှိတော့ဘူး လို့ ပြန်လဲ ပြော လိုက်ပါလေရော၊ ဟို ဝါကြီး ကိုယ်ေ တာ်က ဒေါသူပုန် ထပြီး ထပြီး ဆောင့်ကြာင့်ထိုင် လက်သီးတွေ ဆုပ်ပြီး ထပြီး ထိုးရိုက်တော့မယ့်ပုံ ဟန်တ ပြ င် ပြ င် နဲ့ မင်းသေချင်နေသလား လို့ မေးလာပါတော့တယ်၊ မိမိမှာ ခံ ပြင်း လွန်းအားကြီးလို့ "တပည့်တော် ဒီ ကျောင်းကို ရောက်လာတာ သေချင်လို့ လာတာ မဟုတ်ပါဘူး၊ စာသင်ချင် လို့ ရောက်လာတာပါ၊ အရှင်ဘုရားကို အားကိုးပြီး ဒီကျောင်းကိုလာနေတာ

လဲ မဟုတ်ပါဘူး၊ ဆရာတော်ဘုရားကြီး ကို အားကိုးမှု ပြုပြီး လာနေတာပါ "
လို့ ပြန် ပြောလိုက်ရပါတယ်၊ ရိုက် ပွဲ ကသာ ဖြစ်လိုက် ရင် မိမိနဲ့ ကပ်ရက်ထို
င်နေတဲ့ ကလဖန်ထိုးပေးနေတဲ့ ကိုယ်တော်က အဆင့်သင့် မိမိကို ဦးစွာ ရန် ပြ
ပုလိမ့်မယ်ဆိုတာ ရိပ်မိခဲ့ပါတယ်၊ ဟို ဝါ ကြီး ကိုယ်တော်က ဒေါသကသာ ကြ
ကီးတာပါ၊ ခန္ဓာကိုယ် က ပိန်ပါးပါးလေးပါ၊ ဒို့ ဆရာတော် ကြီးကဆိုရင် အ
င်မတန်မှ စိတ်ကောင်း နှလုံးကောင်း ရှိလှတဲ့ ရိုသား ဖြူစင်လှတဲ့ သူတော်စ
င် သူတော် မြတ် ကြီးတစ်ပါးပါပဲ၊ ပြော မနေကြပါနဲ့တော့၊ တော်ကြပါတော့၊
တော်ကြပါတော့ လို့ပဲ အမိန့် ရှိရှာ ပါတယ်၊ ဟို ကတော့ ပြောစမ်း, ပြောစမ်း
, မင်းသေချင်သလားလို့ပဲ ထပ်ခါထပ်ခါ မေးနေပါတယ်၊ အဲဒီ ညအဖို့ မှာေ
တာ့ အားလုံးက ဝမ်းနည်းစွာနဲ့ပဲ ကိုယ့်နေရာ နဲ့ကိုယ်ငြိမ်သက်ပြီး ရှိနေခဲ့ရ
ပါတော့တယ်၊ မိမိအဖို့မှာ တော့ ဘဝ တစ်သာမှာ အသဲအယားဆုံး ည တစ်
ညပဲ ဖြစ်ပါပေတော့တယ်၊

ဒီနေရာမှာ အများတကာကို တစ်ခုလောက် သတိပေးချင်ပါတယ်၊
နှစ်ပေါင်း ၃၀ ကျော်ကြာမျှ သုတေသန ပြု လေ့လာတွေ့ ရှိရမှုကို အခြေခံ ပြ
ပုပြီး သိရှိခဲ့ရတာကို ပြန်လည်ပြီး မေတ္တာလက်ဆောင်ဝေငှ ဖေါက်သည်ချ
ပြော ပြ လိုက်ပါရစေ၊ အစွဲ အလမ်းကြီး အယူသည်း တဲ့ သဘော အဖြစ်ပဲ
လို့လဲ စောစီးစွာ အပြစ်မတင်လိုက်ပါနဲ့အုံး၊ မိမိမှာလဲ အယူသည်းတတ်သူ
တစ်ယောက် မဟုတ်ရပါ၊ လေ့လာတွေ့ရှိချက်အရ ၉၀%သော ပုဂ္ဂိုလ်
တို့ရဲ့ဘဝမှာ အသက် ၂၅ နှစ် ခန့်ကာလမှာ ဘဝ အပြောင်းအလဲ နေရာဌာန
အပြောင်းအလဲရှိလာတတ်သလို စိတ်အနှောင့်အယှက် နဲ့ ငွေကုန်ကြေးကျ

ပြစ်တင် ပြောဆိုခံရ ခြင်း အစရှိတဲ့ မနှစ်သက် ဖွ ယ် ရာ  လူမှုရေး ပြဿနာ ပေါင်းများစွာတွေနဲ့ကြုံတွေ့ကြရတတ်ပါတယ်၊  ကိုယ့်နဲ့နီးစပ်တဲ့ သူတွေကို မေးစမ်းကြည့် စေချင်ပါတယ်၊ ပြော ပြတာ ဟုတ်မှန် ကြောင်း သက်သေထူ လာပါလိမ့်မယ်၊  မွေးနေ့အလှူ  လာရောက် လှူဒါန်းကြတဲ့ တပည့် ဒကာ/မ များကို  မိမိက အစဉ်အမြဲ  သတိပေးလေ့ရှိတာက ဘာလဲဆိုရင်   ဒီအသ က်၂၅ နှစ်ကာလ အတွင်း  အနည်းတကာ့ အနည်းဆုံး ဘုရားရှင်ရဲ့ ဂုဏ်တော် ကြတိပိတော ဘဂဝါ --- ကို  မိမိအသက်ထက် တစ်ခေါက်ပို  တစ်နေ့ လျှင် ၂၆ ကြိမ်ခန့်  ရွတ် ဖတ်ပူဇော်ပေးကြဖို့ တိုက်တွန်း ပေးနေကျပါပဲ၊ နောက်ေ တာ့ ကျင့်သားရရှိသွားပြီး တစ်သက်လုံး ဘုရားရှင်ရဲ့ ဂုဏ်တော်နဲ့ မွှမ်းထုံပြီး နေထိုင် သွားကြသူတွေလဲ ရှိနေ ကြပါတယ်၊  ဘုရားရှင်ဂုဏ်တော် ဖြင့်  ကု သိုလ်ဆက်  အသက်ဆက်ပေးလိုက်တဲ့ သဘောပါပဲ၊ ပိုက်ဆံ တစ် ပြားတစ် ချပ် မှ မကုန်ရဘဲနဲ့  ကုသိုလ်အကျိုးအနန္တ ရရှိ လိုက် ခြင်းပါပေပဲ၊ ဒီဂုဏ်ေ တာ်ကိုပွား ကုသိုလ်တရားကြောင့်   ဘာမှ အနှောင့်အယှက်မရှိ  အတိ မင်္ဂလာ တွေ့ကြုံ ခံစားနေကြရမယ်ဆိုတာ ကိုယ်တိုင်သိ ဖြစ်သွားရပါလိမ့်မယ်၊ ေ ကာက်စိတ်တွေကင်းပ  စိတ်အားတွေ ပြည့်ဝ လို့   ဘဝမှာ  ကြွမင်္ဂလာတွေ နဲ့ပဲ  ဖြတ်သန်း ကျော်လွှား သွားရပါလိမ့်မယ်ဆိုတာ  ယုံမှားသံသယ ရှိစရာမ လိုပါ၊

ကာကွယ် ခြင်းထက်    ရှောင်ပေး ခြင်းက အကျိုးရှိလှ

နေ့ရောညပါ  တစ်ပတ်ခန့်ကြာမျှ အတွေးကမ္ဘာ ထူပြောခဲ့ရပါတယ်၊ အထက်ပါ အခြေအနေမျိုး  နောက်ထပ်တကြိမ် ထပ်ပြီး ဖြစ်ရှိနေအုံးမယ် ဆိုရင် ဘယ်လို ရင်ဆိုင် ဖြေရှင်းရမလဲဆိုတဲ့ အတွေးမျိုး ဝင်ဝင် လာခဲ့ပါတယ်၊ ပထမဆုံး စဥ်းစားမိတာက တစ်ဦးတစ်ယောက်က မတရားသ ဖြင့် ရန် ပြုလာရင် ကိုယ့်ကိုယ်ကို ခုခံ ကာကွယ်ဖို့ ဆိုပြီး ခါးမြောင် တစ်လက်နဲ့ ထင်း ရှူးသား ဒုတ်တစ်ချောင်း အဆင့်သင့် ပြင်ထားလိုက်ရပါတော့တယ်၊ သူသေ သ ကိုယ်သေ ဖြစ်ချင်တာ ဖြစ်ပါစေတော့လို့ ဆုံးဖြတ်ချက် ချမိလိုက်တာ အမှန်ပါပဲ၊အခြေအနေပေါ် မူတည်ပြီးတော့ ရဲစခန်းမှာ သွားရောက်ပြီး အဖမ်းခံမယ့်အထိ စိတ်ကူးကမ္ဘာတွေ ကျယ်ပြော ခဲ့ရပါတယ်၊ တစ်နေ့သော ဥပုသ်နေ့ အချိန်ခါသမယမှာ ဘုရားခန်းထဲမှာ ဝင်ရောက်ပြီး တရားထိုင်နေကျ အတိုင်း ဝင်ထိုင်ရင်းနဲ့ မိမိရဲ့ ဘဝ ပစ္စုပ္ပန် အတိတ် အနာဂတ် ကို လွှမ်း ခြုံ သုံးသပ်ပေးခဲ့ပြီး ကောင်းကျိုး ဆိုး ပြစ်တွေ ကို တိုင်းတာ နှိုင်း ယှဥ် သုံးသပ် ဆင် ခြင်မှု ပြုပေးခဲ့ပါတယ်၊

အနာဂတ်မှာကြိုမ သိနိုင်တဲ့ အခြေအနေ ကြောင့် မိမိမှ၁ ကျိုးပွဲ့ဒဏ်ရာ ရရှိပြီး ဆေးရုံကိုလဲ ရောက် ချင် ရောက်သွားနိုင်ပါတယ်၊ ဒါမှမဟုတ် ထောင်ထဲမှာ နှစ်ပေါင်းများစွာ စံ မြန်း ရကောင်း ရ နိုင်တယ်၊ အဲဒီလို အဖြစ်မျိုး ဖြစ်လာခဲ့ရင် မိမိရဲ့ ဘဝမှာ ခက်ခက်ခဲခဲ အသက်နဲ့ လဲယူပြီး သာသနာ့ဘောင် ထဲ ဝင်ရောက်ရကျိုးလဲ နပ်တော့မှာ မဟုတ်ပါ၊ မိမိရဲ ဘာဝနာ အလုပ်ကလဲ အညွန့်ကျိုး ရတော့မယ်၊ သင်လက်စ ပညာရေးကလဲ ရေစုန် ေ

မျာ သွားပေလိမ့်မယ်၊ ရပ်ရွာဖက်က မိဘ ဘိုးဘွား ဆွေ မျိုးညာတကာတွေ ရ
င်ကွဲကြလိမ့်မယ်၊ နေထိုင်နေရတဲ့ ကျောင်းလဲ နာမယ်ဆိုးထွက်  ဆရာတော်
ဘုရားကြီးလဲ စိတ်အကြီးအကျယ်ထိခိုက်နိုင်ရပုံ အလုံးစုံကို   ထပ် ပြန်တလဲ
လဲ တွေးတော ဆင် ခြင်မိပါတော့တယ်၊   နောက်တစ်ခု ခေါင်းထဲမှာ ပေါ်
လာသေး တာက  မိမိရန်ကုန်မြို့  ကို ရောက်ပြီး  မကြာခင်မှာပဲ  မိုးကုတ်ြ
မို့ကနေ ကျောင်းကို ရောက် ရှိလာတဲ့ အာဂန္တုက နာမည် ကြီး ဗေဒင်ဟောမှ
န်တဲ့ ကိုရင် ကြီးတစ်ပါး  ပြောတာကိုလဲ  သွားပြီးတော့ အမှတ်ရမိနေ ပြန်ပါ
တယ်၊  သူကဘာ ပြောခဲ့ဖူးသလဲဆိုတော့  "အရှင်ဘုရားရဲ့ အသက်  ၂၅ နှစ်
မှာ  လူသတ်မှု  ကျူးလွန်လိမ့်မယ်၊ မယုံ မရှိနဲ့" လို့ ၄-၅ နှစ်ကြို  ဟောကိန်း
ထုတ်ခဲ့ဖူးတာလဲ ရှိနေပါတယ်၊
ဘက်ပေါင်းစုံကနေ ဆင် ခြင်သုံးသပ်ပြီး    ဖြစ်ပေါ်လာနိုင်မယ့်  ဆိုးကျိုးေ
တွကို  နှလုံးသွင်း ဆင် ခြင်ပြီးတဲ့အခါမှာတော့ မိမိရဲ့ စိတ်ကူးယဥ် နည်းဗျူ
ဟာ ကို ေ ပြောင်းလဲပစ်လိုက်ရပါတော့တယ်၊ ကိုယ့်ကိုယ်ကို   ကာကွယ် ခြင်း
နည်းဗျူဟာတွေ ကို  ပယ်ဖျက်လိုက်ပြီး  ရန်သူရဲ့ စက်ဝန်းကနေ  အမြန်ဆုံး
ရှောင်ထွက်ပေး ခြင်း နည်းဗျူဟာကို အသုံး ပြုဖို့ စိတ်ကို ဒုန်းဒုန်းကြီး ဆုံး ြ
ဖတ်လိုက်ရပါတော့တယ်၊   အဲဒါနဲ့ ပဲ  မိမိရဲ့ ခံစားရချက်အမှန်ကို   စာရွက်
၅ ရွက်ပေါ်မှာ ရေးသားပြီး ဆရာတော်ဘုရားကြီးကို သွားရောက်ပြီး ဆက်က
ပ်လိုက်ရပါတော့တယ်၊ စိတ်ခံစားချက်က ပြင်းထန်လွန်းအားကြီးလို့  နှုတ်နဲ့
လျှောက် ပြခြင်း ငှါ မစွမ်းနိုင်တော့လို့  စာနဲ့ပဲ ရေးလျှောက် လိုက်ရ ခြင်းပဲ ဖြ
စ်ပါတယ်၊   လိုရင်းကတော့ မဖြစ်သင့်တာ မဖြစ်ရလေအောင်တခြားကျော

င်း ကို ပြောင်းနေတော့မယ့် အကြောင်း ခွင့်ပန် လျှောက် ထား ခဲ့ ခြင်းပဲ ဖြစ်ပါတယ်၊ဆရာတော် ကြီးက စာကို ဖတ်ပြီးတဲ့အခါမှာတော့ ဒီမှာပဲ နေပါ၊ ဘာမှ မဖြစ်စေရပါဘူး၊ငါ ရှိနေသားပဲ လို့ အမိန့် ရှိရှာပါတယ်၊ သို့သော် မိမိရဲ့ ခံစားချက် မိမိသာ အသိသားပဲမို့ ပြောင်းကို ပြောင်းရ ပါလိမ့်မယ်၊အစိုးရ ပထမ ပြန် ပထမကြီးတန်း စာမေး ပွဲကြီး ဖြေဆိုဖို့ ကလဲ တစ်လကျော် မျှသာ လိုပါတော့တယ်၊ အေးအေးဆေးဆေး စာကျက်နိုင်ဖို့ အတွက် တစ်ကျောင်းကျော်မှာ ရှိတဲ့ မိမိရဲ့ ဥပဇ္ဈာယ်ဆရာတော် ကျောင်းမှာ ခေတ္တခဏ ပြောင်းရွှေ့ပြီး နေလိုက်ရပါတော့တယ်၊ မှန်ကန်တဲ့ ဆုံး ဖြတ်ချက် ချ ခြင်းပါပဲ၊ ဒေါသအာဃာတ တရားကင်းစင် ကြည်လင်အေးချမ်းတဲ့စိတ်နဲ့ စာကို အတတ် နိုင်ဆုံးကြည့်ရှု မှတ်သား လေ့လာ နိုင်ရပါတော့တယ်၊ ကျေးဇူးတော်အနန္တ ရှိလှတဲ့ ဥပဇ္ဈာယ် ဆရာတော် ကြီးပါပေပဲ၊ အဲဒီ နှစ်မှာ ကံကောင်းချင်တော့ လမ်းမတော်မြို့နယ် တစ်ခုလုံးမှာ မိမိတစ်ပါးကသာ အကြီးတန်း စာမေးပွဲကို အောင် မြင်ခဲ့ ခြင်းပဲ ဖြစ်ပါတယ်၊ စိတ်အနှောင့် အယှက် အခက်အခဲကြား ထဲကနေပြီးတော့ ရရှိလာခဲ့တဲ့ အောင် မြင်မှု မို့လို့ အထူးပဲ ဂုဏ်ယူကျေနပ်ခဲ့ရတာ အမှန်ပါပဲ၊ စာမေးပွဲ ဖြေဆို အပြီး ထုံးစံအတိုင်း ရိပ်သာကျောင်း မှာ သွားရောက်ပြီး တရားအားထုတ်ခဲ့ပါတယ်၊အဲဒီ နှစ်မှာ သရက်တောတိုက် အတွင်းရှိ လေးမျက် နှာကျောင်းမှာ ဝါဆို ခဲ့ပါတယ်၊ မန္တလေးမှာ နေစဥ်တုံးက အတူတူ နေ ခဲ့ဖူးတဲ့ ဘုန်းကြီးဦးသုဇာတ ရဲ့ ကျေးဇူး ပြုပေးမှု ကြောင့်ပါပဲ၊ အကြီးတန်း စာဝါ ပဋ္ဌာန်း ဘာသာရပ်ကို ပို့ချပေးခဲ့တဲ့ ဆရာသမား တစ်ပါးလဲ ဖြစ် ပါတယ်၊ အဲဒီကျောင်းမှာ ၂ ဝါခန့် နေထိုင်ခဲ့ရပြီး

သာသနာ့ဒယကျောင်းမှာ စာချတန်းစာဝါများ  တက်ရောက် သင်ကြားခဲ့ရပါတယ်၊ စာချ ဆရာတော်တွေက  ဆရာတော်ဦးပဝရာဘိဝံသ နဲ့ ဆရာတော်ဦးသုန္ဒရ တို့ပဲ  ဖြစ်ကြပါတယ်၊ နေ့စဥ်နဲ့ အမျှ ပုံမှန်  စာလာတက်တာကို တွေ့ မြင်နေရတဲ့ သာသနာ့ဒယကျောင်းဆရာတော် ဘုရားကြီးက  ကိုယ်တော်ဒီမှာပဲ  လာနေလိုက်ပါတော့လားလို့ မေတ္တာရှေ့ထား အမိန့်ရှိလာ လို့ သာသနာ့ဒယကျောင်းကို ပြောင်းရွှေ့ပြီး နေထိုင်လိုက်ရပါတော့တယ်၊ ဓမ္မာစရိယတန်းမှာ  ၂ ကျမ်း အောင်ထားပြီး ဖြစ်လို့  ကျန်နေသေးတဲ့ တစ်ကျမ်းစာအတွက် စာဝါကို လိုက်ရသလို  ဆရာတော် ကြီးရဲ့ တာဝန်ပေးမှုကြောင့် အလတ်တန်းနဲ့ အကြီးတန်းအတွက် ယမိုက်စာဝါများကို  ပြန်လည်ပို့ချပေးခဲ့ရပါတယ်၊

ပညာပါရမီ  ဖြည့်ကျင့်ခဲ့ရပြီ

စာချဆရာတော် ၂ ပါး တို့ရဲ့  ကောင်းစွာပို့ချသင်ပြပေးမှု  ဂုဏ်ကျေးဇူးကြောင့်  ၁၉၇၇ ခုနှစ်မှာ  အ စိုးရ ဓမ္မာစရိယ စာချတန်းစာမေးပွဲကို အောင် မြင် ခဲ့ပါတယ်၊ အဲဒီ နှစ်မှာ  တစ်နိုင်ငံလုံး  ဓမ္မာစရိယ စာချတန်း အောင်မြင်  ဘွဲ့ယူသူပေါင်း  ၆၆ ဦး မျှ ရှိပါတယ်၊ မိမိမှာ  အမှတ်စဥ် ၂၄  ဖြစ်ပါတယ်၊ ရန်ကုန်မြို့  ကမ္ဘာအေး  ဆဋ္ဌသံဂါယနာ  လိုဏ်ဂူကြီးထဲမှာ ဘွဲ့ နှင်းသဘင်ကို  ဆင်ယင် ကျင်းပခဲ့ပါတယ်၊ ဘွဲ့ရ သံဃာတော်များ ပျော်ရွှင်နေကြရတဲ့  နေ့ တစ်နေ့ပါပေပဲ၊ ရဟန်းဒကာ/မ မိဘ ဆွေမျိုးများနဲ့  စုပေါင်းပြီး အမှတ်တရ  ဓါတ်ပုံ ရိုက်ယူနေကြတာကိုကြည့်ပြီး မုဒိတာ ပွားခဲ့ရပါတယ်၊  မိမိအဖို့မှာတော့  ဘယ်သူနဲ့မှ တွဲပြီးရိုက်ရမယ့် သူ  လုံးဝမရှိခဲ့ပါ၊

အမှန်အတိုင်း ပြောရရင် ဒီတစ်ခေါက် ဘွဲ့ယူရတာ က စိတ်ထဲမှာ ဘယ်လိုမှ မခံစားခဲ့ရပါ၊ အငယ်တန်း စာမေးပွဲ အောင် မြင် မှန်း သိခဲ့ရစဉ်တုံးကသာ ဘဝမှာ အဝမ်းသာဆုံး ခံစားခဲ့ရ ခြင်းပါ၊ မိခင် ကြီးရဲ့ ကျေးဇူး ကြောင့် ေလာကီ အတန်းကျောင်းပညာရေးမှာ ဘွဲ့ မရရှိနိုင်ခဲ့ပေမဲ့ ဒီ ဓမ္မာစရိယ ဘွဲ့ြကီးကို တော့ အပြင်းအထန် ကြိုးစားအားထုတ်လာခဲ့လို့ ခက်ခက်ခဲခဲ နဲ့ပဲ ေအာင်ပွဲဆင်နိုင်ခဲ့ပါပြီ၊ မိခင် ကြီး ပေးအပ်ခဲ့တဲ့ ဘွဲ့ကြီးပါပေပဲလို့ သဘောပိုက် အောက်မေ့ခဲ့ရပါတယ်၊

နှစ်ပေါင်း ၂၀ ကျော်ကြာ အစိုးရရဲ့ အောင်စာရင်း မှတ်တမ်း အရ လေ့လာတွေ့ရှိရသည်မှာ ရှမ်း ပြည်နယ်တခွင် တိုင်းရင်းသားများထဲ က ဓမ္မာစရိယစာချတန်း အောင် မြင်သူ တစ်ပါးမှ မတွေ့ခဲ့ရပါ၊ ဒါကြောင့် မိမိရဲ့ အောင် မြင်ခြင်း သည် ရှမ်း ပြည်သားထဲက ပထမဦးဆုံး သော ဓမ္မာ စရိယတန်း အောင် မြင်သူအ ဖြစ် မှတ်တမ်းတင် သတ်မှတ်နိုင်ပါတော့တ ယ်၊ ခုလို ဖေါ်ပြရခြင်းဟာ ဝါကြွားလိုတဲ့သဘောနဲ့ ဂုဏ်ယူ ပြော ပြနေ ခြ င်း မဟုတ်ရတာ အမှန်ပါ၊ "မိမိဂုဏ်ကိုဖေါ် မသူတော် "ဆိုတဲ့ စကားရပ်က မိမိရဲ့ နှလုံးသားထဲ မှာ ကိန်းဝပ်နေမြဲပါ၊ ကြွားဝါ တဲ့ စကားလုံး သုံး နှု န်း ပြောဆိုနေ ခြင်းဟာ စက်ဆုပ်ဖွယ်ကောင်းလှတဲ့ အဖြစ်ပါပေပဲ၊ ဒီနေရာမှ ထည့်ပြောနေရတာက နောင်လာ နောက်သား ပုဂ္ဂိုလ်များအတွက် ပ ညာရေးမှာ အားဆေးတစ်ခွက် ဖြစ်ပါစေ ဆိုတဲ့ စေတနာလေးနဲ့ အဓိကထား ပြော ပြပေးနေရ ခြင်းပါပဲ၊ အသက်၂၀ ကျော်မှ နမောတဿကို စသင်ရ တာ ဖြစ်ပေမဲ့ ပရိယတ်ရော ပဋိပတ်ပါ တွဲပြီး အားထုတ်လိုက်မယ်ဆိုရင် ပ

န်းတိုင်ကို အမြန်ဆုံး ရောက်ရှိနိုင် ကြောင်းကို မီးမောင်းထိုး ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ဘာသာရေး ဆောင်ရွက်ချက်များ

စာချတန်း မအောင်ခင် ကတည်းကစ ပြီး ၁၃နှစ်ကြာခန့် သာသနာဒယ ပရိယတ္တိ စာသင်တိုက်မှာ ပထမလတ်နဲ့ ပထမကြီးတန်း စာဝါများကို ပို့ချပေးရပါတယ်၊ မိမိရဲ့ ဆရာသမား ၂ ပါး စလုံး အိန္ဒိယနိုင်ငံမှာ ဒေါက်တာဘွဲ့ အတွက် သွားရောက်ပြီး ပညာတော်သင် ကြွရောက်ခဲ့စဉ်က ဆိုရင် ကျောင်းထိုင်ဆရာတော်ကြီး ရဲ့ တာဝန်ပေးချက်အရ ဓမ္မာစရိယတန်း စာဝါကိုပါ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ပြန်လည်ပြီး ပို့ချပေးခဲ့ရပါတယ်။

ဒါ့အ ပြင် မိမိအဖို့ ကျေးဇူးများလှ ချစ်ခင်ရတဲ့ မိခင်ကျောင်းသဖွယ် ဖြစ်တဲ့ ကျွန်းကလေးကျောင်း နှစ်ပတ်လည် စာမေးပွဲကြီးအတွက် ပုစ္ဆာထုတ် ခြင်း, အ ဖြေလွှာ စစ်ဆေးပေး ခြင်း များကိုလဲ ကူညီ လုပ်ဆောင်ပေးခဲ့ရပါတယ်၊

မိမိချစ် မြတ်နိုးလှတဲ့ ကျောင်းတော် ကြီး နဲ့ မိဘသဖွယ် ကြည် ညို လေးစားရတဲ့ ဆရာသခင် ကျေးဇူးရှင် ဆရာတော် ဘုရား ကြီး ကို အ ခြေအနေအရ ခွဲပြီး နေခဲ့ရပေမဲ့ မကြာခဏ ဆိုသလို သွားရောက်ဖူးမြော် ကန်တော့နေကျပါပဲ၊ ဆရာသမားတွေရဲ့ တာဝန်ပေး တိုက်တွန်းချက်အရ ဟသ်ာတ၊ ဓ နုဖြူ နဲ့ မြောက်ဥက္ကာပ အမျိုးသား စာမေးပွဲ တွေ အတွက် ပုစ္ဆာ ထုတ်ပေးရပါသေးတယ်၊ နှစ်စဉ်နဲ့အမျှ ကမ္ဘာအေး အစိုးရစာစစ် ဌာနမှာ ဓမ္မာစရိယ

အ ေ ဖြလွှာတွေကို တ ခြားဆရာတော်တွေနဲ့အတူ  သွားရောက်ပြီး အမှတ် ပြ
ခစ်  စစ်ဆေးပေးခဲ့ရပါတယ်၊   ဒီဇဘ်ာလတိုင်း  ပိဋကတ် သုံးပုံ အာဂုံ ပြန်
ဆိုတဲ့ စာမေးပွဲကြီး  ပြုလုပ်ကျင်းပရာ  မဟာစည်သာသနာ့ရိပ်သာ ဖလ်ယာ
ဥ်ဓမ္မာရုံကြီးထဲမှာ လဲ စာထောက်စာမ အဖြစ် ပြုလုပ်ခဲ့ရပါတယ်၊  ဒါ့အ ပြင်
ပထမ ပြန် စာမေးပွဲ ဆင် နွဲ ကျင်းပရာ အထက်တန်းကျောင်းတွေမှာ စာမေး
ပွဲ ကြီး ကြပ်ရေးမှူး အ ဖြစ်လဲ ပြုလုပ်ခဲ့ရပါတယ်၊   လမ်းမတော်မြို့နယ် ရှိ ၅
လမ်း , ၉ လမ်း ဓမ္မာရုံတွေမှာ  ပရိတ်  ပဋ္ဌာန်း သင်တန်းများ သင်ကြားပို့ချ ေ
ပးရသလို  ၉ လမ်း ဓမ္မာရုံနဲ့ ၁၅ လမ်း ထိပ် အစိုးရမူလတန်းကျောင်းမှာ    ေ
ကျာင်းသူ/ သား များနဲ့ ဆရာ/မ များ စိတ်ဝင်စားမှု ရှိသူတို့အား  ဗုဒ္ဓ ဘာသာ
ယဉ်ကျေးမှု သင်တန်းကို  ပထမဆုံးအကြိမ် အ ဖြစ် သင်ကြား ပို့ချပေးခဲ့ရပါ
တယ်၊   ဆရာတော် ကြီးရဲ့ တာဝန်ပေးအပ်ချက်အရ ဝါတွင်းသုံးလ  ဥပုသ်ေ
နတိုင်း  လမ်းသစ်ရိပ်သာ  ဘုန်းကြီးလမ်းရှိ  တမီလ် ဗုဒ္ဓဘာသာ အစိုးရမူလ
တန်းကျောင်းမှာ  ကျောင်းသူ/သားတွေကို ဗုဒ္ဓဘာသာအ ကြောင်း နှစ်ပေါင်း
အတော်ကြာ   သင်ကြားပို့ချပေးခဲ့ရပါတယ်၊ နောက်ပြီးတော့လဲ   လမ်းမေ
တာ်မြို့နယ်ရဲ့  အစိုးရဝိနည်း ဓိုရ် အ ဖြစ်လဲ  တာဝန်ပေးအပ် ခြင်းခံခဲ့ရပါေ
သးတယ်။

## ပန်ချင်သူဝေးတဲ့   တောကပန်းရိုင်းများ

မိမိဘဝ ငယ်စဉ်က  ဦးဆောင်  ညွှန် ပြ ထောက်ပံ့ပေးမဲ့သူ  မရှိခဲ့ရှာ လို့
ပညာရေးမှာ အောက်ကျနောက်ကျ ဖြစ်ခဲ့ရပါတော့တယ်၊ ကိုယ့်လို  သူများေ

တွ မ ဖြစ်ပါစေနဲ့ လို့ ဆိုတဲ့ စေတနာလေးနဲ့ ရှမ်း ပြည်ဘက်က အလားအလာ ရှိနိုင်တဲ့ ဉာဏ်အတော်အသင့် ကောင်းတဲ့ ကိုရင်လေးတွေကို ရန်ကုန်မှာ ရှိတဲ့ စာသင်တိုက်တွေ ဆီကို အပ်ဖို့ သွားရောက်ပြီး လျှောက်ထားခဲ့ရပါတယ်၊ လက်မခံတဲ့ ကျောင်းက များလှပါတယ်၊ အဲဒီ အချိန်တုံးက မူလတန်းဆိုတာ မပေါ်သေးပါ၊ စစ ချင်း အငယ်တန်းကို ဖြေဆို ခဲ့ကြရပါတယ်၊ သံဃာကိုလက်ခံတဲ့ကျောင်း မှာ ကျောင်းရဲ့စာမေးပွဲအောင်ချက်ကောင်းဖို့ကိုပဲ အဓိကထားပြီး သံဃာကို လက်ခံကြတာပါ၊ ဒီပြင်ကျောင်းတွေ ထက် အောင်ချက်ကောင်းအောင်ပြိုင်ဆိုင်နေကြရတာလဲ ပါတာပေါ့လေ၊ ဒါကြောင့်မို့လို့ လက်ခံတဲ့ နှစ်မှာပဲ အငယ်တန်းကို ဝင်ရောက်ဖြေဆိုနိုင် ဖို့ စာကို ရသင့်သလောက် ရထားနှင့် ကာမှ လက်ခံလိုကြတာပါ၊ ၂_၃ နှစ်လောက် နေပြီးမှ အငယ်တန်းကို ဖြေ ဆိုနိုင်မဲ့သူတွေ ကို လက်မခံလိုကြပါ၊ တစ်ချို့ ကျောင်းများကဆိုရင် အခြေခံ သဒ္ဒါ ဝိနည်း သ င်္ဂြိုဟ် အနည်းအကျဉ်းလောက် အလွတ်ပြန်ဆို ပြနိုင်မှပဲ လက်ခံကြတာပါ၊ မိမိ လူတွေက အရိုင်းတုံးတွေဆိုတော့ အဆင့်မမှီလို့ပဲ အပယ်ခံထိပြီး မျက် နှာငယ်ငယ်နဲ့ပဲ တပ်ခေါက် ပြန်ခဲ့ရတာကပဲ များလှပါတယ်၊ ကိုယ်တော်တို့ ရှမ်း ပြည်သားတွေက ဇွဲမရှိကြဘူးတဲ့၊ ခဏလောက်နေပြီး စာက အရမ်းခက်တယ်ဆိုပြီး ပြန်သွားကြတာကို မကြာခဏ တွေ့နေရလို့ လက်မခံချင်ဘူးလို့ ပြောတာလဲ ရှိပါတယ်၊ ဆရာတော်တွေရဲ့ အတွေ့အကြုံအရ သူ့အကြောင်း ပြနဲ့သူ တော့ ဟုတ်နေတာပါပဲ၊ အ ပြစ်မဆိုသာပါ၊ နောက်ကျတော့ ဆက် နွယ် ပတ်သက်ရာကို လိုက်ရှာပြီး ပြကိုးစားခဲ့ရ ပြန်ပါတယ်၊ တစ်ချို့ ကို ပဲခူး , မော်လမြိုင် အထိ ပို့လိုက်ရတာ

လဲ ရှိခဲ့သလို ရန်ကုန်က လက်ခံ ပေးကြတဲ့ ကျောင်းတွေမှာ အပ် နှံ ထားရတာလဲ ရှိပါတယ်၊ မေတ္တာ ကရုဏာ စိတ် နဲ့ တောရိုင်းကပန်းတွေကို လက်ခံပေးကြတဲ့ ဆရာတော် များကို အထူးကျေးဇူးတင်ခဲ့ရပါတယ်၊ မိမိတို့တတွေ တောလက်ဒေသမှာ ဖွား မြင်လာခဲ့ရတာ ကံခေလိုက် လေ ခြင်းပဲလို့ တွေးမိခဲ့ပါတယ်၊ နောက်တစ်ချက် စဥ်းစားလိုက် ပြန်တော့ သာသနာပိုင်ဆရာတော် ကြီးတွေ၊ မဟာရဋ္ဌဂုရု ဘွဲ့ရ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ကြီးတွေကလဲ တောသားတွေပဲ မဟုတ်ပါလားလို့ တွေးမိ ပြန်ပါတယ်၊

ဒီနေရာမှာ စကားစပ်မိလို့ ပြောလိုက်ရအုံးမယ်၊ ၁၉၈၆ခုနှစ် ပိဋကတ် သုံးပုံ ပြန် စာမေးပွဲမှာ မိမိက စာထောက်စာမအ ဖြစ် လုပ်ပေးနေရတဲ့ နေ့တစ်နေ့မှာ မန္တလေး မြင်းဝန် တိုက်မှာ နှစ်ပေါင်း ရှည်ကြာ နေထိုင်ခဲ့တဲ့ ရှမ်း ပြည်က နောင်တော် ကြီး တစ်ပါးက မဟာစည် သာသနာ့ရိပ်သာမှာ တစ်ဝါလောက် တရားအားထုတ်ချင်လို့ လိုက်ပါပြီးတော့ သက်ဆိုင်ရာ ယောဂီကို လက်ခံတဲ့ဆရာတော်ကို လျှောက်ထားပေးဖို့ အကူအ ညီ လာရောက်တောင်းခံပါတယ်၊အားကိုးတကြီးနဲ့ပဲပေါ့၊ ဆွမ်းစားပြီးတဲ့အချိန် စာ ပြန်နားချိန်မှာ ဒို့ နှစ်ဦးသား ယောဂီလက်ခံတဲ့ ဘုန်းကြီးရှိရာကျောင်းကို သွားရောက်ခဲ့ကြပါတယ်၊ ဓမ္မာရုံကြီးနဲ့ ဆို ၄-၅ လှမ်းလောက်လှမ်းလိုက်ရင်ပဲ ရောက်သွားတော့တာပါပဲ ၊ သက် ဆိုင်ရာ ဘုန်းကြီးကို အရိုအသေ ပြုပြီး လာတွေ့ရ ခြင်းရဲ့ရည်ရွယ်ချက်ကို လျှောက် ပြပါတော့တယ်၊ စစချင်းမေးတာက ဘယ် နှစ်ဝါ ရှိပြီလဲပေါ့၊ ၂၅ဝါ ပါဘုရားလို့ ဖြေပါတယ်၊ ပညာရေး အဆင့်

အတန်း မေးလာ ပြန်တဲ့အခါမှာတော့ ကျမ်းကြီးဖေါက်နဲ့သာ နှစ်ပေါင်း များစွာ သင်ခဲ့ဖူးပါတယ်၊ စာမေးပွဲ အောင်တာကတော့ မရှိပါဘုရားလို့ အမှန်အတိုင်း ဖြေကြားလိုက်ရပါတယ်၊ သတ်မှတ်ချက်မမှီ လို့ လက်မခံနိုင်ဘူးတဲ့၊ ကိုယ်တော်တို့ ပလောင်တွေက ဝါသာကြီးနေတာ အရည်အချင်းက ဘာမှ မရှိကြဘူး လို့ နောက်ဆုံးမိန့်ခွန်း ခြွေလိုက် ပါတော့တယ်၊ မိမိက မှန်ပါဘုရား၊ မန္တလေးကနေ ဒီကို အားခဲပြီးလာခဲ့တာပါဘုရား၊ လက်ခံပေးနိုင်မယ် ဆိုရင်လဲ သာစု ခေါ်ဆို ဝမ်း မြောက်ရမှာပါဘုရား၊ မရဘူးဆိုရင်လဲ ကိစ္စ မရှိပါဘုရားလို့ ဦးချ ကန်တော့ပြီး ရှက်ရှက်နဲ့ပဲ ထွက်သွားခဲ့ကြရပါတော့တယ်၊ ညနေပိုင်းအချိန်ကျတော့ မကျေပွဲ အနေနဲ့ ကမ္ဘာအေးဘုရားလမ်းမှာရှိ တဲ့ ချမ်းမြေ့ ရိပ်သာကျောင်းမှာ သွားရောက်ပြီး ဆရာတော်ဘုရားကို လျှောက်ခဲ့ရ ပြန်ပါတယ်၊ ကံကောင်းတယ်လို့ပဲ ဆိုရပါ့မယ်၊ ဆရာတော် ကြီးက လွယ်လွယ်ကူကူ ကြည်ကြည် ဖြူ ဖြူ နဲ့ပဲ လက် ခံခဲ့ပါတယ်၊ နောင်တော် ကြီးရဲ့ဆန္ဒ ပြည့်ဝ သွားတာကိုပဲ သူ့အတွက် ကြိတ်ပြီး ဝမ်းသာခဲ့ရတာ အမှန်ပါပဲ၊ ဆရာတော် ဘုရား ကြီးကို ကျေးဇူးတင်လိုက်ရတဲ့ ဖြစ် ခြင်းပါပေပဲ။

## ပရဟိတ လုပ်ငန်း တစ်စိတ်တစ်ပိုင်းထမ်း

န ဂိုကတည်းက ကြေ ငြာ ပြောကြားခဲ့ဖူးတဲ့အတိုင်း ဓမ္မာစရိယ စာချတန်းမှ မအောင်ရင် ရွာကို မ ပြန်ဘူးလို့ သန္နိဋ္ဌာန် ချထားခဲ့တာ ခုတော့ မွေးရပ်ဌာနေ ဆီကို ပြန်လည်ဖို့ အခွင့် သာသွားပါပြီ၊ မပြန်မှာ စိုးလို့ ခမည်းေ

တာ် ကြီး ဖြစ်သူကလဲ   ရန်ကုန်ကို ၂လ ခန့် ကြိုတင် ရောက်ရှိလာ ပြီး စောင့်နှင့် နေပါပြီ၊

စာမေးပွဲ တွေလဲ  ပြီးဆုံး သွားပြီမို့  ရပ်ရွာ မှာ မျှော်နေရှာကြတဲ့  ပုဂ္ဂိုလ်များကို အလှည့်ပေးဖို့  ဖြစ်လာပါပြီ၊  ရွာအ ပြန် ခရီးမှာ  မိမိနေခဲ့ဖူး တဲ့ ဘုရား ကြီး တိုက်  ၊ တိုက်သစ် ကျောင်း ဆရာတော် ဘုရားကြီးကို ဝင်ရောက်ပြီး  ဖူးမြော် ကန်တော့ခဲ့ပါတယ်၊  ဆရာတော်ဘုရားကြီးက လည်လျောင်းမှောက်ရက် အနေအထားနဲ့  ပေစာ ဖတ်နေတာကို ဖူးတွေ့ခဲ့ရပါတယ်၊ ဆရာတော်ဘုရားကို  တပည့်တော် လာရောက် ကန်တော့ ကြောင်း  လျှောက်ထားခဲ့ပါတယ်၊ အသက် ကြီးပြီမို့   မှောက်နေရာကနေ ချက်ချင်း ထထိုင်နိုင်ဖို့ မလွယ်လှဘူး ဆိုတာ သဘောပေါက် မိပါတယ်၊ ဒါနဲ့ ဆရာတော် ကြီးက မှောက်ရက်နဲ့ပဲ  မိမိနဲ့ စကားပြောခဲ့ပါတယ်၊ တစ်အောင့်လောက်ကြာတော့   ဆရာတော် ကြီးက ဘာ ဆက်ပြောလာသလဲ ဆို တော့   အရင်က သူခေါ်နေကျ အတိုင်း  " ဟေ  -- မောင်ဇေ၊ မင်း ရန်ကုန်မှာ ဘာလုပ်နေသလဲ၊ စာလေး ဘာလေး ကော သင် ဖြစ်ရဲ့လားကွ" လို့ မေးလိုက်ပါတော့တယ်၊  ဒါနဲ့ မိမိက လက်အုပ်ချီပြီး   အမှန်အတိုင်း လျှောက်လိုက်တာက " ဘုရားတပည့်တော်မှာ  စာချတန်း အောင်ပြီးပြီမို့  စာ ပြန်ချနေပါတယ်ဘုရား" လို့ လျှောက်ထားလိုက်ပါတယ်၊ ဆရာတော် ဘုရား ကြီးမှာ  အရမ်းဝမ်းသာပုံ ပြပြီး ချက်ချင်း ဆိုသလိုထထိုင်လာပါတော့တယ်၊ မင်းက  တော်တော့်ကို  စာကြိုးစားတဲ့သူပဲ ဆိုတာ ငါသိပါတယ်တဲ့၊ နောက်ထပ်ပြီး ဘာဆက်ပြော ပြန်သလဲဆိုတော့   မင်းတို့ ရှမ်း ပြည်သားတွေက  မြန်မာ ပြည်မှာ ၃-၄ နှစ် လောက် လာနေပြီး မြန်

မာစကားလဲ တတ်လာကော ပြန်သွားကြတာကပဲ များပါတယ်တဲ့၊ အဲဒီအ ချိန်တုံးက ဦးစီး ဦးဆောင် လမ်း ညွှန် ပြသပေးမယ့် စံ ပြ ဘုန်းကြီးတွေ မ ရှိသေးလို့ပဲ ဖြစ်ပါလိမ့်မယ်၊ မိမိရဲ့ ဘဝ ဖြစ်စဥ် ကိုယ်တွေ့ ကပဲ သက်သေ ထူနေပါတယ်၊ ပညာဆည်းပူးဖို့ အခွင့်မသာခဲ့ လို့ နှစ်တွေအတော်ကြာ နစ်နာခဲ့ရပါတယ်လေ၊

အဲဒီအချိန်ခါတုံးက ဒို့ရဲ့ ကျေးရွာ တဝိုက်ကို အစိုးရက အမဲရောင် နယ် မြေ သတ်မှတ်ထားခဲ့တဲ့အချိန် လဲ ဖြစ်နေပါတယ်၊ ရှမ်း SSAတို့ သွားလာလှုပ်ရှားကြီးစိုးနေတဲ့ အချိန်ပဲ ဖြစ်နေပါတယ်၊ တိုက်ပွဲတွေ မကြာခဏ ဖြစ် တတ်လို့ စာသင်ကျောင်းတွေကို ပိတ်ထားခဲ့ရပါတယ်၊ ခလေးတွေရဲ့ ပညာသင်ကြားရေး ရပ်တန့်ကြရပါတော့တယ်၊ အဲဒါနဲ့ပဲ ခလေးငယ်ပေါင်း ၃၀ နီးပါးခန့်ကို ခေါ်ယူမည့် သင့်လျော်ရာရာ ဘုန်းကြီးကျောင်းနဲ့ အသိ ဒကာ/မ တွေရဲ့အိမ်မှာ ခွဲပြီးနေစေခဲ့ပါတယ်၊ ခလေးငယ်များကို ခိုင်းလိုရာ ခိုင်းနိုင်ကြောင်းနဲ့ အတန်းကျောင်းကိုတော့ ပေးတက်စေချင်ကြောင်း သက်ဆိုင်သူတွေကို မေတ္တာရပ်ခံ တောင်းဆိုခဲ့ရပါတယ်၊ ဘုန်းကြီးရဲ့ တောင်းဆိုချက် ဆန္ဒရှိတဲ့အတိုင်း ပဲ ကြည်ကြည်သာသာလက်ခံယူခဲ့ကြပါတယ်၊ တစ်သက်လုံး မေ့လို့မရနိုင်တဲ့ အနန္တ ကျေးဇူးရှင် ကြီးတွေပါပေပဲ၊ သုံးချိုး တစ်ချိုးသော ခလေးတွေရဲ့ ကျန်းမာရေး , အဝတ်အစား, နဲ့ ပညာရေးစရိတ် ကျူရှင်ခ တွေကို မိမိကိုယ်တိုင်ကပဲ တာဝန် ယူ ထောက်ပံ့ပေးခဲ့ရပါတယ်၊ အဲဒီအချိန်တုံးက သရက်တောတိုက်မှာ သာသနောဒယပရိယတ္တိ စာသင်တိုက် က စာမေးပွဲ အောင်ချက် ကောင်းနေတဲ့ အချိန်ပါပဲ၊ ဆွမ်းစားကွမ်းစား

အပင့်အဖိတ် ကလဲ များလှပါတယ်၊ မိမိအနေနဲ့ကလဲပဲ စာချဘုန်းကြီးတစ်ပါးအနေနဲ့ ဆရာတော်ကြီး တာဝန်ပေးအပ်ချက်အရ ခွဲတမ်းကျ သံဃာတော်များကို ဦးဆောင်ပြီးကြွပေးရပါတယ်၊ ဒီလို အနည်းအကျဥ်း ရရှိလာတဲ့ လာဘ်လာဘ တွေကို စုဆောင်းပြီး တာဝန်ယူထားတဲ့ ခလေးတွေကို ထောက်ပံ့ ပေးနေခဲ့ရပါတယ်၊ တစ်ခါတစ်လေများမှာဆိုရင်လဲ လိုအပ်လာလို့ ရရှိထားတဲ့သက်န်းတွေကို ရောင်းပြီး ခလေးတွေရဲ့ပညာရေးစရိတ် အ ဖြစ် အသုံးပြုခဲ့ရပါတယ်၊ စနေနေ့ တိုင်းလောက် နီးနီး ခလေး များက လာတတ်ကြပါတယ်၊ ဘယ်သူကတော့ ဖြင့် အ ကျႌ ပုဆိုး လိုချင်တယ်၊ စာအုပ်ဖိုး ကျူရှင် ဖိုးလိုချင်တယ်၊ ဆေးဖိုးဝါးခ ဘယ်လောက်ပေးရဖို့ ရှိတယ်စသဖြင့် လာရောက်တောင်းခံ ခဲ့ကြပါတယ်၊ မိမိအဖို့မှာ No ဆိုလို့ တစ်ခါဖူးမျှ မပြောခဲ့ဖူးတာအမှန်ပါပဲ၊ ပြော လို့ မထွက်နိုင်တဲ့ အနေအထားမှာ ရှိနေလို့ပါပဲလေ၊သူတို့လေးတွေအတွက် မိဝေးဖဝေးနဲ့မို့ မိမိမှာ မိဘသဖွယ်လို ဖြစ်နေပါပြီ၊ မိမိမှ လွဲ လို့ သူတို့လေးတွေအဖို့ တခြားသူဆိုတာ မရှိတော့လို့ပါပဲ၊ ဒါေြကာင့် ရ ရှိလာတဲ့ လာဘ်လာဘတွေကို မိမိရဲ့ကိုယ်ရေးကိုယ်တာ အတွက် လုံးဝမသုံးဘဲ ခလေးများရဲ့လိုအပ်ချက်အတွက် အဆင့်သင့် ထားရှိပေးခဲ့ရပါတော့တယ်၊ အဲဒီလို ပညာပါရမီ ဖြည့်ကျင့်ဆည်းပူး ခဲ့ရတာကိုပဲ စိတ်ထဲမှာကြိတ်ပြီး ကျေနပ် နှစ်သိမ့်ခဲ့ရပါတယ်၊ မိမိရဲ့ ငယ်စဥ်ဘဝ အဖြစ်အပျက်မျိုးလို မ ဖြစ်စေချင်လို့ပါပဲ၊

မိမိမှာလေ ဒုတိယအရွယ် လဲရောက်ရှိလာ စာချဘုန်းကြီးလဲ ဖြစ်လာနေပြီမို့ ပထမအရွယ်တုံးကလို ဆင်းဆင်းရဲရဲ ကြီး မရှိတော့ပါဘူး၊

အစစအရာရာမှာ  အဆင်ပြေမှု  စပြီး ရှိလို့နေပါပြီ၊  မိမိရဲ့ ရဟန်းဒကာကြီး ဘိုးစံ မြ ကိုလဲ အခါကာလ အားလျော်စွာ   ထိုက် တန်သလောက်  ပြန်လည်ပြီး ထောက်ပံ့မှု ပြုပေးနိုင်ခဲ့ပါပြီ။

ပရဟိတသဘောနဲ့ ခလေးများရဲ့ဘဝကို  တာဝန်ယူပေးနေရတာ ဖြောင့် ဖြူး လွယ်ကူလှတယ်ရယ်လို့  မဟုတ်ရတာအမှန်ပါ၊ တစ်ခါတစ်လေမှာ    ကျောင်းမှာ ပြဿနာ ရှိလို့ သက်ဆိုင်ရာက လှမ်းခေါ်လို့ သွားရောက်ပြီး ရှင်းရတာရှိခဲ့သလို  နေထိုင်နေ ကြတဲ့ ကျောင်းမှာ   ခလေးတွေကို လက်မခံနိုင်တော့ ကြောင်း အမြန် ဆုံး   လာရောက် ခေါ်ဆောင်ယူသွားဖို့    ဖုံးဆက်လာလို့  သွားရောက်ပြီး အသနားခံ တောင်းပန်မှု  ပြုခဲ့ရတဲ့ အကြိမ်ပေါင်းလဲ မနည်း လှပါဘူး၊ ပြန်လည်ပြီး လက်ခံထား အဆင် ပြေ သွားရ ပြန်တာကိုပဲ ကျေးဇူးအထူးတင်ခဲ့ရပါတယ်၊ မိမိရဲ့ မျက် နှာ ကိုကြည့်ပြီး  သနားလို့ ပြန်လည် လက်ခံရ ခြင်းပဲ  ဖြစ်ပါတယ်တဲ့။ အထူးကျေးဇူးတင်  သာဓုအကြိမ်ကြိမ်  ခေါ်ဆိုခဲ့မိပါတယ်၊ မိမိမှာကလဲ ဒီ ပြင် အားကိုးရာဆိုလို့ ရှိမှ  မရှိတော့ တာ အမှန်ပါပဲလေ။

နှစ်စဉ်ဆိုသလို ဆောင်းတွင်းကာလ  ကျရောက်တိုင်း ရပ်ရွာဖက်က ကျေးဇူး ရှင်အဖိုးအဖွားတွေနဲ့   ကျောင်းသူ/ သား လေးတွေရဲ့  မိဘ  ညီကိုမောင် နှမတွေ ရန်ကုန်ကို  ဘုရားဖူး လာရောက်ကြလေ့ ရှိပါတယ်၊ ကျေးဇူး ပြန်ဆပ် ရသလိုပဲ အောက် မေ့မိ ပြီး  ကျိုက္ခမီ , မုဒုံ  ကမာဝက်, စက်စဲ, မော်လမြိုင်, သထုံ,  ကျိုက်ထို,   ကျိုက် ထီးရိုး, ပဲခူး စတဲ့ နေရာဌာနတွေ ဆီကို  ပို့

ဆောင်ပေးခဲ့ရပါတယ်၊ သူတို့ရဲ့ အ ပြန်ခရီးမှာ ကျေနပ်အားရမှုရ ဗဟုသုတ ဖြစ်ကြရလေအောင် ရန်ကုန်ကနေ မန္တလေး ကို လေယာဉ်နဲ့ စီစဉ် ပေးခဲ့ ရပါတယ်၊ သူတို့ ခများ ပျော်လို့မဆုံး ဖြစ်ခဲ့ကြရပါတယ်၊ နောက်လူ တွေလဲ အားကျမခံ ရောက်လာ ပြန်လဲ သူတို့တတွေ စိတ်ချမ်းသာအောင် အ တတ်နိုင်ဆုံ း လေယာဉ်နဲ့ပဲ တင်ပေးလိုက်ရပါတယ်၊

မိမိရဲ့ရပ်ရွာကို ပြန်ရောက်သွားတဲ့ အချိန်မှာ ဆိုရင် တစ်ပတ်လုံးလုံး နေ့ရော ညပါ တရားဓမ္မ ဟော ပြ ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေး ခြင်း ၊ သိသင့်သိထိုက်သည်များကို ပြော ပြပေး ခြင်း ဖြင့် အချိန်ကို ကုန်လွန်စေခဲ့ ရပါတယ်၊

ဒီမျှလောက်သာ ရပ်ရွာဖက်က ကျေးဇူး ရှင် မိဘ ပြည်သူများကို ကျေးဇူး ဆပ်ခွင့် ရရှိခဲ့ပါတာပါ၊ ဒီစာကို ရေးနေတဲ့ အချိန်ထိ ဆိုရင် ရွာကို ပြန်မရော က်နိုင်တာ နှစ်ပေါင်း ၅၀ နီးပါးခန့် ရှိလို့နေပါပြီ၊ အကြောင်း ညီ ညွတ် မှု ရှိ လာတဲ့ တစ်နေ့ တစ်ချိန်မှာ မွေးရပ်ဌာနေဆီကို တကြိမ်တစ်ခေါက် ရောက်ေ ကာင်း ရောက်နိုင်ပါလိမ့်မယ်လို့တော့ အောက်မေ့ရပါတယ်။

ငယ်စဉ်ဘဝကဟာကွက် ဖြည့်စွက်လိုက်ရပြီ

မိမိရဲ့ အသက် ၃၀ ခန့် မှာ စာချဘုန်းကြီး ဖြစ်လို့ လာပါပြီ၊ ည ၇ နာ ရီမှာ စုပေါင်းဘုရား ဝတ်တက် ကြရပါတယ်၊ ၇ နာရီခွဲ ခန့်မှာ ပထမကြီးတ န်းအတွက် ယမိုက်စာဝါကို ပို့ချပေးခဲ့ရပါတယ်၊ ည ၉နာရီ ခန့်လောက်မှာ ကျောင်းကသူတွေ မသိရအောင် တိတ်တဆိတ်နဲ့ စမ်းချောင်းမြို့နယ် မြင့်

မိုရ်လမ်းမှာ သွားပြီး အင်္ဂလိပ်စာ   ABC  ကို စပြီး သင်ယူမှု ပြုခဲ့ရပါတယ်၊ မိမိရဲ့ ပထမဆုံး အင်္ဂလိပ်စာ ဆရာက  ဦး မြင့်ဌေ  ဖြစ်ပါတယ်၊ သူ့မှာလဲ ကျူရှင်လာတက်ကြတဲ့ ကျောင်းသူ/ သား ပေါင်း  အစိတ် သုံးဆယ် လောက် ရှိနေတာကိုလဲ တွေ့ခဲ့ရပါတယ်၊  သူ့ရဲ့ ကျူရှင် အပြီးမှာမှ မိမိရဲ့ အလှည့် တစ်ပါးတည်း သင်ကြားပေးခဲ့ပါတယ်၊ ကုသိုလ် ဖြစ်  စေတနာဝန်ထမ်း  သင်ပေးခဲ့ ခြင်း ဖြစ်ပါတယ်၊ စာနဲ့ နှုတ်နဲ့  ပြော ပြလို့ မရ နိုင်လောက်အောင် ပဲ ကျေးဇူးတရား လွန်စွာမှကြီးမားလှပါပေတယ်၊

အဲဒီခေတ်အခါတုံးက ဆိုရင်  ဘုန်းကြီးလောကမှာ အင်္ဂလိပ်စာ ကို သင်ကြားခွင့် မ ပြုခဲ့ပါဘူး၊ အထူးသ ဖြင့် စာသင်တိုက်တွေမှာပေါ့၊ မိမိ အဖို့မှာတော့ ငယ်စဉ်ဘဝတုံးက အတန်းစာကို မသင်ခဲ့လိုက်ရတဲ့ ဟာကွက်ကို  ဖြည့်စွက်ပေးချင်နေတဲ့ ဆန္ဒက လွန်စွာမှ ပြင်းပျ လျက် ရှိနေပါတယ်၊ ဒါကြောင့် မဖြစ်မနေ  နည်းလမ်း ရှာဖွေပြီး ကြိုးစားအားထုတ်မှု ပြုခဲ့ရတာပါပဲ၊  စာချဘုန်းကြီးတစ်ပါးအနေနဲ့ အခွင့်အရေးယူပြီး  ကျောင်းကခွင့်မ ပြုတာကို  ခိုးပြီး အင်္ဂလိပ်စာသင်နေပါတယ်လို့   အများက စောဒက မတက်ရလေအောင် အထူးသတိ ပြုခဲ့ရပါတယ်၊ ကျောင်းထိုင်ဆရာတော် အနေနဲ့လဲ မျက် နှာ မပူရလေအောင်  ပိပိရိရိ နဲ့ အတတ်နိုင်ဆုံး တိုးတိုးတိတ်တိတ်နဲ့ပဲ အတတ်နိုင်ဆုံး ဆင် ခြင်ပြီး နေခဲ့ရပါတယ်၊ နောက်ပိုင်းမှာ ဆရာကြီးကသိသွားလိုက်ပေမဲ့  မသိသလိုလိုနဲ့ပဲ နှာစေး နေပေးလိုက်တာကိုလဲ ရိပ်မိခဲ့ပါတယ်၊ကျေးဇူးတော် ကြီးလှပါပေတယ်၊  မိမိမှာ အ ပြင်ဖက်ကို ထွက်ခဲ့တဲ့သူပါ၊ အခန်းအောင်းကိုယ်တော်  ရေခဲတုံးကြီးလို့တောင် သူငယ်ချင်းတွေက ပြော

ဆိုတတ်ကြပါတယ်၊ ဒါကြောင့် မို့လို့ စာဝါချပြီးတဲ့အခါ ကျောင်းဘေးနား က လျှောက်လမ်းမှာ တစ်အောင့်လောက် စကြ်ံ လျှောက် ပေးပြီး ဘေးပ တ်ဝန်းကျင်မှာ လူသူမရှိတော့ ပြီဆိုမှ ကျောင်းနဲ့ ကပ်ရက် ဗိုလ်ချုပ်လမ်းရှိ ကားမှတ်တိုင်မှာ ဘတ်စကားနဲ့ ကျူရှင် သွားတက်ခဲ့ရပါတယ်၊ အခ ခြေအနေ အရ တစ်ခါတစ်လေမှာကျတော့ သုံးဘီးကား ငှါးပြီး သွားခဲ့ရတာလဲ ရှိပါတ ယ်၊ ည၁၂ နာရီ ဝန်းကျင်လောက်ကျမှ ကျောင်းကို ပြန်လည် ရောက် ရှိနိုင်ခဲ့ ပါတော့တယ်၊ အဲဒီ အချိန်မှာ ကျောင်းဂိတ်တံခါးကြီးလဲ ပိတ်လို့နေပါပြီ၊ ဂိ တ် တံခါးကြီး က နှစ်ဖက်ချွန် သံတံခါးကြီးနဲ့ပါ၊ အဲဒီ ဂိတ်သံတံခါးကြီးကို ေ ကျာ်တက်ပြီး ကျောင်းထဲကို ဝင်လာခဲ့ရတာပါ၊လူ မြင်မှာကိုလဲ ကြောက်ရေ သး ချွန်ထက်နေတဲ့ သံတံခါးကြီးနဲ့ မထိမရှ မိအောင်လဲ သတိပြုနေရပါေ သးတယ်၊ ရေချိုးကန်ဘောင်ကနေပြီး တိုက်ကျောင်းအပေါ်ထပ် ဝရံတာ ကို ရောက်ရှိအောင် သတိနဲ့ တွယ်ကပ်ပြီး တက်ခဲ့ရပါတယ်၊ အဲဒီလို အနေ အထား မျိုးမှာ မတော်လို့များ တစ်ယောက်ယောက်က သူခိုး ! သူခိုး! လို့သာ အော်ခဲ့လိုက်ရင်တော့ ဘာ ပြောကောင်းမလဲ၊ စဥ်းစားပြီးတော့သာ ကြည့်လိုက်ပါတော့၊ အဲဒီဝရံတာ ကနေတစ်ဆင့် ကျောင်းထဲကို ဝင်ခဲ့ရတာ ပါ၊

မိမိနဲ့ ကုဋ္ဌင်ချင်းကပ် ယုံကြည် စိတ်ချရတဲ့ တပည့် တစ်ပါး ကို အိပ်ရာဝင်ခါနီးမှ တံခါးဂျက် ချမထားဖို့ မှာကြားထားလို့ သာ အထဲကို ဝင်နိုင် ခဲ့ရ ခြင်း ဖြစ်ပါတယ်၊ မိမိရဲ့ ပညာသင်ကြားရေး ကိစ္စမှာ တစ်ဖက် တစ်လမ်းကနေ ပံ့ပိုး ကူညီပေးခဲ့လို့ ကျေးဇူးတင်လို့မဆုံး ဖြစ်ခဲ့ရပါတယ်၊ တ

စ်ခါတစ်လေမှာတော့ တခြား တစ်ပါးပါးက တံခါးဂျက် ချထားလို့ ကျောင်း ထဲမဝင်နိုင်ဘဲ အပြင်ဝရံတာ မှာပဲ ကျိန်းစက်ခဲ့ရတာလဲ ရှိပါသေးတယ်၊ ေ ကျာင်းရဲ့ ဝရံတာ လက်ရန်းမှာ လွှာ ထားကြတဲ့ သင်းပိုင် သင်္ကန်း တွေ ကို တံမံတလင်းပေါ်မှာ ခင်းပြီး အိပ်ခဲ့ရပါတယ်၊

ဆရာကပေး သမျှ တစ်နေ့စာ အိပ်စာတွေကိုလဲ အလွတ်ကျက်မှတ် လေ့လာသင်ယူခဲ့ရပါတယ်၊ အင်္ဂလိပ်စာသင်ကြားနေမှန်း ဘယ်သူမှ မသိ ရလေအောင် သိလဲ မ မြင်ရလေအောင် ကြိုးတန်းမှာ သင်္ကန်းလွှာ, ပိတ်ပင် ကာရံထားပြီး အသံတိတ်နဲ့ပဲ ကျက်မှတ်ခဲ့ရပါတယ်၊ အဲဒီက နောက်ပိုင်းမှာေ တာ့ ကိုယ်ပိုင်အခန်း ရှိသွားပြီ ဖြစ်လို့ ခိုးကြောင် ခိုးဝှက် နဲ့ စာကို ကျက်မှ တ်စရာ မလိုတော့ပါ၊ အသံတိတ်နဲ့ ပေမဲ့လို့ လွတ်လွတ် လပ်လပ်နဲ့ပဲ စာကိုေ ရးသား မှတ်သား ကျက်မှတ်ခွင့် ရရှိသွားပါပြီ၊ ည ၉နာရီ ဝန်းကျင်လောက်မှ ကျူရှင် ဆရာအိမ်ကို ရောက် ရှိခဲ့ရတာပါ၊ သူတို့ရဲ့ခလေးတွေကို လာကြိုေ ပးကြတဲ့ တစ်ချို့သောမိဘတွေကဆိုရင် မိမိ အင်္ဂလိပ်စာ သင်ကြားနေတာ ကို ထိုင်ပြီးစောင့်ကြည့်နေတတ် ကြပါတယ်၊ ဆရာမေးသမျှကို မမှားအော င် ေ ဖြဆိုပေးနေရပါတယ်၊ ဘုန်းကြီးစာမှာတော့ စာချ ဆရာ အခု လော ကီစာမှာတော့ တကယ့်ကို မူကြိုတန်း အဆင့်မှာပါ၊ သူငယ်တန်းအဆင့်မှာ တောင် မရောက် ရှိသေးပါ၊ အထင်အ မြင်သေးမယ်ဆိုရင်လဲ အထင်သေး စရာပါ၊ အဲဒီလို အထင်သေးမခံရအောင် ဆရာသမား ဖြစ်သူလဲ ဂုဏ်ယူ ဝ မ်းေ မြာက်နိုင်အောင် ကိုယ်အား ဉာဏ်အား ရှိသမျှ အားသွန်ခွန်ချ ကြိုး စားခဲ့ရပါတော့တယ်၊ မိမိရဲ့ ကျူရှင်ဆရာက အင်္ဂလိပ်နည်းသစ်သဒ္ဒါကျ

မ်းစာအုပ်ကို အခေြခံ ပြုပြီး သင်ကြားပေးလာခဲ့တာ ၆ လခန့် မှာ သင်ရိုးကုန်သွားခဲ့ပါတယ်၊ ဆရာသမားရဲ့ ဆန္ဒ တိုက်တွန်းအားပေးချက်အရ အက်ဆေး တစ်ပုဒ် ကိုလဲ ရေးခဲ့ရပါသေးတယ်၊ ဆရာ ဖြစ်သူက အဲဒီ အက်ေဆး ကို သူ့ရဲ့ ၁၀ တန်း ေကျာင်းသူ/ သား တွေကို ပြပြီး ဂုဏ်ယူကြွား ပြလိုက်ပါသေးတယ်၊ ၆ လထဲနဲ့အက်ဆေး ရေး ပြနိုင်တာကို သူ့တပည့် များအားကျပြီး စာကြိုးစားမှု ရှိလာအောင် ထုတ် ပြလိုက်ရ ခြင်းပဲ ဖြစ်ပါပေေတာ့တယ်၊

အဲဒီနောက်မှာတော့ ဘားလမ်းမှာ ရှိတဲ့ ဆရာကြီး ကေတီ ဦးေကျာ်တင့် သင်ကြားပို့ချပေးနေတဲ့ သင်တန်းမှာ သွားရောက်ပြီးနာယူ သင်ြကား မှတ်သားခဲ့ရပါတယ်၊ ဒါ့အ ပြင် အင်္ဂလိပ် စကားပြောတတ်အောင် ေဒါ်မော်လီဆို တဲ့ ခရစ်ယာန် ဘာသာဝင်ကုလားမ တစ်ယောက်ကို ငှါးပြီး ေကျာင်းအထိလာသင်ခိုင်းခဲ့ရပါတယ်၊ နောက်ဆုံးမှာတော့ ကျောင်းနဲ့ကပ်ရက် လမ်းသစ်ရိပ်သာလမ်းမှာ အငြိမ်းစား ကံ့ဘဲ့ ဆရာအတတ်သင်ကျောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်မေထော ဆီမှာ အသံထွက်ပုံ ထွက်နည်း နိသယည်းကို မနက်ပိုင်း သံဃာများ ဆွမ်းခံထွက်ချိန်မှာ သွားရောက်သင်ယူခဲ့ရပါတယ်၊ ညပိုင်းမှာတော့ အင်္ဂလိပ်စကားေ ပြာ ကို တက်ရောက်သင်ယူခဲ့ပါတယ်၊ မိမိမှာ ဆွမ်းခံလဲ မထွက် တစ်ရက် ထွက်တစ်ရက်နဲ့ပါပဲ၊ ဆရာတော် ြကီးရဲ့ဝိုင်းမှာ ဆွမ်းဘုဥ်းပေးဖို့ စိတ်ထဲမှာ လွန်စွာမှ အားနာလှလို့ တခြား ဝိုင်းမှာပဲ ကပ်ထိုင်ပြီး ဘုဥ်းပေးခဲ့ရပါတယ်၊ ဆရာတော် ကြီး ကိုယ်တိုင်လဲ ဆွမ်းခံကြွပေးနေတုံးပါ၊ မိမိ ကပ်ထိုင် ကပ်စားနေ ရတဲ့ ဝိုင်းက ကိုယ်တော်တွေ

က မိမိအပေါ် လွန်စွာမှ မေတ္တာထား ကရုဏာ ရှိကြရှာပါတယ်၊ အထူးသ ဖြ င့်ကတော့ ဦးဝိရောစန ဆိုတဲ့ သူပါပဲ၊ သူ့တို့တတွေရဲ့ မေတ္တာ စေတနာ ေ ကျးဇူးတရားများကို တစ်သက်လုံးမေ့နိုင်ဖွယ်မ ရှိပါ၊ အင်္ဂလိပ်စာ သွားသ င်နိုင်ဖို့ အတွက် ကျွေးမွေးပေးနေတဲ့ မိတ်ဆွေကောင်းတွေပါပဲလေ၊

မိမိရဲ့ အင်္ဂလိပ်စာ နဲ့ စကား တိုးတက်မှု ရှိရေးအတွက် ကက်ဆက် တစ်လုံးကို ဝယ်ယူခဲ့ပါတယ်၊ပြီးတော့ အမေရိကန်နိုင်ငံထုတ် ဖြစ်တဲ့ English 900 စာအုပ်တွေနဲ့ ကက်ဆက်ခွေ တွေ ကိုဝယ်ယူပြီး အခန်းထဲမှာ တိုးတိုး တိတ်တိတ်နဲ့ပဲ လိုက် ပြော လေ့ကျင့်ယူခဲ့ရပါတယ်၊ မြန်မာ ပြည်မှာ ရှိနေတုံး ဒီမျှလောက်သာ လေ့လာသင်ကြားခွင့် ရရှိခဲ့ ခြင်းပါ၊ သို့သော် လ က်တွေ့မှာ အသုံးချခွင့် လုံးဝ မရှိခဲ့တာ အမှန်ပါ။

## သက်စွန့်ဆံဖျား တရုတ် ပြည်သွား

တရုတ်နိုင်ငံ ယူနန် ပြည်နယ် မန်စီမြို့နယ်ထဲက ရွာတစ်ရွာမှာ မိတ်ဆွေဘုန်းကြီး ဦးကုသလတစ်ပါး သာသနာ ပြုကျောင်းထိုင်လျ က် ရှိနေပါတယ်၊ အဲဒီကျောင်းမှာ ထားရှိပူဇော်ဖို့ ကျောက်ဆင်းတု ဘုရား ရုပ်ပွားတော် ကြီးတစ်ဆူ ပင့်ဆောင်သွားဖို့ ရှိနေပါတယ်၊ အဲဒီ ဘုရားအနေကဇာတင်ပွဲ အခမ်းအနားမှာ ပါဝင်တက်ရောက်ဖို့ ဖိတ်ေ ခါ်ခံခဲ့ရပါတယ်၊ အဲဒီမြို့နယ်မှာ ရှိနေကြတဲ့ ရွာပေါင်း ေ မြာက်များ စွာမှ ဒကာ/မ များတွေကိုလဲ ဘုရားပွဲ ကျင်းပမဲ့နေ့ကို ကြိုတင် သ တ်မှတ်ထားပြီးလဲ ဖြစ်နေပါတယ်၊ ဖြစ်ချင်တော့ အဲဒီကာလအေ

တာ်အတွင်းမှာ အစိုးရတပ်နဲ့ ကွန် မြူနစ်တပ်တွေ နောက်ဆုံးအ ကြိမ်
အနေနဲ့  အကြီးအကျယ် တိုက်ခိုက်နေကြတဲ့ အချိန်အခါနဲ့ တိုက်ဆို
င် လို့နေပါတော့တယ်၊  အဲဒီ အချိန်တုံးက  ဖုံးဆိုတာကလဲ လုံးဝမရှိေ
သးတဲ့ အချိန်ပါ၊  ဟို တရုတ် ပြည်ဖက်မှာ ဘုရားပွဲ အတွက်  ပြင်ဆ
င်မှုများ ဖိတ်ကြားမှုများ  အဆင့်သင့် ပြုလုပ်ကြပြီးလဲ  ဖြစ်နေပါပြီ၊
ရွှေလီ မြစ် တဖက်ကမ်းအထိ  ဝေါယာဥ်နဲ့ တခမ်းတနား လာရောက် ြ
ကိုဆို ပင့်ဆောင်ယူဖို့လဲ စီစဥ်ထားပြီးသား ဖြစ်လို့နေပါပြီ၊  ဘုရားပွဲ
သတ်မှတ်ရက်ကလဲ  ၃-၄ ရက် လောက်သာလိုပါတော့တယ်၊ ဒီက
အေ ခြအနေ   ဟိုကို အကြောင်းကြားဖို့ဆိုတာ ကလဲ   ဘယ်လိုမှ  မ ြ
ဖစ်နိုင်ပါ၊ ဟိုကလူတွေလဲ  စိတ် လှုပ်ရှားမှု အပြည့်နဲ့ပဲ  ပွဲရက်ကို ေ
စာင့်မျှော်လို့ နေကြပါပေပြီ၊ ရှေ့မတိုး  နောက်မဆုတ်သာ  အေ ခြ
အနေမျိုးမှာ  ဘုရားအားကိုးနဲ့ မ ဖြစ်မနေ  ဘုရားကြီးကို သယ်ယူပ
င့်ဆောင်သွားဖို့ ဆုံး ဖြတ်ချက်  ချကြရပါတော့တယ်၊

လားရှိုးမြို့မှာ ရှိတဲ့  ရှမ်း ပြည်ေ မြာက်ပိုင်း   ဒေသပါတီေ
ကာင်စီဥက္ကဌ  ဦးကျော်ထွန်းကို သွားရောက်ပြီး အကြံဉာဏ် တောင်း
ခံခဲ့ရပါသေးတယ်၊ ဦး ကျော်ထွန်း ဆိုတာ  ဟို-  အရင်စော်ဘွားခေတ်
တုံးက မိမိရဲ့ ဖခင် ဖြစ်သူနဲ့  လုပ်ဖေါ် ကိုင် ဖက်  ဖြစ်ခဲ့ဖူးသူပါ၊  ၃၆
ကောင်  လောင်းကစား ဝိုင်းမှာ ဒိုင်လုပ် ကြီးကြပ်ပြီး အခွန်ကောက်ခဲ့
သူပါ၊    သူက ဒို့ကို ဘာပြောခဲ့သလဲဆိုတော့ တရုတ် ပြည်ကို ဘုရား ြ
ကီး ပင့်ဆောင်သွားမဲ့ကိစ္စမှာ သူ့အနေနဲ့ ဘာမှတော့  အကူအညီ

အကာအကွယ် မပေးနိုင်ပါဘူး၊ ဒါပေမဲ့ တကယ်လို့ များ သက်ဆိုင်ရာက သံသယ ရှိလို့ မေးလာခဲ့ရင်တော့ သူ့ကို ဖုံးဆက်ပြီး မေးနိုင်ပါတယ်လို့ သာ ပြောလိုက်ပါတဲ့ ၊ ဒို့ အဖွဲ့ ထဲမှာ တရုတ် ပြည်ကကျောင်း ထိုင် ဦးကုသလ, မန္တလေး မိုးတားတိုက်က ဆရာတော် ဦးနန္ဒိယ , လား ရှိုးမြို့က ဒကာကြီး ဦးသောင်းထွန်း နဲ့ အမျိုးသမီး နှစ်ယောက် ပါရှိပါတယ်၊ မသွားမ ဖြစ်တဲ့ အ ခြေအနေ သက်စွန့်ပြီး သွားရတဲ့ခရီးမို့ လား ရှိုးမြို့မှာ ကားကြီးတစ်စီး ဈေးကြီးပေးပြီး သွားခဲ့ကြရပါတယ်၊ ကားမှာ သာသနာ့ အလံ စိုက် ထောင်ထားခဲ့ပါတယ်၊ ခရီးလမ်း ရှည်တစ်လျှောက်မှာ ဒါန ပြုဖို့ လိမ္မော်သီး-မုန့် တော်တော်များများလဲ ဝယ်ယူသွားခဲ့ပါတယ်၊ လမ်းတစ်လျှောက်လုံး ဒို့ရဲ့ကားမှတပါး ဘယ်ကားကမှ အသွားအလာ မရှိခဲ့ပါ၊ ထင်ထားခဲ့တဲ့ အတိုင်းပါပဲ လမ်းတစ်လျှောက်လုံးလမ်းဘေးဝဲယာမှာ စခန်းချကင်းစောင့်နေကြတဲ့ စစ်သားများ ထွက်ထွက်လာကြတာကို ဒါန ပြု ခဲ့ကြရပါတယ်၊ ပြုခဲ့တဲ့ ဒါန ကုသိုလ်ကြောင့်ပါပဲ ဘေးမသီရန်မခ နမ်းခမ်းမြို့ကို ချောမောစွာပဲ ရောက်ရှိ သွားခဲ့ကြပါတယ်၊ ၂ မို့ရဲ့ဆင်ခြေဖုံး ကျောင်းတစ်ကျောင်းမှာ တည်းခိုခဲ့ကြရပါတယ်၊

ခြိမ့်ခြိမ့်သဲသဲ ကြိုဆိုကြ ယူနန်က ဒကာ/မ

နောက်တစ်နေ့ မနက် ၇ နာရီလောက်မှာ ဘုရားကြီးကို ဖေါင်ပေါ်မှာတင်ပြီး ရွှေလီ မြစ်ကိုကူးကာ တစ်ဖက်ကမ်းကို ရောက်ရှိခဲ့သွားပါပြီ၊ နယ်ခံ မြေခံ ဗုဒ္ဓဘာသာဝင်များ ကမ်းစပ်မှာ ရှမ်းအိုးစ

ည်ဗိုလ်မောင်းတွေနဲ့ ဘုရားကြီးကို ကြို ဆိုပူဇော် ခဲ့ကြပါတယ်၊ ဘုရားကြီးကို တင်ဆောင်မဲ့ ကားကြီးကိုလဲ တံခွန် ကုက္ကားတွေနဲ့ ခြံရံ ရွှေဟင်္သာ ရုပ်နဲ့ တန်ဆာဆင်ထားတာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ အော်-- ဗုဒ္ဓဘာသာယဉ်ကျေးမှု လက်ယာတွေ ဒီတရုတ်နိုင်ငံမှာ ရှိနေပါသေးလားလို့ စိတ်ထဲမှာပီတိဖြစ် ကြည် နူးခဲ့ရပါတယ်၊ ဘုရားတင်ကားနဲ့အတူ နောက်ကား ၃-၄ စီးကပါ ခြံရံလိုက်ပါခဲ့ကြပါတယ်၊ ခရီးလမ်းတလျှောက်လုံး ကြိုတင်ချိန်းဆို ထားကြတဲ့အတိုင်း သတ်မှတ်ထားကြတဲ့ စခန်း တိုင်းမှာ ညဉ့် နက် သန်းခေါင်အထိ ဖွဲ့နဘဲနဲ့ ဘုရားကြီးကို စောင့်ဆိုင်းကြိုဆို နေကြတဲ့ လူအုပ် ကြီးများကို လဲ မချီး ကျူးဘဲ မနေနိုင်ပါ၊ မနက်မိုးလင်းခါနီးမှပဲ ကျောင်းကိုဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ သွားခဲ့ပါတော့တယ်၊ ဘုရားပွဲ ကျင်းပ ပူဇော်တဲ့နေ့မှာဆိုရင် အနယ်နယ် အရပ်ရပ် က လူကြီးလူငယ် လူရွယ်များ လာရောက်ခဲ့ကြပါတယ်၊ သူ့ ရိုးရာ ဝတ်စုံတွေနဲ့ အတူ အလှည့်ကျ ကခုန် တီးမှုတ်ကြတာကို တွေ့ ရှိခဲ့ရပါတယ်၊ ပျော်ပျော်ပါးပါး စည်စည်ကားကားနဲ့ပဲ ဘုရားပွဲကို ဆင် နွှဲ ခဲ့ကြပါတယ်၊

ကွန် မြူနစ် ယဉ်ကျေးမှု တော်လှန်ရေး လုပ်လာခဲ့တဲ့အတွက် အဲဒီမြို့နယ်ဒေသမှာ ရှိနေကြ တဲ့ ဘုန်းကြီးတွေလဲ ဘေးလွတ်ရာကို ထွက်ပြေး ခဲ့ကြရတာ ဖြစ်လို့ ဆယ်စု နှစ်ပေါင်း များ စွာ ရဟန်းသံဃာတွေကို မ မြင်ဖူးကြတဲ့ နောက်ပေါက် လူငယ်တွေ အများကြီး ရှိလို့နေပါတယ်၊ ကျောင်းရဲ့ ဓမ္မာရုံကြီးမှာ ထိုင်နေ ကြတဲ့

မိမိတို့ သံဃာများကို အထူးအဆန်းအနေနဲ့ တစ်အုပ်စုပြီး တစ်အုပ်စု လာရောက်ကြည့်ရှု ကြတဲ့ လူငယ်များတွေလဲ မနည်းလှပါဘူး၊ ရှိတော့မခိုးတတ်ကြပါဘူး၊ အဲဒီကျောင်းမှာ တစ်ပတ်ခန့်မျှ တရားဟောခွင့် ရရှိခဲ့ပါတယ်၊ ရှမ်းဘာသာစကားနဲ့ ဟောပြောပေးရတာပါ၊ မြန်မာ ပြည်က ရှမ်းစကားနဲ့ ဟောပြောပေးနေတာကို ဒီတို့ခမျာ ဘယ်လောက်ထိ သဘောပေါက်နားလည်ခဲ့ပါသလဲလို့ ပေးတဲ့အခါမှာတော့ ၇၅% ခန့်နားလည်သဘောပေါက်ခဲ့ကြောင်း ဖြေဆိုခဲ့ကြပါတယ်၊ တော်ပါသေးရဲ့၊ ဟောရကျိုး နပ်သေးတာပေါ့လေ၊

တရားလာနာကြတဲ့ ပရိတ်သတ်တွေက တရာနီးပါးခန့်လောက် ရှိပါတယ်၊ အသက် ၇၀-၈၀ ဝန်းကျင်ခန့်ရှိ သူတွေ ချည်းပါပဲ၊ ရာသီဥတုက အေးလွန်းလို့ မီးဖို ကိုယ်စီ ဆွဲကိုင်ပြီး လာကြပါတယ်၊ သူတို့ရဲ့ မီးဖိုကို ကြိမ်နဲ့ ရက်လုပ်ထားတဲ့ ဆွဲ ခြင်းလေးထဲမှာ ထည့်ပြီး ဆွဲကိုင် လာကြတာပါ၊ လူတိုင်းက မျက် နှာရဲရဲ နဲ့ ကျန်းမာပုံ ရှိကြပါတယ်၊

ဘုရားပွဲ ကျင်းပပြီးစီး သွားပြီ ဖြစ်လို့ ဒေသန္တရဗဟုသုတ ရရှိအောင် ဆိုပြီး မန်စီမြို့ ကို သွားရောက်ခဲ့ကြပါတယ်၊ မြို့ပေါ် မှာရှိတဲ့ ဘုန်းကြီး ကျောင်းကို သွားရောက်ခဲ့ကြပြီး ဆရာတော် ကြီးကို ဖူးမြော်ခဲ့ကြပါတယ်၊ နှစ်ထပ် ကျောင်းကြီးပါ၊ ဆရာတော် တပါးတည်းသာ သီတင်းသုံးနေတာကို တွေ့ မြင်ခဲ့ရပါတယ်၊ အဲဒီဒေသက စော်ဘွားနွယ်ဖွား ဘုန်းကြီးတစ်ပါး ဖြစ်တယ်လို့လဲ သိခွင့်ရခဲ့ပါတ

ယ်၊ ဆရာတော် ကြီးရဲ့ လေသံကိုနားထောင်ရတာ မနာလို ဝန်တိုစိ
တ်တွေနဲ့ ပြည့်နှက်လို့ နေတာကို သဘောပေါက်မိ ခဲ့ပါတယ်၊
ဘုရားပွဲကို တက်ရောက်ဖို့ ပင့်ဖိတ်တာကိုလဲ လုံးဝ မကြွ လာခဲ့သလို
ရပ်ရွာ မှာ ဘုရားကို စီတန်းလှည့်လည် ပူဇော် ခြင်း မပြုမလုပ်ရ
လို့လဲ အမိန့်ထုတ်ထားခဲ့ပါတယ်၊ မလိုက်နာရင် အရေးယူမယ်လို့လဲ
အမိန့် ရှိခဲ့ပါသေးတယ်၊ ဒီလို အာဏာ ရှင် ဣဿာ ရှင် ဘုန်းကြီးလဲ
ရှိတတ်သေးသကိုး၊ အဲဒီ မြို့နယ်တစ် ခွင်မှာ သူက အ ကြီးအကဲ
တစ်ပါး ဖြစ်နေလို့ပါပဲ၊ သနားစရာ ကောင်းလှတဲ့ သံဃာ့ နာယကကြ
ီးတစ်ပါးပါပေပဲ၊ အဲဒီမြို့ပေါ်မှာ မိမိတို့ရှိနေတဲ့ အတောအတွင်း
ရဲတစ်ယောက်က အမြဲ လိုက်နေတာကိုလဲ သတိ ပြုမိခဲ့ပါတယ်၊
အဲဒီညမှာ မိမိတို့တတွေ ဟိုတည်မှာ တည်းခိုခဲ့ကြပါတယ်၊ ရေချိုးခ
န်းက အများသုံးရေချိုးခန်းပဲရှိပါတယ်၊ အိမ်သာဆိုရင်လဲ လော
င်းလှေကြီးတစ်ခု လိုပါပဲ၊ အလယ်မှာ ပျဉ် ပြားနဲ့ ကာရံထားပါတယ်၊
ကျား မ ခွဲ ခြားထားတဲ့သဘောပါပဲ၊ အများက စွန့်ထားခဲ့သမျှ အညှ
စ်အကြေးတွေ ကို အထင်သား မြင်နေကြရပါတယ်၊ အဲဒီ အညှစ်
အကြေးတွေကို သီးပင် စားပင် စိုက်ခင်းများအတွက် မြေဩဇာ အ
ဖြစ် ပြန်လည်ပြီး ရောင်းချ ကြောင်းသိခဲ့ရပါတယ်၊ ကောင်းလိုက်တဲ့
စီးပွားရေးတစ်ခုပါပေပဲ၊ ဟိုတည် ပိုင်ရှင်တွေအဖို့ တွက်ခြေ ကိုက်
လို့နေပါတော့တယ်၊ လာရောက် တည်းခိုကြတဲ့ ပုဂ္ဂိုလ်များတွေဆီ

ကနေ တည်းခိုခ ပိုက်ဆံလဲရ မြေဩဇာလဲ အခမဲ့ အစစ်ရရှိသေး လို့ပါပဲ၊

အဲဒီနေ့ နေ့ဆွမ်းကို ဆိုင်မှာပဲ ဘုဥ်းပေးခဲ့ကြပါတယ်၊ ဆိုင် ရှ င်က သတင်းစာကပါလာတဲ့ သတင်း ဓါတ် ပုံတစ်ခုကို ပြခဲ့ပါတယ်၊ လူတစ်ယောက်က ပစ္စည်းခိုးလို့ အားကစားကွင်းမှာ ပရိသတ်များရဲ့ ရှေ့မှောက်မှာ သေနတ်နဲ့ ပစ်သတ် ခြင်းခံရ ပုံပါပဲ၊ ဟုတ်ပေမှာပဲ၊ပစ္စ ည်းရောင်းတဲ့ စတိုးဆိုင်တွေမှာဆိုရင် အရောင်းစာရေးမက တစ်ေ ယာက်ထဲရယ်ပါ၊ ဝယ်ယူသူတွေက အများကြီး ဟိုဘက်ဒီဘက် ကူး သွားနေရတာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ ဒီဘက် အ ခြမ်းမှာ ရောင်း လို့ရှိခဲ့တဲ့ ပိုက်ဆံတွေကို ဒီဘက် အံဆွဲ ထဲမှာ ထည့် ဟိုဘက်မှာ ရော င်းရတဲ့ ပိုက်ဆံတွေကိုလဲ ဟိုဘက်အံဆွဲထဲမှာထည့်နဲ့ ပိုက်ဆံကို အ ထင်သား မြင်နေရပါတယ်၊အရောင်းစာရေးက တစ်ယောက်ထဲ မအားမလပ် အလုပ်ရှုပ်လို့နေပါတော့တယ်၊ တစ်ချို့ သောနိုင်ငံမှာ ဆိုရင် ဘယ့် နှယ့်နေလိမ့်မလဲလို့ စိတ်ကူးမိလိုက်ပါသေးတယ်၊ အဲဒီ အချိန်မှာ သူတို့နိုင်ငံ ရဲ့ ဥပဒေက ပြင်းထန်လွန်းလို့ သူခိုး သိပ်မရှိ တာပဲ ဖြစ်ပါပေလိမ့်မယ်။

နေတစ်နေ့မှာတော့ "ပလာလဲ "ဆိုတဲ့ လှိုဏ်ဂူရှိရာကို ကား ငှါးပြီး သွားကြပါတယ်၊ လှိုဏ် ဂူကြီးက အင်မတန် ကြီးလှပါတယ်၊ လွတ်လွတ်လပ်လပ် လျှောက်သွားလို့ရပါတယ်၊ အဲဒီအထဲမှာ အလ င်းရောင်လဲ ရရှိနိုင်သလို စမ်းရေလဲ ရှိလို့နေပါတယ်၊ လှိုဏ်ဂူရဲ့ မျ

က် နှာကျက်တို့ဆီက တွဲ ကျနေ တဲ့  သဘာ၀ ကျောက် မျက် ေ ကျာ
က်ရွဲတွေကလဲ တလက်လက်နဲ့ မျက်စိပသာဒ   ဖြစ်လှတာကိုလဲ
တွေ့ မြင်ခဲ့ရပါတယ်၊  ဘုရားရှင်  သီတင်းသုံးတော်မူဖူးတဲ့ ပလလဲ
လှိုဏ်ဂူတော် ဖြစ် ကြောင်း ဒေသခံတွေက ဂုဏ်ယူ ပြောဆိုကြတဲ့ သ
မိုင်း၀င်နေရာ ဌာန မြတ်တစ်ခုပဲ ဖြစ်ပါပေတော့တယ်၊မိမိတို့ အဖွဲ့က
အဲဒီ လှိုဏ်ဂူထဲမှာ  ၂ နာရီခန့် ကြာခဲ့ပါတယ်၊ အထွက်တစ်ပေါက်  အ
၀င်တစ်ပေါက် ရှိခဲ့ပါတယ်။

အဲဒီအနီးအနား တစ်ဝိုက်  တောင်တန်းတွေတစ်ခုလုံး  တွယ်
တန်းရစ်ပတ်  စံနစ်တကျ စိုက်ပျိုးထားတဲ့  စိမ်လန်းစို ပြေ ရှိနေတဲ့
သီးပင်စားပင်တွေ ကို ကြည့်ရတာ မျက်စိပသာဒကျ ရှုမ၀နိုင်လော
က်အောင် ဆွဲဆောင်မှု ရှိလှပါတယ်၊  နယ်ခံ ပြည်သူတွေရဲ့ ဇွဲလုံ့လ ၀ီ
ရိယရှိကြပုံကိုလဲ  မြင်တွေ့နေရပါတယ်၊ အိမ်ကနေ  အလုပ်  လုပ်ကို
င်ရာကို  သွားကြတဲ့သူတချို့မှာဆိုရင် ပစ္စည်းထည့်ထားတဲ့   ဟိုဖက်
ဒီဖက်ရှိ တောင်း နှစ်လုံးကို  ပခုံး မှာ ထမ်းပြီး   လမ်း လျှောက် သွား
ရင်း နဲ့ပဲ မနက်စာကို  တစားထဲ စားသွားတာကို လဲ မြင်တွေ့ခဲ့ရပါတ
ယ်၊ သွားလိုရင်းလဲရောက်၊ မနက်စာကိစ္စလဲပြီးေ မြာက်၊ အစာလဲ ြ
ကလိမ့်မယ်ဆိုတာ သေချာပေါက်ပါပဲ၊အဘယ်မှာ  မချမ်းသာပဲ ရှိ
ပါတော့မလဲ၊ ဓနတိုးပွား ချမ်းသာကြလိမ့်မှာ အမှန်ပါပဲ၊
မိမိတို့ တည်းခိုနေတဲ့ ရွာကျောင်းနဲ့ မလှမ်းမကမ်းမှာ ဆိုရင်လဲ  သ ြ
ကားချက်စက် ရုံ ကြီး တည်ဆောက်နေတာကို တွေ့ မြင်ခဲ့ရပါတယ်၊

ညအချိန်မှာ  လျှပ်စစ်မီးတွေ ထွန်းပြီး  အလုပ် လုပ်နေကြပါတယ်၊
အဲဒီနယ်မှာ ရှိတဲ့ကြံခင်းတွေကကြံပင်တွေဆိုရင်လဲ လူတစ်ရပ်စာ  နှ
စ်ရပ်စာလောက်အ မြင့် ရှိတာကို တွေ့ခဲ့ရပါတယ်၊  အဲဒီ နှစ်များမှာ
တရုတ် ပြည် ကြီး စီးပွားရေး အစပျိုး ကောင်းလာခါစအချိန်  ဖြစ်ပုံ
ရပါတယ်။

တစ်ညတာမျှ   ကွန် မြူနစ်တို့ရဲ့ အဖမ်းဆီးခံခဲ့ရ

အလာမှာတုံးက အခက်အခဲများစွာနဲ့ လာခဲ့ရသလို   မြန်
မာ ပြည် အ ပြန်ခရီးမှာလဲ ကံမကောင်းခဲ့ရှာကြပါ၊ မန်စီမြို့ကနေ  ြ
ကျူကုတ်မြို့အနီး တရုတ် ပြည်က မြို့တစ်မြို့ ကို ကားနဲ့ သွားခဲ့ကြ
ပါတယ်၊ စည်ကားနေတဲ့ မြို့ ကြီး တစ်မြို့ပါပေပဲ၊   ဟိုတည်တစ်ခု
မှာ  check in  လုပ်ပြီး အေးအေးဆေးဆေး   နားနေခဲ့ကြပါတယ်၊
ညနေ ၄ နာရီခန့် လောက်မှာ   မြစ်တစ်ဖက်ကမ်းမှာ ရှိတဲ့ ကြူကုတ်ြ
မို့ကို  သွားလည်ကြဖို့  လှေနဲ့ ဖြတ်ကူးကြရပါတယ်၊ ဟိုဖက်ကမ်း ေ
ရာက်တော့  ကမ်းစပ်လှောက်ရေဆိုင်မှာ  ခဏတာ နားနေရင်း  အရပ်ဝ
တ်အရပ်စား ဝတ်ဆင်ထားသူတွေရော  စစ်ဝတ်စစ်စားနဲ့ သူတွေပါ
တစ်ဦးချင်းလာရောက်ပြီး စစ်ဆေးမှု  ပြုကြပါတော့တယ်၊ ၂ နာရီခ
န့်လောက်ကြာခဲ့ပါတယ်၊ ဒို့မှာ အန္တရာယ် ကင်းလောက်ပြီ လို့ ထင်
ထားကြတဲ့အတိုင်း မြို့ ရဲ့ အစွန်အဖျားမှာ ရှိတဲ့  ဘုန်းကြီးကျောင်း

ရှိရာကို လမ်းလျှောက်ပြီး သွားခဲ့ ကြပါတယ်၊ အမှန်တကယ်မှာ ၂ မိနစ်သာခေါ်ရတာ ရွာကြီးသာသာလောက်ပဲ ရှိတာပါ၊ တရုတ် ပြည်က လှူပ်စစ်မီး သွယ်တန်းပေးထားတာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ မိမိတို့တတွေ သွား လျှောက်သွားရင်း သံသယစိတ်တွေ ဝင်လာကြရပါတော့တယ်၊ ဘာကြောင့်လဲဆိုတော့ လမ်းရဲ့ ဝဲယာ နှစ်ဖက်မှာ အိမ်ကြီးတွေကို တွေ့ရပေမဲ့ လူတစ်ယောက်မှ မတွေ့ခဲ့ရလို့ပါပဲ၊ လျှောက် လက်စနဲ့ လျှောက်သွားကြရင်း နာရီဝက်ခန့်လောက် ရှိသွားတဲ့ အခါမှာ တော့ ဘုန်းကြီးကျောင်း ရှိရာကို ရောက်ရှိသွားကြရပါတော့တယ်၊ ကျောင်းထိုင်ဘုန်း ကြီးမှာ အသက် ၃၀ ကျော်ခန့် ရှိပုံ ရပါတယ်၊ မိမိတို့အဖွဲ့ကို အံ့ဩတဲ့ မျက် နှာနဲ့ ကြိုဆိုမှု ပြုခဲ့ပါတယ်၊ လက်ရှိ ဖြစ်ပေါ်နေတဲ့ အ ခြေအနေ ကို သူ ပြော ပြတော့မှပဲ ဖြစ်မှန်ကုန်စင်ကို သိခွင့် ရ ရှိခဲ့ကြပါတော့တယ်၊ မမျှော်လင့် အချိန်မှာ အစိုးရတပ်မတော်နဲ့မြန်မာ ကွန် မြူနစ်စစ်သားတွေ တိုက်ခိုက်နေကြလို့ သူ့အနေနဲ့ ကျောင်းအောက်က မုံးခိုကျင်းမှာ တစ်ပါးတည်း တက်လိုက် ဆင်းလိုက် လုပ်နေရကြောင်း၊ အခုလေးတင်ပဲ မုံးခိုကျင်းကနေ ပြန်တက်လာခဲ့ရတာ ဖြစ်ကြောင်း ပြော ပြတော့မှ ဒို့အဖွဲ့လဲ ဟိုတည်ကို အ မြန် ပြန်ဖို့ ဆုံး ဖြတ်ချက် ချလိုက်ရပါတော့တယ်၊ ည ၇ နာရီခန့်လောက် ရှိပါလိမ့်မယ်၊ သွားကြဖို့လဲ ဟန်လဲ ပြင်လိုက်ပါလေရော ကံမကောင်းချင်တော့ ကွန် မြူနစ် စစ်သားတွေ ရောက်လာကြပြီး ဘယ်မှ မသွားကြဖို့ အမိန့်ထုတ်လာပါတော့တယ်၊

ရှုးလမ်း မရှိတော့လို့ အဲဒီကျောင်းမှာပဲ ညအိပ်လိုက်ရပါတော့တယ်၊
ည သန်းခေါင် လောက်ကျတော့ အဝေးက သေနတ်ပစ်သံတွေကို
ကြားခဲ့ရပြီ၊ ဘုရားစာတွေ ရွတ်ဆိုပေး ခြင်းမှတပါး တ ခြားအားကိုး
စရာရယ်လို့ မရှိတော့ပါ၊ မနက် ၂ ချက်တီးလောက်အချိန်မှာတော့ စ
စ်သားတစ်ယောက်က ကျောင်းတံခါးကို လာခေါက်ပါတော့တယ်၊
မိမိတို့ အကုန်လုံးမှာ ကြောက် ကြောက်နဲ့ ထထိုင်ကြပြီး ဘုရားတ,
မေတ္တာပို့ပဲ လုပ်ခဲ့ကြရပါတော့တယ်၊ အဲဒီ တံခါးခေါက်သူက ကျော
င်းထဲကို ဝင်လာပြီး အခု ချက်ချင်း ကားပေါ်တက်ကြလို့ ပြောလာ
ပါတယ်၊ ဒို့မှာ ဘာအ ပြစ်မှလဲ မရှိပါ၊ကြုံကြိုက် လို့ ခဏ ဝင်လာလ
ည်တဲ့ သဘောပါ၊ ဒို့ ကို ဘယ်ကိုခေါ်သွားမလို့လဲလို့ မျက် နှာ ငယ်င
ယ်နဲ့ မေး ရရှာပါတော့တယ်၊ ဘုရား တရား တန်ခိုး ကြောင့် ထင်ပါ
ရဲ့ မျှော်လင့်မထားတဲ့ အဖြေကိုကြားလိုက်ရပါတော့တယ်၊ တိုက်ပွဲ
ဖြစ်လာဖို့ ရှိတယ်၊ ခင်များတို့ကို စိတ်မချလို့ ဟိုဘက်ကမ်းက ဟိုတ
ည်ဆီကို ပြန်ပို့ ပေးဖို့ အထက်ကအမိန့်နဲ့ လာရောက်ခေါ်ဆောင်တာ
ဖြစ်ပါတယ်တဲ့ ၊ ကိုယ့်နားကိုတောင် မယုံကြည်နိုင်လောက်အောင်
ခံစားခဲ့ရသလို ထောင်ကနေအလွတ်ခံလိုက်ရသလိုလဲ ဝမ်းသာခဲ့
ကြရပါတယ်၊ ကားမောင်းပို့ပေးသူက တဖက်ကမ်းက တရုတ်ပိုင်န
က် ဟိုတည်အခန်းထိ လိုက်ပို့ပေးခဲ့ပါတယ်၊ နောက်တော့ သူကဘာ
ပြောလာသလဲဆိုတော့ ကွန် မြူနစ် တို့ဆိုတာ ဘုရား တရား သံဃာ
ကို လုံးဝရှိမခိုး ကြပါဘူးတဲ့၊ ဒါပေမဲ့ အရှင်ဘုရားတို့ကို တပည့်တော်

ရှိခိုးပါတယ်ဆိုပြီး ရှိရှိ သေသေနဲ့ သုံးကြိမ် ရှိခိုးလိုက်ပါတယ်၊ အဲဒီ လူက အသက် ၃၀ကျော် ခန့် ရှိပြီး ရုပ်ရည်ကလဲ ခပ်ချော ချော အသား ဖြူ ဖြူ နဲ့ ပါပဲ ၊ စိတ်ထားကောင်းပုံ ရှိတာကိုလဲ အကဲခတ် ရိပ်မိခဲ့ပါတယ်၊ ဒါနဲ့ သူ့ရဲ့ ကိုယ်ရေးအ ဖြစ်အပျက်ကို မေးမိပါတော့တယ်၊ သူက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း ဇာတိကပါလို့လဲ ပြောလိုက်ကရော မိမိ အမျိုးတစ်ယောက်ကို ပြန်တွေ့လိုက်ရသလိုပဲ ခံစားခဲ့ပါတယ်၊ တမြို့ထဲ တလမ်းထဲ က သူပဲကိုး၊ ဒါနဲ့ သူကဆက်ပြီးပြော ပြပါတယ်၊ ၁၉၆၇ ခုနှစ် တရုတ် ဗမာ ကဓိကရုဏ်း ဖြစ်ခဲ့စဥ်တုံးက စိတ်နာနာနဲ့ပဲ ကွန် မြူနစ် ထဲကို ဝင်ခဲ့လိုက်ရတာပါတဲ့၊ ဒီလိုပါပဲ စစ်ရေး နိုင်ငံရေး ဝါသနာပါတာမဟုတ်ပေမဲ့ သူ့အကြောင်းနဲ့သူ စစ်ထဲ ဝင်ရောက်ကြတာလဲ နည်းမှာမဟုတ်ပါဘူး၊ မိမိတောင်မှပဲ စိတ်ကူးမိတာတောင် ရှိခဲ့ဖူးသေးတာပဲလေ၊ အဲဒီ နှစ်မှာပဲ နှစ်ပေါင်းများစွာကြာတဲ့အထိ ကွန် မြူနစ်တို့ရဲ့ အုပ်ချုပ်မှု အောက်မှာ ရောက် ရှိခဲ့ရတဲ့ ကြူကုတ်မြို့ ကို အစိုးရက ပြန်လည် သိမ်းယူနိုင်ခဲ့တဲ့ နှစ်ပါပေပဲ။

သခ်ဏ်းစာ ယူစရာ ညအိပ်ဧည့်သည်များ

နောက်တစ်နေ့ နေ့ဆွမ်း ကိစ္စ ဘုဥ်းပေးပြီးတဲအခါမှာတော့ မိုင်း မောဝ် ဆိုတဲ့မြို့ မှာ ရှေးဟောင်းဘုရားကို သွားရောက် ဖူး မြော်ကန်တော့ခဲ့ကြရပါတယ်၊ နယ်ခံကသူတွေ ပြော ပြပေး

ချက်အရ သိခဲ့ရတာက ဟို- သမ္မတ မော်စီတုံး လက်ထက် တုံးက ယဥ်ကျေးမှု တော်လှန်ရေး ပြုလုပ်စဥ်တုံး က ဒီဘုရားစေတီတွေကို ဖျက်ဆီးပစ် ဖို့ အမိန့်ပေးခဲ့ဖူးပါတယ်တဲ့၊ မိုင်းခွဲ လို့လဲ မအောင် မြင် လူအားနဲ့လဲ ဖျက်လို့မရ လူတွေကသာ ဒုက္ခ ဖြစ်ကြရတော့ နောက် ဆုံး မှာ လက်လျှော့လိုက်ကြရတဲ့ တန်ခိုးကြီးဘုရားပါပေပဲ၊ ဘုရား လဲ ဖူးပြီးရော မိုးလဲ ချုပ်လို့သွားပါပြီ၊ ခြေကျင်ခရီးနဲ့ပဲ လမ်းမ ကြီးဘေးမှာ ရှိတဲ့ ဟိုတည် ရှိရာဆီ ကို သွားရောက်ခဲ့ကြပါတယ်၊ ဟို တည် ကောင်တာ မှာ check in လုပ်မယ်ကြံတော့ စာရေးမက ပြ ည်ဝင်ခွင့်ဗီဇာ စာရွက်စာတမ်း အထောက်အထား ရှိမှပဲ တည်းခွင့်ရ မယ်၊ ဒါမှမဟုတ်ရင် ဘယ်လိုမှ တည်းလို့မနိုင်ဘူး လို့ အ ပြတ် ပြော လိုက်ပါတယ်၊ ဒို့တတွေမှာ တည်းခိုရမဲ့နေရာ မရှိတော့လို့ Lobby ဆိုတဲ့ ဧည့်သည် စောင့်ခန်းနေရာမှာ မိုးလင်းတဲ့အထိ ပေးထိုင်လို့ရမ လားလို့ မေးကြည့် တော့ လုံးဝမရဘူးလို့ ပဲ အ ပြတ် ငြင်းလိုက် ပြ န်ပါတယ်၊ မိမိတို့ အဖွဲ့ ကြံရာမရတော့ ဟိုတည်ရဲ့ရှေ့က လမ်းမ ကြီးပေါ်မှာ ထွက်ပြီး စောင့်ကြရပါတယ်၊ မိမိတို့ သွားလိုတဲ့ ခရီးဖက် ကို ကားကြုံ တွေ့လိုတွေ့ ငြား ဆိုပြီး စောင့်မျှော်နေကြရတာပါ၊ တစ်နာရီကျော်ကျော်လောက် ကြာသွားတဲ့အခါမှာတော့ကံကောင်း တယ်လို့ ဆိုမလားပဲ ဘုရား တရားမ ရှာလို့ နောက်ပွင့် ကားတစ်စီး မောင်းလာတာကို တွေ့ရပါတော့တယ်၊ အဲ ဒီကားဆရာကို အကူအ ညီတောင်းပြီး ကားရဲ့ နောက်ဖက် နေရာလွတ်မှာ မတ်တတ်ရပ် ပြီး

ပါသွားကြရပါတော့တယ်၊ မှောင်မိုက်နေတော မို့လို့ အန္တရာယ် မဖြစ်ရလေအောင် မနည်း ကြီး သတိထား နေကြရပါတယ်၊ မိမိတို့ ဆင်းချင်တဲ့နေရာနဲ့ကလဲ အဝေးကြီး ရှိနေသေးတော့ ခြေထောက်ကလဲ ညောင်းလှ ပြီမို့ ဂုံနီ အိပ် နဲ့ ထုတ် ထားတဲ့ အထုပ် ကြီးပေါ်မှာ အသာအယာ ထိုင်ချလိုက်ပါတယ်၊ ဘာပြောကောင်းမလဲ မျှော်လင့်မထားပဲနဲ့ အော်သံ တစ်ခုကြားလိုက်ရတော့ အားလုံးက လန့်ဖြန့်သွားကြရပါတော့တယ်၊ လက်စသတ်တော့ သတ်ဖို့ဝက်တွေကို ထုပ်ထားခဲ့တာကိုး၊ ဒီလိုနဲ့ပဲ ပါသွားရင်း ည ၁၂ နာရီ ခန့်လောက်မှာ မိမိတို့ ဆင်းလိုတဲ့ နေရာမှာ ကားဆရာက ချပေးခဲ့ပါတယ်၊ မိမိတို့နဲ့အတူခရီးသွားဖေါ် ဝက်တွေခမျာ အသတ်ခံထိဖို့က နာရီအနေတာ် လေး နီးလို့နေပါပြီ၊ သူတို့ တွေအတွက် သံဝေဂစိတ်ဝင် သနားစိတ်တွေ အထူး ဖြစ်ခဲ့ရတာ အမှန်ပါပဲ၊ လောကသံသရာကြီးကတော့ ဖြင့် တယ်လဲ ကြောက်ဖွယ် ကောင်းလှတာပါကလားလို့ စိတ်ကူးတန်းကြီး ဖြစ်လို့နေပါတော့တယ်၊ သူ့ဒုက္ခနဲ့သူ ရှိနေကြတာပါပဲလား- လို့၊

မိမိတို့တတွေ ကားကနေဆင်းပြီး ရွာတစ်ရွာကို ဆက်ပြီး သွားကြရပါသေးတယ်၊ မှောင် မှောင် မည်းမည်း ထဲမှာပဲ ခရီး နှင်ခဲ့ကြရ ပြန်ပါတယ်၊ တစ်နာရီ နီးပါးလောက်ကြာတော့ နေထိုင်သူမရှိတဲ့ ရွာလယ်က ဘုန်းကြီးကျောင်း ကို ရောက်ရှိသွားခဲ့ရပါတော့တယ်၊ တရုတ် ပြည်ပေါက် ရှမ်းနွယ် ဖွားတွေရဲ့ ဘာသာရေးကြေ့ ခိုင်မှု

ရှိကြပုံကို ချီးကျူး ဂုဏ်ယူမိပါတယ်၊ရွာ ကျောင်းတိုင်းမှာ ဘုန်း
ကီးတွေကသာ မရှိကြ ပေမဲ့ ဓမ္မာရုံသဖွယ် ရပ်ရွာ လူ ကြီးတွေက
ဥပုသ်နေ့ တိုင်း လာရောက်ကြ ပြီး စုပေါင်းပြီးဘုရားဆွမ်းတော်တ
င်ကြ၊ ဘုရားရှိခိုးကြ၊ ပုတီးစိပ်ကြ ကြောင်း သိခွင့် ရခဲ့ပါတယ်၊

ခရီးလမ်း တလျှောက် သိပ်ပြီး မချောမွေ့လှပေမဲ့ ဘုရား
ကီးပင့်ဆောင် ပူဇော် ခြင်း အဓိက ရည်ရွယ်ရင်းကိစ္စ ကတော့ လုံးဝ
အထ မြောက် အောင် မြင်ခဲ့ပါတယ်၊ ဒါ့အ ပြင် ဒေသန္တရ ဗဟုသုတ
အတွေ့အကြုံနဲ့ ဘဝ ကိုယ်တွေ့ အကျိုး အ မြတ်တွေလဲ မနည်း
ကီး ရရှိခဲ့ပါတယ်၊ ခရီးရှည် ထွက်ရ ခြင်းရဲ့ ဘဝ အ မြတ်တွေပါပဲ။

နောက်တစ်နေ့ကျတော့ ရွှေလီ မြစ်ကို စက်လှေနဲ့ကူး ပြီး
နမ်းခမ်းမြို့ ကို ပြန်လည်ရောက်ရှိလာရပါတော့တယ်၊ ဗဟုသုတ
အနေနဲ့ တချိန်က နာမည် ကျော်ကြားလှုသိများလှတဲ့ နမ်းခမ်းမြို့
ဆေးရုံကို သွားရောက်လေ့လာကြပါတယ်၊ ညနေပိုင်းလောက်
ကျတော့ မြို့လယ်ခေါင် ရှိ ဘုန်း ကြီးကျောင်း တစ်ကျောင်းမှာ တ
ည်းဖို့ခွင့်တောင်းခဲ့ပါတယ်၊ ဖြစ်ချင်တော့ အဲဒီကျောင်းမှာ အသံမစဲ
ပဋ္ဌာန်းပွဲ ကျင်းပချိန်နဲ့ တိုက်ဆိုင်လို့နေပါတယ်၊ အမှူဆောင်အဖွဲ့ ဒ
ကာများက ဒီကျောင်းမှာ တည်းလို့မရဘူးလို့ ပြောဆိုလာပါတယ်၊
မိုးကလဲချုပ်စ ပြုနေပါပြီ၊ ဘယ်သွားတည်းရမှန်း မသိ ဖြစ်နေတော့
ကာ ကျောင်းရဲ့မလှမ်းမကမ်း မှာ ရှိတဲ့ တည်းခိုခန်းမှာ သွားတည်း
ကဖို့ စီစဉ်လိုက်ရပါတယ်၊ ဒါပေမဲ့ အဲဒီအမှူဆောင်ဒကာတွေက

ဘာ ပြောလာသလဲဆိုတော့ ဘုန်းကြီးတွေ တည်းခိုခန်းမှာ တည်းလို့မ ဖြစ်ဘူးလို့ ဆိုလာ ပြန် တယ်၊ အဲဒီဒကာတွေက ကျောင်းရဲ့အမှုဆောင်တွေတင် ဖြစ်တာမဟုတ်ပါ၊မြို့နယ်က ပါတီ ကောင်စီ လူကြီးတွေလဲ ဖြစ်ကြပါတယ်၊ သူ့ခေတ် သူ့အခါမှာ သြဇာ အာဏာ ရှိတဲ့ သူတွေပါပဲ၊ ဒို့က ဘာ ပြောလိုက်ရသလဲဆိုတော့ ကိစ္စမရှိပါ၊ တည်းစရာ မရှိခဲ့ရင်လဲ ရဲစခန်းကို အကူ အညီတောင်းပြီး အဲဒီမှာ တစ်ညလောက် နေလိုက်မယ်ပေါ့၊ ဒကာများရဲ့ အ မြင်မှာဒို့အဖွဲ့က တရုတ် ပြည်ဖက်မှာ ပစ္စည်းသွားဝယ်ပြီး ပြန်လာကြတဲ့သူတွေလို့ အထင်အ မြင်သေး တဲ့ သဘောနဲ့ ဆက်ဆံ ခဲ့ ခြင်းပါပဲ၊ ဒို့တတွေ တရုတ် ပြည်ကို သွားရ ခြင်းရဲ့ အဓိက ရည်ရွယ်ချက်ကို ရှင်း ပြ ခဲ့တဲ့ အပြင် ဒို့ကို မယုံဘူးဆိုလို့ ရှိရင် လား ရှိုးမြို့မှာ ရှိတဲ့ ရှမ်း ပြည် မြောက်ပိုင်း ဒေသပါတီ ကောင်စီဥက္ကဋ္ဌ ကို လှမ်းပြီး ဖုံးဆက်နိုင်ပါတယ် ဆိုပြီး ဖုံးနံပါတ်ကိုပါပေးလိုက်ပါတယ်၊ အဲဒီအခါကျမှ လေသံတွေ ပြောင်းပြီး ဒီကျောင်းမှာပဲ ဖြစ်သလိုတည်းကြပါတော့လို့ ပြောလာပါတော့တယ်၊ ည ၈-နာရီ ခန့်လောက်မှာ ဖြစ်နိုင်မယ်ဆိုရင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော် ခွင့်ပြုပေးပါလို့ သက်ဆိုင်ရာ ကို ခွင့်တောင်းခဲ့ပါတယ်၊ကြည်ကြည်သာသာ ခွင့် ပြုတဲ့အတွက် တနာရီခန့် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခွင့် ရလို့ သူတို့အားလုံး ကို ကျေးဇူးတင်ခဲ့ရပါတယ်၊

နောက်တစ်နေ့ မနက်စောစော ၄နာရီလောက်မှာ အိပ်ယာထကြပြီး ကားဂိတ်မှာပဲ ကားအထွက်ကို သွားစောင့်ကြရပါတော့တ

ယ်၊ ကျောင်းမှာအရုဏ်ဆွမ်းအတွက် ဖိတ်ကြားခဲ့ကြပေမဲ့ အားနာ
စွာနဲ့ပဲ ငြင်းဆန် လိုက်ရပါတော့တယ်၊ ခရီးထွက်လို့ ကြုံတွေ့လိုက်ရ
သမျှ အဆိုးကောင်းတွေဟာ ဘ၀သင်္ခါးစာအတွက် အများကြီး
အ မြတ်ရ ကျေးဇူး ရှိခဲ့တာ အမှန်ပါပဲ၊

မနက် ၇ နာရီလောက် မှာ နမ်းခမ်းမြို့ကနေ မူဆယ်မြို့ ကို ဘတ်
စ်ကားနဲ့ သွားခဲ့ကြရ ပြန်ပါတယ်၊ မူဆယ်ရောက်တော့ မြို့လယ်မှာ
ရှိတဲ့ ဘုန်းကြီးကျောင်းမှာ တည်းခိုခွင့် တောင်းခဲ့ရ ပြန်ပါတယ်၊ ေ
ကျာင်းက တစ်ထပ်ကျောင်းပါ၊ အဲဒီမှာလဲ ဒို့အဖွဲ့ကို တည်းခိုခွင့် ႃ
ပဖို့က အဆင်မပြေ ပြန်ဘူး ၊ ဒါနဲ့ မြို့စွန် တစ် နေရာမှာ ရှိ နေတဲ့
မဟာစည်ရိပ်သာကျောင်းကို သွားရောက်ပြီး လျှောက်ထားခဲ့ရပါတ
ယ်၊ ရှောရှော ရှူရှူပဲ လက်ခံလိုက်လို့ များစွာမှ ကျေးဇူးတင်ခဲ့ရပါ
တယ်၊ ဒီခရီးတစ်လျှောက်မှာ ညအိပ် တည်းခို ရေး အတွေ့အကြုံ
ကိုယ်တွေ့ သင်္ခါးစာတွေဟာ မိမိဘ၀တစ်သက်တာအတွက် တန်
ဖိုးမ ဖြတ်နိုင်တဲ့ လမ်း ညွှန်ချက်ကောင်း အဖြစ် တည်ရှိနေပေလိမ့်
မှာ အမှန်ပါ၊ ချစ်ခင်ကြင်နာ ကိုယ်ချင်းစာ ရှုပွားနိုင်ကြပါစေ။

## ရန်ကုန်နေခိုက် ကြွေးဟောင်း ပြန်ဆပ်စိုက်

ကံတရားဆိုတာ လွန်စွာမှ ဆန်းကြယ် လှပါတယ်၊ မိမိလို ပုဂ္ဂိုလ်တစ်
ပါးကို ဘယ်သူတွေက ကလိမ်ကကျစ် လာလုပ်လိမ့်မယ်လို့ မထင်မိခဲ့တာ
အမှန်ပါ၊ မိမိမှာ လိမ်ရလောက်အောင် ဘာ ပစ္စည်း ဘာ ငွေ ကြေး မှလဲ ရှိ

တာမဟုတ်လို့ပါပဲ၊ ဖြစ်ချင်တော့ တနှစ်သောအချိန်ခါကာလမှာ ရပ်ရွာဖက်မှာ လှာက် ရောင်းဝယ်ရေး ကိစ္စခါတိုင်း လိုမဟုတ်တော့ပါ ၊ သီပေါမြို့ မှာရှိတဲ့ သမဝါယမအဝယ်ဒိုင် တစ်ခုမှာပဲ သွားရောက်ပြီး ရောင်းကြရပါတယ်၊ အိမ်တိုင်ယာရောက် လာရောက်ဝယ်ယူကြတဲ့ ပွဲစားတွေ ပေးမရှိတော့ပါ၊ ဒါပေမဲ့ ခါတိုင်းလို တစ်ပိဿာကို ၁၀ ကျပ် ဝန်းကျင်လောက်ရောင်း ရမဲ့အစား အဆိုးအကောင်းမရွေး တစ်ပိဿာကို ၃ ကျပ်ဈေးနဲ့ပဲ သက်ဆိုင်ရာက ဈေး နှုန်း ဖြတ် သတ်မှတ်ပြီး ဝယ်ယူနေတဲ့ အချိန် ဖြစ်နေခဲ့ပါတယ်၊ အဲဒီအချိန်မှာ ခြံသမားတွေ အကြီးအကျယ် ဘေး ကြပ်နံကြပ် ကြုံတွေ့ ခံစားနေကြရတဲ့ အချိန်ပါပဲ၊ နှစ်ပေါင်း များစွာ ဝယ်ယူစုဆောင်းထားတဲ့ ရွှေတွေကို စားဝတ်နေရေးအတွက်ထုတ်ရောင်းနေကြရတဲ့ အချိန်ပါပဲ၊ မိမိကို ရှမ်းစာ သင် ပြပေးခဲ့တဲ့ အဘိုး ဖြစ်သူက သူ့မှာ ရှိတဲ့ ရွှေတွေကို အတိုး နှုန်းကြီးကြီးနဲ့ ပေါင် နှံ ခဲ့ရပါတယ်၊ သူ့မှာ ရှိတဲ့ လှာက် ခြောက် များကို ဂုံနီ အိပ်ကြီး ၄ လုံး ထဲ ထည့်ပြီး မီးရထားနဲ့ ရန်ကုန်ကို ပို့လာပါတယ်၊ မိမိကို အားကိုးတကြီးနဲ့ တစ်ဆင့် ရောင်းခိုင်းလိုက်တဲ့သဘောပါပဲ၊ စာမေးပွဲကြီးပြီးဆုံးသွားချိန် မှာပဲ မီးရထားဘူတာ ရုံ ကြီးမှာ သွားရောက်ပြီး ပို့လာတဲ့လှာက်ခြောက် အိတ်တွေကို ရွေးယူခဲ့ရပါတယ်၊ ထုံးစံ အတိုင်း စာမေးပွဲကြီး ဖြေပြီးပြီ ဖြစ်လို့ ရိပ်သာမှာ သွားရောက်ပြီး တရားထိုင်ရတော့မယ်၊ သူငယ် ချင်းတစ်ပါးက တာဝန်ယူ ကူ ညီပေးပါ့မယ်၊ အေးအေးဆေးဆေးသာ တရားဘာဝနာကို အားထုတ်ပါတော့လို့ မေတ္တာ ဖြင့် ပြောလာလို့ လွန်စွာမှဝမ်းသာမိခဲ့ရပါတယ်၊ အဲဒီအချိန်တုံးက ရန်ကုန်မှာ လှာက်ခြောက် တပိဿာ ကို

၁၅ကျပ် နှုန်း ခန့် ဈေးရှိခဲ့ပါတယ်၊ သူငယ်ချင်းရဲ့ အသိ ဒကာ တစ်ယောက်ကို ၁၀ ကျပ် နှုန်းနဲ့ပဲ ထားပေးပြီး  ပစ္စည်း ရောင်းလို့ကုန်သွားတဲ့အခါမှပဲ ပေးပါလို့ လဲ ပြောလိုက်ပါတယ်၊  ၂ လ လောက်ကြာတော့တရားထိုင်ရာကနေ ကျောင်းကို ပြန်ရောက်လို့လာပါပြီ၊ သူငယ်ချင်း ဖြစ်သူ နဲ့လဲ အဆက်အသွယ်မရ  ဝါတွင်းကာလလောက် ကျမှပဲ အဆက်အသွယ် ရရှိခဲ့ပါတော့တယ်၊

ရပ်ရွာကအဘိုး ဖြစ်သူကလဲ ပေါင်ထားတဲ့ ရွှေ ပြန် ရွေးယူဖို့ သတ်မှတ်ချိန် နီးကပ်လို့လာနေပြီ၊  လှော်ကာ ခြောက် ဖိုးကို အမြန်ဆုံး ပို့ပေးဖို့ ပူဆာလာပါတော့တယ်၊ ဒီလကုန်ကိုမှ မ ရွေးနိုင်ရင် ပစ္စည်းကဆုံးတော့မယ်၊ စာချုပ် ပါအတိုင်း ဟိုက သိမ်းတော့မယ်ပေါ့၊ အချောင်နဲ့ သူတပါးအပူက ကိုယ့်အပူ ဖြစ်လာရပါပေပြီ၊ ဒါနဲ့ သူငယ်ချင်းနဲ့အတူ  သူ့ဒကာအိမ် ရှိရာ ကိုညအချိန်မှာ သွားရောက်ခဲ့ကြပါတယ်၊ လှော်ကာ ခြောက်ဖိုးရောင်းရငွေ ကို  ရှင်းပေးဖို့ တောင်းခံခဲ့ပါတယ်၊ အဲဒီဒကာကြီးက ရုံးတစ်ခုမှာ ဆရာရှိ လေး တစ်ယောက်ပါပဲ၊ ဇာတိကတော့ လှည်းကူးဘက်မှာပါ၊ သူကဘာ ပြောလာသလဲဆိုတော့ လှည်းကူးဘက်မှာ သူသွားရောင်းခဲ့ပါတယ်၊ဈေးကောင်းလဲရ ရှိခဲ့ပါတယ်၊ ဒါပေမဲ့ လှော်ကာ ခြောက်ရောင်းလို့ ရရှိခဲ့တဲ့ ပိုက်ဆံတွေကိုတော့ သူအကုန်လုံး သုံးပစ်လိုက်ပြီ၊ ပြန်မပေးနိုင်တော့ဘူး လို့ ပြောဆိုလာပါတယ်၊ ပြန်ပေးရမဲ့ ပိုက်ဆံက ကျပ် ၂ထောင် ဝန်းကျင် လောက် ရှိပါတယ်၊

မိမိက ရွေးချယ်ဖို့ နည်းလမ်းအမျိုးမျိုး ဖွင့်ပေးထားပါတယ်၊ အခု လောလောဆယ်မှာ အဆင်ပြေသလောက်ပေးစေချင်ပါတယ်၊ နောင်လဲ

ပဲ အရစ်ကျ    ပေး နိုင်သမျှ ပေးလို့လဲရပါတယ် စသ ဖြင့် အခွင့်အရေး ပေးခဲ့ပါတယ်၊ အဲဒီညမှာ တစ်နာရီကျော် ကြာမျှ မေတ္တာရပ်ခံ ပြောဆိုတောင်းပန်ခဲ့ပေမဲ့ ဘာမှ အကြောင်းထူး ထွက်မလာခဲ့ပါ၊ အတိတ်ဘဝက တင်ထားတဲ့ ကြွေးဟောင်းကို ပြန် လည် ပေးဆပ်လိုက်ရသလိုပဲ နှလုံးသွင်း ဆင် ခြင်လိုက်ရပါတော့တယ်၊

ဒီတော့ ကိုယ့် ပြဿနာ ကိုယ်သာ ရှင်းရပါတော့တယ်၊ မိမိမှာ ရှိရှိသမျှ ပိုက်ဆံနဲ့ရော ဆရာသမားများဆီက ပိုက်ဆံ တွေကိုပါ ခေတ္တခဏ ချေးငှါး ယူပြီး အရေးတကြီးလိုအပ်နေတဲ့ အဘိုးဆီကို  အ မြန်ဆုံးပို့ပေးလိုက်ရပါတော့တယ်၊ အဘိုး ဖြစ်သူမှာတော့ ဝမ်းသာလို့မဆုံး ဖြစ်နေပေလိမ့်မှာ သေချာပါတယ်၊အားကိုးရကျိုးနပ်တယ်လို့ ဆိုချင်ဆိုနေပါပဲလေ၊  ဒီမှာကတော့ ဖြင့်  အကြွေး ခေါင်ခိုက်နေရပြီဆိုတာ  အဘိုး ဖြစ်သူမှာ သေသွားတဲ့အချိန်ထိ မသိခဲ့ လိုက်ရရှာပါဘူး၊ အရင်တုံးက ကျပ် ၂ ထောင် ဆိုတာကလဲ နည်းတဲ့အရေအတွက်မဟုတ်ပါဘူး၊  အမှတ်ကသာ မမှားခဲ့ဘူးဆိုရင်ပေါ့ ရွှေ တစ်ကျပ်သားမှာ ကျပ်၂၆၀ ထဲရယ်ပါ၊ အမေရိကန် တစ်ဒေါ်လာမှာ မြန်မာငွေ ၅ကျပ်နဲ့ ညီ မျှတဲ့အချိန်မှာပါ။

ဆပ်ရ ပြန်ပြီ   ဒုတိယအချီ

တစ်နေ့သောအခါမှာ နမ္မတူမြို့သူတစ်ယောက် ဆေးရုံကြီးမှာ တက်ရောက်ပြီး ဆေးကုသနေတာကို တွေ့လိုက်ရလို့ မအားရတဲ့ကြားက မေတ္တာကရုဏာတရား ဖြင့် နေ့တိုင်း ဆိုသလို သွားရောက်ပြီး အားပေးစကား ပြောကြားပေးခဲ့ရပါတယ်၊  သူဆေးရုံကဆင်းပြီး  ၄-၅လလောက်အကြာမှာတော့

တစ်နေ့သော ညနေခင်းမှာ  သူ့ခင်ပွန်းသည်နဲ့အတူ ကျောင်းကို ရောက်ရှိလာခဲ့ကြပါတယ်၊ ဇနီးရော ခင်ပွန်းသည် ဖြစ်သူပါ  ငိုမဲ့ ငိုမဲ့ နဲ့ ဘာပြောလာသလဲ ဆိုတော့  သူတို့နေထိုင်တဲ့ တက္ကသိုလ် ရိပ်သာလမ်းမှာ  အိမ်ရှင် ဖြစ်သူက သူတို့ကို အိမ်ကနေ နှင်ထုတ်လိုက်တယ်၊ ပစ္စည်းတွေလဲ အိမ်အ ပြင်ဘက်ကို စုပုံ ထုတ်ထားခဲ့ပြီးပါပြီ၊ သူတို့မှာ ခလေးငယ်လေး ၂ ယောက်လဲ ရှိနေပါတယ်၊ ဘေးနားက အိမ်တစ်အိမ် ရဲ့  ဂိုဒေါင်မှာ ယာယီငှါးနေဖို့လဲ  ပြောပြီးပါပြီ၊ သူတို့မှာ ငွေရေးကြေးရေး အခက်အခဲ ရှိလွန်းလို့ ကူညီပါအုံးလို့  ပြောဆိုလာကြပါတယ်၊ ပြေလည်တာနဲ့ အ မြန်ဆုံး ပြန်ဆပ်ပေးပါ့မယ်ပေါ့၊

ဖြစ်ချင်တော့  အဲဒီနေ့မှာ  ဒို့ကျောင်းက ဘုန်းကြီးတစ်ပါးက ပိဋကတ်တစ်ပုံ အာဂုံဆောင် အောင် မြင်ခဲ့လို့  ဒကာ/မ များက အထူးဂုဏ် ပြု ၀တ္ထုကြေးငွေ လှူဒါန်း ပူဇော်မှု  ပြုခဲ့ကြပါတယ်၊ အဲဒီ လင်မယားရဲ့မိသားစုကို သနားစိတ်ဝင်တာနဲ့ပဲ   အဲဒီ ဂုဏ် ပြုခံရတဲ့ ဘုန်းကြီးကိုအကူအညီသွားပြီး တောင်းခံခဲ့ပါတယ်၊  မိမိကို ယုံကြည်စိတ်နဲ့ပဲ သူ့ခမျာ  ပူပူနွေးနွေး လောလောလပ်လပ် ရရှိထားတဲ့ ပိုက်ဆံ ၂ ထောင် ကျပ်ခန့်ကို  ချေးပေးခဲ့ပါတယ်၊  လင်မယားနှစ်ယောက် ကံကောင်းရှာတယ်လို့ ဆိုရပါလိမ့်မယ်၊ မှန်ကန်တဲ့အချိန် ရောက်ရှိလာခဲ့လို့ ဆန္ဒ ပြည့်ဝ သွားရရှာပါတော့တယ်၊ မိမိက  သူတို့ကို   လစဉ်နဲ့အမျှ  အဆင်ပြေသလောက်နဲ့ ပြန်လည်ပေးဆပ်ဖို့ ပြောလိုက်ပါတယ်၊ အ မြန်ဆုံး ပြန်လည်ပေးဆပ်နိုင်ဖို့ ကြိုးစားပါ့မယ်လို့ ကတိ ပြုသွားခဲ့ပါတယ်၊ သို့သော် အဲဒီနေ့မှာ  သူတို့ကို နောက်ဆုံးအ ကြိမ် တွေ့လိုက်ရ ခြင်းပါပဲ၊ သုံးလလောက်ကြာတော့  ငွေချေးပေးတဲ့ ဘုန်းကြီးက မြိတ်မြို့မှာ ရှိတဲ့  စေ

တီတော် ကြီး တစ်ဆူကို  ရွှေသက်န်း ကပ် လှူဖို့  မန္တလေးမြို့မှာ ရွှေသက်န်း သွားရောက်ဝယ်ယူဖို့  ပိုက်ဆံလိုအပ်လာပြီလို့ ပြောလာပါတော့တယ်၊ဒီတစ်ခါလဲ  နေရင်းထိုင်ရင်းနဲ့   အကြွေးပူရ ပြန်ပါပြီ၊  ရိုးအ, လွန်းလှတယ်လို့ပဲ ပြောဟ ပြော ခံရမှာပဲ၊ တစ်ပါးသူတွေ ဒုက္ခရောက်နေတာကို  မကြည့်ရက်နိုင်တဲ့ မိမိရဲ့ အရင်းခံ စေတနာ  မူရင်းဗီဇ သဘာဝပါပဲလေ၊

အဲဒီအချိန်မှာ  ဘာလုပ်လိုက်ခဲ့ရသလဲဆိုတော့  မိမိမှာ  ရရှိထားသမျှ သင်္ကန်းတွေ ကို  အကုန်ရောင်းချပြီး  အာမခံတာဝန်ယူထားတဲ့ ကြွေးကို ရှင်းပစ်လိုက်ရပါတော့တယ်၊ ဒီနည်လမ်းမှ တပါး  တခြားရွေးစရာလမ်း မရှိတော့လို့ပါပဲ၊ သင်္ကန်းအလှူရှင် များရဲ့ မျက် နှာကိုလဲ   မြင်ယောင်နေမိပြီး  မိမိကိုယ်ကိုလဲ  သနားမိခဲ့ရတာ အမှန်ပါပဲ၊  ခွင့်သာ  ခွင့်လွှတ်ပေး လိုက် ကြပါတော့  သင်္ကန်းအလှူ ရှင် ဒကာ/မ တို့ရေ--- လို့ ပဲ စိတ်ထဲမှာမှန်းပြီး  တောင်းပန်ခဲ့လိုက်ရပါတော့တယ်၊

မိမိနေထိုင်ခဲ့ရတဲ့  ကျောင်းမှာဆိုရင်  လာဘ်လာဘ ပေါများလှပါတယ်၊  ဝါဆိုကာလ ခါသမယမှာဆိုရင်   ကျောင်းရှိ သံဃာတော်  ရှင်သာမဏေများအတွက် အပါးစေ့ သင်္ကန်း ၂စုံစီ ရရှိကြပါတယ်၊ အရင်နေခဲ့တဲ့ ကျောင်းကလို မဲ နှိုက်နေစရာ လုံးဝမလိုပါ၊  အထူးသ ဖြင့် စာချဘုန်း ကြီးတွေအတွက် အပိုတစ်စုံ  ရရှိခဲ့ကြပါတယ်၊  ဆွမ်းခံအိမ်က  ဒကာ/မ များကလဲ ကိုယ်ပိုင်အဖြစ် လှူဒါန်းကြတာလဲ ရှိ ပြန်တော့   ဝါဆိုကာလ  အခါသမယမှာ သံဃာတိုင်းကပဲ   သင်္ကန်းတွေ ပေါပေါများများ  ရရှိခဲ့ကြပါတယ်၊ ဒါဟာ  တ ခြား ၂

မို့နဲ့မတူ   တမူထူးတဲ့ ရန်ကုန်မြို့ရဲ့  ချစ်ဖွယ်အလေ့အထ သဘာဝတစ်ခုပါေ
ပပဲ။

လိမ်လည်ပုံ အဖြာဖြာ   မြို့ရန်ကုန်မှာ

ရန်ကုန် မြို့တော် ကြီးဆိုတာ  မြို့ကကြီးသလောက် လိမ်လည်မှု အဖုံဖုံ  စုံလို့ နေတတ်ပါတယ်၊  ဗဟုသုတအနေနဲ့  ပြော ပြရမယ်ဆိုရင်  မိမိရဲ့ ကိုယ်တွေ့များကို ဦးစွာ ဖေါ်ပြရပါလိမ့်မယ်၊  တစ်နေ့သောအခါမှာ   အသက် ၅၀ ခန့် ရှိဒကာတစ်ယောက်  ကျောင်းကို ရောက်ရှိလို့လာပါတယ်၊ သူ့မှာ ပြ မစ်ဝကျွန်းပေါ်ဒေသ  ပုသိမ်မြို့နယ်ထဲက  ကျေးရွာ တစ်ခုကနေ လာတာ ဖြစ်ပါတယ်လို့ သူ့ကိုယ်သူကို  မိတ်ဆက်ခဲ့ပါတယ်၊ သူ့ အမျိုးသမီး ကင်ဆာေရာဂါ ဖြစ်နေလို့ ဒီ နားက အထွေထွေကု ဆေးရုံကြီးမှာ လာရောက်ပြီး   ဆေးကုသနေရတာ တစ်လခန့်လောက် ရှိသွားပြီ ဖြစ်ကြောင်း ဆရာတော် ကြီးကို လျှောက် ပြနေပါတယ်၊ ကံဆိုးချင်တော့   မနေ့ကပဲ  အနိစ္စရောက်ရှာ သွားပြ ပီ တဲ့၊   သူ့အနေနဲ့   ဒီ ရန်ကုန်မြို့မှာ အသိအကျွမ်းဆိုလို့  တစ်ယောက် မှမရှိခဲ့ပါဘုရားတဲ့၊  ဒါကြောင့်မို့လို့   ရေခဲတိုက်မှာ  သရဏဂုမ်  တင်ပေးဖို့  သံဃာများများစားစားပင့်ဖို့ဆိုတာကလဲ သိပ်ပြီးအဆင်မပြေ လှပါ၊ဒါေ ကြာင့်   ဆရာတော် ကြီးနဲ့  တကွ နောက်ထပ် သံဃာ တစ်ပါးလောက် ပင့်ချင်ပါတယ်၊ တပည့်တော် ကို  သနားသောအား ဖြင့်  ကွယ်လွန်သွားသူ သူ့ မိန်းမကို သရဏဂုမ်  တင်ပေးဖို့ ကြွပေးတော်မူပါဘုရားလို့ တရိုတသေ ပဲ လျှောက် ထားခဲ့ပါတယ်၊ ပြီးတော့  များများစားစားတော့  သူမလှူနိုင်လို့  သက်န်းတစ်

စုံလောက်တော့ ပူဇော်ခွင့် ပြုပေးတော် မူပါလို့ လျှောက်ထား ပြန်ပါတယ်၊ ဒါနဲ့ ဆရာတော် ကြီးက ဘီဒိုထဲက သက်န်းတစ်စုံကို ထုတ်ယူခဲ့ပြီး ဒကာကြီး ရဲ့လက် ထဲကို ထည့် ပေးလိုက်ပါတယ်၊ မိမိကို ဆရာတော် ကြီးက လိုက်ခဲ့ ပါဆိုလို့ ဆရာတော်နဲ့အတူ ပါသွားခဲ့ရပါတယ်၊ လမ်းထိပ်ကနေ သုံးဘီး ကားငှါးပြီး အသုဘရှိရာ ရေခဲတိုက် ရှိရာကို မိမိတို့ သုံးဦးသား သွားခဲ့ကြ ပါတယ်၊ အဲဒီအချိန်တုံးက အထွေထွေ ဆေးရုံကြီးရဲ့ အရှေ့ဖက် အစွန်းဆုံး မှာ ရေခဲတိုက်ဆိုတာ ရှိပါတယ်၊ အဲဒီမှာပဲ သရဏဂုမ်တင်ကြပြီး ကြံတော သု သာန် ကို သွားရောက်ပြီး သင်္ဂြိုဟ် မြှုပ် နှံကြတာ များပါတယ်၊ ရေခဲတိုက်နဲ့ ကပ်ရဲ့ က သိမ် ကြီးဈေးလမ်းရှိတယ်၊ လမ်းနဲ့ကပ်ရဲ့ ဟို ဖက်ခြမ်းမှာက ဧ လဟာ ပြင်ဈေးဆိုတာရှိပါတယ်၊ ဒို့ငှါးလာတဲ့ သုံးဘီးကား ရေခဲတိုက်ထဲ ချိုးမဝင်ခင် ပင့်တဲ့ဒကာက ကားကိုခဏ ရပ်ခိုင်းပြီး သူဈေးထဲမှာ ပန်းဝင်ဝ ယ်ပြီးရင် လိုက်လာခဲ့ပါ့မယ်လို့ ပြောပြီး လမ်းကို ဖြတ်ကူး ပြီး ဈေးထဲကို ဝ င်သွားလိုက်ပါတော့တယ်၊သုံးဘီးကားက မိမိတို့ နှစ်ပါးကို သရဏဂုမ်တင် ရာ ဌာနကို ချပေးခဲ့လိုက်ပါတယ်၊ ကားဆရာက ကားခရဖို့ အတွက် ပန်းသွား ဝယ်နေတဲ့ ဒကာကို ၁၀ မိနစ်ခန့်လောက် စောင့်နေပေမဲ့ တော်တော်နဲ့ ပေါ်မ လာတာနဲ့ပဲ ကားဆရာလဲ စိတ်ဓာတ်ကျပြီး ထွက်သွားလိုက်ပါတော့တယ်၊ တ ခြားအသုဘရှင်တွေက သူ့နေရာနဲ့သူ နေရာယူ ထားကြတာ ဖြစ်လို့ မိမိ တို့ နှစ် ပါးကထိုင်နေမရှိ ဟိုနေရာမတ်တတ် ဒီနေရာမတ်တတ် နဲ့ တစ်နာရီ နီးပါးခန့်ရပ်စောင့်နေကြပါသေးတယ်၊ သို့သော် မောင်မင်းကြီးက ပေါ်မလာ တော့ပါ၊ သူ့လက်ထဲမှာပိုက်ထားတဲ့ သက်န်းတစ်စုံကိုတော့ ဒါန ပြုပေးလိုက်

ရပါတော့တယ်၊ ကျောင်းထိုင်ဆရာတော် ကြီးရယ်, စာချဘုန်းကြီး ဖြစ်တဲ့မိမိမှာရယ်, ကားဆရာဒကာကြီးရယ်  ကြီးသုံး ကြီး  ဆရာသုံးဦးတို့က  သက်န်ဖိုးမရ  ကားခဗလာနတ္ထိ ဖြစ်လိုက်ရပါတော့တယ်၊

နောက်ထပ်ကိုယ်တွေ့တစ်ခုက  သံဃာတော်များ  နေ့ဆွမ်းဘုဥ်းပေးအပြီး အနားယူနေကြတဲ့ အချိန်မှာ  စမတ်ကျကျ ဝတ်စားထားတဲ့  ရုံးကအရာရှိ တစ်ယောက် လို့ထင်ရတဲ့ ဒကာတစ်ယောက်  ကျောင်းအပေါ်ထပ်ကို ရောက် ရှိလို့လာပါတယ်၊ စာရွက်စာတမ်း ထည့်တဲ့ သားရေသေတ္တာ တစ်လုံးလဲ ကိုင်ဆွဲပြီးတော့လာပါတယ်၊ အဲဒီအချိန်မှာ  အသက်သိက္ခာ ဝါကြီးတဲ့ ဆရာတော်တစ်ပါးနဲ့ တွေ့ ခဲ့လိုက်ရပါတယ်၊ ဘုရားနဲ့ ဆရာတော်ကို သုံးကြိမ်စီ ဦးချကန်တော့ပြီး  ကီလီလမ်းအိမ်က နာမည်  ဘယ်သူဘယ်ဝါက  မနက်ဖန် နေ့ဆွမ်းအတွက်  သံဃာ ဆယ်ပါး  ဆွမ်းစားကြွပေးဖို့ ပင့်ခိုင်းလိုက်ကြောင်း ရှိသေစွာနဲ့ပဲ လျှောက်ထားသွားခဲ့ပါတယ်၊ နောက်နေ့ မနက်ဆယ်နာရီလောက်မှာ  ဆရာတော်ဘုရားကြီး ဦးဆောင်ပြီး  မိမိအပါအဝင်  သံဃာတော် ဆယ်ပါး အဲဒီဆွမ်းစား ဖိတ်ထားတဲ့ အိမ်ကို  တန်းစီပြီး သွားရောက်ခဲ့ကြပါတယ်၊ ကျောင်းနဲ့ အင်မတန် ရင်း နှီးလှတဲ့ ဒကာရင်းချာ တွေပါပဲ၊ သူတို့အိမ်နားရောက်လာတော့  အိမ်ရှင် ဖြစ်သူ ဒကာမကြီးက လက်အုပ်လေးတချီချီနဲ့  အိမ်ကနေထွက်လာပြီး ဝမ်းသာကြည် နူးမှု ရှိတဲ့အမူအရာနဲ့ မေးလာပါလေရော၊ ဒီကနေ့ ဒို့ ဆရာတော် ဘုရားများ  ဘယ်အိမ်ကို  ဆွမ်းစားကြွကြမှာပါလဲဘုရားလို့ မေးလျှောက်လာပါတော့တယ်၊ အဲဒီတော့မှ  အဖြစ်မှန်ကို ရိပ်မိ သိရှိလိုက်ရပြီမို့  ရှေ့ဆုံးက ဘုန်းကြီး တစ်ပါးပါးက  မုသာလွတ်  ဘယ်လို

ငေ ပြောလိုက်သလဲတော့ မင ပြောတတ်ပါ၊ တစ်မိနစ်တောင် မကြာခဲ့ပါဘူး အဲဒီကနေပြီးတော့ နောက်တစ်လမ်းကို ဆက်လျှောက် သွားကြပြီး ခပ် ရှက်ရှက်နဲ့ပဲ ကျောင်းကို တပ်ခေါက် ပြန်လာကြရပါတော့တယ်၊ အမှန်မှာ မနေ့က ဆွမ်းလာပင့်တဲ့ဒကာက သံဃာများ အနားယူ ကျိန်းစက်နေတဲ့အချိန် ကို မှန်းပြီးလာခဲ့တာပဲ ဖြစ်ပါတယ်၊ ဆရာတော်တစ်ပါးနဲ့သာ မတွေ့ ခဲ့ ဘူးဆိုရင် သူ့ရဲ့ လက်ဆွဲအိပ်ထဲမှာ တွေ့ရာ မြင်ရာ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုခု ထည့်ယူ သွားလိမ့်မယ်ဆိုတာ သေချာလှပါတယ်၊ အဲဒီ အချိန်တုံးက ဖုံးဆိုတာကလဲ မရှိသလောက်ပါပဲ၊ အစိုးရဌာန ရုံးကြီးကြီးတွေမှာသာ ဖုံးတစ်လုံးစာလောက် ရှိနေတဲ့ ခေတ်အခါမို့လို့ လူလိမ်လူညာ အချောင်သမားတွေအတွက် အကွက်ဆင်လို့ ကောင်းနေပါတော့တယ်၊

ဒီ ပြင်လိမ်နည်းတွေကလဲ အများကြီး ရှိလို့နေပါသေးတယ်၊ ဒီနေရာမှာ ဘုန်းကြီးကျောင်း မှာ လာရောက်ပြီး လိမ်ပုံ လိမ်နည်းကိုပဲ ပြော ပြလိုပါတယ်၊ နောက်လူတွေ သတိ ပြုနိုင်အောင် အလိမ်မခံရလေအောင် မီးမောင်းထိုး ပြချင်တဲ့ သဘောမျှပါပဲ၊ ဒီ ပြင်ကျောင်းတွေက လိမ်ခံရပုံတစ်ခုကို သာဓက ထုတ် ပြလိုက်ချင်ပါသေးတယ်၊

ဒကာကြီး နှစ်ယောက်က လမ်းမတော်မြို့နယ်မှာ ရှိတဲ့ ကျောင်းတစ်ကျောင်း မှာ လာရောက်ပြီး ဟို-တောင်ဥက္ကလာပ မြို့နယ်က မိသားစုတစ်စုက သူတို့ရဲ့ သားများကို အဲဒီမြို့က ကျောင်းတစ်ကျောင်းမှာ ရှင် ပြု ရဟန်းခံ ပြုလုပ် ဖို့ ရှိနေပါတယ်၊ အဲဒီ အလှူရှင် တွေက သူတို့ကို ပစ္စည်း လာငြပီး ငှါး ခိုင်းလို့လာရပါတယ်တဲ့ ၊ အလှူပွဲ ကျင်းပမဲ့ နေ့ ကို အလှူရှင်များကိုယ်

တိုင် လာရောက်ပြီး လျှောက်ထားလာပါလိမ့်မယ်လို့လဲ လျှောက်ထားလိုက်ပါသေးတယ်၊ ဒကာရင်းတွေ ဖြစ်နေသလို နဂိုကတည်းက သူတို့ရဲ့ သားတွေကို ကျောင်းပိတ်ချိန်မှာ ဒုလ္လဘ ပြုလုပ်ပေးဖို့ ရှိထားတယ်ဆိုတာကိုလဲ သိထားပြီး ဖြစ်နေပါတယ်၊ ငှါးလိုသမျှ ပစ္စည်းတွေကို စိတ်ချ လက်ချ နဲ့ ငှါးလိုက်ဖို့ ယုံမှားမရှိ အဆင့်သင့် ရှိလို့နေပါတော့တယ်၊ သူတို့ ငှါးယူသွားတဲ့ ပစ္စည်းတွေက ဘာတွေလဲ ဆိုတော့ ရှင်လောင်းတွေအတွက် ရွှေထီး ၈ -လက်၊ သံဃာတော်တွေထိုင်ဖို့ အစ်တလီ ကော်ဇောကြီး ၅ ချပ်၊ ပုဂံ ခွက်ယောက်အိုးခွက် ကြီးကြီး ပေါင်း ၄ မြောက်များစွာ ပဲ ဖြစ်ပါတယ်၊ အလှူနေ့ ကို စောင့်ရင်းစောင့်ရင်း နဲ့ အလှူရှင်လဲ ပေါ်မလာ ငှါးလိုက်တဲ့ပစ္စည်းတွေလဲ နိဗ္ဗာနသာ ပစ္စယောဟောတု ဖြစ်ကြရကုန်ပါတော့တယ်၊ အင်မတန်မှ ပိရိ တိကျယုံချင်စဖွယ်ကောင်းလှတဲ့ အပါယ်ဘုံသားလောင်းတွေရဲ့ အကွက်ဆင်ဟန်လုပ်ကြံလိမ်ပုံလိမ်နည်း နိဿယည်းတွေပါပဲ၊ ဒီလို နောက်ကျစ်တဲ့ အကြံအကောက်ဉာဏ်မျိုး မရှိကြပါစေနဲ့လို့ ကရုဏာ ရှေ့ထား ပတ္ထနာ ပြုလိုက်ရပါစေ။

သာသနာ့မိခင်မြို့ပမာ ရွှေမြို့လမ်းမတော်မှာ

လမ်းမတော်မြို့နယ်မှာ ရှိနေကြတဲ့ ပစ္စည်းလေးပါး ဒကာ/မတွေရဲ့ ကျေးဇူးတရားတွေကတော့ ဖြင့် ပြော ပြလို့ မကုန်နိုင်လောက်အောင်ပဲ မိမိအတွက်ရော သာသနာတော် ကြီးအတွက်ပါ များစွာမှ ကျေးဇူးတရားကြီးမားလှပါပေတယ်၊ လမ်းမတော်မြို့နယ်မှာ ရှိနေကြတဲ့ ဒကာ/မ များရဲ့ စေတ

နာ သဒ္ဓါတရားတွေ ဘယ်လောက်ထိကြီးမားလှတယ်ဆိုတာ သရက်တောေကျာင်းတိုက်မှာနေထိုင်ဖူးကြတဲ့ သံဃာတော်များ ရဲ့ အသိပါပဲ၊ ကျောင်းပေါင်းက ၇၀ နီးပါးခန့်ရှိပြီး ဝါဆိုသံဃာတော်များက ၆၀၀ ကျော်ခန့် သီတင်းသုံး နေထိုင်ကြပါတယ်၊ နေ့စဥ်နဲ့အမျှ ဒီမြို့နယ်ကဒကာ/မတွေကပဲ ဆွမ်းဒါနလောင်းလှူ ပေးနေကြတာကို အဘယ်နတ် အဘယ်လူ ဂုဏ်မယူ သာစုမေခါဘဲ နေနိုင်ပါတော့မှာလဲ၊မုချ အမှန် ဧကန်မုချ ဂုဏ်ယူ ထုတ်ဖေါ် သာစုခေါ်ဆိုကြပေမှာ သေချာပေါက်ပါပဲ၊ မနက် ၉ နာရီနဲ့ ၁၀ နာရီကြားမှာဆိုရင် လမ်းတိုင်းလိုလိုမှာ ရွှေဝါရောင်ဝင်းထိန် ဆွမ်းခံ သံဃာတော်များ တစ်အိမ်ဝင် တစ်အိမ်ထွက် ရှိနေတဲ့ မြင်ကွင်းကဆိုရင် ပီတိ ဖြစ်စရာ ကြည်ညိုဖွယ်ကောင်းတဲ့ မြင်ကွင်းတစ်ရပ်ပါပေပဲ၊ လမ်းမတော်မြို့နယ် သရက်တောေကျာင်းတိုက်ရှိ သံဃာများတင်မကပါ၊ အလုံ,ကြည့် မြင်တိုင်, ပန်းဘဲတန်း, သာကေတ, သံလျင် အစရှိတဲ့မြို့နယ် များဆီက သံဃာတော် များတွေကလဲ ကားနဲ့ လရောက်ကြပြီး တန်းဆွမ်းကြွကြတာလဲ ရှိပါသေးတယ်၊ ဒကာ/မများရဲ့ စေတနာ သဒ္ဓါ အားကတော့ ဖြင့် အံ့မခန်းလောက်ပါပေပဲ၊ မိဘ,ဘိုး, ဘေး, ဘီ, ဘင်, ဘောင်, ဘော လက်ထက်ကစပြီး နောင်လာနောက်သားသား ေ မြေး မြစ် တီ တွတ် ကျွတ် ဆပ် တိုင်အောင် ကုသိုလ် ဓမ္မအမွေတော် မင်္ဂလာကို အမွေဆက်ခံ လက်ဆင့်ကမ်း သယ်ဆောင် သွားကြပေလိမ့်မယ်ဆိုတာ ယုံမှားမရှိပါ၊

ဝါတွင်းသုံးလ တနင်္ဂနွေနေ့တိုင်းနဲ့ အဖိတ်နေ့ ဥပုသ်နေ့တိုင်းမှာ အရုဏ်ဆွမ်လောင်းလှူကြတဲ့ ဆွမ်းလောင်းအသင်း အဖွဲ့ အစည်းတွေကဆို

ရင်လဲ မနည်းလှပါဘူး၊ လမ်းတိုင်းလောက်နီးနီးမှာ ရှိနေကြပါတယ်၊ လမ်းမတော် များများမှာလဲ ရပ်ကွက်ဓမ္မာရုံတွေ ရှိနေ ကြပါတယ်၊ စနေ တနင်္ဂနွေ ဥပုသ်နေ့လို နေ့များတွေမှာဆိုရင် ရပ်ကွက်တိုင်းမှာ ဝတ်ရွတ်သံတွေနဲ့ဆိုတော့ သိပ်ပြီးမင်္ဂလာ ရှိလှပါတယ်၊ အထူးသ ဖြင့် တန်ဆောင်မုန်းလပြည့်နေ့မှာဆိုရင်လဲ လမ်းတိုင်းလောက်နီးနီး မိမိတို့ရဲ့အိမ်ရှေ့မှာ ကိုယ်စီတန်းစီကြပြီး တန်ဆောင်တိုင် ဆွမ်းကြီးလောင်းလှူပွဲကြီး ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ ရှိ ကြပါတယ်၊ မိမိအနေနဲ့ ကိုရင်ဘဝကစပြီး နောက်ဆုံးနိုင်ငံ ခြား ထွက်တဲ့အချိန်အထိ နှစ်ပေါင်း ၂၃ နှစ်ကြာမျှ လမ်းမတော်မြို့နယ်မှာပဲ နေထိုင်ခဲ့ရတာ ဖြစ်ပါတယ်၊ဒါကြောင့်မို့လို့ လမ်းမတော်မြို့နယ်သူ/သားတွေဟာ မိမိရဲ့ ပစ္စည်းလေးပါးဒကာ/ မ အသက်သခင် ကျေးဇူး ရှင် ကြီးတွေပါပဲ၊ ဘယ်နိုင်ငံကိုပဲ ရောက်ရောက် တွေ့ကြုံရတဲ့ ဒကာ/မတွေက လမ်းမတော်မြို့နယ်က နေဖူးကြတဲ့သူတွေလို့ သိခွင့်ရရင် မိမိရဲ့အမျိုး မိသားစုဝင်တွေကို ပြန်လည်ပြီးတွေ့ဆုံ လိုက်ရသလိုပဲ စိတ်ထဲမှာခံစားခဲ့ရ ဝမ်းသာမိခဲ့ရတာအမှန်ပါ၊ မိမိရဲ့ ဆွမ်းခံအိမ်က ဒကာ/မများတွေကိုဆိုရင်လဲ မိမိရဲ့ မိသားစုများသဖွယ် ခံစားခဲ့ရ ချစ်ခင်ခဲ့ရပါတယ်၊ နေ့စဥ်နဲ့အမျှ မေတ္တာပို့သ အမျှပေးဝေနေ မြဲပါပဲ၊မိမိရဲ့ စားရေး, ဝတ်ရေး,နေရေး, ကျန်းမာရေးနဲ့ ပညာရေးပါ အဆင်ပြေ မှုရှိအောင် နှစ်ပေါင်း ၂၃ နှစ်ကြာ မျှ ထောက်ပံ့ပေးခဲ့ကြတဲ့ ကျေးဇူးတရားတွေကို သက်ဆုံးတိုင်အောက်မေ့ ဂုဏ်ယူနေပေလိမ့်မှာ အမှန်ပါ၊ သာသနာ့ ရွှေမြို့တော် မဟာ လမ်းမတော်မြို့နယ်သူ/ သား သားစဥ် မြေးဆက်အပေါင်းတို့ တိုးတက် ကြီး

ပွား လိုရာဆန္ဒတွေ ပြည့်ဝကြပါစေ--လို့ ဒီနေရာကနေပြီးတော့ ပတ္ထနာ ပြု ဆုတောင်း လိုက်ပါရစေ။

မျှော်လင့်မထားတဲ့ ပထမဆုံး နိုင်ငံခြားခရီး

တစ် နှစ်သော နွေကာလမှာ ရန်ကုန်ကနေ မြိတ်မြို့ ကို တောင် ကြီး သင်္ဘော နဲ့ သွားခဲ့ပါတယ်၊ မြိတ်မြို့ကနေ ပုလောမြို့ကိုလဲ သွားရောက်ခဲ့ပါ တယ်၊မြိတ်မြို့ ရွှေကျောင်း မှာ သီတင်းသုံးနေထိုင်တဲ့ ဘုန်းကြီး ဦးအာစာရ ရဲ့ စီစဉ်ပေးမှုကြောင့် ကော့သောင်းမြို့ကို ပုဂ္ဂလိကသင်္ဘောတစ်စီးနဲ့ သွား ခဲ့ရပါတယ်၊ အဲဒီ ခေတ်တုံးက မှောင်ခို ခေတ်မို့ လူတွေ အ ပြည့်အကြပ် နဲ့ပါပဲ၊ အဲဒီသင်္ဘောပေါ်မှာ ဘုန်းကြီးဆိုလို့ ၂ ပါးပဲ ပါရှိပါတယ်၊ အင်မတန်မှ ခက်ခဲလှတဲ့ ခရီးစဉ် တစ်ခုပါပဲ၊ သင်္ဘောမှာ အကာအရံ လုံးဝမရှိပါ၊ ခြေချ စရာမရှိလောက်အောင် လူတွေ ကြပ်သိပ်လို့နေပါတယ်၊ ဒို့သံဃာ ၂ပါးကိုေ တာ့ ကွပ်ပျစ် ပေါ်မှာ နေရာချထားပေးပါတယ်၊ တစ်နေ့နဲ့တစ်ညကြာတဲ့ခရီး စဉ်ပါပဲ၊ အပေါ့အပါးကိစ္စကိုတော့ ကြိုတင်ဆောင်ယူလာခဲ့တဲ့ နို့ဆီဘူး နဲ့ပဲ ကိစ္စပြီးစေခဲ့ရပါတော့တယ်၊ အလေးကိစ္စ အတွက်ဆို အိမ်သာစီရောက်ေ အာင် တန်းစီအိပ်နေကြတဲ့ လူပေါင်းများစွာကို မနင်းမိအောင်အထူးသတိ ပြု ပြီး ခွကျော်ပြီး သွားခဲ့ရပါတယ်၊ အတော့်ကို ခက်ခဲလှတဲ့ ခရီးစဉ်တစ်ခု ပါပဲ၊ ဒီ ပြင်ရွေးစရာ နည်းလမ်းလဲ လုံးဝမရှိလို့ပါပဲ၊ နောက်တစ်နေ့ ညနေ ေ လာက်မှ ကော့သောင်းမြို့ ဆိပ်ကမ်းကို ရောက်ရှိခဲ့ပါတော့တယ်၊ ဆိပ်ကမ်း ကနေ မော်တော်ဆိုင်ကယ် ငှါးပြီး သုသာန်ကျောင်းကို သွားခဲ့ရပါတယ်၊

အဲဒီသုသာန်ကျောင်းမှာ တစ်ပတ်လောက်နေခဲ့ရပြီး  အနီးအနားတဝိုက်  ဒေသန္တရ ဗဟုသုတ ပေါင်းများစွာကိုလဲ  လေ့လာဆည်းပူးခွင့်ရရှိခဲ့ပါတယ်၊ ကျောင်းထိုင်ဆရာတော်ကဆိုရင်  သိပ်ပြီးစိတ်ကောင်းရှိလှ  မေတ္တာတရားကြီးမားလှပါပေတယ်၊ အဲဒီကျောင်းမှာ ခေတ္တ ရောက်ရှိသီတင်းသုံးနေတဲ့    ယိုးဒယားမှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးတဲ့ ဘုန်းကြီး ဦးဝိသုတ ရဲ့ ကျေးဇူး ပြုမှု ကြောင့်  ယိုးဒယား နိုင်ငံ မှာ ရှိတဲ့ တန်ခိုးကြီးဘုရားများကို  သွားရောက်ဖူးမြော်ခွင့်ရရှိခဲ့ပါတယ်၊ ယိုးဒယားရှိ  မြန်မာ ဘုန်းကြီးကျောင်း များ အားလုံးကိုလဲ  သွားရောက်ခဲ့ရပါတယ်၊

အပြန်ခရီးလမ်းမှာတော့  ကော့သောင်းမြို့ရှိ စစ်ဗိုလ်မှူးတစ်ယောက်ရဲ့ ကျေးဇူး ပြု  စီစဥ်ပေးမှုကြောင့် အစိုးရသင်္ဘောတစ်စီးနဲ့ ကော့သောင်းကနေ မြိတ်ကို ပြန်ခဲ့ရပါတယ်၊ ဗိုလ်မှူးရဲ့ကျေးဇူးကြောင့်   သက်ဆိုင်ရာက အစစအရာရာ လိုလေသေးမရှိအောင်ပဲ  ခရီးတလျှောက်   စောင့်ရှောက်ပေးခဲ့ကြပါတယ်၊ မြိတ်မြို့မှာ တစ်ပတ်ကြာနေထိုင်ခဲ့ပြီးမှ  ဘုန်းကြီး ဦးအာစာရ ရဲ့ ကျေးဇူး ကြောင့်ပါပဲ မြိတ်ကနေ ထားဝယ်မြို့ကို လေယာဥ်ပျံနဲ့ပဲ ကြွခဲ့ရပါတယ်၊  ထားဝယ်မြို့ ဃောသိတာရုံ ကျောင်း မှာ တည်းခိုခဲ့ရပါတယ်၊ နွေးထွေးစွာ ညှော်ခံပေးကြတာကို  ကျေးဇူးတင် အမှတ်ရလျက်ရှိနေပါတယ်၊ ထားဝယ်မြို့မှာ ရှိနေတဲ့ရက်ပိုင်းအတွင်း  လျှောင်းတော်မူဘုရား ကို သွားရောက်ဖူးမျှော်ခဲ့ရသလို မောင်းမကန်  ရေပူစမ်း အစ ရှိတဲ့ နေရာဒေသတွေမှာ  ဒေသန္တရ ဗဟုတ အ ဖြစ် သွားရောက်လေ့လာ ဆည်းပူးကြည့်ရှု ခွင့် ရရှိခဲ့ပါတယ်၊

နောက်ဆုံးမှာတော့ ထားဝယ်မြို့ကနေ မော်လမြိုင်, မော်လမြိုင်ကနေ ရန်ကုန်မြို့ကို လေယာဥ်နဲ့ ချောမောစွာ ရောက်ရှိသွားခဲ့ရပါတော့တယ်။

ထိုင်းနဲ့ ဘဝရေစက် အစပျိုးတက်

၁၉၇၆ခု နှစ် ဆောင်ဦးကာလမှာ ဇင်းမယ်မြို့မှ အာကျန် နိကွန် အမှူး ပြုတဲ့ ထိုင်းဘုန်းကြီးများနဲ့ ဒကာ/မ များ ၄၀ ကျော်ခန့်က မြန်မာ ပြည်ကို ဘုရားဖူး လာရောက်ခဲ့ကြပါတယ်၊ မိမိက သူတို့တတွေကို မန္တလေး, ပုဂံ , ပုပ္ပါး, အစရှိတဲ့ နေရာတွေဆီကို လိုက်ပါပို့ဆောင် ပေးခဲ့ရပါတယ်၊ ဆက်ဆံ ပြောဆိုတဲ့အခါမှာ ရှမ်းလိုကနည်းနည်း, အင်္ဂလိပ်လိုနည်းနည်း နဲ့ ခြေဟန်လက်ဟန် အကူအညီပါ အသုံး ပြုပြီး ခရီးပြီးဆုံးတဲ့အထိ ကူညီဆောင်ရွက် ပေးခဲ့လိုက်ရပါတယ်၊

အဲဒီ နှစ်မှာပဲ ဝါကျွတ်ပြီးစ ကထိန်ခေတ်ကာလ အခါသမယမှာ အာကျန်နိကွန် ဦးဆောင်တဲ့ ဘုရားဖူးအဖွဲ့ ၈၄ ခန့် ဘုရားဖူး ရောက်ရှိလို့ လာ ပြန်ပါတယ်၊ သူတို့တတွေကို တတ်နိုင်တဲ့ဖက်က စေတနာနဲ့ ကူ ညီမှု ပြုပေးခဲ့ပါတယ်၊ သူတို့ပြန် ကြွ သွားရမဲ့နေ့မှာ ဆရာတော် ၂ ပါးက ကျောင်းကိုလာလည်ကြပါတယ်၊ ဆရာတော် ကြီး တစ်ပါးက သူ့ကျောင်းမှာ ၂ လက်မ ခန့်လောက် ရှိတဲ့ နံ့သာ ဘုရားကိုထုပြီး ဒကာ/မ များကို ပေးပြီးပူဇော်ပါတယ်၊ ဈေးမှာ နံ့သာတုံးတွေကို ရောင်းတာ တွေ့မိတယ်၊ ပိုက်ဆံ ရှိရင် ဝယ်တောင် ဝယ်ချင်လိုက်သေးတယ်၊ ဒါပေမဲ့ ပါလာတဲ့ ပိုက်ဆံတွေက ကုန်လို့နေ

ပါပြီတဲ့၊ ဒါနဲ့ ဆရာတော် ကြီးရဲ့ ဆန္ဒ ပြည့်ဝသွားအောင် မိတ်ဆွေ ဘုန်း၂ ကီးများတို့ဆီက တစ်ချို့တစ်ဝက် ချေးယူပြီး သိမ် ကြီးဈေးမှာ သွားရော က်ပြီး နို့သာတုံးပေါင်း ကီလို ၂၀ ကျော်ခန့် ခြင်းကြီးတစ်လုံးနဲ့အ ပြည့် ဝ ယ်ယူပြီးတော့ ဆရာတော် ကြီးကို လှူလိုက်ပါတယ်၊ ဘာမျှော်လင့်ချက်မှ မရှိ ဘဲနဲ့ ဖြူစင်တဲ့စေတနာ နဲ့ လှူလိုက်ရတာပဲ ဖြစ်ပါတယ်၊ သစ္စာစကားပါ၊

အဲဒီကနောက် တန်ဆောင်တိုင် ပွဲ အပြီးမှာတော့ မမျှော်လင့်ဘဲ နဲ့ နို့သာတုံးကို လှူပေးလိုက်တဲ့ ထိုင်းဆရာတော်ဆီက စာတစ်စောင် စာတိုက် ကနေတစ်ဆင့် လက်ခံရရှိခဲ့ပါတယ်၊ အင်္ဂလိပ်လိုပဲ ရေးထားပါတယ်၊ ဖေါက် ဖတ် ကြည့်လိုက်တဲ့အခါမှာတော့ မတ်လလောက်မှာ နှစ်စဉ်ကျင်းပမြဲ ဖြစ် တဲ့ ရွှေဘုရားပွဲတော်မှာ ပါဝင်ဆင် နွဲ တက်ရောက်ပါရန် ဖိတ်မန္တက ပြုအပ် ပါတယ်တဲ့၊ တိုက်တိုက်ဆိုင်ဆိုင် ပါပဲ အဲဒီနေ့မှာ ဒေါ်တင်တင်ရှိန်လဲ ကျော င်းကိုရောက်ရှိလာပါတယ်၊ ထိုင်းကရောက် ရှိလာတဲ့စာကို ပေးဖတ်ခဲ့ပါတ ယ်၊ အရှင် ဘုရားကြွချင်တဲ့ဆန္ဒ ရှိရင် နိုင်ငံကူးလက်မှတ်ရရှိအောင် ကူညီဆေ ဆာင်ရွက်ပေးပါ့မယ်လို့ ပြောလာပါတယ်၊ ကျေးဇူးတင်လိုက်ရတဲ့ ဖြစ် ခြင်း ပါပဲ၊ တစ်ပတ် အတွင်းမှာပဲ မှတ်ပုံတင် ရုံးက လူကြီးတစ်ယောက် ရောက်ရှိ လာပြီး အရပ်အ မြင့်တိုင်းတာပြီး လိုအပ်ချက်များကို ဖေါင် ဖြည့်ပေး ခဲ့ ပါ တယ်၊ နောက်တစ်ပတ်မှာ နိုင်ငံကူးလက်မှတ် လက်ထဲ ရောက်ရှိလို့လာပါေ တာ့တယ်၊ ဝန်ဆောင်ခ လှူဒါန်းရေဖိုး ကျပ်သုံးထောင်လောက် ပေးခဲ့ရပါတ ယ်၊ ဒါန စွမ်းအားဟာ နေရာတကာမှာ အကျိုးပေးသန် အစွမ်းထက်မြဲပါပဲေ လ၊

ဒါပေမဲ့လို့ ဒါနအား မ ပြည့် မှီလို့ ထင်ပါရဲ နိုင် င်ငံကူး မှတ်ပုံတင်စာအုပ်ထဲ မှာ ထိုင်းနိုင်ငံ တစ်ခုတည်းသာ သွား ခွင့် ပြုတယ်လို့ ပါရှိလာပါတယ်၊ ထိုင်း သံ ရုံးက ဗီဇာထုတ်ပေးတဲ့အခါမှာလဲ ၃လသာပေးပြီး သက်တမ်းတိုးခွင့်မရှိ လို့လဲ မှတ်ချက်ပါရှိလာပါတယ်၊ မှတ်ပုံတင်နဲ့ ဗီဇာ ရရှိပြီးတဲ့နောက်မှာ ထို င်းဆရာတော် ကြီးဆီကနေပြီးတော့ လေ ယာဥ် လက်မှတ် ပို့ ပေးလာပါတ ယ်၊ ဒေါ်တင်တင် ရှိန်ရဲ့ ဆက်သွယ်ပေးမှုကျေးဇူးတရား ေကြောင့် နိုင်ငံခြား ထွက် ဖို့ အဆင့်သင့် ဖြစ်လို့နေပါပြီ၊ ဘဏ်မှာ အမေရိကန် ဒေါ်လာ ၁၄ ဒေါ် လာလဲ သွားရောက်ပြီး လဲယူပြီးပါပြီ၊ မြန်မာ ကျပ်ငွေ ခုနစ် ကျပ်မှာ အေ မရိကန် တစ်ဒေါ်လာနှုန်း နဲ့ လဲလှယ်ခဲ့ရတဲ့ ခေတ်အခါပါ၊

အဲဒီခေတ်အခါတုံးကဆိုရင် နိုင်ငံ ခြား ထွက်ဖို့ အတော့် ကို မလွယ် ကူလှတဲ့ ခေတ်အခါပါပဲ၊ လေဆိပ် ရောက်တဲ့အခါမှာ လေဆိပ်ခွန် ၅ ဒေါ် လာ ပေးလိုက်ခဲ့ရပါတယ်၊ ဒါကြောင့် မိမိရဲ့ဘ၀ နိုင်ငံ ခြား ထွက်ခဲ့ရတာမှာ အိတ်ထဲမှာ ၉ ဒေါ်လာနဲ့ စခဲ့ရတာပဲ ဖြစ်ပါတယ်၊ မိမိ ထိုင်းကို မကြွခင် တစ်လခန့်လောက်မှာ ကြည့် မြင်တိုင်မှာ နေထိုင်လျက်ရှိတဲ့ ထိုင်းအမျိုး သား မြန်မာနာမည် ဦးလှဘော်ဆိုတဲ့ အဘိုးကြီး ဆီမှာ ထိုင်းစာကို သွားေ ရာက်သင်ယူခဲ့ပါတယ်၊ သူက ထိုင်းသံရုံးမှာ နှစ် ပေါင်းရှည်ကြာ စကား ပြန် လုပ်ပေးနေတဲ့သူ တစ်ဦးပါပဲ၊ အဲဒီ ထိုင်းအဘိုးကြီးဆီမှာ သူငယ်တန်း အဆ င့် ထိုင်းသင်ပုန်းကြီးကုန်တဲ့ အထိတော့ သင်ခဲ့လိုက်ရပါတယ်။

ကိုယ့်စိတ်ကိုယုံ စိတ်မ ဖြုံ

အမေရိကန် ၉ ဒေါ်လာနဲ့နိုင်ငံ ခြား ဘဝခရီးကို စတင်ရတော့မယ် ဆိုတာ ကိုလဲ ကြိုတင် သိထား နှင့်ပြီးသားလဲ ဖြစ်ပါတယ်၊ ပိုက်ဆံ ၉ ဒေါ် လာနဲ့ နိုင်ငံ ခြားမှာ ဘယ်လိုစခန်းသွားရမှာပါလိမ့် လို့ ဆိုပြီးစိတ်ကူးခန်း ဝင်ခဲ့ရတာလဲ ရှိပါတယ်၊

မိမိတို့ကျောင်းမှာ နေ့ဆွမ်းဘုဉ်းပေးချိန်မှာ ကျောင်းဘေးနားက အုတ်တံတိုင်းကို မှီပြီး ထိုင်နေကြတဲ့ သူတောင်းစားများ အများ ကြီး ရှိနေတတ်ပါတယ်၊ သံဃာများ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ ထမင်းကျန် ဟင်းကျန် များကို အဲဒီမှာထိုင်စောင့်နေကြတဲ့ လူပျင်းသမား သူတောင်းစားတွေကို ဒါန ပြု မျှဝေ ကျွေးမွေးပေးနေရတာ နေ့စဉ်နဲ့အမျှပါပဲ၊ အော်--ဒီ လူပျင်းသမား သူတောင်းစားတွေတောင်မှပဲ ထမင်းငတ်တယ်ရယ်လို့ မရှိပါပဲလား၊ မိမိအနေနဲ့မှာက ဘုန်းကြီးတစ်ပါးလဲ ဖြစ်နေတယ်၊ နေ့စဉ်နဲ့အမျှ ရွတ်ဖတ်သရဇ္ဈာယ်မှု အမြဲတမ်း ပြုနေသလို နေ့စဉ်မှန်မှန်လဲ ဘာဝနာတရား အားထုတ်နေတဲ့ သူတစ်ယောက်ပါ၊ ရောက်ရှိနေထိုင်နေရတဲ့ နေရာဌာနတွေမှာ ဘယ်သူ့ကိုမှ အန္တရာယ်မပေး ဘေးမ ဖြစ်စေတဲ့သူအ ဖြစ် မိမိကိုယ်ကို ယုံကြည်မှု အ ပြည့်အဝ ရှိနေတဲ့သူပါ၊ ဘဝမှာ ဖြစ်သလိုနဲ့ လွယ်လွယ်ကူကူ နေတတ် စားတတ်တဲ့သူတစ်ယောက်က ဘယ်ကိုပဲနေနေ ဘယ်နေရာကိုပဲရောက်ရောက် ဆွမ်းတစ်နပ်လောက်အတွက်ကတော့ ငတ်နိုင်ဖွယ်ရာ ရှိမှာ မဟုတ်ဘူးလို့ သူတောင်းစားတွေနဲ့ နှိုင်းပြီး မိမိကိုယ်ကို အားပေးနေခဲ့ရပါတယ်၊ ယုတ်စွအဆုံး နောက်ဆုံးပိတ် အခ ခြေအနေ မှာ မ ဖြစ်မနေလိုအပ်လာချေက သင်ကြားလေ့လာ ဆည်းပူးထားခဲ့တဲ့ ဗေဒင်ပညာရပ်ကို အသုံးချသ

င့် ချရတော့မှာပဲလို့ အဲလောက်ထိကြိုတင်ပြီး စိတ်ကူးထားမိခဲ့တာ အမှန်ပါ ပဲ၊ ကြိုတင်မသိနိုင် မ မြင်နိုင်တဲ့ အနာဂတ်ရေးအတွက် အပေါင်းလက္ခဏာ ကြီး တွေးထားလို့ မ ဖြစ်နိုင်သလို အနုတ်လက္ခဏာအတွက်လဲ ထည့်ပြီးတွ က်ရသေးတယ် မဟုတ်ပါလား၊ အဲဒီလို မိမိရဲ့ စိတ်ထား သဘာဝ အခြေအ နေကို ယုံကြည်မှု အ ပြည့်နဲ့ပဲ စိတ်အား ပြည့်ဝ ကြောင့်ကြမဲ့ကင်း ရှိခဲ့ရပါ တော့တယ်။

နိုင်ငံ ခြားဘဝ ထိုင်းနိုင်ငံကစ

မှတ်မှတ်ရရသာ ပြောရရင် ၁၈၈၈ ခု နှစ် ဖေဖေါ်ဝါရီလ ၂၈ ရ က်နေ့မှာ ထိုင်းလေကြောင်း ကုမ္ပဏီ TG နဲ့ ရန်ကုန် မင်္ဂလာဒုံလေဆိပ်ကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကိုကြွ ခဲ့ပါတယ်၊လေယာဉ်ပေါ်မှာ မိနစ် ၅၀ ခန့်သာ ကြာခဲ့ပါတယ်၊ ဘန်ကောက် မြို့ ဒွန်းမောင်းလေဆိပ်ကို ရောက်ရှိ သွားတဲ့အခါမှာတော့ ဆရာတော်ဘုရားကြီးရဲ့ တာဝန်ပေးအပ်ချက်အရ ဒကာ တစ်ယောက်နဲ့ ဒကာမ ကြီးတစ်ယောက် တို့က လာရောက်ပြီးကြိုဆိုခဲ့ ကြပါတယ်၊ အဲဒီဘန်ကောက်မြို့ လေဆိပ်ကနေ ၂ နာရီ ခန့် ကားနဲ့ ခရီး နှင် ခဲ့ကြရပြီး ဝပ်ခဝ်တရဝ် ဆိုတဲ့ကျောင်းကို ညသန်းခေါင် ကျော် အချိန်ေ လာက်မှာ ရောက်ရှိသွားခဲ့ကြရပါတော့တယ်၊ ဘန်ကောက်မြို့နဲ့ဆို မိုင်ပေါ င်း တစ်ရာ နီးပါးခန့် ကွာဝေးပါတယ်၊ အဲဒီကျောင်းက ဖက်ပူရီတိုင် း၊ ဘ န်းလဲမ်မြို့ နယ်ထဲက ကျောင်းတစ်ကျောင်ပါပဲ၊ မြို့နဲ့ဆို ၅ မိုင်ခန့်လောက်ေ ဝးပါတယ်၊ လူနေအိမ်တွေ မရှိသလောက်ပါပဲ၊ ဆရာတော် ကြီးက မြို့န

ယ်သံဃာ့ နာယက ဥက္ကဌကြီး ဖြစ်ပါတယ်၊ ဝါဆို သံဃာ သုံးရာခန့် နဲ့  သီလရှင်ပေါင်း  ကိုးဆယ်ကျော်ခန့် နေထိုင်ခဲ့ကြပါတယ်၊  မနက် ၆ နာရီ ဆွမ်းခံကြွချိန်မှာ   ကျောင်းကားနဲ့ ဖက်ပူရီမြို့ ကို သွားရောက်ပြီး  ဆွမ်းခံကြရပါတယ်၊ မနက်ဆွမ်းအတွက်သာပါ၊ ဆရာတော် ကြီးနဲ့ မိမိအတွက်မှာတော့  မနက် ၆ နာရီလောက်မှာ  သီလရှင်တွေက လာရောက် ကပ်လှူ ခဲ့ကြပါတယ်၊  ထူးခြားမှု ရှိတာက နေ့ဆွမ်းအတွက်  တဝါတွင်းလုံးမှာ   နေ့စဥ်ဆိုသလို   ဆွမ်း အလှူ ရှင်များ ရှိနေပါတယ်၊ အနယ်နယ်အရပ်ရပ်က  အလှူရှင်များ တစ်နေ့စာ ကပ်လှူ ခွင့်ရ ရှိဖို့အတွက်  တစ် နှစ်ခန့် ကြိုတင်ပြီး  စာရင်း ပေးထားရတယ်လို့ သိရှိခဲ့ရပါတယ်၊ ကျောင်းမှာ  တာဝန်ယူ ချက် ပြုတ်ပေးမဲ့  ဝေယျာဝစ္စ အဖွဲ့တွေလဲ ၂၀ ကျော်ခန့် ရှိနေပါတယ်၊ ဆွမ်း တစ်နပ်စာအတွက် ချက်ပြုတ် ရတဲ့ တာဝန်က မသေးလှပါဘူး၊    လာရောက်ကြတဲ့ အလှူ ရှင်များအဖွဲ့ နဲ့ပါ ပေါင်း လိုက်မယ်ဆိုရင်   လူဦးရေ ၅၀၀ ဝန်းကျင်ခန့် ရှိနေတတ်ပါတယ်၊နေ့စဥ် နဲ့အမျှ ပွဲ ကျနေတာပဲ၊  အဓိက ထူး ခြားချက်ကတော့ ဖြင့်  အဲဒီကျောင်းမှာ တန်ခိုးကြီး သစ်သား ဆင်းတုတော်  တစ်ဆူ ရှိနေလို့ပါပဲ၊ နေ့စဥ်နဲ့အမျှ ရွှေသက်န်း လာရောက်ကပ်လှူတွေ  ပြတ်တယ်ရယ်လို့မရှိပါ၊  တိုင်းရဲ့မြို့တော်  ဖက်ပူရီမြို့ကနေ အဲဒီ ကျောင်းတော်အထိ  နေ့စဥ်နဲ့အမျှ ဘတ်စ်ကား ပြေးဆွဲပေးတာလဲ ရှိနေပါတယ်၊ ဆုတောင်း ပြည့်တဲ့ဘုရားလို့ ယုံကြည်ကြပါတယ်၊ ဘုရားသမိုင်းကတော့ မြန်မာ ပြည်က ကျိုက်ပေါ်လောဘုရားနဲ့ ခပ်ဆင်ဆင်ပါပဲ၊ လေ့လာတွေ့ရှိ ကြားသိရသမျှ တချို့ကို  ဖေါ်ပြရရင် တချို့သော ရောဂါဝေဒနာရှင်များက   ဆရာဝန်တွေက  လက်လွှတ်လိုက်လို့

ဘဝရဲ့ နောက်ဆုံးအနေနဲ့ ဒီကျောင်းကို လာရောက်ပြီး ဥပုသ်စောင့် သီလရှ
င် ပြုလုပ်ကြသူတွေ လဲ ရှိနေပါတယ်၊ တ ဖြည်း ဖြည်းနဲ့ ရောဂါဝေဒနာတွေ
သက်သာ ပျောက် ကင်းသွားကြပြီး တစ်သက်လုံး သီလ ရှင် ဝတ်သွားကြ
သူတွေလဲ ရှိနေပါတယ်၊ မိမိအနေနဲ့ ဒီကျောင်းကို ရောက်မလာခင် တနှစ်ခ
န့်ကဆိုရင် ရုပ် ပွားတော် မြတ်ကိုယ်ပေါ်မှာ နှ စ်ပေါင်းများစွာက ကပ်လှူ
ပူဇော် ထားတဲ့ ရွှေ သင်္ကန်းတော် အကုန်လုံး ရွှေသင်္ကန်းတော်ကို ချွတ်ချ
လိုက်သလို အကုန်လုံး ကွာကျ လာပါကုန်တော့တယ်၊

နှစ်စဥ်နဲ့အမျှ မတ်လလောက်မှာ ဘုရားပူဇော်ပွဲကြီး ကို စည်ကားသို
က်မြိုက်စွာ ကျင်းပမြဲ ရှိနေကြပါတယ်၊ ဒီဘုရားပွဲ အတွက် မိမိကို ဆရာေ
တာ် ကြီးက ပင့်ဖိတ်ခဲ့တာပဲ ဖြစ်ပါတယ်၊ တကယ်ေ ပြာရရင် မိမိတို့ မြန်
မာနိုင်ငံ ရှိ တချို့သော ဘုရားပွဲများနဲ့ ခပ်ဆင်ဆင် တူ ညီနေတာကိုလဲ တွေ့
မြင်နေရပါတယ်၊လောကီ ပျော်ပွဲ ရွှင်ပွဲ များက နေရာယူကြီးစိုးနေတာကိုလဲ
လေ့လာတွေ့ရှိခဲ့ရပါတယ်၊ သနားစရာနဲ့ နှ မြော စရာကောင်းလှတဲ့ ဘုရားပွဲ
တစ်ခုပဲလို့ မြင်နေမိပါတယ်၊

၇- ရက်လုံးလုံး နေ့ရောညပါ ထောင်ချီခန့် ရှိတဲ့ လူတွေ လာရောက်နေကြ
တာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ ဘုရားကိုလာရောက်ပြီး ရွှေသင်္ကန်း ကပ်လှူ
ပူဇော်ခဲ့ကြပါတယ်၊ နေ့ခင်းမှာ အားကစားပွဲ၊ လက်ဝှေ့ပွဲ၊ ဆပ်ကပ် ပြပွဲ၊
တရုတ် နယားအက အစရှိတဲ့ ပြိုင်ပွဲ မျိုးစုံ ပျော်ရွှင် ပွဲ အစုံ ရှိနေပါတယ်၊ ည
ဖက်ပိုင်းမှာ ဆိုရင်လဲ မြန်မာ ပြည်က အ ငြိမ့်ပွဲ ဇာတ်ပွဲများအတိုင်းက ပြ ေ
ဖျာ်ေ ဖြ အသုံးတော်ခံ တာလဲ ရှိပါတယ်၊ လူတကာတွေ ကိလေသာ နဲ့ ပျော်ေ

နကြတာကို တွေ့ မြင်လိုက်ရတာ သနားစိတ်တောင်ဝင်လိုက်မိပါသေးတယ်၊ မြန်မာ ပြည်က ဘုရားပွဲတော် တချို့ နဲ့ ထူးမ ခြားနား တူနေပါပေါ့လားလို့ ြ မင်ယောင်နေမိပါတော့တယ်၊ ဘုရား ပွဲရဲ့ အနှစ်သာရ အနည်းငယ်မျှသာ တွေ့ခဲ့ရ ခြင်းပါပဲ၊ ဘုရားပွဲမှာ ပင့်သံဃာများကို ကန်တော့ပွဲ တစ်ပွဲနဲ့ ဘတ် ငါးရာ လှူဒါန်းကြပါတယ်၊ ဖြစ်ချင်တော့ မိမိအတွက် အလှူပွဲကို ကျောင်းဂေါ ပက တစ်ယောက်ယောက်က သိမ်းယူထားပေးပြီး နောက်မှ လာကပ်ပါပေ လိမ့်မယ်လို့ ထင်ခဲ့တာ မှန်းချက်နဲ့ လွဲခဲ့ရပါတယ်၊ သူ့တို့ရဲ့အထာကို မသိတာ လဲ ပါတာပေါ့လေ၊ ဒါန ပြန် ပြုလိုက်ရသလိုပဲ အောက်မေ့ခဲ့ရပါတော့တယ်၊ ထိုင်း ရောက်ပြီးလို့ မကြာမီမှာပဲ မြန်မာပြည်က မကောင်းလှတဲ့ သတင်းတွေ စလို့ကြားနေရပါလေပြီ၊ မြန်မာ ပြည်ကို ပြန်ဖို့ ကောင်းတဲ့အချိန် မဟုတ်ေ တာ့ဘူး လို့ သိလိုက်ရတာနဲ့ပဲ ထိုင်းစာကို ကျွမ်းကျင်တတ်မြောက်အောင် လုပ်ဆောင်ရပါတော့တယ်၊ သူ့နိုင်ငံမှာနေရင် သူတို့ရဲ့ စာနဲ့စကားကို တတ် ထားမှ အဆင် ပြေမယ်မဟုတ်ပါလား၊ ဆရာတော် ကြီးက လူ့ဘဝတုံးက ေ ကျာင်းဆရာတစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ဦးဇင်း တစ်ပါးကို ခေါ်ယူပြီး ဒီ ဗမာ ကို ယ်တော်ကို ထိုင်းစာသင်ပေးလိုက်ပါလို့ တာဝန်ပေးခဲ့ပါတယ်၊ ချိန်းဆိုထားတဲ့ အချိန်အတိုင်း စာသင်ဖို့ မနက်၉ နာရီလောက်မှာ သူနေတဲ့ ကျောင်းဆောင် အ ပြင်ဖက်မှာ တစ်ပတ်တိတိ သွားရောက်ပြီး စောင့်ဆိုင်းခဲ့ရပါတယ်၊ သို့ေ သာ် ကိုယ်တော် ကြီး က ထွက်မလာပါ၊ တစ်နေ့သောမနက်မှာတော့ ဘေး နားကျောင်းက ဘုန်းကြီးတစ်ပါး ဖြတ်လာပြီး ဟေ့- ကိုယ်တော် ဟောဒီမှာ ထိုင်းစာသင်ဖို့ ဗမာကိုယ်တော် ကြီး အ ပြင်မှာ ထိုင်စောင့်နေတယ်လို့ အသိေ

ပး အော် ပြောလိုက်ပါတယ်၊ အဲဒီအချိန်မှာ ကျောင်းတွင်းမှာနေတဲ့ကိုယ်တော်က အသာလေး တိတ်တိတ်နေပါဆို တဲ့သဘောနဲ့ လက် ကာ ပြနေတာကို ပြူတင်းပေါက် မှန် ကနေတစ်ဆင့် မြင်တွေ့လိုက်ရပါတော့တယ်၊ အဲဒီနေ့ကစပြီး အဲဒီကျောင်းကို လုံးဝ မသွားတော့ပါ၊ လက်စသတ်တော့ ရာဇဝင်ကြွေးနဲ့ ဗမာကို မုန်းတဲ့ ကိုယ်တော် ကြီး ဖြစ်နေသကိုး၊ မိမိမှာလဲ မခံချင်စိတ်နဲ့ တစ်နေ့ကို ၁၃ နာရီ အချိန်ပေးပြီး ကိုယ့်ဟာကိုယ် ကြိုးစားပြီး လေ့ကျင့် သင်ယူရပါတော့တယ်၊ ဘေးနားမှာ ကြုံတဲ့သူကို အကူအညီ ရယူပြီး မေး ပြ မန်းမှု ပြုခဲ့ရပါတယ်၊ မြန်မာ ပြည်မှာ ကတည်းက သင်ပုန်း ကြီးအကုန် တတ်မြောက် လာခဲ့ပြီ ဖြစ်လို့ တော်ပါသေးတော့တယ်၊ မိမိမှာ ရှမ်းစာကိုလဲ တတ်ထားတာကတစ်ကြောင်း၊ ထိုင်းစာပေမှာ ပါဠိစာ ၂၀% ပါရှိနေတာက တစ်ကြောင်း မို့လို့ ၃-၄ လ အတွင်းမှာပဲ ၆တန်းစာအထိ ကောင်းကောင်း ဖတ်နိုင်သွားပါပြီ၊ ထိုင်း ဖတ်စာအုပ်ကိုတင်မက သတင်းစာ နဲ့ တရားစာစောင်တွေကိုပါ တတ်သမျှ မှတ်သမျှ လေ့လာ ဖတ်ရှု လေ့ကျင့်မှု ပြုပေးခဲ့ပါတယ်၊ ဒါ့အ ပြင် ၂၄ နာရီ လုံးလုံး တရားဓမ္မ အကြောင်းကိုသာ ထုတ် လွှင့် လျက် ရှိတဲ့ ရေဒီယိုကိုလဲ မ ပြတ်တမ်း နားထောင်ပေးခဲ့ရပါတယ်၊ စာမျက် နှာ ၃၀၀ ခန့်ရှိ ထိုင်း အင်္ဂလိပ် စကားပြောစာအုပ်ကိုလဲ မ ပြတ်လေ့လာ ကျက်မှတ်မှု ပြုခဲ့ရပါတယ်၊ ဒီလိုနဲ့ တရားထိုင်ချိန် ပရိတ် ပဋ္ဌာန်း ရွတ်ဖတ်ချိန်မှတပါး ကျန်ရှိနေတဲ့ အချိန်တွေမှာ ထိုင်းစာနဲ့ စကား အတွက် အ ချိန်ပြည့်ပေး လေ့ကျင့် သင်ယူခဲ့ရပါတယ်၊ ဝါဆိုလ ပြည့်နေ့ မှာ ဆရာတော် ကြီးက ဘာအမိန့်ရှိလာသလဲဆိုတော့ ကိုယ်တော်တို့ ဗမာဘုန်းကြီးတွေက အဘိဓမ္မာမှ

၁ တော်ကြတယ်လို့ သိရပါတယ်တဲ့၊  ဖြစ်နိုင်မယ် ရင် ဒီ ကျောင်းမှာ အဘိဓ
မ္မာသင်တန်း ပို့ချပေးစေချင်ပါတယ်လို့  အမိန့်ရှိလာပါတယ်၊ မိမိမှာ လဲ မဆို
င်းမတွ ဆိုသလိုပဲ    မှန်လှပါဘုရား အတတ်နိုင်ဆုံး ကြိုးစားပြီး သင်ကြား
ပို့ချပေးပါ့မယ်လို့ ဝန်ခံမှု ပြု လျှောက် ထား လိုက်ရပါတယ်၊ ဆရာတော် ကြီး
က ဘာဆက် မိန့် ပြန်သလဲဆိုတော့  အေး--ကောင်းပြီ ကိုယ်တော်၊ သင်တဲ့အ
ခါမှာ   သီလ ရှင်နဲ့ ဘုန်းကြီးများကို တွဲ မသင်နဲ့၊ ခွဲပြီးသင်ပါလို့  သတိပေးလို
က်ပါသေးတယ်၊ ဆရာတော်ဘုရား ရဲ့ အ မြင်ကျယ်မှု သားသမီးတွေရဲ့ အပေ
ါ်မှာ စိတ်မချမှု  တစ်ခုပါပေပဲ၊ ဆရာတော် ကြီး ရဲ့သြ ဝါဒအတိုင်းပါပဲ
သီလရှင်များကို  ရှေး ဦးစွာ  ၂ နာရီလောက်  သင်ကြား ပို့ချပေးပြီးမှ   သံ
ဃာတော်များကို  ၂ နာရီကြာ  ပို့ချပေး  ခဲ့ရပါတယ်၊ သီလရှင်များကို  သင်ြ
ကားပို့ချပေးခဲ့ရတဲ့     ပူပူနွေးနွေး အတွေ့အကြုံကို သံဃာတော် များကို ပြန်
လည် ပို့ချပေးခဲ့ရတာ ဖြစ်တော့ ထိုက်သင့်သလောက် လွယ်ကူမှု ရှိလာတာ
ကို တွေ့ ရှိခဲ့ရပါတယ်၊ သင်တန်းသူ သီလရှင်များ ၂၀ ကျော်ခန့် ရှိပါတယ်၊
မိမိရဲ့ သင် ပြမှုမှာ  ထိုင်းစကားအသုံးအ နှုန်း   လိုအပ်ချက်  အားနည်းချက်
များ တွေ့ခဲ့ရင် ဝိုင်းပြီး အကြံ ပြု ပေးဖို့   အမှန် ဖြစ်အောင်  ပြု ပြင်ပေးဖို့ကို
လဲ ကြိုတင်ပြီး မေတ္တာရပ်ခံ ဖိတ်မန္တက ပြုခဲ့ရပါသေးတယ်၊ သူတို့ခမျာ လဲ
မေတ္တာ စေတနာ အ ပြည့်နဲ့ ကူ ညီပြီး ပြောဆို ပြု ပြင် ပေးကြပါတယ်၊ သူ
တို့တွေနဲ့ ဆရာတစ်လှည့် တပည့်တစ်လှည့် လုပ်နေရပါတော့တယ်၊ ကျေးဇူးြ
ကီးလှကြပါပေတယ်၊

သင်တန်းသားသံဃာတော်များမှာ တစ်ရာကျော်ခန့် ရှိခဲ့ပါတယ်၊ ဒါေကြာင့် ခရီးသွား သုံး အသံချဲ့ စက်ကို ပခုံးမှာ လွယ်ပြီး မတ်တတ်ရပ်ပြီး ပို့ချပေးခဲ့ရပါတယ်၊ မိမိတို့နိုင်ငံမှာ ၁၃ နှစ်ကြာမျှ ပို့ချလာခဲ့ရတဲ့ ဘာသာရပ် ဖြစ်လို့ စာအုပ်မရှိပေမဲ့လဲ အခက်အခဲတော့ မရှိခဲ့ပေဘူး၊ခဲခက်နေသေးတာက ဘာသာစကားပါ၊ နှစ်ပတ်လောက်မှာ အတော်လေးတော့ စိတ်ပင်ပန်းမှု ရှိခဲ့ရတာ အမှန်ပါ၊ တစ်နေ့ တစ်နေ့ ကို ၄ နာရီကြာ မျှ ထိုင်းလို ေပြာဆိုပေးလိုက်ရတာ ဖြစ်လို့ နောက် ပိုင်းမှာတော့ အဆင်ချောသွားခဲ့ရပါတော့တယ်၊ ဝါတွင်းသုံးလတိတိ သင်ကြားပေးခဲ့ရပါတယ်၊ ဒါဟာ ပထမ ဦးဆုံးေသာ ထိုင်းဘာသာစကား ဖြင့် နိုင်ငံရပ် ခြား သာသနာ ပြု ဓမ္မကုသိုလ်ထူးတစ်ရပ်ပဲ ဖြစ်ပါပေတော့တယ်။

ဗီဇာ ပြဿနာ ပေါ်ပေါက်လာ

မိမိရဲ့ မြန်မာ မှတ်ပုံတင် နိုင်ငံကူး လက်မှတ်သက်တမ်းက တစ် နှစ်ထဲရယ်ပါ၊ ထိုင်းဗီဇာ သက်တမ်းကလဲ ၃ လ ထဲ ဆိုတော့ အခက်ကြုံ ခဲ့ရပါတယ်၊ ဗီဇာသက်တမ်းတိုးဖို့ အတွက် မြန်မာ ပြည် ဘုရားဖူးလာ ကြတုံးက ဘုန်းကြီးတွေနဲ့ အတူ ပါလာခဲ့ဖူးတဲ့ လူကြီးတစ်ယောက်က ကူညီးပေးမယ် ဆိုလို့ ဘတ် ၃၀၀ နဲ့အတူ နိုင်ငံကူးဘက်မှတ် ကိုပါ ပေးလိုက်ပါတယ်၊ နောက် တစ်လလောက်ကြာတော့ ဗီဇာ ကိစ္စ သိရအောင် ဘန်ကောက်မြို့ ကို တက်လာရပါတယ်၊ အဲဒီဒကာကြီးက မိမိတည်းခိုနေတဲ့နေရာကို လာပြီးေတွ့ပါတယ်၊ ဗီဇာ ကိစ္စ သက်တမ်းတိုးလို့မရဘူးတဲ့၊ ဗီဇာဌာန ရုံး ရှိရာကို သွားလာရတဲ့ အသွားအ ပြန် ကားခ အတွက် နဲ့ ဆိုင်မှာ ထမင်းဝင်စားရတာ

နဲ့ဆို  အရှင်ဘုရားပေး ထားခဲ့တဲ့ ပိုက်ဆံ ၃၀၀ လဲ ကုန် သွားပါပြီလို့ ပြောပြီး နိုင်ငံကူးလက်မှတ်ကိုပဲ  ပြန်ပေးလာပါတော့တယ်၊နိုင်ငံကူးလက်မှတ် ပြန်ပေးတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်ခဲ့ရပါတော့တယ်၊ အဲဒီလူဟာ ဗုဒ္ဓဘာသာဝင် တစ်ယောက်မဟုတ်သလို မိန်းမပေါင်း ၆ ယောက်ထိ ယူထားသူ ဆိုတာကိုလဲ သိခဲ့ရပါတယ်၊ ဒါကြောင့် သူ့ဘဝအခြေအနေကို သဘောက်ပေါက်နားလည်ပေးလိုက်ရပါတယ်၊ ဗီဇာ ကိစ္စ အတွက် ဆရာတော် ကြီးအနေနဲ့ ကူညီပေးနိုင်ကောင်းပါ ရဲ့ ဆိုတဲ့  အားကိုးစိတ် နဲ့ ဝါဆိုတဲ့ကျောင်း ကို ပြန်ဖို့စီစဉ်ရပါတော့တယ်၊ ဒါပေမဲ့ မိမိရဲ့ လက်ထဲမှာ  ပိုက်ဆံ လုံးဝ မရှိတော့ပါ၊ မိတ်ဆွေ ဘုန်းကြီးရဲ့  တပည့် ကိုရင်လေးဆီက ဘတ်ငွေ ၅၀ ခဏ ချေးယူ ပြီး  မိမိဝါဆိုခဲ့တဲ့ကျောင်း ကို ပြန်ရပါတော့တယ်၊ ကျောင်းရောက်တော့သင်္ကန်းပွဲက  သံဃာ ဝေစုအ ဖြစ် ဆရာတော် ကြီးက ဘတ်ငွေ ၂ ရာကျော် မျှဝေပေးခဲ့လို့ ချက်ချင်းဆိုသလို ဘန်ကောက်ကို တစ်ခေါက် ပြန်တက်လာခဲ့ပြီး ချေးထားတဲ့ ကိုရင်လေးရဲ့ ပိုက်ဆံ ကို ပြန်လည်ပေးဆပ်လိုက်ရပါတော့တယ်၊ ဘုန်းကြီးတစ်ပါးရဲ့ အဆက်အသွယ်နဲ့ လူဝင်မှုကြီးကြပ်ရေး ရုံးမှာ ဗီဇာသက်တမ်းတိုးပေးရေးအတွက် နိုင်ငံကူးလက်မှတ်ကို သွားပြီးပေးအပ်ထားရပါတယ်၊

ဝါကျွတ်ပြီးကတည်း က ဝါဆိုတဲ့ကျောင်းမှာ မနေလိုက်ရတော့ပါ၊ ဘန်ကောက်မြို့ပေါ်က  တစ်ကျောင်းကျောင်းမှာ နေရဖို့ ကြိုးစားလိုက်ပါသေးတယ်၊ သို့ သော် အထမ မြောက်ခဲ့ပါ၊ တချို့သော ကျောင်းများကဆိုရင် နိုင်ငံခြားက ဘုန်းကြီး မဆိုထားနဲ့  ပြည်တွင်းရှိ တိုင်း ခြားက ဘုန်းကြီးတွေ

ကိုတောင်မှ  လက်မခံနိုင်ဘူးလို့ ပြောလာပါတယ်၊  နောက်ဆုံး အနေနဲ့ မှာေ
တာ့  မိတ်ဆွေဘုန်းကြီး  အာကျန်နိကွန် ရဲ့  ရှုံး  သို့မဟုတ်  ဓမ္မာ ရုံ ကြီးမှာပဲ
စတည်းချနေထိုင်လိုက်ရပါတော့တယ်၊ အဲဒီ ဓမ္မာရုံမှာ  ကပ္ပိယ  ရှုံးစာရေးတ
စ်ယောက် အမြဲတမ်းနေထိုက်လျက် ရှိနေပါတယ်၊  အာကျန်နိကွန် ဆို အင်မ
တန်မှ  ဘုန်း ကြီးလှတဲ့ အချိန် အခါပါ၊  သူ့ မှာ ဌာနခွဲပါင်း  ၃၃ ခုလောက် ရှိေ
နပါတယ်၊ မကောင်းတဲ့ဂြိုဟ်တွေ ပပျောက်   ကောင်းကျိုးမင်္ဂလာ ဖြစ်အော
င်  အစီအမံတွေ ပြုလုပ်ပေး  ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း   အခမ်းအနားကို
ပြုလုပ်ဆောင်ရွက်ပေးတဲ့နေရာမှာ  နာမည် ကြီးခဲ့တဲ့ သူတစ်ဦးပါပဲ၊သူ့ ရဲ့ ဌာ
နခွဲတွေမှာ  တစ်လလျှင်  တကြိမ်ကျ  အခမ်းအနာ အစီအစဉ်ကို ပြုလုပ်ပေး
ခဲ့ပါတယ်၊  ပရိသတ်ပေါင်း ရာချီ  ထောင်ချီ ရှိနေတာကိုလဲ တွေ့ခဲ့ရပါတယ်၊

ဗဟုသုတ အနေနဲ့ ပြော ပြရမယ်ဆိုရင်   အခမ်းအနား  အစီအမံ မှာ
ပါဝင်ကြမဲ့ သူများ  ဦးစွာပထမ  ငါးပါးသီလကို ခံယူဆောက်တည်ကြရပါတ
ယ်၊ပြီးတော့  တစ်ကိုယ်လုံးကို  ဖုံးအုပ်နိုင်တဲ့ ပိတ် ဖြူ အစကို  ခြုံကြပြီး  ဒူး
တုတ် ရဲ့နဲ့  ရှေ့ကို ဦးခေါင်းချ မှောက်ပြီးနေကြရပါတယ်၊ ၁၅ မိနစ်လောက်
ရွတ်ဖတ် လို့ပြီးသွားတဲ့အခါမှာတော့  အဲဒီး ပိတ်အ ဖြူတွေကို တာဝန် ရှိသူေ
တွက လိုက်ပြီးသိမ်းကြပါတော့တယ်၊ ဆိုလို ချင်တာက  အဝတ် ဖြူ နဲ့ တစ်
ကိုယ်လုံးကို အုပ်ခဲ့စဉ်တုံးက ခေတ္တယာယီ  သေဆုံးသွားတဲ့သဘောကို သရု
ပ်ဖေါ်ထားတဲ့သဘောပါပဲ၊ ဘုန်းကြီးတွေ ရွတ်ဖတ်သရဇ္ဈာယ်မှု  ပြုပေးတယ်
ဆိုတာကလဲ   သေနေကြတဲ့ သူတွေကို အသုဘရှု ရွတ်ဖတ် ဆုတောင်းပေး
တဲ့သဘောပါပဲ၊

ပိတ် ဖြူများကို သက်ဆိုင်ရာက ပြန်လည် ရုပ်သိမ်း ပေးလိုက်တဲ့အခါမှာ ဘ၀အသစ် ပြန်လည်ရှင်သန် မွေးဖွားလာရ ခြင်းအ ဖြစ်မှတ်ယူကြပြီး ၀မ်းသာနေကြရပါတယ်၊ ဒီတော့မှ သက်ဆိုင်ကကြိုတင် ပြုလုပ်ထားတဲ့ လှူဒါန်းဖွယ်ရာ အစုံထည့်ထားတဲ့ ကန်တော့ပွဲကြီး ကို ကိုယ်စီ ပူဇော်ယူကြပြီး သံဃာတော် များကို လှူဒါန်းခဲ့ကြပါတယ်၊ ပိတ် ဖြူ ပူဇော်ခက ဘတ်၅၀နဲ့ သံဃာ့ဒါနအ ဖြစ် လှူဒါန်းဖွယ်ရာကန်တော့ပွဲ့တစ်စုံကို ဘတ်၁၀၀ လှူဒါန်း□ ကရပါတယ်၊နေ့စဥ် ဆိုသလို လူပေါင်းရာထောင် ခန့်ရှိပြီး တစ် နှစ်ပတ်လုံး အဲဒီ အခမ်းအနားကို ပြုလုပ်နေကြတာပါ၊ သဒ္ဓါအားနဲ့ ပညာ အား သိပ်ပြီးမမျှသလို ရှိနေတာကို တွေ့ မြင်ခဲ့ရပါတယ်၊

အဲဒီမိတ်ဆွေ ဘုန်းကြီးရဲ့ အထုပ္ပတ္တိ အကျဥ်းချုပ်ကတော့ ၇ နှစ်သားကတည်းက ကိုရင်၀တ်ခဲ့ပါတယ်၊ တရား လဲအားထုတ်ခဲ့ပါတယ်၊ တရားအားထုတ်ရင်းနဲ့ တာ၀တိံသာနတ် ပြည်မှာ စူဠာမဏိစေတီတော် ကြီးကို ဖူးတွေ့လိုက်ရတယ်လို့ဆိုပါတယ်၊ ဖူးတွေ့ခဲ့ရတဲ့ ပုံစံ အတိုင်း သူနေတဲ့ ကျောင်း၀န်းထဲမှာ စေတီတော် ကြီး တစ်ဆူကို တည်ထားကိုးကွယ် ခဲ့ပါတယ်၊ အဲဒီကနေပြီးတော့ ထင်ပေါ်ကျော်ကြား လာရတာပဲ ဖြစ်ပါတယ်၊ ကိုရင်ဘ၀နဲ့ပဲ ကျောင်းထိုင်ဘုန်းကြီး လုပ်လာခဲ့တာပါ၊ ပညာအရည်အချင်းကသာ မရှိပေမဲ့ စိတ်ကောင်း စေတနာကောင်း ရှိသူ မေတ္တာ ရှင် ပါရမီရှင် တစ်ပါးပါပေပဲ၊ တချို့သော အခမ်းအနားပွဲ တရားပွဲကျင်းပရာဌာနရဲ့၀င်းထဲမှာ မြေကြီးကို ပေးမနင်းစေဘဲ သူတို့ရဲ့ ကျောကုန်းပေါ်မှာ ဖြတ်နင်းကြွ မြန်းသွားဖို့ ကြိုဆိုခဲ့ ကြပါတယ်၊ တကြိမ်ကဆိုရင် သူနဲ့အတူတူကြွသွားရသည်မှာ ဒိ ပြင်ရှောင်

ရန် နေရာ ကွက်လပ် မရှိတော့လို့ မလွဲမရှောင်သာဘဲ သူနဲ့အတူ လူ့ကျောကု န်းပေါ်ကို လျှောက်ခဲ့ရဖူးပါတယ်၊ အတော့် ကို စိတ်မချမ်းမသာ ခံစားခဲ့ရပါ တယ်၊ မိမိအဖို့ ဒီတကြိမ်ဟာ ပထမဆုံး အကြိမ်နဲ့ နောက် ဆုံးအကြိမ် ပင် ဖြ စ်ရပါပေတော့တယ်၊ နောက်နောက် အကြိမ်တွေမှာ သူနဲ့အတူ လိုက်မသွားေ သးဘဲနဲ့ သူတရားဟောပလ္လင်ရောက်ရှိတဲ့အချိန်အထိ ကားပေါ်မှာပဲ ထိုင်ေ စာင့်ခဲ့ရပါတော့တယ်၊ အထာသိ ပါးသွားပြီလို့ဆိုရပါလိမ့်မယ်၊ သူနဲ့အတူတူ အကြိမ်ပေါင်းမြောက်များစွာ ထိုင်း နိုင်ငံ နေရာအနှံ့ ရောက်ရှိခဲ့ရပါတယ်၊ ပြုလုပ်တဲ့အခမ်းအနားပွဲ တရားပွဲ တိုင်းမှာ သူ့ရဲ့ ရှေ့ထွက်အဖြစ် မိမိကို မ ဂ်လသုတ် မေတ္တာ သုတ်ပရိတ်တော်ကို မြန်မာ့ အသံနေအသံထားနဲ့ အစပျိုး ရွတ်စေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးစေပါတယ်၊ ဒကာ/မ များကလဲ သေ ဘာကျ နှစ်သက်ကြပုံ ရပါတယ်၊ သာဓုသံတွေ ဟိန်းလို့ ညံသွားတော့တာပါ ပဲ၊ တစ်ခါတစ်လေ ကျတော့ တရားစကားအနည်းအကျဥ်းပါ ဟောေ ပြာေ ပးရတာလဲ ရှိခဲ့ပါတယ်၊ မိတ်ဆွေဘုန်းကြီးရဲ့ ကျေး ဇူးတရားကတော့ ဖြင့် ေ ြ ပာမပြ နိုင်လောက်အောင် ကြီးမားလှပါပေတယ်၊ ဒေသအလိုက် ထိုင်းယဥ်ေ ကျး မှု ဓလေ့ထုံးစံ ဒေသန္တရ ဗဟုသုတ အစုံကိုလဲ လေ့လာဆည်းပူးခွင့်ရရှိ ခဲ့ပါတယ်၊ တစ်ခါက ဆိုရင် သူနဲ့အတူ ခရီးသွားရင်း ကား ၃-၄ စီး တိုက်မိရာ ကနေ မိမိတို့စီးတဲ့ ကားလဲ အရှိန်နဲ့လမ်းဘေးကို ချော်ကျ တိမ်းမှောက်လု နီး နီးရောက်ရှိသွားခဲ့ရတာကိုကြုံ ခဲ့ရဖူးပါတယ်၊ သေကံမရောက်သေးလို့ သ က်မပျောက်ဘဲ ကျန်ခဲ့ရတာပါပဲ၊ သူ့မှာတစ် နှစ် လုံးလုံး နေ့တိုင်းခရီးထွက်ေ နရတဲ့သူပါ၊ ပိုက်ဆံသန်းပေါင်းမြောက်များစွာ ချမ်းသာနေပြီး တစ်နိုင်ငံလုံး

ကြည်ညိုခံ နေရတဲ့သူပါပဲ၊ အသက်က ၃၂ လောက်သာ ရှိနေသေးတာပါ၊ ထိုင်းကနေ မိမိ မ ရှိတော့တဲ့နောက်ပိုင်းမှာ" ပစ္စည်း ,မာတု၊ ဤ နှစ်ခု ၊ဘိက္ခုသေမင်း မြှား နှစ်စင်း" ဆိုတဲ့အတိုင်းပါပဲ မြှား နှစ်စင်းနဲ့ အပစ်ခံလိုက်ရလို့ ရဟန်းဘဝကနေ သေလိုက်ရပါတော့တယ်၊ သူ့အတွက် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်၊ သိပ်ပြီးတော့ နှမြောဖို့ လဲအလွန် ကောင်းလှပါတယ်၊ ခြေလှမ်း မမှားဘဲ မှန်မှန် ကန်ကန်သာလျှောက်လှမ်းခဲ့မယ်ဆိုရင် နိုင်ငံတော်အတွက် သာသနာအတွက် သိပ်ကို ကျေးဇူးများလှမှာအမှန်ပါပဲ၊ လိုတ,ရ ပြောသမျှအောင်မြင် မနောမယိဒ္ဓိ ပတ္တမြားလုံး ပိုင်ရှင်လို ဖြစ်နေလို့ပါပဲ၊ လူ့ဘဝ လူ့လောကကြီးမှာဆင်းရဲမှုဒဏ်ကို ပေပေတေတေ ကြံ့ကြံ့ ခံ သည်းခံနိုင်ကတတ်ပေမဲ့လို့ ကောင်းတဲ့ လောကဓံ ကိုကျတော့ သည်းမခံနိုင်ဘဲ အရှုံးပေးတတ်သွားကြတာက များတတ်လှပါတယ်၊ ဘာဝနာဓါတ်ခံ အားမသန်ခဲ့လို့ လက်နက်ချအရှုံးပေးလိုက်ရတာပဲ ဖြစ်ပါပေလိမ့်မယ်၊ မနောမယိဒ္ဓိ ပတ္တမြား ပိုင်ရှင်များ အထူးသတိ ပြုနေရမဲ့ အချက်တစ်ခုပါပေပဲ၊ ဘာဝနာအခံဓာတ် မြင့် မြတ်သည်ထက် မြင့် မြတ်အောင် ကျင့် ဆောင်နိုင်ကြပြီး အမျိုး ဘာသာ သာသနာအတွက် ပြုလုပ်အားထုတ်နိုင်ကြပါစေလို့ ပတ္ထနာသီသ ပလိုက်ရပါတော့သတည်း---။

ထိုင်းတွေရဲ့စေတနာ သဒ္ဓါ မေ့မရနိုင်ပါ

ဘန်ကောက်မြို့မှာ တစ်ပါးတည်း နေခဲ့စဉ်အခါကာလက မိုးရွာတဲ့နေ့မှတပါး နေ့စဉ်ဆွမ်းခံကြွခဲ့ရပါတယ်၊ ဆွမ်းလောင်းသူများက ဆွမ်း ,ဆွ

မ်းဟင်း,ပန်းမာလ်, သောက်ရေသန့်တင်မက ဝတ္ထုငွေပါ လှူဒါန်းတတ်ကြပါ
တယ်၊ ဆွမ်းခံမကြွရတဲ့နေ့မှာ ဆိုရင် မိမိ တည်းခိုနေတဲ့နေရာနဲ့ မလှမ်းမကမ်း
မှာ ရှိတဲ့ ထမင်းဆိုင်တွေမှာ သွားပြီး ဘုဥ်းပေးခဲ့ရပါတယ်၊ ပုံမှန်အတိုင်း ဟ
င်းတစ်မယ်လောက်သာ မှာယူနေကြပါ၊ ဒါပေမဲ့ ဆိုင်ရှင်တွေက ၃-၄မယ်ေ
လာက် လာကပ်ပေးကြပြီး ဖျော်ရေပါ အစစ်ပါနေတတ်ပါတယ်၊ အစတုံးက
ဆိုရင် စိတ်ထဲမှာ သံသယစိတ်နဲ့ပါပဲ၊ ကိုယ်ပြောတာအ ကြားမှားလို့ပဲ ဟင်းေ
တွ အများကြီးလာချပေးနေသလားပေါ့၊ ဟင်းဖိုးကုန်ကျနိုင်မဲ့ ပိုက်ဆံနဲ့ မိမိ
အိတ်ထဲမှာ ရှိတဲ့ပိုက်ဆံနဲ့ မမျှဘဲ ရှိနေလို့ပါပဲ၊ ဆွမ်းစားပြီးတဲ့အခါမှာတော့
ဘယ်လောက်ကျသလဲလို့ မေးလိုက်တဲ့အခါမှာတော့ လှူပါတယ်ဘုရားလို့
ပြောပါတယ်၊ တစ်ခါတစ်လေ ကျပြန်တော့ အရှင်ဘုရားရဲ့ဆွမ်းဖိုးအတွက်
ဒကာတစ်ယောက်က ပေးပြီးသွားပြီလို့ ပြောပါတယ်၊ အလှူဒကာ ဘယ်သူမှ
န်းတောင် မသိလိုက်ရပါ၊ဒါနဲ့ပဲ အလှူ့ရှင်များကို လက်အုပ်ချီပြီး ဆုပေးလိုက်
ရပါတော့တယ်၊ ထိုင်းရဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှုအရ ဘုန်းကြီးများက လ
က်အုပ်ချီပြီး ဆုပေးကြရပါတယ်၊ ချစ်စရာကောင်းတဲ့ ဓလေ့ပါပေပဲ၊ သိကြ
တဲ့အတိုင်းပါပဲ ထိုင်းလူမျိုးတွေက လူအချင်းချင်းတွေ့ဆုံကြတဲ့အခါမှာလဲ
ပြုံး ရွှင်တဲ့မျက်နှာ နဲ့ လက်အုပ်ချီ နှုတ်ဆက်ကြတာ တွေ့ဖူးကြမှာပါ၊
ဘုရား ရှိခိုး, ပရိတ်ရွတ်, တရားနာကြတဲ့ အခါမှာလဲ အစကနေအဆုံး ဒူးတုပ်
ထိုင် လက်အုပ်ချီပြီး နေကြပါတယ်၊ ဘုရားရှိခိုး, ပရိတ် ပဌာန်း ရွတ်ဖတ်
ပူဇော်ကြတဲ့ ရဟန်း ရှင်လူ မြန်မာ ပြည်သူ/သားတွ လက်အုပ်ချီ ဒူးတုပ်ထို
င်ကြတဲ့ ဒီအလေ့အထ ရှိနိုင်ကြမယ်ဆိုရင် တော့ သိပ်ပြီးကြည် ညိုလေး

စားဖွယ် ဖြစ်ရပေမှာ အမှန်ပါပဲ၊ ဖြစ်စေချင်လိုက်တာ ၊ကာယကံ ကုသိုလ် အ
ပြည့် မုချရရှိကြမှာ သေချာပါတယ်၊မိမိရဲ့ဆန္ဒအာသီသ တစ်နေ့ကျရင် ပြ
ည့်ဝလာလိမ့်မယ်လို့ မျှော်လင့်ခဲ့ရပါတယ်၊

နောက်တစ်ခု ချီးကျူးဖို့ ကောင်းတာက ထိုင်းနိုင်ငံမှာ ဘတ်စ်ကား
စီးတဲ့အခါ သံဃာတော်များအတွက် သီးသန့် ထိုင်ခုံ သတ်မှတ်ထားတာ ရှိပါ
တယ်၊ မိမိရန်ကုန်မှာ နေစဉ်တုံးကလို ဘတ်စ်ကားပေါ်မှာ လူတွေနဲ့ တိုးဝှေ့ပြီး
စီးခဲ့ရတဲ့ အ ဖြစ်ကို မြင်ယောင်မိပါပေတော့တယ်၊ ဘုန်းကြီးနဲ့ သီလရှင်များ
ဘန်ဘောက်မြို့တွင်း ဘတ်စ်ကားစီးရာမှာလဲ ကားခပေးစရာ လုံးဝမလိုပါ။

ဗီဇာပြဿနာ ရှင်းရပါ

ထိုင်းနိုင်ငံမှာ တရားဝင် နေထိုင်ခွင့် ရရှိထားတဲ့ ၃ လ သက်တမ်းကျော်
လွန်လို့ သွားတာ လနဲ့ချီပြီး ရှိနေပါပြီ၊ နိုင်ငံကူးလက်မှတ် စာအုပ်ကို လဲ သူ
တို့ဆီမှာပဲ ထားပစ်ခဲ့တာကြာပါပြီ၊ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး
ဖို့လဲ လိုအပ်လို့လာပါပြီ၊ အဲဒီတော့ နိုင်ငံကူးလက်မှတ် ကို ကိုယ်တိုင် သွားေ
ရာက်ပြီးယူရပါတော့တယ်၊ ဟိုက ဘာပြော လွှတ်သလဲဆိုတော့ အိုဗာစတေး
ဗီဇာရက်လွန် နေထိုင်ခဲ့တဲ့ ရက်လတွေအတွက် ဒဏ်ကြေးအနေနဲ့ ဘတ် ၇-ေ
ထာင်ခန့် လောက် ဒဏ်ဆောင်ရမယ်တဲ့၊ မိမိမှာ ပိုက်ဆံ မရှိကြောင်း ရှင်းပြခဲ့ ြ
ပီး ဝါဆိုတဲ့ကျောင်းက ဆရာတော် ကြီးကို တစ်ခေါက် သွားရောက်ပြီး အ
ကျိုးအကြောင်း လျှောက် ထားရ ပြန်ပါတယ်၊ ဆရာတော် ဘုရားကြီးက ေ
ပးဆိုလဲ ငါကပဲပေးလိုက်ပါ့မယ်၊ စိတ်မပူပါနဲ့လို့ နှစ်သိမ့်စကား မိန့်ကြားခဲ့

ပါတယ်၊မိမိအဖို့ မှာတော့ ဆရာတော်ဘုရားကို အားနာလိုက်ရတဲ့ ဖြစ် ခြင်းပါ ပဲ၊ ရန်ကုန်ကနေ ဘန်ကောက် လေယာဉ်လက်မှတ်အသွားအ ပြန်ကိုလဲ ဝ ယ်ပေးခဲ့ရတယ်၊ ရောက်ပြီး မကြာခင်မှာပဲ ကားတစ်စီးငှါး ပေးပြီး နေရာအ နှံ့ သွားရောက်လည်ပတ်စေခဲ့ပါတယ်၊ ခုတစ်ခါ ဗီဇာ အတွက် ပိုက်ဆံ ထော င်ချီပြီး အကုန်ခံနေရအုံးမယ်ဆိုတော့ကာ မိမိအဖို့မှာ စိတ်မကောင်း ဖြစ်ခဲ့ရ တာ အမှန်ပါပဲ၊ နောက်ဆုံးမှာတော့ ဆရာတော် ကြီးရဲ့ အဆက်အသွယ်နဲ့ သာသနာရေးဌာနက လူကြီးတစ်ယောက်ရဲ့ ကူ ညီပေးမှုနဲ့ ဒဏ်ကြေးငွေ ေ ပးဆောင်ရ ခြင်းမှ လွတ်ငြိမ်းခွင့်ရရှိသွားပါတော့တယ်၊ ဝမ်းသာလိုက်ရတဲ့ ပြ ဖစ် ခြင်းပါပဲ၊ အားလုံးကို ကျေးဇူး အထူးတင်ရပါတော့တယ်၊

ဗီဇာသက်တမ်း တိုးပေးနိုင်ရေးအတွက် ဝါဆိုတဲ့ကျောင်းက ဆရာေ တာ် ကြီးရဲ့ ထောက်ခံစာကို တင်ပြခဲ့ပါတယ်၊ ထောက်ခံစာထဲမှာ ရေး သားထားတာက သူ့ကျောင်းမှာ ရှိတဲ့ သံဃာတော်များနဲ့ သီလ ရှင်တွေကို အဘိဓမ္မာတရားသင်တန်း သင်ကြား ပို့ချပေးဖို့အတွက် ဗီဇာ သက်တမ်း တိုး မြှင့် ပေးပါရန်ပေါ့၊ ဒါပေမဲ့ ဗီဇာဌာနက ရုံးအရာရှိတွေက ဘာပြောခဲ့သလဲ ဆိုတော့ ဒီအကြောင်း ပြချက်ဟာ ဗီဇာတိုးပေးနိုင်ဖို့ ဥပဒေဘောင်ထဲ အ ကျုံးမဝင်ဘူး ဖြစ်နေပါတယ်တဲ့၊ သူတို့နိုင်ငံရဲ့ ဥပဒေက ဗုဒ္ဓဘာသာကို လာရောက်လေ့လာ သင် ကြားနေကြတဲ့ သူတွေအတွက်ကိုသာ ဗီဇာသက်တ မ်းတိုးပေးနေတာသာ ရှိပါတယ်၊ တရားဓမ္မ သင်တန်းများကို ပို့ချပေးနေသူေ တွအတွက် ဗီဇာသက်တမ်း တိုးပေးရိုး ထုံးစံ မရှိခဲ့ဖူးဘူးလို့လဲ ရှင်း ပြခဲ့ပါတ ယ်၊ ဒါကြောင့် ဗီဇာသက်တမ်း တိုးမပေးနိုင်တာကို ခွင့်လွှတ်ပါ၊ ဆော်ရီးပါပဲ

လို့ အရာရှိတစ်ယောက်က ပြောလာပါတယ်၊ မိမိအဖို့မှာတော့ ဗီဇာ တိုးပေးရေး မတိုးပေးရေးကိစ္စက အရေးမကြီးလှပါ၊ အိုဗာစတေး အတွက် ဒဏ်ငွေ ထောင်ချီ မဆောင်ရတော့ဘဲ ကင်းလွှတ်ခွင့် ပေးခဲ့တာကိုပင် ကျေးဇူးတင်မဆုံး ရှိလို့နေပါပြီ။

ဗီဇာဌာန ရုံးခန်းကို မသွားခင်တစ်ရက် မှတ်မှတ်ရရ ပြောရမယ်ဆိုရင် ဘန်ကောက်မြို့ မှာရှိတဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ မနက်ကတည်းက ရောက် ရှိနေပြီး ကျောင်းသံဃာတွေ ဆွမ်းဘုန်းပေးနေ ကြတဲ့ နေ ရာမှာ မိမိကိုနေရာချပေးခဲ့ပါတယ်၊ လူ၁၀ ယောက်ခန့် နေထိုင်လောက်တဲ့ နေ ရာလေးပါ၊အဲဒီနားမှာ သံဃာများရဲ့ အိပ်ခန်းတွေ လဲရှိနေပါတယ်၊ မိမိထိုင်တဲ့နေရာမှာ ဆွမ်းလာဘုဥ်းပေး ကြတော့ သူတို့နဲ့အတူပဲ ကပ်စားခွင့် ရရှိခဲ့ပါတယ်၊ မိမိမှာ ဗီဇာကိစ္စနဲ့ လာခဲ့တာ ဖြစ်ပါတယ်၊ ဝါဆိုခဲ့တဲ့ကျောင်းကဆရာတော် ကြီးရဲ့ ညွှန် ကြားချက်အရ ဒီကျောင်းကို လာရောက်ရတာပါ၊ ဘယ်သူကိုမှ သိကျွမ်းတာ မရှိပါ၊ နေရာချထားပေးခဲ့တဲ့နေရာမှာပဲ ခေါင်းအုံးလေး တစ်လုံးနဲ့ တစ်ပါးတည်း လှဲအိပ်လိုက် ထထိုင်လိုက် စာကြည့် လိုက် နဲ့ အချိန်ကို ကုန်လွန်စေခဲ့ရပါတယ်၊ ည ၁၀ နာရီအချိန်လဲ ရောက်ရော အကြီးအကဲ အဆောင် မှူး ဖြစ်သူက သူ့အခန်းကနေ ထွက်လာပြီး ဒီည ကိုယ်တော် ဘယ်သွား ကျိန်းမှာ တုံးလို့ မေးလာပါတော့တယ်၊ မျှော်လင့်မထားတဲ့ မေးခွန်းကိုကြားလိုက်ရတော့ အံ့ဩမိလိုက်ရပါတော့တယ်၊ ဆရာတော် ကြီးက ကြိုတင် ဆက်သွယ်ပြောကြား ထားပြီးသားမို့လို့ စိတ်ချလက်ချနဲ့ အဲဒီကျောင်းမှာပဲ တစ်ညတာမျှ တည်းခိုခွင့် ရလိမ့်မယ်လို့ ယုံကြည်

အောက်မေ့မိနေတာပါ၊ အဲဒီလို အမေးခံခဲ့ရတဲ့ အတွက် အလိုက်သိစွာနဲ့ပဲ မိမိရဲ့လွယ်အိပ်လေးကို ကိုဆွဲကိုင် ပြီး ကျောင်းကနေ ချက်ချင်းပဲ ထွက်ပေး လိုက်ပါတယ်၊ မှန်းခြေ ခြနဲ့ မကိုက် ဖြစ်ခဲ့ရပေပြီ၊ထိုင်း တောင်ပိုင်း ဘတ်စ် ကားဂိတ်ရှိရာမှာ သွားရောက်ပြီးမိုးလင်းတဲ့အထိ စောင့်နေဖို့ စိတ်ကူးရလာ ပါတော့တယ်၊ ဘယ်သူကိုမှလဲအားနာစရာ မလိုတော့ဘူးပေါ့၊ တစ်ခါ စိတ် ထဲမှာ အကြံ တစ်ခု ပေါ်လာပါတော့တယ်၊ မြန်မာပြည် ဘုရားဖူး သွားရောက် ခဲ့ဖူးတဲ့ ထိုင်းဖွား မွန် ကိုယ်တော်တစ်ပါးကို သွားပြီး အမှတ်ရမိလိုက်ပါတ ယ်၊ ဒါနဲ့ သူနေထိုင်တဲ့ အဆောင်မှာ အားနာ ပါးနာစွာနဲ့ပဲ အရဲစွန့်ပြီးတံခါး သွားခေါက်လိုက်ရပါတော့တယ်၊ ကံကောင်းချင်တော့သူလဲ အိပ်ရာမဝင်ေ သးပါ၊မိမိကို နွေးထွေးစွာနဲ့ပဲ ဧည့်ခံကြိုဆိုခဲ့ပါတယ်၊ မြန်မာ ပြည်ကို သူတို့ ဘုရားဖူးလာကြစဥ်တုံးက မိမိကိုယ်တိုင် ဘုရားဖူး လိုက်ပို့ပေးခဲ့ဖူးတဲ့ ဘုန်းြ ကီးတစ်ပါးပါပေပဲ၊ မိမိရဲ့ ဖြစ်အင်ကို ပြော ပြတော့ အဲဒီဘုန်းကြီးရဲ့ စိတ် ထားကို သူကောင်းကောင်းသိပါတယ်တဲ့၊ ဒီည ဒီမှာပဲ အိပ်ပါတော့၊ ကားဂိ တ်ရှိရာ အဝေးကြီးကို သွားမနေပါနဲ့တော့လို့ မေတ္တာ ဖြင့် ပြောရှာလာပါတ ယ်၊ တစ်သက်လုံး အမှတ်ရနေ မဲ့ ကျေးဇူး ကမ္ဘာကြီးပါပေပဲ။

မိမိရဲ့ အတွေ့အကြုံအရ ပြော ပြရရင် ထိုင်းဒကာ/မတွေက မြန် မာ ဘုန်းကြီးတွေကို လေးစားရိုသေမှု ရှိကြပါတယ်၊ ဒါပေမဲ့လို့ ဘုန်းကြီးတွေ အများစုမှာတော့ မြန်မာဘုန်းကြီးတွေကို အထင်သေးတတ်ကြပြီး မကြည် ချင်တဲ့သဘောထား ရှိနေတတ်တာကို တွေ့နေရတတ်ပါတယ်၊ နှစ်ပေါင်း ၃-၄ ရာတုံးက ရာဇဝင် အတိတ်အကြောင်းတွေကို ပြန် ပြောင်းသတိရနေတတ်

လို့ ဖြစ်ပါပေလိမ့်မယ်၊ ပစ္စုပ္ပန်မှာ စိတ်ကို မထားနိုင်တတ် ကြတဲ့ သူတို့ရဲ့ အတွေးအ မြင်လေးတွေကို ပြင်ပေးနိုင် ကြမယ်ဆိုရင်တော့ သိပ်ကောင်းပေမှာပဲ၊ သံဃာကို သံဃာလို့ပဲ မြင် မြန်မာလို့ မ မြင်ဘဲ အာဃာတတရား ခွါပေးနိုင်ကြပါစေလို့ ကရုဏာသက်ဝင် နေမိမြဲပါပဲ။

## ပထမရှေးဦး အခမဲ့ဗုဒ္ဓဂါယာဘုရားဖူး

ဗီဇာကိစ္စ အခက်အခဲကြုံတွေ့ ခဲ့ရတဲ့အခါကာလမှာပဲ မိတ်ဆွေ ဘုန်းကြီး အာကျန်နိကွန်နဲ့ ဒကာ/မ များက အိန္ဒိယ ဘုရားဖူး သွားရောက်ကြဖို့ အစီအစဥ် ပြုလုပ်နေကြပါတယ်၊ အဲဒီ ခေတ်အခါတုံးက ထိုင်းနိုင်ငံက ခရီးသွားအေဂျင်တွေမှာ ခရီးသည် ၅ ယောက် ရှိရင် Free တစ်ယောက်ပေးခဲ့ပါတယ်၊ သူတို့ အဖွဲ့ထဲက ဘုရားဖူးခရီးသည် ၁၅ ယောက် ရှိပြီး ဖြစ်နေပြီမို့ Free ၃ယောက် ရရှိခဲ့ပါတယ်၊ ဒါနဲ့ အဖွဲ့ကို ဦးဆောင်သွားမဲ့ မိတ်ဆွေ ဘုန်း ကြီး အာကျန်နိကွန်က မိမိကို မေးပါတယ်၊ လိုက်မလားပေါ့၊ ဖြစ်နိုင်ရင် သိပ် လိုက်ချင်တာပေါ့လို့ အမှန်အတိုင်းပဲ ပြော လိုက်ရပါတယ်၊မိမိမှာ ထီကြီးပေါက်သလိုပဲ ခံစားခဲ့ရပါတော့တယ်၊ မိတ်ဆွေရဲ့ မေတ္တာ စေတနာကို များစွာ မှတန်ဖိုးထား ကျေးဇူးတင်ခဲ့ရပါတယ်၊ပိုက်ဆံ တစ် ပြား တစ်ချပ်မှ ကုန်စရာမလိုဘဲနဲ့ မြန်မာ ပြည်မှာ နေစဥ်ကတည်းက စိတ်ကူးယဥ် အိပ်မက်ခဲ့ဖူးတဲ့ ဗုဒ္ဓဂါယာ ဘုရားဖူးသွားရောက်ဖို့ လင်းရောင် ခြည်လေးကတော့ သန်းလို့နေပါပြီ၊

ခက်နေသေးတာကနိုင်ငံကူး လက်မှတ် စာအုပ်သက်တမ်းက ကုန်ခါနီးနေပါ ပြီ၊နိုင်ငံ ကူးလက်မှတ် ထဲမှာ ထိုင်းတစ်နိုင်ငံသာ သွားခွင့် ပြုခဲ့တာပါ၊ အိန္ဒိယ, နေပေါလ် နိုင်ငံ တွေမှာပါ သွားရောက်ခွင့် ပြုဖို့ နဲ့ နိုင်ငံကူး လက်မှတ် သက်တမ်း တိုး မြှင့် ပေးဖို့ ဘန်ကောက်ရှိ မြန်မာသံရုံးကို သွား ပြန်ဝင်ထွက် လုပ်လိုက်ရပါတော့တယ်၊ သံ ရုံးကတောင်းဆို ထားတဲ့ သက်ဆိုင်ရာ ကျောင်း, အဖွဲ့အစည်း တွေရဲ့ ထောက်ခံစာတွေကို ရရှိအောင် လုပ်ဆောင်ခဲ့ရပါတော့တယ်၊ ၁၈၈၈ခုနှစ်ကာလ ခါသမယ မို့ မြန်မာပြည်ရဲ့ ပေါ်လစီအရ လွယ်လှတယ်ရယ်လို့ မရှိခဲ့ပါဘူး၊ တစ် နှစ်သက်တမ်း ရှိတဲ့ မြန်မာနိုင်ငံကူး လက်မှတ်ကို သံ ရုံးကနေပြီးတော့ သက်တမ်းတိုးပေးနိုင် ခြ င်း အာဏာမရှိခဲ့ပါဘူး၊ ရန်ကုန်ကို ပြန်ပို့ရတာ ချည်းပါပဲ၊ ဒါကြောင့် မိမိရဲ့နိုင်ငံကူး လက်မှတ် ကိစ္စက ဘုရားဖူးခရီးစဥ် သတ်မှတ်ရက် မှီမှ မှီ နိုင်ပါ့မလားလို့ ဗျာ များခဲ့ရပါသေးတယ်၊ မှီသာ မ မှီခဲ့ဘူးဆိုရင် ထီသာပေါက်ပြီး လက်မှတ် ပျောက်နေသလို ဖြစ်သွားပေလိမ့်မယ်ဆိုတာ သေချာလှပါတယ်။

ကံကောင်းတယ်လို့ပဲ ဆိုရပါလိမ့်မယ်၊ နောက်ဆုံးမှာတော့ နိုင်ငံကူးလက်မှတ် ကို အချိန်မှီ ရရှိသွားခဲ့ပါပြီ၊ထိုင်းမှာ ဆက်လက်နေထိုင်ခွင့် ဗီဇာကိစ္စ အခက်အခဲ ရှိနေတုံးမှာ နိုင်ငံကနေ ထွက်ခွါ ခွင့်ကြုံကြိုက်ခဲ့လို့ ကွက်တိအချိန်ကိုက် ဖြစ်ရပါပေတော့တယ်၊ ဘုရား မ, ပေလို့ပဲ၊မိမိနဲ့အတူ ဘုရားဖူးအဖွဲ့ဝင်ပေါင်း၁၆ ဦးခန့် ရှိခဲ့ပါတယ်၊ အဲဒီထဲမှာ မိတ်ဆွေဘုန်းကြီးရယ် ,သူ့ရဲ့ ညီမတော် နဲ့ မိမိအပါအဝင် ဒို့ သုံးဦးကို ခရီးသွားအေဂျင်က အခမဲ့ ပြုပေးခဲ့ပါတယ်၊ ဘုရားပေးတဲ့ ဆုလာဘ်ပါပေပဲ၊

မိမိ တို့ ဘုရားဖူးအဖွဲ့က ဘန်ကောက်ကနေ ကလကတ္တားမြို့ကို Thai Airway T G နဲ့ သွားခဲ့ကြပါတယ်၊ အဲဒီကနေပြီးတော့ သံဝေဇနိယ ၄ ဌာန နဲ့ တာ့ချ်မဟာရ် , နယူးဒေလီ အစရှိတဲ့ နေရာဌာတွေဆီကို သွားရောက်ဖူးမြော်ကန်တော့ခွင့် လေ့လာခွင့် ရရှိခဲ့ကြပါတယ်၊ ခရီးသည်များအနေနဲ့ လမ်းတစ်လျှောက်မှာ စားချင်တာ ဝယ်စားနိုင်ဖို့နဲ့ ရောက်ရာမြို့က စတိုးဆိုင်တွေမှာ အမှတ်တရ လက်ဆောင်ပစ္စည်းတွေ ဝယ်ယူဖို့ ဆိုတဲ့ရည်ရွယ်ချက်နဲ့ ရူပီးပိုက်ဆံတွေ လဲလှယ်ယူထားကြပါတယ်၊ တကယ့်တကယ်ကျတော့ မှန်းချက်နဲ့ လွဲကုန်ပါတော့တယ်၊ ဘာ ဖြစ်လို့လဲ ဆိုတော့ အဲဒီအချိန်တုံးက အိန္ဒိယနိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးက အင်မတန်မှဆိုးလှပါတယ်၊ မိမိတို့ တည်းခိုခဲ့တဲ့နေရာမှာ မနက်စာ စားသောက်ပြီးကြတဲ့အခါ မနက် ၇ နာရီခန့်မှာ စပြီးခရီးထွက်ခဲ့ကြရပါတယ်၊ ခရီးလမ်းပေါ်မှာ ကားပေါ်မှာပဲ နေ့လည်စာကိစ္စကို ထမင်းဘူးနဲ့ပဲ ပြီးစေရပါတော့တယ်၊ခရီးသွားအေဂျင်ကပဲ ၂ ကိုတင်ပြီး စားစရာတွေကို ဗူးထဲထည့်ပြီး ကားပေါ်မှာ ယူဆောင်လာပေးခဲ့ပါတယ်၊ ညနေ ၅ နာရီ ဝန်းကျင် မိုးချုပ်ခါနီးမှ ရောက်လိုရာမြို့ကို ရောက်ခဲ့ ကြရတာပါ၊ ရောက်ပြီးတာနဲ့ ဘုရားဝင်ဖူးကြရင်းနဲ့ မိုးချုပ်လို့သွားပါလေပြီ၊ များသောအား ဖြင့် အဲဒီ အ ဖြစ်မျိုးကြီးနဲ့ပဲကြုံတွေ့ ခဲ့ရပါတယ်၊ ဘုရားဖူးခရီးစဥ်ကသာပြီးဆုံးသွားကြတာ ဝယ်ခြမ်းစရာက သိပ်မရှိခဲ့ ရှာကြပါ၊ လဲထားတဲ့ ရူပီးပိုက်ဆံတွေက ကိုယ်စီ ရှိနေကြမြဲ ရှိနေပါတယ်၊

နောက်ဆုံးနေ့ နှုတ်ဆက် ပွဲမှာတော့ မိမိအနေနဲ့ ဒီ အိန္ဒိယမှာ နောက်ထပ် ၂ လခန့် ဆက်လက်နေထိုင်ဖို့ အစီအစဥ် ရှိကြောင်း ပြောဆို နှုတ်

ဆက်ခဲ့ရပါတော့တယ်၊ ဒီဘုရား ဖူး အဖွဲ့ထဲက ပုဂ္ဂိုလ်များက တစ်ချို့က မိမိ ရဲ့ အဘိဓမ္မာ တင်တန်းသူ ပါရှိသလို အကြိမ်များစွာ ထိုင်းအနှံ့ ဘုရားဖူး အတူတူ သွားခဲ့ကြဖူးသူတွေ ဖြစ်ကြပါတယ်၊ သူတို့နဲ့အတူ မိမိက လိုက်မ ပြ ပန်သေးမှန်း သိကြရတဲ့ အခါမှာတော့ သူတို့မှာ ပိုလျှံ ကျန် ရှိနေသေးတဲ့ ရူ ပီး ပိုက်ဆံများကို ဝိုင်းလှူကြပါကုန်တော့တယ်၊ ရူပီးငွေ ၂ သောင်း ကျော်ခန့် ရှိခဲ့ပါတယ်၊ ဒါလဲ ဒုတိယအကြိမ် ထီပေါက် ပြန်တာပဲ ဖြစ်ပါတော့တယ်၊ ဟို ခေတ်အခါတုံးက အမေရိကန် တစ်ဒေါ်လာမှာ ရူပီးငွေ ၂၀ နဲ့ ညီမျှပါတယ်၊

နယူးဒေလီ မြို့က ထိုင်းဘုန်းကြီးကျောင်းမှာ တစ်ညတာမျှ တည်းခို ခဲ့ရပါတယ်၊ ကျောင် းထိုင်ဘုန်းကြီးက မိမိကို လှိုက် လှိုက် လှဲလှဲပဲ ဧည့်ခံ ပြ ကိုဆိုခဲ့ပါတယ်၊ နောက်နေ့ကျတော့ အဲဒီကျောင်းက ဦးဇင်းတစ်ပါး ရဲ့ အကူအညီနဲ့ မိမိရဲ့ ဆရာသမားနေထိုင်ရာ ကုဋ္ဌမီနာ အသောကဝိဟာရ ေ ကျာင်းကို သွားရောက်ခဲ့ပါတယ်၊ အဲဒီအချိန်မှာ မိမိရဲ့ ဆရာသမားဖြစ်တဲ့ ဘု န်းကြီး ဦးသုန္ဒရက နယူးဒေလီ တက္ကသိုလ်မှာ ဒေါက်တာဘွဲ့အတွက် စာ တမ်း ပြုစုလို့ ပြီးစီးသွားတဲ့အချိန်နဲ့ သွားပြီးကိုက်ညီနေပါတယ်၊ ဒါကြောင့် မိမိတို့ ၂ပါး မှာ ၂ လကြာမျှ အိန္ဒိယနိုင်ငံရဲ့ ပြည်နယ် အတော်များများတွေ မှာ သွား ရောက်ပြီးဒေသန္တရဗဟုသုတများ ရယူခဲ့ကြရပါတယ်၊ ဆရာသမား ရဲ့ ကျေးဇူး ပြု ဦးဆောင်ပေးမှု ကြောင့် ခရီးစဥ်တလျှောက် လုံး သိပ်ပြီး အဆင်ပေ ပြ ချောမွေ့လှပါတယ်၊ နေ့စဥ်နဲ့အမျှ ခရီးသွားရလို့ မျက်စိပွင့် နား ပွင့် ဗဟုသုတတွေ အများကြီးရရှိနေတာ ဖြစ်လို့ စိတ်ထဲမှာကြည် နူး ရ ပျော် ခဲ့ရပါတယ်၊ မိမိကို စာပေ သင်ကြား ပေးရုံတင်မက အစစအရာရာမှာ ပံ့ပိုး

ကူညီပေးခဲ့တဲ့ ဆရာသမားရဲ့ ကျေးဇူးတော်ကို စာဖြင့်ရေးသားလို့ မကုန်နိုင်သလို စကား ဖြင့်နဲ့လဲ ပြော ပြလို့ ဆုံးနိုင်ဖွယ် မရှိပါ၊ ကျွန် မိမိရဲ့ ကျေးဇူးရှင်ဆရာသမား ဘုန်းကြီး ဦးပဝရာဘိဝံသ တပါးကတော့ နာလန္ဒာ တက္ကသိုလ်မှာ ဒေါက်တာဘွဲ့ ယူနေတဲ့အချိန် ဖြစ်ပါတယ်၊ နယ် ခြား မြေ ခြားမှာ ဆရာတပည့်တတွေ ပြန်လည်တွေ့ရတာ ဖြစ်လို့လဲ ထပ်ဆင့် ဝမ်းမြောက်ခဲ့ရပါတယ်၊

အိန္ဒိယမှာ ရောက် ရှိနေထိုင်ရတဲ့ ကာလအတောအတွင်း သမိုင်းဝင် နေရာဌာနပေါင်းမြောက်များစွာနဲ့ ပြတိုက်ပေါင်း မြောက်များစွာကို ကြည့်ရှု လေ့လာခွင့် ရရှိခဲ့ပါတယ်၊ ဗုဒ္ဓဘာသာကျောင်း, ဟိန္ဒူ ကျောင်းတွေတင်မက ခရစ်ယာန်, မူစလင်, ဂျိန်းဘာသာဝင် တို့ရဲ့ ကျောင်းကန်ဘုရားတွေကိုပါ သွားရောက်လေ့လာကြည့် ရှုခွင့် ရရှိခဲ့ပါတယ်၊ ဘဝရဲ့ အမြတ်တစ်ခု ရရှိလိုက်ရသလိုပဲ ခံစားခဲ့ရပါတယ်၊ နေ့စဥ်ဆိုသလို များသောအားဖြင့် ဘတ်စ်ကားနဲ့ တစ်မျိုး ရထားနဲ့တစ်ဖုံ အစုန်အဆန် ပြုလုပ်ပြီး နေရာအနှံ့ ခရီးဆန့်ပြီး သွားခဲ့လိုက်ရတာ မောတယ်လို့တောင် မထင်ခဲ့ပါဘူး၊လေယာဥ်နဲ့ သွားရတဲ့အခါလဲ ရှိနေပါသေးတယ်၊ နေ့စဥ်နဲ့အမျှ ထူးခြားမှုအသစ်တွေကိုသာ တွေ့တွေ့နေရပါတယ်၊ အိန္ဒိယ ဆိုတဲ့နိုင်ငံ ကလဲ သိပ်ပြီးကျယ် ပြန့်လှသကိုး၊ နှစ်ပေါင်း ထောင်နဲ့ချီပြီး စာပေ ယဥ်ကျေးမှု အနုပညာတွေ ထွန်းကားလာခဲ့တဲ့နိုင်ငံတစ်ခုပဲ မဟုတ်ပါလား၊

နယူးဒေလီကနေ ဘိုးလ်ပါလ်မြို့ ကို ရထားနဲ့ သွားရောက်ကြပြီး ဘိုးလ်ပါလ် ကနေ ဘတ်စ်ကားစီးပြီး ဆန်ချီ စေတီတော်မြတ် ကြီးကို

သွားရောက် ဖူးမြော် ခဲ့ရပါတယ် ၊ အဲဒီမှာ ပဲ တစ်နေ့ လုံး အချိန်ပေးပြီး ပရိတ် ပဋ္ဌာန်း ရွတ်ဖတ် ပူဇော် ခြင်း, တရားဘာဝနာ ပွားများအားထု တ် ခြင်း နဲ့အတူ အနာဂတ်အတွက်ပါ အဓိဋ္ဌာန် မှု ပြုလုပ်လိုက်ခဲ့ပါသေးတယ်၊ အဲဒီည မှာ အနီးအနားမှာ ရှိတဲ့ သီရိလင်္ကာ ကျောင်းမှာပဲ တည်းခိုခဲ့ရပါတယ်၊ ဖေါ်ရွေမှု အလွန် ရှိတဲ့ သံဃာတော်များကို တွေ့ခဲ့ရတော့ ဆွေဟောင်း မျိုးဟောင်း ညီနောင်တွေကို ပြန်လည်တွေ့ဆုံ လိုက်ရသလိုပဲ စိတ်ထဲမှာ ခံစားခဲ့ရပါတယ်၊ ဘုရားရှင်ရဲ့သားတော် ပီသကြပါပေတယ်၊ ကျေးဇူးတော် တင်ရှိ အမြဲတမ်း အမှတ်ရနေပေမှာ အမှန်ပါပဲ၊

အိန္ဒိယနိုင်ငံရဲ့ အနောက်ပိုင်း ဘုံဘေမြို့ကို သွားရောက်ခဲ့ကြတဲ့အခါ မှာ လူဂုဏ်တန်နဲ့ ရပ်ကွက်နဲ့ ဆင်းရဲသားများနေထိုင်ကြတဲ့ရပ်ကွက် ကို သွားရောက်ကြည့် ရှု လေ့လာမှု ပြုခဲ့ရပါတယ်၊ အတိတ်ကံရော ပစ္စုပ္ပန်ကံ ကပါ ကွာခြားကြနေတာ ဖြစ်လို့ လူနေမှု အဆင့်အတန်းကလဲ ကွာ ခြားကြ ရတော့တာပဲ၊ ဘယ်သူမ ပြု မိမိမှု အစစ်ပါပေပဲ၊ ဘုံဘေမြို့ရဲ့ အနီးအနား ပ တ်ဝန်းကျင်မှာ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်တွေ,သမိုင်းဝင် နေရာဌာနတွေ, လှိုဏ်ဂူတွေ ရှိရာကို သွားရောက်ခဲ့ကြပါတယ်၊

ဒါ့အပြင် ကမ္ဘာကျော် အာဂျဲင်ဒါ အဲရောလား ဆိုတဲ့ လှိုဏ်ဂူများ တည် ရှိရာဌာန ကိုလဲ သွားရောက်ခဲ့ပါတယ်၊ ရက်ပေါင်း များစွာ ခရီးဆန့်ခဲ့ ပြီးတဲ့ အခါမှာ တော့ လေယာဉ်နဲ့ပဲ နယူးဒေလီမြို့ကို ပြန်ပြီး အနားယူ အားမွေးခဲ့ရပါတော့တယ်၊ ခရီးလမ်းတလျှောက်မှာ မတူကွဲပြား ခြာနားမှုရှိ တဲ့ လူနေမှု အဆင့်အတန်း ,ဝတ်စားဆင်ယင်မှု, စာနဲ့ ဘာသာစကား ရှိနေကြ

တာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ တချို့သောနေရာမှာ ကားပေါ်က ခရီးသည်များဟာ အိန္ဒြေအ ပြည့်နဲ့ တိတ်ဆိတ်စွာနဲ့ လိုက်ပါသွားကြတာကို တွေ့ မြင်ခဲ့ရပါတယ်၊ တချို့သောဒေသမှာ ကျတော့ ကားပေါ်က စီးနင်းလိုက်ပါသွားကြတဲ့ ခရီးသည်တွေမှာ နားအူလောက်အောင် တလမ်းလုံး ညံလို့နေတော့တာပါပဲ၊ သူ့ ဒေသ သူ့စရိုက် သူ့အကြိုက်နဲ့ပါပဲလေ၊ အ ပြစ်မဆိုသာပါ၊

တွေ့လိုက်ရပါ ဆိုင်းဘာဘာ

နယူးဒေလီမှာ တစ်ပတ်ခန့် အနား ယူပြီးတဲ့အခါမှာတော့ ရထား နဲ့ အိန္ဒိနိုင်ငံတောင်ပိုင်း တမီလ်နာဒူ ပြည်နယ် မဒ္ဒရပ်စ် မြို့ကို သွားရောကြပါတယ်၊ ပရဟိတ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုကြပြီး ရောက်သင့်ရာရာ နေရာဌာနတွေဆီကို သွားရောက်လေ့လာ ကြည့်ရှုကြရပါတယ်၊ တဖန် ဘန်းဂလော်မြို့ မိုင်းဆိုမြို့ တွေဆီကိုလဲသွားရောက်လည်ပတ်ခဲ့ပါတယ်၊ ဒါ့အပြင် အဲဒီခေတ်အခါတုံးက ဘုန်းတန်ခိုးကြီးထွား လူသိများကတဲ့ ဆံပင်ဖွားဖွား ဆိုင်းဘာဘာ ဆိုတဲ့ ဟိန္ဒူဘုန်းကြီး နေထိုင်တဲ့ ကျောင်းကိုလဲ သွားရောက်ခဲ့ပါတယ်၊သူ့ရဲ့ တရားဟောခန်းမကြီးမှာ ပရိသတ်ပေါင်းမြောက်များစွာက ကြမ်း ပြင်ပေါ်မှာပဲ ထိုင်နေကြတာကို တွေ့ခဲ့ရပါတယ်၊ တရား ဟော ပြောမှု ပြီးဆုံးသွား တဲ့အခါမှာတော့ တူရိယာတွေ ကိုတီးမှုတ်ကပါတယ်၊ ဆိုင်းဘာဘာ ကိုယ်တိုင်က လှည့်ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်ပြီး ဗွင်းခရာ နဲ့ ပုလွေ တီးမှုတ်နေကြတဲ့ သူတို့ကို သူ့လက် နှစ်ဖက်နဲ့ သင်္ကေတပေး အချက်ပြဦးဆောင်ပေးတာကိုလဲ တွေ့ မြင်ခဲ့ရပါတယ်၊ ဗွင်းခရာ အဖွဲ့ကို ဦးဆောင်ပြီး အချက် ပြပေးနေတဲ့ စစ်သားတစ်ဦးလိုပါပဲ၊

စစ်သားကရှေ့မှာ ရပ်ပြီးအချက် ပြရတာ ဖြစ်ပေမဲ့ ဆိုင်းဘာဘာ ကတော့ လှည့်ကုလားထိုင်ပေါ်မှာပဲ ထိုင်ပြီး လှည့်ပတ်ပြီး အချက်ပေးနေတာပါ၊ ပရိသတ်များက ဝမ်းမြောက်မှု အပြည့်နဲ့ လိုက်ပြီး လက်ခုပ်တီးပေးကြပါတယ်၊ အဲဒီမှာ ထူးထူး ခြားခြား အကဲခတ် တွေ့မြင်ခဲ့ရတာက အိန္ဒိယနိုင်ငံသားတွေ ဆယ်ယောက်ဝန်းကျင်လောက်သာ တွေ့ရှိခဲ့ရပြီး ကျန် ရာပေါင်းများစွာသော ပရိသတ်တွေက အနောက်နိုင်ငံသားတွေ ချည်းပါပဲ၊ ဟောပြောပွဲနဲ့ တီးမှုတ်ပွဲ အခမ်းအနားပြီးဆုံးသွားလို့ ခန်းမဆောင်ကနေ သူနေထိုင်တဲ့ အဆောင်ဆီကို ပြန်လည် ပြီး ကြွသွားတဲ့ အခါမှာတော့ ပရိသတ်များက ပန်းကုံးကို ဆက်ကပ် လှူဒါန်းပေးနေကြတာကိုလဲ မြင်တွေ့ခဲ့ပါတယ်၊ သိပ်ပြီးနာမည်ကြီးလှသူတစ်ဦး မို့ ကိုယ်တွေ့ အနေနဲ့ သိချင်ဇောနဲ့ အခမ်းအနား အစအဆုံး ၂ နာရီ ခန့်ကြာတဲ့အထိ စောင့်ပြီးကြည့် ရှုခဲ့ရ ခြင်းပဲ ဖြစ်ပါတယ်။

လွန်စွာ ချမ်းသား နတ်ဘုရား

တစ်နေ့သောအခါမှာတော့ တောင်ပေါ်တစ်ခုပေါ်မှာ တည်ရှိနေတဲ့ တန်ခိုးအလွန် ကြီးလှတဲ့ နတ်ဘုရားပွဲတော်ကို သွားရောက်ကြည့်ရှု လေ့လာမှု ပြုခဲ့ကြပါတယ်၊ တောင်အောက်ကနေ တောင်ထိပ်အထိ သက်ဆိုင်ရာ ဘုရားလူကြီးတွေရဲ့ အစီအစဉ်နဲ့ လူပေါင်း ထောင်ချီကို ဘတ်စ်ကားကြီးတွေနဲ့ အခမဲ့ကြိုပို့လုပ်ပေးခဲ့ပါတယ်၊ တောင်ထိပ်ပေါ်မှာ အင်မတန်မှ သာယာလှပါတယ်၊ နေရာကျယ် ပြန့်မှု ရှိသလို အဆောက်အဦးတွေ ကလဲ မြောက်များစွာ ရှိလို့နေပါတယ်၊ နတ်ဘုရားကို အနီးကပ် ဖူးခွင့်ရဖို့ အရေး တန်းစီနေကြတဲ့ ပ

ရိသတ်က ထောင်ချီ ရှိလို့နေပါတယ်၊ နောက်ထပ် အထူးလိုင်းတစ်ခုလဲ ဖွင့်ပေးထားပါတယ်၊ အထူးလိုင်းဆိုတာက တစ်ယောက်ကို ၂၅ ရှူးပီ ပေးပြီး တန်းစီရတဲ့လိုင်းပါ၊ မိမိတို့က အကြာကြီး မစောင့်ရလေအောင် အပိုပိုက်ဆံပေးပြီး အဲဒီအထူးလိုင်းမှာ ဝင်ရောက်ပြီး တန်းစီခဲ့ရပါတယ်၊ ဒါတောင်မှပဲ ၂ နာရီခန့်ကြာ အောင် စောင့်ဆိုင်း တန်းစီ ပြီး နေလိုက်ရပါသေးတယ်၊ နတ်ဘုရားရုပ်ထု က ခပ်မှောင်မှောင် အခန်းထဲ မှာ ရှိနေပါတယ်၊ အဲဒီနတ်ဘုရား ရှေ့မှာက်မှာ တစ်ခဏမျှတာလေးလောက်ပဲ ဖူးခွင့် ပြုပြီး သက်ဆိုင်ရာပုဂ္ဂိုလ်တွေက လက်နဲ့အတင်းတွန်းထိုးပြီး သွားစေခိုင်းပါတော့တယ်၊အဲဒါမှပဲ နောက်မှာ စောင့်ဆိုင်းတန်းစီနေကြရတဲ့ ထောင်ချီ ပုဂ္ဂိုလ်တွေအတွက် အဆင်ပြေတော့မှာကိုး၊

အဲဒီကနောက်မှာတော့ အလှူခံဌာနကို သွားပြီး ကြည့် ရှုခဲ့ပါတယ်၊ အလှူငွေတွေ ကို ပုံးထဲမှာ ထည့်ထားတာ မဟုတ်တော့ဘဲ ဂုံနီအိတ် ကြီးတွေထဲမှာ ထည့်လှူ နေကြတာကို မြင်တွေ့ခဲ့ပါတယ်၊ ပိုက်ဆံရေတွက်သူ လူပေါင်းဆယ်ယောက်ဝန်းကျင်ကလဲ လက်မလည်နိုင်အောင်ပဲ အလှူငွေတွေကို ရေတွက် အလုပ်များနေခဲ့ကြပါတယ်၊ ဆင်းရဲတဲ့ ဒေသမှာ နေထိုင်ကြရတဲ့ တစ်ချို့သောသူတွေအဖို့ ပိုက်ဆံမွဲပြာ ကံခေခဲ့ကြတာကို မြင်တွေ့လာခဲ့ပေမဲ့ ဒီနေရာ ဒီဒေသ ဒီဌာနမှာကျတော့ အလှူတွေ အများကြီးပေးလှူနိုင်ကြတာကိုကြည့်ပြီး ပီတိတဖွားဖွား မုဒိတာ ပွားခဲ့ရတာ အမှန်ပါပဲ၊ ရွှေတိဂုံ ဘုရားက အတိုင်းပါပဲလားလို့ အောက်မေ့မိပါတယ်၊ အလှူရှင်များ ချမ်းသာ ကြီးပွား တိုးတက်ကြပါစေလို့ လဲ မေတ္တာပွားမိခဲ့ပါသေးတယ်၊

ဘာသာပေါင်းစုံလှ   တောင်ပိုင်းအိန္ဒိယ

အိန္ဒိယနိုင်ငံရဲ့ တောင်ဖက်ပိုင်းကို လာရောက်လေ့လာကြည့် ရှုတဲ့ အခါမှာ ဘာသာပေါင်းစုံ ကိုးကွယ်ဆည်းကပ်နေကြတာကို သိရပါတယ်၊ မြန်မာ ပြည် ပြန် ပုဂ္ဂိုလ်တွေ ၂သိန်းကျော်ခန့် ရှိကြောင်းလဲ သိရပါတယ်၊ ဘတ်စ်ကားပေါ် သူတို့တတွေ မြန်မာစကား ပြောကြတာကိုကြားရတော့ အမျိုးတွေနဲ့ ပြန်တွေ့ရသလို ခံစားခဲ့ရပါတယ်၊ သူတို့အိမ်မှာ ပင့်ပြီး ဆွမ်းကပ်တာ ရှိသလို သူတို့ရဲ့ ဈေးတန်းရှိရာဆီကိုလဲ ခေါ်ပြီး ပြကြပါသေးတယ်၊ မြန်မာဈေးလို့ပဲ ခေါ်ကြကြောင်း ပြော ပြကြပါတယ်၊ သူတို့ကို တွေ့လိုက်ရတာ ဒို့မှာ ဝမ်းသာရသလို သူတို့ခမျာ မှာလဲ သိပ်ပြီးဝမ်းသာကြပုံရပါတယ်၊မွေးရာတူ တစ်နိုင်ငံတည်းဖွား နိုင်ငံသားချင်းတွေပဲ မဟုတ်ပါလား၊ မကြာသေးမီကပဲ နှစ်သစ်ကူး သင်္ကြန်ပွဲ ပြုလုပ်ခဲ့ကြကြောင်းလဲ ပြောပြရှာကြပါတယ်၊ မြန်မာ ပြည်မှာ မွေးဖွားကြီးပြင်းလာကြသူတွေ ဖြစ်လို့ မြန်မာစိတ်နဲ့ပဲ နေထိုင်နေကြရပုံ ရှိပါတယ်၊ တစ်ချို့သော မြို့နယ် ဒေသတွေမှာ ဗလီကျောင်းတွေ, ခရစ်ယာန်ကျောင်းတွေ ,ဂျိန်းဘာသာ ဘုရားကျောင်းတွေ ,ဟိန္ဒူ ကျောင်းကြီးတွေ ,အိန္ဒိယ တိုင်းရင်းသား လူနည်းစုတစ်ချို့ရဲ့ ဗုဒ္ဓဘာသာကျောင်းနဲ့ မဟာဗောဓိ အသင်းရဲ့ကျောင်းတွေ ရှိရာကိုလဲ သွားရောက်လေ့လာ တည်းခိုမှု ပြုခဲ့ ရတာလဲ ရှိပါတယ်၊

တစ်နေ့မှာတော့ အရင်တုံးက ပေါ်တူဂီပိုင် ပြင်သစ်ပိုင် ဖြစ်ခဲ့ဖူးတဲ့ ပင်လယ်ကမ်းခြေမြို့ ရှိရာကိုလဲ သွားရောက်လည်ပတ်ပြီး အဲဒီမြို့မှာ တည်းခိုခဲ့ကြပါတယ်၊ ကမ္ဘာလှည့် ခရီးသည်တွေ နဲ့ ပြည့် နှက်နေတာကိုလဲ မြင်တွေ့ခဲ့ရပါတယ်၊ အဲဒီကနေ ပြီးတော့ ထရီချီဆိုတဲ့မြို့ကို သွားခဲ့ကြပါတယ်၊ အဲဒီမြို့မှာ မြန်မာပြည်ပြန် တွေ အများဆုံးနေထိုင်ကြတဲ့မြို့တစ်မြို့ပါပဲ၊ လေဆိပ်အနီးမှာ မြန်မာကိုလိုရပ်ကွက် လို့ အမည်ရတဲ့ နေရာကို သွားရောက်ခဲ့ပြီး ဖျာပုံဇာတိဖွား မိသားစုတို့နေအိမ်ကို ဝင်တွေ့ခဲ့ရပါတယ်၊ အဲဒီမြို့ရဲ့ ပတ်ဝန်းကျင် အနီးအနား တဝိုက်မှာ လှည့်ပတ်ကြည့် ရှု ခဲ့ရပါသေးတယ်။

## ပညာဆည်းပူးရန် စိတ်အကြံ

ထိုင်းဘုရားဖူးအဖွဲ့ စုပေါင်းပြီးလှူဒါန်းထားတဲ့ ဝတ္ထုငွေတွေကို အကျိုးရှိရှိ အသုံးချဖို့ စိတ်ကူးရလာပါတယ်၊ အိန္ဒိယနိုင်ငံ နဲ့ သီရိလင်္ကာနိုင်ငံမှာ ပညာသင်ကြားရေးအခြေအနေကို လေ့လာ နှိုင်းယှဉ်ကြည့်ချင်စိတ် ရှိတာနဲ့ ထရီချီမြို့ကနေ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ကို လေယာဉ်နဲ့ တစ်ပါးတည်းကြွခဲ့ပါတယ် ၊ မိမိမှာ လွယ်အိတ်လေး တစ်လုံး မျှသာ ပါရှိတာ ဖြစ်လို့ ကိုလံဘိုလေဆိပ်ကနေ မြို့ထဲကို ဘတ်စ်ကားနဲ့ပဲ သွားရောက်ခဲ့ပါတယ်၊ ကျောင်းနဲ့အနီးဆုံးလို့ ထင်ရတဲ့ ကားမှတ်တိုင်ကနေ ဆင်းပြီး မြန်မာဘုန်းကြီး ကျောင်း ရှိရာကို ခြေလျင်နဲ့ပဲ သွားရောက်ခဲ့ရပါတယ်၊ သီရိလင်္ကာနိုင်ငံ မှာ တစ်ပတ်လောက်နေထိုင်ခဲ့ပြီး ပညာသင်ကြားရေးကိစ္စကို အဓိကထား လေ့လာစူးစမ်းမှု ပြုခဲ့ပါတယ်၊ ပညာသင်ကြားရေး စရိတ် သိပ်ပြ

ကီး မများလှကြောင်းနဲ့ ဗီဇာကိစ္စ သက်တမ်းတိုးဖို့လဲ လွယ်ကူ ကြောင်း သိရှိခဲ့ရပါတယ်၊ အခ ခြေအနေ အရပ်ရပ်ကို ဝေဖန်သုံးသပ်ဆင်ခြင်ပြီး မိမိဆီမှာ ရှိထားတဲ့ ဝတ္ထုငွေ အတိုင်းအတာပမာဏလေး နဲ့ နှိုင်းယှဉ်ကြည့်ပြီး အဲဒီ ကို လံဘိုမြို့တော် ကြီးမှာ ပညာဆည်းပူး သင်ယူဖို့ စိတ်ကို ဆုံး ဖြတ်လိုက်မိပါတယ်၊ ထိုင်းဘုရားဖူးအဖွဲ့တို့ရဲ့ အလှူ ကုသိုလ်အားကို အခြေခံ ပြုပြီး ပညာသင်ကြားဖို့ စိတ်ကူးအကြံ လမ်းစလေး ပေါ်လာရတာပဲ ဖြစ်ပါတယ်၊ အလှူရှင်တို့တတွေ ပညာပါရမီ ဖြည့်ဆည်းပူးရာလဲရောက်လို့မို့ လောကုတ္တရာ မဂ်ပညာတွေ ရရှိနိုင်ကြပါစေလို့ ဒီနေရာကနေ ပတ္ထနာဆု ပြုလိုက်ပါရစေ၊

သီရိလင်္ကာကနေ အပြန်မှာတော့ ကိုလံဘိုကနေ ထရီချီမြို့ကို လေယာဉ်နဲ့ ပြန်လာခဲ့ပြီး ထိုမှတစ်ဆင့် မဒ္ဒရပ်စ် , နယူးဒေလီ သို့ ရထားနဲ့ ပြန်လည်ဆန်တက်ခဲ့ရပါတော့တယ်၊ အိန္ဒိယ မြောက်ပိုင်းမှာ ရှိတဲ့ ရွှေကျောင်းတော် ရှိရာကို သွားရောက်လည်ပတ်ဖို့ အစီအစဉ် ရှိခဲ့ပေမဲ့ နယ်မြေ မအေးချမ်းမှု ကြောင့် ခရီးစဉ်ကို ဖြတ် ခဲ့လိုက်ပါတယ်၊ ဆရာသမား ဖြစ်သူ ဘုန်းကြီး ဦးသုန္ဒရ ရဲ့ ကျေးဇူးတော် ကြောင့် ချောမွေ့အောင် မြင် အဆင်ပြေခဲ့တဲ့ ခရီး ရှည် ကြီးတစ်ခုကို ခြေဆန့်ခဲ့ရ ခြင်းပဲ ဖြစ်ပါပေတော့တယ်၊ စိတ်ထဲမှာ မေ့မရနိုင်လောက်အောင် တစ်သက်လုံး စွဲမှတ် ကျန်ရစ် တည်ရှိပြီးနေပါပေလိမ့်မယ်။

ထိုင်းဝင် ဗီဇာကိစ္စ လုပ်ရပြန်ပြီ

အိန္ဒိယမှာ ၂ လ ခန့်လောက်လည်ပတ်နေထိုင်ပြီးတဲ့နောက်မှာတော့ ထိုင်းကို ပြန်ရပါတော့မယ်၊ မိတ်ဆွေ ဘုန်းကြီး အာကျန်နိုကွန်ရဲ့ကြိုတင် ချိတ်ဆက် မိတ်ဆက် ပေးခဲ့တဲ့အတိုင်း ဗီဇာကိစ္စအတွက် နယူးဒေလီမှာ ရှိတဲ့ ထိုင်းသံရုံး ကို သွားခဲ့ရပါတယ်၊ သံအမတ် ကြီး ကိုယ်တိုင်ကပဲ ရှောရှော ရှူရှူနဲ့ ထိုင်းဗီဇာကို ထုတ်ပေးခဲ့လိုက်ပါတယ်၊ သံအမတ် ကြီးမှာ အင်မတန်မှစိတ်ကောင်း နှလုံး ကောင်းရှိရှာတဲ့ အမျိုးသမီးသံအမတ်ကြီး တစ်ယောက်ပါပေပဲ၊ သူ့ဂုဏ် သူ့ ဒြပ် နဲ့ ဟပ်မိပါပေတယ်၊ကြီးပွား ချမ်းသာပါစေလို့ မေတ္တာ ပွားပေးခဲ့ရပါတယ်။

## ထိုင်းသို့တစ်ဖန် တစ်ခေါက် ပြန်

ဗီဇာ ၃ လ ရရှိခဲ့ပြီမို့ ထိုင်းကိုတစ်ခေါက် တပ်ခေါက် ပြန်လိုက်ရ ပြန်ပါပြီ၊ ထိုင်းစကားကိုလဲ မိခင်ဘာသာလောက်နီးနီး ပြောတတ် ရေးတတ်ခဲ့ပြီမို့ ထိုင်းလူမျိုးတွေနဲ့ ပြောဆိုဆက်ဆံရတဲ့အခါမှာ များစွာမှ အဆင်ပြေလို့နေပါပြီ ၊ဘာသာစကားရဲ့တန်ဖိုးကို သိရှိလိုက်ရပါပြီ၊ သူ့နိုင်ငံမှာနေရင် သူ့ဘာသာစကားနဲ့ စာကို သိထားပါမှ ပိုပြီး အကျိုး ဖြစ်ဖွယ်ရှိပါတယ်၊ မိမိတို့ မိခင်ဘာသာ ဖြင့် နှစ်ပေါင်းများစွာ သင်ကြားတတ်မြောက်ထားခဲ့တဲ့ ပညာရပ်ကို တစ်ဆင့်ဝေငှ ပြောပြနိုင်ဖို့အတွက် ဘာသာစကားဟာ အဓိကနေရာမှာ ရှိနေပါတယ်၊ မိမိ ထိုင်းကို ပြန်လည်ရောက်ရှိ သွားတဲ့အခါမှာ စိတ်ကူးတစ်ခု ရရှိခဲ့ပါတယ်၊ သီရိလင်္ကာနိုင်ငံကို သွားရောက်ပြီး ပညာသင် ကြားရတော့မှာ ဖြစ်လို့ အထောက်အကူ ဖြစ်အောင်အင်္ဂလိပ် စကားပြော

သင်တန်းတစ်ခု တက်ရောက်သင်ကြားဖို့ စီစဥ်ရပါတော့တယ်၊ ထိုင်း သတင်းစာထဲက ကြော် ငြာစာတစ်ခုကို တွေ့လိုက်ရပါတယ်၊ နှစ်ပေါင်း ၂၀ ခန့်မျှ အင်္ဂလိပ်စာနဲ့ စကားကို သင်ကြားပို့ချပေးနေတဲ့ ကျူရှင်ဆရာမကြီး ရဲ့ ဖုံ းနံပါတ်ကို ရရှိလိုက်ပါတယ်၊ ဝမ်းမြောက်စွာနဲ့ပဲ ချက် ချင်းဆိုသလို ဖုံးဆက်လိုက်ပါတော့တယ်၊ ကျူရှင်တက်ရမဲ့နေ့ ရက်, အချိန်, ဈေး နှုန်း တို့ကို သဘောတူ အတည်ပြု သတ်မှတ် ပြောဆို ခဲ့ကြပါတယ်၊ ဆရာမကြီးက မိမိကို ထိုင်းအမျိုးသားတစ်ယောက် လို့ပဲ ထင်ခဲ့ပါတယ်၊ မိမိမှာလဲ သူရဲ့လေသံကို နားထောင်ကြည့်ရတာ အနောက်နိုင်ငံသူ တစ်ယောက်လို့ပဲ အောက်မေ့မိခဲ့ပါတယ်၊နောက်ဆုံး ဖုံးချခါနီးကျမှ ဆရာမကြီးက ဘာပြောလာသလဲဆိုတော့ သူ့အနေနဲ့ ထိုင်းလို ကောင်းကောင်း မပြော တတ်တာကို ခွင့်လွှတ်ပါတဲ့၊ အခွင့်ကြုံတာနဲ့ သူ့မရဲ့ မူရင်းနိုင်ငံ ကို မေးမိလိုက်ရပါတော့တယ်၊ သူက မြန် မာနိုင်ငံကပါတဲ့၊ ထိုင်းကိုရောက် လာတာ နှစ်ပေါင်း ၂၀ ကျော်ပါပြီတဲ့၊ မိမိနားကို မယုံနိုင်လောက်အောင်ပါပဲ၊ သိပ်လဲဝမ်းသာလိုက်ရပါတယ်၊ မိမိမှာ ဘုန်းကြီးတစ်ပါး ဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်၊ သူမက သံလျင်မြို့သူတစ်ယောက် ဖြစ်ကြောင်းနဲ့ ခရစ်ယာန်ဘာသာဝင် တစ်ယောက် ဖြစ်ကြောင်းကိုလဲ သိခဲ့ရပါတယ်၊ အိန္ဒိယ ကုလား ဖြူလူမျိုး ဖြစ်ကြောင်း နောက်မှ သိ မြင်လိုက်ရပါတော့တယ်၊ ဘဝရဲ့ ပဋ္ဌာန်းဆက်တွေကတော့ ဖြင့်သိပ်ကို ဆန်းကြယ်လှပါတယ်။

သတ်မှတ်ထားတဲ့ နေ့ရက် အတိုင်း ဆရာမကြီးနေတဲ့ ကွန်ဒို မှာ နှစ်လ ခန့်မျှ သွားရောက်ပြီး စကားပြောသင်တန်း တက်ရောက်ခဲ့ပါတယ်၊

ကျူရှင်ခ ပေးစရာမလိုဘူးလို့ ဆရာမကြီးက ပြောလာပေမဲ့ အလိုက်သိစွာ နဲ့ပဲ ပေး ဖြစ်အောင် ပေးခဲ့လိုက်ပါတယ်၊ မိခင်အိုကြီးကို လုပ်ကျွေးနေရတဲ့ သူ တစ်ယောက်မို့ပဲ မဟုတ်ပါလား၊ မိမိတည်းခိုတဲ့နေရာနဲ့ ဆရာမကြီးနေတဲ့ ကွန်ဒိုဟာ ဘတ်စ်ကားနဲ့ဆို ၁၀ မိနစ်လောက်သာ ကြာပါတယ်၊ အသက်၆၀ နီးပါးခန့် ရှိနေ ပြီ ဖြစ်တဲ့ ဆရာမကြီးမှာ အသက်၈၀ ခန့်ရှိ ဗုဒ္ဓဘာသာဝင် မိခ င် ကြီးနဲ့ အတူနေထိုင်ခဲ့ကြတာပါ၊ဆရာမကြီးမှာ မိခင်ကို လုပ်ကျွေးနေတဲ့စိ တ် နှလုံးကောင်း ရှိရှာတဲ့ ကျေးဇူးသိတတ် သမီး မြတ်ရတနာ တစ်ဦးပါပေပဲ၊ သင်တန်းပြီးစီးသွားတဲ့အခါတိုင်း ဗုဒ္ဓ ဘာသာဝင် တစ်ယောက် ဖြစ်တဲ့ ဆရာမရဲ့အမေကြီးနဲ့ တရားစကား ‌ေ ပြာ ပြဖြစ်ပါသေးတယ်၊ သမီး ဖြစ်သူ လဲ သဘောကျ နှစ်သက်မိသလို မိခင် ဖြစ်သူမှာလဲတော်တော်လေး ဝမ်း သာခဲ့ပုံရပါတယ်၊ မိမိမှာ ဗီဇာသက်တမ်းကလဲ ကုန်ခါနီးနေပြန်ပါ ပြီ၊ ထိုင်း ကနေ ထွက်ရပါတော့မယ်။

## အချိန်ကိုက် အထောက်အပံ့ရလိုက်ပြီ

အဲဒီအချိန်မှာ ဩစတေးလျ နိုင်ငံ ဆရာမကြီး ဒေါ်မြသွင်ရဲ့ ရိပ် သာကျောင်း မှာ ဒုလ္လဘရဟန်းခံပြီး တရာအားထုတ်ကြတဲ့နိုင်ငံ ခြားသား‌ေ တွကို ပံ့ပိုး ကူ ညီပေးဖို့ မိမိနေထိုင်ခဲ့တဲ ရန်ကုန်ကျောင်းက ဆရာတော် ၂ ကီး ၅ပါးကြွပေးခဲ့ရပါတယ်၊ သူတို့ရဲ့ အ ပြန် ခရီးမှာ ဘန်ဘောက်မြို့ကို ‌ေ ရာက် ရှိလာကြပါတယ်၊ မိမိမှာလဲ ဆရာသမားတွေကို ကျေးဇူးဆပ်ခွင့်ကြုံ ကိုက်ခဲ့လို့ သိပ်ကို ဝမ်းသာရပါတယ်၊ ဆရာတော်ဘုရား များကို ဘန်ကော

က်မြို့ အနှံ့နဲ့ ထိုင်းနိုင်ငံ မြောက်ပိုင်း ဇင်းမယ်, လန်းပန်း စတဲ့မြို့တွေဆီကို လိုက်ပါ ပို့ဆောင် ပေးခဲ့ရပါတယ်၊ဆရာတော် ကြီးတို့ မြန်မာပြည်အပြန်ခရီးမှာ မိမိ တည်းခိုနေထိုင်ခဲ့တဲ့ နေရာမှာပဲ ဆွမ်းကွမ်း ကပ်လှူခွင့် ရရှိခဲ့ပါတယ်၊နယ်ခြား မြေခြားမှာ ရောက်ရှိနေတုံး ကြုံတောင့်ကြုံခဲ ဆရာတော်များကို ဆွမ်းကပ်ခွင့် ရရှိတဲ့အတွက် အလွန်တရာမှ ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတော့တယ်၊ ဆရာတော်ကြီး နဲ့ ကျန် ဘုန်းကြီး ၄ပါးတို့က မိမိရဲ့ ပညာရေးစရိတ်အတွက် တစ်ပါးလျှင် ဒေါ်လာ ၅၀ စီ ချီး မြင့်ပေးခဲ့ကြပါတယ်၊ ကျူရှင်သွားတက်တဲ့ တိုက်ခန်း အပေါ်ထပ်မှာ နေထိုင်တဲ့ ကိုတင် မင်းဆွေ လဲ ဒေါ်လာ တစ်ရာ လှူ ဒါန်းခဲ့ပါတယ်၊ လိုအပ်နေတဲ့အချိန်မှာ အထောက်အပံ့တွေ ရရှိခဲ့လို့ လွန်စွာမှ ကျေးဇူး များလှပါတယ်၊ မိတ်ဆွေ ဘုန်းကြီး အာကျန်နိကွန်ကလဲ ကိုလံဘို သွား လေယာဥ်လက်မှတ်ဖိုးအတွက် တစ်ချို့တစ်ဝက် စိုက်ထုတ်ပေးခဲ့ပါတယ်၊ သီရိလင်္ကာ သွားဖို့ လေယာဥ်လက်မှတ်လဲ ဝယ်ယူပြီးပါပြီ၊ သီရိလင်္ကာ သံရုံးမှ ဗီဇာလဲ ယူထားပြီး ဖြစ်လို့ မိမိ ဝါဆိုခဲ့တဲ့ ကျောင်းက ဆရာတော် ကြီးကို သွားရောက်ပြီး ဖူးမြော်ကန်တော့ နှုတ်ခွန်းဆက်ဖို့ သွားခဲ့ပါတယ်၊ ဆရာတော် ကြီး သီတင်းသုံးရာ နှစ်ထပ် ကျောင်းဆောင်လေးမှာ မိမိတို့ နှစ်ပါးသာ ဝါဆိုခဲ့ နေထိုင်ခဲ့ပါတယ်၊ ဆရာတော် ကြီးရဲ့ အိပ်ခန်းထဲမှာ ဝင်ရောက်ပြီး ဖူးမြော် ကန်တော့ခဲ့ပါတယ်၊ မိမိအနေနဲ့ ဘာကိုမှ မလျှောက်ထားရခင်မှာပဲ ဆရာတော် ကြီးက ဘာအမိန့်ရှိလာသလဲဆိုတော့ အခု ကိုယ်တော့်မှာ ထိုင်းစကားလဲ အတော်တတ်နေပြီ၊ ဒါကြောင့်မို့လို့ ဒီဝါတွင်းမှာ သံဃာတော်များကို အဘိဓမ္မာစာချကထိကတစ်ပါး အနေနဲ့ တာဝ

န်ပေးအပ်ချင်ပါတယ်၊ ဒီတာဝန် ကို လက်ခံပေးစေချင်ပါတယ်၊ ကိုယ်တော့် အတွက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပေးမဲ့ ဒကာမကြီးတစ်ယောက် ကိုလဲ ဆင်ခြင်စဥ်းစား စိတ်ကူးထားတာလဲ ရှိပါတယ်တဲ့၊ ဆရာတော် ကြီးရဲ့ ပြောစကားတွေကို ဆုံးသည့်တိုင်အောင် နားထောင်ပြီးတဲ့အခါမှာ ဝမ်းနည်း မှုကြီးစွာ အားနာမှု အ ပြည့်နဲ့ပဲ ခံစားမိရပါတော့တယ်၊ မိမိကို ပထမဦးဆုံး နိုင်ငံခြား ခရီးလမ်းစပွင့်အောင် ဖွင့်ပေးလိုက်တဲ့ ကျေးဇူးရှင် ဆရာတော် ဘုရား ကြီးရဲ့ ဆန္ဒကို ပြည့်ဝအောင် မဖေါ်ဆောင်ပေး နိုင်တဲ့အတွက် များ စွာမှ စိတ်မကောင်း ဖြစ်ရ အားနာလှပါတယ်၊ မိမိရဲ့ အင ဖြေစကားကို ကြား လိုနေတဲ့ ဆရာတော် ကြီးရဲ့ အမူအယာ မျက် နှာအနေအထားကြည့်ပြီး မိမိ မှာ တစ်ခဏတာမျှ အပြောမထွက် မှင်သက်ပြီးနေခဲ့ရပါတော့တယ်၊ နောက် တစ်အောင့်လောက်ကြာမှ သီရိလင်္ကာနိုင်ငံမှာ ပညာဆက်လက်သင်ကြား လိုသေးကြောင်း, နောက်တစ်ပတ်မှာ သွားရတော့မှာ ဖြစ်လို့ ကျေးဇူး ရှင်ဆ ရာတော်ဘုရားကို ခြေတော်ဦးခိုက် လာရောက် ကန်တော့ရတာ ဖြစ်ကြောင်း, အ ပြစ် ကြီးငယ် ရှိက ဘုရားတပည့်တော်အား ခွင့်လွှတ်ပေးပါရန် လျှောက် ထားတောင်းပန် ကြောင်းစသ ဖြင့် မိမိစိတ်ကို အားတင်းကာ အရဲစွန့်ပြီး လျှောက်လိုက်ရပါတော့တယ်၊ မိမိရဲ့ အင ဖြေကိုကြားရတော့ ဆရာတော် ကြီး မှာ ချက်ချင်းဆိုသလို မျက်စိမျက် နှာ ပျက်သွားတာကို တွေ့ မြင်ရတဲ့မိမိ အဖို့ အတော့်ကို စိတ်မကောင်း ကြီး ဖြစ်ခဲ့ရပါတယ်၊ဆရာတော် ကြီးက သူ သီတင်းသုံးနေတဲ့ စံကျောင်းမှ မိမိကို အတူထား သူ့ရဲ့ ဆွမ်းစားပွဲမှာ မိမိ ကိုနေရာပေး ထိုင်စေတာ ကစ ပြီး မေတ္တာထားခဲ့ ပါတယ်၊ သူ့ကျောင်းကို ေ

ရာက်ပြီးမ ကြာခင်မှာပဲ  ထိုင်းသာသနာဝင်မှတ်တမ်းစာအုပ်ရ ရှိအောင်လဲ ကူညီလုပ်ဆောင်ပေးခဲ့တဲ့  မေတ္တာရှင် ကျေးဇူးတော် ရှင် ကြီးတစ်ပါးပါပေ ပဲ၊နိုင်ငံရပ် ခြား  ကမ္ဘာအ နှံ့  သာသနာ ပြုခွင့်ရအောင် နိုင်ငံ ရပ် ခြား  ရွှေတံ ခါးကြီး ဖွင့်ပေးခဲ့တဲ့ ဆရာတော် ကြီးရဲ့ ကျေးဇူးတော် မေတ္တာတော် ကြီးကို ဘဝနောက်ဆုံး ဝင်သက်ချုပ်ဆုံးသွားတဲ့အချိန်အထိ အစဥ်အမြဲ  အမှတ်ရ တမ်းတအောက်မေ့ လျက် ရှိနေပေလိမ့်မှာ  အမှန်ပါပဲ၊ ဘဝနတ်နန်း စံ မြန်းေ တာ်မူပြီး ဖြစ်တဲ့ ဆရာတော်ဘုရား ကြီး  ရောက်လေရာဘုံဘဝမှာ သာသနာ အကျိုး ဆတက်ထမ်းပိုး ပြုလုပ်အားထုတ်နိုင်ပြီးတော့ကာ ဓမ္မပန်းတိုင်ကိုလဲ လှမ်းကိုင်ဆွတ်ခူးနိုင်ပါစေ အနန္တ  ကျေးဇူးတော်ရှင်  ဆရာတော်ဘုရားကြီးေ ရ---။

ဘုရားမ,လို့သာ    ဒုက္ခမဖြစ်တာ

ပညာရေးကိစ္စ စူးစမ်းမှုပြုလိုလို့    သီရိလင်္ကာနိုင်ငံ  ကိုလံဘိုမြို့ကို ေ ရာက်သွားခဲ့စဥ်က မဟာကုဋ္ဌာရာမ ဆိုတဲ့ မြန်မာကျောင်းမှာ  နေထိုင်ပြီး ေ ကျာင်းတက်ခဲ့တဲ့ ထိုင်းပေါက်  မွန် နွယ်ဖွား စိုင်းဆနန် ဆိုတဲ့ ကျောင်းသားတ စ်ယောက်ရှိနေပါတယ်၊  သူ့ရဲ့ ဇာတိရွာက  မိမိဝါဆိုခဲ့တဲ့ မြို့နယ်ထဲက  ရွာ ြ ကီးတစ်ရွာမှာပါ၊  မိမိရဲ့ စေတနာက   သူ့ရဲ့မိဘများ   သူတို့သားဆီကို  ပါးချ င်တာ ပါးလို့ရအောင် ဆိုပြီး သွားတွေ့ဖို့ ဖြစ်ပါတယ်၊ မိမိဝါဆိုခဲ့တဲ့ ကျောင်း ကနေပြီးတော့ မော်တော်ဆိုင်ကယ် ငှါးပြီးသွားခဲ့ရပါတယ်၊  နောက်တစ်ခါ ေ လှနဲ့ တစ်ဖက်ကမ်း ကို ကူးရပြန်ပါတယ်၊ ဒါပေမဲ့လို့ စိုင်းဆနန်ရဲ့ မိဘနဲ့ မေ

တွ့လိုက်ရဘဲ ကျောင်းက ဆရာတော် ကြီးနဲ့ပဲ တွေ့လိုက်ရပါတယ်၊ မွန် ဆရာတော်ပါပဲ၊ အဲဒီနား တဝိုက်က မွန်လူမျိုးတွေ နေထိုင်ကြတဲ့ဒေသ ဖြစ်ပါတယ်၊ များသောအား ဖြင့်က ပင်လယ်ဝနား ဖြစ်နေလို့ ရေလုပ်ငန်း လုပ်ကြတာကပဲ များပါတယ်၊

အဲ ဒီကျောင်းကနေ ပြီး နောက်ထပ် ရွာကျောင်း တစ်ကျောင်းဆီကို သွားဖို့အတွက် အဖော်ရနိုင်မလားလို့ လျှောက်ကြည့်ပါတယ်၊ လိုက်ပါပို့ဆောင်မဲ့သူ ရှာမရဘူး ၊ ဒါပေမဲ့ ဟိုဖက်ကမ်းကို ကူးပြီး အဲဒီကနေ လမ်းလျှောက်သွားရင် သိပ်မကြာပါဘူး သွားရောက်လိုတဲ့ကျောင်းကို ရောက် ရှိသွားမှာပါလို့ အားပေးစကားပြောလိုက်ရှာပါတယ်၊ အချိန်က ညနေ ၅နာရီ ကျော်ကျော်လောက် ရှိနေပါပြီ၊

ဆရာတော် ပြောတဲ့အတိုင်းပါပဲ ဟိုဖက်ကမ်းကို ကူးဖို့ လှေဆိပ်မှာ သွားပြီးစောင့်နေရပါတယ်၊ ဖြစ်ချင်တော့ လှေက တော်တော်နဲ့ ရောက်မလာသေးပါ၊ လှေရောက်လာတာနဲ့ ဟိုဘက်ကမ်းကို ပို့ခိုင်းလိုက်ရပါတယ်၊ ဟိုဘက်ကမ်း လဲရောက်ရော မိုးချုပ်စ ပြုနေပါ ပြီ၊ တစ်ခါဖူးမှ မရောက်ဖူးတဲ့နေရာ ဘယ်လောက်ဝေးမှန်းလဲ မသိရတဲ့နေရာမို့ ခြေလှမ်းခပ်သုတ်သုတ်နဲ့ပဲ ဒုန်းစိုင်းသွားလိုက်ရပါတော့တယ်၊ လမ်းရဲ့ နှစ်ဖက် နှစ်ချက်မှာ သစ်ပင်တန်းကြီးတွေ က အုပ်စိုင်းလို့ ရှိနေပါတယ်၊ နာရီဝက်လောက်ကြာတော့ မိုးကလဲ ချုပ်သွားပါလေ ပြီ၊လက် နှိပ် ဓါတ်မီးကလဲမပါ တစ်ပါးတည်းလဲ ဖြစ်ပြန်တော့ ဘယ်လိုခရီးဆက်ရမှန်း မသိတော့ပါ၊ ကိုယ့်ကိုယ်ကိုတောင် ဒါများက အိပ်မက်များပဲ ဖြစ်နေရော့သလားလို့တောင် တွေးမိလိုက်ပါသေးတယ်၊ ကံကော

င်းထောက်လို့ပဲ ဆိုရပါ့မယ်၊ အဲဒီ ကမ်းနားက ခြံတစ်ခုတွေ့ ရှိခဲ့ပါတယ်၊ တဲလေးထဲမှာ မီးခွက်လေး ထွန်းထားတာ မြင်ရလို့ ဘယ်သူမှန်းတောင် မသိရသေးလဲ အားကိုးတကြီးနဲ့ သွားတွေ့ခဲ့ရပါတယ်၊ လင်မယား နှစ်ယောက် ညနေစာထမင်း စားသုံးနေခဲ့ ကြပါတယ်၊ မိမိကို မြင်လိုက်ရတော့ သူတို့မှာ အကြီးအကျယ် အံ့ အားမိခဲ့သွားပါတယ်၊ သူတို့ရဲ့ ပြော ပြချက်အရဆိုရင် အဲဒီ သွားမဲ့ကျောင်းကို ရောက်ရှိဖို့ နောက်ထပ် နာရီဝက်လောက် လမ်းလျှောက်သွားမှ ရောက်မှာပါတဲ့၊ ဒါနဲ့ ဒကာကြီးက ကမ်းနားဖက်ဆီကို ခေါ်သွား ပြီး ဟိုတစ်ဖက်ကမ်းမှာ ရှိတဲ့ လူတွေကို လှမ်းအော်ခေါ်ပြီး လှေတစ်စီးလိုအပ်ကြောင်း၊ ဘုန်းကြီးတစ်ပါးကို ကျောင်းသို့ပို့ပေးစေလိုကြောင်း အကူအညီတောင်းခံခဲ့ပါတယ်၊ ၁၀ မိနစ်လောက်ကြာတော့ လှေတစ်စီး ရောက်လာ ပြီး သွားလိုတဲ့ကျောင်းကို ပို့ပေးခဲ့ပါတယ်၊ သူတို့အားလုံးကို ကျေးဇူးတင်လိုက်ရတာ၊ တစ်ပါးတည်းသွား သင်္ချိုင်းစာတစ်ခု ရရှိလိုက်ရပါတော့တယ်၊ သူတို့ကို မိမိမှာ မြန်မာ ပြည်က ဘုန်းကြီးတစ်ပါး ဖြစ် ကြောင်းမပြောရဲသလို သီရိလင်္ကာကို သွားတော့မဲ့ အကြောင်းလဲ လုံးဝမ ပြောရဲပါ၊ ဝါဆိုခဲ့တဲ့ ကျောင်းကလာခဲ့ ကြောင်းကိုသာ အသိပေး ပြော ပြခဲ့ရပါတော့တယ်၊ လူသိပေါ များ နာမည် ကြီးတဲ့ ကျောင်းရဲ့ အရှိန်နဲ့ ဆရာတော်ကြီးရဲ့ဂုဏ်သိန်ပါ ပေါင်းလိုက်တော့ လိုရာခရီး ရောက်အောင် ပို့ဆောင်ပေးလိုက်ကြတာပဲ ဖြစ်ပါပေလိမ့်မယ်၊ အဲဒီကျောင်းကို သွားရောက်လို ခြင်းကဘာလဲဆိုတော့ မိမိဝါဆိုခဲ့တဲ့ကျောင်းမှာ ဝါတွင်းသုံးလ ဒုလ္လဘ လာဝတ်ကြတဲ့သူတွေ မိမိရဲ့ အဘိဓမ္မာ သင်တန်းသားတွေ အဲဒီ ရွာကြီးမှာ ရှိနေ ကြလို့ပါပဲ၊ သူတို့တတွေက မွန်

မျိုး နွယ်တွေ ဆိုတော့ ပလောင် မျိုးနွယ်နဲ့ မျိုးဇာတ် ခြင်း တူနေလို့ပဲ ထင်ပါရဲ့ မိမိအပေါ်မှာ လေးစားမှု ရှိခဲ့ကြသလို မိမိရဲ့ ထိုင်းစာပေနဲ့ ဘာသာစကား တိုးတက်မှု ရှိရေးအတွက် အများကြီး ဝိုင်းဝန်း ကူညီ ပေးကြတဲ့ ကျေးဇူး ရှင်တွေလဲ ဖြစ်ခဲ့ကြပါတယ်၊ ဒါကြောင့်မို့လို့ ထိုင်းကနေ မထွက်ခင် သွားပြီး နှုတ်ဆက်ချင်လို့ တကူးတက သွားလိုက်ရတာပဲ ဖြစ်ပါတယ်။ ထိုင်းမှာနေထိုင်လိုက်ရတဲ့ ကာလ အတောအတွင်း မေတ္တာတရား ဖြင့်ပံ့ပိုးကူညီထောက်မ ပေးကြတဲ့ ပုဂ္ဂိုလ်များကို နေ့စဥ်မပြတ် မေတ္တာပို့သ အမျှပေးဝေမြဲပါပဲ၊ တစ်လုတ်စားဖူး သူ့ကျေးဇူးကို အစဥ်သတိရ အောက်မေ့မိနေ မြဲပါ။

### သီရိလင်္ကာက စာသင်သားဘဝ

၁၉၈၉ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ ကျင်းပပြီးစီးပြီးတဲ့ နောက်တစ်နေ့မှာပဲ ဘန်ကောက်မြို့ကနေ ကိုလံဘိုမြို့ကို လေယာဥ်နဲ့ သွားရောက်ခဲ့ပါတယ်၊ကိုလံဘို လေဆိပ်ရောက်တော့ ဘတ်စ်ကားနဲ့ မြို့ထဲ သွားရောက်ခဲ့ပြီး တစ်ဖန် ဆိုက်ကားငှါးပြီး မကုဋာရာမ မြန်မာကျောင်းကို ပို့စေခဲ့ပါတယ်၊ မြန်မာကျောင်းမှာ ၃-၄ရက် ခန့် တည်းခိုနေထိုင်ခဲ့ပြီးမှ တစ်လမ်းထဲမှာပဲ တည်ရှိနေတဲ့ သီရိလင်္ကာဘုန်းကြီးကျောင်း ပဓာနဃရ ကို ပြောင်းရွှေ့နေထိုင်ခဲ့ပါတော့တယ်၊ အဲဒီ ပဓာနဃရ ကျောင်းမှာ နေ နိုင်ဖို့အတွက် ထိုင်းမှာ ရှိတဲ့ မိတ်ဆွေဘုန်းကြီး အာကျန်နိကွန် ရဲ့ စာနဲ့ မိတ်ဆက်ပေးမှု အပ် နှံပေးမှုကျေးဇူး တရား ကြောင့်ပဲ ဖြစ်ပါပေတော့တယ်၊ သူ့ရဲ့ ကျေးဇူးတရားကတော့ ဖြင့် နိုင်ငံရပ် ခြား တိုင်းတပါးအထိ လိုက်ပြီး ထောက်ပံ့မှု ရှိနေရပါတော့

တယ်၊ သူ့ရဲ့ ဘုန်းကံ ပါရမီကို အမှီ ပြုပြီး မိမိရဲ့ ဘဝ တက်လမ်းအတွက် များစွာမှ အထောက်အကူ ဖြစ်ခဲ့ရပါတယ်၊ အတိတ်ဘဝတုံးက ကုသိုလ်ရေစက် အများ ကြီးရှိနေခဲ့လို့ပဲ ဖြစ်မှာပါပဲ၊ သီဟိုဠ်ကျောင်းမှာ နေလိုရခြင်းရဲ့ ရည်ရွယ်ချက်က သူတို့ရဲ့ ဘာသာစကား ယဉ်ကျေးမှု စာပေ တွေကို အနီးကပ်လေ့လာချင်လို့ပဲ ဖြစ်ပါတယ်၊ အဲဒီ ကျောင်းဝင်းထဲမှာ ပရိဝေန လို့ဆိုတဲ့ ဘ-က ကျောင်းလဲ ရှိနေပါတယ်၊ အဲဒီ ဘ-က ကျောင်းမှာ ဆရာလာလုပ်ပေးတဲ့ ဘုန်းကြီး ဓမ္မပါလ ဆိုတဲ့ ကိုယ်တော်က မိမိကို တစ်ပတ်လျှင် တစ်ရက်ကျ သီဟိုဠ် စာ လာသင်ပေးရှာပါတယ်၊ ရိုသား ဖြူစင် စိတ်ကောင်းရှိလှတဲ့ သူတစ်ဦးပါပဲ၊ ကျေးဇူးတင်လိုက်ရတာ၊ မိမိဘဝမှာ အများအား ဖြင့် စိတ်ကောင်း နှလုံးကောင်းရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ပဲ တွေ့ကြုံ ဆုံစည်းခဲ့ ရပါတယ်၊

မြန်မာ ကျောင်းနဲ့ နီးပေမဲ့လို့ နှစ်ပတ်မှ တစ်ခါ လောက်သာ မြန်မာကျောင်းကို ရောက် ဖြစ်ခဲ့တာပါ၊ ကိုယ့်စာနဲ့ကိုယ် အားတယ်ရယ်လို့ သိပ်မ ရှိလှပါ၊ အဲဒီ အချိန်တုံးက သီရိလင်္ကာတစ်ကျွန်းလုံး မှာမှ မြန်မာ ပြည်က ဘုန်းကြီးပေါင်း ၁၅ ပါးခန့်သာ ရှိခဲ့တဲ့ ခေတ်အခါပါ၊ မြန်မာ ဘုန်းကြီး ၉ ပါး, မွန်ဘုန်းကြီး ၅ နဲ့ မိမိတစ်ပါး အပါအဝင်ပေါ့။

အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ

ဒီနေရာမှာ သတိရမိလို့ ပြော လိုက်ရအုံးမယ်၊ ဒို့ မြန်မာ ပြည်က အကျင့်ဓလေ့ အားနည်း ချက်တစ်ခုက ဘာလဲဆိုတော့ တိုင်းရင်းသားတွေကို အထင် အမြင်သေးတတ်တဲ့ အမြင်ကျဉ်းလေးပါပဲ၊ မိမိ ရန်ကုန်ကို ရောက်စ

စာသင်သားဘဝတုံးကဆိုရင်  တစ်ချို့သော ကိုယ်တော် တွေက  မိမိကို  "ရှမ်းပုပ် "လို့ခေါ်လိုခေါ်၊ "ပလောင်စုတ် "လို့ခေါ်လိုခေါ် အထင်အ မြင်သေးခံခဲ့ရပါတယ်၊ ဂုဏ်ရော ဒြပ် ပါ ဘာမှ မရှိ ခဲ့ပဲကိုး၊  ပြောတဲ့သူတွေကို အမြဲတမ်းပဲ သည်းခံခွင့်လွှတ်ပေးခဲ့မြဲပါ၊ တစ်ခါတစ်ခါမှာတော့  ပြောတဲ့သူကို သနားစိတ်တောင် ဝင်ပေးရတာလဲ ရှိပါသေးတယ်၊   ဆင် ခြင် တိုင်းထွာ  တတ်သိနားလည်မှု မရှိလို့ ပြောရက်လိုက်တာ သနားဖို့တောင် ကောင်းပါကလားလို့ စိတ်ထဲမှာ အောက်မေ့ မိပါတယ်၊  မ, တစ်ထောင်သား  စုပေါင်းနေထိုင်ကြရတာ ပြဖစ်တော့  သူ့စရိုက် သူ့ဝါသနာ သူ့အဆင့်အတန်း နဲ့သူတော့  ကွာ ခြားမှု ရှိတတ်တာ အမှန်ပါပဲလေ၊ မြင်ဆရာ ကြားဆရာ  နည်းယူစရာ သင်္ချာင်းစာတွေကတော့ အများကြီးပါပဲ၊  သင်္ချာင်းစာ ယူတတ်ကြရင် ဘဝမှာ အ မြတ်တွေချည်းပါပဲ၊

ကျောင်းပိတ်ရက် နေ့တစ်နေ့မှာ  မြန်မာ ဘုန်း ကြီးကျောင်းကို သွားရောက်လည်ပတ်ခဲ့ပါတယ်၊ စကားစပ်မိလို့ သာသနောဒယ စာသင်တိုက်မှာ စာချခဲ့ဖူးကြောင်း ပြောမိပါတယ်၊ ချက်ချင်းဆိုသလိုပဲ   ဘုန်းကြီးတစ်ပါးက ဘာပြောလိုက်သလဲဆိုတော့   ကဲပါကွာ -စာချဘုန်းကြီးတစ်ပါးဆိုတော့  ကိုယ့်ဘွဲ့ကို  ဝိဂြိုဟ် ပြုကြည့်စမ်းလို့  ပြောလိုက်ပါလေရောပဲ၊ မိမိရဲ့ဘဝမှာ အထင်အ မြင်သေးခံ လာခဲ့ရတဲ့ အကြိမ်ပေါင်းကလဲ မနည်းတော့ပြီမို့  ရင်ထဲမှာ စူးကနဲ နင့်ကနဲ ဖြစ်မိပြီး စကားပြောမထွက်နိုင်တော့လောက်အောင် ပဲ ခံစားခဲ့ရပါတော့တယ်၊ အဲဒီလို တစ် မိနစ် ခန့် စကားပြောမထွက် ဝမ်းနည်းပက်လက် ရှိနေခဲ့ရတဲ့ ကာလမှာ  နောက်ထပ်ဘုန်းကြီး တစ်ပါးက  ဘာဆက်

ပြာ လာပြန်သလဲဆိုတော့ စာချဘုန်းကြီးဆိုတော့ မိမိရဲ့ ဘွဲ့လေးကို ဝိဂြိုဟ်ပြနိုင်ဖို့တော့ သင့်တာပေါ့ လို့ ဆိုလာပြန်ပါတယ်၊ သူထင်နေတာက ဟိုတစ်ပါးက မေးလိုက်တဲ့ကိစ္စ မိမိရဲ့ ဘွဲ့ကို ဝိဂြိုဟ် မပြတတ်လို့ နှုတ်ပိတ်ငြိမ်သက်ပြီးနေလိုက်တာပဲလို့ ထင်မိကောင်း ထင်မိနေတာ ဖြစ်မှာပေါ့လေ၊ မေးတဲ့သူ ပြောတဲ့သူတွေအဖို့ လွယ်ကူ ပေါ့ပါးလှပေမဲ့ အမေးခံရတဲ့သူအဖို့မှာတော့ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ ကာယကံရှင်ကသာအသိဆုံးပါပဲ၊ တစ်ချို့များက မသိတတ်ရှာလို ပညာနည်းလို့ အထိန်းမရှိ ပြောချင်တာ ပြောလာတတ်သလို ပညာတတ်သူများမှာကျတော့လဲ ပညာမာနနဲ့ တစ်ဖက်သားကို အထင်အ မြင်သေး ချိုး နှိမ်တတ်တာက လဲရှိတတ်သေးသကိုးလို့ သဘောပေါက်မိလိုက်ပါတယ်၊ ဗုဒ္ဓတရားတော်တွေဆိုတာဟာ ဦးနှောက်ထဲမှာတင်ပဲ သိုမှီး သိမ်းစည်းထားပေးရုံနဲ့ မလုံလောက်တတ်သေးပါ၊ ဦးနှောက်ကနေ တစ်ဆင့် နှလုံးသားထဲအထိ ရောက်ရှိအောင် ဆွဲဆောင် သိမ်းသွင်းပေးထားနိုင်ပါမှ တန်ဖိုးရှိလာရမှာ အမှန်ပါပဲ၊ စင်စစ်မှာတော့ ဝိပဿနာဘာဝနာအလုပ်တရား ကျင့်ပွားပေး နိုင်ခြင်းကသာလျှင် ဦးနှောက်မှာ ကိန်းနေတဲ့တရားကို နှလုံးသားထဲရောက်အောင် ပို့ဆောင်ပေးနိုင်တာအမှန်ပါ၊ ပရိယတ်ကို အခြေခံထားပြီး ပဋိပတ် တရားကို ပွားများအားထုတ်ပေးနိုင်ကြပါစေလို့ ဆန္ဒ ပြုလိုက်ရပါတော့တယ်။

အခိဋ္ဌာန်တစ်ခု ပြု ဖြစ်လိုက်ပြီ

ကိုလံဘိုကို ရောက်ပြီး မကြာမီမှာပဲ အင်္ဂလိပ်စာကို အဓိကထားကြိုးစားပြီးသင်ယူရပါတော့တယ်၊ ရန်ကုန်မှာနေစဉ်တုံးက မိမိတတ်သိလိုတဲ့ အင်္ဂလိပ်စာပညာရပ်ကို ပုန်းလျှိုးကွယ်လျှိုး တိတ်တခိုးသင်ခဲ့ရတယ်၊ ခုတော့ ထင်သာ မြင်သာ လွတ်လပ်စွာနဲ့ သင်လို့ ရသွားပါလေပြီ၊ ဒါကြောင့် အတိုးချပြီးကြိုးစားရပါတော့တယ်၊ နေတဲ့ကျောင်းရဲ့ မနီးမဝေး ကျောင်းဆရာတစ်ယောက်ဆီမှာ ကျူရှင် သွားတက်ခဲ့ပါတယ်၊ ကော်လိပ် ကျောင်း တစ်ခုမှာလဲ တက်ရောက်ခဲ့ရပါသေးတယ်၊ ဒါ့အပြင် ပါဠိနဲ့ ဗုဒ္ဓဘာသာဆိုင်ရာ မဟာဝိဇ္ဇာတန်းအတွက်လဲ တက်ရောက်သင်ကြားခဲ့ရပါသေးတယ်၊ အိမ်စာကျက်စာတွေက များလွန်းလို့ နေ့စဉ်ဆိုသလို ည၁၂ နာရီဝန်းကျင် လောက်ကျမှ အိပ်ယာ ဝင်ရပါတော့တယ်၊ အမှန်အတိုင်းသာ ပြောရရင် ခန္ဓာကိုယ်ကလဲ အားနဲလို့ မိုက်ကနဲ ၂-၃ကြိမ်လောက် ဖြစ် ဆန္ဒ ပြလာတော့မှပဲ လက်နက်ချ အရှုံးပေး ထိုးအိပ်ပေးလိုက်ရပါတော့တယ်၊ စာအုပ်တွေကိုလဲ ကုတင်ပေါ်မှာပဲ ပုံထား စောင်ခြုံရတယ်လို့ မရှိ အိပ်မောကျသွားရပါတော့တယ်၊ ဒီလိုနဲ့ပဲ လပေါင်းများစွာ ပင်ပန်းနွမ်းနယ်စွာ ကြိုးစားခဲ့ရပါတော့တယ်၊

တစ်နေ့သောအခါမှာတော့ ထုံးစံအတိုင်း ညသန်းခေါင်နီးနီးအထိ စာကြည့် စာကျက်လုပ်ရင်း များစွာမှလဲ နွမ်းနယ်လို့လာခဲ့ပါလေပြီ၊ အဲဒီမှာ အတွေးတစ်ခု ခေါင်းထဲ စူးစိုက်ပြီး ဝင်လာပါတော့တယ်၊ အဲဒီ အတွေးက ဘာများပါလိမ့်မလဲဆိုတော့ မိမိကိုယ်ကို မေးခွန်းထုတ်မိလိုက်တဲ့ ကိစ္စပါပဲ၊ ဟေ့- မောင်ဇေယျ! ဒီ အင်္ဂလိပ်စာ တတ်မြောက်ရေးအတွက် နေ့ရောညပါ ညဥ့်နက်သန်းခေါင်အထိ လပေါင်းများစွာကြိုး စားလိုက်ရတာ၊ တကယ်

လို့သာ   ဘာဝနာတရား ပွားများအားထုတ်မှုမှာ  ဒီလောက် ကြီး ဝီရိယကောင်းကောင်းနဲ့ အားထုတ်လိုက်ရင်  ပိုမကောင်းပေဘူးလားလို့  မိမိကိုယ်ကို မေးခွန်းထုတ်မိပါတော့တယ်၊ အဲဒီညမှာပဲ အဓိဋ္ဌာန်တစ် ပြုလိုက်မိတာက   "နောက်ထပ် ၅ နှစ်  စာပေသင်ကြား လေ့လာမှုကို ပြုလုပ်ပြီး  အဲဒီကနောက်မှာ ဝိပဿနာတရားကို အချိန် ပြည့် ပွားများအားထုတ်နိုင်အောင် ဆိတ်ငြိမ်မှု ဝိဝေကရှိတဲ့နေရာမှာ ဧကစာရီ တောထွက်ပါတော့မယ်" လို့ သံမဏိအဓိဋ္ဌာန်  ပြုလိုက်ရပါတော့တယ်။

### ကိုလံဘိုမှ      စားရေးဒုက္ခသည်းခံဘွဲ့ကိုရ

နေ့စဉ်ဆိုသလို   မနက် ၄ နာရီ လောက်မှာ အိပ်ရာကနေ  ပုံမှန် ထပါတယ်၊ ကျောင်းဝင်းထဲက စင်္ကြံ လမ်းမှာ   မနက် ၆ နာရီအထိ စင်္ကြံလျှောက် ပရိတ် ပဋ္ဌာန်း စသည် ရွတ်ဖတ် ပူဇော် မေတ္တာပို့ အမျှဝေ ခြင်းကိစ္စကို  နေ့စဉ်မ ပြတ်  ပြုလုပ်ခဲ့ပါတယ်၊ မိမိရဲ့ ခန္ဓာကိုယ် အင်အားဆုတ်ယုတ်   သွယ်လျပိန်ချုံး  လာတာကိုလဲ သတိပြုမိလိုက်ပါတယ်၊ အထူးသဖြင့် လေ ပြင်းတိုက်ခတ် ခံ လိုက်ရတဲ့အခါမျိုးမှာဆိုရင်  ယိမ်းယိုင်မှု ဖြစ်ပြီး  ကိုယ့်ကိုယ်ကို သိပ်ပြီးမထိမ်းနိုင် တာကို တွေ့ရှိခဲ့ရပါတယ်၊  တစ်နေ့တစ်နေ့မှာ  ဘာဝနာ အလုပ်ကို မနက်စောစောပိုင်း ၂နာ ရီ ခန့်မျှလောက်သာ အားထုတ်နိုင်ခဲ့ပြီး ကျန်တဲ့အချိန်များမှာ အနားယူချိန် လုံးဝမရှိ စာနဲ့ သာ အချိန်ကို ကုန်လွန်စေခဲ့ရပါတယ်၊  မနက် ၇နာရီ တိတိ အချိန်မှာမှ  မနက်စာကို ဘုန်းပေးကြရပါတယ်၊ ကျောင်းမှာ သံဃာ အပါး ၂၀ ကျော်ခန့် ရှိပါတယ်၊ ထမင်း ဟင်း ချက် ပြုတ်

ပးဖို့ ကပ္ပိယတစ်ယောက်ကို ငှါးထားတာ ရှိပါတယ်၊ သူ့ကို တစ်လလျှင် ရူးပီ ၇ -ရာပေးရတယ်လို့လဲ သိရှိရပါတယ်၊ အ သက် ၅၀ ကျော်ခန့် ရှိတဲ့ ကပ္ပိယဒ ကာကြီးက မိမိနဲ့အတူတူ မနက် ၄ နာရီလောက်မှာ ပုံမှန် အိပ်ရာကထတာ တွေ့ရပါတယ်၊ မနက် ၆ နာရီ ကျော်ခန့်လောက်မှာ ဆွမ်းစားဆောင်မှာ ဆွ မ်းပုဂံတွေကို အဆင့်သင့် ပြင်ဆင်ချထားပေးခဲ့ပါတယ်၊ ဆွမ်းစားဝိုင်းဆိုတာ မရှိပါ၊ နံရံမှာ ကပ်မှီထားတဲ့ ခုံတန်း ရှည်ကုလားထိုင်ပေါ်မှာ ထိုင် ကြရပြီး မိမိတို့ အသီးသီး ထိုင်နေကြရတဲ့ ရှေ့မှာမှ ခုံတန်း ရှည် ကြီးပေါ်မှာ တစ်ခါ ပြ ပင် ဆွမ်းပုဂံကို ချထားပေးပါတယ်၊ ဆံကလဲ ပြုတ်ဆံ ဆိုတော့ အနံ့ကလဲ တမျိုးကြီးပါပဲ၊ အဲဒီ ဆွမ်းထမင်းပေါ်မှာ ကုလားပဲ ပြုတ်ရည်ကို အပြီးဆမ်း ထားပြီးသားလဲ ဖြစ်ပါတယ်၊ ဒါ့အ ပြင် အဲဒီ ဆွမ်းထမင်းပေါ်မှာ ကြက်သွန်ပြ ဖျုနဲ့ ငြုတ်သီးထောင်း တစ်ဇွန်းစီလဲ ပုံ မှန် ထည့်ပေးမြဲပါပဲ၊ မနက် ၇- နာရီ တိတိ အချိန်မှာ အချက်ပေး သံချောင်း ခေါက်လိုက်တာတစ်ပြိုင်နဲ့ မိမိတို့ ယူဆောင်လာတဲ့ ကိုယ်ပိုင် ဇွန်းခရင်းနဲ့ အဆင့်သင့် ဘုန်းပေးလိုက် ရုံပါပဲ၊ သူတို့ ချစ် စဖွယ်ကောင်းတာတစ်ခုကို ပြောပြရရင် တစ်ခါတစ်လေမှာ ကို တ်မုန့် ပန်းသီး လှူဒါန်းသူ ရှိတဲ့အခါမျိုးမှာ ဆိုရင် တစ်ပါးလျှင် တစ်စိတ်စီ ခွဲ ခြမ် းမျှဝေ ပေးခဲ့ကြပါတယ်၊ နေ့ဆွမ်းကိုတော့ နေ့ ၁၁ နာရီအချိန်မှာ ဘု န်းပေးကြရပါတယ်၊ မနက်ဆွမ်းရော နေ့လည်ဆွမ်းပါ ထမင်း ဟင်းတွေကေ တာ့ များသောအား ဖြင့် ထူး မ ခြားနားပါပဲ။

ဆွမ်းအဖို့မှာတော့ မိမိအတွက် များစွာမှ အခက်အခဲတွေ့ခဲ့ရပါ တယ်၊ ဆွမ်းစားချိန် ကျလို့ ဆွမ်းစားဆောင်ထဲ ဝင်လိုက်တဲ့အခါမှာ တစ်

နာရီနီးပါးခန့်ကြိုတင်ချထားခဲ့တဲ့ ဆွမ်းပုဂံများမှ ယင်ကောင်တွေ ပျံတက်သွားကြတာကို တွေ့နေရ မြဲပါ၊ အဲဒီတော့ နေ့တိုင်းဆိုသလို ဘာလုပ်လိုက်ရသလဲဆိုတော့ ယင်ကောင်များနားထားတဲ့ အပေါ်ယံက ထမင်း ဟင်းတွေကို ဘေးကို အသာလေး ဖယ်ထုတ် ပုံထားပြီး အောက်ပိုင်းဟာ တွေကိုသာ စားခဲ့ရပါတယ်၊ကြက်သွန် ဖြူနဲ့ ငြုပ်သီး ပေါင်းပြီး ထောင်းထားတဲ့ဟာကိုတော့ ယင်ကောင်တွေ မနား မအုံတတ်ပါ၊ စားလို့ အဆင်ပြေပါတယ်၊ သတိတစ်ချက် ထားမိတာက ဆွမ်းစားပြီး သိပ်မကြာပါဘူး ဗိုက်နာပြီး ဝမ်းသွားတော့တာပါပဲ၊

မိမိငယ်ရွယ်စဉ် ကျောင်းသားငယ်လေးဘဝကတည်းက ယင်ကောင်အကြောင်း ကျောင်းဆရာကြီးက သေသေချာချာ လက်တွေ့ စာတွေ့ သင် ပြပေးခဲ့ဖူးပါတယ်၊ ဒါကြောင့် ယင်ကောင် နားထားတဲ့ အစားအစာများကို မျက်စိနဲ့ မြင်ထားရလို့ကတော့ ဘယ်လိုမှ စားလို့ မ ဖြစ်နိုင်တော့တဲ့ အဆင့် ခေါင်းထဲမှာစွဲကျန်ရစ်ခဲ့ရပါတော့တယ်၊ ငယ်ငယ်ကတည်းက ဦးနှောက်ဆေးခံထားရသလို ဖြစ်နေရပါတော့တယ်၊ မိမိတို့ရဲ့ ကျေးရွာဒေသတွေမှာ ရေလောင်းအိမ်သာ ဆိုတာ မရှိပါ၊ တွင်းတူး အိမ်သာပဲ အသုံး ပြုကြပါတယ်၊ အိမ်သာထဲက စွန့်ပစ် အညစ်အကြေးတွေပေါ်မှာ အမြဲတမ်းလိုလို ယင်တွေ တလောင်းလောင်း ရှိနေတတ်ပါတယ်၊ အိမ်ထဲမှာ ချက် ပြုတ်ထား ရှိခဲ့တဲ့ အစားအသောက်တွေကို ဖုံးအုပ်မထားခဲ့ဘူးဆိုရင် အိမ်သာက ယင်ကောင်တွေ လာအုံကြ တတ်ပါတယ်၊ ယင်ကောင်တွေ အစားအသောက်ပေါ်မှာ နားတဲ့အခါမှာ သူတို့ ခြေထောက်က တွယ်ကပ်ပါလာတဲ့ မစင် အ

ညစ်အကြေးတွေက  အစားအသောက်ပေါ်မှာ စွန်းပေကျန်ရစ်ခဲ့တတ်ပါတယ်၊ ယင်ကောင်တွေ နားတဲ့နေရာမှာ သူတို့ရဲ့ အံဖတ်ကိုလဲ အံချပစ်တတ်လေ့ရှိပါတယ်၊ အဲဒီအစားအသောက်ကို စားမိသူတွေမှာ ဘယ်လောက် အန္တရာယ်ကြီးခဲ့တယ်ဆိုတာ  စဥ်းစားပြီးတော့သာကြည့်ကြပေတော့လို့ ဆရာကြီးက မိမိတို့ကို ရှင်း ပြခဲ့ဖူးတာကို ခေါင်းထဲမှ ဆွဲထုတ်လို့မရနိုင်လောက်အောင်  ခိုင်မြဲစွာ အမြစ်တွယ်ပြီးတော့ ရှိနေပါတော့တယ်၊ မိမိ  ရန်ကုန်မှာ နေခဲ့စဥ်တုံးကလဲ   ဇာတိ မြေက  ဒကာ/ မတွေ ဘုရားဖူး လာရောက်ခဲ့ကြတဲ့ အခါမှာလဲ သူတို့တတွေ  ကျန်းမာရေးအသိဉာဏ် ဗဟုသုတတွေ  ရရှိရလေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျန်းမာရေး ပြတိုက်ကို  လိုက်ပါပို့ဆောင် ရှင်း ပြပေးလေ့လဲ ရှိပါတယ်၊ ယင်ကောင်ရဲ့အန္တရာယ် ဘယ်လို ရှိခဲ့တယ်ဆိုတာ  ထပ်လောင်းပြီး အသိပွား   မြဲရာသံပတ်   ပို ပြီး ခိုင်မြဲသထက်  ခိုင်မြဲစေခဲ့ရပါတော့တယ်၊ စာဖတ်ပရိသတ်များလဲ  ယင်ကဖြစ်ပွား   ဘေးရောဂါ များစွာကိုသတိမူ ဆင်ခြင်မှုပြု  စားသောက်နိုင်ကြပါစေဆိုတဲ့ စေတနာအာသီသဖြင့် မိမိရဲ့ အတွေ့အကြုံ သိမြင်ပုံကို  စကားစပ်မိရာကနေ  ဖေါက်သည်ချ ပြလိုက်ရ ခြင်းသာ ဖြစ်ပါတယ်၊မိမိရဲ့ အသက်သခင် ကျေးဇူးရှင်  သီရိလင်္ကာက ကျောင်းနဲ့ ဆွမ်းအလှူ ရှင် များကို ကဲ့ရဲ့ ပြစ်တင်   နှိမ်ချ ပြောဆို ပြနေ ခြင်းလုံးဝမဟုတ်ရတာ သစ္စာစကားပါပဲ၊ တစ်လုတ်စားဖူး  သူ့ကျေးဇူးတင်ဘယ်ကတော့မလဲ တစ်နှစ် ခွဲထိကြာအောင် မိမိကို အသက်ဆက်ပေးခဲ့ဖူးတဲ့ တစ်သက်မေ့မရ  အနန္တ ကျေးဇူးတွေကြီးပါ။

ဆွမ်းစားဆောင်မှာ မိမိထိုင်တဲ့နားမှာ ဒု ကျောင်းထိုင်ဘုန်းကြီး ရဲ့နေရာဖြစ်ပါတယ်၊ တစ်ခါတစ်လေမှာ ကျောင်းနားမှာ ရှိတဲ့ ကုန်စုံဆိုင်မှာ ငှ က်ပျော သီးတွေ ဝယ်ခိုင်းပြီး မျှဝေပေးခဲ့ရှာပါတယ်၊ မေတ္တာ ရှင် တစ်ပါး ပါပေပဲ၊မ ကြာခဏ အားရပါးရ သောက်ရတာကတော့ အုန်းရည်ပါပဲ၊ ေ ကျာင်းထဲမှာပင် အုန်းပင်တွေ ရှိနေလို့ပါပဲ၊ အုန်းသီးစိမ်းကို ဖေါက်ပြီး ဆွမ်းပု ဂံနဲ့ ကပ်ရက် ချထားပေးတတ်ကြပါတယ်၊ များသောအားဖြင့်တော့ ပိုက်ဆို တာလဲမရှိတတ်ပါ၊ သဘာဝအေ လျှာက်ပါပဲ လက် နှစ်ဖက်နဲ့ အုန်းသီးကို မ, ကိုင်ပြီး ပါးစပ်ထဲတေ့ပြီး ခေါင်းတမော့မော့နဲ့ သောက်ခဲ့ကြရတဲ့ မြင်ကွ င်းကို မြင်ယောင်နေမိပါတော့တယ်၊ သူ့နေရာနဲ့သူ ပါပဲလေ၊ လွယ်ကူရိုးစင်း လှတဲ့ ဘဝဖြစ်ခြေ တစ်ခုပါပေပဲ၊ ကိုလံဘိုမှာ နေထိုင်ရတဲ့ကာလ မှာ လာဘ် လာဘ ဆိုတာ သိပ်ပြီးမရှိလှပါ၊ အ ပြင်ဖက်ဆွမ်းစားကွမ်း သွားခဲ့ရတဲ့အခါ မှာ ဆိုရင်လဲ ဆပ် ပြာတစ်တုံး ရရှိလိုက်, မျက် နှာသုတ်ပုဝါ တစ်ထ ည်ရလို က်, သင်းပိုင်လေးတစ်ထည်ရလိုက်နဲ့ ရှိတတ်ပါတယ်၊ တစ်ခါတစ်လေကျေ တာ့ ၅ ရူးပီလောက် ရရှိတဲ့အခါလဲ ရှိပါတယ်၊ ထောက်ပံ့မဲ့သူမဲ့ ဝင်ငွေမရှိ ဖြ စ်နေတော့ကာ မိမိရှိထားတဲ့ အနည်းငယ်လေးကို အတတ်နိုင်ဆုံး ကုပ်ကပ် ချွေတာပြီး သုံးခဲ့ရတာပဲ ဖြစ်ပါတယ်၊ ကျောင်သွားတက်တဲ့အခါမှာ လမ်း ထိပ်က ဈေးဆိုင်တစ်ခုမှာ ပန်းသီးတွေကို စေတီအလား စီပြီး ရောင်းချ ထားတာကို နေ့တိုင်း မြင်နေရပေမဲ့ ဝယ်စားနိုင်တဲ့ ဓနအား မရှိခဲ့ရှာပါဘူး၊ နေထိုင်ခဲ့ရတဲ့ ကျောင်းမှာ လျှပ်စစ်မီးအတွက်လဲ အလိုက်သိစွာ လှူလိုက်ရ ပါသေးတယ်၊ ကျူရှင်ခ, ကျောင်း လခ, ကားခ ,ဘာခ ညာခ နဲ့ ဆိုတော့ ရှိ

ထားတဲ့ဟာ အနည်းငယ်ကလဲ  တစ် ဖြည်း ဖြည်းနဲ့ အနှုတ်လက္ခဏာကပဲ  ပြ လာနေပါတယ်၊  ထိုင်းက ဘုရားဖူးအဖွဲ့တွေ ရောက်လာကြလို့  သူတို့မှာ ပို လျှံနေတဲ့ ခေါက်ဆွဲ ခြောက်တွေကို လှူဒါန်းသွားကြသလို နဝကမ္မပါ လှူဒါန်း သွားကြတာတွေ ရှိလာတော့မှပဲ အသက်ရှူချောင်လာရပါတော့တယ်၊  ကျေး ဇူးကမ္ဘာပါ ထိုင်းဒကာ/ မ တို့ရေ၊

အဲဒီ အချိန်ကစပြီး နေ့စဥ်နဲ့အမျှ  ခေါက်ဆွဲ ခြောက်ကိုပဲ အဓိက ထား ဘုဥ်းပေးနေရပါတော့တယ်၊ တကယ်တော့  အဲဒီအချိန်ခါကာလမှာ ခေါ က်ဆွဲ ခြောက်ဆိုတာ  အင်မတန်မှ တန်ဘိုးရှိလှတဲ့ အစားအသောက်တစ်ခု အ ဖြစ် မှတ်ယူထားခဲ့ကြပါတယ်၊ ပြောမယ်ဆိုရင် စားချင်တိုင်း  စားလို့ရနိုင် တာမဟုတ်ပါ၊ ထောက်ပံ့သူမဲ့ နိုင်ငံခြား ပညာသင် တစ်ယောက်ရဲ့ဘဝဆိုတာ မလွယ်ကူလှတာ အမှန်ပါ၊  ဒါကြောင့်လဲပဲ  ဆင်းရဲရကျိုးနပ်အောင်  စာကိုပဲ အတတ်နိုင်ဆုံးကြိုးစားပြီးနေရပါတော့တယ်၊ မိမိနဲ့အခန်းအတူနေ  ထိုင်းဘု န်းကြီးကတော့ ဖြင့်   ထမင်းအိုး  ဟင်းအိုး ဒယ်အိုး ပုဂံ ခွက်ယောက် အစုံ ရှိ နေတာ ဖြစ်လို့   အခန်းထဲမှာပဲ  လွတ်လွတ်လပ်လပ်နဲ့ အချိန်မရွေး  သူ့ဟာသူ ချက်ပြုတ် စားသောက်နေလိုက်တာ  အဆင်ကို ပြေလို့နေတာပဲ၊ အားကျစ ရာတော့ မဟုတ်ပါဘူး၊

မိမိမှာ  စတီးလ် မတ်ခွက် ကြီးတစ်လုံး ထိုင်းကနေ ဝယ်လာခဲ့တာ ရှိပါတယ်၊ အဲဒီခွက်ကို ရေနွေးအိုးအ ဖြစ်ဌင်း၊  ဟင်းအိုးအ ဖြစ်ဌင်း၊ စားေ သာက်ပုဂံ အဖြစ်ဌင်း  တစ် နှစ်ခွဲ ကာလကြာမျှနေ့ တိုင်း အသုံး ပြုပေးခဲ့ရပါ တယ်၊   မိမိအနေနဲ့  ဒီ ကမ္ဘာ မြေကြီးကနေ  မရှိတော့တဲ့တစ်နေ့မှာ   ကိုယ်ပို

င် ပြတိုက်လေးထဲမှာ အမှတ်တရ ပြသသိမ်းစည်း ထားရမဲ့ မတ်ခွက် ကြီး
ပဲ ဖြစ် လာပါလိမ့်မယ်၊ အကြောင်းက ဒီလိုပါ၊ ရေနွေး ရရှိဖို့ ဒီမတ်ခွက် ကြီး
ကို နေ့တိုင်းအသုံး ပြုနေရပါတယ် ၊ခွက်ထဲမှာ ထိုက်သင့်သလောက်ရေထ
ည့်ပြီး လျှပ်စစ်သံကောက် တစ်ခုကို မီးပလပ်မှာ ထိုးပြီး သံကောက်ကို အဲ
ဒီရေထဲကို နစ်ပေးရပါတယ်၊ ၅ မိနစ်လောက်ဆို သံကောက်ရဲ့ အပူရှိန် ေ
ကာင့် ရေကဆူလာပါတော့တယ်၊ ရေဆူပြီးတဲ့အခါမှာတော့ ခေါက်ဆွဲ ခြေ
က်ထုပ်ကို ဖေါက်ပြီး ထည့်လိုက်ပါတယ်၊ ပြီးတော့တခါ ခေါက်ဆွဲ ခြောက်
နဲ့အတူ တွဲပါလာတဲ့ မာဆလာအ မှုန့်ထုပ်ကို ဖေါက်ပြီး လောင်းထည့်လိုက်ပြ
ပီး သူ့အဖုံးနဲ့ ပိတ်လိုက်ပါတယ်၊ ၁၀ မိနစ်လောက်ဆိုရင် ခေါက်ဆွဲတွေက
နူးနပ်ပြီး စားဖို့ အဆင့်သင့် ဖြစ်သွားပါပေပြီ၊ စားလို့ ကောင်းလိုက်တဲ့ ဖြစ် ပြ
ခင်းပါပဲ၊ သူ့ဌာနနဲ့သူ ရှားပါး ထူးခြားတဲ့ အာဟာရအဖြစ် အသုံးတော်ခံနေရ
လို့ပါပဲ၊ တကယ်တော့ မိမိမှာ အစားအသောက်နဲ့ ပတ်သက်တဲ့ အသိပညာ
ဗဟုသုတ နည်းခဲ့တာကို ဝန်ခံရပါ့မယ်၊ အမေရိက ရောက်မှ လေ့လာသိ ရှိလို
က်ရတဲ့ ဗဟုသုတ ဖြစ်နေရပါတော့တယ်၊ ဒါပေမဲ့ အချိန်က အလွန်နှောင်း
သွားပါလေပြီ၊ မိမိလို အမှား မ ပြုမိရလေအောင် ဒီနေရာကနေပြီးတော့
သတိပေး ရေသားလိုက်ပါရစေ၊ သိကြတဲ့အတိုင်း ခေါက်ဆွဲ ခြောက်ဆိုတာ ြ
ကာရှည်ခံ မာတောင့်မှု ရှိနေအောင် ဓာတုပစ္စည်းသုံးပြီး လုပ်ထားရပါတယ်၊
ဒါ ကြောင့်မို့လို့ ခေါက်ဆွဲ ခြောက် ပြုတ်စားတော့မယ်ဆိုရင် ဖြစ်သင့်တာ
က ပထမဦးဆုံး အဲဒီ ခေါက်ဆွဲ ခြောက် အဖတ်မှာ နဂိုကတည်းကကြိုတင်
ထည့်ထားခဲ့တဲ့ ဓာတုပစ္စည်းတွေကို ဆေးကြော ရှင်းလင်းပေးပစ်ဖို့ လိုအပ်

လုပါတယ်၊ ဘာလုပ်သင့်သလဲဆိုတော့ ခေါက်ဆွဲ ခြောက်ကို ရေ နွေး ပူပူ နဲ့အရင် ပြုတ်ပြီး ၎င်းရေကို သွန်းပစ်လိုက်ရမှာ ဖြစ်ပါတယ်၊ နောက်မှတစ်ခါ ရေနွေးနဲ့ပြုတ်ပြီး ထည့်သင့်ထည့်ထိုက်တဲ့ ကြိုက် နှစ်သက်တဲ့ မာဆလာ နဲ့ ဟင်းသီးဟင်းရွက်များကို ရောထည့် ချက် ပြုတ်သင့်ပါတယ်၊ မိမိလုပ်ပုံက နည်းလမ်း မမှန် ဟန်မကျလို့ ဆိုး ပြစ်တွေကို ခံခဲ့ရပါတယ်၊ မိမိတို့အမျိုးမှာ ဆံပင်ကောင်း ခေါင်း ဖြူ တဲ့ မျိုးနွယ်ပါ။ နည်းလမ်းမကျ အလွယ်နည်းနဲ့ ခေါက်ဆွဲခြောက်ကို တစ် နှစ်ခွဲကြာမျှ နေ့ဆက်ရက်စဥ် စားသုံးလာမှု ကြောင့် ဆံပင်တွေ ကျွတ်လာတာကို သတိထားမိခဲ့ပါတော့တယ်၊ ခေါင်းကို ပွတ်လိုက်ရင် ဆံပင်တွေ ပါလာတတ်ပါတော့တယ်၊ ဦးခေါင်းအထက် တစ်တောင်လောက်အကွာမှာ လက်ဖဝါးနဲ့ ကာထား စမ်းသပ်ကြည့်ရင် ခေါင်းကအပူ တရှိန်း ရှိန်းနဲ့ ရှိနေတာကို ခံစားသိရှိ ရပါတော့တယ်၊ ဦးစွာပထမ သတိထားမိ သိလိုက်ရတာက ခေါင်း ရိပ်ပေးတဲ့ သူငယ်ချင်းက တအံ့တသြ နဲ့ စပြီး မေးလာခဲ့လို့ပါပဲ၊ အရှင်ဘုရားရဲ့ ခေါင်းက အရမ်းပူနေပါလား၊ ဘာဖြစ်တာပါလိမ့်လို့ မေးလာတော့မှ သတိ ပြုမိပါတော့တယ်၊ ပြင် လို့လဲ အချိန်မရှိတော့ပါ၊ နောက်ကျ သွားရှာပါလေ ပြီ၊ နောက်ပိုင်းကာလ ခါသမယမှာ တ ဖြည်း ဖြည်းနဲ့ ဆံ ပင်တွေ ဖြူ ဖို့အချိန်မရောက် ရိတ်ရမဲ့ နေရာ ဧရိယာတွေလဲ ကျဥ်းလို့ လာခဲ့ပါလေပြီ၊ သီရိလင်္ကာမှာ နေရတာ ဘွဲ့ဒီဂရီကြီးတွေကသာ မရရှိလိုက်ပေမဲ့ စားရေးကိစ္စနဲ့ပတ်သက်ပြီး ဒုက္ခမျိုးစုံ ကြုံတွေ့ဖြတ်သန်း ကျော်လွှား သည်းခံ အောင် မြင်လာခဲ့တာ ဖြစ်လို့မို့ "စားရေးဒုက္ခသည်းခံဘွဲ့" ရရှိလိုက်တာကတော့ အမှန်ပါပဲ၊ ဘယ်ဒေသမှာပဲ နေနေ ဘာ

ယ်ဌာနေကိုပဲရောက်ရောက်  အစားအသောက်နဲ့ ပတ်သက်လို့ကတော့ ေ
အးအေးဆေးဆေး   လွယ်ကူရိုးရှင်း လှပါတော့တယ်၊ ရှိတာလေးနဲ့ စားနိုင် ြ
ခင်းဆိုတဲ့  အရည်အချင်းနဲ့ အမြဲ တမ်း ပြည့်စုံပြီး   စိတ်ချမ်းသာမှု အ ပြည့်
ရှိလို့ နေရပါတော့တယ်၊ ဒုက္ခကြီးကို ကျော်လွန် အောင် မြင်လာခဲ့ပြီမို့  ဒုက္ခေ
လးကို ရင်ဆိုင်လိုက်ရတဲ့အခါမှာတော့  လုံးဝမှုစရာကို မလိုတော့တာ အမှန်
ပါပဲ၊ ဝိပဿနာဘာဝနာတရား ပွားများအားထုတ်ကြတဲ့ သူများမှာ   တွေ့ကြုံ
ခံစားနေရတဲ့ ခန္ဓာကိုယ်ဒုက္ခ ဝေဒနာကြီးကို  ကျော်လွှားအောင် မြင်သွားအော
င်   တကြိမ် တစ်ခါလောက် ဇွဲလုံ့လ အ ပြည့်နဲ့  သည်းခံနိုင်သွားတဲ့ ယောဂီ
တို့မှာ ဘဝတစ်သက်တာမှာ ကြုံတွေ့နေရမဲ့ အသေးအဖွဲ ဒုက္ခလေးတွေကို
လုံးဝမ ဖြုံ တော့သလိုပါပဲပေါ့။

ရုပ်ရည်သာချော   မနောမည်းလှ

မိမိနဲ့ တစ်ခန်းတည်း  အတူနေရတဲ့  ဘုန်းကြီးကတော့ ဖြင့်  ရုပ်ရည်
ခံ့ညား အသား ဖြူဖွေး  မြင်ရသူတွေအဖို့   ကြည်ညိုဖို့ကောင်းလှပါတယ်၊ မိ
ဘများက တရုတ်လူမျိုး ဖြစ်ပုံ ရပါတယ်၊ ရုပ်ရည်ကချောမော  ကြည်ညိုဖို့ေ
ကာင်းလှပေမဲ့  စိတ်ဓါတ်ကတော့ ဖြင့် ရုပ်ရည်နဲ့ တခြားစီ  မည်းလှပါပေတ
ယ်၊ သူ့မိဘများက ချမ်းသာပုံရပါတယ်၊  သူ့မှာ ခေတ်မှီ ပစ္စည်း ပစ္စယ အသုံး
အဆောင်တွေ  အ ပြည့် အစုံ ရှိလို့နေပါတယ်၊ စောစောတုံးကဆိုရင် အဲဒီအခ
န်းမှာ တစ်ပါးတည်း နေထိုင်ခဲ့ပုံ ရပါတယ်၊ သူ့အခန်းကိုကြည့်လိုက်ရင်   စာ
သင်သား နေတဲ့အခန်းနဲ့ မတူဘဲ  ကျောင်းထိုင်ဘုန်းကြီးနေထိုင်တဲ့ အခန်းထ

က်တောင် အများကြီး သာနေတာကို တွေ့ခဲ့ရပါတယ်၊ အတိတ်ဘဝတုံးက ဒါနကုသိုလ်ကံ ရှိခဲ့လို့ပဲ နေမှာပေါ့၊ မုဒိတာပွား ဂုဏ်ယူစရာ ကောင်းလှပါပေတယ်၊ ဒါပေမဲ့ သူပိုင်ဆိုင် တဲ့ပစ္စည်းတွေကို ဘယ်သူ့ကိုမှ ထိခွင့်မ ပြုပါ၊ သူ့ရဲ့ သတင်းစာတွေကို ဘယ်သူမှ ပေးမဖတ်ပါ၊ သူ့ရဲ့တီဗီဖွင့်ချိန်မှာ ကြည့်ချင်ကြတဲ့ ကိုရင် ဦးပဥ္စင်းတွေက အခန်းအ ပြင်ဖက်ကနေရပ်ကြပြီး ပြူတင်းပေါက်ကနေတဆင့် လှမ်းကြည့်နေကြရပါတယ်၊ အဲဒီ မြင်ကွင်းကို မြင်ရတိုင်း စိတ်ထဲမှာ အတော့်ကို မချမ်းသာလှပါ၊ သူတို့ ကျောင်းမှာ လာရောက်တည်းခိုနေရတဲ့ ကျေးဇူးတရားကိုတောင် မထောက်ထား မငဲ့ ညှာဘဲ လုပ်ရက်လိုက်လေ ခြင်းပါပဲ၊ တစ်ခါတစ်လေမှာ ကိုရင် ဦးဇင်းတွေ စိတ်ဝင်တစားနဲ့ သူ့ရဲ့တီ ဗီကို ကြည့်လို့ ကောင်တုံး ပျော်နေတုံးမှာ အကြောင်းမဲ့ တီဗီကို ပိတ်ပစ်ချင်လဲ ပိတ်လိုက်တာပဲ၊ နှ လုံးသားထဲမှာ ကိုယ်ချင်းစာတရား ေမတ္တာစေတနာဆိုတာ ကင်းမဲ့လို့နေပါတယ်၊ ကုတင်ချင်းကပ် အိပ်နေရတဲ့ မိမိအဖို့ သူ့ဆီက ဓမ္မသံဝေဂ ဘဝသခ်ၤဏ်းစာတွေ အများကြီး သင်ယူရရှိခဲ့ပါတယ်၊ လက်တွေ့ သင်ပြ ပေးနေတဲ့ ဓမ္မဆရာ လို့ပဲအောက်မေ့ပြီး သူ့ကိုကြံဖန်ပြီး ကျေးဇူးတင်နေရပါသေးတော့တယ်၊ တစ်ခါမှာတော့ မိတ်ဆွေ တစ်ပါးက အမေရိက ကို သွားရောက်နေထိုင်ဖို့ လေယာဥ်လက်မှတ် အတွက် အခက်အခဲ ရှိနေတာကို တစ်ခဏလောက် ပိုက်ဆံချေးပေးဖို့ ခဲယဥ်းနဲ့ သူ့ ကို လာရောက်ပြီး မေတ္တာရပ် အကူအညီတောင်းခံတာကို မြင် တွေ့လိုက်ရပါတယ်၊ သူက ဘာ ပြောသလဲဆိုတော့ အခမဲ့ အလွတ်တော့ မပေးနိုင်ဘူး၊ အတိုးပေးမှ ချေးမယ်တဲ့၊ ပြောရက်လိုက်လေခြင်းပါပဲ၊ နောက်ထပ် ဘာပြော ႐

ပန်သလဲဆိုတော့ ကိုလံဘိုမှာရှိတဲ ထိုင်း သီလရှင်တစ်ပါးက တာဝန်ယူ အာမ ခံပေးမှုလဲ ရှိရမယ်တဲ့၊ အဲဒီသီလရှင်ဟာ ကိုလံဘိုမြို့ရှိ ဘဏ်မှာ ပိုက်ဆံများ အပ် နှံထားတာ ရှိကြောင်း အားလုံးက သိနေကြလို့ပဲ ဖြစ်ပါတယ်၊ ဒါနဲ့ မိမိ ကပဲ ဦးဆောင် တိုက်တွန်းမှု ပြုပြီး မိတ်ဆွေတွေ များဆီက တစ်ပါး နည်းန ည်းစီ စုပေါင်းပြီးမိတ်ဆွေ ရဲ့ လေယာဉ်ခကို ဝိုင်းဝန်းပံ့ပိုး ကူညီထောက်ပေး လိုက်လို့ အဆင်ေ ပြေသွားရပါတော့တယ်၊နှစ်ပတ်လောက်အ ကြာမှာတော့ မိတ်ဆွေ ဖြစ်သူက အမေရိက ကနေ ပြီး ပိုက်ဆံလွှဲလာ ပြန်လည် ပေးဆပ် လာခဲ့ပါ တယ်၊

သီရိလင်္ကာက ဒေသန္တရ ဗဟုသုတ

သီရိလင်္ကာမှာ တစ် နှစ်ခွဲကြာမျှ နေထိုင်ရတဲ့ကာလ အတောအတွ င်းမှာ တောပိုင်းဒေသ ဂျက်ဖနာ ဌာနကလွဲလို့ နေရာတကာမှာ သွားရော က်လေ့လာခွင့် ရ ရှိခဲ့ပါတယ်၊ အဲဒီ အချိန်တုံးက နို င်ငံရဲ့တောင်ပိုင်းဒေသ မှာ တမီလ် ကျားအဖွဲ့ သူပုန်တွေ က ကြီးစိုးထားတဲ့ အချိန် ဖြစ်လို့ပါပဲ၊ သ မိုင်းဝင်နေရာဒေသတွေမှာရော သာသနာဝင်နေရာဌာနတွေမှာပါ အခေါ က်ခေါက်အခါခါ ရောက်ခဲ့ရပါတယ်၊ ၄နှစ် လျှင် တကြိမ်ကျ အများ ပြည် သူတွေ အနီးကပ် ဖူးေ မြော်ခွင့် ရရှိအောင် ဘုရားရှင်ရဲ့ စွယ်တော် မြတ်ကို သက်ဆိုင်ရာ ဂေါပက အဖွဲ့ ဂိုဏ်းချုပ် ဆရာတော် ကြီးများနဲ့ ဘုရားလူ ကြီးများက ဖွင့်ပေးကြပါတယ်၊ အဲ ဒီ စွယ်တော် မြတ် ကြီးကိုလဲ ကံကော င်းထောက်မစွာနဲ့ပဲ အနီးကပ် ဖူးေ မြော်ခွင့် ရရှိခဲ့ပါတယ်၊ သီရိလင်္ကာမှာ သျှာ မ်း ဂိုဏ်း, အမရပူရ ဂိုဏ်း, ရာမည ဂိုဏ်းဆိုပြီး သံဃာ့ ဂို ဏ်း ၃ ဂိုဏ်း ရှိပါ

တယ်၊ သျှာမ်း ဂိုဏ်းဆိုတာက ယိုးဒယားသံဃာများအဆက်အနွယ် ၊အမရပူရဂိုဏ်းဆိုတာက မြန်မာ ပြည် အမရပူရ သံဃာများအဆက်အနွယ်၊ ရာမညဂိုဏ်းဆိုတာက ဟံသာဝတီမွန်နေ ပြည်တော်က သံဃာတော်တို့ ရဲ့ အဆက်အနွယ်တွေ ကို အကြောင်း ပြုပြီး ဂိုဏ်းသုံး တည် ရှိ လာရတာပဲ ဖြစ်ပါတယ်၊ မိမိတို့ရဲ့ မူရင်းဂိုဏ်း အဆက်အနွယ် ကို လိုက်ပြီး သင်္ကန်း ရောင် နဲ့ ဝတ်ရုံပုံပါ ကွာ ခြားမှု ရှိလာတာကို လေ့လာ တွေ့ရှိခဲ့ရပါတယ်၊

သီရိလင်္ကာနဲ့ ရွှေ မြန်မာတို့ ရှေးပဝေသနီကတည်းက နီးစပ်ဆက်သွယ်မှု ရှိလာခဲ့တယ်ဆိုတာကို ဒီသံဃာ့ဂိုဏ်း ၂ ဂိုဏ်းက သက်သေပြု ဖေါ်ညွှန်းပေးနေပါတယ်၊ဒီသီရိလင်္ကာနိုင်ငံမှာ ရှိတဲ့ အဓိကရ သမိုင်းဝင် နာမည်ကျော် စေတီတော် ကြီးတွေရဲ့ စိန်ဖူးတော်တွေ အလှူ ရှင်တွေက ဆိုရင်လဲ မြန်မာ ပြည်က ချည်းပဲဆိုတာ လေ့လာတွေ့ရှိခဲ့ရပါတယ်၊ ကန္ဒီမြို့ ရှိစွယ်တော်တိုက်နဲ့ ကပ်ရက် ပြတိုက်ဆောင် ကြီးမှာဆိုရင်လဲ တစ်ချို့သော အလှူ ရှင် များရဲ့ ကမ္ပည်းကို မြန်မာစာနဲ့ပဲ ရေးထိုးထားခဲ့တာကိုလဲ ကိုယ်တိုင်တွေ့ရ ဖတ်ရှုခဲ့ပါတယ်၊ဒါပေမဲ့လို့ ၁၉၉၅ခု နှစ်မှာ အမေရိက က ဘုရားဖူးအဖွဲ့တွေကို ဦးဆောင် ခေါ်သွားတဲ့အခါမှာတော့ နဂိုက မြင်ဖူး တွေ့ဖူးထားတဲ့ အလှူ ရှင်အမည်တွေကို မတွေ့ခဲ့ရတော့ပြီ။

နေရာ ပြောင်းရန် အကြောင်းဖန်

အစတုံးကတော့ သီရိလင်္ကာမှာ ၄-၅ နှစ်လောက် နေထိုင်ရန် အ[ ]ကံ ရှိခဲ့ဖူးပါတယ်၊ အဲဒီမှာ တစ် နှစ်ခွဲ ခန့်ကြာအောင် နေခဲ့ရပေမဲ့ တစ် နှစ်ေ

လာက်မျှသာ စာသင်ခွင့်ရရှိခဲ့တာပါ၊  ကျန်တဲ့ ၆ လကတော့ နေ့စဉ်နဲ့အမျှ ၂ မိနိ့ပေါ်မှာတင် သတ်လိုက် ဖြတ်လိုက်ရှိနေလို့ပါပဲ၊ မကြာခဏလဲ   ညမထွက်ရကားဖျူးထုတ်တာလဲ ရှိလို့နေ ပြန်ပါတယ်၊ အကြောင်းကတော့  ရုရှားနိုင်ငံမှာ ပညာသွားရောက် သင် ယူပြီး  ဒေါက်တာဘွဲ့ ရရှိလာခဲ့တဲ့သူခေါင်းဆောင်တဲ့  ဂျေ ဘီ ပီ  လို့ အတိုကောက်ခေါ်ထားတဲ့ ကွန် မြူနစ် ဝါဒီ အဖွဲ့ ဝင်တွေတော်လှန် ပုန်ကန်မှု ပြုနေတဲ့ အခါသမယ ဖြစ်နေလို့ပါပဲ၊နေ့စဉ်လိုလို  လူတွေ အတော် များများ အသတ်ခံထိနေကြတယ်၊ ကျောင်းဆရာ/ မ တွေ,  ဘုန်းကြီးတွေ ပါမကျန်  ပစ်သတ်ခံခဲ့ရတယ်၊ ကိုလံဘို မြို့ပေါ်မှာ အသတ်ခံသူတွေရဲ့ အသုဘစျာပနမှာကြွ ရောက်တဲ့ နာမည် ကြီးဆရာတော် ကြီး တစ်ပါးက ဆိုရင်  အသုဘက အပြန်  သူ့ကျောင်း အဝင်ဝမှာ  အပစ်သတ်ခဲ့ရတယ်၊ နောက်ထပ်ပြီး ဆရာတော်  ၂၁ ပါး အသတ်ခံရရန် အမည်စာရင်းနဲ့ ဖေါ်ပြပတာ ရှိတယ်လို့ ကောဠာဟလသတင်းတွေကလဲ ထွက်လာနေ ပြန်ပါတယ်၊ ဒါကြောင့်  သံဃာထု တစ်ခုလုံးကိုပါ တုန် လှုပ်စေခဲ့ရပါတော့တယ်၊ မိမိနေထိုင် တဲ့ ကျောင်းကဆရာတော် ကြီးလဲ  သူနေတဲ့ စံ ကျောင်းထဲမှာပဲ သီတင်းသုံးစေ ပြီး  အတွင်းရော  အပြင်ပါ  သော့ ခတ်ထားရပါတော့တယ်၊ တပည့်များကစိတ်ပူလို့   အလှည့်ကျ ကင်းစောင့်ပေးနေရပါတယ်၊ အင်မတန်ဆိုးတဲ့ ကွန် မြူနစ် ရောဂါ ဘေးဆိုးကြီးပါပဲ၊

ခေတ်ကာလက  သိပ်မကောင်းတတ်တော့လို့    ဒိပြင် နိုင်ငံ တစ်ခု ကို  ‌ပြောင်းရွှေ့နေထိုင်ဖို့   စိတ်ကူးခဲ့ရပါတော့တယ်၊  ပြောင်းသာ ပြောင်းချင်နေတာ  မိမိမှာ အသိအကျွမ်း အဆက်အသွယ်က မရှိတော့  နယူးဒေလီ

မှာ ရှိတဲ့ ဆရာသမားကိုပဲ အကူအညီတောင်းရ ပြန်ပါတယ်၊ ဆရာသမား ဖြစ်သူက ဩစတေးလျနိုင်ငံ ဆစ်ဒနီမြို့က မြန်မာ ဘုန်းကြီးကျောင်းကို အဆက်အသွယ် ပြုလုပ်ပေးခဲ့ပါတယ်၊ အဲဒီက ကျောင်းဂေါပက လူကြီးတစ်ယောက်နဲ့ စာအဆက်အသွယ် စပြီး ပြုလုပ်လို့လာနေပါပြီ၊ အဲဒီ အချိန်ခါကာလမှာပဲ မကြာမီက အမေရိကကို ပြောင်းရွှေ့နေထိုင်ခဲ့တဲ့ ထိုင်းမိတ်ဆွေ ဘုန်းကြီးက သူနဲ့အတူ လတ်စ်ဝေးဂတ်စ်မြို့မှာ လာရောက်နေထိုင် ဖို့ စပွန်စာ ပို့ပေးလာပါတယ်၊ အဲဒီလို ရွေးစရာ နှစ်ခု ရှိလာတော့ကာ ဩစတေးလျ မှာကအသိဆိုတာ ဘယ်သူမှ မရှိပါ၊ အမေရိကမှာ ကျတော့ မိတ်ဆွေတစ်ပါးရှိ လို့နေ ပါပြီ၊ အမေရိကကို သွားတာက ပို ကောင်းလိမ့်မယ်ထင်လို့ အမေရိက သွားဖို့ ဆုံးဖြတ်လိုက်ရပါတယ်၊ ကံမင်းတရား စီမံပေးရာကို လိုက်လေရပါတော့တယ်၊ အဲဒီ စပွန်စာ စာရွက်စာတမ်းတွေကို ကိုင်ပြီး အမေရိကန် သံ ရုံးကို သွားရောက် လျှောက်ထားခဲ့ရပါတယ်၊ နောက်တစ်ပတ် ရက်ချိန်းရက်ကျတော့ တစ်ဖန် သွားခဲ့ရပြန်ပါတယ်၊ အစမှာတော့ ကောင်တာက အရာရှိက ဒီမှာဗီဇာမပေးနိုင်ဘူး၊ မိမိရဲ့ မူရင်းနိုင်ငံကို ပြန်ပြီး လျှောက်ယူပါလို့ အကြံ ပြုပါတယ်၊ မိမိက အသနားခံပြီး ပြောလိုက်ရပါတော့တယ်၊ ခုလိုချိန်ခါမှာ မြန်မာ ပြည်ကို ပြန်သွားရင် ပြန်ထွက်လာဖို့ ရချင်မှ ရတော့မယ်၊ မသေချာဘူး၊ ဒါကြောင့် ဖြစ်နိုင်မယ်ဆို ရင် ဒီမှာပဲ ဗီဇာထုတ်ပေး စေချင်ကြောင်း မေတ္တာရပ်ခံ ခဲ့ရပါတော့တယ်၊ ဒါနဲ့ အရာရှိက ဒီမှာခဏ စောင့်နေအုံးဆိုပြီး အထဲမှာ ရှိတဲ့ လူကြီးကို သွားရောက်ပြီး တင် ပြခဲ့ပါတယ်၊ ၅မိနစ်လောက်ကြာတော့ အရာရှိက ပြန်ထွက်လာပြီး OK ပါဆိုပြီး ဗီဇာ ရိုက် နှိပ်

ပေးလိုက်ပါတယ်၊ အ လည်အပတ် ၆ လဗီဇာ B-2 ဖြစ်ပါတယ်၊ ကျေးဇူး လဲတင် ဝမ်းလဲသာမိပါတယ်။

အမှန်အတိုင်း ပြောရရင် အာဟာရကလဲ သိပ် ပြီး မပြည့်ဝလှ စာကိုလဲ အ ပြတ် ကြိုးစားရ ပြန်တော့ ကျန်းမာရေးကလဲ ချူချာ လာပါေ တာ့တယ်၊ တက်ထားတဲ့ ကောလိပ် ကျောင်းတစ်ခုမှာ နောက် ဆုံးစာေ မးပွဲကြီး ဖြေဆိုရဖို့လဲ နီးလို့ လာနေပါပြီ၊ ကျန်းမာရေးကိုပင် ဂရု မစိုက်နိုင် လောက်အောင် စာကိုဖိကြိုးစားနေရပါတယ်၊ စာမေးပွဲ ဖြေဆိုရတဲ့ နောက် ဆုံးနေ့ အထိ ကိုယ်ရော စိတ်ပါ မနည်းကြီး အားတင်းပြီး ထားခဲ့ရပါတယ်၊ ဖြေ ဆိုထားတဲ့ စာမေးပွဲ အောင် မြင် ကြောင်း နောက်၃-၄ လလောက်မှ သိခဲ့ ရပါတော့တယ်၊ အဲဒီအချိန်မှာ မိမိက ကိုလံဘိုမှာ ရှိနေတာမဟုတ်တော့ပါ၊ စာမေးပွဲကြီးလဲ ဖြေဆိုပြီးပါလေရော နောက်တစ်နေ့မှာပဲ အဖျားကြီးဝင်ပြီး ဗုန်းဗုန်းလဲပါတော့တယ်၊ စာမေးပွဲကြီး ဖြေဆိုပြီးသွားတာ ဖြစ်လို့ တော် ၂ ကီးတော် ပါသေးရဲ့လို့ ဆိုရပါလိမ့်မယ်၊ ကျောင်းက မိတ်ဆွေတစ်ပါး က ေ ဆးခန်းကို လိုက်ပို့ပေးခဲ့ပါတယ်၊ တစ်လလောက်ခန့်က များစွာမှ နုံးချည့် အားနည်းခဲ့လို့ မိမိရဲ့သက်န်းကိုတောင် လျှော်ဖွပ်နိုင်တဲ့ အင်အား မရှိတော့ ပါ၊ခံတွင်းကလဲ ပျက်လို့ ဆွမ်းလဲ သိပ်မဘုဥ်းနိုင်ပါ၊ လုပ်စားနေကျ ခေါက် ဆွဲ ခြောက်ကိုလဲ ခါတိုင်းလို မပြင်ဆင်နိုင်တော့ပါ၊ စကား ပြောလို လှုပ် ရှားလိုစိတ်မရှိ အိပ်ယာပေါ်မှာပဲ လှဲပြီးတော့သာ နေချင်ပါတော့တယ်၊သတ င်းရလို့ မြန်မာကျောင်းက ဘုန်းကြီး များရဲ့ စီစဥ်ပေးမှု ကြောင့် အဲဒီကျော

င်းမှာ နေတဲ့ မွန်ကျောင်းသားလေး စိုင်းဆနန် ကပဲ လာရောက်ပြီးသက်န်းကို လျှော်ဖွပ်ပေးခဲ့ပါတယ်၊ ကျေးဇူးတင်လိုက်ရတဲ့ ဖြစ် ခြင်းပါပဲ၊

အဲဒီကာလမှာ ထိုင်းကဘုရားဖူး အဖွဲ့တွေ ကျောင်းကို လာရောက်ပြီး ဆွမ်းကပ်ကြပါတယ်၊ မိမိမှာ ဆွမ်း မဘုဥ်းနိုင်မှန်း သိတော့ ခွန် လိပ် ဆိုတဲ့ ဒကာမ ကြီး တစ်ယောက်က မိမိကို သနားစိတ် ဝင်သွားပုံ ရပါလိမ့်မယ် နဲ့ တူပါတယ်၊ တံခါးအပေါက်ဝကနေပြီးတော့ ဒီကိုယ်တော် ဆွမ်းမဘုဥ်းပေးနိုင် ရင် သူမက ကော်ဖီဖျော်ပြီး ကပ်လိုက်ပါ့မယ်လို့ ပြောသံကိုကြားခဲ့လိုက်ရပါတယ်၊ အဲဒီအသံကိုကြားရတော့ မိမိမှာကြိတ်တ်ပြီးတော့တောင် ဝမ်းသာမိလိုက်တာ အမှန်ပါပဲ၊ ဒါပေမဲ့ ကံမကောင်း ချင်တော့ တစ်ခန်း ထဲ အတူနေကိုယ်တော် မြတ်က ဒကာမ ကြီးကို ဘာပြောလိုက်သလဲဆိုတော့ ဒီကိုယ်တော်က ကော်ဖီ မသောက်ဘူးလို့ ပြောလိုက်ပါသတဲ့ဗျာ၊ဒါနဲ့ပဲ ဝမ်းသာလုံးက ပျောက်ဆုံးသွားရ ပြန်ပါတော့တယ်၊ မိမိရဲ့ အတိတ်ဘဝ အကုသိုလ်ကံ ကြီး အစစ်ပါပဲလေ။

မြို့တော်ဘန်ကောက် နောက်တစ်ခေါက်

နည်းနည်းလေး နလံထလာတဲ့အခါမှာပဲ အမေရိကကမိတ်ဆွေက ဖုံးဆက်လာပါတယ်၊ အမေရိကကို လာဖို့ လေယာဥ်လက်မှတ် ပို့လိုက်ပြီ၊ ဘန်ကောက်မြို့ ဒုဆစ်ဌာနီ ဆိုတဲ့ဟိုတည်မှာ သွားရောက်ပြီး ရယူခဲ့ပါလို့ ပြောလာပါတယ်၊ ဒါနဲ့ တ နှစ်ကြာမျှ တက္ကသိုလ်မှာ တက်ရောက် သင်ကြားထားတဲ့ စာမေးပွဲ ကျင်းပတဲ့အထိ စောင့်မနေတော့ဘဲ ကိုလံဘိုမြို့တော် ကြီးကို ဂွတ်ဘိုင် လုပ်လိုက်ရပါတော့တယ်၊

နေလို့ မကောင်း တကောင်းနဲ့ပဲ ကိုလံဘိုကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကို တတိယ အကြိမ် မြောက် ပြန်ရောက်ရ ပြန်ပါတယ်၊ ဘန်ကောက်လေဆိပ်ရောက်တော့ ခွန်လိပ်ဆိုတဲ့ ဒကာမကြီးမိသားစုအိမ်ကို တက္ကစီးငှါးပြီး သွားခဲ့ရပါတယ်၊ ဆုခွမ်ဝစ် ဆိုတဲ့ သူတို့ အိမ်မှာ တစ်ပတ် လောက်တည်းခို ခဲ့ရပါတယ်၊ သူတို့ရဲ့ မေတ္တာ ကရုဏာ ကျေးဇူးတရား ကြောင့် ကျန်းမာရေးစစ်ဆေးဖို့ ဆေးခန်းကို ခေါ်ပေးသွားခဲ့ပါတယ်၊ အားရှိအောင် ေကာင်းတဲ့ အစားအစာကိုလဲ ချက်ပြုတ် ကျွေးမွေးပေးခဲ့ပါတယ်၊ အဲဒီကျေးဇူးတရားကို တစ်သက်တာမှာ မေ့နိုင်ဖွယ်မရှိပါ၊ခွန်လိပ် တို့ မိသားစုများ ေရာဂါကင်းကွာ စိတ်ချမ်းသာစွာ ကြီးပွားတိုးတက် အောင် မြင်ကြပါစေ---လို့ မဟာဆန္ဒ ပြုလိုက်ရပါသတည်း။

တစ်ပတ်ခန့်လောက်အ ကြာမှာတော့ ကျန်းမာရေးက ၇၅% လောက် ကောင်းလို့လာနေပါပြီ၊ အိမ် ရှင် ခွန်လိပ်တို့နဲ့ အတူတူ သီဟိုဠ် ကို ဘုရားဖူးကြွလာဖူးတဲ့ ဆရာတော် ကြီးက သူ့ကျောင်းမှာ အားလာမွေးဖို့ အိမ်အထိလာရောက် ခေါ်ဆောင်ခဲ့ပါတယ်၊ ရှာမှ ရှားတဲ့ မေတ္တာရှင် ဆရာတော် ကြီးပါပေပဲ၊ အင်မတန်မှ နာမည် ကြီးလှတဲ့ သက်သတ်လွတ် ဘုန်းပေးတဲ့ ဆရာတော် ကြီးပါပေပဲ၊ သူ့ကျောင်းကလဲ အင်မတန်မှကြီးမား ကျယ်ဝန်းလှပါတယ်၊ ဘန်ဆကယ် ကျောင်းလို့ခေါ်ပါတယ်၊ အဲဒီ ဘုန်းကံကြီးမား ထင်ရှားလှတဲ့ဆရာတော်တစ်ပါး မိမိလို အပယိက ပမ္ဘား နိုင်ငံရပ်ခြားက ကိုယ်တော်တစ်ပါးကို ဂရုတစိုက် မေတ္တာထားရှိပေးတယ်ဆိုတာ နည်းနည်းနောနော မေတ္တာမဟုတ်ခဲ့ပါလေ၊ အဖေ ဘုန်းကြီး တစ်ပါးလိုပဲ လေးစားကြည် ညို

အားထားခဲ့ရပါတော့တယ်၊ အဲဒီ ဘန်ဆကယ် ကျောင်းမှာ အားယူမွေးရင်းနဲ့ ၃ ပတ် တိတိကြာခဲ့ပါတယ်၊ နာမည် ကြီးတဲ့ဆရာတော် ဖြစ်သလို နေ့စဥ်ေလာက်နီးနီး ပင့်ဖိတ်တဲ့အိမ်မှာပဲ နေ့ဆွမ်းစားကြွခဲ့ရပါတယ်၊ ချမ်းသာတဲ့ အိမ်တွေ ဖြစ်သလို တစ်ပါးတစ်ပါး ကို နဝကမ္မအလှူငွေ ဘတ်ငါးရာ, တစ်ေထာင် လှူတတ်ကြပါတယ်၊ ဆရာတော်မှာ သူရရှိခဲ့တဲ့ အလှူငွေတွေကို ပညာရေးစရိတ် အ ဖြစ် မိမိကိုပဲ အကုန်လုံး စွန့်ပေးခဲ့ပါတယ်၊ ဒီလို စိတ်စေတနာကောင်းလှတဲ့ ဆရာတော် မျိုး လောကမှာ ဘယ် နှစ်ဦးလောက် ရှိနိုင်မှာပါလိမ့်မလဲ စဥ်းစားပြီးတော့သာကြည့်လိုက်ပါတော့၊ ဆရာတော်ဘုရားကြီး ပျံလွန် တော်မူပြီးတဲ့အခါမှာ နတ် ပြည်လောက နတ်ဗြာနမှာ တစ်ထောက်တစ်နား ရောက်ရှိ စံမြန်းနေပေလိမ့်မှာ သေချာလှပါတယ်၊ ပြုခဲ့တဲ့ကံနဲ့ထပ်တူ ညီမျှ ကျိုးဖလကို ခံစားကြရမယ်ဆိုတာ ဓမ္မနိယာမ အစစ်ပါပေပဲ၊

ဘန်ကောက်ကနေ အမေရိကကို သွားခါနီး ရရှိထားတဲ့ အလှူငွေေတွကိုဘဏ်မှာ သွားလဲတော့ ဒေါ်လာ တစ်ထောင်ကျော်ခန့် ရရှိခဲ့ပါတယ်။

## ဦးစွာပထမ အမေရိကခြေလှမ်းချ

မှတ်မှတ်ရရ ပြောရရင် ၁၉၉၀ ခု နှစ် ဒီဇဘ်ာလ ၁၇ ရက်နေ့မှာ ထိုင်းကကျေးဇူးရှင်ဆရာတော် ကြီးများနဲ့ ဒကာ/မ များကို နှုတ်ခွန်းဆက်ပြီး အမေရိကရဲ့ ပထမဆုံးသော ဘဝခရီးလမ်းကို လှမ်းခဲ့ရပါတော့တယ်၊ဘန်ကောက်ကနေ အမေရိကန်နိုင်ငံ, နေဗားဒါ ပြည်နယ်, လတ်ဝေးဂတ်စ်မြို့ကို ကိုးရီးယား အဲလိုင်းနဲ့ ထွက်ခွါခဲ့ပါတယ်၊ လတ်ဝေးဂတ်ရှိ အ ပြ

ည် ပြည်ဆိုင်ရာ လေဆိပ်မှာ စပွန်စာ နဲ့ လေယာဉ်လက်မှတ် ပို့ပေးခဲ့တဲ့ အာကျန် နရှန် ဆိုတဲ့ မိတ်ဆွေကပဲ လာရောက် ကြိုဆိုပေးခဲ့ပါတယ်၊ သူ့ရဲ့ ကျေးဇူးကြောင့်ပဲ အမေရိက ကို ခြေချနိုင်တာပဲ ဖြစ်ပါတယ်၊ မိမိရဲ့ အရေးပါလှတဲ့ ဘဝအချိုးတစ်ကွေ့မှာ ကူညီစောင်မ ဘဝအလှ ပြောင်းပေးလိုက်တဲ့ မိတ်ဆွေ တစ်ယောက်ရဲ့ ကျေးဇူးတရားကို တန်ဖိုး မ ဖြတ်နိုင်လောက်အောင်ပဲ များ မြောင်လှပါတယ်၊ မိမိအသက်ရှူနေသေးသမျှ နှလုံးဟဒယမှာ ထာဝရ စွဲမြဲ ကျန်ရှိ တည်ရစ် အောက်မေ့မိနေပေလိမ့်မှာ မုချမလွဲပါ၊ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ခဲ့သလို နှလုံးသားမှာ ဓမ္မရတနာ တရားထူး တရားမြတ်တွေ ကိန်းတည်ပါစေလို့ ပတ္ထနာဆု ပြုလိုက်ပါရစေ၊

လေဆိပ်ကနေ အပြန် ကျောင်းကို ရောက်ရောက် ချင်း မိတ်ဆွေ စိုက်ထုတ်ထားခဲ့တဲ့ လေယာဉ်လက်မှတ်ခ ဒေါ်လာ တစ်ထောင့် နှစ်ရာ ငါးဆယ် နဲ့ အပိုအလှူငွေ အဖြစ်ဒေါ်လာ လေးဆယ် စုစုပေါင်းဒေါ်လာ ၁,၃၀၀ ကို ပေးဆပ်လိုက်ခဲ့ရပါတယ်၊ ဘန်ကောက်မှာ ခဏတာမျှ နေခဲ့စဉ်က ရရှိထားတဲ့ငွေနဲ့ လေယာဉ်ခ အတွက် အကိုက်ပဲ ဖြစ်သွားပါတော့တယ်၊ ကြွေးမြီ မရှိ ခြင်းဟာ ချမ်းသာတစ်မျိုးပါပေပဲ၊ အဲဒီအချိန်တုံးက လတ်ဝေးဂတ်စ် မြို့ရဲ့ လူဦးရေဟာ ၇ သိန်းခန့်သာ ရှိပါတယ်၊ အခု စာရေးနေတဲ့အချိန်မှာတော့ လူဦးရေပေါင်း ၂ သန်းခွဲခန့် ရှိလို့နေပါပြီ။

သေကံမရောက် သက်မပျောက်

သဲကန္တာရ လောင်းကစားမြို့တော် ကြီးကို ရောက်လာပြီး တစ်ပတ်အတွင်း မှာပဲ ဗဟုသုတ ဖြစ်ဖွယ် ရောက်သင့်ရောက်ထိုက်တဲ့နေရာဌာ

တွဆီကို သွားရောက်လေ့လာ ကြည့်ရှု ခဲ့ရပါတယ်၊ တစ်နေ့သောအခါ မှာတော့ ခွန်မူ ဆိုတဲ့သူက မိမိတို့ သံဃာသုံးပါးကို ဝဲယ်လေ အော့ဖ် ဖိုင်း ယား ဆိုတဲ့မြို့ ပြင်တစ်နေရာကို ကားမောင်းပို့ပေးခဲ့ပါတယ်၊ အဲဒီနေရာ မှာ နေထိုင်သူတွေ မရှိပါ၊ ဟို ရှေး တုံးက Red Indian လူမျိုးတွေ နေထို င်ခဲ့ ဖူးတဲ့နေရာပါ၊ ရုံး ပိတ်ရက်လို နေ့များမှာ သွားရောက်လေ့လာ ကြည့် ရှုသူတွေ ရှိတတ်ပါတယ်၊ မိသားစုတွေနဲ့ ပျော်ပွဲစား ထွက်သလို သွားရော က်တတ်ကြပါတယ်၊ မိမိတို့ အဖွဲ့က နေ့လည်ဆွမ်း ဘုဥ်းပေးပြီးမှ သွားခဲ့ ကတာ ဖြစ်ပါတယ်၊ ဟို ရောက်တော့ ရှေ့ခေတ်ကလူတွေ သဘာဝအလျော က် နေထိုင် သွားကြတဲ့ လှိုဏ် ဂူတွေ ရှိတဲ့နေများကို လမ်းလျှောက်ပြီး လေ့ လာကြည့် ရှု ရင်း ဗီဒီယို ဓါတ် ပုံတွေရိုက် ရင်းနဲ့ မိုးချုပ်ခါနီးမှ ကျောင်း ကို ပြန်ခဲ့ ကြရပါတော့တယ်၊ မိမိတို့ အဖွဲ့က နောက်ဆုံး ပြန်တဲ့ကားပဲလို့အော က်မေ့မိခဲ့ပါတယ်၊ အပြန်ခရီး စတင်လိုက်လို့ ၁၅ မိနစ်လောက်အကြာမှာ ကံဆိုးချင်တော့ ကုန်းအဆင်းတစ်နေရာမှာ ကားမောင်းသူက ကားကိုထိန်း မရတော့ဘဲ ဘေးကို ချော်ကျ သွားပြီး နှံ့ မြေထဲကို ရှေ့ ဘီး နှစ်ဘီး ကျွံနစ်ပြ ပီး သွားခဲ့ပါတော့တယ်၊ ကားပေါ်ပါလာသူ အကုန်လုံး ကားအ ရှိန်နဲ့ ဆောင့်ပြ ပီး အသီးသီး နာ ကျင်မှု ခံစားခဲ့ကြရပါတယ်၊ မိမိမှာက ကားနောက်ခုံ မှာ ထိုင်တော့ ကားအဆောင့်မှာ ကားရှေ့ ခုံနဲ့ လက် ဖဝါး ဆောင့်မိလို့ ညာဖက် လက်မ အတော့်ကို အထိနာခဲ့ပါတယ်၊ကျိုးလု မတတ်ခံစားခဲ့ရပါတယ်၊ ဒီေ န့တိုင်အောင်ပဲ ဒဏ် ဖြစ်နေခဲ့တုံးပါပဲ၊ ဒါလဲပဲ အတိတ်ဘဝက ဝဋ်ကြွေး ေ ကာင့် ခံခဲ့ရတာပါပဲလေ၊ ဒို့တတွေမသေ ကြတာပဲ တော်ပါသေးရဲ့ လို့ ဆို

ရပါလိမ့်မယ်၊ ကားမှာကလဲ စက်က တော်တော် နဲ့ မရပ်သေး၊ ကား ရှေ့ပို င်းမှာလဲ ကြည့်လို့ မကောင်းတော့ပါ၊ မိုးကလဲ ချုပ်လို့နေပါပြီ၊ မိမိတို့တ တွေ ကိုယ်စီ နာကျင်မှု ရှိကြပေမဲ့လို့ စိတ်အားနဲ့ပဲ ကား ရှေ့ဘီး နှစ်ဘီး မြေ ကြီးထဲ စိုက်ဝင် ကျွံနစ်သွားတာကို ကြိုး စားပြီး ဖေါ်ကြရပါတယ်၊ သို့သော် နောက် ဆုံးမှာတော့ လက် မြှောက် အရှုံးပေးခဲ့ကြရပါတော့တယ်၊ အချိန်က ဒီဇဘာလ ကုန် ဆိုတော့ ညနေ ၅ နာရီလောက် ဆို မိုးကချုပ် လို့နေပါပြီ၊ မိမိတို့ မှာ ကြံရာမရ မနက်မိုးလင်းတဲ့အထိ ဘုရား တ, ပြီး နေကြရတော့မဲ့ ပုံပေါ်ပါတော့တယ်၊ အဒီ အချိန်တုံးက အမေရိက မှာ လက်ကိုင် ဖုံး သုံး တာ မရှိကြသေးပါ၊ ထောင်ချီ လောက် ရှိတဲ့ ယိုးဒယား လူ မျိုးတွေထဲကဆို ရင် တောင်မှ အတော် ချမ်းသာတဲ့ သူ နှစ်ယောက် ကသာ လက်ကိုင်ဖုံး သုံးနိုင်တာကို တွေ့ မြင်ခဲ့ရပါတယ်၊ ဒါပေမဲ့ ခုခေတ် လက်ကိုင် ဖုံး လို မဟု တ်ရပါ၊ တစ်တောင်လောက် နီးနီး ရှည်တဲ့ လက် ကိုင်ဖုံးကြီးပါ၊

မိမိတို့ကြံရာ မရ လက် မှိုင် ချနေရတဲ့ အချိန်မှာ မမျှော်လင့်ဘဲနဲ့ မိမိတို့ နောက် ကို ထရပ်ကားတစ်စီး ဆိုက်ရောက်လို့ လာပါတယ်၊ ဘာကူ ညီပေးရမလဲ လို့ မေးလာရှာပါတယ်၊ ဒါနဲ့ မိမိတို့ အဖွဲ့က တိုင်ပင်ခဲ့ကြပြီး မိမိတို့ ကျောင်းက ဆရာတော်တွေ အကျိုးအကြောင်း သိရအောင် အဲဒီ ကားဆရာနဲ့ မိမိကိုလူကြုံ ထည့် ခဲ့လိုက်ပါတယ်၊ အဲဒီကားဆရာ အမေရိက န် ကြီးက မိမိကို ကျောင်းအထိ ရောက်အောင် ပို့ဆောင်ပေးခဲ့ပါတယ်၊ ဘုရားနဲ့ နတ် မြတ် နတ် ကောင်း မ,ပေလို့ပါပဲ၊ ကားဆရာရဲ့ မေတ္တာ စေတနာ ကို အထူးလေးစား ဂုဏ်ယူခဲ့ရပါတယ်၊ အမေရိကန် လူ မျိုး တွေရဲ့ ပင်ဂို ဗီဇ

က များသောအား ဖြင့် ဘာသာရေးကိစ္စမှာသာ အလူ သိပ်ပြီး မ ပြုတတ်ကြ ကပေမဲ့ ဒုက္ခရောက်ရှိနေကြတဲ့ သူတွေကို ကူ ညီထောက်ပံ့တတ်တဲ့နေရာမှာတော့ ရက်ရောက် မှုအလွန် ရှိကြတာကို လေ့လာ တွေ့ ရှိခဲ့ရပါတယ်၊ စံပြု လောက်ပါပေတယ်၊ ၂၀၀၈ ခု နှစ် မြန်မာ ပြည်မှာ နာဂစ်မုန်တိုင်း ထိခဲ့စဉ်တုံးကလဲ ပိုက်ဆံ တွေ လာလှူလိုက်ကြတာ မနည်းလှပါဘူး၊ ဒါ့ကြောင့်လဲပဲ ဘိုကလေးမြို့နယ် ကျေးရွာ တစ်ခု မှာ စာသင်ကျောင်းတစ်ကျောင် ဆောက်လှူပေးနိုင် ခဲ့ရတာပဲ ဖြစ်ပါတယ်။

တပည့်တစ်ခါ ဆရာတစ်လှည့်

လတ်ဝေးဂတ်စ်မြို့ ကို ရောက် ရှိပြီး မကြာခင်မှာပဲ အင်္ဂလိပ်စာအတွက် ကျောင်းတက်ခဲ့ရပါတယ်၊ အခမဲ့ လူကြီးသင်ကျောင်းမှာ သတ်မှတ်ထားတဲ့အတိုင်း အမေရိကန်သမိုင်း, လူမှု ဘဝလေ့လာရေး, သင်္ချာ နဲ့ အင်္ဂလိပ်စာ ဘာသာရပ်များ ကို ပြီးဆုံးအောင်သင်ယူခဲ့ရပါတယ်၊ အဲဒီကနောက်မှာတော့ ကောလိပ်ကျောင်းတစ်ခုမှာ ပညာရပ်ပေါင်းစုံကို တက်ရောက်သင်ယူခဲ့ပါတယ်၊

ကျောင်းထိုင်ဆရာတော်ကြီးနဲ့ တရားချစ်ခင် သူတော်စင် အပေါင်းတို့ရဲ့ တောင်းဆိုချက် မေတ္တာရပ်ခံချက် ကြောင့် တစ်ပတ်လျှင် တကြိမ်ကျ တရားဓမ္မ ဟော ပြော ပြသမှု ပြုပေးခဲ့ရပါတယ်၊ ကျောင်းမှာ နေရာကျဉ်းလွန်းတာကြောင့် အိမ် ကြီးရှိတဲ့ မိသားစုများရဲ့ ၅ အိမ်လောက်မှာ အလှည့်ကျ စုဝေးကြပြီး တရားဟော တရားနာ တရားထိုင် လုပ်ကြရပါတယ်၊ နေ့ လည် ၁ နာရီကနေ ညနေ ၅ နာရီ အထိ ဖြစ်ပါတယ်၊ ပုံမှန် တရားနာသူ

ပါင်း ၁၅ ယောက်ခန့် ရှိပါတယ်၊ အဲဒီ ပထမ ဆုံးနေ့ တရားပွဲကစပြီး အသံဖ မ်းထားမှု ပြုလုပ်ခဲ့ပါတယ်၊ တရားဟော ပြောမှု ပြီးဆုံးသွားတဲ့ အခါမှာ တရားအမေး အဖြေ ဖြေလုပ်ခဲ့ ကြပါတယ်၊

တစ်ဖက်မှာက ကောလိပ်ကျောင်းကို သွားတက်ပြီး တပည့်ခံလိုက် ကျန်တ စ်ဖက်မှာကျတော့ ဒကာ/ မ များကို တရားဟော တရားပြရင်း ဆရာလုပ် လိုက်နဲ့ အချိန်ကို ကုန်လွန်သွားစေခဲ့ပါတယ်။

ကျောင်းရဲ့အခြေအနေ ဆိုးလှပေ

မိမိတို့နေထိုင်တဲ့ ဘုန်းကြီးကျောင်းက ဗုဒ္ဓဘာဝနာကျောင်းလို့ခေါ်ပါ တယ်၊ Sandhill လမ်း မှာ တည်ရှိပါတယ်၊ နှစ်ပေါင်း ၇၅နှစ်ကြာ အိုမင်း ဟောင်းနွမ်းလှတဲ့ တစ်ထပ်ကျောင်းဆောင်ပါ၊ အိပ်ခန်း ၅ ခန်း ရှိပါတယ်၊ ဝါဆိုသံဃာ ၉ ပါး ရှိပါတယ်၊ ဧည့်ခန်း မှာကျတော့ အာဏာကုန် လူအယော က် ၂၀ လောက်သာ ကျဥ်း ကျဥ်း ကျုတ် ကျုတ် ထိုင်လို့ရတဲ့နေရာပါ၊ အပြင် ဖက်မှာကျတော့ ကျယ်ဝန်းပါတယ်၊ မိုးရွာတဲ့အခါဆိုရင် ခေါင်မိုးက မိုးယို လို့ အောက်ကနေပြီးတော့ ဇလုံ, ပုံး, အိုးခွက် တွေနဲ့ နေရာ အနှံ့ မှာ ခံပေးေ နရပါတယ်၊ အခန်းတိုင်းမှာလဲ ပစ္စည်းတွေက အ ပြည့်မို့ ဖုံ စုပ်လို့လဲမရနိုင်ပါ ၊ အိမ်ငှါးခက တစ်လမှာဒေါ်လာ ၇ -ရာထဲသာ ပေးခဲ့ရပါတယ်၊မြို့ရဲ့ မြော က်ဖက် ခြမ်း တစ်နေရာမှာ ၁၀ ဧကလောက်ရှိတဲ့ မြေတစ်ကွက်ကို တစ်သိ န်း သုံးသောင်းနဲ့ဝယ်ယူထားကြပြီး ကျောင်းကြီးဆောက်လုပ်ဖို့ ပြင်ဆင်နေ ကတဲ့ အချိန် ဖြစ်နေပါတယ်၊ မိမိတို့ နေထိုင်နေရတဲ့ ကျောင်းဝန်းထဲမှာ ေ ကာင်ပေါင်း အကောင် ၃-၄ဆယ်လောက်ကလဲ ရှိနေပါသေးတယ်၊ ညစ်ပတ်

နံစော် နေလိုက်တာ ပြောမနေပါနဲ့တော့၊ လင်မယား နှစ်ယောက်က နေ့တိုင်း အစာလာကျွေးပေးနေရပါတယ်၊အိမ်အို ကြီးမို့ မိလ္လာ ပိုက် ကလဲ မကောင်း လို့ မကြာခဏ ဆိုသလို အကြီးအကျယ် ပြဿနာ တက်ခဲ့ရပါတယ်၊ အဝ တ်ေ လျှော်စက်ကလဲ မရှိတော့ သံဃာတော်များရဲ့ သင်္ကန်း , စောင်, သဘက်, အိပ်ရာခင်းတွေကို တစ်ပတ်တကြိမ်ကျ ဒကာမတစ်ယောက်က တာဝန်ယူ၂ ပီး သူ့အိမ်မှာပဲ လျှော်ဖွတ်ပးခဲ့ပါတယ်၊ ကျေးဇူးတင်ဖို့ ချစ်ဖို့ကောင်းတဲ့ မိ သားစုတွေပါပေပဲ။

တာဝန် ကိုယ်စီ ရှိကြသ ည်

မိမိရဲ့တာဝန်က မနက်တိုင်း ကျောင်းအပြင်မှာတံ မြက်စီးလှဲ , သစ်ပင် ပန်းပင်တွေ ကိုရေလောင်း , တစ်ပတ်လျှင် ၂ ရက်ကျ ကျောင်း အ မှိုက်ပုံး ကြီးပေါင်း ၇-၈ပုံး တို့ကိုသတ်မှတ်ထားတဲ့ လမ်းထိပ်မှာ သွားထားေ ပးရပါတယ်၊ မနက်စာအတွက် ထမင်းဟင်း ပုဂံ တို့ကို အဆင့်သင့် ပြင် ထားပေးရသလို ဘုရားဆွမ်းတော်အတွက်လဲ ဆေးကြောသုတ်သင် ပြင်ဆ င်ထားပေးရပါသေးတယ်၊ ဆွမ်းအလှူ ရှင်တွေ ရောက်ရှိလာတဲ့အခါမှာ အားလုံးအဆင့်သင့် ဖြစ်စေရပါတယ်၊ မနေ့က ထမင်းကျန် ဟင်းကျန် ရှိနေ တဲ့ အိုးတွေကိုလဲ မနက်ပိုင်းမှာ ဆေးေ ကြာပေးခဲ့ရပါတယ်၊ ကျောင်းသား, ကိုရင် တစ်ပါးလိုပဲ လုပ်ပေးနေရပါတယ်၊တစ်ခါတစ်လေကျတော့ ကိုယ့်ကို ယ်ကို ပြန်တွေးကြည့်မိတယ်၊ ရန်ကုန်မှာနေစဥ်တုံးက စာချဘုန်းကြီးတစ် ပါးအနေနဲ့ အချိန်တန် လက်ဆေးစား ရုံပဲ၊ ဒီမှာကျတော့ အေ ခြအနေအရ ကပ္ပိယ တစ်ယောက်လို လုပ်နေရပါကလားလို့ တွေးပြီး ကိုယ့်ကိုယ်ကို ရီမိပါ

တယ်၊ ဝမ်းမနည်းတာကတော့ အမှန်ပါပဲ၊ ကျောင်းအတွက် ကိုယ်လုပ်နိုင်တာ လုပ်ပေးခဲ့ရလို့ ဝမ်းတောင်သာလိုက်ပါသေးတယ်၊ မိမိကိုယ်ကို ဂုဏ်တောင် ယူမိလိုက်သေးတာအမှန်ပါပဲ၊

ကျန်သံဃာတွေက မိမိထက် ပိုပြီး ပင်ပန်းကြရှာပါတယ်၊ ကျောင်းအသစ်ဆောက်လုပ်ရေး ကိစ္စမှာ ဝိုင်းပြီး လုပ်ကြရပါတယ်၊ သူတို့ခမျာမှာ တစ်နေ့လုံး ကျောင်းခေါင်မိုးပေါ် တက်ပြီး အလုပ် ဝိုင်းလုပ်ပေးကြတယ်၊ မိမိ အနေနဲ့ လုပ်နိုင် စွမ်းမရှိတဲ့ အလုပ်မျိုးတွေပါပဲ၊ တစ်ခါတစ်လေကျတော့ ကျောင်းပတ်ချာလည်မှာ မြေတူး, သစ်ပင်စိုက် ကြမ်းတမ်းတဲ့အလုပ်ကို ကျန်သံဃာတွေက လုပ်ကြရပါတယ်၊ အကုန်အကျ သက်သာအောင် ဝိုင်း လုပ်ကြရခြင်းပဲ ဖြစ်ပါတယ်၊ သူများကို ငှါးပြီးလုပ် ခိုင်းရင် တစ်ယောက်ကို တစ်နာရီ ဒေါ်လာ သုံးဆယ်ခန့် ပေးနေရမဲ့ အလုပ်မျိုးတွေပါပဲ၊ မိမိကိုတော့ ကျောင်းထဲမှာပဲ နေခိုင်းပြီး ဖုံးလာရင် ကိုင်ပေးဖို့ တာဝန်ပေးထားပါတယ်၊ မိမိအပေါ်မှာ ဒီတို့ ရဲ့ ညာတာ သနားစိတ်ရှိကြတာကိုပဲ ကျေးဇူးတင်နေရပါတော့တယ်။

ဗီဇာကိစ္စ ခက်ခဲလှ

မိမိရဲ့ မြန်မာနိုင်ငံ ကူးလက်မှတ် သက်တမ်းက တနှစ်လောက်သာ သက်တမ်းရှိနေတာပါ၊ သက်တမ်းတိုးဖို့ ရန်ကုန်ကို ပြန် ပြန် ပို့ပေး နေရတဲ့ ခေတ်အခါမှာပါ၊ အမေရိကန် မှာ နေခွင့် ဗီဇာ ကလဲ ၆ လ ထဲရယ်ပါ၊ ဗီဇာက ကုန်ခါနီး နိုင်ငံကူးလက်မှတ်က လက်ထဲမှာ ရှိမနေ အတော့်ကို စိတ်မအေး ဖြစ်ခဲ့ရပါတယ်၊ ဗီဇာသက်တမ်းတိုးနိုင်ဖို့အရေး တစ် ချို့သော မြန်မာကျော

င်းတွေ ကို  အကြံဉာဏ်နဲ့ အကူအညီ တောင်းခံခဲ့ဖူးပါတယ်၊  သို့သော်  အင
ကာင်းအမျိုးမျိုးကြောင့် အဆင်မပြေခဲ့ပါ၊ နောက်ဆုံးမှာတော့ ထိုင်းကျော
င်းကပဲ  ထောက်ခံမှု ပြုပေးပြီး ဆန်ဖရန် က  ရှေ့နေတစ်ယောက်ငှါးပြီး လုပ်
လိုက်ရပါတော့တယ်၊ မရှိမဲ့ ရှိမဲ့နဲ့  ရှေ့နေခ  ဒေါ်လာ ၁၂၀၀ ပေးခဲ့ရပါတယ်၊
ဗီဇာကိစ္စ အကြောင်းဆုံးအောင် ပြော ပြရမယ်ဆိုရင်တော့  အရှည် ကြီးပါပဲ၊
၄  နှစ်ခန့်ကြာခဲ့ပါတယ်၊ မွေးစာရင်းထဲက လူနာမည်နဲ့  လက်ရှိ ဘုန်း ကြီး ဘွဲ့
နာမည်နဲ့ ကိုက်ညီမှု မရှိတာကိုလဲ  မနည်းကို ရှင်းယူရပါတယ်၊ဒီက ဓလေ့
ထုံးစံ ဥပဒေ လုပ်ထုံးလုပ်နည်း   နာမည်ပြောင်နည်းတွေနဲ့  မတူညီကြပေ
လို့ပါပဲ၊ သူတို့ရဲ့ နာမည် ပြောင်း နည်း  ဥပဒေက  တရားသူကြီးရှေ့မှာ ပြော
င်းယူကြရပြီး အထောက်အထား စာရွက်စာတမ်းရှိရမှာ ဖြစ်ပါတယ်၊    မြန်
မာ ပြည်မှာ မိသားစုမျိုးနွယ် မရှိတာကလဲ တစ်မှောင့်  ပထမဆုံးနာမည်ကို
ကျတော့  U  တစ်လုံးတည်း ဆိုတော့  စစ်ဆေးတဲ့ အရာရှိတွေအဖို့  သံသယ
စိတ်နဲ့ မေးခွန်း ထုတ်လာ ပြန်ပါပြီ၊  အ ပြန် ပြန် အလှန် လှန်  စာနဲ့ မေးလိုက်
ဖြေလိုက်လုပ်နေရတာနဲ့ပဲ အချိန်တွေ  နှောင့်နှေးခဲ့ရတော့တယ်၊   သက်ဆိုင်
သူတွေ  သံသယရှင်းအောင်  ကုလ သမဂ္ဂ အတွင်းရေးမှူး ဦးသန့် နာမည်ကို
ကိုးကားပြီး မြန်မာမှု မြန်မာ့ ဟန် နာမည်မှည့်ခေါ်ကြပုံ ကို ရှင်းပြ ခဲ့ရပါတ
ယ်၊ ထိုင်းရဲ့ ယဉ်ကျေးမှု ဓလေ့ ထုံးစံမှာတော့  ဘုန်းကြီးဘွဲ့ ကို တရားဝင် မ
သုံးစွဲကြပဲ  လူနာမည် အတိုင်းသာ သုံးစွဲကြတာ ဖြစ်ကြောင်း ကိုလဲ  ကျောင်း
ထိုင်ဆရာတော် ကြီးရဲ့ ဘွဲ့ ကို ကိုးကားပြီး ရှင်း ပြခဲ့ရပါတယ်၊ စစ်ဆေးတဲ့
အရာရှိက အတွေ့ အ ကြုံ ဗဟုသုတ နည်းသေးလို့ လဲ ဖြစ်နိုင်ပါတယ်၊ နော

က်ဆုံး မှာတော့ ဂရင်းကာဒ် ရရှိဖို့ လူတွေ့ အင်တာဗျူးစစ်ဆေးရုံပဲ ကျန် ပါတော့တယ်၊ ရှေ့နေ ဖြစ်သူက မိမိနဲ့အတူ လိုက်ပေးမယ်ပေါ့၊ သူနေတာက ဆန်ဖရန်မှာ ဆိုတော့ တစ် ပြည်နယ်စီပါပဲ၊

ရှေ့နေက ဘာပြောလာသလဲဆိုတော့ သူ့အိမ်ကစထွက် ကတ ည်းက တစ်နာရီကို ၄၅ ဒေါ်လာ နှုန်း နဲ့ သူ့ကိုပေးရမယ်တဲ့၊ တက္ကစီခ, လေ ယာဥ်ခ အသွားအ ပြန်, ထမင်းဖိုး, ၂ ညစာ ဟိုတည် ခ , ရှုံး သို့ လိုက်ပါ ဆော င်ရွက်ခ နဲ့ ကားတစ်စီး လဲ ငှါးပေးရမယ်၊နောက်ဆုံး သူ့အိမ် သူ ပြန်ရောက် တဲ့ အချိန်အထိ ကုန်ကျငွေ အားလုံးကို ပေးရမယ်လို့ စာထဲမှာ အပြည့်အစုံ ဖေါ်ပြထားပါတယ်၊ အတော့်ကို ပိုက်ဆံ ငတ်တဲ့ ရှေ့နေကြီးပါပဲ၊ အဓိက ကတော့ အာရှသား ဘုန်းကြီးတွေ မို့လို့ တောင်းတိုင်းပေးလိမ့်မယ်လို့ ထင် ပုံရပါတယ်၊နောက်တစ်ချက်က မိမိအိပ်ကနေ ပေးနေရတာကို သိပုံမပေါ်ပါ ဘူး၊ အဖွဲ့အစည်းကနေ ရှေ့နေခ စသည်ကိုပေးနေတယ်လို့ ထင်ကောင်းထ င်နိုင်ပါတယ်၊ မိမိတို့ကလဲ အတွေ့အကြုံကလဲ မရှိတော့ အင်တာဗျူး သွား တဲ့အခါမှာ ရှေ့နေဆိုတာ မ ဖြစ်မနေ လိုက်ပါရမယ်လို့ပဲ သဘောပေါက် ထားကြပါတယ်၊သိပ်ပြီး မများလှပဲ ရာဂဏန်းလောက်ရင်တော့ ပေးဖို့ စဥ်း စားထားပြီးသားပါပဲ၊ နောက်ဆုံးအနေနဲ့ လိုအပ်ချက် ရှိလာတော့လဲ ပေးကို ပေးရမယ်ပေါ့လေ၊ ရှေ့နေတောင်းတဲ့ဟာတွေကို ပေါင်း ပြီးတွက်ကြည့် လို က်တဲ့ အခါမှာတော့ ဒေါ်လာ ခု နှစ်ထောင့် ငါးရာလောက် ရှိနေတာကို တွေ့ရ ပါတော့တယ်၊ ဘယ်လိုနည်းနဲ့မှ မပေးနိုင်တဲ့ အရေအတွက်မို့ လက် မှိုင်ချရ ပါတော့တယ်၊

နောက်ဆုံး မှာတော့ မိမိရဲ့ အခက်အခဲကိုသိလို့ သနားစိတ်ဝင်သွားပုံရတဲ့ ဒေးဝစ် ဆိုတဲ့ ရုပ်ရည်သားနား စစ် ပြန်အရာရှိဟောင်း တစ်ယောက်က သူ ကူညီပေးလိုက်ပါ့မယ်လို့ ပြောတော့မှ တစ်ဝက်လောက် စိတ်သက်သာရာရသွားပါတော့တယ်၊ အင်တာဗျူးအတွက် အင်္ဂလိပ်ဝတ်စုံ ဝယ်ဖို့ ဈေးကိုသွားရတဲ့နေ့မှာ သူ့မှာ စမတ်ကျကျ ကုတ်အင်္ကျီ , လည်စည်းနဲ့ ဝတ်ဆင်ထား ပြီး စာရွက်စာတမ်းထည့်တဲ့ သားရေသေတ္တာတစ် လုံးပါ ဆွဲကိုင်ပြီး မိမိနဲ့အတူ ရုံးခန်းထဲကို ဝင်သွား ခဲ့ကြပါတယ်၊ မိမိမှာ အင်တာဗျူး လုပ်မဲ့အရာရှိ အမျိုးသမီးကြီး ကို အထူးမေတ္တာပို့ပေးနေရပါတော့တယ်၊ စစချင်းဦးစွာပထမ အဲဒီ အမေရိကန်ဒကာ မစ္စတာ ဒေးဝစ်ကို မေးတော့တာပါပဲ၊ ခင်ဗျားက ဒီဘုန်းကြီးရဲ့ ရှေ့နေအနေနဲ့ လိုက်ပါလာတာ ဟုတ်ပါသလားလို့ မေးလိုက်ပါတယ်၊ သူကလဲ ဟုတ်ကဲ့ပါလို့ တစ်ခွန်းတည်းနဲ့ပဲ ဖြေဆိုလိုက်ပါတယ်၊ ကောင်းလိုက်တဲ့ မွေးခွန်းနဲ့ ဟန်ကျလိုက်တဲ့ အဖြေပါပဲ၊ ဒီ Yes ,Mam. ဆိုတဲ့ စကားတစ်ခွန်းက $ ၇, ၅၀၀ တန်ဖိုး ရှိသွားရပါတော့တယ်၊ ဦး ဒေးဝစ်ကို ကျေးဇူးတင်လိုက်ရတာ၊ တစ်သက်လုံး အမှတ်ရ နေပေမှာပဲ၊ အရေးတကြီး လိုအင်နေတဲ့အချိန်မှာ ဘုရားမ,လို့ ဦးဒေးဝစ်ကို ရလိုက်တာ အချိန်မှန် လူမှန်ရလိုက် ခြင်းပါပေပဲ၊

မလွှဲလို့သာ ကျောင်းထိုင်လုပ်ရရှာ

မိမိ အမေရိကကို ရောက် ပြီး တစ် နှစ်လောက်အကြာမှာ အသက်၈၀ ခန့် ရှိပြီ ဖြစ်တဲ့ ကျောင်းထိုင် ဆရာတော် ကြီး ပျံလွန်တော် မူ သွား ရှာပါတယ်၊ ကျောင်းအသစ်ဆောက်လုပ်နေတာလဲ ပြီးလုခါနီးပဲရှိနေပါသေးတ

ယ်၊ ဆရာတော် ကြီးမှာ အဲဒီ ကျောင်းသစ်မှာ သီတင်းမသုံးလိုက်ရှာပါ၊ ေ
ကျာင်းဆောက်လုပ်ပြီးစီး သွားတဲ့အခါမှာတော့ မိမိတို့တတွေ ဗုဒ္ဓ ဘာဝ
နာကျောင်းသစ် တည် ရှိရာ 2959 W Gowan Rd, N Las Vegas, NV
89032 ကို ေ ပြောင်းရွှေ့ ပြီးနေထိုင် ကြရပါတော့တယ်၊ ဆရာတော် ကြီး မ
ရှိတော့တဲ့နောက်မှာ ဂေါပက အဖွဲ့နဲ့ ဒကာ/ မ များက တစ်ပါးတစ်ပါးကို ေ
ကျာင်းထိုင် ဘုန်းကြီး တင်ေ မြှာက်ဖို့ စီစဥ် ကြရပါတော့တယ်၊ ကျောင်းမှာ
မိမိအပါအဝင် သံဃာ ၇ ပါး ရှိလို့နေပါတယ်၊ နောက်လ ဘယ်နေ့ ဘယ်ရ
က် ဘယ် နှစ်နာရီ အတွင်း ဘယ်နေရာဌာနမှာ ကျောင်းထိုင်ဘုန်းကြီး ရွေးေ
ကာက် တင် ေ မြှာက်ပွဲအတွက် မဲ လာပေးကြဖို့ လက်ကမ်းစာစောင်ရော
ထမင်းဆိုင် စတိုးဆိုင်တွေမှာပါ ပိုးစတာကြီးတွေနဲ့ ကပ်ထားကြပါတယ်၊ ေ
ဂါပက အဖွဲ့တွေက မိမိဆီကို လာရောက်ကြပြီး ရွေးကောက်ပွဲမှာ အရှင်
ဘုရားအတွက်မဲပုံး တစ်ပုံး ထားခွင့် ပြုဖို့ တောင်း ဆိုကြပါတယ်၊ ချက်ချင်း
ဆိုသလိုပဲ မိမိက လက်မခံဘဲ ပယ်ချခဲ့ပါတယ်၊ ကျုပ်ကို ခင်ဗျားတို့က ေ
ကျာင်းမှာနေခွင့် ပြုပေးတာကိုပင် များစွာမှ ကျေးဇူးတင်လှပါပြီ၊ ကျောင်း
ထိုင်လဲ မလုပ်လိုပါ၊ ကျောင်းထိုင်ရွေးပွဲ ကိစ္စမှာ ဝင် မ ရှုတ်ပါရစေနဲ့လို့ အ ပြ
ပတ်ပြောလိုက်ပါတယ်၊ သို့သော် တရားဓမ္မ ဟောေ ပြာ ပြသမှုနဲ့ ပတ်သက်
လို့ကတော့ မိမိ တတ်စွမ်းသမျှ ကူညီဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်း
ေ ပြာ ပြခဲ့ပါတယ်၊ဒါပေမဲ့ သူတို့တတွေ ဘာ ပြော ပြန်သလဲဆိုတော့ ရွေးေ
ကာက်ပွဲ မဲပုံးမှာ အရှင်ဘုရားနာမည်ကမှ မပါဘူးဆိုရင် လူမျိုးရေးခွဲ ခြား
မျက် နှာလိုက်ရာလဲကျလို့ ပြောစမှတ်လဲ ဖြစ်နေမယ်ပေါ့၊ ဒါကြောင့် နာမည်

သုံးခွင့် ပြုပေးပါ၊ ဒကာ / မတွေက အရှင်ဘုရားရဲ့ ပုံးမှာ မဲ ထည့်ချင်မှ ထည့်ကြမှာပါလို့ ပြော ရှာကြပါတယ်၊ ဒါ ဖြင့်ရင် ခင်ဗျားတို့ သဘောအတိုင်းပါပဲလို့ ပြောလိုက်ရပါတော့တယ်၊

သတ်မှတ်တဲ့ နေ့ကျတော့ လာရောက်ပြီးတော့ မဲ ထည့်ကြပါလေပြီ၊ ညနေပိုင်းလောက်ကျတော့ ဂေါပက အဖွဲ့ လူကြီးများက ပုံး ကိုဖေါက်ကြည့်ကြတဲ့အခါမှာတော့ မိမိပုံးတစ်ခုထဲမှာသာ မဲတွေ ဝိုင်းပြီး ထည့်ကြတာကို တွေ့ ရှိခဲ့ကြပါတော့တယ်၊ ဒါနဲ့ သူတို့က မိမိကိုပင့်ပြီး လျှောက်ကြပါတယ်၊ မြင်တဲ့အတိုင်းပါပဲ အများဆန္ဒ နဲ့ အရှင်ဘုရားကို ကျောင်းထိုင်အ ဖြစ် ရွေးကောက်ဖို့ သဘောတူခဲ့ကြပါပြီ၊ လက်ခံ ပေးတော်မူပါဘုရားလို့လျှောက်ထားကြပါတယ်၊ တစ်ချို့က အရှင်ဘုရား မ ငြင်းပါနဲ့နော်ဆိုပြီး ငိုယိုပြီး လျှောက်တဲ့ သူလဲ ရှိခဲ့ပါသေးတယ်၊ ဒါနဲ့ မိမိက ဝန်ခံကတိ တစ်ခု တောင်းလိုက်ရပါတယ်၊ ကောင်းပြီ ခုလောလောဆယ်မှာ အများရဲ့ဆန္ဒကို မလွန်ဆန်နိုင်လို့ ကျောင်းထိုင်တာဝန်ကို လက်ခံ လိုက်ပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ဒကာကြီးတို့အနေနဲ့ သင့်လျော် လျောက်ပတ် မှု ရှိမဲ့ ကျောင်းထိုင်ဘုန်း ကြီး တစ်ပါးပါးကို အ မြန်ရအောင် ရှာကြပါ၊ တွေ့ ရှိတာ တစ်ပြိုင်နဲ့ မိမိအနေနဲ့ ကျောင်းထိုင်ဘုန်းကြီး ရာထူးကနေ ဆင်းပေးပြီး အဲဒီ ဘုန်း ကြီးကိုပဲ အာဏာအပ် နှင်းလိုက်ပါရစေလို့ ပြောခဲ့ရပါတယ်၊ သူတို့ကလဲ အမြန်ရအောင် ရှာပါ့မယ်လို့လဲ ဝန်ခံကတိပြုခဲ့ ကြပါတယ်၊ မိမိက နောက်ဆုံးစကားအနေနဲ့ အသိပေး ပြောကြား ကြေ ငြာလိုက်ရသေးတာက ကျောင်းထိုင်တာဝန်ကို အမြဲတမ်း ဘယ်တော့မှ မယူ နိုင်ပါ၊ မိမိရဲ့ အသက် ၅၀ နှစ် ပြ

ပည့်တဲ့အခါမှာ တောထွက်ဖို့ အဓိဋ္ဌာန် ပြု ထားတာရှိကြောင်း အမှန်အတိုင်း ထပ်လောင်းပြီး ပြော ပြခဲ့ရပါသေးတယ်၊ ကျောင်းထိုင်တစ်ပါး ဖြစ်သွားရပေမဲ့ အလိုက်သိ သတိ ရှိစွာ နဲ့ပဲ နေခဲ့ပါတယ်၊ လောက ရေးမှာတော့ တပြ ဆားသံဃာနဲ့ ဂေါပက တို့ရဲ့ ဆန္ဒကိုပဲ လိုက်လျောပေးခဲ့တာကပဲ များပါတယ်၊ ဝိနည်း ဓမ္မနဲ့ ပတ်သက်လာရင်သာ ဝိနည်း ဓမ္မအတိုင်းပဲ ဖြစ်စေခဲ့ရတာပါ၊

မိမိကို ကျောင်းထိုင် ဘုန် ကြီး အဖြစ် ခန့်အပ်လိုက်တော့ ထုံးစံအတိုင်း ဂေါပကအဖွဲ့နဲ့ ဒကာ/ မ များမှာ ဝမ်းသာကြပေမဲ့ အမေရိကန် တခွင်မှာ ရှိကြ တဲ့သံဃာ့လောကမှာကတော့ ဖြင့် အသံဗလံနဲ့ တုန် လှုပ် ကုန်ပါတော့တယ်၊ပြီးးတော့ တကမ္ဘာလုံးအ နှံ့ ရိုက် နှိပ် ဖြန့်ချီ ရောင်းချနေရတဲ့ နာမည် ကြီး ဘန်ကောက်မြို့ထုတ် " ထိုင်းရဋ္ဌ သတင်းစာ" ရဲ့ ခေါင်းကြီး ပိုင်းမျက် နှာ ဖုံးမှာလဲ သတင်းပါလာပါတော့တယ်၊ အမေရိကန်နိုင်ငံ၊ နေဗားဒါး ပြည်နယ်၊ လတ်စ် ဝေးဂတ်စ်မြို့ ရှိ ထိုင်းကျောင်း မှာ မြန်မာ ဘုန်းကြီးကို ကျောင်းထိုင်တင် လို့ ပါ ရှိလာပါတော့တယ်၊ အများ ထင်နေတာက ထိုင်းကျောင်းကို မြန်မာ ဘုန်းကြီးကနေ ဝင်လုယူနေတဲ့ သဘောဆောင်နေသလို ပြ ဖစ်နေတာပေါ့လေ၊ သိပ် မကြာမီမှာပဲ ထိုင်းနိုင်ငံရဲ့သံဃာ့ ရာဇာ သာသနာရေးရုံးက အတွင်းရေးမှူး တစ်ယောက်နဲ့ သာသနာရေး အရာ ရှိ နှစ်ဦး ရောက်ရှိလာပါတော့တယ်၊ အ ဖြစ်မှန်ကို သိ ရှိရအောင်သံဃာ့ရာဇာ ဆရာတော်ဘုရား ကြီးက လာရောက်လေ့လာ စစ်ဆေးကြည့်ဖို့ လွှတ်လိုက်တာ ဖြစ်ကြောင်း ပြော ပြခဲ့ ကြပါတယ်၊ မိမိကိုတော့ ဘာတစ်ခွန်းမှ မမေးလျောက်ခဲ့ပါဘူး၊ကျောင်းကို သူတို့ ရောက်ရောက်လာ ချင်းပဲ အာကျယ်ကျယ် ရှိတဲ့ သူ

တို့က ဆည်းကြို ပြီး ပြော ပြလိုက်ပါလေပြီ၊ သူတို့က မြန်မာကို ကိုးကွယ် တာမဟုတ်ဘူး၊ ဘုန်းကြီးကို ကိုးကွယ်တာတဲ့၊ ဘုရားဆိုတာကလဲ ထိုင်းမဟု တ်ပါဘူး၊ ကုလား လူမျိုးပါ စသဖြင့် စကားဆက် မ ပြတ်တမ်း ပြောနေတာ ကို ဟိုကလဲ ပါးစပ်ပိတ် နှုတ်ဆိတ်ပြီးနေရပါတော့တယ်၊ သူတို့ သုံးယော က်စလုံးက ဟိုတည်မှာ တည်းခိုကြပြီး နေ့ခင်းနေ့လည်မှာ ကျောင်းမှာပဲ လာရောက် စားသောက် အနီးကပ် လေ့လာမှု ပြုကြပါတယ်၊ ဆယ်ရက်ခန့်ေ လာက် ကြာသွားပါတယ်၊ မိမိမှာလဲ ပြုလုပ်နေကျအတိုင်း အဘိဓမ္မာ သင် တန်းကိုတစ်ရက် ပို့ချပေးတယ်၊ သစ္စာတရား, မေတ္တာတရား, မင်္ဂလာတရား စသ ဖြင့် အထွေထွေ တရားတွေကို တစ်ရက် ဟောကြားပေးခဲ့ပါတယ်၊ ဥပု သ်နေ့တိုင်းမှာ ညတရားပွဲ ဟော ပြရပါသေးတယ်၊ တစ်ပတ်ကို ၃ ရက် ပုံမှ န် ရှိနေပါတယ်၊ နေ့ဆွမ်းဘုဥ်းပေးပြီးတိုင်းလဲ ဆွမ်းအနု မောဒနာတရား ေ ဟာကြားပေးလျက် ရှိနေပါတယ်၊ အဲဒီ သံဃာ့ရာဇာဆရာတော် ကြီး လွှတ် လိုက်တဲ့ အတွင်းရေးမှူးနဲ့ အဖွဲ့တွေလဲ သင်တန်းနဲ့ တရားပွဲမှာ ပါဝင် တက်ေ ရာက် နားထောင်ခဲ့ကြပါတယ်၊ သူတို့ ခမျာ လဲ ကျေနပ် အားရ သဘောကျ[ ကသလို အဖြစ်မှန်ကိုလဲ နားလည်သဘောပေါက် ခွင့် ရရှိ သွားကြရပါတော့ တယ်၊ ထိုင်းကို ပြန်ရောက်ပြီး သံဃာရာဇာ သာသနာပိုင် ဆရာတော်ဘုရား [ ကီးကို သူတို့ သိရှိ မြင်တွေ့ လေ့လာခဲ့ရသမျှကို ပြန်လည် တင် ပြ လျှောက် ထား အစီရင်ခံ ခဲ့ကြပါတယ်၊လျှောက်ထာလို့ အပြီးမှာတော့ သာသနာ ဆ ရာတော် ကြီးလဲ ကျေနပ်အားရမိပြီး သင်္ကန်း ၂ စုံနဲ့ ဒကာ/ မ များကို လက်ေ ဆာင်ပေး ဖို့ လည်ဆွဲ လော့ခ်ကက် ဘုရား ပုံ အမြောက်အများနဲ့ ကိုယ်တော်

တိုင် ရေး စာအုပ်တွေရော တခြားစာအုပ်တွေပါ လူကြုံနဲ့ ပို့ပေးလာပါတော့ တယ်၊ ဒါ့အ ပြင် လိုအပ်တာရှိရင် လဲ အကြောင်းကြားဖို့ပါ မိန့် ဆိုတော်မူ လာခဲ့ပါတယ်၊ ၁၉၉၅ခု နှစ်ဦးပိုင်းမှာ ကြုံကြိုက်လို့ သံ့ဃာ့ရာဇာ သာသနာ ပိုင်ဆရာတော်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ခဲ့ရပြီး မိမိကိုယ်တိုင်ရေးတဲ့ တရားစာအုပ်တွေကိုပါ လှူဒါန်းဆက်ကပ်ခွင့်ရ ရှိခဲ့ပါတယ်။

လောကီပညာ လေ့လာဆည်းပူးရှာ

မိမိအနေနဲ့ တစ်ဖက်မှာ ကျောင်းထိုင်တာဝန်ကိုယူရ တစ်ပတ်လျှင် သုံးရက်ကျ တရားဓမ္မတွေကို ပို့ချ သင် ကြား ဟော ပြော ပြသပေးခဲ့ရသ လို ကျန်တစ်ဖက်မှာလဲ ငယ်စဥ်ဘဝက အိပ်မက် ကမ္ဘာကိုလဲ ရုပ်လုံးပေါ်ေ အာင် ကြိုးစားပြီးအကောင်အထည်ဖေါ်ဆောင်နေရပါသေးတယ်၊ နွေ မိုး ေ ဆာင်း သုံးရာသီ လုံးရှိ သင်တန်းများကို တက်ရောက် သင်ကြားခဲ့ရပါတ ယ်၊ နွေခါကာလမှာ ဆိုရင် သဲကန္တာရ မြို့ ဖြစ်တဲ့အတိုင်း အပူဒီဂရီ ၁၁၅ ကနေ ၁၂၀ ဖာရင်ဟိုက်အထိ ရှိခဲ့ပါတယ်၊ အ ပြင် ထွက်လိုက်ရင် မီးပူဟပ် သလို ခံစားကြရပါတယ်၊ နေ့ခင်း ဆွမ်းဘုဥ်းပေး ပြီးတာနဲ့ နေ့ဆွမ်း လာေ ရာက် ကပ်လှူကြတဲ့ ဒကာ/ မ များ ကို ဆွမ်းအ နုမောဒနာတရား မိနစ် ၂၀ ဝန်းကျင်ခန့် ဟောပြောပြီး မွန်းလွဲ ၁၂ ခွဲ လောက်မှာ ကောလိပ်ကျောင်းကို တန်း ပြီး သွားခဲ့ရပါတော့တယ်၊ ဆွမ်းစားပြီးဟော တရားတော်များကို နေ့တိုင်း ကက်ဆက်ခွေနဲ့ အသံဖမ်း ထားခဲ့ပါတယ်၊

ကောလိပ် ကျောင်းမှာ  အခြေခံ  အင်္ဂလိပ်စာ သင်တန်းအစုံတက်ခဲ့ရပါတယ်၊အကြား ကျွမ်းကျင်မှုသင်တန်း, စာဖတ်နဲ့ စကားပြော ကျွမ်းကျင်မှုသင်တန်း, စာရေးကျွမ်းမှုသင်တန်း အဆင့်ပေါင်း  များစွာနဲ့ အပြည် ပြည်ဆိုင်ရာ  အင်္ဂလိပ်သဒ္ဒါ  အခြေခံအဆင့်,  အလယ်တန်းအဆင့်, အဆင့် မြင့်တန်း အဆင့် အကုန်လုံးကို  တက်ရောက်သင်ကြားခဲ့ရပါတယ်၊  အမေရိက ရောက်စ နှစ်ကဆိုရင် အင်္ဂလိပ်စကား တိုးတက်မှု ရှိအောင်  အချိန်အားရှိတိုင်း တီဗီ ကပြောတာကို  ဂရုစိုက် နားထောင် ပြီး  လိုက်လံ ပြော ဆို လေ့ကျင့်ပေးခဲ့ရပါတယ်၊   ကော လိပ်တန်း  ရောက် ရှိသွားတဲ့အခါမှာတော့  သတ်မှတ်ထားတဲ့ ပရောဂရမ် အရ ဘာသာရပ်ပေါင်းစုံကို တက်ရောက်သင်ယူခဲ့ရပါတယ်၊ တက်ရောက် သင်ကြားရတဲ့ ဘာသာရပ်များမှာ  -

------အမေရိကန်သမိုင်းဘာသာရပ် ၊

လူမှုဆက်ဆံရေးဘာသာရပ်၊

နိုင်ငံရေးသိပ္ပံဘာသာရပ်၊

နက္ခတ္တဗေဒပညာရပ်၊

ပတ်ဝန်းကျင်သဘာဝသိပ္ပံပညာရပ်၊

မနုဿဗေဒဘာသာရပ်၊

အခြေခံ ကွန် ပြူတာ ဘာသာရပ်၊

စိတ္တဗေဒဘာသာရပ်၊

ဒဿနိကဗေဒဘာသာရပ်၊

ပန်းချီ ရေးဆွဲနည်း ပညာရပ်

စပိန်ဘာသာရပ် နဲ့

အမေရိကန်အမွေအ နှစ် ကဗျာလင်္ကာစာပေဘာသာရပ် စသည်များကိုတက်ရောက်သင်ကြားဆည်းပူးခဲ့ရပြီး ဝိဇ္ဇာ နဲ့ သိပ္ပံတွဲ The degree of general studies ဘွဲ့ကို အသက် ၄၈ နှစ် ပြည့် ၁၉၉၅ ခုနှစ်မှာ အောင် မြင်စွာရရှိခဲ့ပါတယ်၊ အဓိဋ္ဌာန် ထားအတိုင်း ဒီတော့မှပဲ ကျောင်းသားဘဝကို အဆုံးသတ် လိုက်ရပါတော့တယ်၊ တွေ့ကြုံ ခံစား လေ့လာ သင်ကြား ဆည်းပူး ခဲ့ရတဲ့ အတွေ့ အကြုံတွေကတော့ ဖြင့် စုံလို့ပင် ရှိနေရပါတော့တယ်။

ထိုင်းကျောင်းနေခိုက် ပြုလိုက်ရကုသိုလ်တွေ

ထိုင်းကျောင်းမှာ ၅ နှစ်နီးပါးမျှ နေခဲ့ရစဉ်ကာလအတောအတွင်း ထိုင်းဘာသာနဲ့ တရားစာအုပ် ၂ အုပ် ရေးသား ရိုက် နှိပ်ပြီး ဓမ္မဒါန ပြုလုပ် ဖြန့်ဝေနိုင်ခဲ့ပါတယ်၊ ကက်ဆက်ခွေ တရားဓမ္မပေါင်း ရာနဲ့ချီပြီး မှတ်တမ်းတင် ဖမ်းယူထားနိုင်ခဲ့ပြီး ကက်ဆက်ခွေပေါင်း သောင်းနဲ့ချီ ပြီး ဓမ္မဒါန ဖြန့်ဝေ လှူဒါန်းခဲ့ရပါတယ်၊ အော်ဒီယို ခွေ တင်မက ဗီဒီယို ခွေ ပေါင်း မြောက်များစွာကို လဲ ဓမ္မဒါန ပြု ဖြန့်ဝေခဲ့ရပါသေးတယ်၊

မိမိအနေနဲ့ သင်တန်းပေး တရားဟော နဲ့ ဓမ္မ အမေး အဖြေ ပြုလုပ်တဲ့အခါတိုင်း မိမိရဲ့ ရှေ့မှာ သင်တန်းသူ/ သား တရားနာပရိသတ်တို့ရဲ့ အသံဖမ်းကက်ဆက်တွေ ၄-၅ လုံးလောက် ရှိ နေတတ်ပါတယ်၊ စီဝီကက်ဆက်ခွေ တွေ ဖြစ်လို့ နာရီဝက် ခန့် ပြည့်တိုင်း မိမိကပဲ အဆိုက် ဘီဆိုက် တာဝန်ယူပြီး ပြောင်းပေးခဲ့ရပါတယ်၊ တစ်ခါတစ်လေ ကျ ပြန်

တာ့ တစ်ချို့က စီ ၉၀ ကက်ဆက်ခွေ ထည့် မိလိုက်တဲ့အခါမှာတော့ ပိုပြီးဂ
ရုစိုက်ရ သတိ ပြု ရပြန်ပါတယ်၊ မိမိအတွက်လဲ ဗီဒီယို ကင်မရာ အသေး
ကနေ တီဗီ နဲ့ ဆက်ပြီး မှတ်တမ်းတင် ရိုက်ကူးထားခဲ့ပါတယ်၊ သင်တန်းပေး
တရားဟောပြီးတဲ့အခါမှာတော့ မိမိကိုယ်တိုင်ပဲ မူရင်းဗီဒီယို ခွေ အသေး
ကနေ အကြီးသို့ ပြောင်းပြီး စောင့်မျှော် ရယူ လို ကြတဲ့ သူတွေကို အချိန်
မှီ ဖြန့်ဝေပေး ခဲ့ရပါတယ်၊ အော် ဒီယို ကက်ဆက်ခွေ ကိုလဲ ဟောပြီးပြီးချင်း
ကော်ပီကူးစက်နဲ့တစ်ခါ ကူးပွားပေးခဲ့ရပြီး တရားနာမည်ကိုပါ စတစ်ခ် ကာ
မှာ မိမိလက်ရေးနဲ့ပဲ ရေးပြီး ခွေတိုင်းမှာ ကိုယ်တိုင်ကပ်ပြီး ဖြန့်ဝေခဲ့ရပါတ
ယ်၊ ပြည်နယ်တွင်း/ ပနဲ့ ပြည်တွင်း/ ပ ဝေငှဖြန့်ဝေ ခဲ့ရပါတယ်၊ တရားကို
လဲဟောရ , မှတ်တမ်း ဓါတ်ပုံရိုက်ရ, ပွားကူးပေးရ,နာမည်ရေးရ, ဖြန့်ဝေပေး
ရနဲ့ အစအဆုံးကို တစ်ကိုယ်တည်းပဲ လုပ်နေရပါတယ်၊ ကူ ညီမဲ့သူဆိုလို့ လုံး
ဝမရှိပါ၊ သူ့အလုပ်နဲ့သူ ရှိ နေကြလို့ပါပဲ၊ မိမိရဲ့ကျောင်းစာ အိမ်စာတွေက
လဲ အများကြီး ရှိ နေ ပြန် တာဝန် အရ လာရောက်ကြတဲ့ ဧည့်သည် များ ကို
လဲ ဧည့်ခံ စကားပြောရပါသေးတယ်၊ နေ့ တိုင်း ည၁၂ နာရီ လောက်မှ ပုံ မှန်
အိပ်ရာဝင်ခဲ့ရပါတော့တယ်၊ ဘယ်လောက်ပင် အလုပ်တွေ များများ မနက် ၄
နာရီ ကနေ ၅ နာရီ ခွဲအထိ တရားထိုင် ဘုရား ရှိခိုး မေတ္တာပို့ အမျှဝေ ခြင်း
ကိစ္စကိုတော့ နေ့စဉ်ရက်ဆက် မပြတ် မကွက် ဆောင် ရွက်ခဲ့မြဲပါပဲ၊ တစ်
ချို့သော အမေရိကန် အမျိုးသမီးများက မနက် ၄ နာရီ မှာ မကြာခဏ
လာရောက်ပြီး မိမိတို့နဲ့ အတူ တရားလာထိုင်တတ်ကြပါတယ်၊

မိမိတို့နေတဲ့ကျောင်းမှာ ပေါလ် ဆိုတဲ့ အမေရိကန် ဒကာတစ်ယောက် ရဟန်းလာခံပါတယ်၊ ၇ -လကြာခန့် နေသွားပါတယ်၊ မိမိနဲ့ တစ်ခန်းတည်းမှာနေရာ ပေးပြီး နေ့စဉ်ဆိုသလို သူ့ကို ဓမ္မ ,ဝိနယ နဲ့ တရားဘာဝနာပွားများအားထုတ်ပုံ အားထုတ်နည်းကို သင်ကြားပေးခွင့်ရ ရှိခဲ့ပါတယ်၊ သူ့အနေနဲ့ တရားဗဟုသုတတွေ အများ ကြီး ရရှိနိုင်ခဲ့သလို မိမိအဖို့မှာလဲ အင်္ဂလိပ်စကား တိုးတက်မှုအတွက် များစွာမှ အထောက်အကူ ဖြစ်စေခဲ့ရပါတယ်၊ ကျောင်းသွားတက်လို့ စာမေးပွဲကသာ အောင် မြင် သွားခဲ့တာ အင်္ဂလိပ်စကားကို လက်တွေ့အသုံးချမှုအပိုင်းမှာတော့ အားနည်းနေပါသေးတယ်၊ ခုလို မလွှဲမရှောင်သာ သင်ကြားပေးရ ရှင်းလင်းပေးရ ဖြေဆိုပေးရတဲ့ လက်တွေ့ အခြေအနေ ရှိလာတော့မှပဲ သင်ထားတဲ့ဟာတွေကို လက်တွေ့အသုံးချ ကုသိုလ်လဲ အများကြီး ရရှိခဲ့ရပါတော့တယ်၊ ဒုလ္လဘကိုယ်တော် ကြီးကိုပဲ ပြန်ပြီးတော့တောင် ကျေးဇူး ပြန်တင်ရတော့မဲ့ပုံပါပဲ၊

၄ နှစ်ခန့် မိမိ သင်ပြ ဟော ပြောခဲ့တဲ့ တရားကက်ဆက်ခွေ များ, ဗီဒီယိုခွေ များ, စီဒီ, mp 3 များနဲ့ ရေသားထားတဲ့ တရား မြန်မာ , ယိုးဒယား, အင်္ဂလိပ် တရားစာအုပ်များကိုလဲ အသေးစိတ် မှတ်တမ်းတင် သိမ်းစည်းထားခဲ့ပါတယ်၊တစ်နေ့တစ်ချိန်မှာ နောင် လာ နောက်သားများအတွက် လေ့လာ နာကြား ဖတ်ရှုနိုင်ရန် ကိုယ်ပိုင် စာကြည့် တိုက် သို့မဟုတ် အမှတ်ရဖွယ် ပြတိုက်ငယ်လေးမှာ ကျန်ရစ်ရှာနေပေလိမ့်မယ်လို့ အောက်မေ့ရပါတယ်၊ နေ့မအား ညမအား ကိုယ်အား ဉာဏ်အား အချိန်အား ရှိသမျှကို ဖြစ်ညှစ် အသုံးချပြီး ထုတ်လုပ်ထားခဲ့တဲ့ အကျိုးထွက်ပစ္စည်း တရားရတနာ

တွပဲ မဟုတ်ပါလား၊ ထိုင်းကျောင်းမှာ နေစဥ်ကာလ ကက်ဆက်ခွေ မျှကိုသာ သုံးစွဲနေကြ တဲ့ ခေတ်အခါသမယ ပါ၊ CD,MP3 ဆို တာ အသုံး မ ပြုကြေ သးပါ၊ နောက် ပိုင်းမှ စက်တစ်လုံး ဝယ်ပြီး ကက်ဆက်များကို ရိုးရိုးCD ဖြ စ် အောင် တစ်ခွေ ချင်း ပြောင်းပေးခဲ့ရပါတယ်၊ ရိုးရိုးCD ဆိုတာက မိနစ် ၈၀ လောက်သာ ဆန့်ပါတယ်၊ မိမိရဲ့ ကက်ဆက်တွေက မိနစ် ၆၀ နဲ့ မိနစ် ၉၀ ရှိနေ ပြန်တော့ ပြောင်းလဲ ကူးယူတဲ့အခါမှာ အတော့်ကို အချိန်ကြာ အ လုပ်ရှုတ် ခဲ့ရပါတယ်၊ နောက်ပိုင်းကျ ပြန်တော့ ရိုးရိုး CD တွေ မသုံးတော့ ပြ ပန်ပြီ၊ ဒီတော့ ရိုးရိုး CD က တရား များကို တစ်ခါ MP3 အ ဖြစ် ေ ပြာင်း လဲကူးယူလိုက် ရပြန်ပါပြီ၊ တစ်ခုကနေတစ်ခု သို့ တစ်ခုချင်း ပြောင်းလဲ ကူးယူ ပေးလိုက်ရတဲ့ ဖြစ်အင် ဟာ ဘယ်လောက် ထိ အချိန်ပေးလိုက်ရမယ် ဆိုတာ စဥ်းစားပြီးတော့ သာကြည့်ကြပါတော့၊ ခေတ်ကို လိုက်မ မှီ နိုင်လော က်အောင်ပဲ ရှိနေရပါတော့တယ်၊

ထိုင်းလူမျိုးများ လေးစားကြည် ညိုမှု ရှိကြတဲ့ လေးမျက် နှာ ဗြ ဟ္မာ ရုပ်ထုနဲ့ ကွန်းရင် ရုပ်ထု တို့ကို စီစဥ်မှာယူ ပြုလုပ် တည်ထားပေးခဲ့ပါတ ယ်၊ ကျောင်းမှာ နေ့စဥ်နဲ့အမျှ တရားလာရောက် နာကြားကြသူ မပြတ်ရှိနေ ပါတယ်၊ တစ်လတစ် ကြိမ် အလှူခံ ပုံးမှအလှူငွေ များ ဒေါ်လာ၇- ထောင်ေ ကျာ်ခန့်ရ ရှိခဲ့ပါတယ်၊ ဒါ ကြောင့် ကျောင်းကြွေးတွေ ကြေခဲ့ ရုံမက စုဆော င်းငွေ ပေါင်း တစ်သိန်းကျော် ခန့် ရှိလာခဲ့ပါတယ်။

နှုတ်ဆက်ခဲ့ရပါ ဗုဒ္ဓဘာဝနာ

Monday, December 16, 2019

နှစ်ပေါင်းများစွာက မိမိအဓိဋ္ဌာန် ပြုထားခဲ့တဲ့အတိုင်း အချိန်အခါ ရောက် ရှိလို့လာပါ ပြီ၊ အဲဒီနေ့မှာ ပြုလုပ်နေကျ လပတ်အစည်းအဝေးလဲ ရှိ လို့နေပါတယ်၊ ဂေါပကအဖွဲ့ လူ ကြီးတစ်ယောက်က တရားကက်ဆက်ခွေများ ဝယ်ပေးရဲ့အုံးမလားလို့ မေးလာရှာပါတယ်၊ လတိုင်းလိုလိုကက်ဆက်ခွေပေါင်း ထောင်ချီ ဝယ်ပေးနေကျ ဖြစ်လို့ ပါပဲ၊ မိမိမှာကလဲ နှစ်နဲ့ချီပြီး လပတ်အစည်းအဝေး ရှိတိုင်း ဂေါပကအဖွဲ့ကို မေးနေကျ ဖြစ်တဲ့ မေးခွန်းကိုပဲ မေးခဲ့ပါတယ်၊ ခင်များတို့ ကျောင်းထိုင် ဘုန်းကြီး ရှာလို့တွေ့ပြီလားပေါ့၊ သူတို့ကလဲ ထုံးစံအတိုင်းပဲ ဖြေကြပါတယ်၊ သင့်လျော်မဲ့ ဘုန်းကြီး ကို ရှာနေတုံးပါပဲ၊ ရှာလို့ မရသေးဘူးတဲ့ ၊ အရှင် ဘုရားကပဲ ဆက်ပြီး တာဝန်ယူတော်မူပါလို့ပဲ လျှောက်ထားခဲ့ကြပါတယ်၊

အဲဒီနေ့မှာ မိမိအဖို့ ဘာများစိတ်ကူး ဆုံး ဖြတ်ထားခဲ့တယ်ဆိုသိသူ လုံးဝ မရှိခဲ့ပါ၊ သူတို့ကို အားနာမှုကြီး စွာနဲ့ပဲ မိမိရဲ့ ဆုံး ဖြတ်ချက်ကို မ ဖြစ်မနေ ပြော ပြလိုက်ရပါတော့တယ်၊ ဒီကနေ့ကစပြီး ကျောင်းထိုင်ဘုန်း ကြီးရဲ့ ရာထူးတာဝန်ကို စွန့်လွှတ် လိုက်ပါရစေ၊ ဂေါပက အဖွဲ့ ကိုပဲ ပြန်လည်အပ် နှင်းပါတယ်လို့ ပြောလိုက်တော့ အားလုံးက အံ့ အားသင့်ကြရပါတော့တယ်၊ အမျိုးသမီးတစ်ချို့က ငို ခဲ့ကြပါတယ်၊ ဟိုအရင် ကတည်းက ပြောထားခဲ့ဖူးတဲ့အတိုင်း တောထွက်တော့မယ် လို့ ထပ်ပြီး ပြောလိုက်ပါတယ်၊ ကျောင်းက ပစ္စည်း သုံးထားတဲ့ စောင် ခေါင်းအုံးကအစ ဘာတစ်ခုမှ မယူဘူး၊ မိမိရဲ့ မူရင်း မာစတာ တရားတိတ်ခွေများနဲ့ ဗီဒီယိုခွေတွေကိုသာ ယူသွားမယ်၊ အဲဒီခွေတွေအတွက် ကျောင်း အလှူငွေ အ ဖြစ် ဒေါ်လာ ၆၀၀

ကိုလဲ တစ်ခါတည်း ပေးအပ်လိုက်ပါတယ်၊ အဲဒီနေ့မှာ ပြောဆိုထား တဲ့ စကားတွေကိုလဲ ကက်ဆက်နဲ့ မှတ်တမ်းတင် အသံဖမ်းယူထားခဲ့ပါတယ်၊ ဝါဆိုခါနီးအချိန်ခါကာလမှာပဲပေါ့။

တောမထွက်ရ သဲကန္တရမှာ သောင်တင်

မကြာသေးမီ ၂-၃လ ခန့်က မိမိရဲ့ ကျေးဇူးရှင် ကျွန်းကလေးကျောင်းဆရာတော်ဘုရား ကြီးရယ် မိမိရဲ့ ခမည်းတော် ကြီး နဲ့ သိမ်ထပ် ရဟန်းဒကာမကြီး ဒေါ်အေးကြွယ်တို့ ရယ် မိမိက ဖိတ်ခေါ်လို့ အမေရိက ကိုရောက်ရှိလာခဲ့ ကြပါတယ်၊ သူတို့တတွေကို ဆန်ဖရန် ဖက်ကို လိုက်ပါ ပို့ဆောင်ပေးရင်းနဲ့ ဆန်ဒခရူဒ် စ် မှာ ရှိတဲ့ တောင်ပုလု ဆရာတော် ဘုရားကြီးရဲ့ ကျောင်း တစ်ညတာ တည်းခို ခဲ့ကြရပါတယ်၊ တောထဲမှာ တည် ရှိနေတဲ့ ကျောင်းရဲ့ အနေအထားကို သဘောကျ နှစ်သက်မိတာနဲ့ တစ်ဝါခန့် ဝါဆိုခွင့် ပြုဖို့ ကျောင်းထိုင်ဆရာတော် ကြီး ကို လျှောက်မိခဲ့ပါတယ်၊ ဆရာတော် ကြီးက ရပါတယ်တဲ့၊ ဟော -ဟိုမှာတွေ့လား ကျောင်းမ ကြီးနဲ့ကပ်ရက် မှာ တစ်ပါးနေကုဋိ တဲ တစ်လုံးတော့ အားနေပါတယ်လိုမိန့်ပါတယ်၊ ဆရာတော် ကြီးက မေတ္တာ အ ပြည့်နဲ့ လက်ခံခဲ့တာကို ကျေးဇူးတင် ဝမ်းသာမိရပါတော့တယ်၊ စောစောပိုင်းက စဉ်းစားထားခဲ့တာက ထိုင်းနိုင်ငံ ရဲ့ အရှေ့မြောက်ပိုင်း ဒေသမှာ သွားပြီးဝါဆို ဖို့ စဉ်းစားထားပါတယ်၊ နေရာလဲ သွားရောက်လေ့လာကြည့်ရှုထား ခဲ့ ပြီးသားပါ။

မိမိရဲ့ အစီအစဥ်အတိုင်း သွားတော့မယ်လဲ လုပ်ကရော တစ်ချို့သော ကျောင်းဂေါပက အဖွဲ့ အပါအဝင် မိမိအပေါ်ကြည် ညိုသဒ္ဓါ ရှိကြတဲ့ တပည့်ဒကာ/ မ များက ဘယ်ကိုမှ ထွက်မသွားစေချင်ဘူး၊ ဒီ ပြင်နေရာမှာ နေရေး, စားရေး ဒုက္ခ တွေ့ကြုံနေရမှာကို စိတ်ပူနေကြပုံ ပေါ်ပါတယ်၊ ဒီမြို့ကနေထွက် ခွါ သွားဖို့ မိမိရဲ့ အဓိက ရည်မှန်းချက်ကပါလဲ လို့ မေး လာကြပါတယ်၊ ဒါနဲ့ မိမိက သူတို့ကို အမှန် အတိုင်းပဲ ပြော ပြလိုက်ပါတယ်၊ ပြီးခဲ့တဲ့ ၅ နှစ်ခန့်က သီရိလင်္ကာမှာ နေခဲ့စဥ်ကတည်းက အဓိဋ္ဌာန် ပြုထားခဲ့ ကိစ္စပါပဲ၊ နောက်ထပ် ၅နှစ်ဆိုရင် စာသင်တာကို အကုန်လုံးရပ် တောထွက်ပြီး တရားပဲ ကျင့် လိုက်ပါတော့မယ်ပေါ့၊ ဒကာ/ မ များက အရှင်ဘုရား ဆန္ဒအတိုင်း တရားကျင့်စေနိုင်ရပါ့မယ်၊ တရား ကျင့်နိုင်အောင် ဒီမြို့ ထဲကပဲ အိမ်တစ်လုံး ငှါးပြီး ယာယီကျောင်း အ ဖြစ် လုပ်ပေးလိုက်မယ်လို့ ပြော လာကြပါတယ်၊ တရားကျင့်နေတဲ့ ကာလအတောအတွင်း ဘယ်သူကိုနဲ့မှ လဲ စကား မ ပြောလိုကြောင်း ပြော ပြတာကိုလဲ လိုက်နာ လက်ခံယူကြပါတယ်၊ ဒကာမကြီး တစ်ယောက် ကဆိုရင် သူတို့နေထိုင်တဲ့ အိမ်က အရှင်ဘုရား အတွက် တရားကျင့်ဖို့ သင့်လျှော် လျှောက်ပတ် အဆင်ပြေမှု ရှိမယ်ဆိုရင် အဲဒီ အိမ်မှာပဲ တရားအားထုတ်ပြီးတော့နေပါ၊ သူတို့ မိသားစုက ဒီ ပြင်တစ်နေရာမှာ အိမ်ငှါးပြီး နေပါ့မယ်တဲ့၊ အဲဒီလောက်အထိ မိမိအပေါ်မှာ သဒ္ဓါ ရှိကြပေမဲ့ မိမိ တစ်ဦးတည်းအတွက်နဲ့ မိသားစုတွေ အိမ် ပြောင်းနေရတဲ့အထိကိုတော့ မလုပ်ရက်ပါဘူး၊ ဒါကြောင့် တင်ပြလာတာကို ချက်ချင်းပဲ ငြင်းဆန်လိုက်ရပါတယ်၊ နောက် ဆုံးမှာတော့ 4590 Amberwood LN, Las

Vegas, NV 89117 ဆိုတဲ့ အိမ် ကြီးတစ်လုံးကို တစ်လလျှင် ဒေါ်လာ ၁, ၁၀၀ နဲ့ ငှါးပြီး ယာယီကျောင်းအ ဖြစ် လုပ်လိုက်ရပါတော့တယ်၊ ၁၉၉၅ ခုနှစ် ဂျွန်လ ၁၄ ရက်နေ့ မှာ ဗုဒ္ဓဘာဝနာကျောင်း ကနေ ထွက်လာခဲ့ပြီး ငှါးထားတဲ့အိမ်မှာ ယာယီကျောင်း အ ဖြစ် ေ ပြောင်းရွှေ့ နေထိုင်လိုက်ရပါတော့တယ်၊ ကျောင်းဂေါပက လူကြီး တစ်ချို့ နဲ့ တပည့်ဒကာ/ မပေါင်း အယောက် ၆၀ခန့် လိုက်ပါပို့ဆောင်ပေးကြပါတယ်၊မကြာသေးမီ ကဆုန်လ ပြည့် ဗုဒ္ဓနေ့မှာမှ အလုပ်ကနေထွက်ပြီး ဒုလ္လဘ ဝတ်ခဲ့တဲ့ မိမိရဲ့ အဘိဓမ္မာသင်တန်းသား ရဟန်းတစ်ပါးက မိမိနဲ့ အတူ လိုက်ပါလာခဲ့ပါတယ်၊ တရားစတင်ကျင့်ကြံ အားထုတ်တဲ့နေ့မှာ အားလုံးသော ဒကာ/ မ များကို အသိပေး ေ ပြာပြလိုက်ရပါသေးတယ်၊ အဓိဋ္ဌာန် တရား အားထုတ်နေတုံး မိမိရဲ့ ခမည်းေတာ် ကြီး ဆုံးပါးသွားတာတောင်မှပဲ လာပြီး မေ ပြာကြပါနဲ့၊ ဖြစ် နိုင်မယ်ဆိုလို့ရှိရင် ဒီနေ့က စပြီး တစ်သက်လုံး ပိုက်ဆံ မကိုင်တော့ပါဘူးလို့ လဲပဲ အသိပေး ပြော ပြလိုက်ရပါတယ်၊

အတူလိုက်ပါ ဝါဆိုတဲ့ ဒုလ္လဘရဟန်း ခွန်အာရွှမ် ဆိုသူက ဒကာ/ မများ လာပို့တဲဆွမ်းတွေကို အကပ်ခံပြီး တံခါးပိတ် ကာ နှစ်ဦးသား တစ်ေနေ့လုံး တရားအားထုတ်ခဲ့ကြပါတော့တယ်၊ အဲဒီယာယီကျောင်းမှာ ၇-လ ခန့် နေထိုင်ခဲ့ရပြီး တရားဘာဝနာ ပွားများ ခွင့် ရရှိခဲ့ကြပါတယ်၊

ဘယ်သူတွေနဲ့မှ အတွေ့မခံ အဓိဋ္ဌာန်ဘာဝနာ ပွားများ အားထုတ်လာလို့ ၆- လ ခန့်လောက်ကြာသွားတဲ့အခါမှာတော့ မိမိအပေါ် ကြည် ညိုသဒ္ဓါ ရှိခဲ့ရှာတဲ့ ထိုင်းသူ တစ်ယောက်ရဲ့ ခင်ပွန်း အမေရိကန် ဒကာ တစ်ယော

က်က  စစ်မှုထမ်းများဆေးရုံမှာ  ကင်ဆာရောဂါ တက်ရောက်ကုသနေကြော င်း သိခဲ့ရပါတယ်၊ သူ့အမျိုးသမီး ဆွမ်းလာကပ်တဲ့အခါ  သူ့ယောက်ျား ရေး တဲ့စာကို ဆွမ်းကွမ်းထည့်ထားတဲ့ လင်းဗန်းမှာ  ချထားတတ်ပါတယ်၊  အဲဒီစာ ထဲမှာ  အခု သူဆေးရုံမှာ တက်ရောက်ကုသနေရပါတယ်တဲ့၊  အရှင်ဘုရားကို အရမ်းတွေ့ချင်လိုက်တာလို့ ဆိုပါတယ်၊ ပုံမှန်ပကတိ အခ ခြေအနေမှာဆိုရင် ဆေးရုံ တက်တဲ့လူနာ တပည့်ဒကာ / မ များ ရှိရင်  မိမိက သွားရောက်တွေ့ဆုံ အားပေးနေ ကျပါပဲ၊  နောက်တစ်ကျတော့  အဲဒီဒကာ ကြီးက စာတစ်စောင် ရေးလာ ပြန်ပါ ပြီ၊ သူ့စာထဲမှာ  ဘာတွေရေးထားသလဲဆိုတော့   မနေ့ညက အိပ်မက်ထဲမှာ  အရှင်ဘုရား နဲ့  အကြာကြီး  စကားစမြီ  ကောင်းကောင်း ပြေ ဟလိုက်ရတယ်၊ သိပ်ပြီး ဝမ်းသာရပါတယ်တဲ့၊  အခု သူ အိပ်ရာ ဝင်ပါတော့ မယ်၊  ခုညလဲ  အိပ်မက်ထဲမှာ အရှင်ဘုရားနဲ့  ထ ပ်ပြီး  တွေ့ဆုံစကားပြော လိုက်ပါစေလို့ ဆုတောင်းပါတယ်တဲ့၊    နောက်တစ်ပတ် ကျတော့ သူ့ အမျိုး သမီးဆီက  စာတိုလေး  ဆွမ်းထည့်ထားတဲ့ လင်းဗန်းနဲ့ အတူ ပါလာ ပြန်ပါပြ ပီ၊ အင်္ဂလိပ်စာ မဟုတ်တော့ပါ၊ ယိုးဒယားစာ  ဖြစ်သွားပြီ၊  သူ့ယောက်ျား မနေ့က ဆုံးသွား ရှာပါပြီဘုရားတဲ့၊   ကျောင်း အောက်ထပ်မှာ  ငိုသံလဲကြား လိုက်ရပါတယ်၊ မိမိအဖို့မှာ  အမှန်အတိုင်း ပြောရရင် စိတ်ထဲမှာ တစ်အော င့်လောက် ဝမ်နည်းပက်လက် ခံစားခဲ့ရပါတော့တယ်၊  သူမသေခင်လေးမှာ သူ့ရဲ့ ဆန္ဒ ပြည့်ဝအောင် မဖြည့်စွက်ပေးနိုင်ခဲ့လိုက်ရလေခြင်းဆိုပြီး သနားစိ တ် ဝင်မိခဲ့ရတာ အမှန်ပါပဲ၊  အရှင်ဘုရား တဲ့  ၊    ဒို့ များကိုလဲ သနားပါအုံး၊ တစ်ပါးတည်း ကိုယ်လွတ် ရုန်းပြီး မသွားလိုက်ပါနဲ့  စသ ဖြင့် ပြောလာကြ

ပါတော့တယ်၊ ဒီအသံကြားရတော့ စိတ်ပျော့ လာရ ပြန်ပါတယ်၊ သူ့ဖက် ကိုယ့်ဖက် နှစ်ဦး နှစ်ဝ ဆန္ဒ ပြည့်အောင် စဉ်းစားဝေဖန် သုံးသပ်ရ ပြန်ပါတော့တယ်။

ဇေယျာမွေ့ရိပ်သာ ပေါ်ပေါက်လာ

အဲဒီ ယာယီကျောင်းမှာ နေခဲ့ စဉ် ၇-လ အတောအတွင်းမှာ ဒကာ/ မ များက သူတို့တတ်အားသမျှ အိမ်ငှါးခနဲ့ ရေဖိုး, မီးဖိုးစတဲ့ အထွေထွေ အသုံးစရိတ်အတွက် ဝိုင်းပြီး လှူဒါန်းပေးခဲ့ ကြပါတယ်၊ လစဉ်ဆိုသလို အိမ်ငှါးခ နဲ့ အထွေထွေ အသုံးစရိတ် ကုန်ကျငွေ ထက် အလှူငွေပိုပြီးရရှိခဲ့ပါတယ်၊ ဒီတော့ ဒကာ/ မတွေက ဝိုင်းပြီး တိုင် ပင်ခဲ့ ကြပါတယ်၊ ၇- လ ငှါးပြီးနေတာ ကုန်ကျငွေပေါင်း တစ်သော နဲ့ ရှိနေပြီပေါ့၊ တကယ်လို့သာ အိမ်တစ်လုံး ဝယ်လိုက်နိုင်မယ်ဆိုရင် ငွေကိုအများကြီး ချွေတာရာလဲ ရောက်လိမ့်မယ်၊ အိမ်လဲ မိမိတို့ကိုယ်ပိုင် ဖြစ်သွားလိုက်မယ်ပေါ့၊ ဒါကြောင့် ၁၉၉၅-ခု နှစ် ၊အောက်တိုဘာလ ၁၄ ရက်နေ့မှာ အိမ်တစ်လုံး ဝယ်ယူဖို့ လစဉ် အလှူငွေမှ ပိုငွေပေါင်း ဒေါ်လာတစ်သောင်း, "ကယ်လိုရင်း "ဆိုတဲ့ အမေရိကန် တပည့်ယောဂီမ တစ်ယောက်က ဒေါ်လာတစ်သောင်း၊, "ချူ့ဝ် လိုင် "ဆိုတဲ့ ထိုင်ဝမ်တရုတ် တပည့်မတစ်ယောက်က ဒေါ်လာ တစ်သောင်း စုစုပေါင်း ဒေါ်လာ သုံးသောင်း ဒေါင်းပေးမဲန် ပေးပြီး 7772, Rathburn Ave, Las Vegas NV, 89147 ရှိ နှစ်ထပ်အိမ်တစ်လုံးကို ဒေါ်လာ တစ်သိန်း နှစ်သောင်း နဲ့ ဝယ်ယူခဲ့ပါတယ်၊ လစဉ် ပေးမဲန် မှာ $ ၁,၁၀၀ ဖြစ်ပါတယ်၊ ကျောင်းက လမ်းရဲ့ထိပ်ဆုံး မှာတည်ရှိပြီး ကား ၇-စီးခန့် ရပ်နိုင်ပါတယ်၊ "ခွန် ရတ်

ချနီ ချန်ဝိဆနူရခ် "ဆိုတဲ့ ဒကာမကြီးရဲ့ ခရက်ဒစ် နဲ့ ကျောင်းကို ဝယ်ယူခဲ့တာ ဖြစ်ပါတယ်၊ ကိုယ်ပိုင် ကျောင်းလေး ဖြစ်လာတဲ့အခါကျတော့ ပြည်နယ်အစိုးရရဲ့ တရားဝင်ကျောင်း အဖွဲ့အစည်းတစ်ခုအ ဖြစ် မှတ်ပုံတင်ဖို့ လုပ်လာရပါတော့တယ်၊ တရားဝင်နာမည် နဲ့ မှတ်ပုံတင်ရတော့မှာ ဖြစ်လို့ နာမည်ရွေးဖို့ ရှိလာရပါတော့တယ်၊ မူလရည်ရွယ်ချက်အရ မိမိအတွက် တရားဘာဝနာ ပွားများအားထုတ် နိုင်ဖို့ လောဿက်ကိုသာ ရည်ရွယ်ထားကတာ ဖြစ်လို့ Chaiya Meditation Monastery လို့ ရိုးရိုး လေးနဲ့ပဲ နာမည်ပေးလိုက်ရပါတော့တယ်၊" ဇေယျ ဓမ္မရိပ်သာ ကျောင်း" ပါပဲပေါ့၊ မိမိရဲ့ဘွဲ့အမည် ဇေယျ ဆိုတဲ့ စကားလုံးရဲ့ အသံထွက်ကို ယိုးဒယားလိုက CHAIYA လို့ အသံထွက်ရပါတယ်၊ ထိုင်းလူမျိုး ၁၀% လောက်က မိမိကို "ဖရအာကျန်ချိုင်ယျ " လို့ခေါ်ဆိုကြ ပြီး ၉၀% က မိမိကို "လွန်င် ဖော့" လို့ ခေါ်ဆိုကြပါတယ်၊" ဖရအာကျန် "ဆိုတာ " ဆရာတော် "လို့ အဓိပ္ပါယ် ရပါတယ်၊ " လွန်င်ဖော့" ဆိုတာ " အဘ ဘုန်းကြီး" လို့ အဓိပ္ပါယ်ရပါတယ်၊ "Holy father" ပါပဲပေါ့၊

ပြည်နယ်အစိုးရ အသိအမှတ် ပြုကျောင်း ဖြစ်လာ

ပြည်နယ်တရားဥပဒေနဲ့ အညီ တရားဝင် ကျောင်း, တရားဝင်အဖွဲ့အစည်း တစ်ခု ဖြစ်ဖို့အရေး Mr. Len Hornsby ဆိုတဲ့ အမေရိကန် တပည့်ယောဂီ ဒကာတစ်ယောက်က အကြံဉာဏ်နဲ့ အကူအညီ အများကြီးပေးခဲ့ပါတယ်၊ လိုအပ်ချက်စာရွက်စာတမ်းများ ပြည့်စုံသွားတဲ့အခါမှာတော့

၁၉၉၅- ခု နှစ်  ဒီဇင်ဘာလ ၄ရက်  တနင်းလာနေ့မှာ Chaiya  Meditation Monastery  ဆို တဲ့နာမည်နဲ့ အမေရိကမှာ တရားဝင်ကျောင်း တစ်ကျောင်း အဖြစ်  သာသနာ့ မှတ်တိုင်တစ်ခု မှတ်တမ်းတင် တည်ထောင်နိုင်ခဲ့ရပါတော့ တယ်၊  နေဗားဒါး ပြည်နယ်မှာဆိုရင် မိမိနေခဲ့တဲ့ထိုင်းကျောင်းတစ်ကျောင်း ရယ်,ပြီးတော့  လာအိုကျောင်း တစ်ကျောင်းအ ပြင်  ဒီမိမိတို့ ကျောင်းက တတိယ မြောက်ကျောင်းပဲ  ဖြစ်ပါပေတော့တယ်၊အခု စာရေးနေတဲ့အချိန် မှာတော့ ထေရဝါဒ ဘုန်းကြီးကျောင်းပေါင်း ၁၃ ကျောင်းခန့် ရှိလို့လာနေပါပြီ၊

 ကျောင်းရဲ့ ဂေါပက လူကြီးတွေ အ ဖြစ်  မိမိကိုယ်တိုင်အ ပြင် , ခွန်အမ် နွယ်ဆီ ဆွဲ,   ခွန် ဆုမ်ဖွန်  Foy,    ခွန်ရတ်ချနီ  ချန်ဝိဆနူရခ်,    ခွန် ဗွန်ချူမ် လာဘွန်းတေး   နဲ့  ခွန် ဝိကျစ်တရာ  ကမ်ရိုင် တို့ ဖြစ်ကြပါတယ်။

## ကျောင်းသစ်သို့  ပြောင်းရွှေ့နေ

၁၉၉၆ ခု နှစ်  ဇန္နာဝါရီလ  ၉-ရက်နေ့ မှာ  ငှါးနေတဲ့ ယာယီကျောင်း ကနေ  ဝယ်ယူထားပြီး  ဖြစ်တဲ့  ဇေယျ ဓမ္မရိပ်သာ ကျောင်း ဆီသို့  ပြောင်းရွှေ့နေထိုင်ခဲ့ရပါတော့တယ်၊အဲဒီ နှစ်ကစပြီး  အခု စာရေးနေတဲ့ နှစ် ကာလတိုင်အောင်  နှစ်ပေါင်း ၂၀ ကျော်မျှ  ဝါတွင်းကာလ သုံးလမျှလောက်သော အချိန်ခါသမယမှာ  မြတ်သော နှုတ်ဆိတ် အဓိဌာန် ပါရမီ  မိမိရဲ့အိပ်ခန်းထဲမှာပင်  တစ်ကိုယ်တည်းကေစာရီ  ဘာဝနာတရားကို ပွားများအားထုတ်လိုက်ရပါတော့တယ်၊ တောထွက်ဖို့ အဓိဌာန် မအောင် မြင်ခဲ့တာမို့  အနည်းတကာ့အ

နည်းဆုံး  တစ်သက်တာကာလပတ်လုံး ဝါတွင်း သုံးလကိုတော့ ဖြင့်  မရ အရ ဝိဝေကကိုရှာ  ဧကစာရီ  အချိန် ပြည့် တရားဘာဝနာ ပွားများအားထုတ်ပေး သွားပါ့မယ်လို့  သန္နိဋ္ဌာန်ချ ခဲ့လိုက်ရပါတော့တယ် ၊  " မကြံ စည်သော်လည်း ဖြစ်တတ်သည်၊  ကြံစည်သော်လည်းပျက် တတ်သည်" ဆိုစကားအတိုင်းပါပဲ နှစ်, လ များစွာကကြံရွယ်ထားချက်   တောထွက်မဲ့အကြံ မအောင် မြင်ခဲ့ရပဲ ကံမင်းတရား စီမံပေးချက်အရ  သဲကန္တာရမြို့မှာပင်  ခုချိန်ထိ သောင်တင်၂ ပီးနေခဲ့ရပါတော့တယ်။

ကျောင်းရဲ့ ဘဏ် ကြွေးငွေ အတွက်  ဒကာ/ မ များရဲ့  စုပေါင်း သဒ္ဓါအားနဲ့ လစဥ် ပေးမဲ့ကို   ၁၉၉၅ ခု နှစ် ကနေ   ၁၉၉၆ ခု နှစ်  ဂျူလိုင် လ  ၃၁ ရက် အထိ   တတ်နိုင်သမျှ  ထည့် ဝင် လှူဒါန်းလာခဲ့ကြပါတယ်၊ အဲဒီ က နောက်ပိုင်း မှာတော့  ကြွင်းကျန်နေသေးတဲ့ ဘဏ်ကြွေးငွေ   $ ၅သောင်း ကို   ခွန်ရတ်ချနီ  ချန်ဝိဆနူရခ်ကပင် ဘဏ်ကို  အကုန်  အပြီးအ ပြတ် ပေးေ ချ ခဲ့လိုက်ပါတယ်၊ အတိုးမဲ့ ဖြင့် သူမ ချေး ပေးထားတဲ့  ငွေများကို လစဥ်မှန် မှန်  ကျောင်းက  ရရှိသမျှ အလှူငွေများ ဖြင့်  လစဥ် မှန်မှန် ပြန် လည်ပေးဆ ပ်ခဲ့ပါတယ်၊ ကံ ကောင်းစွာနဲ့ပဲ ၁၉၉၇ခု နှစ် ,ဩဂုတ်လ ၇ -ရက်နေ့ မှာ   သူမ ရဲ့ ပိုက်ဆံ $ ၅ သောင်း ကို   အကုန်လုံး  ပြန်လည်ပေးဆပ်နိုင်ခဲ့ပါတော့တ ယ်၊  သူမရဲ့ စေတနာ သဒ္ဓါတရား အနစ်နာခံမှု ကို ကျေးဇူးတင်ရသလို သာ ဓုခေါ်ဆို ရမှာ ဖြစ်ပါတယ်၊ အဲဒီလို အနစ်နာခံတဲ့ပုဂ္ဂိုလ် ရှိခဲ့လို့  ဘဏ်ကေ ချးငွေ  အတိုးတွေ ထောင်ချီပြီး သက်သာ ကင်းလွတ်ခွင့် ရရှိခဲ့ပါတယ်၊ ဘဏ် ချေးငွေတွေကို  ၂ နှစ်မျှပင်မကြာပဲ အမြန်ဆုံးချေဆပ်နိုင်အောင်  ဝိုင်း

ဝန်းလှူဒါန်း ကြတဲ့ ပါရမီ ရှင်များကို ဂုဏ်ယူ ဝမ်းမြောက် သာဓုခေါ်ဆိုကြရပေမှာပဲ၊

အဲဒီ ကျောင်းလေးမှာ အိပ်ခန်း ၃ခန်း , ရေချိုးခန်း၂ခန်း နဲ့ အိမ်သာ ၃ လုံး ရှိပါတယ်၊ တရားအားထုတ်ကြတဲ့ သူများ တစ်နေ့တစ် ခြား တိုးတက် များ ပြား လာတဲ့အတွက် ကားဂိုဒေါင်ကို အိပ်ခန်းကျယ် ကြီးအ ဖြစ် ပြောင်း လဲဖွဲ့စည်းလိုက်ရပြီး ရေချိုးခန်းနဲ့ အိမ်သာတစ်လုံးကို တိုးချဲ့ ပြုလုပ်ပေးခဲ့ရပါတော့တယ်၊ ကျောင်းနဲ့ နံရံကြားမှာ စကြ်္ံ လမ်းအ ဖြစ် ကွန်ကရစ် လောင်းပေး ခြင်း၊ ကျောင်းနောက်ဖေးမှာလဲ ကွန်ကရစ်လောင်းပြီး အဖီအမိုးအကာ ပြုလုပ်ပေးခဲ့ပါတယ်၊ အလှူအတန်းရှိတဲ့အခါမှာ ကျောင်းနောက်ဖေးရဲ့ မြက်ခင်းပေါ် မှာ မဏ္ဍပ် ကြီးပါ ထောင်ပေးလိုက်မယ်ဆိုရင် လူပေါင်းတစ်ရာ နီးနီးအတွက်လောက်တော့ အဆင်ပြေမှု ရှိခဲ့ရပါတယ်၊ အဲဒီကျောင်းလေးမှာ ဆယ် နှ စ် ခွဲခန့် နေထိုင်ခဲ့ရပါတယ်။

ကျောင်းငယ်လေးမှာ ပြုပါသာသနာ

ကျောင်းငယ်လေးမှာ နေခဲ့ရတဲ့ ကာလ အတောအတွင်း ထိုင်းတရားစာအုပ် သုံးအုပ်ခန့် ရေသားနိုင် ခဲ့ပါတယ်၊ နေ့ဆွမ်းစားပြီးတိုင်း တရားဓမ္မ ဟော ပြပေးခဲ့ရပါတယ်၊ တရားမထပ်ရအောင် စာရင်းမှတ်တမ်းပြု လုပ်ထားခဲ့ရသလို ကက်ဆက်ခွေနဲ့လဲ နေတိုင်းအသံဖမ်းထားခဲ့ပါတယ်၊ ပြီးတော့ တစ်ပတ်လျှင် တစ်ရက်ကျ အမေရိကန် လူ မျိုး ဆယ်ယောက် ကျော်တို့ကို အဘိဓမ္မာ သင်တန်း ပို့ချပေးခဲ့ပါတယ်၊လေး နှစ်လောက်ကြာခဲ့

ပါတယ်၊ သင်ကြားပို့ချပေး သမျှကိုလဲ ဗီဒီယိုနဲ့ရော အော်ဒီယို နဲ့ပါ နှစ်ခု စလုံး နဲ့ မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူး အသံဖမ်းယူထားတာလဲ ရှိပါတယ်၊ နာရီပေါင်း ရှစ်ဆယ်ကျော်ခန့်လောက် ရှိပါတယ်၊ ထိုင်းကျောင်းမှာနေခဲ့စဥ်တုံးက ပုံစံအတိုင်းပါပဲ ဓါတ်ပုံရိုက်ကူး အသံဖမ်းဖို့ကိစ္စမှာ မိမိကိုယ်တိုင်ပဲ လုပ်ခဲ့ရပါတယ်၊ ယိုဒယား လူမျိုးတွေ ကိုလဲပဲ အဘိဓမ္မာ သင်ကြား ပို့ချပေးတာ ကက်ဆက်ခွေပေါင်း ၂၀၇-ခွေခန့် ရှိခဲ့ပါတယ်၊ ဓမ္မဒါန အ ဖြစ် ကက်ဆက်ခွေပေါင်း သောင်း ချီပြီး ဖြန့်ဝေနိုင်ခဲ့ရပါတယ်။

ဒီနေရာမှာ အမှတ်ရလို့ ပြောလိုက်ရအုံးမယ်၊ ဒီကျောင်းငယ်လေးမှာ နေစဥ်တုံး အ ဖြစ်အပျက်တစ် ခုပါ၊ ကျောင်းငယ်လေးဆိုပေမဲ့ ၂ ထပ်တိုက်ကျောင်းလေးပါ၊ အိပ်ခန်း ၄ ခန်းခန့် ရှိတဲ့ကျောင်းလေးပါ၊ တစ်ခါမှာတော့ ဝါရှင်တန် ဒီစီက မြန်မာ သံအမတ် ကြီး ဦးတင်ဝင်း ကျောင်းကို အလည်ရောက်ရှိလာပါတယ်၊ သံအမတ် ကြီး မှာ အပြောအဆို အမူအယာ စိတ်ထားပုံကစလို့ သံအမတ် ကြီးတစ်ဦးပီပီ ဂုဏ်ယူလေးစားထိုက်တဲ့ လူကြီးတစ်ယောက်ပါပေပဲ၊ မြို့ခံ ဒကာကြီးတစ်ယောက်က ကျောင်း ဖြစ်ပေါ်လာပုံ နဲ့ သာသနာ ပြုရေး ဆောင်ရွက်ချက် အကြောင်း တစ်စိပ်တစ်ဒေသကို ပြောပြနေပါတယ်၊ ဒီကျောင်းတော် မှာ ဆရာ တော်ဘုရား ကြီး က အမေရိကန် ဒကာ/ မ တွေ ကို အဘိဓမ္မာတရား သင်တန်းကိုလဲ သင်ကြားပို့ချ ပေးလျက်ရှိနေပါတယ် လို့လဲ ပြောလိုက်ကရော သံအမတ် ကြီး နဲ့ အတူ ပါလာတဲ့ စီးပွားရေး သံအရာရှိကြီးက ဘာပြန် ပြောလိုက်မလဲလို့ ထင်ပါသလဲ၊ကြားသိ

ရတာ ဝမ်းသာ ဂုဏ်ယူပါတယ်လို့ အများတကာတွေ ပြောလေ့ ပြောထ ရှိ ကတဲ့အတိုင်း ပြောလာလိုက်မယ်လို့ များ ထင်မိပါသလား၊ အဲဒီလို လုံးဝမ ဟုတ်ပါဘူးဗျာ၊ သံအရာရှိကြီးက ချက်ချင်းဆိုသလိုပဲ "အမေရိကန်တွေကို အဘိဓမ္မာ သင်တန်း ပို့ချပေးနေတယ် ဆိုတာ စကား ပြန်နဲ့ သင်ကြား ပို့ချ ပေးနေသလား" တဲ့ဗျာ၊ မေးလိုက်ပုံက အားရ စရာကောင်းပါ့ဗျာ၊ မေးတဲ့ လေသံကိုက သူ့ရဲ့ စိတ်ထား ကို ပြော ပြပြီး ဖြစ်နေပါပြီ၊ ကဲ -ထားလိုက်ပါ တော့။

အရီဇိုးနား က လာရောက်ပြီး ရဟန်းလာခံတဲ့ အမေရိကန် ကို ယ်တော်လေး တစ်ပါးကိုလဲ နေ့စဉ်နဲ့အမျှ ၇-လကြာခန့် ဝိနည်း, သုတ္တန် တ ရားတော်များကို သင်ကြား ပေးခဲ့ရပါသေးတယ်၊ ဒီနေရာမှာ သတိရလို့ ပြေ ပြ လိုက်ရပါအုံးမယ်၊ အဘိဓမ္မာသင်တန်းတစ်ယောက်က မိုးမောန် ဘာသာဝင် တစ်ယောက် ဖြစ်ပါတယ်၊ ဒုလ္လဘဝတ်ပြီး တရားအားထုတ်ချင် ပါတယ်ဆိုလို့ ဆန္ဒပြည့်အောင် လုပ်ပေးလိုက်ရပါတယ်၊ သူ့မိခင် ကြီး က ယူ ထာ ပြည်နယ် ဆောလ့်လိပ်ခ် စီတီကပါ၊ သားရဟန်းခံတဲ့နေ့မှာ သူမလဲ ကျောင်းကို ရောက်ရှိ လာခဲ့ပါတယ်၊ သား ဖြစ်သူကို မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထုံးစံ အတိုင်း မြန်မာ့ ရှင်လောင်း ဝတ်စုံ အ ပြည့်နဲ့ ပဲ ဆင် မြန်းပေးထားခဲ့ ပါတယ်၊ ကိုရင် မဝတ်ခင်လေးမှာ အမေ ဖြစ်သူကို ထိ ခြင်းငါးပါးနဲ့ သုံး ကိမ် ဦးချ ခိုင်းပြီးတဲ့နောက်မှာ အ ပြစ် ကြီးငယ်ရှိက ခွင့် လွှတ်ပေးဖို့ တော င်းပန် ခိုင်းလိုက်ပါတယ်၊ ပြီးတော့ ရဟန်း ပြုခွင့် ခွင့် ပြုပေးသနားပါရန် ေ

တာင်းခံမှု ပြုခိုင်းစေခဲ့ရပါတယ်၊  သား ဖြစ်သူက  မိခင် ဖြစ်သူကို  ထိ ခြင်းငါးပါးနဲ့ စပြီးဦးချ ကန်တော့လိုက်တဲ့ အချိန်မှာ   မိခင် ဖြစ်သူခမျာ မျက်ရည် တဖြိုင်ဖြိုင် စီးကျလာတာကို တွေ့ မြင်ရပါတော့တယ်၊ ဝမ်းသာ ပီတိ ဖြစ်မိလို့ မျက်ရည်ကျတာနေမှာပဲလို့  အောက်မေ့ ရပါတယ်၊ ဒါမှမဟုတ် ဘာသာပြောင်းသွားတဲ့ သားတစ်ယောက် အပေါ် စိတ်မကောင်း ဖြစ်မိလို့ မျက်ရည်ကျတာလား ဆိုတာကိုတော့  ဘုရားရှင်ကပဲ ကောင်းကောင်း သိနိုင်မှာပါပဲလေ။

ဘဝရေစက်ဆိုတာက  လွန်ဆန်းကြယ်လှ

ဘဝရေစက်ဆိုတာကလဲ   အင်မတန်မှ  ဆန်း ကြယ် လှပါတယ်၊ ခရစ်ယာန်  မီနစ္စတာ တစ်ယောက်ကဆိုရင်လဲ  သူတို့မှာ ကိုယ်ပိုင် ဘုရားကျောင်းတစ်ခုလဲ ရှိနေပါတယ်၊ သူက စတင်တည်ထောင်သူလဲ  ဖြစ်ပါတယ်၊သူ့ကျောင်းမှာ မီနစ္စတာက  သုံးယောက်လောက်ရှိပါတယ်၊ ဒါပေ မဲ့  အသက် ၇-နှစ်ခန့်သာ ရှိတဲ့ သူ့သားလေးက ဗုဒ္ဓဘာသာ ဘုန်း ကြီးနဲ့တွေ့ချင်တယ်လို့ ပူဆာတာနဲ့  ကျောင်း ကို ရောက်လာခဲ့ ကြပါတယ်၊  ချိုင်းနားထောင်း က  နေပေါလ် , တိဘက် ပစ္စည်းရောင်းတဲ့ ဆိုင်ရှင် တစ်ဦးက ညွှန်းလိုက်လို့  ရောက်လာခဲ့ ကြရ ခြင်းပဲ ဖြစ်ပါတယ်၊  မနက် ၉ နရာရီကနေ ညနေ ၆ နာရီအထိ တစ်ပတ်ကို ၂ ရက် ကျောင်းမှာပဲ    မိဘများက လာထားပေးပါတယ်၊ နေ့စဉ်နဲ့အမျှ သင်ပေးသမျှကို အကုန်လုံး မှတ်မိနိုင် စွမ်းလဲ ရှိခဲ့ပါတယ်၊ ဘုရားတရား သံဃာ့ ဂုဏ်တော် တွေရော  မင်္ဂလသုတ်, မေတ္တာသုတ် ပါဠိအနက်, ခန္ဓာငါးပါး  ,မဂ္ဂင် ရှစ်ပါး နဲ့   ထိုင်းရဲ့မနက်  ညနေ ဘုရားရှိခိုး ဝတ်ရွတ်စဉ် စ

တာတွေ ကိုလဲ အလွတ်ကျက်မှတ် ရရှိလို့နေပါတော့တယ်၊ မိခင် ဖြစ်သူ ခရစ်ယာန် မီနစ္စတာက ညနေပိုင်း သူ့သားကို လာရောက်ခေါ်ယူတဲ့ အခါမှာ ဒီနေ့ ဘုန်း ကြီး ဘာသင်ပေးလိုက်သလဲ လို့ ပေးတတ်ပါတယ်၊ သား ဖြစ်သူက သူသင်ခဲ့သမျှ မိခင်ကို ပြန်ပြီး ပြော ပြခဲ့ပါတယ်၊ အဲဒီကလေးက ကျောင်းမှာ ကိုရင်တစ်ခါနဲ့ ဒုလ္လဘရဟန်း၂ ခါ ဝတ် ဖြစ်ခဲ့ပါတယ်၊ မိခင် ဖြစ်သူမှာလဲ ကိုယ်ပိုင် ဘုရားကျောင်း တည်ထောင်သူ ခရစ်ယာန် ဘုန်းကြီး တစ်ဦး ဖြစ်နေပေမဲ့လို့ သူ့ရဲ့မွေးနေ့ ကျရောက်တိုင်း ၄-၅ ရက်လောက်က မြန်မာ ယောဂီဝတ်စုံ ဝတ်ပြီး ကျောင်းမှာပဲ လာရောက်ပြီး တရားအားထုတ်မြဲ ရှိနေ ပါတယ်၊ ကျန်တဲ့အချိန်မှာလဲ အားရင် အားသလို လာပြီး တရား အားထုတ်တတ်ပါတယ်၊ ဘုရား တရား သံဃာ ကို ရှိခိုးဦးချမှု ပြုသလို လစဉ် အလှူငွေ အ ဖြစ် တစ်လ လျှင် ဒေါ်လာတစ်ရာ လှူဒါန်း လာခဲ့တာလဲ ခုချိန်တိုင်အောင်ပါပဲ၊ နှစ်ပေါင်း ၂၀ ကျော်တောင် ရှိလို့လာပါပြီ၊ မိသားစု တစ်ဦးပမာ ဖြစ်လာရပါတော့တယ်၊ ချီးကျူး ဂုဏ်ယူဖွယ် ကောင်းလှတဲ့ နှလုံးလှ ပိုင် ရှင်တစ်ဦးပါပေပဲ၊ အဲဒီလို စိတ်ထား ပြန့်ကျယ် ပညာတတ် မီနစ္စတာ တစ်ယောက်ရဲ့ ဖြစ်အင်ကို မြန်မာ ပြည်က တိုင်ရင်းသား ခရစ်ယာန်များကို မြင်စမ်းစေချင်ပါဘိတော့တယ်၊ သူတို့ရဲ့မိသားစုများကို ယေ ရှု ဘုရားရော ဗုဒ္ဓဘုရားကပါ ကောင်းချီးပေးနေမှာကတော့ အမှန်ပါပဲလေ။

ကျောင်းကြီးဆောက်ရန် မြေကြီးဝယ်ရ ပြန်

တရားချစ်ခင် ပါရမီရှင်တို့ တစ်နေ့တစ် ခြားတိုးပွားပြီးလာလို့ တရားေ
ဟာတဲ့အခါမှာ ထိုင်နေရာ မလုံလောက်တော့ပါ၊ လှေခါးထစ်တွေပေါ်မှာပဲ
ထိုင်ပြီး တရားနာကြရပါတယ်၊ ထမင်းစားတော့လဲ မတ်တတ်ရပ် ပြီးတော့
သာ စားသောက်ကြရပါတော့တယ်၊ မိမိရဲ့ မွေးနေ့ပွဲ, ကဆုန် လ ပြည့် ဗုဒ္ဓေ
န့, ဝါဆိုပွဲ, ဝါကျွတ်ပွဲ ကထိန်ပွဲ , နှစ်သစ်ကူးပွဲတော်များ ကျင်းပတဲ့အခါ
မျိုးမှာ ဆိုရင်    ပရိသတ်ပေါင်း ရာချီပြီး ရှိနေတတ်ပါတယ်၊ တစ်ရပ်ကွက်
လုံးမှာ မိမိတို့ရဲ့ ပရိသတ်များရဲ့ မော်တော်ကာတွေ နဲ့ပဲ နေရာမလပ် ပျံ့ နှံ့ ြ
ပီး ရှိနေရပါတော့တယ်၊ သူတို့ ခမျာ တိုင်တောမှု မရှိ သည်းခံပေးနေကြလို့
တော်ပါသေးတော့တယ်၊ ပွဲလမ်းသဘင် ရှိတဲ့အခါ ကားများ စံနစ်တကျ ရှိေ
အာင် ရပ်ပေးကြဖို့ နဲ့ သူများအိမ်တွေရဲ့ ဒရိုင်းဝေး ကားအဝင်အထွက်လို ေ
နရာ မျိုးမှာ မိမိတို့တတွေရဲ့ကားတွေ မရပ်မိစေဖို့ တာဝန်ယူ ကြည့် ရှုပေးသူ
ဒကာ ၂ ယောက်ကို အ မြဲတမ်း တာဝန်ပေးအပ်ထားခဲ့ရပါတယ်၊ တစ်နေ့ ေ
သာအခါမှာတော့ စနစ်တကျ ကားရပ်ပေးဖို့ တာဝန်ယူ ကြည့်ရှု ပေးရသူ
က ကိုယ့်လူတွေ သူများအိမ်ရှေ့မှာ ရပ်မိမှာစိုးလို့ စေတနာကောင်းနဲ့ပဲ ကို
ယ့်လူတွေ သတိထားမိအောင် ဆိုပြီး " No Parking" မရပ်ရ ဆိုတဲ့ ဆိုင်းဘု
တ်လေး တစ်ချို့သော သူများရဲ့ အိမ် ရှေ့တွေမှာ စိုက်ထားလိုက်ပါလေရော၊
နောက်တော့ အိမ်ရှင် ဖြစ်သူတွေက သတိထားမိသွားတဲ့အခါမှာတော့ အထ
င်တစ်မျိုး ဖြစ်ပြီး ရဲကိုခေါ် လိုက်ပုံရပါတယ်၊ အခမ်းအနား ကျင်းပနေတုံး
မှာပဲ ရဲက ရောက် ရှိလာပါတော့တယ်၊ သူများရဲ့ အိမ်ရှေ့မှာ မရပ်ရ ဆိုတဲ့
ဆိုင်းဘုတ် သွားစိုက်ခွင့် မရှိနိုင်ဘူး၊ သူတို့ ရဲ့ပိုင်နက်မှာ အိမ် ရှင်တွေ

အလိုကျ ကားကို ရပ်ချင်တိုင်းရပ်ဖို့ သူ့အခွင်းအရေးပါပဲတဲ့၊ ဆိုင်းဘုတ်ကို ပြုတ်ပစ်ခိုင်းလိုက်ပါတယ်၊ တစ်ခါတစ်လေမှာ ဒီလို နားလည်မှုတွေ လွဲတတ်တာကလဲ ရှိတတ်သေးသကိုး၊

မိမိတို့ကျောင်းမှာ လာတဲ့လူတွေကလဲ များလာ ရပ်ကွက်ထဲမှာ ကိုယ့်လူတွေရဲ့ ကားတွေကလဲ ပလူပျံ လို့ ရှိနေတော့ ရပ်ကွက်ကို အားနာမိလာပါတော့တယ်၊ အဲဒါနဲ့ပဲ သင်လျှော်တဲ့ နေရာမှာ မြေကြီးတစ်ကွက် ဝယ်ယူဖို့ စပြီးလုံးပန်းလိုက်ရပါတော့တယ်၊ မြို့ရဲ့ အရှေ့ အနောက် တောင် မြောက် အခေါက်ခေါက်အခါခါ လိုက်လံပြီး ကြည့် ရှုခဲ့ရပါတော့တယ်၊ တစ်လလောက်ခန့်ကြာတော့မှ စိတ် ကြိုက် မြေတစ်ကွက်ကို ရှာဖွေ တွေ့ ရှိခဲ့ရပါတော့တယ်၊ လက်ရှိနေရာနဲ့ အလှမ်းကွာဝေးပုံ တော့ ရှိနေပါတယ်၊ ဒါပေမဲ့ စီတီဟောလ် မှာ သွားရောက်ပြီး မေး မြန်းစုံစမ်း လေ့လာ တွေ့ ရှိချက်အရ နောက်ထပ် ဆယ် နှစ်ခန့်လောက်ဆိုရင် အဲဒီ အနီးအနား တဝိုက်မှာ အဝေးပြေးလမ်းမကြီး ရှိလာလိမ့်မယ်၊ အစိုးရ စာကြည့်တိုက် ဆောက်လာလိမ့်မယ် ၊ စတိုးဆိုင်, ဘဏ်တိုက်, စာသင်ကျောင်း နဲ့ရဲ စခန်းစသည်ပါ ရှိလာလိမ့်မယ် ဆိုတာ စီတီရဲ့ မာစတာ ပလဲန် အရ ကြိုတင် သိရှိခွင့်ရရှိထားခဲ့လို့ အဲဒီမြေကွက်ကို ဝယ်ဖို့ ဆုံး ဖြတ် လိုက်ရပါတော့တယ်၊ တစ်ချို့သောသူတွေက ဝေးတယ်ဆိုပြီးတော့ ဝယ်မှာကို သိပ်ပြီး သဘောမတူချင်ကြပါဘူး၊ လုလက်ရှိနေရာ မှာတောင်မြို့ ရဲ့အစွန် ဖြစ်နေပြီ၊ နောက်ထပ် ဝေး လံတဲ့နေရာမှာ ပြောင်းရွှေ့သွားရင် ဘယ်သူက လိုက်ပြီး ဆွမ်းကပ်နိုင် မှာတဲ့လဲပေါ့၊ စေတနာကြီးနဲ့ပဲ တွေးပြီး စိတ်ပူမိလို့ ပြောခဲ့တာပါပဲ၊ တကယ်တော့ အခုနေရာ

ဟာ မြို့လယ်ခေါင်လို အင်မတန်မှ စည်ကားလှတဲ့ နေရာတစ်ခု ဖြစ်သွားခဲ့ချ ပြီ၊ ဘုရား သိ ကြား ရွေးပေးခဲ့တဲ့ နေရာထူး နေရာ မြတ် တစ်ခု ဖြစ်ခဲ့ ရပါလေပြီ။

၁၉၉၆ခုနှစ် နိုဝဘ်ာလ ၃၀ -ရက်နေ့မှာ Mr.John+Mrs. Julia O ' Brien ဆိုတဲ့ မြေပိုင်ရှင် ထံကနေ ၅ ဧကခန့် ရှိတဲ့ မြေ တစ်ကွက်ကိုဒေါ်လာ သုံးသိန်း တစ်သောင်းနဲ့ ဝယ်ယူခဲ့ပါတယ်၊ S. Rainbow blvd နဲ့ W. Santoli Eve မှာ တည် ရှိပါတယ်၊ စာချုပ်အရ ၃ နှစ်ခန့် လစဥ် အရစ်ကျပေးချေခဲ့ရပြီး ၂၀၀၀ ခုနှစ်၊ ဇန္နဝါရီလ ၂၆ -ရက် နေ့မှာ မြေ ဖိုးကို အပြီး ချေဆပ်နိုင် ခဲ့လိုက်ပါတော့တယ်၊ မူလ ရည်ရွယ်ချက်က တရားဝင်ကျောင်း ဖြစ်ဖို့ လျှောက်ထားတဲ့အခါမှာ တကယ်လို့ များ ခွင့် ပြုချက်မရ မအောင်မမြင် ဖြစ်ခဲ့သည် ရှိသော် ကျောင်းကြီးကို အလယ်ခေါင်မှာ ထားဆောက်ပြီး မိသားစု ၄ ဦးတို့က ဟိုဘက် ဒီဘက် ၂ အိမ်စီ အိမ်ဆောက်နေကြပြီး အကာအကွယ် ပေးကြဖို့ ဖြစ်ပါတယ်၊ ဒါ ကြောင့် အားလုံးအတွက် ကျောင်းရဲ့ခရက်ဒစ်ကို အသုံး ပြုပြီး မိမိနာမည်နဲ့ပဲ ဝယ်ယူခဲ့ရတာ ဖြစ်ပါတယ်၊ အဲဒီ အချိန် တုံးက မြေကို စုပေါင်း ဝယ်ယူကြဖို့ ဆော်အော် တိုက်တွန်း စည်းရုံးခဲ့ပေမဲ့ စိတ်ဝင်စားတဲ့သူ မရှိ ဖြစ်နေပါတယ်။ ဝေးတယ်ဆိုပြီးအကြောင်း ပြတာက တစ်ကြောင်း၊ မြေကိုကြည့်လိုက် ပြန်တော့ သဲကန္တာရ ဆိုတော့ ကျောက်တုံး ကျောက်ခဲ သဲတွေနဲ့ ပတ်ကြားအက် မြေကြီးတွေ မို့ အလကားပေးတောင် မယူချင်လောက်စရာပါပဲ၊ ဝယ်ပြီး ဒီ မြေကြီးကို ဘာ

လုပ်မှာလဲပေါ့၊ ဟုတ်တော့လဲ ဟုတ်တာပဲ၊ သူ့အချိန်အခါသူဆိုတော့ ဒီလိုပဲ တွေးကြပေမှာပဲပေါ့၊

ကျောင်းတော်အတွက် မြေကြီး ၂ဧကခွဲဖိုး ပေးရငွေပေါင်းမှာ $၁၅၉, ၃၂၄ ဖြစ်ပါတယ်၊ ဒီထဲမှာ "ခွန်ဆုရာင် ထောင်ဝိဝတ်" ဆိုတဲ့ တပည့်ယောဂီ ဒကာမ ကြီးတစ်ယောက်က အလှူတော်ငွေ $ ၇၉, ၈၅၇ မတည်လှူဒါန်းပေးခဲ့ပါတယ်၊ အများရဲ့ စုပေါင်း လှူဒါန်းငွေ အဖြစ်က $ ၇၉, ၄၇၃ ဖြစ်ပါတယ်၊ ၁၉၂၀ ခု နှစ်၊ ဧပြီလ ၇-ရက်နေ့ မှာ မြေကိုအတူတကွ ဝယ်ယူထားတဲ့ "ခွန် ဂျင်မ်" ဆိုသူက ထိုင်းကို အပြီးအပိုင် ပြန်နေတော့မှာမို့လို့ သူပိုင်ဆိုင်တဲ့ ေ မြဧကဝက်ကို $ ၃၈, ၇၃၀ ဈေးနဲ့ ကျောင်းကို ပြန်လည်ေရာင်းချပေးခဲ့ပါတယ်၊ အများကောင်းမှု အလှူငွေနဲ့ပဲ ဝယ်ယူခဲ့ရတာ ဖြစ်ပါတယ်၊ ဒါ ေကြာင့် စုစုပေါင်း ကျောင်းေ မြက ၃ ဧက ဖြစ်လာရပါတော့တယ်။

သာသနာ့ ေမြ ဖြစ်ရန် ပြုလုပ်စီမံ

အမေရိကန်နိုင်ငံမှာ ပြည်နယ်အစိုးရ အသိအမှတ် ပြု သာသနာ့ မြေ တစ်ကွက်ရရှိ ဖို့ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ပါလေ၊ သာသနာ့ မြေ အဖြစ် အသိအမှတ် ပြုခံရအောင် တစ်ချို့ သော ကျောင်း များကဆိုရင် ရပ်ကွက်တွင်း ပြည်သူ့ ကြားနာ ဆုံးဖြတ်မှုအစည်းအဝေးမှာ ဆယ် ကြိမ်မက တက်ရောက်ခဲ့ကြရပါတယ်၊ တချို့ များကျတော့ ရှေ့နေ ငှါးပြီး လုပ်ခိုင်းရတာလဲ ရှိပါတယ်၊ တစ်ချို့ များမှာကျတော့ ကျောင်းတွေ ေ မြတွေ ဝယ်ထားပြီးမှ သာသနာ့မြေ အဖြစ် အသိအမှတ် အပြုမခံရလို့ နောက်ထပ် အ

သစ်တစ်နေရာကို ရှာဖွေပြီး ဝယ်ယူ ပြန်ရ, ပြောင်းရွှေ့နေခဲ့ရ ပြန်တာကလဲ မနည်းလှပါဘူး၊ သာသနာ့ မြေ အဖြစ် အသိအမှတ် ပြုခံရရေးမှာ သတ်မှတ်ချက်တွေ အကြီး ရှိလို့နေပါတယ်၊ ကိုက်တစ်ရာ ပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ သူများကလဲ ကန့်ကွက်မှုမရှိ သဘောတူ ညီမှု ရှိပေးရပါတယ်၊ ဆောက်လုပ်ရေး ဥပဒေနဲ့အညီသင့်လျော်တဲ့ မြေနေရာ အကျယ်အဝန်း ရှိဖို့လိုပါတယ်၊ ဆောက်လုပ်မဲ့ အဆောက်အဦး အားလျော်စွာ သတ်မှတ်ထားတဲ့ ကားရပ်ရာနေရာတွေနဲ့လဲ ပြည့်စုံလုံလောက်မှု ရှိရပါတယ်၊ မစွမ်းမသန် ပုဂ္ဂိုလ်များအတွက် ဝင်နိုင် ထွက်နိုင် တဲ့လမ်းနဲ့ မီးဖိုချောင် , အိမ်သာ , ရေချိုးခန်းများ ရှိဖို့လဲ လိုလာပြန်ပါတယ်၊ ဒါ့အ ပြင် မီးသတ်ကား ဝင်ထွက်နိုင်ဖို့လဲ လိုအပ်ပါသေးတယ်၊ မီးအန္တရာယ် ထွက်ပေါက်, ပြေးပေါက် နဲ့ တစ်နာရီခန့်ကြာ မီးဘေးအန္တရာယ်ကို ခေတ္တ ရှောင်တိမ်းခိုလှုံ နိုင်တဲ့ နေရာဆိုတာကလဲ ရှိလိုက်ရသေးတယ် စသဖြင့် အသက်အန္တရာယ် ဘေးရန် ကင်းစင်ရေးအတွက် စည်းမျဥ်းစည်းကမ်း နည်းလမ်းဥပဒေသတွေကတော့ဖြင့် များ မြောင်လှပါတယ်၊ အဓိက ကတော့ ပြည်သူ့အသက် လုံ ခြုံမှု ရှိဖို့က အဓိကပါပဲ၊ တစ် ပြည်နယ် နဲ့ တစ် ပြည်နယ် ဥပဒေ ကွာ ခြားချက် အနည်းအကျဥ်းလဲ ရှိတတ်ပါတယ်။

မိမိတို့ အနေနဲ့ မြေကို ဝယ်ယူပြီးတဲ့နောက်မှာ ၁၉၉၉ ခု နှစ် စက်တင်ဘာလ ၉ ရက်နေ့မှာ ခွန်ထီ နဲ့ ခွန်ရတ်ချနီ ချန်ဝိဆနူရခ် တို့က လိုအပ်ချက် စာရွက်စာတမ်းနဲ့ ကျောင်းပုံစံ ကို ယူ ဆောင်ခဲ့ပြီး သက်ဆိုင်ရာဌာန ပြည်သူ့ အစည်းအဝေး ကြားနာ ဆုံး ဖြတ်မှု ပြုလုပ် ကြ တဲ့

စာကြည့်တိုက် ခန်းမဆောင်တစ်ခု မှာ သွားရောက်ပြီး မိမိတို့ ပိုင်ဆိုင်တဲ့ ပြေ မကို သာသနာ့ မြေ အ ဖြစ် သွားရောက်တင် ပြ လျှောက်ထားခဲ့ ကြပါတယ်၊ မိမိမှာ ဝါတွင်းကာလ အဓိဋ္ဌာန်ဝင်နေရတဲ့ အခါသမယမို့ အစည်းအဝေးမှာ မလိုက်ပါ နိုင်ခဲ့ပါ၊ ဘုရား တရားရဲ့ တန်ခိုးတော် ကြောင့်ပါပဲ အဲဒီ အစည်းအဝေးမှာ ကန့်ကွက်သူ မရှိလို့ တစ်ချီ တည်းနဲ့ပဲ သာသနာ့ မြေ အဖြစ် သက်ဆိုင်ရာ အရာရှိ တရားသူကြီး လူကြီး မင်းများအဖွဲ့က အတည် ပြုဆုံး ဖြတ် ပေးလိုက်ပါတော့တယ်၊ မိမိတို့အဖို့ ကောင်းတဲ့အချက်က ဘာလဲ ဆိုတော့ မိမိတို့ မြေ နဲ့ အနီးအနား ပတ်ဝန်းကျင်မှာ ဘာဆို ဘာကိုမှ မရှိသေးတဲ့ ဟင်လင်း ပြင် ကွင်း ပြင် ကျယ် ကြီးပဲ ရှိနေသေးလို့ပါပဲ၊ မြေရှင်တွေက တစ် ခြား ပြည်နယ်မှာ နေထိုင်ကြတာလဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် လာရောက် ကန့်ကွက်သူ မရှိတာလဲ ဖြစ်နိုင်တယ်ပေါ့၊ ခုလို အခါမျိုး မှာ ရပ်ကွက်လေးတွေ ဖြစ်လာပြီးတဲ့နောက် သွား ပြီး လျှောက်ထားခဲ့မယ်ဆိုရင်တော့ ကန့်ကွက်မဲ့သူ ရှိလာမှာ ဧကန် မုချ မလွဲပါ၊ ပတ်ဝန်းကျင်မှာ လူသူတွေ ဘယ်သူ့ မှ မရှိခင် အချိန်မှန် လျှောက်လိုက်ရလို့ ချောချောရှူရှူနဲ့ အောင် မြင် သွားရတာ သာသနာစောင့်နတ်တွေရဲ့ စောင့်ရှောက်မှုလဲ တစ်ဖက်တစ်လမ်း ပါမှာပေါ့လေ၊ ဒါကြောင့်လဲပဲ သဲကန္တာရမှာ အိုအေစစ် သာသနာ့မှတ်တိုင် တစ်ခု စိုက်ထူ နိုင်ခဲ့ရတာပဲ ဖြစ်ပါပေတော့တယ်၊ ဆက်လက်ပြီးတော့လဲ သာသနာ အကျိုး သည်ပိုး ရွက်ဆောင်နိုင်ကြပါစေ --သာသနာစောင့် နတ်မင်းအပေါင်းတို့ရေ။

Monday, December 16, 2019

## စေတနာ့ဝန်ထမ်း  အင်ဂျင်နီယာ  ပညာရှင်များ

ကျောင်းတော် သစ် ကြီး  ဆောက်လုပ်ရေးအတွက်  မြန်မာ အနုပညာ လက်ရာများ ဖြစ်စေချင်လို့  ဦးစွာပထမ မှာတော့  အယ်လ် အေ မှာ ရှိတဲ့  မြန်မာဗိသုကာနဲ့ အဆက်အသွယ် ပြုလုပ်ခဲ့ပါတယ်၊ ကျောင်းဆောက်လုပ်ခ  ကုန်ကျငွေ အပေါ် မူတည်ပြီး အင်ဂျင်နီယာများရဲ့ လုပ်အားခကို ရာခိုင် နှုန်းနဲ့ တွက်ပြီး ယူမယ်လို့ ပြောတာနဲ့ နောက်ဆုတ်ခဲ့ လိုက်ရပါတယ်၊  တစ်ခါ လတ်စ်ဝေးဂတ်စ်မြို့ ကုမ္ပဏီ တစ်ခုမှာ အလုပ်  လုပ်နေတဲ့ ထိုင်းဗိသုကာ တစ်ယောက်နဲ့ ဆက်သွယ်ကြည့် ပြန်ပါတယ်၊ အင်ဂျင်နီယာများအတွက် $ ၆ သောင်းကျော်  ကုန်ကျမှာ ဖြစ်ပြီးကျောင်း ဘလူပရင့်  စာရွက်စာတမ်း ပုံစံများ အားလုံးဟာ ကုမ္ပဏီ ပိုင်ပဲ  ဖြစ်ရမယ်တဲ့၊ပြီးတော့  ကျောင်းလုပ်ဆဲကာလ တရားဆွဲဆိုမှု ရှိလာခဲ့သော် ကျောင်းနဲ့ ကုမ္ပဏီအ ကြား  နှစ်ဦးသားကသာလျှင်  ဖြေရှင်းကြရမယ်၊ တတိယပါတီ , လူပုဂ္ဂိုလ်  ရှေ့နေ စသည် ဝင်ရောက် စွက်ဖက် ခြင်း မ ပြုရဆိုတဲ့  သတ်မှတ်ချက်တွေနဲ့  တင် ပြလာပါတယ်၊ အဲဒီတင် ပြလာတဲ့ စာကို ဖတ် ရှုလေ့လာ သုံးသတ်မှု ပြုပြီးတဲ့နောက်မှာ  သိပ်ပြီး သဘောမကျလှတာနဲ့ တစ် ခြားလူကို  စဥ်းစား လိုက်ရ ပြန်ပါတော့တယ်၊ ထို့နောက်  အယ်လ်အေက  ဒကာတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ အယ်လ်အေ မှာ ရှိတဲ့  ထိုင်ဝမ်ဗိသုကာ ကုမ္ပဏီ တစ်ခု နဲ့ သွားရောက်ပြီး ဆက်သွယ်ခဲ့ရပါတယ်၊ ဗိသုကာနဲ့  ညှို နှိုင်းတိုင်ပင် ဆွေးနွေးထားခဲ့သည်များကို  ဂေါပကအဖွဲ့နဲ့ တိုင်ပင်ပြီး ဆုံးဖြတ်ဖို့  စီစဥ်လိုက်ရပါတော့တယ်၊  ဖြစ်ချင်တော့  နောက်တစ်နေ့မှာပဲ  ဒကာတစ်ယောက်က  အယ်

လ်အေ က အာဂန္တုက တစ်ပါးကို လာပို့ရင်းနဲ့ ကျောင်း ကို ရောက် ရှိလာခဲ့ပါ တယ်၊ သူ့မှာလဲ ဗိသုကာ တစ်ယောက်ပါပဲတဲ့၊ လိုင်ဇင်ကတော့ မရှိပါဘူး၊ ဒါပေမဲ့ သူ့မှာ အပေါင်းအသင်းတွေ အများ ကြီး ရှိပါတယ်၊ အယ်လ်အေက ထိုင်ဝမ်ဗိသုကာကို ဖျက်သိမ်းလိုက်ပါ၊ သူတို့အဖွဲ့ က ကူ ညီပေးလိုက်ပါမယ် လို့ တင် ပြ ပြောဆိုလာပါတယ်၊ အချိန်တန်တော့ အထက်ပုဂ္ဂိုလ်တွေကပဲ လွှတ်လိုက်လေရော့သလားလို့တောင် စဥ်းစားမိလိုက်ပါသေးတယ်၊ နဂိုက သိဖူး မြင်ဖူးတဲ့ သူတစ်ယောက်လဲ လုံးဝမဟုတ်ခဲ့ပါဘူး၊ ထူးဆန်းသလိုတော့ ရှိနေတာပေါ့လေ၊ အဲဒီဒကာက လာအို လူမျိုးတစ်ယောက် ပါပဲ၊ နောက်တော့ သူ့ရဲ့ မိတ်ဆွေတွေတစ်ချို့ကို စည်း ရုံးပြီး ကျောင်း ကို ခေါ်လာခဲ့ပါတယ်။

ကျောင်းတော်ပုံစံ  မိမိစိတ်ကူးအကြံ

ကျောင်းဆောင်တော် ကြီး ၄ ခု စလုံးရဲ့ အတွင်း အပြင် ပုံစံ အနေ အထား များကို မိမိကပင် ပုံစံထုတ် ပြုလုပ် ခဲ့တာ ဖြစ်ပါတယ်၊ မိမိမှာ ဗိသုကာ ပညာ ဘာမှနားမလည် ခဲ့ပါ၊ မိမိနေထိုင် ကြုံတွေ့ မြင်ဖူးခဲ့ရသ မျှသောကျောင်းတွေအပေါ်မှာ အ ခြေခံ ပြုပြီး အကောင်းဆုံး သင့်လျှော်မှု ရှိအောင် စိတ်ကူးနဲ့ ရေးဆွဲခဲ့ရတာပဲ ဖြစ်ပါတယ်။

ကောလိပ်ကျောင်း တက်ထားခဲ့စဥ်တုံးက ပန်းချီ ဆွဲနည်း ပညာရပ် ကို သင်ဖူးထာခဲ့တာရှိတော့ ဒီနေရာမှာ လာပြီးတော့ အသုံးချလိုက်ရပါတ ယ်၊ ဝါတွင်းသုံးလ အဓိဋ္ဌာန်ပါရမီ ဖြည့်ကျင့်ဆည်းပူးနေတဲ့အခါကာလ ပ ထမဆုံးသော အပတ်မှာ တစ်ပတ်လုံးလုံး တရားအားမထုတ်သေးဘဲ မိမိ

ရှု့မှာ  စာရွက် ကြီးတစ်ရွက်နဲ့ ခဲတံ တစ်ချောင်း ချထားခဲ့ပါတယ်၊ မိမိမှာ သမာဓိယူ  မျက်စိမှိတ်ပြီး ဆောက်လုပ် မဲ့ ကျောင်းပုံစံ များကို  စိတ်ကူးယဉ် စိတ်ထဲ မြင်အောင် ဖန်တီးပေးခဲ့ရပါတယ်၊ စိတ်ထဲမှာ ထင်ထင် ရှားရှား မြင် လိုက်ရတဲ့အတိုင်း  မျက်စိဖွင့်ပြီး  စာရွက်ပေါ်မှာ ကောက်ရေးလိုက်ရပါတ ယ်၊  အပြင်ဖက်က ကျောင်းပုံစံ တို့ကို  ရေးဆွဲပြီးစီးသွားတဲ့အခါမှာတော့  အ တွင်းပိုင်းအတွက်  တစ်ခုချင်းစီကို  ပြန်ပြီး စဥ်းစာဝေဖန်  ပုံစံထုတ်လိုက်ရ ပြ ပန်ပါတယ်၊ ဒီလိုနဲ့ပဲ   မျက်စိ မှိတ်ပြီး  သမာဓိယူ  စိတ်ကူးအာ ရုံထဲမှာ ပုံစံထု တ်လိုက်    မျက်စိ ပြန်ဖွင့်ပြီး  စာရွက်ပေါ် ချရေးလိုက်နဲ့  လုပ်ခဲ့ရပါတယ်၊ အဘယ်ကြောင့်  ဒီလောက် ကြီး   အချိန် အကု န် ခံ ပြီး လုပ်ရသလဲဆိုတော့ ဘုန်းကြီးကျောင်း , သိမ်ကျောင်း, ရိပ်သာကျောင်းကိစ္စ  လိုအပ်ချက်နဲ့   ရည် ရွယ်ထားချက် များကို   နေထိုင်မယ့် ကျောင်းထိုင်ဘုန်းကြီး မှတပါး   ဘယ် ဗိသုကာမှ  မသိနိုင်တာ အမှန်ပါ၊ ဒါကြောင့် အကြမ်း ဖျင်းအနေနဲ့ ကြိုတင်ပြ ပီး ပုံစံထုတ်ပေးနေရ ခြင်းပဲ ဖြစ်ပါတယ်၊ ဆိုကြပါစို့ ၊ ဘယ်နေရာလောက်မှာ လှေးခါး ထား ရှိသင့်တယ်၊ အများသုံးအိမ်သာ,မျက် နှာသစ်ရာနေရာ,  ရေ ချိုးခန်း, အိပ်ခန်း ,အဝတ်လျှော်ခန်း , ဧည့်ခန်း , ဘုရားခန်း, တရားထိုင် ခန်း နဲ့ စကြ်ံန် လျှောက်မယ့်နေရာ, တရားနာတဲ့အခန်း, စာကြည့်ခန်း , စာသင်ခန်း, နားနေခန်း, ဧည့်သည်များ အိပ်ခန်း, ယော ဂီများအခန်းနဲ့ နားနေခန်း  ,မီးဖိုခေ ချာင် စသည်များကို အကုန်  ခြုံ ငုံပြီး  ထည့်တွက် စဥ်းစား  နေရာ ချထားပေ ပးခဲ့ရပါတယ်၊  အခန်းတစ်ခန်းရဲ့  အသုံး ပြုမှုရ ည်ရွယ်ချက်နဲ့  ပရိသတ် အရေအတွက်,  မျက် နှာ မူရာဖက်ကိုပါ စဥ်းစားခဲ့ရပါသေးတယ်၊  လုံ ခြုံေ

ရး အတွက်, ကျန်းမာရေးအတွက်ရော  အဝင် အထွက် အဆင်ပြေ မှုအတွ က်ကို  ထည့်တွက်ခဲ့ရပါတယ်၊  တရားဟောခန်းမ  ဓမ္မာရုံကြီးမှာ လူ ဘယ်နှ စ်ယောက် လောက် ထိုင်ဆံ့ နိုင်အောင် နဲ့ ၂၄  နာရီ လုံးလုံး  အဆောင် ၂ ခု ကနေ  ယောဂီများ အချိန်မရွေး လာရောက်ပြီး တရားထိုင်နိုင်အောင်ကိုပါ ထ ည့်ပြီးစ ဥ်းစားခဲ့ရပါသေးတယ်၊  အမျိုး သမီးဆောင် မှာလဲ အိပ်ခန်း, ရေချိုး ခန်း, နားနေခန်း နဲ့ ခြေထောက်မသန်  အားမာန်မမှုကြတဲ့ သက် ကြီးရွယ်အို များ  အပေါ် ထပ်သို့  အလွယ်တကူ တက်ရောက်  နိုင်ရန် ကြိုတင်စီမံ  ပြင်ဆ င်ပေးမှုများလဲ စဉ်းစားပေးခဲ့ရပါသေးတယ်၊  ဒီလိုနဲ့ ပဲ နေ့ရောညပါ  အိပ်ချိန် အနည်းငယ်သာထားပြီးတော့ မျက်စိ မှိတ် စဥ်းစားလိုက်  မျက်စိဖွင့်ပြီး  စာရွ က်ပေါ် ရေးချလိုက်၊ ရေးလိုက်   ဖြတ်လိုက်နဲ့  လုပ်လိုက်ရတာ  တစ်ပတ်တာ ကာလလုံးလုံး ကုန် ဆုံးသွားခဲ့ရသလို   မိမိလိုချင်တဲ့  ကျောင်း ပုံစံ   ဖွဲ့စည်း ပုံအနေအထား အသေးစိတ်များလဲ  ပြီးစီးလို့သွားခဲ့ပါပေပြီ၊  အဲဒီကနောက်ပို င်း ကျမှပဲ   အဓိဋ္ဌာန်ဘာဝနာကမ္မဋ္ဌာန်းကို   ကြောင့်ကြမဲ့စွာ နဲ့ပဲ ပွါးများ အား ထုတ်လိုက်ရပါတော့တယ်၊  ဝါကျွတ်ပြီးလို့  အဓိဋ္ဌာန်ဘာဝနာကနေ ပြန်ထွက် လာတဲ့ အခါမှာ  ဗိသုကာ ဒကာ ကို ခေါ်ပြီး  မိမိစိတ်ကူးနဲ့  ထုတ်လုပ်  ရေးဆွဲ ထားတဲ့  ကျောင်း ပုံစံနဲ့    ဘယ်လိုရည်ရွယ်ချက် နဲ့  ရေးဆွဲခဲ့ရတယ်ဆိုတာ ကိုပါ ပြောပြခဲ့ပါတယ်၊  ပြောပြသမျှတွေကို   သူ့ရဲ့ကွန်ပြူတာထဲ  အချက် အလက်များကို အကြမ်ဖျင်း ထည့်လိုက် တာမှာ  တစ်နာရီတောင်  မကြာခဲ့ပါ ဘူး၊ သူ့အတွက် အများကြီး အထောက်အကူ ပြုသွားတာ ဖြစ်လို့ သူလဲ ဝမ်ေ မြာက်သွားခဲ့ရတာကို တွေ့ မြင်ခဲ့ရပါတယ်၊ တစ်ပတ်လုံးလုံး တရားမထိုင် နို

င်လောက်အောင် စိတ်ကူးနဲ့ ရေးဆွဲခဲ့ရ ကျိုး နပ်ပြီမို့ မိမိလဲ့ ထပ်တူ ဝမ်းေ ြ
မာက်ခဲ့ရတာ အမှန်ပါ။

လုပ်အားခမယူ ပညာဒါန ပေးလှူကြသူများ

လာအိုဒကာ Airr Punthip နဲ့ Mr. Carry Brook တို့က Architect ကျောင်း
ပုံစံကို ရေးဆွဲ ပေး ခဲ့ ကြပါတယ်၊

Robert Scottက Cevil Engineer Cevil Planကို ရေးဆွဲပေးခဲ့
ပါတယ်၊

Andrew E. Whittaker က Cevil Engineer Drainage Study
အတွက် တာဝန်ယူဆွဲပေးခဲ့ပါတယ်၊

Nospat Rourani Electrical engineer က Plan ကို Stamp ထုပေး
ခဲ့ပါတယ်၊

ထိုင်းဒကာ Arpakorn ( Ping) Kumpanon က Mechanical engineer
Plumblng နဲ့ HVAC အတွက် တာဝန်ယူ ရေးဆွဲပေးခဲ့ပါတယ်၊

ထိုင်းဒကာ Adisak Archwuth က Architect ဗိသုကာတွေ လုပ်လို့ မ ြ
ပီးသေး တဲ့ဟာတွေကို ပြင်ဆင်ရေးဆွဲ ပေးခဲ့ရပါ
တယ်၊

U Aung Khin နဲ့ သမီး Win Mar Khin တို့က Electrical engineer မီးအတွက် ပုံစံထုတ် ရေးဆွဲပေးခဲ့ ကြပါတယ်၊

Randy L. Barnes က Architeck Review plan and Stamp ထု ပေးခဲ့ပါတယ်၊

အထက်ဖော်ပြပါ အင်ဂျင်နီယာ များက ကျောင်းတော် ကြီး ဆောက်လုပ်ရေးအတွက် ပိုက်ဆံ အခ ကြေးငွေ မယူကြဘဲ လုပ်အားအလှူ ပညာ အလှူ ပေးလှူ ကူ ညီခဲ့ကြ တာဖြစ်ပါတယ်၊နတ်လူ သာဓု ခေါ်စေသော်------။

Structures West ကုမ္ပဏီ Mr. Scott Sanders က Structural engineer တစ်ဦးတည်းကိုသာ Structural plans အတွက် $ 18, 000 နဲ့ သိမ်တော်ကြီး အတွက် ပြန်လည် ပြင်ဆင် ရေးဆွဲခ $ 1,500 စုစုပေါင်း $၁၉, ၅၀၀ ပေးခဲ့ရပါတယ်။

မည်သူမှ မသိမ မြင် မိမိရဲ့ ဖြစ်အင်

ကျောင်းရဲ့ ပုံစံ နောက်ဆုံးအဆင့် ရောက် ရှိဖို့ တစ် နှစ်ခွဲ လောက်အထိ အချိန်ကြာညောင်းခဲ့ရ စောင့်ဆိုင်းနေခဲ့ရပါတယ်၊ မိမိတို့ မှာ အလှူငွေ ပေါင်းလဲ တစ်သန်းကျော်လောက် ရ ရှိနေခဲ့ပါပြီ၊ အလှူ ရှင် တပည့် ဒကာ/ မများက ကျောင်းဆောက်တာကို မြင်လိုတဲ့ အာသာဆန္ဒကလဲ ပြင်း ပြ ပလို့ နေကြကုန်ပါပြီ၊ ကျောင်ကို ဘယ်တော့ ဆောက်မှာလဲလို့ နေ့တိုင်းဆိုသလို မကြာခဏ မေးမေးနေကြပါတယ်၊ မေးလာတဲ့ သူတွေကို အဖြစ်မှန်

ပြောပြ ပြန်လို့လဲ မကောင်းတတ်ပါ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်မှာ အများကအမုန်း ပွားပြီး အပြစ်မြင် ပြစ်တင်လာကြမှာကိုလဲ လုံးဝ မ ဖြစ်စေ လိုတဲ့ မိမိရဲ့ စေတနာအမှန်ပါပဲ၊ ဒီလိုနဲ့ လပေါင်း ရှည်ကြာ စိတ်ဓါတ် ပင်ပန်းခဲ့ရ စိတ် ဓါတ်ကျခဲ့ရ ဘယ်လောက်ထိ ခံစားခဲ့ရတယ်ဆိုတာ ဘုရားနဲ့ မိမိမှ တပါး သိသူ မရှိပါ၊ နောက်ဆုံး ပလဲန် ရရှိရေး အတွက် လပေါင်း များစွာကြာ စစ်အေး တိုက်ပွဲ ဆင် နွဲ နေရသလိုပါပဲ၊ ဆုပ် စူး စားရှူး, ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ မျိုးမှာ နေ့တိုင်းလိုလို ပြောဆို စစ်ခင်းနေရတဲ့အတွက် စိတ် ဓာတ်ဖိစီးမှု စိတ်ဓာတ်ကျဆင်း မှု အကြီးအကျယ်ခံ စားခဲ့ရပါတယ်၊ အဲဒီလို အ ဖြစ်မျိုး တ ဖြည်း ဖြည်းနဲ့ အထွဋ်အထိပ်ရောက် ရှိသွားတဲ့အခါမျိုးမှာ တရားကိုပဲ ဖိထိုင်နေခဲ့ရပါတော့တယ်၊ တရားအကူအ ညီမှ မယူဘဲ ဆက်ပြီး သွားနေလိုက်မယ်ဆိုရင် ဆေး ရုံကိုတောင် ရောက် ရှိသွားနိုင်ပါတယ်ဆိုတာ သဘောပေါက်မိခဲ့ပါတယ်၊ အဲဒီ လို အခြေအနေမျိုးမှာ တရားအကူ မရရှိခဲ့လို့ ရူးသလိုလိုတောင် ဖြစ်သွား ခဲ့ရတဲ့ သူများကိုလဲ ကိုယ်ချင်းစာ နားလည် သဘောပေါက်မိခဲ့ပါတယ်၊ တရားတော်ရဲ့ ကျေးဇူးဂုဏ် ဆိုတာ ပြောဆိုလို့ မကုန် နိုင်အောင်ပါပဲ လေ၊ တစ်နေ့သော အခါမှာ မိမိခရီး မထွက်ခင် တစ်ရက်အလိုမှာ ကျောင်း ပလဲန် ကိစ္စ မရ အရ ပြောဆို ငြင်းခုံ စစ်အေး တိုက်ပွဲ ဆင် နွှဲ ခဲ့လိုက်ရတာ စိတ်မကောင်းစရာကြီးပါပဲ၊ နောက်တစ်နေ့ ကျတော့ ဝါရှင်တန် ပြည်နယ်ကို လေယာဥ်နဲ့ကြွ ခဲ့ရပါတယ်၊ လေယာဥ်ပေါ်အထိ စိတ်ထိခိုက်မှု ဒဏ်ရာကြီးက ပါသွားလေတော့ မိမိမှာ ဝါရှင်တန် လေဆိပ် မရောက်သေးခင် အိုင်းဒဟို ပြ

ည်နယ်မြို့တော်  ဘွိုင်းစီ လေဆိပ်မှာ  မသိမသာနဲ့ သတိလွတ်ပြီး ဆင်းမိခဲ့ပါတော့တယ်၊ အဲဒီအချိန်ကစပြီး စိတ်ဖိစီးမှု လက္ခဏာ အနည်းငယ် ပြလာပြီဆိုမှ ဖြင့်  တရားကိုပဲဖိထိုင်  ဓမ္မဩသဓ ဆေးတော် ကြီးကိုပဲ မှီဝဲ သောက်သုံးပြီး နေသွားရပါတော့တယ်၊  အခုလို ကိုယ်တွေ့အ ဖြစ်မှန် ကို  ပြော ပြပေးနေရ ခြင်းဟာ ဘယ်သူ့ကိုမှ အ ပြစ်တင်လိုတာ မဟုတ်ပါ၊လောကလူသားတွေရဲ့ လောဘတရားကြောင့် အကောင်း အဆိုး  အကျိုးအကြောင်း အမှန်တရားကို မသိနိုင်  မမြင်နိုင်ရှာကြတော့လို့  လောဘတရားရဲ့ကျေးကျွန် ဖြစ်လာတတ်ကြရတာဟာ  ဓမ္မတာပါပေပဲလို့ သဘောပေါက် ဆင် ခြင်မိခဲ့ပါတယ်၊ ကရုဏာလဲ ပွားမိလိုက်ရပါသေးတယ်၊  ကျောင်းတော် ကြီး  ဖြစ်ပေါ်တည်ရှိလာဖို့အတွက် စတင်တည်ထောင်လာခဲ့ရတဲ့ မိမိအဖို့  ဘယ်လောက်ထိကြီး  စိတ်ဒုက္ခကြုံတွေ့ လာခဲ့ရတယ်ဆိုတာ သိစေလိုရင်းပါပဲ၊ ကျောင်းတော် ကြီး  ဖြစ် မြောက်ဖို့  ခက်ခက်ခဲခဲ  ဖြတ်သန်းလာခဲ့ရတဲ့  မိမိရဲ့ ခံစားချက် ဖြစ်စဉ်ကို  သိ ရှိကြပြီး  ကျောင်းရဲ့တန်ဖိုးကို  သိ မြင်ကြပြီးတော့ကာ  ဗုဒ္ဓသာသနာတော် မြတ်ကြီးဆက်လက်ပြီး အစွန့်ရှည်စွာ တည်တံ့ ပွါးစီး တိုးတက် ပြန့်ပွါးအောင်  ကျင့်ဆောင် ထိန်းသိမ် စောင့်ရှောက်ပေးနိုင်ကြပါစေလို့  မဟာဆန္ဒ ပြုလိုက်ရပါတယ်-- နောင်လာနောက်သားအပေါင်း  အို -သူတော် ကောင်းတို့----

ဘာပဲ ပြောပြော  နောက် ဆုံးမှာတော့   ၂၀၀၅ ခု နှစ်  ဇန္နာဝါရီလမှာ   ကျောင်းရဲ့ ပလဲန်ကို  သက်ဆိုင်ရာ ဆောက်လုပ်ရေး အစိုးရဌာနဆီကို စပြီး တင်နိုင် သွားခဲ့ရပါတော့တယ်၊   စီတီကနေ စစ်လိုက်   ပြင်ခိုင်း လို

က်၊ ပြင်လိုက်  ပြန်တင်လိုက်၊ တက်လိုက်  ဆင်း လိုက်၊ သွားလိုက်  လာလို
က် နဲ့ အ ကြိမ်ပေါင်းစွာ ပြုလုပ် ခဲ့ရပြီး  တစ် နှစ် ကျော်ခန့် ကြာသွားခဲ့ပါတ
ယ်၊  စီတီမှာ ထိုင်းနဲ့ လာအို   အသိ  အင်ဂျင်နီယာ ၂ ယောက်လဲ  ကူ ညီ ေ
ပးခဲ့ကြပါတယ်၊  ကံကောင်းစွာပဲ  နောက် ဆုံးအနေနဲ့ ၂၀၀၇ ခုနှစ် ၊ဧပြီလ
၁၃ ရက် သင်္ကြန် အကျနေ့မှာ ဆောက်လုပ်ခွင့်  ပါးမစ်  ရရှိခဲ့ပါတော့တယ်၊
ဒီနောက်  ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်၊ အင်္ဂါနေ့   မြန်မာ နှစ်ဆန်းတစ်ရ
က်နေ့မှာ   မင်္ဂလာယူ ပြီး  ကျောင်းတော် ကြီး စ ပြီးဆောက်လုပ်ဖို့  ေ မြ ညှိ ပြ
ခင်းကိစ္စ ကို စလုပ်လိုက် နိုင်ရပါတော့တယ်၊  ဆောက်လုပ်ရေးကုမ္ပဏီက
Frontier လို့ခေါ်ပါတယ်၊  ဆောက်လုပ်ပေးရမယ့် အဆောင်တွေကတော့ ဖြင့်
ဓမ္မာရုံ ကြီးက  စတုရန်းပေ  ၉, ၂၀၀၊ သံဃာဆောင်က  စတုရန်းပေ  ၇,
၀၀၀ ၊အမျိုးသမီးယောဂီဆောင်ကလဲ စတုရန်းပေ  ၇, ၀၀၀နဲ့ သိမ်တော် ကြီး
က စတုရန်းပေ  ၁,၂၀၀   စုစုပေါင်း ၄ ဆောင်  ဆောက်လုပ်ပေးရမှာ ဖြစ်ပါ
တယ်၊   ကားရပ်မဲ့နေရာပေါင်းက  ၁၂၁  နေရာ ရှိပါတယ်၊အစစအရာရာ
အစမှ အဆုံးတိုင်အောင်  ကုန်ကျငွေပေါင်းမှာ ဒေါ်လာ ၄ သန်း ၂ သိန်း ခန့် ရှိ
ပါတယ်၊  အဲဒီကာလမှာ  အိမ်ဈေး   မြေဈေး  အ မြင့်ဆုံးတက်တဲ့အချိန်  ဖြ
စ်နေပါတယ်၊  တစ်ခုတော့ ကံကောင်းတယ်လို့ ဆိုရပါ့မယ်၊  ကျောင်းပိုင်ေ မြ
၂ဧက ခွဲ ကို   Colonial  ဘဏ်မှာပေါင်ပြီး   ဒေါ်လာပေါင်း ၂ သန်းနဲ့ ၄သိန်း
ချေးယူခဲ့ပါတယ်၊ အတိုးနှုန်းက ၈-၂၅% ပေးခဲ့ရပါတယ်၊  မိမိတို့ ပိုင် ေ မြ
၂ဧကခွဲရဲ့တန်ဘိုးကို  ၃ သန်းလို့ သတ်မှတ်ပြီး  ငွေချေးလိုက်တာပဲ ဖြစ်ပါတ
ယ်၊ လွန်ခဲ့သော  ၁၀ နှစ်က  ဒေါ်လာ တစ်သိန်း ခြောက်သောင်း နီးပါးခန့်မျှ ဝ

ယ်ယူထားခဲ့တဲ့ ေမြ ၂၉ကေခွဲ က  ခုတော့ ဒေါ်လာ သုံးသန်းခန့် တန်ဘိုးရှိ ေ
ဈးပေါက်လို့လာနေပါပြီ၊ ဒါကြောင့်  အာမခံ တာဝန်ယူ ဆိုင်းထိုးမဲ့သူ  မလိုေ
တာ့ဘဲ ဘဏ်က လွယ်လွယ်ကူကူနဲ့ ပဲချေးပေးလိုက်တာပဲ ဖြစ်ပါတယ်၊ ေမြ
ကီး ရှိထားလို့သာ  ဒီကျောင်းကြီး လေးဆောင်လုံးကို  တစ် ကြိမ် တစ်ခါတ
ည်း ဆောက်နိုင်ခဲ့ ခြင်းပဲ ဖြစ်ပါတယ်၊ ဘုန်း ကြီးကျောင်းဆိုတာ  ဝင်ငွေ ပုံမှန်
မရှိတတ်ကြပါ၊  ဒါကြောင့် မို့ လို့   ကြီးကြီးမားမား တစ်ခုခု ဝယ်ချင်  လုပ်ချ
င်ပါတယ်ဆိုရင်  ဂေါပကလူ ကြီးတွေ   ပိုက်ဆံ ရှိသူတွေရဲ့ အကူအညီကိုေ
တာင်းခံ ပြီး  တာဝန်ယူ အာမခံ တဲ့ ပုဂ္ဂိုလ်များအ ဖြစ်  လက်မှတ်ထိုးပေးကြ
မှသာလျှင် ဘဏ်တွေက ငွေ ချေးပေးလေ့ရှိ  ကြပါတယ်၊  မိမိတို့အဖို့ ကံေ
ကာင်းသွားတာက  ဘယ်သူ့ကိုမှ အပူကပ်စရာမလို   တာဝန်မပိ  မကြီး စေရ
ဘဲနဲ့  မြေကြီးကပဲ သူ့ဟာသူ အာမခံ တာဝန် ယူသွားလိုက်ပါတော့တယ်၊ မြေ
ကီးကိုတောင် ကျေးဇူးတင်နေရမဲ့ပုံပါပဲ၊ ကျေးဇူးတင်လိုက်တာ  မြေကြီးရ
ယ်, ေ မြကြီးစောင့်နတ်ရယ် -လို့ ဆိုလိုက်ချင်ပါပေတော့တယ်၊ဆိုလဲ ဆိုလိုက်
ရပါတယ်၊ လောကကြီးမှာ  ကြည့် တတ်   မြင်တတ်ရင်  သက် ရှိရော  သက်
မဲ့ပါ ကျေးဇူးတင်စရာတွေ က အများကြီးပဲပါလေ၊ ကျေး ဇူးသိတတ် အမြ
တ်မင်္ဂလာ ရင်မှာ ကိန်းလို့  အသိပညာရှင်,   အတတ်ပညာရှင်,  တီထွင်ပေတ
တ် ေ လာကဓါတ်သိပ္ပံ ရှင် တွေကိုသာမက  သဘာဝမိခင် အသက်သခင် သ
က်မဲ့ရှင် များကိုလဲ  တန်ဖိုးထားနိုင်ကြပြီး  ကျေးဇွတ် ခြင်းမှ ကင်းဝေးနိုင် ကြ
ပါစေကုန်သတည်း။

Monday, December 16, 2019

မှတ်တမ်းတင်ထား     သမိုင်းဝင်နေ့များ

၂၀၀၅ ခု နှစ်၊ မတ်လ ၂၇ ရက် တနင်္ဂနွေနေ့မှာ အနယ်နယ်အရပ်ရပ်က ပရိသတ်ပေါင်းထောင်ချီ လာရောက်ကြပြီး ကျောင်းတော် ကြီး အုဌ် မြစ်ချပွဲ မင်္ဂလာအခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြပါတယ်၊ ဓမ္မာရုံကြီး တည်ဆောက်မဲ့ နေရာ အလယ်ခေါင် တည့်တည့် မြေအနက် ၆ပေ ပခန့်မှာ ရွှေအုတ်, ငွေအုတ်, ကျောင်းတော်ရဲ့ဇာတာ ခွင်ကျောက် ပြား, မင်္ဂလာ သစ်သားပန္နက် ၉-ချောင်းနဲ့ ပရိသတ်များ လှူဒါန်းခဲ့ကြတဲ့ ရွှေ, ငွေ, ပတ္တ မြားပေါင်းမြောက်များစွာ ထည့်ထားတဲ့ မီးခံ, ရေခံ သံသေတ္တာ အပြည့်နဲ့ တစ်လုံး ဌာပနာ သွင်း ပြု မြှုပ် နှံ လှူဒါန်းထားခဲ့ပါတယ်၊ ကြွ ရောက်လာ ကြတဲ့ သံ ဃာတော်များ ၅၀ ကျော်ခန့်နဲ့ ပရိသတ်ပေါင်း တစ်ထောင်ခန့်မျှကို China Town ရဲ့ အပေါ်ထပ် ခန်း မဆောင် ကြီးမှာ နေ့လည်စာ ဧည့်ခံ ကျွေးမွေးခဲ့ရပါတယ်၊ အဲဒီ ခန်းမဆောင် ကြီးမှာပွဲ တရားပွဲ ပြုလုပ်ခဲ့ရပါတယ်၊ ဟောခန်းငှါးခ $ ၁, ၂၀၀ လောက် ပေးခဲ့ရပါတယ်၊ တရားနာ, ရေစက်သွန်းချ အမျှအတမ်းပေးဝေပြီးတဲ့ အခါ မွန်းလွဲပိုင်း ၂ နာရီခန့်မှာ သံဃာတော် များ ၂၃ ပါးခန့်က သိမ်ဆောက်လုပ်မယ့် နေရာမှာ သိမ် နှုတ်, သိမ် သမုတ် ခြင်း မင်္ဂလာ အခမ်းအနားကို ပြုလုပ် ဆောင်ရွက်ခဲ့ကြရပါတယ်၊ ညနေ ၄နာရီ ၅၉ မိနစ်အချိန်မှာ သိမ်သမုတ် ခြင်း အခမ်းအနားပြီးစီးအောင်မြင် ခဲ့ပါတယ်၊ အမေရိကန်နိုင်ငံ၊ နေဗားဒါး ပြည်နယ်မှာ ပထမဦးဆုံးသော သာသနာ့ဟိတ သိမ်တော် ကြီး တစ်ခုအဖြစ် သမိုင်းဝင် , မှော်ကွန်းဝင် သာသနာ့ မှတ်တိုင် ကြီးတစ်ခု စိုက်ထူနိုင် လိုက်ရ ခြင်းပဲ ဖြစ်ပါပေတော့တယ်၊

သာသနာတော် အတွက် အားတက်ဖွယ်, နှစ်သက် ဝမ်မြောက်ဖွယ် ကောင်းလှပါပေစွတကား၊

ပရိသတ်ကများ ကားရပ်ဖို့ အခဲအခက် ရှိလာတဲ့အတွက် ၂၀၀၆ ခုနှစ် ၊ ဂျူလိုင်လ၊ ၁ ရက်မှာ 2816, S. Torrey Pines Dr ,Las Vegas, NV 89146 ရှိ အိမ် ကြီးတစ်လုံးကို တစ်လလျှင် ဒေါ်လာ ၂၅၀၀ ဖြင့် ငှါးရမ်း၍ပီး ပြောင်းရွှေ့ နေထိုင် ခဲ့ရပါတယ်၊ ဒီမြို့ မှာ ရောက် ရှိနေထိုင်ရတဲ့ ၅နှစ်ခွဲခန့် ကာလအတွင်း ၄ နေရာ မြောက် ပြောင်းရွှေ့နေထိုင်ခဲ့ရ ခြင်းပဲ ဖြစ်ပါတယ်၊ ကံစီမံရာ လိုက်နာ နေထိုင်ရတာပါပဲလေ၊ အဲဒီ အိမ် ကြီးက သီးသန့်ခြံဝင်းကြီးလဲ ရှိသလို ကားရပ်ဖို့ နေရာပေါင်းလဲ ၅၀ ကျော်ခန့် ရှိလို့နေပါတယ်၊ နှစ်ရှည် သစ်ပင်တွေကလဲ ၃၀ ကျော်လောက် ရှိနေပါတယ်၊ ကျောင်း ဖြစ်ဖို့ သင့်လျှော်လှတဲ့ နေရာ တစ်ခုပါပဲ။

ဈေးရောင်းပွဲနဲ့ ကထိန် ဥက္ကဌအစ ဖြစ်ပေါ်လာခဲ့ပုံက

တစ်လအိမ်ငှါးခ $ ၂၅၀၀ အတွက် ရံပုံငွေ ရရှိအောင် ခွန်ယုံကက်နဲ့ ခွန် အရှုဏီ တို့ လင်မယား ဦးဆောင်မှု ပြုတဲ့ အယ်လ်အေ က ဒကာ/ မများအ ဖွဲ့နဲ့ လတ်ဝေးဂတ်စ် ရှိ တပည့်ဒကာ/ မ တို့ စုပေါင်းပြီး ခြံဝင်းကျယ် ကြီးထဲမှာပဲ တစ်လ လျှင် တကြိမ်ကျ ဈေးရောင်းပွဲ စတင်ရောင်းချလာခဲ့ပါတော့တယ်၊ တစ်လ လျှင် ဒေါ်လာ ၂၀၀၀ ဝန်းကျင်ခန့် ရောင်းခဲ့ရပါတယ်၊ အဲဒီအချိန်ကစပြီး ရောင်းလာခဲ့တာ အခု ဒီ စာကိုရေးနေတဲ့ ၂၀၂၀ ခု နှစ်အချိန်အထိပါပဲ၊ လူမျိုးတိုင်း လူပေါင်း ၄-၅ရာ ခန့် လာရောက် အားပေး ဝယ်

ယူကြတာ ဖြစ်လို့  မနက်၇  နာရီကနေ  ၁၁ နာရီအထိ  ၄နာရီ မျှလောက်ေ
သာ အချိန်အတောအတွင်းမှာ ဒေါ်လာငွေ ပေါင်း တစ်သောင်းလေးထောင် ဝ
န်းကျင်အထိ  ရရှိခဲ့ပါတယ်၊ ကျောင်းတော် ကြီးရဲ့ အသဲ နှလုံး အဓိက
အားထားခဲ့ရတဲ့  ဝင်ငွေအများဆုံး ရှာပေးနေတဲ့  နိဗ္ဗာန်ဈေးကြီးပဲ  ဖြစ်လာရ
ပါပေတော့တယ်၊ သက်ရှိထင်ရှာ ရှိသေးသူများ နဲ့ ဘဝတမလွန်  ပြောင်းရွှေ့
ကွယ်လွန် လေပြီ ဖြစ်တဲ့ လုပ်အားဒါနရှင်  စေတနာဝန်ထမ်း  ပါရမီရှင်များ
သာသနာအကျိုး သယ်ပိုး ရွက်ဆောင်နိုင်ပြီးတော့ကာ   မိမိတို့အသီးသီး ရ
ည်မှန်းထားတဲ့  ဓမ္မပန်းတိုင်  မြတ်ပန်းခိုင်ကြီး ကို   လှမ်းကိုင်ဆွတ်ခူးရယူနိုင်ြ
ကပါစေလို့  ပတ္ထနာဆု  တောင်း ပြု လိုက်ရပါတယ်၊

အယ်လ်အေက  ဈေးရောင်းပွဲအတွက်  လုပ်အားလာပေးကြတဲ့သူ
များမှာ အသက် ၆၀ -၇၀- ၈၀နားကပ်နေကြတဲ့ သူတွေပါ၊  ဆရာဝန်တွေ,
သူနာ ပြုတွေ နဲ့ လုပ်ငန်းရှင် တွေလဲ ပါကြပါတယ်၊  မိမိ ထိုင်းကျောင်းမှာနေ
စဉ်ကတည်းက  ကျောင်းကို ထောက်ပံ့လာခဲ့ကြတဲ့  သူတွေပါ၊ မိမိဟော ထား
တဲ့ တရားခွေများနဲ့ တရားစာအုပ်များ ကိုလဲ မပြတ် နာယူ  ဖတ်ရှုခဲ့ ကြကြော
င်းလဲ  သိရှိခဲ့ရပါတယ်၊ မိမိထိုင်းကျောင်းကနေ  ထွက်လာ ပြန်တော့လဲ   မိမိ
ရဲ့ဘဝ ပါရမီ ကို တလျှောက်လုံး ထောက်ပံ့  အားပေးလာခဲ့ကြတဲ့ သာသနာ့
ကျေးဇူးရှင် ကြီးတွေပါပဲ။

ခွန် ဝိထွန်  ဆိုတဲ့ ဆရာဝန် ကြီးတို့မိသားစုကဆိုရင်   ထိုင်းလူ
မျိုးတို့ရဲ့ အစဉ်အလာအတိုင်း  စုပေါင်းမဟာဘုံကထိန်ရဲ့ ဥက္ကဋ္ဌ အဖြစ်
၁၉၉၇ခု နှစ် ကစ ပြီး  ၄  နှစ်ဆက်တိုက်  တစ် နှစ်ကို  တစ်သောင်းစီ   တာဝန်

ယူ လှူဒါန်းလာခဲ့ပါတယ်၊ သူ့ ရဲ့အစဥ်အလာကို အတု လိုက်ကြပြီး ခုချိန်ထိ ကထိန် ဥက္ကဌ အဖြစ် ခံယူကြတဲ့ သူတို့မှာ ဒေါ်လာ တစ်သောင်းအထက် လှူ ဒါန်း လာကြပါတော့တယ်၊ တစ်ဦးတည်း မတတ်နိုင်သူများက ၂ ဦးပေါင်း, ၃ ဦးပေါင်းပြီး ပူးတွဲ စုပေါင်းမဟာဘုံကထိန် ဥက္ကဌများအ ဖြစ် အလှူငွေ တ စ်သောင်းအထက် ရရှိကြတဲ့အထိ ပြုလုပ်လှူဒါန်းခဲ့ကြပါတယ်။

ချီးကျူးဂုဏ်ယူဖွယ် ဤမိသားစုနှယ်

ခွန်ယုံကက်နဲ ခွန်အရုဏ်ီ ဇနီးမောင် နှံ တို့ကဆိုရင် လုပ်ငန်း ရှင် ကြ ီးတွေပါ၊ မိမိအပေါ် ရော ကျောင်းတော် သာသနာတော် အပေါ်မှာပါ ေ ကျးဇူး များလှတဲ့ သာသနာ့ မိခင် သာသနာ့ ဖခင် အစစ်တွေပါပဲ၊ မှတ်မိလို က်ပါသေးတယ်၊သူတို့ရဲ့ အိမ်ထောင်သက် မင်္ဂလာသက်တမ်း ၅၀ နှစ် ပြည့် ေ မြာက် ရွှေရတုသဘင်ကို အယ်လ်အေ က ဟိုတည် ကြီးတစ်ခုမှာ သားသ မီးများက ဆင်ယင်ကျဉ်းပပေး ခဲ့ ကြပါတယ်၊ ရပ်ဝေး ရပ်နီး ပြည်တွင်း ပြ ည်ပက ဓမ္မမိတ်ဆွေ ပေါင်း ရာချီပြီး တက်ရောက်ခဲ့ကြပါတယ်၊ သားသမီး ေ မြး မြစ်တို့က ပိုက်ဆံနဲ့ကန်တော့ကြပါတယ်၊ ဓမ္မမိတ်ဆွေ အပေါင်းတွေကလဲ ပိုက်ဆံ ပဲ လက်ဆောင် ပေးလာကြပါတယ်၊ သူ့မှာ ဘာလက်ဆောင်မှ မလို ချင်ဘူး၊ ပေးချင်သပဆိုရင် ပိုက်ဆံပဲ ပေး ကြပါ၊ သူ ကျောင်းကိုပဲ ပြန်လှူ မှာပါလို့ ကြိုတင် ပြောထားလို့ပါပဲ၊ သူ့မွေးနေ့ပွဲ ပြုလုပ်တဲ့အခါမှာလဲ ထိုန ည်းရင်းပဲ ပြောပါတယ်၊ ထောင်ချီ ရရှိခဲ့ထားသမျှ ငွေ လက်ဆောင် များ ကို မိမိတို့ကျောင်းမှာပဲ လာရောက်လှူဒါန်းမှု ပြုပေးကြပါတယ်၊ သူ့သမီးတ စ်ယောက်က ဘန်ကောက်မြို့ တက္ကသိုလ် တစ်ခုမှာ ဒုတိယ ပါမောက္ခချုပ်

တစ်ယောက်ပါ၊ သူ့သမက်က သန်းကြွယ် သူဌေးတစ်ယောက်ပါပဲ၊ ကံကောင်းရှာကြတဲ့ မိသားစုကြီးတွေပါပဲ၊ ပြီးတော့ အယ်လ်အေ မှာရှိ တဲ့ ထိုင်းကျောင်း ၂ ကျောင်းတို့ကိုလဲ သူတို့ ကပဲ အဓိက ဦးဆောင် ပြီး တည်ထောင်ခဲ့သူတွေပါပဲ၊

အခု စာရေးတဲ့ အချိန်မှာတော့ သူတို့ ၂ ယောက်လုံး မရှိရှာတော့ပါဘူး၊ သူတို့ရဲ့ သာသနာ ပြုလုပ်ငန်း ဆောင်ရွက်ထားချက် အသီးအပွင့်တွေကတော့ ဖြင့် နောင်လာနောက်သားတွေ အတွက် အစွန်ရှည်ကြာ တည်ရစ်ကျန်ရှိနေပေလိမ့်မှာကတော့ ဧကန်မုချပါပဲ၊ သူတို့ နှစ်ဦး လုံးမှာ တစ် နှစ်တည်းတင်မှာပဲ ကွယ်လွန်သွားရှာကြပါတယ်၊ လပိုင်းလေးလောက်သာ ကွာကတာပါ၊ သူတို့ ကွယ်လွန် သွားကြတဲ့ နှစ်မှာပဲ မိမိတို့ကျောင်းမှာ ကထိန်ဥက္ကဋ္ဌ အ ဖြစ်ခံယူဖို့ ကြိုတင် စာရင်းပေးသွင်းထားခဲ့ကြပါတယ်၊ ဝါမဆို ခင်က ကွယ်လွန်သွားခဲ့ကြတာ ဖြစ်လို့ သူတို့ရဲ့ဆန္ဒအတိုင်း ကိုယ်ထိ လက်ရောက်တော့ မလှူနိုင်ကြတော့ပြီ၊ မရဏ မင်းက အရင် ဦးနှင့်ခဲ့ပါလေပြီ၊ သို့သော် မိဘ များရဲ့ ဆန္ဒ ပြည့်ဝရလေအောင် သမီးလှရတနာ မြေး မြစ်များက ထိုင်း ကနေပြီးတော့ မိဘ ဘိုး ဖွားများရဲ့ ကိုယ်စား ကထိန်ဥက္ကဋ္ဌအ ဖြစ် လာရောက်ပြီး လှူဒါန်း ပေးခဲ့ကြရပါတော့တယ်၊

တစ်ခါကဆိုရင် ခွန်အရုဏီ ရဲ့ မွေးသမိခင်ကြီး သူမ နေထိုင်ရာ တရုတ် ပြည် ကြီးရဲ့ မြို့တစ်မြို့မှာ အနိစ္စ ရောက်သွားခဲ့ပါတယ်၊ နာရေးကူ ညီငွေ အ ဖြစ် မိတ်ဆွေ အပေါင်းအသင်းတွေက ဝိုင်းပြီး ပေးလှူကြပါတယ်၊ ခွန်အရုဏီအနေနဲ့ မိခင် ဈာပနအတွက် တရုတ် ပြည်ကို သွား ဖို့ ခွင့်

မသာခဲ့တာနဲ့ သူမ လက်ခံရရှိသမျှ  ဒေါ်လာ ထောင်နဲ့ချီ ရှိနေတဲ့အကူငွေများ ကို  မိမိတို့ကျောင်းမှာပဲ လာရောက်လှူဒါန်းပြီး မိခင်အား ကုသိုလ်အမျှပေးဝေစေခဲ့ပါတယ်၊

မိမိအနေနဲ့  အာရှဘက်ကို  ထိုင်းအဲလိုင်းနဲ့ ခရီးသွားတိုင်း အယ်လ်အေ  လေဆိပ်မှာ သွားရောက်ပြီး  သက်ဆိုင်ရာ လူကြီးများကိုပြောဆိုပေးပြီး  အထက်တန်း ထိုင်ခုံ နေရာ ရရှိအောင်  အမြဲတမ်းကူညီ  ပြုလုပ်ပေးလေ့ ရှိပါတယ်၊ ရိုးရိုးလက်မှတ်နဲ့  အခက်တန်းထိုင်ခုံရရှိအောင် ပြောပေးတဲ့ သူ့ရဲ့ ကျေးဇူး ပြုမှုကို အောက်မေ့ သတိရမိခဲ့ပါတယ်၊ အခုလက်ရှိ ကျောင်းမှာ ထားရှိကိုးကွယ်ထားတဲ့  ဘုရားရှင်ရဲ့ ကိုယ်စားတော်ထား  ကြေးဆင်းတုတော် ကြီးကဆိုရင်လဲ  သူတို့ ကိုယ်တိုင်  ဘန်ကောက်မြို့ မှာ သွားရောက်ပူဇော်ခဲ့ပြီး  ထိုင်းလေ ကြောင်းလိုင်း   မန်နေဂျာ နဲ့ ပြောဆိုပြီး  အခမဲ့နဲ့ အမေရိက ကို သယ်ဆောင်ယူလာပေးခဲ့တာ ဖြစ်ပါတယ်၊ကျောင်းတော်အတွက် ကျေးဇူး ပြုပေးပုံတွေကတော့  အများ ကြီး ရှိလို့နေပါတယ်၊   ဒီနေရာမှာ သူတို့ရဲ့စေတနာ သဒ္ဓါတရား  သာသနာချစ်စိတ်ကို  အောက်မေ့သတိရမိလို့  သူတို့ အကြောင်း    အနည်းမျှကို  ရေးသားဖေါ်ပြလိုက်ရခြင်းပဲ ဖြစ်ပါပေတော့တယ်၊  သူတို့ ၂ ဦးသား  ကောင်းမွန်ရာ ဘုံဘဝမှာ  လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာ မြတ် ရရှိခံစားနိုင် ကြပါစေ- လို့  တောင်းဆု ချွေလိုက်ရပါသတည်း။

၂၀၀၇ ခု နှစ်၊မေလ ၂၆ ရက်နေ့မှာ ပထမဦးဆုံးသော ဒုလ္လဘရဟန်း ၃ ပါးတို့က ဒီ သိမ်တော် ကြီး မြေနေရာမှာ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်ကို တက်ရောက် ခဲ့ကြပါတယ်၊

၂၀၀၇ ခု နှစ်၊ ဂျွန်လ ၃ ရက်နေ့ မှာ သိမ်တော် ကြီး ဆောက်လုပ်မယ့်နေရာ အလယ်ဗဟိုမှာ ၆ပေခန့် တွင်းတူးပြီး ဓမ္မာရုံတော် ကြီး အုတ် မြစ်ချ အခမ်းအနား အစီအစဥ် အတိုင်း ရွှေအုတ်, ငွေအုတ်, သိမ်ဇာတာခွင် ကျောက် ပြား, မင်္ဂလာ ပန္နက် နဲ့ ရွှေငွေ ပတ္တမြား ရတနာများ ကို မီးခံသေတ္တာတစ်လုံးထဲ ထည့်ပြီး ဌာပနာသွင်း ပြု မြှုပ် နှံ လှူဒါန်းပွဲ အခမ်းအနားကြီးကို ကျင်းပ ပြုလုပ် ဆင် နွှဲခဲ့ ကြပါတယ်၊

၂၀၀၇-ခုနှစ် ၊ဂျွန်လ ၆-ရက်နေ့မှာ မိမိတို့ ၁၂ နှစ်ခန့်က $ ၁၂၀, ၀၀၀ နဲ့ ဝယ်ယူထားခဲ့တဲ့ နှစ်ထပ်ကျောင်းလေးကို $ ၃၀၀, ၀၀၀ နဲ့ ပြန် ရောင်းခဲ့လိုက်ရပြီး ဆောက် လုပ်ဆဲ ဖြစ်တဲ့ ကျောင်းတော် ကြီးအတွက် ရံပုံငွေ အကူ ဖြစ်စေခဲ့ပါတယ်၊ ၂၀၀၆ ခု နှစ် နဲ့ ၂၀၀၇ ခု နှစ်မှာ အိမ်ဈေးတွေ အတော် ကြီး တက်နေခဲ့ပေမဲ့ ၂၀၀၈ ခု နှစ်နဲ့ ၂၀၀၉ ခု နှစ်တွေမှာ ကျတော့ အိမ်ဈေးတွေ အကြီးအကျယ် ထိုးကျသွားခဲ့ပါတော့တယ်၊ ၂၀၀၈-ခု နှစ်မှာ မိမိတို့ ရောင်းခဲ့လိုက်တဲ့ အိမ်ရဲ့တန်ဖိုးက ဒေါ်လာ ၉-သောင်းခွဲလောက်ပဲ ရှိလာပါတော့တယ်၊ အမြဲမ ရှိ တဲ့ သင်္ခါရတရားကြီးပါပေပဲ၊ အဲဒီ စီးပွားရေးပျက်ကပ်ကြုံတွေ့နေရတဲ့ အချိန်ဟာကာလမှာ မိမိတို့မြို့မှာ လူတွေ အငြမာက်အများ အလုပ်ပြုတ်ကုန်ကြသလို မိမိတို့ နေထိုင်နေကြတဲ့ အိမ်ဖိုး မပေးနိုင်ကြတော့လို့ အိမ်ကို ပစ်သွားကြသူတွေ သောင်းချီ ရှိလို့နေပါတယ်၊

ဘဝကို အရှုံးပေးပြီး ကိုယ့်ကိုယ်ကို သတ်သေသွားကြတဲ့သူတွေလဲ မနည်း ပါဘူး၊ တကယ့်ကို ကြောက်စရာ နဲ့ သံဝေဂ ရစရာ ကောင်းလှပါပေတယ်၊ လူ တိုင်းရဲ့စိတ်ကူးယဉ် အိပ်မက်ကမ္ဘာကြီးဟာ ဗုံးကြီး ကွဲချခံရသလို မရှုမလှ ကြေမွ ပျက်စီးလိုက်ရသလိုပါပဲ။

၂၀၀၈ ခုနှစ် ၊ ဂျွန်လ ၁ ရက်၊ တနင်္ဂနွေနေ့မှာ ဇေယျာဓမ္မရိပ်သာ ကျောင်းတော် ကြီးလှူတတ်ပွဲ, ရေစက်ချပွဲ, ဖွင့်ပွဲ အခမ်းအနားကို စည်ကားသို က်မြိုက်စွာ ဆင်ယင် ကျင်းပ ပြုလုပ် ခဲ့ကြပါတယ်၊ ဒုလ္လဘရဟန်းပေါင်း ၄၃ ပါးနဲ့ ပင့်သံဃာပေါင်း အပါအဝင် သံဃာတော် ပေါင်း အပါးတစ်ရာကျော်ခ န့် နဲ့ ပရိသတ်ပေါင်းထောင်ချီ တက်ရောက်ခဲ့ကြပါတယ်။

ဆောက်လုပ်ချိန်ခါ  များပြဿနာ

ဆောက်လုပ်ရေးကုမ္ပဏီနဲ့ သဘောတူ ပြောဆို ချုပ်ဆိုထားတာက ဒီကျောင်းဆောက်လုပ် ခြင်းကိစ္စကို ၇ လ နဲ့ အပြီးဆောက် ပေးဖို့ ဖြစ်ပါတ ယ်၊ ၂၀၀၇ ခု နှစ် အကုန်မှာ ပြီးစီးအောင် ဆောက်လုပ် ပေးရမှာ ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ဆောက်လုပ်ရေးတွေ အလွန်ပေါ်များနေတဲ့အချိန် ဖြ စ် ပြီးနေပါတယ်၊ ဒီ ကုမ္ပဏီကလဲ ဒီ ပြင်နေရာမှာ အော်ဒါ တွေ အများကြီး လက်ခံခဲ့ပုံရပါတယ်၊ ကုမ္ပဏီက သူတို့ရဲ့ ဆောက်လုပ်ရေး အလုပ်သမားေ တွကို ဟိုဖက် သွားလုပ်ခိုင်းလိုက် ဒီဖက်လာလုပ်ခိုင်း ပြန်လိုက်နဲ့ အလုပ်မ တွင်ပဲ ဖြစ်နေခဲ့ပါတယ်၊ လုပ်ထားတဲ့ အဆောက် အဦးတွေကို စီတီက တာဝ န် ရှိသူတွေ လာရောက်စစ်ဆေးမှု ပြုတဲ့အခါမှာ ကုမ္ပဏီက တာဝန် ရှိပုဂ္ဂို လ်တွေက မရှိ ပြန်၊ တစ်ခါတစ်လေ ဆောက်လုပ်ရေး ပရောဂျက် မန်နေဂျာ

က လာရောက် စောင့်ဆိုင်းနေတဲ့အခါမှာ  စီတီက အင်စပက်တာတွေက ေ
ရာက်မလာနိုင်သေး၊ ဒီလို ကပ် ကပ်လွဲ ကုန်ပြီး နောက်တစ်ပတ်ထပ်ချိန်းလို
က် ပြန်ပြီ၊ အင်စပက်ရှင်းက  လုပ်ထားတာ မှန်ကန်အောင်မြင်ကြောင်း မှတ်
ချက်ပေး လက်မှတ်ထိုးပေးပြီးမှ အလုပ်ကို ဆက်ပြီး လုပ်နိုင်ကြတာ ဖြစ်ပါ
တယ်၊ ဒီလိုနဲ့ အချိန်တွေ လစ်ဟင်း နောက်ကျ ခဲ့ရပါတော့တယ်၊ အဲဒီကာလ
မှာ မြို့ထဲမှာ  ဆောက်လုပ်ရေးတွေက အလွန်များသလို  ဆောက်လုပ်နေဆဲ
အဆောက်အဦးတွေမှာ ထားရှိခဲ့တဲ့  ပစ္စည်းတွေကို လိုက်လံ ခိုးယူနေတဲ့ ဂို
ဏ်း အဖွဲ့တွေကလဲ သောင်းကျန်း လို့နေကြပါတယ်၊ဒါ ကြောင့်  တနင်းလာေ
နေ့မှ သောကြာနေ့ ထိ ၅ ရက်မှာ  ညနေ  ၆ နာရီမှ  နောက်နေ့ မနက်  ၆ နာရီ
အထိ  သေနတ် ကိုင်ခွင့်ပါမစ် ရရှိထားတဲ့  လုံ ခြုံရေး ကုမ္ပဏီကလူတွေကို
ငှါးပြီး အစောင့်ချထားခဲ့ရပါတယ်၊  တစ်နာရီကို ၁၅ ဒေါ်လာ  နှုန်း နဲ့ ပေးခဲ့ရ
ပါတယ်၊စနေ နဲ့ တနင်္ဂနွေ နေ့မှာဆိုရင်  ၂၄ နာရီ လုံးလုံး  လုံ ခြုံရေး ကုမ္ပဏီ
က လူတွေကို ငှါးပြီး အစောင့် ထားခဲ့ရပါတယ်၊အများ ပြည်သူ့ ပိတ်ရက်မှာ
အချိန်ပိုလုပ်ရတာ  ဖြစ်လို့  ဥပဒေအရ တစ်နာရီကို ၂၂ဒေါ်လာခွဲ ပေးခဲ့ရပါ
တယ်၊   မိမိတို့ အနေနဲ့  ကိုယ့်လူနဲ့ကိုယ် လုံ ခြုံရေး ယူပေးလို့လဲ မရပါ၊ လိုင်
စင် ရှိမှ လုပ်လို့ရတဲ့ကိစ္စ  ဖြစ်နေလို့ပါပဲ၊   တစ်ပတ် တကြိမ်  မိမိကိုယ်တိုင်ပဲ
လက်မှတ်ထိုး ငွေချေပေးနေရတာ ဖြစ်တော့  လုံ ခြုံရေး စောင့်ခ အတွက်တ
င်ပဲ ဒေါ် လာ  ၉ သောင်းကျော် လောက် ရှိလို့လာနေပါ ပြီ၊ ပိုက်ဆံကို အရမ်း
ကို နှ‌ေ မြော မိလိုက်တာ၊ မတတ်သာလို့သာ လက်မှိုင်ချနေရပါတော့တယ်၊  ေ
နာက် ဆုံးမှာတော့  ဆောက်လုပ်ရေးကုမ္ပဏီတွေကို အလုပ် အ မြန်ဆုံးပြီးေ ြ

မာက်အောင် ရှေ့နေ ငှါးပြီး တရားစွဲဖို့အထိ စီစဥ်လိုက်ရပါသေးတယ်၊ တရားတဘောင် မ ဖြစ်လိုက်ရခင်မှာ သူတို့က အလုပ် ပြန်ဝင်လာကြလို့ ကိစ္စပြီးသွားရပါတော့တယ်၊ ဆောက်လုပ်ရေးကမ္ပဏီတွေရဲ့ သဘော သဘာဝ အခြေအနေကို အများကြီး လေ့လာ သိရှိခွင့်ရရှိခဲ့ပါတယ်။

## နေခွင့်မရခင် ကျောင်းတော်ကြီးဖွင့်ပွဲဆင်

မူလအစီအစဥ်အရ ၂၀၀၇ ခုနှစ် အကုန်ပိုင်းလောက်မှာ ကျောင်းဆောက်လုပ် ခြင်းကိစ္စ မပြီးနိုင်သေးတောင်မှပဲ မိမိရဲ့ မွေးနေ့ပွဲ မတ်လလောက်မှာတော့ သေချာပေါက် ဆောက်လုပ်ပြီး စီးနိုင်ရမယ်၊ ပြီးကိုပြီးရမယ်လို့ တထစ်ချ တွက်ထားခဲ့ပါတယ်၊ ဒါကြောင့် ပြည်တွင်း ပြည်ပသံဃာတွေကို ၂၀၀၈ ခု နှစ်ဆန်းကတည်းကကြိုတင်ပင့်ထားခဲ့ရပါတယ်၊ အလှူ ရှင်ဒကာ/မ များ ဆီကိုလဲကြိုတင် အကြောင်းကြား ဖိတ်စာ ပို့ထားခဲ့ပါတယ်၊ ဒါ့အ ပြင် သက်ဆိုင်ရာ မြို့နယ်, ပြည်နယ် က အရာရှိတွေကိုလဲ ကျောင်းဖွင့်ပွဲ အခမ်းအနားမှာကြွရောက်ဖို့ လဲ အထူးဖိတ်မန္တက ပြုထားခဲ့ပါတယ်၊ အနာဂတ်မှာ တည်ဆောက်မဲ့ စေတီတော် ကြီးထဲမှာ ဌာပနာပြု ပူဇော်ထားရန်အတွက် ထိုင်းမှ အထူးအော်ဒါပေးပြီး သွန်းလောင်းထားခဲ့ တစ်ပေခန့် ရှိ ကြေးဆင်းတုတော်ပေါင်း အဆူ တစ်ထောင်ကျော်ခန့်ကို ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာသဘင် ဆင်ယင် ကျင်းပဖို့အတွက် အခမ်းအနား အစီအစဥ်တွေကိုလဲ ကြိုတင် ပြင်ဆင်ထားခဲ့ပြီး ဖြစ်ပါတယ်။

Monday, December 16, 2019

ကျောင်းတော် ကြီးဖွင့်ပွဲ အခမ်းအနားမင်္ဂလာသဘင် ဆင်ယင်ကျင်းပဖို့ သတ်မှတ်ထားခဲ့တဲ့ ၂၀၀၈-ခု နှစ်၊ ဂျူန်လ ၁ ရက်၊ တနင်္ဂနွေနေ့ လဲ ရောက် ရှိလို့ လာနေပါပြီ၊ ရေ, မီး, ဂက်စ် စသည်ကို သက်ဆိုင်ရာက လာရောက်စစ်ဆေးခြင်း မ ပြုရသေးပါ၊ စစ်ဆေး ခြင်းများ ပြီးပြတ် အောင် မြင်ခြင်း မရှိသေးတဲ့အတွက် ဥပဒေအရ ကျောင်းထဲ ဝင်ရောက်နေထိုင်ခွင့် မရရှိနိုင်ပါ၊

ဘာပဲ ပြောပြော ဆိုခဲ့တဲ့အတိုင်း အစစအရာရာ ကြိုတင် ပြင်ဆင်ထားပြီး ဖြစ်လို့ ဒီ ရှုံးပိတ်ရက် တနင်္ဂနွေ့ မှာတော့ ကျောင်းဖွင့်ပွဲ အခမ်းအနား မင်္ဂလာသဘင်ကိုတော့ ဖြင့် မ ဖြစ်မနေ လုပ်ကို လုပ် ခဲ့လိုက်ရပါတော့တယ်၊ ရွေးစရာလမ်း မရှိတော့လို့ အရဲစွန့်ပြီး ကျင်းပလိုက်ရတဲ့ ကျောင်းတော် ကြီးဖွင့်ပွဲ အခမ်းအနားမှာ ပရိသတ်ပေါင်း တစ်ထောင်ကျော် မျှ တက်ရောက်လာကြပါတယ်၊ အတွင်းသိ ပုဂ္ဂိုလ် ၃-၄ ယောက်က လွဲလို အ ဖြစ်မှန်ကို ဘယ်သူမှ မသိလိုက်ကြပါ၊

မိမိတို့ ငှါးနေတဲ့အိမ်မှာ ဆက်ပြီး ငှါးမနေတော့ဘဲ ကျောင်း သစ်ကို ပြောင်းနေကြတော့မှာ ဖြစ် ကြောင်းကိုလဲအိမ်ရှင် ဖြစ်သူကို ပြောလိုက်ပြီး ပါပြီ၊ ဒါနဲ့ ကျောင်း ဖွင့်ပွဲ ပြုလုပ်တဲ့နေ့မှာ ပဲ ဒုလ္လဘများရဲ့ လုပ်အားပေး အကူအညီကို ရယူပြီး ၂ နှစ်ကြာမျှ ငှါးနေခဲ့ရတဲ့ အိမ်က ပစ္စည်းများ အကုန်လုံးကို ကျောင်းတော် ကြီးသို့ ပြောင်း ရွှေ့ သယ်ဆောင်လာကြရပါတော့တယ်၊ ကျောင်းတော် ကြီး ဖွင့်ပွဲ အခမ်းအနားကတော့ ဖြင့် ချောချောမောမော အောင်အောင် မြင်မြင်ပဲ ပြီးဆုံးသွား ခဲ့ပါတယ်။

ပါးမစ်မရှိ ဝင်နေသိ အတိဒုက္ခကြုံတွေ့ရ

ကျောင်း ဖွင့်ပွဲ ဖွင့်ပြီးလို့ ၂ ရက်လောက်မှာ သက်ဆိုင်ရာ မြို့နယ်က စစ်ဆေးရေး အရာရှိတွေက ရေ, မီး သွယ်တန်းတာ ဥပဒေ နည်းလမ်းကျ ရှိမရှိကို စစ်ဆေးဖို့ ရောက်ရှိလာခဲ့ကြပါတော့တယ်၊ မိမိတို့တတွေ အဆင့်သင့် နေရာယူ ဝင်ရောက်နေထိုင်ခဲ့ကြတာကို တွေ့ မြင်လိုက်ရတော့ ဒါဟာ ဆောက်လုပ်ရေး ဥပဒေကို ကျူးလွန်တာပဲ ဖြစ်ပါတယ်တဲ့၊ အထဲမှာ လူတွေရှိနေရင် ဒို့များ ဝင်ရောက်စစ်ဆေးလို့ မ ဖြစ်နိုင်ဘူးဆိုပြီး ပြန်သွား ခဲ့ကြ ပါတယ် ၊ အမှန်တကယ်မှာ စီတီကနေ တရားဝင် နေခွင့် လက်မှတ် ထုတ် ပေးပြီးမှသာ ပိုင်ရှင် ဖြစ်သူ များက ဝင်ရောက်နေထိုင်ခွင့် ရရှိ ကြမှာ ဖြစ်ပါတယ်၊ မိမိတို့မှာလဲ သိသိနဲ့ပဲ ရွေးစရာလမ်း မရှိတော့လို့ နောင်ခါလာ နောင်ခါချေး သဘောမျိုးနဲ့ အရဲစွန့် ပြီး ဝင်ရောက်နေထိုင်လိုက်ရ ခြင်းပဲ ဖြစ်ပါတယ်၊ နောက်တစ်ရက် ကျတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ကျောင်းပတ်ပတ်လည်ရှိ တံခါးပေါက်တိုင်းမှာ စာတွေ လာကပ်ပါတော့တယ်၊အဆောက်အဦးတွင်းမှာ လူနေခွင့်မရှိ၊ ချက်ချင်း ထွက်ပေးရမယ်၊ လူနေတာ ရှိက ရေ မီးကို အဆက် ဖြတ်ပစ်လိုက်မယ်၊ တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှု အတွက် တရားဥပဒေအရ အရေးယူမယ် စသဖြင့် သတိပေး စာတွေ လာကပ်ကြပါတော့တယ်၊

တော်ပါသေးရဲ့၊ ကံကောင်းပါသေးတယ်လို့ ဆိုရမလားပဲ၊ အဲဒီ အချိန်မှာ ကျောင်းနဲ့ကပ်ရက် မြန်မာအိမ်တစ်အိမ် လွတ်နေတာ ရှိပါတယ်၊ ဒါနဲ့ပဲ မနက် ၇-နာရီကနေ ညနေ ၆-နာရီအထိ သံဃာတော်များ အဲဒီအိမ်မှာပဲ

ခေတ္တ သွားနေခဲ့ကြရပါတယ်၊ ပြီတော့မှ  ကျောင်းတော်မှာ  ပြန်နေကြပါတ
ယ်၊  မနက်ဆွမ်း ဘုဥ်းပေးလို့ ပြီးတဲ့အခါမှာတော့  အိမ်ကို တခါ ပြန်သွားကြ
ရပြန်ပါတယ်၊တစ်ဝါတွင်းလုံး ဒီလိုနဲ့ပဲ  "  နေ့ ပြေး  ညပြန်" လုပ်ခဲ့ ကြရပါတ
ယ်၊ ဘုရားမ, လို့ အနားမှာ အိမ်လွတ် ကြီးက ရှိနေလို့ပေါ့၊  ဒီ နှစ်အဖို့ မှာ  ဝါ
တွင်း သုံးလ အဓိဋ္ဌာန်လဲ  မဝင်နိုင် ခဲ့တော့ပါ၊ ဒီကြား မှာ အင်စပက်တာတွေ
လာစစ်တိုင်း  တံခါးနားမှာ ဘိနပ် တွေ ရှိမနေဖို့  မီးဖိုချောင်မှ  ထမင်းနံ့ ဟင်း
နံ့ မရှိရလေအောင် လဲ အထူး ဂရု ပြုလိုက်ရပါသေးတယ်၊ အင်စပက်တာ ေ
တွက  သက်ဆိုင်ရာကိုအ ကြောင်းကြားလို့ ထင်ပါရဲ့   သတိပေးစာတွေ လာ
ကပ် ပြန်ပြီ၊  လူကိုယ်တိုင်လဲ လာပြီးသတိပေး ပြန်တယ်၊ အခု မွန်းလွဲ  ၂ နာ
ရီလောက်မှာ  ရေ မီး ဖြတ်တော့မယ်ပေါ့၊  မိမိတို့က  ရေ မီးတွေ မ ဖြတ်ဖို့ စီ
တီ ကို ဖုံးဆက်ပြီး  မေတ္တာရပ်ခံ  တောင်းပန်မှု ပြု ရ ပြန်ပါတယ်၊   ကံကော
င်း ချင်တော့ စီတီ မှ ဂျောန် ဆိုတဲ့ အရာရှိတစ်ယောက် ရဲ့ သဘောပေါက် နား
လည်ပေးမှု  မေတ္တာ  စေတနာ   ကျေးဇူးတရား ကြောင့်  ရေ မီး အ ဖြတ် မခံ
ခဲ့လိုက်ရပါဘူး၊ တိုဒို့များကို ဒီ ပြင်အကြံဉာဏ်လဲပေးခဲ့ပါသေးတယ် ၊ ဂျောန်
ဆိုတဲ့သူကို  ဖုံးနဲ့သာ  စကားပြောရတာပါ၊ လူကိုယ်တိုင်ကိုတော့  တစ်ခါမှ
မတွေ့ မ မြင်ဘူးပါ၊ သူတော်ကောင်းစိတ် ရှိ ရှာတဲ့  အရာရှိကြီး တစ်ဦးပါပေ
ပဲ၊  မိမိရဲ့ဘဝမှာ အရေးကြုံတိုင်း  ကူ ညီမဲ့သူ ပေါ်လာတတ်တာ  တစ် ကြိမ်
တစ်ခါမက များလှပါတယ်၊ သမ္မာဒေဝ နတ် မြတ်နတ်ကောင်းတွေရဲ့  ပံ့ပိုးကူ
ညီပေးမှုပဲ  ဖြစ်နေလေရော့သလားလို့ တောင် အောက်မေ့မိလိုက်ရပါသေးတ
ယ်။

ကြွေးပေါင်းများစွာနဲ့     မေးခွန်းများ

၂၀၀၈-ခု နှစ်မှာ  ကျောင်းတော် ကြီး ဖွင့်ပွဲလဲ  ပြုလုပ်လို့ပြီး သွားပါပြီ၊  တကမ္ဘာလုံးမှာ စီးပွားရေးလဲ ကပ်ဆိုက်လို့ လာပါတော့တယ် ၊ မိမိတို့ရဲ့  ဘဏ်ကြွေးငွေ   အရင်းနဲ့အတိုးက  တစ်လ တစ်လကို  ဒေါ်လာ တစ်သောင်း  သုံးထောင် နီးနီးလောက် ရှိနေပါတယ်၊  ဒီ ပြင် အသုံးစရိတ်တွေနဲ့ပါ ပေါင်းလိုက်မယ်ဆိုလို့ရှိရင် တစ်လကို ဒေါ်လာ  နှစ်သောင်း ငါးထောင်ကနေ သုံးသောင်း အထိ ရှိလို့နေပါတယ်၊

မိမိအနေနဲ့ ကျောင်းတော်ကြီးကို  ဆောက်လုပ်နေတာကို သာသနာတော် ကြီးအတွက်   အများတကာတွေ အတွက်  နောင်လာနောက်သားများအတွက် အကျိုး  အနဂ္ဂ မြောက်များစွာ   ဖြစ်ထွန်း ပေါ်ပေါက်  ရရှိလာ ကတော့မှာကို တွေးပြီး ဝမ် မြောက်ကြည် နူး  ဂုဏ်ယူကြသူများ ရှိခဲ့သလို မနာလိုစိတ်နဲ့  လူမျိုးရေးစိတ်နဲ့ တွေးပြီး ပြောဆိုချင်လာကြသူ  အနည်းအကျဉ်းကလဲ ရှိလိုက် ပါသေးတယ်၊  လောက ဓမ္မတာပေပဲမို့  ကရုဏာစိတ်နဲ့ပဲ သဘောပေါက်ပေး ခွင့်လွှတ်ပေးလိုက်ရတာလဲ ရှိပါတယ်၊  တစ်ချို့များ က မေးလာ တတ်ကြပါတယ်၊     "ဘာ ဖြစ်လို့ ဒီလောက်ကြီး  ကြီးတဲ့ကျောင်းကို ဆောက် ခဲ့ရသလဲ၊ ဒကာများ အတွက်  တာဝန် ကြီး ဖြစ် မနေပေဘူးလားပေါ့၊ အဲ ဒီလောက်  ကြီးတဲ့ ကျောင်း ကြီးကို ဆောက်မိတာ  နောင်တစိတ် များ ဖြစ်ခဲ့ပါသလားတဲ့၊ လစဉ် ပေးမဲန် အတွက် အခက်အခဲ ရှိနေပေလိမ့်မယ်ထင်လို့  မေးတာလဲ ဖြစ်မှာပါ၊  အခု ဘယ် နှယ့်လဲ  ကြွေးအတွက် ခေါင်းခဲနေပြီပေါ့နော်တဲ့၊  လစဉ် မှန်မှန် ငွေ လည်ပတ်မှု ကော ရှိပါရဲလား " စသဖြင့်  စပ်စု

လိုစိတ်နဲ့ မေးလာခဲ့ကြတဲ့ မေး ခွန်းတွေကတော့ အများကြီးပါပဲ၊ ကျောင်း အပေါ် မိမိအပေါ် စိုးရိမ်စိတ်နဲ့ မေးလာတဲ့ မေးခွန်းတွေကတော့ နည်းပါ တယ်၊ သူတို့တွေ ကြားချင်တဲ့ အ ဖြေ စကားကို ကြားသိရပြီး တစ်ဆင့် စကား ပွားအောင်လုပ် ဖို့ ရည်ရွယ်ချက် နဲ့ မေးလာခဲ့သူတွေကသာ များတာ ကို တွေ့ခဲ့ရပါတယ်၊ သူတို့တတွေ ပါးစပ်မဟ ခင်ကတည်းက ဟဒယမှာ ဘာ ရှိနေတယ်ဆိုတာ သိပြီးသားမို့ မေတ္တာစိတ်ထားပြီးတော့ပဲ နားလည် သဘောပေါက်အောင် စိတ်အေးရအောင် ဖြေကြား ရှင်း ပြပေးခဲ့ရပါတော့ တယ်။

မိမိရဲ့အမြင်အတွေး စီမံချက်နဲ့ ခံယူချက်

မိမိအနေနဲ့ ဒီကျောင်းတော် ကြီးကို ဦးဆောင်မှု ပြုပြီး ဆောက် လုပ်ခဲ့တာဟာ ကိုယ်ရေးကိုယ်တာအတွက် ဆောက်လုပ်ခဲ့ရတာ လုံးဝ မဟု တ်ရတာအမှန်ပါ၊ ဗုဒ္ဓသာသနာတော် ကြီးရဲ့ ထာဝရပစ္စည်းအနေအား ဖြင့် သော်ငင်း၊ နောင်လာနောက်သား ဗုဒ္ဓဘာသာဝင် သား, မြေး, မြစ် ,တီ ,တွတ်, ကျွတ် ,ဆပ် တို့ရဲ့ အမွေ အ နှစ် တွေ အ ဖြစ်ငင်း ရည်ရွယ်ရင်း ထားရှိပြီး ဆောက်လုပ်ခဲ့တာပဲ ဖြစ်ပါတယ်၊

မိမိအတွက်မှာမူကား ဆိုဖာ တစ်လုံးလောက် ရှိခဲ့ရင်ပဲ လုံ လောက်လှပါပြီ၊ အဲဒီ ဆိုဖာ ပေါ်မှာ ထိုင်ပြီးတော့ ----- စာကို ရေးနိုင် ဖတ်နိုင် ပါတယ်၊ ပရိတ်, ပဌာန်း ရွတ်ဖတ် ပူဇော်မှု ပြုနိုင် သလို တရားဘာဝနာလဲ ပွားများ အားထုတ်လို့လဲ ရနိုင်ပါတယ်၊ အဲဒီ ဆိုဖာ ပေါ်မှာတင်ပဲ စားနိုင် ,

သာက်နိုင်, ကျိန်း စက်ပြီးတော့လဲရ နိုင်ပါတယ်၊ တရား ဟော, တရား ပြ, စာ ချပေးလို့လဲ ရနိုင်ပါတယ်၊

အဓိက ကတော့ အပေါ်မှာ ဆို လာခဲ့တဲ့အတိုင်း မိမိရဲ့ စေတနာ , စိတ်ထား မှု အပေါ် မှာ လုံးဝ ယုံကြည်မှု ရှိနေလို့ပါပဲ၊ မိမိအတွက် ပြုလုပ်တာမဟုတ်ဘဲ သာသနာအတွက် အများအတွက် လုပ်ကိုင်ဆောင်ရွက် လုပ်ကိုင် ပေးနေရတဲ့ ကိစ္စ ကြီး ဖြစ်လို့မို့ သာသနာစောင့်နတ်တွေကလဲ သိ မြင်ကြပြီး စောင့်ရှောက်ပေးနေကြမှာ ဖြစ်သလို လူမျိုး ဘာသာမရွေး သူတော်စင် အပေါင်းတွေကလဲ မိမိရဲ့ ပါရမီကုသိုလ်ကို အင်အား ဖြည့်တင်း ပံ့ပိုးကူညီ လှူဒါန်းထောက်ပံ့ ပေးလာ ကြလိမ့်မယ် ဆိုတာ ယုံကြည်မှု အ ပြည့် ရှိလို့နေပါတယ်၊ လောက , ဓမ္မ သဘာဝတရားက ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ စိတ်ထဲမှာ အနည်းငယ်မျှ ယုံမှားမရှိ ခိုင်မြဲလျက် ရှိလို့နေပါတော့တယ်၊ မိမိရဲ့စိတ်ထဲမှာ ထားရှိခဲ့ပုံ အမှန်ကို ဘုရားရှေ့မှာလဲ သစ္စာဆို အဓိဋ္ဌာန် ပြုမိခဲ့ပါတယ်၊ သစ္စာဆို အဓိဋ္ဌာန် ပြုထားခဲ့တဲ့အတိုင်းပါပဲ လစဉ် ဘဏ် ငွေကြွး အထွေထွေ အသုံးစရိတ် ကုန်ကျငွေ နှစ်သောင်းခွဲကနေ သုံးသောင်းခန့်ကို အခက်အခဲ လုံးဝ မရှိ အဆင်ပြေခဲ့ရပါတယ်၊ အလုပ် ကြီးတစ်ခု လုပ်ကိုင်ဆောင်တဲ့နေရာမှာ စိတ်ထား သန့်သန့် စေတနာ ဖြူစင် သစ္စာရှိရှိ စည်းစည်းလုံးလုံး ရှိကြဖို့ လိုအပ်တယ် ဆိုတာ ယုံကြည် သဘောပေါက် နားလည်ခဲ့ရပါတယ်၊ အဲဒီလို ရှိနေလို့ ကတော့ လုပ်သမျှ မအောင် မြင်နိုင်တာ ဘာမှ မရှိပါ၊ ကောန်မုချ အောင် မြင်ကြရမှာ အမှန်ပါ၊

Monday, December 16, 2019

ဒါ့အပြင် စာချုပ်အရ အနှစ် ၂၀ ကြာမျှ ဘဏ် ကြွေးငွေ ၂သန်းနဲ့
၄ သိန်းကို အရစ်ကျ ပေးဆပ်နေရမဲ့အစား ၆ နှစ်ခန့်မျှ အတောအတွင်းမှာပဲ
အ ကြေ ပေးဆပ် နိုင်ခဲ့ပါတော့တယ်၊ တိတိကျကျ ပြောရရင် မိမိရဲ့ မွေးေ
န့ အကြို ၂၀၁၄ ခု နှစ်၊ မတ်လ ၊ ၂၄ ရက်နေ့မှာ မိမိရဲ့ မွေးနေ့လက်ဆောင်
အ ဖြစ် ရည်စူး ပြီး ဘဏ်ပိုင်ကျောင်းမှ ဇေယျမဗ္ဗရိပ်သာ ပိုင် ကျောင်းအ ြ
ဖစ် ထာဝရ ေ ပြောင်းပေးခဲ့လိုက်ရပါတော့တယ်၊ နတ်လူ သာဓု ခေါ် ကြ ပါေ
စသောဝ်---၊မိမိရဲ့ ဘဝ တစ်သက်တာမှာ ပါရမီရှင်အပေါင်း သူတော်ကော
င်းတို့ရဲ့ ကိုယ်အား, ဉာဏ်အား, ဓနအား , သဒ္ဓါ အားကို မေ့လို့မရ နိုင်ဘဲ အ
စဥ်အမြဲ သတိရ ချီးကျူးဂုဏ် ပြု သာဓုခေါ် ဆိုမှု ပြုနေမှာ ဖြစ်သလို မေ
တ္တာဓာတ် ပို့ လွှတ် ဆုတောင်းပေးနေပေလိမ့်မှာ ဧကန်မုချပါပဲ၊ ဒီဘဝ ဒီတ
စ်သက်တာမှာ မိမိနဲ့အတူ ကုသိုလ် ပါရမီတရားတွေကို ဖြည့်ကျင့်ဆည်းပူး ြ
ပီး, ဆည်းပူးဆဲ ,ဆည်းပူးလတ္တံ့ ဖြစ် ကြတဲ့သူတော်စင်အပေါင်းတို့ ကိုယ်စိ
တ် နှစ် ဖြာ ချမ်းသာစွာနဲ့ လောက ဓမ္မ နှစ် ဖြာ အကျို းသယ်ပိုး ရွက်ဆော
င်နိုင် ကြပြီး လိုလားတောင့်တ အာသီသ ရှိတဲ့ အတိုင်း တစ်လုံးတစ်ဝတည်း
ပြည့်စုံနိုင်ကြပါစေလို့ မဟာဆန္ဒ ပြုလိုက်ပါရစေ၊

## တုနှိုင်းမရ ဒါနရှင် Pat နဲ့ Pim

မိမိရဲ့ သာသနာပြု လုပ်ငန်းခွင် တစ်လျှောက် အားပေးထောက်ပံ့ခဲ့ ြ
ကသူ များ မနည်းလှပါ၊ ထောက်ပံ့ဆဲ, ထောက်ပံ့လတ္တံ့ ရှိနေကြအုံးမယ်လို့
ယုံကြည်ရပါတယ်၊ ပါရမီတရားတွေ ဖြည့်ကျင့် ဆည်းပူးဖို့အတွက် ဒီ လူ့ ြ

ပည် လောက လူ့ဌာနကို မိမိတို့တတွေ ရောက် ရှိလာကြရတယ် မဟုတ်ပါ လား၊ ကျောင်း တော် ကြီး, အမျိုးသမီးယောဂီဆောင်, အ မျိုးသား ယောဂီဆောင်, စေတီတော် ကြီး စသည် ပြုလုပ် တည်ဆောက်တဲ့အခါမှာ မိမိအနေနဲ့ ဒေါ်လာ တစ်သောင်း စီ ထည့် ထည့်ဝင်လှူဒါန်းခဲ့သလို မိမိနဲ့အတူ ပါရမီကု သိုလ် သာသနာ ပြုလုပ်ငန်း ဖြည့်စွမ်းပေးခဲ့ကြတဲ့ တစ်သောင်းတန် အလှူ ရှင် တွေကလဲ အများကြီး ရှိလို့နေပါတယ်၊

ဒီအထဲက အထူးအား ဖြင့် ခွန် ဖက်တ် နဲ့ ခွန်ပင်မ် ဆိုတဲ့အမျို သမီး ၂ ဦး အ ကြောင်းကို ပြော ပြလိုပါတယ်၊ မိမိရဲ့ သာသနာ လုပ်ငန်းမှာ အများ ကြီး လှူဒါန်းခဲ့တဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်၊ သူတို့ နှစ်ယောက်စလုံး မှာ သိပ်ပြီးနာမည် မရှိလှတဲ့ ဟိုတည် တစ်ခုမှာ နှစ်ပေါင်း၃၀ ကျော် ခန့် ဖဲဝေတဲ့အလုပ်ကို လုပ်ခဲ့ကြသူတွေပါ၊ သိပ်ပြီး တော့လဲ ပိုက်ဆံ မရရှိခဲ့ကြ ပါ၊ ခလေးများတွေအတွက် ကစားစရာပေါင်းစုံရှိလို့ ခလေးများကြိုက်တဲ့ ဟိုတည် တစ်ခုသာ ဖြစ်ပါတယ်၊ သူတို့မှာ အလုပ်နားရက်တွေမှာ တရားပဲ ထိုင်ကြတယ်လို့ သိရပါတယ်၊ တစ်ပတ်တစ်ခါ ကျောင်း မှ ာ အလှူလာလုပ်ြ ကတာ နှစ်ပေါင်း ၃၀ ကျော် တော င်ရှိလို့နေပါပြီ၊ ဘုန်းကြီး ကျောင်း, အလု ပ်ဌာန, ဈေးဝယ် သွားတာကလွဲလို့ ဘယ်ကိုမှ သိပ်မသွားတတ်ကြပါ၊ တစ် နှစ်တစ် နှစ်မှာ စာရင်း ချုပ်လိုက်ရင် ဒေါ်လာ၂သောင်းနီးနီး တစ်ခါတစ်လေ မှာ ၃သောင်း နီးနီး ကျောင်းတော် ကို လှူဒါန်း ပြု ခဲ့တာကို တွေ့ရပါတယ်၊ မိမိ ထိုင်းကျောင်းမှာနေခဲ့စဉ်ကတည်းက လှူဒါန်းလာခဲ့ကြတာ ဖြစ်ပါတယ်၊ သဒ္ဓါတရား အတော် ခိုင်မြဲလှတဲ့ သူတွေပါပဲ၊

ခွန်ဖက်တ်  ဆိုတဲ့သူကဆိုရင် မိဖ များက မူစလင် ဘာသာဝင်တွေပါ၊ မောင် ၂ ယောက်မှာလဲ တကယ့် မူစလင် အစစ်တွေပါပဲ၊ အားလုံးက မုဒိတာတရား ပွားရလေအောင်  သူတို့ရဲ့ လှူဒါန်းပုံကို ပြော ပြရမယ်ဆိုရင် ဟို -အစကတည်းကမိမိတို့ ကျောင်းတော် ကြီး ဆောက်လုပ်ဖို့အတွက် ရံပုံငွ အ ဖြစ် ပဒေသာပင် အလှူတော်ငွေ တစ်ပင်လျှင်$ ၅၀၀ လို့ သတ်မှတ်ထားခဲ့ပါတယ်၊ ဒီ သူ၂ ယောက်က တစ်ပတ်တစ်ခါ လာလှူရင်းနဲ့  ပဒေသာပင်ပေါင်း ၂၀၀ အထိ ရှိလာခဲ့ပါတော့တယ်၊ ကျောင်းတော် ကြီး ဆောက်လုပ်ပြီး သွားတဲ့အခါမှာ  လစဥ်ဘဏ်ကြွေး ပေးမဲန်အတွက် အထူးရံပုံငွေ အဖြစ်ငွေ ပဒေသာတစ်ပင်လျှင်  $ ၅, ၀၀၀  လှူဒါန်းလာကြတဲ့ အလှူရှင်ပေါင်း သုံးဆယ်ကျော်ခန့် ထဲမှာ  သူတို့ ၂ ယောက်က  ပဒေသာပင်ဆယ်ပင်ခန့် လှူဒါန်းခဲ့ကြပြန်ပါတယ်၊ နောက်တစ်ခါ  ကျောင်းဝင်းထဲမှာ  တည်ထား ကိုးကွယ်ထားတဲ့ လာဘ သုခ သိဒ္ဓိ ကမ္ဘာအေးစေတီတော် ကြီးထဲမှာ  ဌာပနာ ပြု ပူဇော်ထား ရှိပေးဖို့   လာဘသုခ ဘုရားပေါင်း တစ်ရာကျော် ခန့် ပူဇော် လှူဒါန်းခဲ့ ကြပါတယ်၊ဘုရားတစ်ဆူ လျှင် $ ၅၀၀ ဖြစ်ပါတယ်၊ အခုနောက်ပိုင်းမှာ နှစ်စဥ် နှစ် တိုင်း ပူးတွဲ ကထိန် ဥက္ကဋ္ဌများ အ ဖြစ်  ခံယူထားကြ ပြန်ပါတယ်၊ မိမိတို့  ကျောင်းတော်အတွက် ဒေါ်လာပေါင်း  ၄ သိန်းကျော်ခန့်  လှူဒါန်းခဲ့ပြီးလဲ ဖြစ်ပါတယ်၊ ခုလဲ လှူဒါန်းမှု ပြုနေသလို နောင်လဲ ဆက်လက်ပြီး လှူဒါန်းပေးသွား အုံးမယ်ဆိုတာ  ယုံမှားမရှိပါ၊  ထိုင်းတွေရဲ့  ယဥ်ကျေးမှု ဓလေ့ထုံးစံ အရ  စုပေါင်းမဟာဘုံကထိန် ဥက္ကဋ္ဌအ ဖြစ်  ခံယူလိုကြ သူများအနေဖြင့်ပြကိုတင်ပြီး စာရင်းပေးသွင်းကြရပါတယ်၊ နောက်လာမဲ့ ဆယ် နှစ်ကျော်ခ

န့်အထိ  အလှူရှင် များ တန်းစီထားလို့နေပါပြီ၊ ချီးကျူး ဖွယ်, ချစ် ဖွယ်, ပျော်ဖွ ယ်,   ဂုဏ်ယူအားကျဖွယ်နဲ့ သာဓုခေါ်ချင်ဖွယ်  ကောင်းလှတဲ့ အလေ့အထ တစ်ခုပဲ  မဟုတ်ပါလား၊ သာဓု-သာဓု- သာဓုပါ ကထိန် ဥက္ကဌ တို့ရေ၊ ကထိန်လျာသက်န်းလှူဒါန်းရ  ကျိုးဖလ ငါးပါးနဲ့ ပြည့်ဝကြပါစေကုန်သတည်း။

ဆယ် နှစ်တာကာလ     ပြုလာခဲ့သမျှ

ကျောင်းတော်သစ် ကြီး ဆောက်လုပ်ပြီးစီးပြီးတဲ့နောက်   ဆယ် နှစ်ခန့်ကာလ  အတွင်းမှာ  တစ်နှစ်ထက်တစ် နှစ် တိုးတက် ဖြစ်ထွန်းမှု   အများကြီး ရှိလာခဲ့ပါတယ်၊

၁- ဇေယျမဂ္ဂရိပ် ကျောင်းတော် ကြီးမှာတည် ရှိတဲ့   ဓမ္မာရုံ,  သံဃာဆောင်, အမျိုးသားဆောင် , အမျိုးသမီးယောဂီဆောင်နဲ့  သိမ်တော် ကြီး  များကို   ကနုတ်ပန်း တပ်ဆင် ခြင်း  အလှူတော် မင်္ဂလာများ ပြုလုပ်ခဲ့ ခြင်း၊

၂- ထိုင်းယဥ်ကျေးမှုဓလေ့ထုံးစံအရ  သိမ် ကျောက်နိမိတ်   မြှုပ် နှံခြင်း မင်္ဂလာ အခမ်းအနားကြီးကို  ဆင်ယင် ကျင်းပ ပြုလုပ်ခဲ့ ခြင်း၊

၃-   နေဗားဒါး ပြည်နယ်မှာ  ပထမဦးဆုံးသော လာဘာသုခ သိဒ္ဓိကမ္ဘာ့အေး စေတီတော်  မြ တ် ကြီးကို တည်ထားကိုးကွယ်မှု ပြုလုပ်ခဲ့ ခြင်း၊

၄-       ပြီးတော့ ဘုရား တရားး သံဃာ ပြီးရင် ဗီယက်နာမ် , တရုတ် , လာအို ,ယိုးဒယား လူများစွာတို့  အထူး  လေးစားကြည်ညိုမှု ရှိကြတဲ့   မဟာပိန္နဲ နတ်ကွန်း နဲ့   ကွန် ရင် မယ်တော် နတ်နန်းတည်ဆောက်ပေး ခြင်း ၊

၅- စေတီတော် ကြီးအနီးမှာ ဓမ္မစကြာ မုဒြာ ဘုရား ကျောင်းဆောင် တည်ဆောက်ပူဇော် ခြင်း၊

၆- ၂၀၁၈ ခု နှစ် တွင် စတုရန်းပေ ရှစ်ထောင်ခန့်ရှိ ကုမာရီ အမျိုးသမီးယောဂီဆောင် ကို ဆောက်လုပ်ခဲ့ ခြင်း၊

ဆောက်လုပ်ရေးအတွက် ဒေါ်လာ တစ်သန်း နှစ်သိန်းခန့် ကုန် ကျခဲ့ရပါတယ်၊ ၂၀၁၈ ခု နှစ်၊ ဂျွန်လ ၁၀ ရက်၊တနင်္ဂနွေနေ့ မှာ ဖွင့်ပွဲနဲ့ ရေစက်ချအလှူတော် မင်္ဂလာကို ပြုလုပ် ခဲ့ကြပါတယ်၊

ဒီ ယောဂီဆောင်ကို ဆောက်လုပ်ပေးတာ TWC ကုမ္ပဏီ ဖြစ်ပါတယ်၊ ကံ ကောင်းချင်တော့ ကုမ္ပဏီရဲ့ ပိုင်ရှင်လဲ ဖြစ် ဥက္ကဋ္ဌလဲ ဟုတ်တဲ့ Wade ဆိုတဲ့ သူက ခွန်ပင် ရဲ့ မိတ်ဆွေ ဖြစ်လို့နေပါတယ်၊ သူတို့တတ်နိုင်တဲ့ဖက်က အများကြီးကူညီပေးခဲ့ပါတယ်၊ ကျောင်း ပုံစံရေးဆွဲထုတ်လုပ်ပေးရတဲ့ ဗိသုကာ အတွက်အဖိုးအခငွေ လုံး၀မယူဘဲ လှူဒါန်းပေခဲ့ပါတယ်၊ သူ့မှာ ဂျပန် လူငယ်တစ်ယောက်ပါ၊ သူ့ရဲ့ မေတ္တာရပ်ခံ တောင်းဆို ချက်အရ အသက် ၁၀ နှစ်ခန့်သာ ရှိသေးတဲ့ သူ့သားလေးကို မိမိကိုယ်တိုင် ကပဲ ဗုဒ္ဓဘာသာ အကြောင်းနဲ့ တရားထိုင်နည်း သင်ပေးခဲ့ရပါတယ်၊ ဒီဆောက်လုပ်ရေး ကုမ္ပဏီက အရင် Frontier ဆောက်လုပ်ရေး ကုမ္ပဏီနဲ့ လွန်စွာမှ ကွာ ခြားလှပါတယ်၊ အရင်ကုမ္ပဏီက လုပ်ငန်းတစ်ခုခု စမလုပ်ခင်မှာ စရံငွေ ထက်ဝက်အရင်ပေး ပြီးမှ အလုပ် လုပ်ကြပါတယ်၊ ဒီ TWCကုမ္ပဏီက လုပ်ငန်း ၇၅% လုပ်လို့ပြီးမှ ပိုက်ဆံကို လာတောင်းတာ၊ သူတို့နဲ့ အလုပ်လုပ်ရတာ လုံး၀ စိ

တ်ချမ်းမှု ရရှိခဲ့ပါတယ်၊ သူတို့ ကုမ္ပဏီကပိုက်ဆံ ချမ်းသာတာလဲ ဖြစ်နိုင်သလို မိမိတို့အပေါ် ယုံကြည်မှု အပြည့်ရှိကြလို့လဲ ဖြစ်နိုင်ပါတယ်။

အိုင်းဒဟို ပြည်နယ် ဇေယျဓမ္မရိပ်သာကျောင်းခွဲ(၂)

၇။ ၂၀၁၈ ခု နှစ်၊ အောက်တိုဘာလ ၊၃၁ ရက်နေ့မှာ ဇေယျဓမ္မရိပ်သာကျောင်းရဲ့ ဌာနခွဲ အ ဖြစ် 2702 Southside Blvd, Nampa, ID 83686 ရှိ စတုရန်းပေ ၂, ၆၀၀ ခန့် ရှိ အခန်း ၅ ခန်းပါ အဆောက်အဦးတစ်လုံး ဝယ်ယူခဲ့ပါတယ်၊

ကျောင်းမြေ အကျယ်အဝန်းမှာ ၃ ဧက ခွဲ ခန့် ရှိပါတယ်၊ဝယ်ဈေးမှာ ဒေါ်လာ သုံးသိန်း ရှစ်သောင်းခန့် ဖြစ်ပါတယ်၊ဇေယျဓမ္မ ကျောင်းရဲ့ နာမည်နဲ့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဝယ်ယူခဲ့ရ ခြင်းပဲ ဖြစ်ပါတယ်၊

၂၀၁၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ၊၁၁ ရက်နေ့ မှာ ပြည်နယ်ရဲ့ ဥပဒေအရ မိမိတို့ ဝယ်ယူထားတဲ့ အဆောက်အဦး မြေနဲ့ ကိုက် ၃၀၀ အကွာအဝေးအတွင်းရှိ ရပ်ကွက် ပြည်သူများကို ဖိတ်ခေါ် ခဲ့ပြီး အစည်းအဝေးတစ်ခု ကျင်းပ ပြုလုပ် ခဲ့ရပါတယ်၊ နောက်တစ်ခါ မေလ ၂- ရ က်နေ့မှာ မြို့နယ် ခရိုင် အဆင့် ပြည်သူ့ အစည်းအဝေး ဆန္ဒခံယူ ကြားနာပွဲ ပြုလုပ်ခဲ့ရပါတယ်၊ ကန့်ကွက်တဲ့သူ မရှိတဲ့အတွက် တရားဝင်ကျောင်း သာသနာ့မြေ စာရင်းဝင်အ ဖြစ် အသိအမှတ် ပြုခံရပြီး ဖြစ်သွားပါတော့တယ်၊ အိုင်ဒဟို ပြည်နယ်တစ်ခုလုံးမှာ ထေရဝါဒ ဘုန်းကြီးကျောင်းဆိုလို့ လာအို ကျောင်း တစ်ကျောင်းမျှသာ ရှိခဲ့ရာမှ အခုမိမိတို့ကျောင်းဟာ ဒုတိယမြောက်ကျောင်း ဖြစ်လာရပါတော့တယ်၊ သို့သော် ပြည်နယ်အစိုးရ တရားဝင် အသိအမှတ် ပြုကျော

င်း အနေ ဖြင့်ကတော့ မိမိတို့ကျောင်းတော် ကြီးက အိုင်ဒဟို ပြည်နယ် ရဲ့ ပထမဦးဆုံးသော သမိုင်းဝင် ထေရဝါဒ ဘုန်းကြီးကျောင်း ပင် ဖြစ်ရပါ‌ေတာ့တယ်၊ လာအိုကျောင်းက ပြည်နယ်အစိုးရရဲ့ အသိအမှတ် ပြုကျောင်း အဖြစ် မခံရသေးပါဘူး၊

ကျောင်း ဖြစ်ပေါ် လာပုံကို ပြောပြရမယ်ဆိုရင် အဲဒီမြို့မှာ နေထိုင်ကြသူတွေက များသောအား ဖြင့် ကရင်လူမျိုးတွေ ဖြစ် ကြပါတယ်၊ တကြိမ်ကအဲဒီမြို့မှာ တရားဟောကြွသွားခဲ့စဉ် ဒကာ/ မ တွေက ဝိုင်းပြီး‌ေလျှောက်ထားကြပါတယ်၊ ဗုဒ္ဓဘာသာကရင်တော်တော် များများကို ခရစ်ယာန်ဘုရားကျောင်းက မက်လုံးပေး ဆွယ်တရား လာဟောလို့ ပါသွားကြတာမနည်းတော့ပါဘူးတဲ့၊ ကျုန်တဲ့ သူတို့ရဲ့ သားသမီးတွေ ပါမသွားရလေအောင် ဘုန်းကြီး ကျောင်းလေးတစ်ကျောင်းလောက် ရှိစေချင်ပါတယ်၊ ကူညီပေးပါအုံးလို့ တောင်းဆို လာကြပါတယ်၊ သူတို့ရဲ့ မေတ္တာရပ်ခံ တောင်းပန်ချက် အရ နယ်ခံ မြေခံ ပုဂ္ဂိုလ်များ , အိုင်းဒဟို ရှိ ဗုဒ္ဓဘာသာ အစည်းအရုံး အသင်းဝင် များနဲ့ ရပ်ဝေးရပ်နီး သဒ္ဓါရှင်များ ဆရာဒကာ စုပေါင်းအား ဖြင့် တိုင်ပင် ညှို နှိုင်းကြပြီး သင့်လျှော်တဲ့ ဒီ ကျောင်းတော် ကြီးကို ဝယ်ယူလိုက်ရ ခြင်းပဲ ဖြစ်ပါတယ်၊ မိမိအနေနဲ့ ဒီကျောင်းဆောင်သစ်အတွက် ဒေါ်လာငါးထောင်ကျော် မ, တည် လှူဒါန်းခဲ့လိုက်ရသလို ကျောင်းပေးမဲန် အတွက်လဲ လစဉ် $ ၁၀၀ လှူဒါန်းခဲ့လိုက်ရပါသေးတယ်၊ အနာဂတ်မှာ ဆောက်လုပ်မဲ့ သိမ်တော် ကြီးအတွက်လဲ ဒေါ်လာ ၅ ထောင် လှူဒါန်းခဲ့ရပါသေးတယ်၊

၈- ၂၀၁၉ ခု နှစ်မှာတော့ စတုရန်းပေ ၉ ထောင်ခန့် ရှိ ဝိဝေကဆောင် စံကျောင်းတော်နဲ့ အမျိုးသားယောဂီဆောင်ကို ဆောက်လုပ်ခဲ့ ခြင်း၊

စုစုပေါင်း ကုန်ကျငွေမှာ ဒေါ်လာ တစ်သန်းနဲ့ ခြောက်သိန်းကျော်ခန့် ရှိခဲ့ပါတယ်၊ ဆောက်လုပ်ရေးကုမ္ပဏီမှာ အရင်ကအတိုင်း TWC ကုမ္ပဏီပဲ ဖြစ်ပါတယ်၊ ၂၀၁၉ ခု နှစ် ၊ဂျွန်လ ၉ ရက်၊ တနင်္ဂနွေနေ့ မှာ စံကျောင်းတော် ရေစက်ချပွဲနဲ့ ဖွင့်ပွဲ အခမ်းအနား မင်္ဂလာ သဘင်ကို စည်ကား သိုက်မြိုက်စွာ ကျဆင်ယင် ကျင်းပ ပြုလုပ်ခဲ့ပါတယ်၊ ဖွင့်ပွဲ ပြုလုပ်ပြီး နောက်တစ်ရက် ကစပြီး မြတ်သော နှုတ်ဆိတ် အဓိဋ္ဌာန် ဘာဝနာကို ၁၀ ရက်မျှ ပွားများအားထုတ်ခဲ့ကြပါတယ်၊ ရပ်ဝေးရပ်နီးမှ ယောဂီများ လူမျိုးပေါင်းစုံ လာရောက်ပြီး တရား အားထုတ်ခဲ့ ကြပါတယ်၊

မိမိ အဓိဋ္ဌာန်ဝင်နေတဲ့ ဝါတွင်းသုံးလမှအပ လစဥ်လတိုင်း မြတ်သောနှုတ်ဆိတ် အဓိဋ္ဌာန် ဘာဝနာ ၁၀ ရက်တရားစခန်းကို ဆက်လက်ပြီး ဖွင့်လှစ်သွားဖို့ ရည်ရွယ်မှန်းထားလျက် ရှိခဲ့ပါတယ်၊

၂၀၁၉ ခု နှစ်, အောက်တိုဘာလ၊ ၂၁ ရက်နေ့ မှာ ဝိဝေက စံကျောင်းတော်နဲ့ ကပ်ရက် မြေဧက တစ်မတ်ခန့်ရှိ မြေတစ်ကွက်ကို ခွန်အဘိဆစ်ချန်ဝိဆနူရခ် ဆိုသူထံမှ ဝယ်ယူခဲ့ပါတယ်၊ ဝယ်ဈေးမှာ ဒေါ်လာ တစ်သိန်းနဲ့ ငါးသောင်းဖြတ်ပါတယ်၊ပေါက်ဈေးထက် တစ်သောင်း လျှော့ပြီး ရောင်းပေးလိုက်တာပဲ ဖြစ်ပါတယ်။

## သာသနာ ပြုလုပ်ငန်း ဆောင်ရွက်ချက်များ

မိမိတို့ ကျောင်းမှာ ပုံမှန်အား ဖြင့် မနက် ၄နာရီမှ ၅ နာရီ၊ ၉နာရီမှ ၁၀ နာရီ၊ မွန်လွဲ ၂ နာရီမှ ၃ နာရီ၊ ညနေ ၅ နာရီမှ ၆ နာရီ တစ်နေ့လျှင် အနည်းဆုံး လေး ကြိမ်ပုံမှန် စုပေါင်းပြီးတရားထိုင်ကြတာ ရှိနေပါတယ်၊ လူ မျိုးဘာသာမရွေးကို လိုက်လှဲ နွေးထွေးစွာပဲ ကျောင်းတော်က ကြိုဆို လက်ခံမှု ပြုပေးနေပါတယ်၊ ကုန်ကျစရိတ် လုံးဝ မရှိပါ၊ ကျောင်းတော် ကပဲ တာဝန်ယူ တရားပေး ကျွေးမွေးညှေ့ခံ ထောက်ပံ့မှု ပြုပေးတာ ဖြစ်ပါတယ်။

ဒုလ္လဘပေါင်းများစွာ ဤကျောင်းတော်မှာ

ဒီကျောင်းတော်မှာ လာရောက်ပြီး ဒုလ္လဘ ကိုရင်, ရဟန်း, သီလရှင် ဝတ်ကြသူတွေ မြောက်များစွာ ရှိခဲ့ပါတယ်၊ မြန်မာ, ယိုးဒယား, လာ အို, ကမ္ဘောဒီယား, ဖိလစ်ပိုင်, သီရိလင်္ကာ, တရုတ်, အမေရိကန်, မက္ကစီကန်, ဗီယက်နာမ် နဲ့ အီရန် စသ ဖြင့် လူမျိုးစုံလှပါတယ်၊ မှတ်တမ်းတင်ထားတဲ့ စာရင်းအရ ပြော ပြရရင် အခု စာရေးနေတဲ့ ၂၀၁၉ ခု နှစ်အထိ ဒုလ္လဘ ရဟန်းပေါင်း ၂၄၇ပါး၊ ရှင်သာမဏေပေါင်း ၈၇ပါးနဲ့ သီလရှင်ပေါင်း ၁၀၅ ပါး လောက် ရှိပြီးနေပါပြီ၊ အားတဲ့အချိန် မှာ လာရောက်ပြီး နေက္ခမ္မ ပါရမီ ကို ဖြည့်ဆည်းခဲ့ကြသလို နှစ်စဉ် နှစ်တိုင်း စာသင်ကျောင်းပိတ်ချိန် ဂျွန် လ ပထမပတ် မှာတော့ စုပေါင်းပြီး ရဟန်းခံ, ရှင် ပြု, သီလရှင် ဝတ်ကြတာက များလှပါတယ်၊ လူ မျိုးပေါင်းစုံ အနယ်နယ် အရပ်ရပ်က လာပြီးဝတ်ကြတာ ဖြစ်ပါတယ်၊ ဒုလ္လဘဝတ်ကြသူများကို မိမိကပဲ တရားပြ, ဗုဒ္ဓဓမ္မအ ကြောင်း သိကောင်းရာရာ များကို သင် ပြပေးခဲ့ရပါတယ်။

ဓမ္မစေတီတည်ခဲ့ရ ဓမ္မဒါန ပြုရသည်

အခုစာရေးနေတဲ့ အချိန်ထိ မိမိဟော ပြောခဲ့တဲ့ တရားစီဒီ နာရီပေါင်း ၁, ၇၀၀ ကျော်ခန့် ရှိခဲ့ပါတယ်၊၊ ယိုးဒယားဘာသာနဲ့ နာရီပေါင်း တစ်ထောင်ကျော် , မြန် မာ ဘာသာနဲ့ နာရီပေါင်း ငါးရာကျော်ခန့် , အင်္ဂလိပ်ဘာသာနဲ့ဆို နာရီပေါင်း တစ်ရာနီးပါးခန့် ရှိခဲ့ပါတယ်၊ စီဒီပေါင်း သောင်းနဲ့ချီပြီး ပြည်တွင်း ပြည်ပ ဌာနအသီးသီးသို့ ဓမ္မဒါန ပြုခဲ့ရပါတယ်၊ မိမိရေးခဲ့ပြီး စာအုပ်ပေါင်းမှာ ယိုးဒယားလိုက ၁၃ အုပ်, မြန်မာ လိုက ၆ အုပ်, အင်္ဂလိပ်လိုက တစ်အုပ် ဖြစ်ပါတယ်၊ နှစ်ကြိမ် သုံးကြိမ် မြောက် ပြန်လည် ပုံနှိပ် ထုတ်ဝေ ခဲ့ရတဲ့ စာအုပ်တွေလဲ ရှိခဲ့ပါတယ်၊ ဓမ္မဒါန မဟာ ကုသိုလ်ကြီး ပြု ခွင့်ရရှိခဲ့လို့ ဓမ္မစေတီ တည် ပြုနေရတာ ပင်ပန်းရကျိုးနပ် အမောပြေ ကျေနပ်ခဲ့ရပါတော့တယ်၊

စင်စစ်မှာတော့ မိမိမှာ သိပ်အားလှတယ်ရယ်လို့ မရှိခဲ့ပါ၊ ဝါတွင်း သုံးလ ဆိုရင်လဲ တစ်ပါးတည်း ဝိဝေက ဖြင့်နေ တရားကိုသာလျှင် အားထုတ်နေခဲ့ရတာပါ၊ ကျန်တဲ့ လ များတွေမှာဆိုရင်လဲ နေ့စဉ် တစ်နေ့ကို လေး၂ ကိမ် စုပေါင်းပြီး တရားထိုင်ခဲ့ကြရပါတယ်၊ ကျန်တဲ့ အချိန်မှာ ဧ ည့်သည်ကမ ပြတ်သလောက် လာရောက် နေတတ်ကြပါတယ်၊ ပျမ်းမျှ ခြင်း အား ဖြင့် ပြောရရင် နေ့တိုင်းလိုလို ဧည့်သည်ပေါင်း ၅၀ ကနေ ၁၀၀ အထိ ရှိနေတတ်ပါတယ်၊ လူမျိုးပေါင်းစုံနဲ့ ဘာသာပေါင်းစုံ အလွှာအသီးသီးက ပုဂ္ဂိုလ်များက ဗုဒ္ဓ တရားတော်ကို လာရောက်ပြီး လေ့လာ သင်ယူ မေးမြန်းခဲ့ ကြတာ ဖြစ်

ပါတယ်၊ ဒါကြောင့် ညအချိန်ပိုင်းလောက်မှာသာ စာရေးချိန် ထိုက်သင့်သလောက် အချိန်လေး ရရှိခဲ့ရတာပါ၊

အမှန်အတိုင်း ပြော ပြရမယ်ဆိုရင် များသောအား ဖြင့်ကတော့ ပြည်တွင်း ပြည်ပကို လေ ယာဉ်နဲ့ ခရီးဝေး သွားရောက်ခဲ့ရတဲ့ အချိန်များမှာ ဒီစာအုပ်များကို ရေးနိုင်ခဲ့ရ ခြင်းပဲ ဖြစ်ပါတယ်၊ လေ ဆိပ်မှာ လေယာဉ်ကို ၃-၄ နာရီကြာ စောင့်ဆိုင်းနေရစဉ် နဲ့ လေယာဉ်ပေါ်မှာ နာရီပေါင်း များစွာ စီးနင်းခဲ့ရတဲ့ အခါမျိုးတွေမှာ စာရေးသားမှုကို အေးအေးဆေးဆေးနဲ့ ရေးသားနိုင်ခဲ့ရ ခြင်းပဲ ဖြစ်ပါပေတော့တယ်၊ ဝေဟင်က ရေးခဲ့တဲ့စာတွေကပဲ ပိုများဖို့ ရှိပါတယ်၊

မိမိတို့ ကျောင်းမှာ ဥပုသ် နေ့ တိုင်း ပဋ္ဌာန်း ပါဠိတော် မြတ်ကို စုပေါင်း ရွတ်ဆို ပူဇော်ခဲ့ကြပါတယ်၊ ပဋ္ဌာန်းတရားတော် ကို သိမြင် နားလည် သဘောပေါက်လိုကြတဲ့ အမေရိကန် , ဗီယက်နာမ်, သီရိလင်္ကာစတဲ့ ပုဂ္ဂိုလ် များတွေ အတွက် အုပ်စုလိုက်သော်ငြား, တစ်ဦးချင်းသော်ငြား အဘိဓမ္မာ သင်တန်းကို ပို့ချသင်ပြပေးခဲ့ရပါတယ်၊ ပဋ္ဌာန်းတရားတော် မြတ်ကို မြန်မာဘာသာနဲ့ နာရီပေါင်း ၆၀ ခန့် အသံဖမ်းဟောကြားထားတာ ရှိခဲ့သလို ထိုင်းဘာသာနဲ့လဲ နာရီပေါင်း ၁၀၇ နာရီကြာ အသံ ဖမ်း ဟောကြားထားတာလဲ ရှိပါတယ်၊

ပစ္စာဘတ္တ မြတ်ဓမ္မ ဆိုပြီးတော့ နေ့ဆွမ်းဘုဉ်းပေးအပြီး ဆွမ်းဒကာ / မ တွေကို ပုံမှန် အား ဖြင့် တရားဓမ္မ ဟော ပြပေးခဲ့ရပါတယ်၊ သူတို့သိချင်တဲ့ အကြောင်းအရာ မေး မြန်းလာတဲ့ မေးခွန်းများအပေါ် အခြေခံ

ပြုပြီး  တရားတစ်ပုဒ် အနေနဲ့  ဟော ပြရတာကပဲ များလှပါတယ်၊  မိမိအနေ နဲ့ ကြိုတင် ပြီး တရားခေါင်းစဥ်  စဥ်းစားထားစရာမလိုတော့ပါ၊ သိပ်ကို ဟန် ကျလှပါတယ်၊

ဒကာ/ မ များရဲ့ ပင့်ဖိတ်ချက်အရ  ပြည်တွင်းမှာလဲ  ကြွရောက်ပြီး တရားဓမ္မ ချီး မြှင့်ပေးရသလို  ပြည်ပ ဖြစ်တဲ့ ကနေဒါနိုင်ငံ နဲ့  ပြင်သစ်, ဂျာမဏီစတဲ့   ဥရောပနိုင်ငံ များဆီသို့လဲ   အကြိမ် ပေါင်း များစွာ ကြွရောက်ပြီး  တရားဓမ္မများကို  ဟော ပြခဲ့ရပါသေးတယ်၊ ဘ၀တိုင်းမှာလဲ  သာသနာ ပြုနိုင်တဲ့  အာဇာနည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် တစ်ပါး ဖြစ်ပါရစေ ။

ဒါနထပ်ပွား     ကုသိုလ်များ

ဒကာ/ မ များက သဒ္ဓါတရား ဖြင့်     မိမိ ရဲ့ကိုယ်ရေးကိုယ်တာအတွက်  ပစ္စည်းလေးပါး အလို့ငှါ  လှူဒါန်းလာခဲ့ကြတဲ့ ၀တ္ထုတွေကို   ကုသိုလ် ထပ်ဆင့်ပွား  ကုသိုလ် များအောင်  တန်ဘိုးသိသိ  အကျိုး ရှိရှိနဲ့  ထပ်ဆင့်ပြီး အလှူဒါနကို ပြုလုပ်လိုက်ရတာပဲ ဖြစ်ပါတယ်၊  တကယ်တော့  မိမိလှူဒါန်းခဲ့သမျှတွေဟာ  မူလ အလှူရှင် တွေရဲ့ ဒါနကုသိုလ်တွေပါပဲ၊ မိမိကို သူတို့ကလှူပေးနေကြလို့  မိမိက ပြန်ပြီး လှူနိုင် ခြင်းသာ  ဖြစ်ပါတယ်၊ဒါ ကြောင့်ကုသိုလ်ဆင့်ပွား  ကြီးမားလာအောင်  လိုအပ်တဲ့နေရာမှာ  လိုအပ်ချက်ကို ဖြည့်စွက်ပေးလိုက်ရတာပဲ ဖြစ်ပါတယ်၊ မူလအလှူများ  ၀မ်းမြောက်စွာနဲ့ သာဓုခေါ်နိုင်ကြပါစေ။

လူမှုရေးအတွက်  ဆောင်ရွက်ချက်များ

၁--သီပေါမြို့မှ  တောင်ပေါ်ဒေသ ဇာတိချက်ကြွေ  မြေရပ်ဌာနေ အထိ  ကားလမ်းမကြီး ဖေါက်လုပ်ရေးမှာ ပဏာမ အလှူငွေ မ , တည်ပေးခဲ့ ခြင်း၊

၂--ကျေးရွာ ဆေးပေးခန်းဆောက်လုပ်ရေးအတွက်  မြေနေရာ ဝယ်ယူလှူဒါန်းပေးခဲ့ ခြင်း၊

၃--တစ်ရွာလုံးအတွက်  ရေအားလျှပ်စစ်မီး ရရှိရေး၌လှူဒါန်ပေးခဲ့ ခြင်း၊

၄- ကျောင်းသူ / သား များ အတွက် ပညာရေးစရိတ်  စာအုပ်ဖိုး  , အဝတ်အစား များပါ လှူဒါန်းပေးခဲ့ ခြင်း၊

၅-  ဆင်းရဲနွမ်းပါးသူများ နဲ့ ကျေးဇူး ရှင် ပုဂ္ဂိုလ်ပေါင်း များစွာကို အခါအားလျှော်စွာ စွန့်ကြဲ  ပေးကမ်း  လှူဒါန်းမှု ပြုပေးခဲ့ ခြင်း၊

၆- ကျေးရွာ ပေါင်း ၄-၅-၆-ရွာအတွက်  ရေပိုက် , ရေလှောင်ကန်, ရေကန်ပေါင်း မြောက်များစွာကို   လှူဒါန်း တည်ဆောက်ပေးခဲ့ ခြင်း၊

၇-   မူလတန်းကျောင်းနဲ့  နှစ်ထပ်တိုက် အစိုးရ အလယ်တန်းကျောင်းကြီးတစ်ဆောင်  တာဝန်ယူ ဆောက်လုပ်လှူ ဒါန်းပေး ခြင်း၊

၈-  စာသင်ကျောင်း ၌  လိုအပ်သမျှသော  ကျောင်းပရိဘောဂ အသုံးအဆောင် များကို  ဝယ်ယူလှူဒါန်း ပေးခဲ့ ခြင်း၊

၉- မြို့အသီးသီးသို့ ပညာ ဆက်လက် သင်ကြားကြတဲ့ ကျောင်းသူ ကျောင်းသား များနဲ့ ရဟန်း, ကိုရင်, သီလ ရှင်များ ရဲ့ ပညာရေး စရိတ်ကို ထောက်ပံ့ လှူဒါန်း ပေးခဲ့ ခြင်း၊

၁၀-- မွေနေ့ မွေးလ ကျရောက်ရာ အချိန်ခါကာလ သမယ၌ ဇီဝိတဒါန ဘေးမဲ့အလှူ၊ ဇီဝိတ ဒါန သံဃာ့ ဆေးရုံ အလှူ၊ မစွမ်းမသန်, နားမ ကြား ကျောင်းအတွက်အလှူ၊ အနာကြီးရော ဂါ ရှင်များအတွက်အလှူ ၊ဘိုးဘွား ရိပ်သာများအတွက် အလှူ တွေ များစွာအ ပြင် ရွှေတိဂုံ စေတီတော် ကြီးကိုလဲ လျှပ်စစ်မီးအလှူ ပူဇော်လှူဒါန်းခဲ့ ခြင်း၊

၁၁-- အခု ပစ္စုပ္ပန် ကာလမှာ ရော မိမိမရှိတော့တဲ့နောင်အနာဂတ် တစ်နေ့တစ်ချိန်မှာပါ ဇာတိရွာမှ ၈-တန်းအောင် မြင် ပြီး ပညာဆက်လက် သင်ကြားလိုသူများနဲ့ အမြို့မြို့ အနယ်နယ်မှာ စာသင်သွား ကြတဲ့ သာသနာဝန်ထမ်း ရှင် ,ရဟန်း, သီလရှင် များအတွက် ပညာရေးစရိတ် အထောက်အပံ့ အဖြစ် " ဇေယျ ဖေါင်းဒေးရှင်း" ငွေပဒေသာ ကိုလဲ စိုက်ထူ တည်ထောင်ပေးထားခဲ့ ခြင်းစတဲ့ ထာဝရကုသိုလ် ကောင်းမှု အစုစုတွေကို ပြုလုပ်ခဲ့ရပါတယ်။

## ဘာသာရေးအတွက် ဆောင်ရွက်ချက်များ

၁- မိမိ သီတင်းသုံးနေထိုင်ရာ ဇေယျဓမ္မရိပ်သာ ကျောင်းတော် ကြီး မြေနေရာ ဝယ်ယူ ခြင်း၊ ကျောင်းတော် ကြီး ဆောက်လုပ် ခြင်း၊ လာဘာသုခသိဒ္ဓိ ကမ္ဘာအေး စေတီတော် တည်ထားကိုးကွယ်မှု ပြုလုပ် ခြင်း၊ အမျိုး

သမီးယောဂီများအတွက်   ကုမာရီဆောင် ဆောက်လုပ် ခြင်း၊ စံကျောင်းေ
တာ်နဲ့ အမျိုးသားယောဂီများအတွက် ဝိဝေက ကျောင်းဆောင်တော် ကြီး ေ
ဆာက်လုပ် ခြင်း ၊  ကျောင်း မြေ  နေရာ တိုးချဲ့  ဝယ်ယူခြင်း စတဲ့ ကုသိုလ် ေ
ကာင်းမှု  ပြုလုပ်ရာ ကိစ္စများ မှာ  ဒေါ်လာပေါင်း ငါးသောင်းမက  ပါဝင်လှူဒါ
န်း ပေးခဲ့ခြင်း၊

၂-- နှစ်ပေါင်း များစွာနဲ့ချီပြီး ပြိုပျက်ဟောင်း နွမ်းနေတဲ့   ရှေးဟော
င်း  စေတီ ပုထိုးပေါင်း မြောက်များ စွာကို  အသစ်မွမ်းမံ ပြင်ဆင်ပြီး ထီးေ
တာ်အသစ်တို့ ဖြင့် တင်လှူ ပူဇော်ပေးခဲ့ ခြင်း၊

၃-  သီလရှင်ကျောင်း မြေနေရာ ဝယ်ယူလှူဒါန်းပေးခဲ့ ခြင်းနဲ့  ေ
ကျာင်း ဆောက်လုပ်ရေးအတွက်ပါ  အလှူငွေ များ လှူဒါန်းပေးခဲ့ ခြင်း၊

၄-  မွေးရပ်ဌာနေ   မွေးရပ်မြေမှာ  ဘုန်းကြီးကျောင်း မုခ်ဦး ,အု
တ်တံတိုင်း၊  ကျောက်နံရံ  ကာရံ ပြုလုပ်ပေး ခြင်း၊

၅-   မွေးရပ်မြေမှာ  သိမ်တော် ကြီး  အသစ်တစ်လုံး  ဆောက်လု
ပ် လှူဒါန်းပေးခဲ့ ခြင်း၊

၆-  ဇာတိရပ်မြေမှာ   နှစ်ထပ်တိုက်  ဓမ္မာရုံကြီး တစ်လုံးနဲ့  နှစ်ထပ်
တိုက်   အမျိုးသမီးယောဂီဆောင်  တစ်လုံးအပါအဝင်  အာရုံခံတန်ဆောင်း,
ဆောက်လုပ်  လှူ ဒါန်းပေးခဲ့ ခြင်း  နတ် နန်းများ ဆောက်လုပ်ပေးခဲ့ ခြင်း၊

၇--  အိုင်းဒဟို ပြည်နယ်၌ ဇေယျဓမ္မရိပ်သာ ကျောင်းခွဲ  တိုးချဲ့ ဖွင့်
လှစ်ပေးခဲ့ ခြင်း၊

၈- အမေရိကန် နိုင် ငံ ၊အိုင်းဒဟို ပြည်နယ်၊ နမ့်ပါမြို့ရှိ ဇေယျ ဓမ္မ ရိပ်သာ ကျောင်း ခွဲ ဝယ်ယူ ခြင်းနှင့် အနာဂတ် သိမ်တော် ကြီးဆောက်လုပ်ရ န် အတွက် အလှူတော်ငွေ တစ်သောင်းကျော်ခန့် လှူဒါန်းပေးခဲ့ ခြင်း၊

၉- ဇေယျဓမ္မရိပ်သာ ကျောင်းတော် ဝင်း အတွင်း၌ ၂၅ ပေ အ မြင့် ရှိ စေတီတော် ကြီး တစ် ဆူ တည်ထား ကိုးကွယ်မှု ပြုလုပ် ခဲ့ ခြင်း၊

ဤသို့လျှင် ဒကာ/ မ များက အလိုရှိရာ အသုံး ပြုနိုင်ရန် လှူဒါန်း ထားတဲ့ ဝတ္ထုငွေများကို ကိုယ်ရေးကိုယ်တာအတွက် လုံးဝသုံးစွဲမှု မပြုဘဲ အများအကျိုး လူမျိုးဘာသာ သာသနာ တော် အကျိုးအတွက် လှူဒါန်းခဲ့ရ သည်မှာ ဒေါ်လာငွေသိန်းပေါင်းများ ရှိခဲ့ပါတယ်၊ မိမိကိုပေးလှူခဲ့ကြတဲ့ မူလ အလှူရှင်များ ရော သိ မြင်ကြရတဲ့ သူတော်စင်များ ကြည် နူးဝမ်းသာ အနုမောဒနာ သာဓုသုံးခါ ခေါ် ဆိုနိုင်ကြပါစေကုန်သတည်း----။

သာသနာပြုလုပ်ငန်းခွင် ကျေးဇူး ရှင်များ

မိမိအနေနဲ့ အမေရိကန်နိုင်ငံမှာ လာရောက် ပြီး သာသ နာ ပြု နေထိုင်လာခဲ့ရ တာ ခုစာရေးနေတဲ့အချိန် ၂၀၂၀ ခု နှစ်အထိဆိုရင် နှစ်ပေါ င်း ၃၀ ကျော်ကြာ ရှိလို့နေပါပြီ၊ မိမိတို့ရဲ့ လူ မျိုး, ဘာသာ, သာသနာတော် အတွက် အကျိုး ပြု လုပ်ငန်းတွေ ထိုက်တန်သလောက် ပြုလုပ် အောင် မြ င်နိုင်ခဲ့ရ ခြင်းမှာ အဖက်ဖက်က စေတနာ ရှင်, သဒ္ဓါရှင် ,ဓနရှင်နဲ့ ပညာရှင် တို့ရဲ့ အထောက် အပံ့ အကူ အညီ အများ အပြားကို ရရှိနေခဲ့လို့ပဲ ဖြစ်ပါတ ယ်၊

သိန်းပေါင်းများစွာ ပြုလုပ်ဆောင်ရွက် လှူဒါန်းခဲ့ရတဲ့ ကုသိုလ်ကောင်းမှုတွေဟာ အမေရိကန်နိုင်ငံ တခွင်နဲ့ ကနေဒါ, ပြင်သစ်, ဂျာမနီနိုင်ငံတို့မှ သဒ္ဓါကြည်လင် ပါရမီ ရှင် အပေါင်း တို့ရဲ့ အလှူဒါနကို ထပ်ဆင့်ပွားယူ လှူဒါန်းပေးနိုင်ခဲ့ရ ခြင်းပဲ ဖြစ်ပါတယ်၊ မည်သို့ပင် ဆိုစေကာမူ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးမဲ့သူ မရှိလို့ကတော့ ဘယ်လိုမှ ထမြောက်အောင် မြင်နိုင်မှာ မဟုတ်ပါ၊ မိမိရဲ့ ဇာတိ ချက်ကြွေ မွေးရပ်မြေမှာ အလှူဒါနတွေ ထမြောက်အောင် မြင်အောင် အဓိက ဦးဆောင် ဦးရွက် ပြု ကူညီဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ဖြင့် သီပေါမြို့က ကျေးဇူးတော်ရှင် ရတနာရွှေဂူကျောင်း ဆရာတော်ဘုရားကြီးပဲ ဖြစ်ပါတယ်၊ မိမိရဲ့ဘဝပါရမီကို ကူညီ ဖြည့်စွမ်း ပေးခဲ့သူ ဖြစ်လို့မို့ မိမိရဲ့ဘဝတစ်သက်တာမှာ မေ့လို့ မရနိုင်တဲ့ ကျေးဇူးတော်ရှင် တစ်ပါးပါပေပဲ၊ ဆရာတော် ဘုရားကြီးရဲ့ ညွှန်ကြားချက်အောက်မှာ ပါဝင်လုပ်ကိုင်ဆောင်ရွက် ပေးခဲ့ ကြတဲ့ ကျေးရွာက ဘုန်းကြီး နဲ့အတူ ဦး စောထွန်းလှိုင်, ဦး မြမောင် အစရှိတဲ့ စေတနာရှင်, လုပ်အားရှင် အပေါင်းတွေကိုလဲပဲ ကျေးဇူးအထူးတင်ရှိပါကြောင်းကို ဒီနေရာကနေပြီး မှတ်တမ်းတင်ခဲ့လိုက်ရပါတယ်။

သဲကန္တာရ အလယ် လတ်ဝေးဂတ်စ်မြို့ရှိ ဇေယျဓမ္မရိပ်သာကျောင်းတော် ကြီးကို သဲကန္တာရက ကြာတစ်ပွင့်အလား အိုအေစစ်ပမာ ဖြစ်ရှိလာရလေအောင် သဒ္ဓါရှင်အုပ်စု လေးအုပ်စုကနေ ပေါင်း ပြု ထောက်ပံ့ လှူဒါန်းပေးခဲ့ ကြလို့ပဲ ဖြစ်ပါတယ်၊

Monday, December 16, 2019

မိမိရဲ့ ပထမဆုံးသော ကုသိုလ်ပါရမီ ဖြည့်ဖက်များ သဒ္ဓါရှင်အုပ်စုကတော့ ရှမ်းနွယ်ဖွား  ကမ္ဘောဒီးယားဇာတိ ကာလီဖိုးနီယား ပြည်နယ် ၊ ဒေလာင်းဘစ်ချ်မြို့မှာ  ရီဖျူးဂျီး များအနေ ဖြင့်  ရောက်ရှိ နေထိုင်လာကြတဲ့ ကမ္ဘောဒီးယား ဇာတိ  ရှမ်းနွယ်ဖွား  ခွန်ဆာမွန်း ၊မယ့် နူလင်း၊ ခွန်ဝိဘွန် ၊ ခွန်မယ့်ပက်တ် ၊ ခွန် ဖွန်မဲန် အစရှိတဲ့  ပုဂ္ဂိုလ်တို့ရဲ့ အဖွဲ့ပဲ ဖြစ်ပါတယ်၊

မိမိရဲ့ ဒုတိယ မြောက် ကုသိုလ်ပါရမီ ဖြည့်ဖက်များ သဒ္ဓါရှင်အုပ်စုတွေကတော့ ဖြင့်  ကာလီဖိုးနီယား ပြည်နယ်၊ လော့စ် အဲင်ဂျလစ်စ်မြို့ က" ခွန်ယုံကက်နဲ့ ခွန်အရုဏ " အမှူး ပြုတဲ့  ဒေါက်တာ ဝိထွန်း+ ခွန် လိက်ခ် ၊ ခွန်တွဲ+ ခွန်ခက် ခ် ၊ ခွန် ဆုမ်ဆီ၊ ခွန်ဝိချေတ် + ခွန်အလီဇဘက်၊ ခွန် ချောထစ်ပ်၊ ခွန်ဝိဖာ ၊ခွန် မယ့်ဆမ်လီ၊      အစရှိသော ထိုင်း , လာအို  တပည့်ဒကာ/ မများနဲ့  ဦးအောင်ခင်+ ဒေါ်သဲသဲ၊  ဒေါ်ယဥ်ယဥ် အေး၊ ဦးတင့်မင်းဆွေ+ ဒေါက်တာ စန်းလှ၊ ဦချစ်ထွန်း၊ ဦးဝင်းမောင်၊ ဦးထန်းအောင်+ ဒေါ် ကွန်နီ၊ဦးကျော် မြင့်+ ဒေါ် မြမြ၊ဦးရောဘတ်+ ဒေါက်တာ ခင် ဝေါင်း၊ ဒေါက်တာ ထူးအောင်+ ဒေါ်ဝေဝေ၊ ဒေါ် ပိုပို သန်းမိသားစု၊ ဦးသောမတ်စ်  စိုး မိသားစု၊ ဒေါက်တာ မီမီကြိုင်၊ ဒေါ်လီလီ၊ ဦးထွန်းလှ+ ဒေါ်အုံးကြိုင်မိသားစု၊ဒေါက်  တာ ဒေးဝစ်+ ဒေါက်တာ မီမီဇင်၊ ဒေါက်တာ ညို ဇံလှ+ ဒေါက်တာ စန္ဒာအောင်၊ကြည်အေးငြိမ်း ၊ ငြိမ်းငြိမ်းအောင် ၊ ဦး မြင့်ဟိန်း+ ဒေါ် ခင်စန္ဒာ၊ ကို မျိုးအောင်+ သာယာကြည်ဝင်း၊ ဦးခင်မောင်မောင်+ဒေါ်စု ထား ကြည်၊ ဒေါ် ကြည်ကြည်လှိုင်၊ ဒေါက်တာ သန်းနိုင်+ ဒေါက်တာ ဝေဝေ အစရှိတဲ့ မြန်မာမိသားစုများတွေပဲ  ဖြစ်ကြပါတယ်။

တတိယ မြောက်  ကုသိုလ်ပါရမီ ဖြည့်ဖက်များ  သဒ္ဓါ ရှင်အုပ်စုတွေကတော့ ဖြင့်  ပြည်နယ် အသီးသီးမှနေထိုင်ကြတဲ့   ကိုကျော်ဇေယျာလင်း+ မို့မို့လွင်( WA)  ဒေါ်မြသိန်း ( AK)    ဦးဝီလ် ဆန်+ ဒေါ်စန္ဒာ ချဲန် ( HI) ဆုနီလ်+ ဆုဆာနာ  အရှိရာ  ( HI) ၊  ဦး မျိုးနိုင် + ဒေါ် နွဲ့ နွဲ့ ရီ ( NY) ဒေါက်တာတင်တင် စိုး ( IL)  ဒေါက်တာ စိုးဝင်း မြင့်+ ဒေါ်စူစီ၊ ဆုသဉ္ဇာ မြင့် ( AZ) ဒေါက်တာ  ဝင်းသိန်း+ ဒေါ်မီးမီး (PA)  ဦးမင်းမော် + ဒေါက်တာ မြ ဝင်း (   ရန်ကုန် )  မမျိုး မျိုးဝင်း( ရန်ကုန်)အစရှိသော မြန်မာမိသားစု များနဲ့  ခွန်ဆုဒါ  ဆီဆုဂ်( OR)ခွန် ကေတ်တီ (OR) ခွန် လိုင်း, ခွန် အယ်, ခွန်ခမ် ( IA ) ဒေါက်တာ တွမ့်+ခွန်ဆီရိကွန် ( VA) ခွန်ဗဝွန်  ( MI) ခွန် ပုပ္ဖာ, ခွန် နစ်, ခွန် အင်ထဝါ( ပြင်သစ်)  ဦးသူရ+ ဘီဘီ ( ဂျာမနီ) ခွန်အာဖွန် ရတနဝိကျန်( ဘန်ကောက်) ခွန်တော့ခ် မိသားစု( ကနေဒါ) အစရှိတဲ့ ထိုင်းနဲ့လာအို ဒကာ/ မတွေပဲ ဖြစ်ကြပါတယ်။

မိမိရဲ့ စတုတ္ထ မြောက်  ကုသိုလ်ပါရမီ ဖြည့်ဖက်များ    သဒ္ဓါရှင် အုပ်စုကတော့  လတ်စ်ဝေးဂတ်စ်မြို့ရှိ ဦးဆန်းထွန်းနီ+ ဒေါ်ခင်မေဦး၊  ဒေါ်ခင်အေးကြူ+ ဒေါ်ပု၊  မခင်ဝင်းရီ ၊ကိုသန်းဝင်း ၊ ဦးကံထွန်း+ ဒေါ်သိန်းကြွယ် ၊ ဦးစိုးပိုင်+  ဒေါက်တာ မူမူသာ၊ဦးကျော်သန်း+ ဒေါ်ခိုင်၊    ဦးဝဇီရ , ဒေါ်စိုးစိုး အစရှိသော မြန်မာ မိသားစုများ၊

သီလရှင် ဆရာကြီးမေဓာဝီ, ခွန် ရီးတာ, ခွန်ထီ ချန်ဝိဆ နူရခ် ၊ ခွန် အာဖာကွန် ( ပင်)  ကွန်ဖာနွန်၊ ခွန်ဖက်တ် , ခွန် တင်မ်, ခွန် ပုခ် ,  ခွန်ဆုဖတ္တရာ, ခွန်ခက်၊  ခွန်အော့တ်+ ခွန်လား၊  ၊ ခွန် ဆုမ် ဖွန် ၊ခွန်ဝဲန်း၊ ခွန် ဒါရင်၊ ခွန်

ထန္ဒဝတ်+ ခွန်ရာတရီ၊ ဒေါက်တာထော့ဒ်+ခွန်တုကတာ ၊ မာအီကွေး ၊ ကယ်ရို
လင် ၊ ချူလန် ၊မနုကူလဆုရိယာ မိသားစုအစရှိသောထိုင်း , လာအို, သီဟို
ဠ် , တရုတ်,  အမေရိကန် ဒကာ/ မ များနဲ့ အခြားတပါးသော လူမျိုးပေါင်းစုံ
တို့ပဲ ဖြစ်ကြပါတယ်၊

ဖေါ်ပြပါ ပုဂ္ဂိုလ်များက အလှူငွေပေါင်း  သောင်းနဲ့ချီ ပြီး လှူ ဒါန်းခဲ့ ြ
ကတဲ့ ပုဂ္ဂိုလ်တွေပဲ  ဖြစ်ကြပါတယ်၊ အဲဒီလို အနီး အဝေးမှာ နေထိုင်ကြတဲ့
ဒီ အုပ်စု လေးစုတို့ရဲ့ ပံ့ပိုးကူညီ ထောက်ပံ့ပေးမှု ကြောင့်သာ  မိမိရဲ့ သာသနာ
ပြုလုပ်ငန်းများ  အထိုက်အလျှောက် အောင် မြင်ခဲ့ရကြောင်း  ထပ်လောင်း ြ
ပီး မှတ်တမ်း ပြုလိုက်ရပါတယ်၊

ဒီဒေါ်လာ ပေါင်း သောင်းနဲ့ချီပြီး လှူဒါန်း ခဲ့ ကြတဲ့ ပါရမီရှင်များရဲ့
အမည် စာရင်းတွေကို   နတ်တို့သနင်း သိကြားမင်းကြီးက  သူ့ရဲ့ရွှေပေလွှာ
မှာ မှတ်တမ်းတင် ရေးမှတ်ထား ခြင်းငှါ ထိုက်တန်လှတဲ့ပုဂ္ဂိုလ်တွေစင်စစ်
အမှန်ပဲ   ဖြစ်ပါပေတော့တယ်၊ နတ် ပြည်နတ်လောကမှာ  စိန်ခြည် ဗိမာန်   န
တ်မြတ်နန်းတို့   အသင့် စောင့်ကြို နှင့်လျက်  ရှိလောက်ကြပေကုန်ပြီလို့ ေ
အာက်မေ့ရတာ အမှန်ပါပဲ၊

## စွမ်းအားမျိုးစုံ   ပေးကြကုန်

လုပ်ငန်းတစ်ခု  ပြီးေ မြာက် အောင် မြင်ဖို့ဆိုတာ ဘေးပတ်ဝန်းကျ
င်ရဲ့ အကူအညီ များစွာမှ လိုအပ်လှပါတယ်၊ တစ်ဦးတစ်ယောက် တည်း ပြု
လုပ်ဆောင်ရွက်ရုံနဲ့  မအောင် မြင်နိုင်ပါ၊ ဘက်ပေါင်းစုံက စွမ်းအားတွေဆို

တာ အရေးပါလှပါတယ်၊ မိမိတို့ရဲ့ ကိုယ်အား, ဉာဏ်အား, ဓနအား, အချိန်အား, သဒ္ဓါအား, ဒါနအား စသဖြင့် အားသန်ရာ, ကျွမ်းကျင်ရာ, အားလပ်ချိန် ရှိမှုအပေါ် မူတည်ပြီး ပြုလုပ်ကြရတာ ဖြစ်ပါတယ်၊

လက်ရုံးပမာ နှယ် ဤ နှစ်ဦးမယ်

မိမိရဲ့ သာသနာပြုလုပ်ငန်းစီမံချက် တွေနဲ့ပတ်သက်ပြီး အနီးကပ် ညှိ နှိုင်းတိုင်ပင် ဖေါ်ဆောင်မှု ပြုပေးခဲ့တဲ့ပုဂ္ဂိုလ်တွေကတော့ ဖြင့် သီလရှင်ဆရာကြီး မေဓာဝီနဲ့ ခွန်ပင် တို့ပဲ ဖြစ်ကြပါတယ်၊ ဒီ နှစ်ယောက်ဟာ မိမိရဲ့ ဘယ် ညာ လက် ရုံးသဖွယ် ဖြစ်ကြပါတယ်၊

၁။-သီလရှင် ဆရာကြီးကဆိုရင် သူ လူ့ဝတ်ကြောင် ဘဝမှာတည်းက မိမိရဲ့ ပါရမီတရားကို အစဥ်အမြဲ ထောက်ပံ့မှု ပြုပေးနေခဲ့တဲ့သူပါ၊ မိမိအနေနဲ့ ဝိဝေကကိုမှီ အဓိဋ္ဌာန်ပါရမီ စပြီးအားထုတ်ဖို့ ပြုလုပ်တဲ့အခါမှာ သူတို့ရဲ့ အိမ် ကြီးကို ကျောင်းအ ဖြစ် အသုံး ပြုဖို့ လှျောက်ထား ပြောဆိုလာတဲ့သူ ဖြစ် ခြင်း၊

၂။အဲဒီကနောက်မှာ ဝယ်ယူထားတဲ့ ယာယီကျောင်းကို ဘဏ်အတိုးငွေ အကုန်အကျ သက်သာအောင်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ ဘဏ်မှာအပ် နှံထားခဲ့တဲ့ သူကိုယ်ပိုင်ငွေ ဒေါ်လာ ငါးသောင်း ကို ထုတ်ယူလာခဲ့ပြီး ကျောင်း ရဲ့ဘဏ်ကြွေးကို အပြီးချေပေးခဲ့ ခြင်၊

၃။ထိုင်းလူမျိုးပေါင်း မြောက်များစွာကို ကျောင်းတော် ကြီးဆောက်လုပ်ရေးစသည်များမှာ ပါဝင်လာကြအောင် စည်း ရုံးတိုက်တွန်းကာ နိဗ္ဗာန်ဆော် ပြုလုပ်ပေးခဲ့ ခြင်း၊

၄။-ဇေယျာမွရိပ်သာကျောင်းရဲ့ ကျောင်းမြေကို အခွန်လွတ်သာသနာ့မြေ ဖြစ်အောင် ဦးစွာပထမ သွားရောက်လျှောက် ထား ဆောင်ရွက်ပေးခဲ့သူ ဖြစ် ခြင်း၊

၅။-ဇေယျာမွရိပ်သာကျောင်း စတင်တည်ထောင်လာကတည်းက ခုချိန်ထိ ဘဏ္ဍာရေးမှူး ဂေါပကတစ်ဦး အဖြစ်တာဝန်ယူ ဆောင်ရွက်လာခဲ့ ခြင်း၊

၆။လတ်ဝေးဂတ်စ်မြို့ မှာ မြန်မာမိသားစုများ ရောက်မလာကြ ကသေးခင် ၄-၅ နှစ်ကြာမျှ အရှုဏ်ဆွမ်းကို တစ်ဦးတည်း ဒိုင်ခံ ချက် ပြုတ် ဆက်ကပ်လှူဒါန်းပေးခဲ့ ခြင်း၊

၇။-မိမိကိုယ်တိုင်တင်မက သမီးနဲ့ သမီးအဖေကိုပါ စာရွက်စာတမ်းကိစ္စ, ဘဏ်ကိစ္စ, ရုံး ကိစ္စစတာတွေမှာ ပါဝင် ကူညီ ဆောင်ရွက်ပေးရန် တာဝန်အပ် နှံတိုက်တွန်း ပြောကြားပေး ခြင်း၊

၈။မိမိကိုလဲ မြန်မာယဥ်ကျေးမှုဓလေ့အတိုင်း ပစ္စည်းလေးပါးထောက်ပံ့ပေးသူ သိက္ခာထပ်ရဟန်းအမကြီး အ ဖြစ်ခံယူထား ခြင်း၊

၉။-ကျောင်းနေသံဃာများကို ထိုင်းစာ သင်ကြားပေးခဲ့ ခြင်း၊

၁၀။မိမိကိုယ်တိုင်ပင် ပိုက်ဆံသောင်းချီ လှူပြီး ကထိန် ဥက္ကဋ္ဌ အ ဖြစ် ခံယူခဲ့တာ မဟုတ်သေးဘဲ သမီးဖြစ်သူကိုလဲ နှစ် ကြိမ်တိတိ ကထိန်ဥက္ကဋ္ဌ အ ဖြစ်ခံယူစေ ခြင်း၊

၁၁။ ကျောင်းတော် အတွက် နှစ်ပေါင်းများစွာကြာ တစ်လလျှင် $ ၂၀၀ မှန်မှန် လှူဒါန်းလာခဲ့သလို သမီး ဖြစ်သူမှာလဲ $ ၁၀၀ လစဉ်မှန်မှန် လှူဒါန်းလာခဲ့ကြ ခြင်း၊

၁၂။-ကျောင်းသို့ ရောက် ရှိလာကြသော တချို့သော ယောဂီများ ကို တရားအားထုတ်ပုံ အားထုတ်နည်းကို ကူ ညီသင်ပြပေး ခြင်း၊

၁၃။အဘိဓမ္မာတရားကို နှံ့စပ်အောင် လေ့လာသင်ယူ ထားပြီး သူ ဖြစ် ခြင်း၊

၁ - ၁၄။သူကိုယ်တိုင် ကထိန်ဥက္ကဋ္ဌ ပြုလုပ်ခဲ့တဲ့ ၂၀၁၉ ခု နှစ်မှာ ကထိန်ဥက္ကဋ္ဌများ ၂၆ ဦးရှိလာတဲ့အထိ စည်းရုံးနိုင်ခဲ့ပြီး တရက်တည်းနဲ့ သမိုင်းမှတ်တမ်းဝင်အ ဖြစ် ကထိန်အလှူငွေပေါင်း ဒေါ်လာ နှစ်သိန်းခွဲခန့် ရရှိခဲ့ ခြင်း၊

၁၅။ နှစ်ပေါင်းသုံးဆယ် အတွင်း ကျောင်းတော် ကြီးအတွက် အထွေထွေ လှူဒါန်းခဲ့ပြီးသော အလှူငွေ များမှာ မှတ်တမ်းတင်ထားတဲ့စာရင်း ဇယားအရ ဒေါ်လာပေါင်း တစ်သိန်းကျော်ခန့် ရှိပြီး ဖြစ် ခြင်း၊

၁၆။-သူကိုယ်တိုင်ကလဲ တစ် နှစ်လျှင် သုံးလခန့် မြတ်သော နှုတ်ဆိတ် အဓိဋ္ဌာန် ဖြင့် တရားဘာဝနာ ပွားများအားထုတ် ခြင်းစသ ဖြင့် ကိုယ်တွင်း ကိုယ်ပ သာသနာ နှစ်ရပ်ကို ပေါင်းစပ် ပြုစုလာခဲ့တဲ့ သာသနာ့ ပြုအာဇာနီ အားထားရတဲ့သီလ ရှင် ဆရာကြီးတစ်ပါးပဲ ဖြစ်ပါပေတော့တယ်။

သားတစ်ယောက်ပမာနှယ် အင်ဂျင်နီယာငယ်

မိမိရဲ့ သာသနာ ပြု လုပ်ငန်းခရီးတစ်လျှောက်မှာ တောက်လျှောက် လိုက်ပြီး ဖြည့်ဆည်းပေးသူ အအားထားရဆုံး ပုဂ္ဂိုလ်တစ်ဦးမှာကတော့ ဖြင့် ခွန်ပင် ဆိုတဲ့ သူပဲ ဖြစ်ပါတယ်၊ သူ မဟာဝိဇ္ဇာ ဘွဲ့ယူရန် တက္ကသိုလ် ကျောင်းသားဘဝက မိမိနဲ့အတူ ခဏ နေခဲ့ဘူးသူ ဖြစ်ပါတယ်၊ အဲဒီခေတ် အခါ တုံးက ကက်ဆက်ခွေ ကနေ CD, MP3 ကို ပြောင်းလဲ သုံးစွဲလာတဲ့ခေတ် ရောက်ရှိလို့ လာခဲ့နေပါပြီ၊ မိမိရဲ့ ကက်ဆက်ခွေ များကို စီဒီသို့ ပြောင်းပေးဖို့ အယ်လ်အေ က ဒကာ ဦးဝင်းစတန်ထွန်းကို အကူအ ညီ တောင်းခဲ့ရပါတယ်၊နောက်ပိုင်းမှာတော့ ခွန်ပင် ကပဲ လုပ်ပေးခဲ့ပါတော့တယ်၊

၁။-အဲဒီ အချိန်ကပြီး ဒီနေ့အထိ မိမိဟောကြားခဲ့တဲ့ တရားတော်နာရီပေါင်းထောင်ကျော်ကို ခွန် ပင် ကပင် MP3 ဖြစ်အောင် ပြုလုပ်ပေးခဲ့ ခြင်း၊

၂။ မိမိရဲ့ ကိုယ်ရေး ကိုယ်တာ မှန်သမျှကို ကိုယ်ရေးအတွင်းရေးမှူးတစ်ယောက်လိုတစ်မျိုး သားတစ်ယောက်လို တစ်ဖုံ ပြုလုပ်ဆောင်ရွက်ပေးခဲ့ ခြင်း၊

၃။ကထိန် ဥက္ကဋ္ဌ အဖြစ် သုံးကြိမ်ခန့် ခံယူပြီး ဒေါ်လာ သောင်းချီလှူဒါန်းမှု ပြုခဲ့ ခြင်း၊

၄။-ကျောင်းတော် ကြီး ဆောက်လုပ်ရာ၌ကြီးကြပ်သူ အဖြစ် တာဝန်ယူ ဆောင်ရွက်ပေး ခြင်း၊

၅။-ဇေယျမေမ္မရိပ်သာကျောင်းရဲ့ အဆောက်အဦးပေါင်း ၆-ခု စလုံးအတွက် မက်ကဲန်နီကယ်လ် ဆိုင်ရာ ဖြစ်တဲ့ ရေပိုက် သွယ်တန်း တပ်

ဆင် ခြင်းနဲ့ လေအေးပေးစက် အဲကွန်ဒီရှင်းနဲ့ အပူပေးစက် သွယ်တန်းတပ်ဆင်မှု ကိစ္စတွေအားလုံးအတွက် လုပ်အားခမယူဘဲ တာဝန်ယူ ပုံစံထုတ်လုပ်ရေးဆွဲပေး ခဲ့ ခြင်း၊

၆။အမျိုးသမီးယောဂီ ကုမာရီအဆောင်နဲ့ စံကျောင်းတော်နဲ့ အမျိုးသားယောဂီ ဝိဝေကဆောင် ဆောက်လုပ်ရာ၌ သူ့ရဲ့ လုပ်ဖေါ်ကိုင်ဖက် TWC ဆောက်လုပ်ရေး ကုမ္ပဏီရဲ့ ပိုင်ရှင်လဲဟုတ် , ဥက္ကဋ္ဌလဲ ဖြစ်သူကို ဆောက်လုပ်စေသ ဖြင့် ကျောင်းပုံစံ ထုတ်လုပ် ရေးဆွဲ ခြင်းလို ကိစ္စများမှာ ပိုက်ဆံလုံးဝ မယူဘဲ အခမဲ့ ပြုလုပ်ဆောင်ရွက်ပေးခံရ ခြင်း ၊

၇။ စေတီတော် ကြီး နဲ့ ကျောင်းဆောင်များ ဆောက်လုပ်ရာဝယ် ပရောဂျက် မန်နေဂျာ အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးခဲ့ ခြင်း၊

၈။ ကျောင်းငွေ အကုန်အကျ သက်သာအောင် မီးဖိုချောင် ကက်ဘီနက်များကို ဗိသုကာ အင်ဂျင်နီယာ ဖြစ်သူ ခွန်အက်ဒီ ဆိုတဲ့ သူနဲ့အတူ ကိုယ်တိုင်တပ်ဆင်ပေးခဲ့ ခြင်း၊ ဆေးသုတ်ပေးခဲ့ ခြင်း၊

၉။ ကျောင်းဆောင်လှေခါးကို ခွန်အက်ဒီ နဲ့အတူကြမ်းခင်းပေးခဲ့ ခြင်း၊

၁၀။လဲန်းစကေ့ပ်ပင်း ဥယျာဉ် ပန်း ခြံ အတွက် ကိုယ်တိုင် မြေတူး ,သစ်ပင်စိုက် ခြင်း၊ အလိုအလျှောက် ရေ ဖြန်းပေးစံနစ် အတွက် ကိုယ်တိုင် ပုံစံထုတ်လုပ်ပြီး သွယ်တန်းပေး ခြင်း၊ ကုန်ကျစရိတ် သောင်းချီပြီး ချွေတာ သက်သာမှု ရှိခဲ့ရပါတယ်၊

၁၁။ နှစ်စဉ် အစိုးရအခွန်ဌာနကို တင်ပြပေးရတဲ့ ကျောင်းတော် ရဲ့ ဝင်ငွေ ထွက်ငွေ စာရင်း ဇယား ရှင်းတမ်းများကို ကိုယ်တိုင်တာဝန်ယူပြီး ပြုလုပ်ဆောင်ရွက်ပေးခဲ့ ခြင်း၊

၁၂။ မြန်မာ ပြည်မှ ဘုန်းကြီးများနဲ့ ဒကာ/ မများကို အမေရိကသို့လာရောက် လည်ပတ်ရန် နဲ့ လာရောက်ပြီးသာသနာပြု နေထိုင် နိုင်ရန် ပင့်ဖိတ် စာ ,စာရွက်စာတမ်း ဖေါင် ဖြည့်ပေး ခြင်း ကိစ္စရပ်များကို တာဝန် ယူလုပ်ဆောင်ပေးခဲ့ခြင်း၊

၁၃။ ရောက်ရှိ လာ ကြတဲ့ သံဃာတော်များ ဆက်လက် ပြီးနေထိုင် နိုင်ရန် အမြဲနေထိုင်ခွင့် ဂရင်းကာဒ် ရရှိရန် ရှေ့နေတစ်ယောက်ပမာ ကူညီဆောင်ရွက်ပေး ခြင်း၊ မိတ်ဆွေ ဖြစ်သူ ရှေ့နေတစ်ဦးရဲ့ အကြံပြုချက် ညွှန်ကြားချက်အတိုင်း ကိုယ်တိုင် တာဝန်ယူ ပြီး စေတနာ ဖြင့် လုပ်ကိုင်ပေးခဲ့ ခြင်းပဲဖြစ်ပါတယ်၊ ပုံမှန်အား ဖြင့် ဂရင်းကာဒ် ရရှိတဲ့အထိဆိုရင် ရှေ့နေခ ဒေါ်လာငါးထောင်ခန့် ကုန် ကျခဲ့ကြရပါတယ်၊

၁၄။-ကျောင်းရဲ့ ကိစ္စကြီးငယ်အသွယ်သွယ်ကို ဖြူစင်သော စေတနာ ဖြင့် မ ငြိုမငြင် မ ပြတ်တမ်း ကူညီ လုပ်ဆောင်ပေးခဲ့သူ ဖြစ် ခြင်း၊

၁၅။ နေဗားဒါး ပါဝါ ကုမ္ပဏီမှ မီတာခ တစ်သောင်းကျော် ပြန်လည်ရရှိအောင် ဆောင်ရွက်ပေး ခဲ့ ခြင်း၊

၁၆။ နှစ်ပေါင်း ၂၀ကျော် ကြာမျှ လစဉ်အလှူတော်ငွေ$၁၀၀ လှူဒါန်းခဲ့ခြင်း

အစရှိတဲ့ ဓနအား, ကိုယ်အား, ဉာဏ်အားများကို အသုံးချပြီး သာသနာ‌တော်အတွက်, ကျောင်းတော်အတွက်ရော မိမိအတွက်ကိုပါ နှစ်ပေါင်း၃၀ နီးပါးခန့် ပြုလုပ်ဆောင်ရွက်လာခဲ့ပြီး ဖြစ်လို့ အထူးမှတ်တမ်းတင် ဂုဏ် ပြုလိုက်ရခြင်းပင် ဖြစ်ပါပေတော့တယ်။

စိတ်ထား မြတ်မွန် သွားဆရာဝန်

အသက် ၄၃ နှစ် ရှိလာတဲ့အထိ သွားဆရာဝန်နဲ့ တစ်ခါမျှ မပြဖူးပါ၊ ပြရကောင်းမှန်းလဲ မသိခဲ့ရဖူးပါ၊ တကယ့်တောသားကြီးအစစ်ပါပဲ၊ သွားနာမှ သွားနှုတ်စရာ ရှိတဲ့အခါမှ သွားဆရာဝန်ကို သွားပြရတယ်လို့ပဲ စိတ်ထဲမှာ အောက်မေ့နေတာ၊ သွားနဲ့ဆိုင်ရာ ဗဟုသုတ ကင်းမဲ့နေလို့ပဲ ဖြစ်ပါတယ်၊ မိမိလိုမျိုး ပုဂ္ဂိုလ်တွေ အများကြီး ရှိနိုင်တယ်လို့ မှန်းဆ ရပါတယ်၊သွား ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာ ဗဟုသုတ မရှိခဲ့ ခြင်းရဲ့ ဆိုးကျိုးတွေကတော့ ဖြင့် အများကြီး ရှိလို့နေ ပါတယ်၊ ဗဟုသုတ ရှာ မှီး ဆည်းပူးလေ့လာ သင်ယူကြဖို့ အင်မတန်မှ လိုအပ်လှပါတယ်၊ ၁၉၉၁ ခု နှစ် လောက်မှာ မိမိရဲ့အံစွန်း ပြဿနာ ကြောင့် ဝေဒနာဒုက္ခသမျှ နှစ်ပတ် ကြာခန့် ခံစားခဲ့ရပါတယ်၊ ဒကာမကြီး တစ်ယောက်ရဲ့ ကျေး ဇူးပြု ဆကသွယ်ပေးမှု ကြောင့် Dr Joe Incarsol ဆိုတဲ့ သွားဆရာဝန်ကို သွား ပြခဲ့ပါတယ်၊ ပုံမှန် မဟုတ်ဘဲ ပေါက်လာတဲ့ အံသွားကို နှုတ်ပစ်လိုက်ရပါတယ်၊ အဲဒီကနောက်မှာ ဆရာဝန်ကြီးနဲ့ အဖွဲ့ကို တရားအားထုတ် အားထုတ်နည်းကို သင်ပြပေးခဲ့ပါတယ်၊ အဲဒီ ၁၉၉၁ ခုနှစ်က စပြီး ၂၀၀၇ ခုနှစ်အထိ ၁၇ နှစ် လုံးလုံး သွား ကိစ္စ နဲ့ ပ

တ်သက်ပြီး အခကြေးငွေ မယူဘဲ ပုံမှန် ကြည့် ရှု ကုသ သန့်ရှင်း ပြု ပြင် ပေးခဲ့ပါတယ်၊ ဆရာဝန် ကြီးမှာ အသား ဖြူ မက္ကစီကန် လူမျိုး တစ်ယောက် ဖြစ်ပါတယ်၊ အသက် ၈၀ နှစ်အရွယ် ကွယ်လွန်သွားတဲ့ အချိန်ထိ ဆေးခန်းထိုင်ခဲ့ပါတယ်၊

သူ့ရဲ့ မေတ္တာစေတနာ ကျေးဇူးတရားကို မိမိရဲ့ နှ လုံးသားမှာ အစဉ်အမြဲ စွဲ ကျန်ရစ်နေပေမှာအမှန်ပါ၊

ဆရာဝကြီး Dr Joe Incarsol ကွယ်လွန် အနိစ္စ ရောက် သွားပြီးတဲ့နောက် မှာတော့ မိမိရဲ့ သွားနဲ့ ပတ်သက်တဲ့ ကိစ္စရပ် များအတွက် Dr Brandon Joe ဆိုတဲ့ သွားနဲ့ သွားဖုံး အထူးကု ကိုရီယား ဆရာဝန် ကြီးက ၂၀၀၈ ခုနှစ်ကစပြီး ၂၀၁၈ခု နှစ်အထိ ၁၀ နှစ်တာ ကာလတိုင်တိုင် အခမဲ့ တာဝန်ယူကြည့် ရှုပေးခဲ့ပါတယ်၊

၂၀၁၉ ခု နှစ်က စပြီး ဒီနေ့ဒီချိန်အထိ Dr Nadiya ဆိုသူက မိမိရဲ့ သွားကျန်းမာရေးကိစ္စကို အခမဲ့ တာဝန်ယူကြည့်ရှု ကုသ ပေးခဲ့သူ ဖြစ်ပါတယ်၊ မိမိရဲ့ ဘဝတစ်သက်တာမှာ သွားကျန်းမာရေးကိစ္စအတွက် ဒီပုဂ္ဂိုလ်သုံး ဦးတို့က စေတနာဝန်ထမ်း တာဝန်ယူကြည့်ရှုကုသ စောင့်ရှက်ပေးတာ ပြ ဖစ်လို့ ဒီနေရာမှာ အထူး ဂုဏ် ပြု မှတ်တမ်း တင်လိုက်ရပါတယ်၊ ကျေးဇူးရှင် ဆရာဝန် ကြီးများအားလုံးက ခရစ်ယာန် ဘာသာဝင်တွေပဲ ဖြစ်ကြပါတယ်၊ ဘယ်ဘာသာဝင်တွေပဲ ဖြစ်နေပါစေ သူတို့ခမျာ အားလုံးရဲ့ မွန် မြတ်တဲ့စိတ်ထား ဖြူစင်တဲ့ စေတနာကုသိုလ် ကြောင့် ဒုက္ခကင်းဝေးငြိမ်းအေးချ

မ်းသာ မြတ်အမတာရဲ့ အထောက်အပံ့ကောင်း ဖြစ်ပါစေလို့ပဲ ဆန္ဒ ပြု ဆုတောင်း ပေးလိုက်ရပါတယ် ။

ဇေယျဓမ္မရိပ်သာ ကျိုးဖလာ

၁၉၉၅ခု နှစ်မှ ကစပြီး တည်ထောင်လာခဲ့တဲ့ ဇေယျဓမ္မရိပ်သာကျောင်းကြီးဟာဖြင့် မိမိတို့ လူမျိုး ,ဘာသာ ,သာ သနာ အတွက် အကျိုးအနဌ များစွာမှ ရှိခဲ့ရပါပေတယ်၊ မြန်မာ ခလေးငယ်များနဲ့ ထိုင်းခလေးငယ်များကို မြန်မာ စာနဲ့ ထိုင်း စာ များကို သင်ကြား ပေးတဲ့နေရာ ဖြစ်စေခဲ့ပါတယ်၊ ဒါ့အ ပြင် ဗုဒ္ဓတရားတော်ကို စိတ်ဝင်စားမှု ရှိကြတဲ့ လူမျိုး ခြားဘာသာ ခြားတွေ အတွက်လဲ များစွာမှ ကျေးဇူး ပြုပေးခဲ့ရပါတယ်၊ မိမိတို့ ဇေယျဓမ္မရိပ်သာကျောင်းမှာ ဘာသာပေါင်းစုံ , လူမျိုးပေါင်းစုံမှ လာရောက်ပြီး တရားအားထုတ်ကြတဲ့ ယောဂီများ တစ် နှစ်ပတ်လုံး ရှိလို့နေပါတယ်၊ ပြတ်တယ်ရယ်လို့ မရှိသလောက်ပါပဲ၊ မိမိတို့ကျောင်းမှာ လစဥ်အထူးတရားစခန်းအပြင် ပုံမှန်အား ဖြင့် တစ်နေ့လျှင် ၄ ကြိမ်ခန့် စုပေါင်းပြီး တရားထိုင်ကြပါတယ်၊ မနက် ၄ နာရီ၊ မနက် ၉ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၅ နာရီ တွေမှာပါ၊ ကျန်တဲ့အချိန်မှာတော့ စင်္ကြံ လျှောက် ချိန်နဲ့ ကိုယ်ပိုင်တရားကျင့်ချိန် ဖြစ်ပါတယ်၊ တရားချစ်ခင် သူတော် စင်များအတွက် မိမိကိုယ်တိုင် ရေးသား ဟောပြောခဲ့တဲ့ ထိုင်း ,မြန်မာ ,အင်္ဂလိပ် တရားစာအုပ်ပေါင်း အုပ် ၂၀ နဲ့ တရားစီဒီ ပေါင်း မြောက်များစွာကိုလဲ ဓမ္မဒါန ပြုခဲ့ရပါတ

ယ်၊ တရားလိုလား ယောဂီများကို ကျောင်းတော်မှ လှိုက်လဲစွာ လက်ခံကြို ဆို နေပေမှာ ဖြစ်သလို မိမိ ဟောကြားထားခဲ့တရားဓမ္မတွေကိုလဲ " Chaiya Meditation Monadtery " Youtube မှ တစ်ဆင့်လဲ နာယူ နိုင် ကြော င်း သတင်းကောင်းပါးလိုက်ရပါတယ်၊ တစ်နေ့တစ်ချိန်မှာ ရေးသား, ဟောပြောသမျှ တရားဓမ္မတွေကို နောင်လာနောက်သား ပြည်သူများ လေ့လာကြည့် ရှု နိုင်ရန် စံကျောင်းတော်မှာ သမိုင်းဝင် ပြတိုက်ငယ်တစ်ခု အ ဖြစ် ထား ရှိပေးကြပေလိမ့်မယ်လို့ အောက်မေ့ရပါတယ်။

## လတ်စ်ဝေးဂတ်စ်အကြောင်း သိကောင်းစရာ

မိမိရဲ့ဘဝ ဇာတ်ခုံ ကြောင်းပြော ပြပြီးတဲ့နောက် မှာ ဆယ်စု နှစ်ပေါင်း များစွာ မိမိ နေထိုင်လာခဲ့ရတဲ့ လတ်ဝေးဂတ်စ်မြို့ရဲ့အကြောင်းကို ဗဟုသုတ အ ဖြစ် ဖြည့်စွက်ပြီး ပြော ပြ ချင်ပါသေးတယ်၊ ဒီမြို့ကို Sin City မကောင်းမှု ဒုစရိုက်မြို့တော် ကြီးလို့ ခေါ်ဆို သမုတ်ခဲ့ ကြပါတယ် ၊ ကမ္ဘာ့ လောင်းကစား မြို့တော် ကြီးအ ဖြစ် နာမည်ကျော်ကြား ထင်ရှားနေ လို့ပါပဲ၊ အမှန်တကယ်မှာတော့ မြို့ရဲ့ ၅% တစ်ကွက်စာလောက် နေရာကို ကြည့်ပြီး ပြောဆိုခေါ်ဝေါ်ကြတာပဲ ဖြစ်ပါတယ်၊ ဒီမြို့ က တကယ့်ကို ည မအိပ်တဲ့မြို့ ဆိုလို့ရပါတယ်၊ နေ့ရော ညပါ လူသူ မ ပြတ် စည်းကားလှတဲ့မြို့ တစ်မြို့ပါပေပဲ၊ ကမ္ဘာမှာ လျှပ်စစ်မီး အများဆုံးသုံး အထွန်းလင်း ဆုံးမြို့ကြီးပါ၊ ဒီမြို့ မှာ နေဖူးခဲ့ကြတဲ့ သူများအဖို့ ဒီ ပြင်မြို့ကို ရောက်သွားလို့ရှိ

ရင် တောမြို့ကို ရောက်သွားသလိုပဲ ထင် မြင်ရတတ်ပါတယ်၊ အထူးသ ဖြင့် ညအချိန်တာ ကာလ အခါမျိုးမှာပေါ့၊

လတ်ဝေးဂတ်စ်မြို့ရဲ့ ညရှုခင်းမှာ ဆိုလို့ရှိရင် မီး ရောင်စုံပေါင်းများစွာနဲ့ တန်ဆာဆင် ပြင်ဆင် မွမ်းမံ စီ ခြယ် ထားတာ ဖြစ်လို့ နတ် ပြည်က ဘုံနန်း ဗိမာန် ကြငှန်း ပြသာဒ် ရောင်ဝါ ထွန်းလင်းတောက်ပခြင်းတွေကတောင် အရှုံးပေးရမဲ့ပုံပါပဲ၊ သဲ ကန္တာရမြို့ ဖြစ်နေပေမဲ့လို့ ရေနဲ့ မီးကို အလျှံပယ် သုံးစွဲနိုင်ကြပါတယ်၊ ကမ္ဘာမှာ မီးရောင် အထွန်းလင်း ဆုံးမြို့ တစ်ြမို့ အ ဖြစ် မှတ်တမ်းတင်ခံရတဲ့မြို့ပါပဲ၊ ဒီမြို့မှာ ဟူဗားဒဲမ် ဆိုတဲ့ ရေအားလျှပ်စစ်ပေး လောပိတ ကြီး တစ်ခု ရှိနေပါတယ်၊ ဒီ လောပိတ ကို ၁၉၃၁ခုနဲ့၁၉၃၆ ခု နှစ်အတွင်းလောက်က ဆောက်လုပ်ထားတာပဲ ဖြစ်ပါတယ်၊ ကိုလိုရားဒိုး မြစ်ကို တူးေ မြာင်းဖေါက်လုပ်ပြီး ရေကို ရယူတာ ဖြစ်ပါတယ်၊ ဒီ ေလာပိတမှ ထုတ်လုပ်ရရှိလာခဲ့တဲ့ မီးအား လျှပ်စစ်က နေဗားဒါး ပြည်နယ်၊ အရီဇိုးနား ပြည်နယ်နဲ့ ကာလီဖိုးနီယား ပြည်နယ် ဒီ ပြည်နယ်သုံးခုတို့ကို လျှပ်စစ်မီးထောက်ပံ့ပေးလျက် ရှိနေပါတယ်၊ ( ဖြစ်နိုင်ရင် မြန်မာပြည်ကို ပို့ေပးချင်လိုက်တာ) နေဗားဒါး ပြည်နယ်အတွက် ၂၅% မျှသာ အသုံး ပြုပြီးကျန်တာကို ဒိပြင် ပြည်နယ် ၂ ခု ကို ဖြန့်ဝေ ရောင်းချပေးလျက် ရှိနေပါတယ်၊

မိမိ ဒီမြို့ကို ရောက်စ နှစ် ၁၉၉၀ခု နှစ်ကဆိုရင်မြို့နေ လူဦးရေ ၇-သိန်းခန့်သာ ရှိနေတာပါ၊ အခု ၂၀၂၀ ခု နှစ်မှာတော့မြို့လူဦးရေ ၂သန်းခွဲခန့် တိုးတက် များ ပြားလို့ ရှိလာနေပါ ပြီ၊ သူတို့ရဲ့ ရေဖူလုံ ရရှိရေး ရေရှည် စီမံ

ချက်က သိပ်ကို ချီး ကျူးဖို့ ကောင်းလှပါတယ်၊ သဲကန္တာရမြို့ပေမဲ့ ရေ မီးမ ရှား ဗိုဖော်လအော ပေါပေါ များများ ရရှိနိုင်တဲ့ ကန္တာရ ကြီးပါပေပဲ၊

နွေခါကာလ သမယရဲ့ နေ့ခင်းပိုင်းမှာ အပူချိန် ဒီဂ ရီ ဖာရင်ဟိုက် က ၁၁၅ ကနေ ၁၂၀ အထိ ရှိနေတတ်ပါတယ်၊ဒါကြောင့် နေ့ခင်းနေ့လည် ပိုင်းမှာတော့ ငရဲနဲ့မခြား ရှိနေပြီးတော့ ညပိုင်းကာလ အခါသမယမှာကျေ တာ့ နတ် ပြည်တမျှ လှလို့နေ ပြန်တယ် ၊ နေ့ခံ ညစံ မြို့နဂရံပါပဲလေ၊ ဟို တည် ကစီးနိုး တစ်ခု နဲ့ တစ်ခု ပေါင်းကူး သွယ်တန်းထားတဲ့ ကုန်းကျော် တံတား တွေ ပေါ်မှာ လမ်းလျှောက် သွားလာနေ ကြတဲ့ သူတွေဆို တာ ၂၄ နာရီ လုံးလုံး လူ ပြတ်တယ်ရယ်လို့ မရှိပါ၊

လောင်းကစားနတ် ကြီး ဖမ်း ပူးခြင်းခံလိုက်ရလို့ အထဲကို ရောက်ရှိ သွားကြတဲ့ လောင်းကစားဝါသနာပါသူ မောင်မယ်တို့မှာ ထမင်းမေ့ ဟင်းေ မ့ အိုးမေ့ အိမ်မေ့ ဘုရားမေ့ တရားမေ့ လင်မေ့ မယားမေ့ တွေ ဖြစ်ကြရ ပါကုန်တော့တယ်၊

ဒီ ပြည်နယ်မှာ ပြည်နယ်ခွန် ပေးစရာမလိုပါ၊ Smiths စသည်လို နာမည် ကြီး စတိုး ဆိုင် ကြီးတွေကဆိုရင်လဲ ၂၄ နာရီ လုံးလုံး ဖွင့်လှစ်ထား တာရှိသလို ၂ ၄ နာရီ ဖွင့်တဲ့ ထမင်းဆိုင်တွေလဲ ရှိနေပါတယ်၊ မြို့ကြီး အင်မ တန် သန့်ရှင်းလှပါတယ်၊ လမ်းပေါ် အမှိုက် သရိုက် ဆိုတာ မရှိတတ်ပါ၊ ည ပိုင်း ကျရင် ဖုံစုပ် ကား ကြီးတွေနဲ့ လ မ်းမကြီးပေါ်မှာ ဖုံ တွေ စုပ်ပေးနေ သလို လမ်းဖေးသစ်ပင်တွေကို ရေလောင်း ပက် ဖြန်းပေးနေတဲ့ ကား ကြီးေ တွလဲ ရှိနေပါတယ်၊

ဥပဒေအရ အိမ်စတဲ့အဆောက်အ ဦးတွေကို ဆောက်လုပ်ကြတဲ့ အခါမှာ အဆောက်အဦး တွေရဲ့ ရှေ့ နောက် ဝဲ ယာ မှာ မဖြစ်မနေ သစ်ပင် စိုက်ကြရပါတယ်၊ လမ်းမ ကြီးရဲ့ အလယ်ခေါင်နဲ့ အုတ်နံရံ နှစ်ဖက် နှစ်ချက် မှာလဲ သစ်ပင်တွေ တန်းစီပြီး စိုက်ထားကြပါတယ်၊ ဒါကြောင့် မိုးမ ပြတ်ရွာ တာပဲလို့လဲ အောက်မေ့ရပါတယ်၊

ညအချိန် လေယာဥ်ပေါ်ကနေ ငုံ့ကြည့်လိုက်မယ်ဆိုရင် မြို့ရဲ့ ရှုခင်းက ရောင်စုံ မီးတွေနဲ့ ဆိုတော့ ပတ္တ မြားစီထားတဲ့မြို့ တော် ကြီးနဲ့ တူလို့နေပါတော့တယ်၊

ဟိုတည်တွေဆိုတာကလဲ နတ် ဗိမာန် နတ်နန်း ပြသာဒ်တွေအလား တွေ့ မြင်ခံစား နိုင်ကြရမှာ ဖြစ်ပါတယ်၊

ကမ္ဘာမှာ ရှိနေ ကြတဲ့ ဟိုတည် တွေအနက် ကမ္ဘာ့ အကြီးဆုံးဟိုတည် ဆယ်ခု က ဒီမြို့မှာပဲ ရှိနေ ကြပါတယ်၊ ဒီမြို့မှာ ဟိုတည်ပေါင်း တစ်ရာ့ တစ် ဆယ်ခန့် ရှိပြီး ဟိုတည် အခန်းပေါင်း တစ်သိန်း ငါးသောင်း ခန့် ရှိနေပါတယ်၊ နောက်ထပ်တိုးဖို့လဲ အလားအလာ ရှိနေပါတယ်၊ လက်ရှိ အ ကြီးဆုံး MGM ဟိုတည်က ဆိုရင် အခန်းပေါင်း ၅၀၄၄ ခန့် ရှိပြီး ဧည့်သည်ပေါင်း ၁၂, ၀၀၀ အထိ လက်ခံနိုင်တဲ့ ဟိုတည် ကြီးပါပဲ၊ ဒါတောင်မှပဲ အခါကြီးရက် ကြီး နှစ်သစ်ကူးလို အခါမျိုးမှာဆိုရင် အခန်းတွေ ပြည့်လို့နေတတ်ပါတယ်၊ တစ်ည $ ၁၀၀၀ ပေးလဲ မရနိုင်တတ်တော့ပါ၊

ဒီမြို့ မှာ တစ် နှစ်ပတ်လုံး ပစ္စည်းပြ ပွဲ , အစည်းအဝေးပွဲ, မွမ်းမံ သင်တန်း စ သ ဖြင့် ရှိနေတတ်ပါတယ်၊ ကမ္ဘာအရပ်ရပ်က လာရောက်ကြတာ

ပါ၊ အဲဒီ အပေါ်မှာ အခြေခံပြီး တစ်လတစ်လမှာ ဧည့်သည်ပေါင်း ၄ သိန်းခန့် လာရောက်လည်ပတ်လျက် ကြောင်း သိရှိခဲ့ရပါတယ်၊

လောင်းကစားပွဲတွေသာ ရှိတာမဟုတ်ပါ၊ ကမ္ဘာကျော် ပြပွဲ, မျက်လှည့် ပြပွဲတွေ အသုံးတော် ခံရာမြို့နေရာလဲ ဖြစ်နေပါတယ်၊ သိကြပြီး ဖြစ်တဲ့ အတိုင်း ကမ္ဘာ့ လက်ဝှေ့ပွဲ, စကြာဝဠာ မယ်ရွေးပွဲတွေ ကိုလဲ များသောအား ဖြင့် ဒီမြို့မှာပဲ ကျင်းပကြလေ့ ရှိပါတယ်၊

ဒါ့အပြင် မြို့နဲ့ မိုင်၅၀ကျော်ခန့်အကွာလောက်မှာ နျူးကလီးယား စမ်းသပ်ဖေါက်ခွဲ ထုတ် လုပ် တဲ့နေရာရှိတယ် လို့လဲ သိခဲ့ကြပါတယ်၊

ဒီမြို့မှာ ပြည်နယ် ခွန်မရှိတာက တစ်ကြောင်း, နေထိုင်မှု စရိတ်သက်သာတာက တစ်ကြောင်း, အိမ်ဈေးတွေလဲ သက်သာတာကတစ် ကြောင်း ဒီ ပြင် ပြည်နယ်ကနေ ပြောင်းရွှေ့နေထိုင်ကြသူများ တစ်လလျှင် ပျမ်းမျှ ခြင်းအား ဖြင့် ၄ထောင် ဦး ခန့် ရှိကြောင်း သိရှိခဲ့ရပါတယ်၊ ကာလီဖိုးနီယား မှာ အိမ်တစ်လုံး ရောင်းလိုက်ရင် ဒီမြို့ မှာ အိမ် ၂ လုံး, ၃ လုံးထိ ဝယ်နိုင် ခြေ ရှိ နိုင်ပါတယ်၊

ဒီမြို့ကို လူ ဘယ် နှစ်ယောက် ပြောင်းရွှေ့လာ ကြတယ်ဆိုတာ မော်တော်ကားလိုင်စင် ရုံးမှာ ရှိတဲ့ မှတ်တမ်းအရ အခြေခံပြီး ပြောဆိုခဲ့ ခြင်းပင် ဖြစ်ပါတယ်၊

စက် ရုံ အလုပ် ရုံတွေ သိပ် မရှိလှတဲ့အတွက် ဟိုတည် အလုပ်, စားသောက်ဆိုင် အလုပ်တွေ ကိုပဲ မှီပြီး သက်မွေးဝမ်းကျောင်းမှု ပြုခဲ့ကြတာကပဲများလှပါတယ်၊ ဖဲဝေသူတွေ, စားပွဲ ထိုးအလုပ် လုပ် ကိုင်ကြသူ

တို့မှာ  ရတဲ့လခက လိုရင်းမဟုတ်ပါ ၊ ဖေါက်သည်တွေ ပေးတဲ့ သဒ္ဒါ ကြေး ထစ်ပ်မန်နီ က အဓိကပါ၊ တစ်ရက်ကို ဒေါ်လာတစ်ရာ,  နှစ်ရာ စသည်လဲ ရ တတ်ကြလို့ပါပဲ၊

တစ်ချို့ ဟိုတည်အလုပ် ရဲ့  နာမည် , ရာထူးတွေကသာ နားထောင် လို့ သိပ်မကောင်း ချင် တာ ရှိကောင်း ရှိမယ်၊ ဂုဏ်မ ရှိဘူးလို့  ထင်ကောင်း ထင်နိုင်ပါတယ်၊  ဆိုကြပါစို့  သန့်ရှင်းရေး  တံ မြက်စီးလှဲတဲ့အလုပ်  ဆိုရင် လဲ ပင်ပင်ပန်းပန်း လုပ်နေရတဲ့ အလုပ်မဟုတ်ပါဘူး၊ ဂေါ်ပြား တစ်ချောင်းနဲ့ တံ မြက်စီး တစ်ချောင်း ကိုင်ပြီး  စက္ကူစတဲ့ အမှိုက် အစအနလေး တွေ ကို ဂေါ်ပြားထဲ လှဲထည့်ပေးလိုက်ရုံပါပဲ၊  ပေးတဲ့လခ ကိုလဲကြည့် လိုက်စမ်းပါ အုံး၊ တစ်နာရီကို ၁၆ -၁၇-၁၈ ဒေါ်လာကနေ  စပေးပါတယ်၊ တစ်နေ့ ၈ နာရီ ဆို ဘယ်လောက် ရလိုက်မှာပါလိမ့်၊   လုပ်သက်အလိုက်  လစာကလဲ တိုးလာ တာ ရှိနေပါသေးတယ်၊ တစ်ပတ်မှာ ၅ရက်တည်းသာ လုပ်ရပါတယ်၊  အချိန် ပိုလုပ်ရင် အထူးကြေးရပါသေးတယ်၊ ဆိုကြပါစို့ ၊ တနာရီ  $၂၀  ပုံမှန် ရနေကျ သူများမှာ  တနာရီ လောက် အချိန်ပိုလုပ်ရင် တနာရီကို  $ ၃၀  ရရှိ မှာ ဖြစ်ပါတယ်၊  အမေရိကမှာ   တစ် နှစ်လျှင်  အများ ပြည်သူ အထူး ရုံးပိ တ်ရက်က  ရက်၃၀ ခန့် လောက် ရှိနေပါတယ်၊ အဲဒီနေ့တွေမှာ  အလုပ်ဆင်း ကရတဲ့သူတွေအဖို့    အချိန်ပို  လုပ်အားခ ရရှိ ကြမှာ  ဖြစ်ပါတယ်၊ လုပ်ရ ကျိုး   ပင်ပန်းရကျိုးနပ်တယ်လို့ ဆိုရပါလိမ့်မယ်၊  ဒါကြောင့်မို့လို့ အမေရိက ကို  လာနေချင်ကြတာနေမှာပေါ့လေ၊

ဟိုတည်ခုတင်ခင်းတဲ့ အလုပ်ဆိုရင်လဲ ထိုနည်းငှင်းပါပဲ၊ ပေးတဲ့နာရီ စား အ ပြင် သဒ္ဒါကြေးဆိုတာကလဲ ရှိသေးတယ်လေ၊ ဒါကြောင့်လဲပဲ ၃-၄ သိန်းတန် အိမ်တွေ ဝယ် ပြီး နေနိုင် ကြတာပါပဲလေ၊ အမေရိကန် တစ်နိုင်ငံလုံးမှာ ဆူးရှီလုပ်ငန်း လုပ်ကြတဲ့ မြန်မာတွေ ဆိုရင်လဲ မြို့တိုင်း လိုလိုမှာ ရှိနေကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ သဒ္ဒါအားကြောင့်လဲပဲ အမေရိကမှာ မြန်မာဘုန်း ကြီးကျောင်းပေါင်း တစ်ရာကျော်အထိ မြန် မြန်ဆန်ဆန် တိုးတက် ဖြစ်ထွန်းလာရတာပဲ ဖြစ်ပါတယ်၊တကယ်တော့ အသိပညာရှင်, အတတ်ပညာရှင်များနဲ့ သဒ္ဒါ ရှင်များရဲ့ စုပေါင်းအား ကံအကျိုးပေးကောင်းနဲ့ အသိဉာဏ်လောင်း ပေါင်းစပ်လိုက်လို့ နိုင်ငံရပ်ခြားတိုင်းတပါးမှာ သာသနာ့မှတ်တိုင် တစ်ခု စိုက်ထူနိုင်ခဲ့ပြီး လူမျိုး ဘာသာ သာသနာ မျိုးဆက်သစ်တွေအတွက် အကျိုးရှိရတော့တာပဲ ဖြစ်ပါတယ်၊

လတ်ဝေးဂတ်စ်မြို့ ကို အကြောင်းမသိတဲ့လူတွေကတော့ မကောင်းမှု ဒုစရိုက်မြို့ အနေနဲ့သာ သိနေခဲ့ကြတာပါ၊ မိမိ အနေနဲ့ကတော့ ဘာသာရေးမြို့တော် လို့ပဲ ခေါ်ချင်ပါပေတော့တယ်၊ ဒီ မြို့ကို "မိနစ် ၂၀မြို့" လို့လဲ ခေါ်ကြတာ ရှိပါသေးတယ်၊ ကား ဆိပ်, လေဆိပ်, တရုတ် ဈေးတန်း, ၂ မိုလယ်ခေါင် ရှိ ဟိုတည်များစသ ဖြင့် ဘယ်ကိုပဲ သွားသွား မိနစ်၂၀ အတွင်း ရောက်နိုင်တဲ့ မြို့မို့လို့ပါပဲ၊ အဲဒီ မိနစ်၂၀ အတွင်း သွားလို့ ရောက်ရှိနိုင် တဲ့ မြို့ ထဲမှာ ထေရဝါဒ ဘုန်းကြီး ကျောင်းပေါင်း ၁၃ ကျောင်းလောက် ရှိနေတဲ့ မြို့ကြီးပါ၊ ဒီ ပြင် မဟာယာန ဘုန်းကြီးကျောင်းတွေလဲ အများကြီး ရှိနေပါသေးတယ်၊ ခရစ်ယာန် ချာချ် တွေဆိုရင်လဲ နေရာတကာ မှာ မှို လို ပေါက်လို့

နပါတော့တယ်၊ အမေရိကန်နိုင်ငံ မှာ မိနစ်၂၀ မျှနဲ့ ကားမောင်းလို့ ရောက်ရှိနိုင်တဲ့ ဧရိယာ အတွင်းမှာ ထိုင်းကျောင်းက ၇-ကျောင်း၊ လာအို ၂ -ကျောင်း၊ သီရိလင်္ကာ ၂-ကျောင်း ကမ္ဘောဒီးယား ၁-ကျောင်း နဲ့ မြန်မာ၁-ကျောင်း စုစုပေါင်း ထေရဝါဒဘုန်းကြီးကျောင်း ပေါင်း ၁၃ ကျောင်းအထိ ရှိနေတာ ဒီ၂မြို့ပါပဲ၊ ဒါ ကြောင့် ဘာသာရေး မြိုးတော် ကြီး လို့ ပြောလိုက်ရတာပါပဲလေ၊

မိမိအနေနဲ့ ဒီ ပြင်ပြည်နယ်နဲ့ နိုင်ငံရပ် ခြား ခရီးသွားတဲ့အခါမှာ ဘယ်မှာနေသလဲ လို့ မေးလာ ကြတဲ့အခါမှာ လတ်ဝေးဂတ်စ်ကပါလို့ ပြောလိုက်ရင်ပဲ လူတွေက ရီကြပါတယ်၊ ဘာ ဖြစ်လို့ အဲဒီမြို့ ကိုရွေးပြီး နေရသလဲ လို့ ထပ်ဆင့် မေးလာတတ် ပြန်ပါတယ်၊ အဲဒီမှာ နေရတာ သိပ်ပြီးဟန်ကျ ပျော်စရာကြီး ဖြစ်နေပေါ့ နော် တဲ့ ၊ သူတို့ဆိုလိုတဲ့ အဓိပ္ပါယ်ကို ကောင်းကောင်း သဘောပေါက်ခဲ့ပါတယ်၊

အဲဒီမြို့ ကို ရောက်ခါစ နှစ်မှာ သာ တစ်ချို့သော ဟိုတည်တွေဆီကို ဗဟုသုတအနေနဲ့ သွားရောက်လေ့လာကြည့် ရှုခဲ့ရပါတယ်၊ အဲဒီကနောက်မှာတော့ ကိစ္စ ရှိလို့ ဖြတ်သွား ဖြတ်လာနဲ့ ကားပေါ်ကပဲ နေပြီး တော့ပဲ ကြည့်ခဲ့ရတာပါ၊ မိမိတို့လို ကျောင်းမျိုး ဒီမြို့မှာ များများ ရှိဖို့တောင် ကောင်းပါတယ်လို့ သူတို့ကို ရှင်း ပြပေးခဲ့ရပါတော့တယ်၊ မိမိတို့ကျောင်း မှာ လာရောက် ကြတဲ့သူတွေ ၉၀% လောက်က အရက်မသောက် လောင်းကစား မလုပ်ကြပါ၊ ဘုရားရဲ့တရားတော် အဆုံးအမ ကြောင့် မကောင်းမှု ရှောင်ကြပါတယ်၊အားလပ်ရက်မှာ ကျောင်းကို မ ပြတ် လာရောက်ပြီး တရား အားထုတ်ကြ

ပါတယ် စသ ဖြင့် အဖြစ်မှန် ကို ပြော ပြပေးတော့မှ ခေါင်းတ ညိတ် ညိတ်နဲ့ ရှိလာကြရပါတော့တယ်၊

တကယ်ပါပဲ မိမိ ဒီ မြို့ကို ရောက် ရှိနေထိုင်လိုက်ရတာ နှစ်ပေါ င်းက မနည်းတော့ပြီမို့ လူအပေါင်းကို တရားနဲ့သာ ကူ ညီပေးနေရတာမဟု တ်သေးပါ၊ အခါအားလျော်စွာ လောကနည်းနဲ့ ကူ ညီပေးနေရတဲ့ အခါ မျိုး လဲ ရှိနေပါသေးတယ်၊ အိမ်ကိုဝယ်ချင်, ရောင်းချင်, ငှါးချင်သူများ, အလုပ် လုပ်ချင်သူများကို သက်ဆိုင်သူနဲ့ ဆက်သွယ် ပြောဆို တော့ဆိုင် အပ် နှံ ပေးရတာလဲ ရှိပါတယ်၊ တစ်ခါတစ်လေ ရင်ကျိုးတဲ့ပုဂ္ဂိုလ်တွေ သေးဘေး ကလွတ်မြောက်အောင် ကူညီ ပေးရတဲ့အခါလဲ ရှိလိုက်ပါသေးတယ်၊ ကိုယ့် ရဲ သားသမီးတွေလိုပဲ သဘော ထားပြီး ပြောဆို ဆုံးမ ပေးခဲ့ရပါတယ်၊ သူ တို့လေးတွေကို မိခင်ရဲ့ ဗိုက်မှာ ရှိနေစဥ်ကတည်း မြင်ခဲ့ရ တွေ့လာခဲ့ရတဲ့ မိမိရဲ့ မြေးတွေပါပဲလေ၊ ဘုန်းကြီးဘဝရဲ့ တာဝန်ဝတ္တရားတွေက စာပေသင်ြ ကား, တရားအားထုတ် ရှုတင်မက ရှိနေပါပေါ့လား။

## တစ်နေ့တာ ကုသိုလ် လုပ်ငန်းစဥ်များ

မနက်၃ နာရီခန့်မှာ ပုံမှန် အိပ်ယာက ထလေ့ ရှိပြီး ည ၁၀ နာရီ ဝန်း ကျင်လောက်မှာ အိပ်ယာဝင် လေ့ ရှိပါတယ်၊ ဝါတွင်းသုံးလ မှာသာ ဝိဝေက ကိုမှီ ဧကစာရီ မြတ်သော နှုတ်ဆိတ် အဓိဋ္ဌာန် ဖြင့် တရားဘာဝနာ တစ်ခုတ

ည်းကိုသာ ပွားများအားထုတ်နိုင်ခဲ့ရပါတယ်၊ ဝါကျွတ်ချိန်က စပြီး ဝါဆိုတဲ့ လ အထိ ၉ လအတွင်းမှာ အချိန်အခါအားလျှော်စွာ ပင့်ဖိတ်တဲ့သူ ရှိက ပြည်တွင်း ပြည်ပ သို့ တရားဟောပြော ပြသမှု ပြုပေးခဲ့ရပါတယ်၊ တစ်လလျှင် ဆယ်ရက် အထူးတရားစခန်း ဝင်ရောက်လာကြတဲ့ လူမျိုးစုံ, ဘာသာစုံ ယောဂီများကို မြန်မာ, ယိုးဒယား, အင်္ဂလိပ် ဘာသာတို့ ဖြင့် ညတိုင်း တရားဓမ္မ ဟော ပြော ပြသ ပေးခဲ့ရပါတယ်၊ အင်္ဂါနေ့ညတိုင်းမှာတော့ မြန်မာမိသားစုများအတွက် တရားများဟောကြားပေးခဲ့ရပါတယ်၊

နေ့ဆွမ်းဘုဥ်းပေးပြီးတိုင်း ဆွမ်းဒကာ/ မ များကို ဆွမ်းအ နုမောဒနာတရားဟောကြားပေးခဲ့ရပါတယ်၊ ယိုးဒယား ပရိသတ်ယောဂီ များတဲ့ အခါကြီးရက် ကြီးတွေမှာဆိုရင် ယိုးဒယားဘာသာ ဖြင့်ပင် ရက် ရှည်တရားဟောကြားပေးခဲ့ရပါတယ်၊နေ့စဥ်နဲ့အမျှ ဗုဒ္ဓဘာသာအကြောင်း လာရောက်မေး မြန်းမှု ပြုကြတဲ့ လူမျိုး ခြား, ဘာသာ ခြားတွေကို ရှင်း ပြ, ဖြေဆိုပေးရတာလဲ နေ့စဥ်နဲ့အမျှပါပဲ၊ တစ်ခါတစ်လေမှာ တက္ကသိုလ်က ပါမောက္ခကြီး ကိုင်တိုင် သူတို့ရဲ့ သင်တန်းသူ/ သား တပည့်များ အစိတ် သုံးဆယ် ခန့်ကို ကျောင်းကိုခေါ်ယူလာတတ်ကြပါတယ်၊ မိမိက သူတို့တွေကို တစ်နာရီခန့် ဟောပြောမှု ပြု ပေးပါတယ်၊ အဲဒီက နောက် မှာတော့ နှစ်နာရီကြာ မျှ မေးလာသမျှကို ဖြေဆိုပေးနေရပါတယ်၊ တက္ကသိုလ်ကျောင်းသူ/ သားတွေ စာတမ်း ပြုစုကြတဲ့ အခါမှာ ကျောင်းကို လာရောက်ပြီး အကူအညီ တောင်းခံလာကြလို့ ကူညီပေးနေရတာကလဲ မနည်းလှပါဘူး၊

အချိန်အခါနဲ့ အခြေအနေအရ ထိုင်း, မြန်မာ, အင်္ဂလိပ်ဘာသာတို့ ဖြင့် အဘိဓမ္မာ သင်တန်းကိုလဲ သင်ကြားပို့ချပေးခဲ့ရပါတယ်၊ အားလပ်တဲ့ အချိန်လေးမှာ တရားစာအုပ်များရေးသား ခြင်း များကို ပြုလုပ်ခဲ့ရပါတယ်၊ နေ့ခင်းနေ့လည်အချိန်မှာ ဧည့်သည်များ မပြတ်ဘဲ ရှိနေတတ်တဲ့ အတွက် ညအချိန်လေးလောက်မှာသာ အားလပ်ခွင့်လေးရရှိခဲ့တတ်တာပါ၊ နေ့စဥ်နဲ့အမျှ သာသနာတော်အတွက် သုံးကိုယ်ခွဲပမာ နှယ် ဘာသာ သုံးရပ် ဖြင့် စာရေးစာချ သင်တန်းပေး တရားပြ တရားဟော တရားကျင့် ခြင်း ဖြင့် အချိန်နဲ့ သက်တမ်းကို ကုန်ဆုံးစေခဲ့ရပါတယ်၊

သိက္ခာထပ်တင် ပါရမီရှင်များ

ဒီစာအုပ် နိဂုံး ကမ္ပတ် အဆုံး မသတ်ခင် မိမိကို သိက္ခာထပ်ပေးကြတဲ့ ရဟန်းဒကာ/ မ များကိုပါ ဒီနေရာမှာ မှတ်တမ်းတင် ဂုဏ် ပြုလိုပါသေးတယ်၊ သာသနာ့အမွေခံယူ မိမိကို ကံထပ် ပေးကြသူများမှာ -

၁- ဦးဘစိန်+ ဒေါ်မြ၊ ၂-ဒေါ်အေးကြွယ်၊ ၃- ဒေါ်မေခါဝီ ၊၄- ခွန် လိုင်၊၅-ဒေါ် မျိုးမျိုးဝင်း၊၆- ဦးထွန်းလှ+ ဒေါ်အုံးကြိုင်၊၇- ဦးဝီလ်ဆန်+ ဒေါ်စန္ဒာ၊၈- ဒေါ်အိအိခိုင်၊ ၉- ဒေါ်ခင် နှင်း မြင့်၊၁၀- ဦးကံထွန်း+ ဒေါ် သိန်းကြွယ်၊ ၁၁- ဒေါ်စိုးစိုးအေး၊ ၁၂- ဦးဆန်းထွန်းနီ+ ဒေါ်ခင်မေဦး၊၁၃- ဦးဝင်းရှိန်+ ဒေါ်ဝင်းဝင်း၊ ၁၄-ဦးရောဘတ်+ ဒေါက်တာ ခင်ဝေါင်း၊ ၁၅-ဦးဒေးဝစ်+ဒေါ် ဟယ်လ်လဲန် ၁၆- ဒေါ်ခင်ဝင်းအောင် တို့ပဲ ဖြစ် ကြပါတယ်။

အသက်သခင် ကျေးမွေးရှင် မှတ်တမ်းတင်

တချို့သော ဒကာ/ မ များက   တစ်ပတ်လျှင်  တစ်ရက်ကျ ဆွမ်းအလှူ ဒါန ကို မပျက် မကွက် လာရောက်လှူဒါန်းပေးကြပါတယ်၊တစ်ချို့ကဆိုရင်   နှစ်ပေါင်း ၃၀ ကျော်  တချို့များကဆိုရင်  နှစ်ပေါင်း ၂၀ ကျော်  ရှိလို့နေပါပြီ၊   တာဝန်ခံယူ ပြု နိုင်ခဲတဲ့   တာဝန် ဝတ္တရား မဟာ ကုသိုလ်အလုပ် ကြီးပါပေပဲ၊  တော် ရုံ တန် ရုံ သဒ္ဓါတရား  လုံ့လ ဝီရိယနဲ့ ဒီလောက်များ    နှစ်ပေါင်းကြာအောင်  တာဝန်ယူလှူဒါန်းပေးနိုင်ဖို့ ဆိုတာ အတော့်ကို မလွယ်ကူလှတဲ့ ကိစ္စပါပဲ၊  အဲဒီလို  နှစ်ပေါင်း မြောက်များစွာ   သံဃာတော်  များရဲ့အသက် သာသနာတော် ကြီးရဲ့အသက်ကို   ဆက်ပေးနေကြတဲ့  ဆွမ်း ဒကာ/ မ များကို  မုဒိတာစိတ် ပွားကြရလေအောင် ဒီကနေပြီးတော့  မှတ်တမ်းတင်  ဂုဏ် ပြုလိုက်ပါရစေ၊

နှစ်ပေါင်း ၂၀နဲ့ ၃၀ အထက်အရှုဏ်ဆွမ်း အလှူရှင်များမှာ-

ခွန်ရတ်ချနီ    ချန်ဝိဆနူရပ်ခ်

ဒေါ်ပုမိသားစု နဲ့ ဓမ္မမိတ်ဆွေများ

ဒေါ်နန်းခင်ဝင်းရီ နဲ့ ဓမ္မမိတ်ဆွေများ

ဦးဝင်းအောင်နဲ့ ဒေါ်စန်းစန်း မြင့် တို့ မိသားစုများ

ဦးရဲဝင်းထွန်းနဲ့ ဒေါ်စောစန္ဒာဝင်းတို့မိသားစုများ

ဦးဆန်းထွန်းနီ နဲ့ ဒေါ်ခင်မေဦးတို့ မိသားစုများတို့ ဖြစ်ကြပါတယ်၊

နှစ် ၂၀  အောက် အရှုဏ်ဆွမ်း အလှူရှင် များလဲ ရှိနေပါသေးတယ်၊ ၎င်းတို့မှာ-

- ကိုမင်းသော်နဲ့ ဒေါ်အိန္ဒြာကြည်ဝင်း

Monday, December 16, 2019

ဒေါ်မူမူသာ နဲ့ ဒေါ်ခင် နှင်း မြင့်

ဦးထွန်းလှနဲ့ ဒေါ်အုံးကြိုင် မိသားစု

ကိုအောင်စိုးနဲ့ဒေါ်တိုးတိုး

ဒေါ်စန်းစန်းဦး

ဒေါ် အိမ့် တို့မိသားစုများ ဖြစ်ကြပါတယ်။

နှစ်ပေါင်း ၂၀နဲ့၃၀ အထက် နေ့ဆွမ်း အလှူရှင်များ

Sunday Lunce donors-

Khun Montry+ Khun Koong

Khun Lak+ Khun Manee

khun Some, Sone,Bobie Sayphon

Hirudinee Manukulasuriya family

Monday Lunch donors-

Khun Pout+Khun Paw + Khun powk

Khun Laksana

Khun Wimon

Khun Banon

Khun Weena

Ko Moe Kyaw family

Ko Thant Zin+ Naw Yin Hmwe

Tuesday Lunch donors-

Khun Mali

Khun Went

Khun Noi Nimhom family

U Khin Mg Lwin family

Wednesday Lunch donors-

Khun Kai+ Khun Tanawat

Khun Laneg

Khun Si+ Khun Suparwadee

Khun Ut

Khun Somporn Foy

Khun Pat

Thusday Lunch donors-

Khun Deng Pramong

Khun Or+ Khun Noi

Khun Jintana + Khun Watsana

Khun Nok

Friday Lunch donors-

Khun Wanphen McIntosh

Khun Lak

Monday, December 16, 2019

DR  Mu MuTha-  Kuma family

Daw Mu Mu Aung

Daw Khin Hnin Myint

Khun Amneuy- Khun Nitayee

Saturday  Lunch  donors-

Khun La-Khun Outh

Khun Sung- Khun Mam  စသည်တို့  ဖြစ်ကြပါတယ်၊

သာသနာပြုဖက် သဒ္ဒါထက် ပါရမီရှင်များ

နှစ်ပေါင်း ၃၀နီးပါးခန့် မိမိရဲ့  သာသနာ ပြုလုပ်ငန်း ပမာဏ မှာ  အခု စာရေးနေတဲ့အချိန်ထိ   ဒေါ်လာ ၈ သန်း ခန့် ရှိလို့နေပါ ပြီ ၊ သာသနာ ပြုရေး ကိစ္စအဝဝ  အထ မြောက် အောင် မြင်အောင်   ပါရမီ ဖြည့် ထောက်ပံ့ပေး ခဲ့ကြတဲ့ အလှူရှင်များကိုလဲ  ဒီနေရာမှာမှတ်တမ်းတင်လိုပါတယ်၊ ဒေါ်လာ သောင်းချီ သိန်းချီပြီးရက်ရက်ရောရော လှူ ဒါန်းခဲ့ကြတဲ့ သူတွေပါ။

၁- Khun Pat + Khun Pim+ Khun Yupa

၂-  သီလရှင် ဆရာကြီး  ဒေါ် မေဓာဝီ

၃- ဦးဆန်းထွန်းနီ+ ဒေါ်ခင်မေဦး

၄- ဒေါ်ခင်အေးကြူ+ ဒေါ်ပု

၅-ဒေါ်နန်းခင်ဝင်းရီ

၆- ဦး ကံထွန်း+ ဒေါ်သိန်းကြွယ်

၇-ဦး အောင်ခင်+ ဒေါ်သဲသဲ(CA)

၈-ဒေါ်ရင်ရင်အေး(CA)

၉- ဒေါက်တာ ခင်ဝေါင်း+ ရော်ဘတ်(CA)

၁၀- ဦးတင်မင်းဆွေ+ ဒေါက်တာ စန်းလှ(CA)

၁၁-ဦးထွန်းလှ+ ဒေါ်အုံးကြိုင်(CA)

၁၂-ဒေါ်လီလီ (CA)

၁၃-ဦးစိုးပိုင်+ဒေါက်တာ မူမူသာ

၁၄- Khun Ping Kumpanon

၁၅ -ဒေါက်တာ စန္ဒာအောင်+ ဒေါက်တာ ညို ဇံလှ(CA)

၁၆- Rita Chanvisnuruk

၁၇- Khun Arporn Ratanavichan(Thailand)

၁၈- Khun Somporn Foy

၁၉- Khun Somporn Hassaler

၂၀- Khun Outh+ Khun La Vongpanya

၂၁- Laong Samon+ Pa Nu Jing(CA)

၂၂- Mae Nu Leang (CA)

၂၃- Leang Mongtin (IV)

၂၄-Khun Kat Wanpornpasert

၂၅- Khun Supatra Dibona

၂၆- Dr Vitoon + Khun Lek (CA)

၂၇- Khun Toy + Khun kek Prarnprom(CA)

၂၈-Mae Samli Suvidalai(CA)

၂၉- Yai Porn Mamm (OR)

၃၀-Yai Pat tim Chivv (CA)

၃၁-Maechi Kham (IV)

၃၂- Khun Air Prommary (IV)

၃၃-ဦး စိုးနိုင်+ဒေါ်နွဲ့ နွဲ့ ရီ (NY)

၃၄- Khun Suda Srisook (OR)

၃၅-ကိုဇေယျာလင်း+ မို့မို့လွင်(WA)

၃၆- Katie+ Clint (OR)

၃၇-ဒေါက်တာ ဒေးဝစ်+ဒေါက်တာမီမီဇင် (CA)

၃၈-Thu  Le (CA)

၃၉-ဒေါ်ခင်စန္ဒာ+ဦး မြင့်ဟိန်း(CA)

၄၀-ဦးဝင်းစတန်ထွန်း (CA)

၄၁-ဦးခင်မောင်မောင်+ဒေါ်စုထားကြည်(CA)

၄၂-ဒေါက်တာထူးအောင်+ဒေါ်ဝေဝေ  (CA)

၄၃-ဒေါ်ပိုပိုသန့်(သား)  ပြည့်ဖြိုးသူ , ဦးဇဝန မိသားစု(CA)

၄၄-ဦးသော်မတ်စ်+ဒေါ်ဟယ်လ်လဲန် ,Dr Katie,Tony

၄၅-ဦးသန်းထွတ်+ဒေါ်ငွေးငွေးဝေ(CA)

၄၆-Khu Wipar Wordward(CA)

၄၇-Khun Jamnean(CA)

၄၈-Khun Manee (Noo)(CA)

၄၉-Khun Ascharee( Took)(CA)

၅၀- ဒေါက်တာ စိုးဝင်း မြင့်+ဒေါ်စူစီ-ဆုသဥ္စာ မိသားစု(AZ)

၅၁-ဦးဝီလ်ဆန်+ဒေါ်စန္ဒာ Chen(HI)

၅၂- ဦးဆုနီလ်+ ဆုဆာနာ  အရှိဆာ(HI)

၅၃-ဒေါက်တာဝင်းသိန်း+ ဒေါ်မီမီ(PV)

၅၄-Dr Tomt+ Apple(VA)

၅၅- Khun Bouwon(MI)

၅၆- Dr May Thinn(IL)

၅၇- Dr TinTin Soe(IL)

၅၈-Dr Erik ( Than Tun)(NY)

၅၉-ဦးဇော်ဝင်းအောင်(IL)

၆၀- ကို သန်းဝင်း (Myanmar)

၆၁-ChuLun  family ( တရုတ်)

၆၂- Caroline Wolfson( အမေရိကန်)

၆၃-ဦးမင်းမော်+ ဒေါက်တာ မြမြ သိန်း(Myanmar)

၆၄-ဦးကျော် မြင့်+ ဒေါ်မြ(CA)

၆၅-Khun Wiboon Khunpasi(CA)

၆၆- Khun Boupa+ Khun Nit (France)

၆၇- Maikwe Parsons

၆၈-ဦးဝဇီရညာဏ

၆၉-Manukulasuriya family( သီဟိုဠ်)

၇၀-Khun Paitoon+ Khun Tuey(CA)

၇၁- U Zeyathuta

၇၂-Darin Simmerman

၇၃-မ မျိုးမျိုးဝင်း(Myanmar)

၇၄- Khun Puk

၇၅-Khun Montry+ Khun Busaya

၇၆-Khun Went

၇၇-Khun Urai,Khun Noi

၇၈-Khun Tanawat+ Khun Ratree

၇၉-Khun Deng Pramong

၈၀- Khun Or+ Khun Noi

၈၁-Khun Vipawadee Mam

၈၂-Khun Sujitra +Dr Todd

၈၃-Khun Achara Kidsom

၈၄- Khun Sue Kamjorn

၈၅- Khun Chayanut

၈၆-Khun Laksana

၈၇-Khun Ampaipan

၈၈-Khun Sone+ Khun Bobie

၈၉-Khun Jintana Coe

၉၀-Khun Bounlom Outha

၉၁-Khun Amnouy+ Khun Nitayee

၉၂-ဦးထွန်းအောင်+ ဒေါ်တင်တင်လှ(CA)

၉၃-Khun Mali Luker

၉၄-Khun Nong Lek(CA)

၉၅-Khun Manas +Khun Chaveewan(CA)

၉၆-Khun prasit+ Khun Suriya(CA)

၉၇-Khun Yongkyeat +Khun Arunee(CA)

၉၈-Khun Dow(CA)

၉၉- Khun Viches+ Khun Alizabat(CA)

၁၀၀-Khun Somsri ( Son) Khun A (CA)

၁၀၁-Khun Yaok+ Khun Sumali (CA)

၁၀၂- Khun Kong+Khun Took(CA)

၁၀၃- Khun Chouthip(CA)

၁၀၄-Khun Ann , Dave

၁၀၅- ဦးကျော်သန့်+ ဒေါ်ခိုင်

၁၀၆- Khun Manee+ Khun Lek

၁၀၇-ဒေါ်ကြည်ကြည်လှိုင်(CA)

၁၀၈- ဒေါ်ခိုင် စန္ဒရာ ဝေါင်း(CA)

၁၀၉-ဒေါက်တာ မီမီကြိုင်(CA)

၁၁၀- ဒေါ်မီမီ ခိုင် မိသားစု(CA)

၁၁၁-John + Kate Um (ကိုရီးယား)

၁၁၂- Thu Le ( ဗီယက်နမ်)

၁၁၃- Pongsri Brown

၁၁၄-ဦး မျိုးအောင်+ ဒေါ်သာယာကြည်ဝင်း( CA)

၁၁၅-

၁၁၆-

၁၁၇-

၁၁၈-

၁၁၉-

မှတ်တမ်းတင်ထိုက်စွာ

နှစ်ပေါင်းရှည်ကြာ ကျောင်း ဂေါပက လူကြီးများ

U Zeyathuta (ဥက္ကဌ)

Khun Ruchnee Chanvisanuruk (ဘဏ္ဍာရေးမှူး)

Monday, December 16, 2019

Khun Boonchom Labonte (အတွင်းရေးမှူး)

Khun Somporn Foy(ဒါရိုက်တာ)

U Sann Tun Ni ( ဒါရိုက်တာ)

တကမ္ဘာလုံးက အိမ်ထောင်ကျ

အထူးသ ဖြင့် ဒီမိမိရဲ့ ဘဝဇာတ်ခုံ အ ဖုံဖုံကို ရေးသားနေတဲ့ အချိန်ဟာ ၂၀၂၀ ခု နှစ် ၊ Covid 19 ရောဂါကပ်ဆိုးကြီး တစ်ကမ္ဘာ လုံးနဲ့ အနှံ့ကူးစက်ခံရပြီး ကမ္ဘာ့လူသားပေါင်း သန်းပေါင်းများစွာ ရောဂါ ကူးစက်ခံရပြီး လူပေါင်း သန်းနဲ့ချီပြီး အသက် ဆုံးပါးသေကြေ ပျက်စီးခဲ့ ကြရတဲ့ အချိန်အခါပဲ ဖြစ်နေပါတယ်၊ အထူး သ ဖြင့် အမေရိကန်နိုင်ငံမှာ တစ်နေ့တစ်နေ့လျှင် လူပေါင်း တစ်ထောင် ဝန်းကျင်ခန့် အသက်ဆုံးပါးခဲ့ကြရပါတယ်၊ အမေရိကန်နိုင်ငံမှာတင် လူပေါင်း ၆ သန်းကျော်မျှ ရောဂါပိုးကူးစက်ခံကြ

ရပြီး လူပေါင်း တစ်သန်းခန့် အသက် ဆုံးရှုံးခဲ့ကြရပြီး ဖြစ်နေပါတယ်၊ အမေရိကန်အပါအဝင် နိုင်ငံတိုင်းလောက်နီးနီးက လော့ခ် ဒေါင်းချ အထူးကိစ္စမရှိက အိမ်ထဲမှာပဲ နေ ကြဖို့ အစိုးရက ညွှန်ကြားချက် ထုတ်ခဲ့ရပါတော့တယ်၊ နိုင်ငံပေါင်း နှစ်ရာ နီးပါးခန့်သော လူတွေဟာ ကိစ္စ အထူးမရှိက အိမ်ပြင်မထွက်ကြဘဲ အိမ်ထဲမှာတင် နေကြရတော့ မလွဲမရှောင် သာဘဲ " အိမ်ထောင်ကျ " နေကြရသလို ဖြစ်ကြရပါတော့တယ်၊မိမိတို့ သံဃာတော်များက နေ့စဉ်နဲ့အမျှ ကမ္ဘာသူ/ သား တွေ "အိမ် ထောင်" ကျ နေရ ခြင်းမှ အ မြန် ဆုံး လွတ် မြောက်နိုင်ကြပါစေ လို့ပဲ အထူးဆုတောင်း ပေးနေခဲ့ရပါတော့တယ်၊ တစ်သက်မှ တစ်ခါ မကြုံးဖူးတဲ့ ရောဂါကပ်ဆိုး ကြီးပါပေပဲ ၊ မျက်စိနဲ့ မ မြင်နိုင်ကောင်းတဲ့ ကမ္ဘာသူ/ သားတွေရဲ့ သူသတ်သမား ရန်သူကြီးတွေအစစ်ပါပေပဲ၊

နိုင်ငံတိုင်းမှာလိုလို ဟိုတည်, ထမင်းဆိုင်, စာသင်ကျောင်း စသည် အကုန်လုံးအပိတ်ခံ လိုက်ရပါတော့တယ်၊ အဲဒီအခါကာလနဲ့ကြုံကြိုက်နေလို့ ပုံမှန်ထာဝရ ဆွမ်းအလှူရှင်တွေကလွဲလို့ တခြားဧည့်သည်တွေ ကျောင်းကို လာတာ သိပ်မရှိတော့ပါ၊ ခါတိုင်းလို ဧည့်သည်တွေကို လက်ခံစကားပြော အချိန် ပေးနေစရာ မလိုတော့ပြီမို့ အဲဒီ အခွင့်အရေးထူးကို အသုံးချပြီး ဒီစာအုပ်ကိုအစအဆုံး ရေး ဖြစ်နိုင်လိုက်ရ ခြင်းပဲ ဖြစ်ပါပေတော့တယ်။

မိမိ ဖြတ်သန်းလာခဲ့ရတဲ့ ဘဝဇာတ်ခုံ ဖြစ်ပျက်မျိုးစုံကို လေ့လာဖတ် ရှုခွင့် ရရှိကြတဲ့ စာဖတ်ပရိသတ်များ အဖို့ ထိုက်သင့်သလောက်

ဗဟုသုတ များ, အကြံသစ် ,ဉာဏ်သစ် ,အတွေး အမြင်သစ်များ ဖြစ်ပွား ပေါ်ထွန်း လာကြပေလိမ့်မယ်လို့ ယုံ ကြည် မျှော်လင့် မိပါတယ်၊ အချိန်ယူပြီး စိတ်ဝင်စားစွာ ဒီစာအုပ်ကို ပြီးဆုံးတဲ့အထိ ဖတ်ရှုပေးမှုအတွက်လဲ အထူးေကျးဇူးတင် ရှိပါကြောင်းကိုလဲ ပြောကြားပါရစေ၊ မိမိရဲ့ဘဝမှာ လူမျိုး ဘာသာ သာသနာ အတွက် ပြု ပြုသမျှ ကုသိုလ် အဝဝကို ကျေးဇူးရှင် မိဘ ဆရာသမား များနဲ့ ပါရမီကုသိုလ် အတူတကွ ပြုလုပ်လာခဲ့ကြရ တဲ့ ပုဂ္ဂိုလ် များရော ကျေးဇူး ရှင် ပစ္စည်းလေးပါး ဒကာ/ မ အပေါင်း တို့အား အမျှပေးေဝပါတယ်၊ နတ်လူသာမု ခေါ်စေသော်-----။

နှလုံးအိမ်မှာ မြတ်ဓမ္မာ ဝေဖြာကြပါစေ။

ဦးဇေယျ

ဇေယျဓမ္မရိပ်သာ

5- 5- 2020

CMM, Las Vegas, NV, USA

အဘိဓမ္မတ္ထ =စိတ်- စေတသိက်- ရုပ်- နိဗ္ဗာန်- ပညတ်

-- လွန်ကဲသောတရား သို့မဟုတ် ထူး ခြားသောတရားသည် အဘိဓမ္မာမ
ည်၊

သုတ္တန်ပါဠိတော်ထက် သာလွန်များ ပြား ထူး ခြားသောပါဠိတော်
ဟူလို၊

ပရမတ္ထအား ဖြင့် ၄ ပါးရှိ၊ ပညတ်အား ဖြင့် မရေတွက်နိုင်အောင်များ
ပညတ်= လူ နတ် ဗြဟ္မာ စသောသက်ရှိ သတ္တဝါ အကောင်အထည် ဒြဒ် နှင့်
ရေ မြေ တောတောင် အိမ်ကျောင်းစသော အသက်မဲ့
အရာဟူသမျှ၊

သမ္မုတိ= ရှေးလူကြီးသူမတို့ သမုတ်ထားအပ်၊
ပရမတ္ထ= ဗလောင်းဗလဲ ပြောင်းလဲ ခြင်းမရှိ၊

နှမ်းမှ ဆီကို ညှစ်ထုတ်ရသလို ပရမတ်အနှစ်ကို ပညတ်မှ ဉာဏ် ဖြ
င့် ညှစ်ထုတ်ရ၊

ဆံပင်စသည် တ ခြားစီထားလျှင် လူကောင်ပျက် ၍ ဆံပင်စသည်သာ
ရှိ၊ ဆ့ပင်စသည်သည် ပညတ်ပင် ဖြစ်၊ ဆံပင်စသည် စစ်ဆေးကြည့် အဋ္ဌက
လာပ် ရုပ်တွေ ပူးတွဲ စီစဥ်နေ ခြင်းကိုသာတွေ့ရ၊ ဧကန်ရှိသော ပရမတ္ထတ
ည်း၊

လူ ဒြဒ်၌ စိတ် ဖဿ ဝေဒနာ စသော နာမ်ပရမတ်သာရှိ၊

သစ်ပင်များ စုပေါင်းနေသောအရာကို တောဟုခေါ်၊ တကယ် "ေ တော"
လက် ညှိုး ညွှန်စရာမရှိ၊ အဋ္ဌကလာပ် ရုပ် မှုန့်ကလေးတွေသာရှိ၊

(ပထဝီ- အာပေါ- တေဇော- ဝါယော- ဝဏ္ဏ- ဂန္ဓ- ရသ-သြဇာ)

ပညတ်- ထင် ရှား မရှိ၊

" လူသွားသည်" ဆိုရာ၌ သွားလိုသောဆန္ဒ ရှိသည်တပြိုင်နက် ဝါယောဓါတ် လွန်ကဲသော စိတ္တဇရုပ်များ ဖြစ်ပေါ်လေရာ ဝါယောဓါတ်၏ တွန်ထိုး လှုပ်ရှားမှုကြောင့် ရုပ်အစုအဝေး နေရာရွေ့၍ ရွေ့၍ ဖြစ် ခြင်းပင်၊

-- အရိုးကို မီးရှို့ လျှင် မီးသွေး ဖြစ်၊ မီးသွေးကို ထောင်းထု ပြန်က မြေမှုန့်သို့ ပြောင်း၊

-- ပထဝီ- စိတ်- ဖဿ- ဝေဒနာ- နိဗ္ဗာန်- လောဘစသည် ကိုယ့်သဘော နဲ့ကိုယ်ရှိ၊ မပြောင်းလဲ၍ မြတ်သောသဘောရှိ ဟုဆို၊

လောဘမူလ စိတ် ၈ ပါး

| | | |
|---|---|---|
| သောမနဿ သဟဂတံ | ဒိဋ္ဌိဂတ သမ္ပယုတ္တံ | အ သင်္ခါရိကံ |
| " | " | သ ------ |
| " | ဒိဋ္ဌိဂတ ဝိပ္ပယုတ္တံ | အ --- |
| " | " | သ ---- |
| ဥပေက္ခာ သဟဂတံ | ဒိဋ္ဌိဂတ သမ္ပယုတ္တံ | အ ---- |
| " | " | သ---- |
| " | ဒိဋ္ဌိဂတ ဝိပ္ပယုတ္တံ | အ----- |
| " | " | သ----- |

( သောမနဿသဟဂတံ= ဝမ်းမြောက် ခြင်းတကွ ဖြစ်သော

ဒိဋ္ဌိဂတသမ္ပယုတ္တံ = မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော

အသင်္ခါရိကံ= တိုက်တွန်း ခြင်း မရှိသော
ဒိဋ္ဌိဂတဝိပ္ပယုတ္တံ= မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော
ဥပေက္ခာသဟဂတံ=လှစ်လျူ ရှု ခြင်းနှင့်ယှဉ်သော)

ဒေါသမူလစိတ် ၂ ပါး
ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကံ
" " သ----
( ဒေါမနဿသဟဂတံ= နှလုံးမသာယာ ခြင်းနှင့်တကွ ဖြစ်သော
ပဋိဃသမ္ပယုတ္တံ= ဒေါသနှင့်ယှဉ်သော)

မောဟမူလစိတ် ၂ ပါး
ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာ သမ္ပယုတ္တံ ( ယုံမှားမှုနှင့်ယှဉ်သော)
ဥပေက္ခာသဟဂတံ ဥဒ္ဒစ္စ သမ္ပယုတ္တံ (ပျံ့လွင့် ခြင်းနှင့် ယှဉ်သော)